တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(လေတပ်)

မှ

ဗိုလ်မှူးချုပ်ကျောက်လျံနှင့်ဗိုလ်မှူးချုပ်ဝမ်ဆရန်ဆွီ

တို့ရေးသားသော

# ကန့်သတ်မဲ့စစ်

# Unrestricted Warfare




## သန်းအေး

မြန်မာပြန်သည်။

## နို့တာဝန် အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | – | နို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | – | နို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | – | နို့အရေး |

"နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ တာဝန်ဖြစ်သည်။"

## ပြည်သူ့သဘောထား

- ○ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ○ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ○ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ○ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

---

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခေတ်ပြိုင်ကမ္ဘာ့ရေးရာဆိုင်ရာစာအုပ်
CURRENT AFFAIRS

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (လေတပ်)

မှ

ဗိုလ်မှူးချုပ်ကျောက်လျန်နှင့် ဗိုလ်မှူးချုပ်ဝမ်ဆရန်ဆွိ

တို့ ရေးသားသော

# ကန့်သတ်မဲ့စစ်

# Unrestricted Warfare

သန်းအေး

မြန်မာပြန်သည်။

အင်းဝစာအုပ်တိုက်
ပုံနှိပ် / ဖြန့်ချိရေးဌာန
အမှတ် (၇၈)၊ (မြေညီထပ်)
လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၇၀၆၀၈၂၊ ၂၂၄၃၇၉

စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာ မှတ်တမ်း
၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်
အုပ်ရေ (၁၀၀၀)
စာမူခွင့်ပြုချက်အမှတ်
[၅၅ / ၂၀၀၄ (၅)]
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
[၆၀ / ၂၀၀၄ (၆)]
❑
မျက်နှာဖုံးဒီဇိုင်း
ဆုပြည့်
မျက်နှာဖုံးကာလာခွဲ
Alpha
❑
ပုံနှိပ်သူ
ဦးမြတ်ကျော်၊ စာလုပ်ငန်းပုံနှိပ်တိုက် (၀၅၅၅)
၁၉၄၊ ၃၃–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
❑
ထုတ်ဝေသူ
ဦးမျိုးအောင်၊ ပြည့်စုံစာအုပ်တိုက် (ယာယီ–၇၁၃)
၇၈၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
❑
စာစီ – ကိုသောင်းကြူ
အတွင်းဖလင် – ကိုစင်ဦးနှင့်ညီများ
စာအုပ်ချုပ် – ကိုမြင့် ညီဝင်းမြင့်
❑
မျိုးအောင် (ရှကူးဆောင်)၏ … ဘ်လုပ်မှု
[ တန်ဖိုး K 5200 ]

# မာတိကာ

၁။ စကားချီး

## အပိုင်း (၁)

၂။ ခေတ်သစ်စစ်အကြောင်း ၁
– ခေတ်သစ်လူသားနှင့် စက်မှုနည်းပညာ ၁

## အခန်း (၁)

၃။ လက်နက်ဆိုင်ရာ စက်မှုတော်လှန်ရေးက စတင်တတ်သည် ၁၃
– စစ်ကို မည်သူမျှ အမည်ပေးခွင့်မရှိ ၁၅
– မိမိရှိ လက်နက်နှင့် သင့်တော်မည့် စစ်ကို တိုက်မလား၊ စစ်နှင့် သင့်တော်မည့် လက်နက်ကို လုပ်မလား ၂၀
– အယူအဆသစ်အရ ထုတ်လုပ်သောလက်နက်နှင့် လက်နက် ဆိုင်ရာ အယူအဆသစ် **(Weapons of New Concept and New Concept of Weapons)** ၂၈
– ကြင်နာမှုလက်နက် အယူအဆ **(The Trend to Kinder Weapons)** ၃၄

## အခန်း (၂)

၄။ စစ်ပွဲနတ်ဘုရား၏ မှုန်ဝါးဝါးမျက်နှာ ၄၂
– မည်သည့်အတွက် စစ်တိုက်မည်နည်း၊ မည်သူ့အတွက် တိုက်ရမည်နည်း ၄၃

- ဘယ်မှာ တိုက်မလဲ ၄၉
- ဘယ်သူတွေက တိုက်မလဲ ၅၆

**မည်သည့်နည်းလမ်းများအသုံးပြု၍ တိုက်မည်နည်း** ၆၅

- ကုန်သွယ်ရေးစစ် ၆၈
- ဘဏ္ဍာရေးစစ် ၆၉
- အကြမ်းဖက်စစ်ပွဲပုံစံသစ်နှင့် သမားရိုးကျ အကြမ်းဖက်စစ် ကွာခြားပုံ ၇၂
- သဘာဝဝန်းကျင်ဖျက်ဆီးစစ် ၇၅

## အခန်း (၃)

**၅။ ဂန္တဝင်နှင့် မတူတော့သည့် ဂန္တဝင်** ၈၁

- ညတွင်းချင်း ဖွဲ့သည့် မဟာမိတ်အဖွဲ့ ၈၄
- အချိန်မီ ပြင္ဆန်းလိုက်သည့် အမေရိကန်တပ်များ ပြန်လည်ဖွဲ့စည်းခြင်း ဥပဒေ ၈၉
- လေ-ကြည်းတိုက်ပွဲသဘောတရားကိုလွန်သော် ၉၄
- ကြည်းကြောင်းစစ်ဆင်ရေးများ၏ အရှင်သခင် မည်သူနည်း ၉၈
- အောင်ပွဲ နောက်ကွယ်မှ မမြင်ရသော ဓာတ်ကောင် ၁၀၅
- အမြွာများသည့် ပန်းသီး ၁၁၁

## အခန်း (၄)

**၆။ အမေရိကန်တွေ ဆင်ကိုစမ်းတော့ ဘာတွေ့သလဲ** ၁၁၅

- စစ်လက်ရုံးတစ်ခုနှင့်တစ်ခု အမြင်ချင်းမတူ ၁၁၆
- လက်ဖွာခြင်းနှင့် ထိခိုက်ကျဆုံး မခံနိုင်ခြင်း ရောဂါ ၁၂၉
- မည်သို့တပ်ဖွဲ့မျိုး လိုအပ်မည်ကိုလည်း မသိ ၁၃၆
- ပူးတွဲစစ်ဆင်ရေးမှသည် ဘက်စုံစစ်ပွဲသို့ ၁၄၃

## အပိုင်း (၂)

**၇။ စစ်ဆင်ရေးနည်းသစ်များ ဆွေးနွေးခြင်း** ၁၅၄

## အခန်း (၅)

**၈။ စစ်လှေကျင့်ခန်းအတွက် နည်းစနစ်သစ်** ၁၆၅

- စစ်၏မြူတိမ်များအား ဖယ်ရှားခြင်း ၁၆၆
- စည်းမျဉ်းဥပဒေသများအား ဖျက်ဆီးခြင်းနှင့် စွမ်းဆောင်ရည် ကျဆင်းလာခြင်း ၁၇၄
- ကောက်တေးအရက်စပ်နည်း သုံးပါ ၁၈၇
- ပေါင်းနည်းတတ်မှ စစ်အောင်မည် ၁၉၄
- စစ်ကဏ္ဍမျိုးစုံနှင့် စစ်မဟုတ်သော ကဏ္ဍမျိုးစုံ ၂၀၃

## အခန်း (၆)

**၉။ အောင်ပွဲ၏ ဥပဒေသများကို ရှာဖွေခြင်း** ၂၀၈

- စည်းမျဉ်းအတိုင်း လျှို့ဝှက်စွာလိုက်နာခြင်း ၂၁၀
- အောင်ပွဲ၏သဒ္ဒါ ၂၁၆
- ဘေးထွက် ဥပဒေသ တည်ဆောက်မှု အနှစ်သာရ ၂၂၀
- ပုံသေနည်းမဟုတ်၊ ဥပဒေသသာ ဖြစ်သည် ၂၂၈

## အခန်း (၇)


၁၀။ **နည်းလမ်းပေါင်း ၁၀၀၀၀ ကို တစ်နည်းတည်း အဖြစ် ပေါင်းစပ် အသုံးပြုခြင်း** ၂၄၅

- နိုင်ငံအဆင့်နှင့်တကွသော အဖွဲ့အစည်းများ ပေါင်းစပ်ခြင်း ၂၅၀
- စစ်မြေပြင်လွန်ကဏ္ဍများအား ပေါင်းစပ်ခြင်း ၂၆၂
- နည်းလမ်းလွန် ပေါင်းစပ်ခြင်း ၂၆၈
- အလွှာစုံပေါင်းစပ် အသုံးပြုခြင်း ၂၇၇


## အခန်း (၈)


၁၁။ **အခြေခံ သဘောတရားများ** ၂၈၅

- လားရာပေါင်းစုံ ရှိခြင်း (Ommi-directionality) ၂၈၉
- အချိန်ကိုက်ဖြစ်ခြင်း ၂၉၂
- ကန့်သတ်ရည်မှန်းချက်များ ရှိခြင်း ၂၉၄
- အကန့်အသတ်မရှိ နည်းလမ်းများ ၂၉၆
- ဘက်မညီခြင်း ၂၉၉
- ကုန်ကျမှု အနည်းဆုံးဖြစ်ခြင်း ၃၀၁
- လားရာစုံ ပေါင်းစပ်ညှိနှိုင်းခြင်း ၃၀၃
- လုပ်ငန်းစဉ် အစမှ အဆုံး ကြီးကြပ်မှုနှင့် ချိန်ညှိမှုရှိခြင်း ၃၀၅

**နိဂုံး** ၃၀၈

**ကျမ်းပြီးစကား** ၃၁၃


# စကားချီး

ကမ္ဘာ့သမိုင်းတွင် ၂၀ ရာစုနှောင်းပိုင်း ၁၀ စုနှစ် ကာလကဲ့သို့ ပြောင်းလဲ တိုးတက်မှုနှုန်း မြန်ဆန်သည့် ကာလမျိုး မရှိဖူးချေ။ ယင်းကို သတိမမူမိခဲ့သောသူ အတော်များများသည် ၁၉၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲကြောင့် ယင်းအကြောင်းအရင်းများကို အိပ်မက်မှ လန့်နိုးသူပမာ အပူတပြင်း စူးစမ်းလေ့လာကြရတော့သည်။

၁၉၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲတစ်ခုတည်းက ကမ္ဘာကြီးကို လုံးဝပြောင်းလဲလိုက်သည်ဟု ဆိုက မှားမည်မထင်ပါ။ ၄၂ ရက်မျှသော ထိုစစ်ပွဲကာလသည် အရှေ့အလယ်ပိုင်းဒေသ ကူဝိတ်စစ်မြေပြင်၌ ဖြစ်ပွားခဲ့သည်မှန်သော်လည်း တစ်ကမ္ဘာလုံးကို ကိုင်လှုပ်နိုင်ခဲ့သည်။ ယင်းစစ်ပွဲနောက်ပိုင်းတွင်မှ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲခြင်း၊ ဘော့စနီးယားဟာဇီဂိုဗီးနား ပြဿနာ၊ ကိုဆိုဗိုပြဿနာ၊ မနုဿ မျိုးပွားခြင်း (Human Cloning)၊ Microsoft၊ ကွန်ပျူတာကွန်ရက်ဖောက်ထွင်းခြင်း (Hacking)၊ အင်တာနက်၊ အရှေ့တောင်အာရှ စီးပွားရေးပြဿနာ၊ ယူရိုငွေကြေးပြဿနာတို့အပြင် အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် တစ်ခုတည်းသော မဟာအင်အားကြီးနိုင်ငံသာ ဖြစ်သည်ဟူသော အချက်များကို ကမ္ဘာက သတိပြုမိလာကြသည်။

ယင်းအချက်များအားလုံးသည် ၁၉၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်နွှယ်လျက် ရှိသည်။ သို့ရာတွင် ၁၉၉၁ ခုနှစ် စစ်ပွဲသည် နှစ်ဖက်စစ်ပြိုင်နိုင်ငံများ၏ စစ်အင်အားအပြတ်အသတ် ကွာခြားနေသည်ဆိုပါက မှန်ကန်သည်ဟု မဆိုနိုင်ပါ။ ၆ လ မျှသော ကာလအတွင်း တစ်ကမ္ဘာလုံးကို ပြောင်းလဲစေလိုက်သော ထိုစစ်ပွဲအား နက်နက်ရှိုင်းရှိုင်း လေ့လာကြည့်ပါက “စစ်ပွဲ၏ သဘောသဘာဝ” ကိုယ်တိုင်က ပြောင်းလဲလာသည်ဆိုခြင်းကို ထင်ထင်ရှားရှား တွေ့မြင်နိုင်သည်။ ဤသို့ဆိုခြင်းကြောင့် စစ်သုံး လက်နက်ကိရိယာများ၊ စစ်သိပ္ပံနှင့် နည်းပညာ၊ စစ်ပွဲ၏ ပုံသဏ္ဍာန်များ ပြောင်းလဲသွားသည်ဟု ဆိုခြင်းမဟုတ်ပါ။ စစ်ပွဲ၏ “လုပ်ငန်းသဘာဝ” (Functions of Warfare) ပြောင်းလဲသွားခြင်းသာ ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့ဇာတ်ခုံတွင် ကဏ္ဍမျိုးစုံမှ ပါဝင်လွှမ်းမိုးလိုသော ဆန္ဒရှိသည်မှာ ပိုမိုထင်ရှားလာသည်။ ကမ္ဘာ့ကယ်တင်ရှင်၊ မီးသတ်သမား၊ ကမ္ဘာ့ပုလိပ်ကြီးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအကျိုးဆောင် စသည်ဖြင့် နေရာတကာ၌ လူတွင်ကျယ်လုပ်လိုသော ဆန္ဒများ ပိုမိုထင်ရှားစွာ မြင်တွေ့လာရသည်။ အထူးသဖြင့် စစ်အင်အားအသုံးပြု၍ ဗိုလ်ကျ စိုးမိုးလိုသော ရည်ရွယ်ချက်များ ထင်ရှားလာသည်။ သို့ရာတွင် သဲကန္တာရမုန်တိုင်းစစ်ပွဲအပြီး ဆက်လက်ဖြစ်ပွားခဲ့သော ဆိုမာလီယာ၊ ဘော့စနီးယားဟာဇီဂိုဗီးနား၊ ၁၉၉၈ ခုနှစ် သဲကန္တာရမြွေခွေးစစ်ဆင်ရေးတို့ကို ကြည့်ပါက အမေရိကန်ပြည်ထောင်စု၏ ကမ္ဘာ့ခေါင်းဆောင်ကြီးဖြစ်လိုသော ဆန္ဒကို စစ်ရေးနည်းလမ်းတစ်ခုတည်းသက်သက်ဖြင့် မဖြည့်ဆည်းနိုင်ကြောင်း ထင်ရှားလာခဲ့သည်။ ၎င်းအရေးအခင်းများ၌ အမေရိကန်တို့၏ စစ်ရေးအောင်မြင်မှုမှာ ၁၉၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲကဲ့သို့ ကြီးကျယ်မှု မရှိတော့သည်ကို တွေ့လာရသည်။ အကြောင်းမှာ ယနေ့ နိုင်ငံတကာ ပြဿနာများမှာ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ သံတမန်ရေး၊ လူမျိုးရေး၊ ဘာသာရေး စသော ပြဿနာပေါင်းစုံ ရှုပ်ထွေးပါဝင်နေသဖြင့် စစ်ရေးနည်းလမ်းသက်သက်ဖြင့် ဖြေရှင်း၍ မရတော့ခြင်းကြောင့် ဖြစ်သည်။

စကားဦး

မည်သို့ပင်ဖြစ်စေကာမူ “အားရှိသူသာ အမှန်” (Might makes Right) ဟူသော အဆိုမှာမူ ယေဘုယျအားဖြင့် မှန်ကန်နေဆဲ ဖြစ်ပါသည်။ ယနေ့ကာလသည်လည်း အင်အားရှိသူတို့ အနိုင်ရနေသော ကာလဖြစ်ပါသည်။

ဤစစ်ပွဲ၏ အကျိုးဂယက်ကြောင့် စစ်မှုထမ်းများ မလိုအပ်တော့။ ကမ္ဘာ့မြေပြင်ပေါ်၌ စစ်ပွဲဟူ၍ မရှိတော့အောင် ပျောက်ကွယ်သွားမည်ဟု ယူဆပါက မှန်ကန်မည်မဟုတ်ပေ။ သို့ရာတွင် ယနေ့ကြုံတွေ့ရမည့် စစ်ပွဲများသည် စစ်ပွဲ၏ မူလဘူတ သဘာဝအတိုင်း မဟုတ်တော့သည်မှာမူ ကြာလေ ထင်ရှားလေ ဖြစ်လာပါသည်။ လူသားတို့အနေဖြင့် ယနေ့ကာလ၌ မလွဲမရှောင်သာ စစ်ပွဲတစ်ရပ်ကို ကြုံတွေ့ရတော့မည်ဆိုပါက ယခင် ကြုံတွေ့ခဲ့ဖူးသော စစ်ပွဲများကဲ့သို့ပင် ရင်ဆိုင်ရလိမ့်မည်ဟု ကျိန်းသေယူဆ၍ မဖြစ်တော့ချေ။

ယနေ့ကာလ၏ အယူအဆသစ်များဖြစ်သော စီးပွားရေးလွတ်လပ်မှု၊ လူ့အခွင့်အရေး အယူအဆ၊ သဘာဝပတ်ဝန်းကျင်

ထိန်းသိမ်းကာကွယ်မှု စသော အချက်များက လူ့အဖွဲ့အစည်းကို ယခင်ကနှင့် မတူသည့် အကျိုးသက်ရောက်မှုများ ရှိနေပေသည်။ သို့အတွက်လည်း စစ်ပွဲ၏ နောက်ခံ သဘာဝအကြောင်းတရားများမှာ ပိုမိုကျယ်ပြန့်ရှုပ်ထွေးလာသည်။ အရေးအခင်းပြဿနာများကို ဖြေရှင်းရန်အတွက် စစ်ရေးနည်းလမ်းသက်သက် အသုံးပြုခြင်းများ လျော့ပါးလာသဖြင့် ဝမ်းမြောက်ဝမ်းသာ ရှိသင့်သည်ဟု ဆိုနိုင်သော်လည်း ယနေ့စစ်ပွဲများသည် ပုံစံတစ်မျိုး၊ သဘာဝတစ်မျိုးနှင့် အသွင်အပြင်တစ်မျိုးတို့ဖြင့် ပြန်လည်မွေးဖွားလာကြသည်။ ယနေ့ ကမ္ဘာမြေပြင်ပေါ်မှ စစ်ပွဲဟူသော လူကြမ်းမင်းသားသည် ကမ္ဘာ့ ဇာတ်ခုံပေါ်မှ ပျောက်ကွယ်သွားရန် အကြောင်းမရှိပေ။ သူတစ်ပါးနိုင်ငံ၊ သူတစ်ပါးဒေသကို လွှမ်းမိုးခြယ်လှယ်လိုသော အင်အားကြီးသူတို့၏ လက်သုံးကိရိယာတစ်ခုအဖြစ် ဆက်လက်အသုံးချခံဆဲပင် ဖြစ်ပါသည်။

အရှေ့အာရှနိုင်ငံများ၏စီးပွားရေးကို အမေရိကန် အတ္တကြီးငွေကုန်သည် (George Soros) ၏ တိုက်ခိုက်မှု၊ အမေရိကန် သံရုံးအား အိုဆမာဘင်လာဒင်၏ အကြမ်းဖက်တိုက်ခိုက်မှု၊ တိုကျိုမြေအောက်ရထားဘူတာ၌ အုံရှင်ရီကျိုဂိုဏ်းအဖွဲ့၏ အဆိပ်ဓာတ်ငွေ့တိုက်ခိုက်မှု၊ Morris Jr.ကဲ့သို့သော ဟက်ကာများ၏ အင်တာနက်ကွန်ရက်အား တိုက်ခိုက်မှုတို့မှာ ယနေ့ပေါ်ပေါက်လာသော "စစ်ပွဲ" ပုံစံသစ်၊ အသွင်သဏ္ဍာန်သစ်များဟု ဆိုနိုင်သည်။ ဤတိုက်ခိုက်မှုများကြောင့် ပျက်စီးဆုံးရှုံးမှုများမှာ သာမန်စစ်ပွဲများကြောင့် ပျက်စီးဆုံးရှုံးမှု ပမာဏထက်မနိမ့်ချေ။ သို့အတွက် ဤတိုက်ခိုက်မှုများကို "တစ်ဝက်စစ်ပွဲ" (Semi-Warfare)၊ "အယောင်ဆောင်စစ်ပွဲ" (Quasi-Warfare)၊ "စစ်မကျစစ်ပွဲ" (Sub-Warfare) ဟူ၍ မျိုးစုံအမည်တပ်နိုင်လောက်အောင် ရှုပ်ထွေးနက်နဲကျယ်ပြန့်လာသည်။

ဤသို့ဆိုခြင်းကြောင့် စစ်ပွဲများနှင့် ပတ်သက်၍ အလွန်အကျွံ အကောင်းမြင်လွန်းခြင်းကို ဆင်ခြင်အပ်သည်။ စစ်ပွဲမှန်လျှင် ကောင်းသည်ဟူ၍ မရှိပါ။ စစ်ပွဲ၏ လုပ်ငန်းသဘာဝများ (Function of Warfare) လျော့ပါးလာသဖြင့် စစ်ပွဲအားလုံး အဆုံးသတ်သွားပြီဟု မဆိုနိုင်ပြီ။ အများယူဆနေကြသော ယနေ့ခေတ်၏ ခေတ်လွန်ကာလ၊ စက်မှုခေတ်လွန်ကာလများ၌ပင် စစ်ပွဲများကို လုံးဝ ပစ်ပယ်နိုင်မည် မဟုတ်ချေ။ စစ်သည် လူ့အသိုင်းအဝိုင်းအား ပိုမိုရှုပ်ထွေး၊ ပိုမိုစွမ်းအားကြီး၊ ပိုမိုလျှို့ဝှက်၊ ပိုမိုကြမ်းတမ်းသော သဘာဝဖြင့် ထပ်မံ အန္တရာယ်ပေးနေဦးမည်သာ ဖြစ်သည်။ ခေတ်သစ် စက်မှုနည်းပညာကိုလည်းကောင်း၊ ဈေးကွက်စနစ်ကိုလည်းကောင်း ပြောင်းလဲစေသော စစ်သည် ပိုမိုရှုပ်ထွေး၍ ပုံစံမကျသော (Atypictal) ပုံစံဖြင့် ဆက်လက်အသုံးချခံနေရဦးမည်သာ ဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုသော် စစ်ရေးစစ်ရာအရ အကြမ်းဖက်မှု၊ ပျက်စီးဆုံးရှုံးမှုများ လျော့နည်းလာသည့်နည်းတူ တစ်ဖက်၌လည်း နိုင်ငံရေး၊ စီးပွားရေးနှင့် စက်မှုနည်းပညာအရ အကြမ်းဖက်မှုများ၊ ပျက်စီးမှုများကို ပိုမိုတွေ့မြင်လာကြရမည် ဖြစ်သည်။ မည်သို့ပင် စစ်ဆင်မှု ပုံစံများ ပြောင်းလဲလာသည်ဆိုစေ စစ်သည် စစ်ပင် ဖြစ်၍ စစ်ပွဲမှန်လျှင် စစ်အောင်ရာသော အကြောင်းကြီးများကို လိုက်နာကြရမည်သာ ဖြစ်၏။

သို့အတွက် "စစ် ဟူသည် တစ်ဖက်ရန်သူအား မိမိအလိုကျ လုပ်ဆောင်လာအောင် လက်နက်ကိုင်တပ်များအား

အသုံးပြုခြင်း” ဟူသော အယူအဆအစား “စစ် ဟူသည် တစ်ဖက်ရန်သူအား မိမိအလိုကျ လိုက်နာလုပ်ဆောင်လာအောင် လက်နက်ကိုင် တပ်ဖွဲ့များ၊ လက်နက်မကိုင်သော တပ်ဖွဲ့များ၊ စစ်ဖက်နှင့် စစ်ဖက်မဟုတ်သော အဖွဲ့အစည်းများ၊ အန္တရာယ်ပေးနိုင်သော နည်းလမ်းနှင့် အန္တရာယ်မပေးနိုင်သော နည်းလမ်း စသည်ဖြင့် နည်းလမ်းမျိုးစုံကို အသုံးပြုခြင်း” ဟူသော အချက်ကို အသိအမှတ်ပြုကြရတော့မည် ဖြစ်သည်။

အချုပ်ဆိုရသော် “ပြောင်းလဲလာခြင်း” ဟူသော အချက်ကို မြင်တွေ့ရမည် ဖြစ်သည်။ စစ်ပွဲ၏ သဘာဝနှင့် နည်းလမ်းများ ပြောင်းလဲလာခြင်းကို ဆိုလိုသည်။

ဤသို့ဆိုလျှင် မည်သည့်အတွက် ဤပြောင်းလဲမှုမျိုး ဖြစ်ပေါ်လာရပါသနည်း၊ မည်သို့သော ပြောင်းလဲမှုများနည်း၊ ဤပြောင်းလဲမှုများ မည်သည်ကို ဦးတည်နေပါသနည်း၊ ယင်းပြောင်းလဲမှုများအား မည်သို့မည်ပုံ ရင်ဆိုင်ရမည်ပေနည်း။

ဤမေးခွန်းခေါင်းစဉ်များသည်ပင် ဤစာအုပ်၏ အကြောင်းဖြစ်ပေသည်။ ဤစာအုပ်တွင် ခြုံငုံဖော်ပြထားသော အကြောင်းဖြစ်သည်။ ဤအကြောင်းများကြောင့်လည်း ကျွန်ုပ်တို့ နှစ်ဦးအနေဖြင့် ဤစာစောင်ကို ရေးသားရခြင်း ဖြစ်ပေသည်။

**(ပင်လယ်ကွေ့စစ်ပွဲ ၈–နှစ်မြောက် နှစ်ပတ်လည်ဖြစ်သော ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇–ရက်တွင် ရေးသားသည်။)**

**ဗိုလ်မှူးချုပ် ကျောက်လျန် နှင့် ဗိုလ်မှူးချုပ် ဝမ်ဆရန်ဆွီ**
**တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (လေ)**

# အပိုင်း ( ၁ )

# ခေတ်သစ်စစ်အကြောင်း

**“ရေးဟောင်းနိုင်ငံကြီးများသည် အင်အားကြီးမားကြသည် မှန်သော်လည်း စစ်ကို ပျော်မွေ့လာသည့်အခါ မလွဲမရှောင်သာ ကျဆုံးကျရတော့သည်။”**

**Sima Ranggu**

## ခေတ်သစ်လူသားနှင့် စက်မှုနည်းပညာ

စက်မှုနည်းပညာကို လက်ဝါးကြီး အုပ်လိုသော ဆန္ဒသဘောထား၊ အယူအဆများကြောင့် ခေတ်သစ်စက်မှုနည်းပညာများသည် သိပ္ပံပညာထက် လူသားများကို ပို၍ အကျိုးပြုနေသည်ဟု ဆိုရပေမည်။ အိုင်းစတိုင်းခေတ် မတိုင်မီက မော်ကွန်းတင် အသိအမှတ်ပြုခဲ့ကြသော သိပ္ပံဆိုင်ရာ ရှာဖွေ တီထွင်မှုများကို အားလုံးက ကျောခိုင်းမေ့ပစ်လိုက်ကြပြီ ဖြစ်သည်။

သို့ရာတွင် ခေတ်သစ်လူသားသည် သူ၏စိတ်ကူးယဉ် အိပ်မက်များ၊ မျှော်မှန်းချက်များ၊ သူ့သက်တမ်းတစ်လျှောက် အတွင်း အကောင်အထည်ပေါ်ရန် မျှော်မှန်းလေ့ ရှိသည်။ သို့အတွက် ဤလူသားသည် "စက်မှုနည်းပညာ" ကို မှော်ပညာရပ် သဖွယ် မိမိ၏ လိုလားချက်၊ မျှော်မှန်းချက်အားလုံး ဖန်တီး ဖန်ဆင်းပေးနိုင်မည့် ပညာရပ်အဖြစ် သဘောထားလာသည်။ ချဲ့အားတစ်ထောင်ရှိသော မှန်ဘီလူးဖြင့် ကြည့်သည့်နှယ် စက်မှု နည်းပညာအပေါ် အကြီးအကျယ် မျှော်မှန်းထားလာသည်။ ဤသို့ ဖြင့်ပင် ယနေ့ခေတ်၏ စက်မှုနည်းပညာများသည် အချိန်တို အတွင်း အံ့ချီးဖွယ်တိုးတက်မှုများကို ဖန်တီးနိုင်လာသည်။ အကျိုး ဆက်အားဖြင့် လူသားမျိုးနွယ်အတွက် မရေမတွက်နိုင်လောက် အောင် အကျိုးစီးပွားများ ရရှိစေသည်။ ယနေ့ခေတ် လူသားတို့ ကလည်း လက်တစ်ဖျစ်အတွင်း အောင်မြင်လို၊ ပြန်လည်အကျိုး ကျေးဇူးရှိလိုသည့်ဆန္ဒများ ရှိနေကြသည်။ ဤသည်ကိုပင် ကျွန်ုပ် တို့ လူသားများက ဂုဏ်ယူဝင့်ကြွားစွာဖြင့် စက်မှုနည်းပညာ တိုးတက်ဖွံ့ဖြိုးမှုဟု ကင်ပွန်းတပ်လိုက်ကြသည်။ သို့ရာတွင် ကျွန်ုပ်တို့ သတိမမူမိလိုက်သည်ကား ကျွန်ုပ်တို့၏ နှလုံးသား ခံစားချက်များကို လက်လွှတ်ဆုံးရှုံးခံလိုက်ရကာ စက်မှုခေတ် ဟူသော ရုပ်လောကသို့ မိမိတို့ဘဝများ ပုံအပ်လိုက်မိခြင်းပင် ဖြစ်သည်။

ယနေ့ စက်မှုပညာသည် တစ်နေ့တခြားပင် ပို၍ ပို၍ ပရမ်းပတာဖြစ်ကာ ထိန်းချုပ်မရသော အခြေအနေ ရောက်လာ သည်။ Bell ကုမ္ပဏီ၏ ဓာတ်ခွဲခန်းနှင့် Sony ဟူသော အမှတ် တံဆိပ်များသည် ကျွန်ုပ်တို့ဘဝကို တစ်နေ့တခြား ပို၍ ပို၍ ထိန်းချုပ်လာသော ကစားစရာပစ္စည်းများ ဖြစ်လာသည်။ Bill Gates က တစ်နှစ် တစ်ခါ (Windows) ပြတင်းပေါက်ကို ဖွင့်လာသလို မနုဿမျိုးပွားနည်းဖြင့် မျိုးပွားထားသည့် ဒေါလီ အမည်ရှိ သိုးမလေးတို့က ကမ္ဘာဖန်ဆင်းရှင်ဟု ယူဆထားသော ဘုရားသခင်၏ ရာထူးကို လူသားတို့ အရယူရန် ကြိုးပမ်းနေသော ပြယုဂ်များ ဖြစ်သည်။ အလွန် တိုက်စွမ်းရည် ကောင်းလှပါသည် ဆိုသည့် ရုရှားလုပ် ဆူခွိုင်-၂၇ တိုက်လေယာဉ်များက မည်သည့် စစ်ပွဲတွင်မျှ အစွမ်းအစမပြရသေးမီမှာပင် သူ့ထက် ပိုစွမ်းသည် ဆိုသော ဆူခွိုင်-၃၅ တိုက်လေယာဉ် ပေါ်လာသည်။

သို့အတွက် ယနေ့ခေတ်၏ စက်မှုနည်းပညာသည် လူသား တို့အတွက် စည်းချက်နှင့်အညီ လိုက်ကသော "မှော်ဖိနပ်" နှင့် ပို၍ ပို၍ သဏ္ဌာန်တူလာသည်။ ကုန်သွယ်ရေး အကျိုးအမြတ်နှင့် တူသော သံပတ်ပေးလိုက်သည်နှင့် ဤဖိနပ်ကလေးက ကခုန် တော့မည်ဖြစ်ရာ ဤဖိနပ်ကို စီးထားမိသော လူသားတို့အတွက် သူ့ဆိုင်းချက်အတိုင်း လိုက်ကရုံသာ ရှိတော့သည်။

ဂျိမ်းစ်ဝပ်၊ သောမတ်စ်အယ်ဒီဆင် စသော နာမည်ကျော် သိပ္ပံပညာရှင် တီထွင်သူများ ခေတ်ကမူ တီထွင်မှုတိုင်းသည် နာမည်ကျော် လူသိများခဲ့သည်။ ယင်းတို့နောက်ပိုင်း နှစ်ပေါင်း ၁၀၀ အတွင်း ဖြစ်ပေါ်ခဲ့သော တိုးတက်တီထွင်မှုများမှာမူ များပြား လွန်းသဖြင့် မည်သူမျှ သတိမထားမိလောက်အောင် ဖြစ်ခဲ့သည်။ ယနေ့စက်မှုခေတ်၏ အစမှာ ဖော်ပြပါ ပုဂ္ဂိုလ်ကြီးများ အစပျိုး ခဲ့သည့် ရေနွေးငွေ့ခေတ်၊ လျှပ်စစ်ခေတ်တို့ကို အခြေခံရသည် ဆိုသော်လည်း လှိုင်းလုံးကြီးများပမာ ထုကြီးထည်ကြီးဖြင့် နေ့စဉ် ရိုက်ခတ်သကဲ့သို့ ရှိနေသည့် အသစ်အသစ်သော စက်မှုနည်းပညာ

များကြောင့် ရှေးယခင်ကကဲ့သို့ပင် စက်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်မှု တစ်ခုချင်းကို မှတ်တမ်းတင် အသိအမှတ်ပြုချိန် မရတော့ပေ။ သို့အတွက် ယနေ့ခေတ်ကား ချူကလီးယားခေတ်၊ သို့မဟုတ် သတင်းနည်းပညာခေတ်ဟု အမည်နာမ ပေးလိုသည် ရှိသော် ကြီးမားကျယ်ပြန့်သည့် နည်းပညာကဏ္ဍကြီးတစ်ခုလုံးကို မထင်မရှား အသေးအမွှား ပညာရပ်ကလေးတစ်ခု အမည်ပေးသည် ဟု လူတိုင်းကပင် ယူဆကြမည် ဆို၏။

သတင်းနည်းပညာ ပေါ်ပေါက်လာခြင်းက လူသားတို့ကို ကြီးမားစွာ အကျိုးပြုသည်ဆိုသော အချက်မှာ ငြင်းနိုင်ဖွယ် မရှိပါ။ သို့အတွက် လူသားမျိုးနွယ်စုတို့အဖို့ "သတင်းကောင်း" တစ်ရပ်ဟု ဆိုရပေမည်။ အကြောင်းမှာ ပန်ဒိုရာ၏ မှော်သေတ္တာ အတွင်းမှ ထွက်ရှိလာသော ရောပြွမ်းနေသည့် အကောင်း အဆိုး အားလုံးအနက် ပုလိပ်ရောဂါနှင့်တူသော ယနေ့ခေတ် စက်မှု နည်းပညာကို သတင်းနည်းပညာက စွမ်းအားမြှင့်တင်ပေးလိုက် ရုံမက ၎င်းကို ကိုင်တွယ်ထိန်းချုပ်နိုင်သော နည်းလမ်းကိုပါ တစ်ပါတည်း ရရှိစေခြင်းကြောင့် ဖြစ်သည်။ သို့အတွက် ဆက်၍ စဉ်းစားမည်ဆိုပါက စက်မှုနည်းပညာ၏ အထိန်းအချုပ်ဖြစ်သော သတင်းနည်းပညာကို မည်သည့်နည်းဖြင့် ထိန်းချုပ်မည်နည်း ဟူသော ပဟေဠိတစ်ရပ် အသစ် ပေါ်ပေါက်လာရပေသည်။ အဆိုးမြင်ရှုထောင့်မှ ကြည့်လျှင် သတင်းနည်းပညာသည် တိုးတက် လွန်းမက တိုးတက်သွားပြီးနောက် ၎င်း၏အရှင်သခင်ဖြစ်သော လူသားတို့အပေါ်၌ အရှင်သခင်ပင် တစ်နေ့ပြန်ဖြစ်လာမည်ဟု ဆိုကြသည်။ သို့တိုင်အောင် ဤအယူအဆကြောင့် သတင်း နည်းပညာတိုးတက်မှုကို နှောင့်နှေးအောင်၊ ပျက်ယွင်းအောင်



ကြံစည်တွေးတော လုပ်ဆောင်လိုသူ မရှိသေးပေ။ အကောင်းမြင် ဝါဒသမားများအတွက်ဆိုမူ သတင်းနည်းပညာ တိုးတက်ဖွံ့ဖြိုး မှုမှာ လွန်စွာပင် ဆွဲဆောင်မှုရှိသော၊ လိုလားအပ်သော အနာဂတ် အကျိုးစီးပွားပင် ဖြစ်သည်။ အကြောင်းမှာ ယနေ့လူသားတို့သည် နည်းပညာတိုးတက်မှုကို ငံ့လင့်တောင့်တနေကြသူများဟု ဆိုခြင်း ကြောင့် ဖြစ်သည်။

သတင်းနည်းပညာ၏ အဓိက စွဲမက်ဖွယ်အချက်ဖြစ်သော အပြန်အလှန်ပေးပို့ ဖလှယ်နိုင်ခြင်း (Exchanging) နှင့် မျှဝေ သုံးစွဲနိုင်ခြင်း (Sharing) တို့သည် လူသားတို့အား ၎င်းနည်း ပညာ၏ ကြမ်းတမ်းရက်စက်မှု နွံအတွင်းမှ ရုန်းထွက်စေနိုင် လိမ့်မည်ဟု မျှော်လင့်ကြသည်။ အထူးသဖြင့် ယနေ့ ခေတ်စား လာသော "Bio Technology"၊ "Materials Technology"၊ "Nanotechnology" တို့သာမက အသစ်ထပ်မံပေါ်ပေါက်လာမည့် နည်းပညာများသည် သတင်းနည်းပညာကို လုံးလုံးလျားလျား အမှီပြုရမှု၊ အပြန်အလှန်အမှီပြုရမှု၊ အပြန်အလှန် အထောက်အကူ ပေးရမှုတို့မှ လွတ်ကင်းနိုင်မည် မဟုတ်ချေ။

လွန်ခဲ့သော နှစ်ပေါင်း ၃၀၀ အတွင်း၌ လူသားတို့သည် နည်းပညာတစ်ခု အသစ်အဆန်းပေါ်လာသည်နှင့် အပြေးအလွှား ရယူအသုံးပြုပြီး နည်းပညာဟောင်းကို အလွယ်တကူစွန့်ပစ်သည့် အကျင့် ရရှိခဲ့ကြသည်။ ၎င်းအပြင် ပြဿနာအခက်အခဲ အတော် များများကိုလည်း ဤနည်းပညာသစ်များက ဖြေရှင်းပေးနိုင်လိမ့် မည်ဟု ယူဆထားခဲ့ကြသည်။ ယင်းသို့ဖြင့် လူသားတို့သည် နည်းပညာနှင့် ပတ်သက်လာလျှင် အထိန်းအကွပ်မရှိ ပရမ်းပတာ

ဦးတည်ချက်များ ထားလေ့ရှိသည်ဟု ဆိုကြသည်။ ယင်းသို့ဖြင့် ကနဦးတွင် ပြုလုပ်လိုက်မိသော အမှားအယွင်းတစ်ခုအား နောက်မှ လိုက်လံထိန်းသိမ်း ဖာထေးရင်း အမှား ၁၀ ခု ထပ်မံကျူးလွန်မိကြသည်ဟု ဆိုခြင်းဖြစ်သည်။ သာဓကအားဖြင့် လူသားတို့ သက်သောင့်သက်သာ ခရီးသွားလာနိုင်ရန် ပေါ်ပေါက်လာသော မော်တော်ကားကို ရယူအသုံးပြုလိုက်မိခြင်းကြောင့် မော်တော်ကားအတွက် လိုအပ်သည့် သတ္တုများ တူးဖော်ချက်လုပ်ရခြင်း၊ အင်ဂျင်များ တည်ဆောက်ရခြင်း၊ ရေနံတူးဖော်ရခြင်း၊ ရော်ဘာကို နည်းမျိုးစုံဖြင့် ပြုပြင်မွမ်းမံရခြင်း၊ လမ်းများ ဖောက်လုပ်ရခြင်း စသော လုပ်ငန်းများကို မဖြစ်မနေ လုပ်လာကြရသည်။ ယင်းလုပ်ငန်းအားလုံးမှာမူ နည်းပညာမျိုးစုံကို အသုံးပြုရသော လုပ်ငန်းများဖြစ်ရာ နောက်ထပ် ပြဿနာများ တစ်ခုပေါ်တစ်ခု ထပ်ဆင့်၍ ပေါ်ပေါက်လာသည်။ လေထုညစ်ညမ်းခြင်း၊ သဘာဝအရင်းအမြစ်များ ခန်းခြောက်ခြင်း၊ လယ်ယာမြေများကို သိမ်းယူရခြင်း၊ ယာဉ်တိုက်မှုဖြစ်ခြင်း စသည့် ပြဿနာများ ထပ်ဆင့် ကြုံတွေ့လာရသည်ဟု ဆိုသည်။ သို့ဖြင့် ကြာရှည်လာသောအခါ မော်တော်ကားအသုံးပြုခြင်းကြောင့် ထပ်ဆင့်ပေါ်ပေါက်လာသော ပြဿနာများကို ပြဿနာဟု မထင်တော့သည့် အခြေအနေ ရောက်လာသည်။ ဤသို့ဖြင့် နည်းပညာများ ထွန်းကားကျယ်ပြန့်လာသည်နှင့်အမျှ မူလရည်ရွယ်ချက်ကို မေ့လျော့ကာ နောက်ပြန်ဆုတ်၍လည်း မဖြစ်တော့သည့် အခြေအနေမျိုး ရောက်လာရသည်ဟု ဆို၏။ ယင်းသို့ဖြင့် နည်းပညာ၏ နှံ့အတွင်းမှ ရုန်းမထွက်နိုင်သော အခြေအနေ (Remification Effect) ရောက်လာရသည်ဟု ဆိုပေသည်။



ဤသို့သော အခြေအနေမျိုး၌ ခေတ်သစ်သတင်းနည်းပညာ ပေါ်ပေါက်လာသည်။ စက်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်မှု သမိုင်းတွင် သတင်းနည်းပညာပေါ်ပေါက်မှုသည် အရေးအပါဆုံးသော စက်မှုတော်လှန်ရေးဟု အတပ်ပြောနိုင်ပေသည်။ သတင်းနည်းပညာ၏ ထူးခြားသော ဝိသေသမှာ ၎င်းကိုယ်တိုင်က နည်းပညာသစ်ဖြစ်ရုံမက အခြားအခြားသော နည်းပညာများကိုပါ ဆက်စပ်ပေါင်းကူးပေးသော ပညာရပ်ဖြစ်နေခြင်းပင် ဖြစ်သည်။ မူလက တစ်ခုနှင့်တစ်ခု အဆက်အစပ်မရှိသည့် နည်းပညာများ ပေါင်းစည်းမိကာ မရေမတွက်နိုင်လောက်သော နည်းပညာသစ်များ ထပ်မံပေါ်ပေါက်လာစေသည်။ အရေးအကြီးဆုံးအချက်မှာ လူသားနှင့် နည်းပညာ၏ ဆက်နွယ်မှုကို နည်းလမ်းသစ်ဖြင့် အထောက်အကူပြုလာခြင်းဖြစ်သည်။

လူသားသည် အမျိုးမျိုးသော ပြဿနာအခက်အခဲများကို နည်းပညာအသုံးပြု ဖြေရှင်းရာ၌ နည်းပညာကို မိမိ၏ လက်သုံးကိရိယာသဖွယ် ရှုမြင်အသုံးချနိုင်ပါမှ နည်းပညာ၏ ကျေးကျွန်ဘဝ ရောက်သွားခြင်းမှ ရှောင်လွှဲနိုင်ပေမည်။ လူသားသည် မိမိ၏ စိတ်ကူးဉာဏ်ရှိလျှင် ရှိသလောက် မိမိ၏စွမ်းအားကို ဖွံ့ဖြိုးတိုးတက်အောင် အသုံးချနိုင်၏။ လူသား၏ စိတ်ကူးဉာဏ် ကုန်ခန်းသွားသည်ဟူ၍ မရှိချေ။ သို့အတွက် နည်းပညာတစ်ခု ဟောင်းနွမ်းသွားလျှင် အမြဲတမ်းပင် ပိုမိုကောင်းမွန်သော နည်းပညာသစ်ဖြင့် အစားထိုး အသုံးပြုနိုင်စွမ်း ရှိ၏။ ယနေ့ကာလ၌ နည်းပညာတစ်ခုတည်း သီးခြား ရပ်တည်နေခြင်း ဆိုသည်မှာ မစဉ်းစားဝံ့ချေ။ သတင်းနည်းပညာ ပေါ်ပေါက်လာမှုကြောင့် နည်းပညာအသစ်နှင့် အဟောင်း ပေါင်းစပ် အသုံးပြုရုံသာမက

နည်းပညာသစ်ကိုပင် ရှေ့ပေါ်လာမည့် နည်းပညာနှင့် ပေါင်းစပ်နိုင်စွမ်း ရှိလာသည်။ လက်တွေ့အခြေအနေများအရ နည်းပညာများ ပေါင်းစပ်အသုံးပြုခြင်းသည် နည်းပညာတိုးတက်မှုထက် လူနေမှုဘဝဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုကို ပို၍ သိသိသာသာ အထောက်အကူပြုကြောင်း တွေ့ရှိနိုင်ပေသည်။

အသံတစ်မျိုးချင်းသာ ထွက်သော တူရိယာပစ္စည်းအား သံစုံထွက်သည့် တူရိယာပစ္စည်းသစ်ဖြင့် အစားထိုးခြင်းနှင့် တူပေ၏။ ယနေ့ကာလ၏ ကမ္ဘာတစ်ဝန်း ဆက်စပ်ယှက်နွယ်ပြောင်းလဲမှု (Globalization) အား နည်းပညာက ကောင်းစွာ အထောက်အကူပြုနေသကဲ့သို့ အပြန်အလှန်အားဖြင့်လည်း ဤကမ္ဘာတစ်ဝန်း ဆက်စပ်ယှက်နွယ်ပြောင်းလဲမှု (Globalization) ဖြစ်စဉ်က နည်းပညာတိုးတက်မှုကို အရှိန်အဟုန်ပြင်းထန်စွာ အကျိုးပြုလျက် ရှိပေသည်။

ယင်းသို့ ကမ္ဘာတစ်လွှား လူနေမှုဘဝအသီးသီး၏ ဦးတည်ပြောင်းလဲမှုများ၌ စစ်ပွဲ၏ သဘာဝများလည်း မလွှဲမရှောင်သာ ပါဝင်ပြောင်းလဲလာရသည်။ ခေတ်မီတိုးတက်လိုသော မည်သည့် လက်နက်ကိုင်တပ်ဖွဲ့မဆို နည်းပညာသစ်ကို ပြုစုပျိုးထောင်ခြင်း မရှိဘဲ မအောင်မြင်နိုင်ချေ။ တစ်ဖက်တွင် စစ်သမိုင်းတစ်လျှောက် ပြန်ကြည့်ပါက စစ်ပွဲများ၏ လိုအပ်ချက်ကြောင့် နည်းပညာသစ်များ ပေါ်ပေါက်လာရကြောင်း အထင်အရှား တွေ့မြင်နေရပေသည်။ သို့အတွက် "စစ်ပွဲလိုအပ်ချက်များသည် နည်းပညာသစ်များ၏ ဝမ်းဆွဲလက်သည် အမှန်ဖြစ်သည်" ဟု ဆိုကြခြင်း ဖြစ်၏။



၁၉၉၁ ခု ပင်လယ်ကွေ့စစ်ပွဲအတွင်းတွင် ၁၉၈၀ ပြည့်နှစ်များဆီက အခြေတည် ဖွံ့ဖြိုးတိုးတက်လာခဲ့သော နည်းပညာသစ်ပေါင်း ၅၀၀ ခန့်ကို အသုံးပြုခဲ့ရာ စစ်မြေပြင်သည် လက်နက်ဆန်းများ သရုပ်ပြ စမ်းသပ်ပြသော သရုပ်ပြကွင်းသဖွယ် ဖြစ်လာသည်။ ဤစစ်ပွဲမှ ထင်ရှားလှသော အချက်မှာ လက်နက်များ တီထွင်ဖွံ့ဖြိုး အသုံးချကြရာ၌ "လက်နက်စနစ်" (Systemization) သဘောတရားကို တွေ့ရှိလာခြင်းဖြစ်၏။ စကဒ်ဒုံးပျံများအား ပေးထရီးရော့ ဒုံးခွင်းဒုံးများဖြင့် ပစ်ချခြင်းကို နှစ်လုံးပြူးသေနတ်ဖြင့် ငှက်ပစ်သကဲ့သို့ပင် လွယ်ကူသယောင် ယူဆလာကြသည်။ အမှန်အားဖြင့် ကမ္ဘာတစ်ဝန်း၌ ဖြန့်ကြက်တည်ဆောက်အားသော မရေမတွက်နိုင်သည့် စနစ်များကို ပေါင်းစည်း အသုံးချခြင်း ဖြစ်သည်။ အမေရိကန် သူလျှိုဂြိုဟ်တုတစ်လုံးက အီရတ်နိုင်ငံတွင်းရှိ ပစ်မှတ် (စကဒ်) ဒုံးကျည်တစ်စင်းကို စတင်ဆောက်လုပ်မှုသိရှိသည်နှင့် တစ်ပြိုင်နက် သတိပေးနှိုးဆော်ချက်ကို ဩစတြေးလျနိုင်ငံရှိ မြေပြင်စခန်းတစ်ခုသို့ ချက်ချင်းပေးပို့သည်။ ၎င်းစခန်းမှာလည်း အဆိုပါ သတင်းကို အမေရိကန်ပြည်ထောင်စု ချိုင်ရင်းတောင်တန်းဒေသရှိ အာကာသ ကွပ်ကဲမှုစခန်းမှတစ်ဆင့် ဆော်ဒီအာရေးဗီယားနိုင်ငံ၊ ရီယဒ်မြို့ရှိ ကွပ်ကဲမှု ဌာနချုပ်သို့ ဆက်လက် သတင်းပေးပို့သည်။ ထိုအခါမှ ပေးထရီးရော့ ဒုံးစနစ်ကိုင်တွယ်သူ စစ်သည်များ အသင့်နေရာယူကြခြင်းဖြစ်ရာ စတင်ဆောက်လုပ်မှုသိရှိသည်မှ နေရာယူပြီးသည်အထိ စက္ကန့် ၉၀ သာ ကြာမြင့်သည်။ ဤမျှတိုတောင်းသော ကာလအတွင်း ယင်းသတိပေးချက်သည် ကမ္ဘာတစ်ဝန်းရှိ မရေမတွက်နိုင်လောက်သော ထပ်ဆင့်လွှင့်စခန်းများ၊ အာကာသ အခြေစိုက်စခန်းများနှင့်

$C_3I$ (Command, Control, Communication & Intelligence) စနစ်များကို ဖြတ်သန်းသွားရသဖြင့် "တစ်ကမ္ဘာလုံး ကြားလိုက်ရသည့် သေနတ်သံတစ်ချက်" ဟု ကင်ပွန်းတပ်ခြင်း ဖြစ်သည်။ မရေမတွက်နိုင်လောက်အောင် များမြောင်သော လက်နက်စနစ်များ၊ ဆက်သွယ်ရေးစနစ်များကို အချိန်နှင့် တစ်ပြေးညီ ပေါင်းစပ်ညှိနှိုင်းအသုံးချနိုင်ခြင်းမှာ သတင်းနည်းပညာမတိုင်မီ သမိုင်းတွင် မကြုံဘူးသော တိုက်စွမ်းရည်ပင်ဖြစ်သည်။ ဒုတိယ ကမ္ဘာစစ်မတိုင်မီက ပေါ်ပေါက်ခဲ့သော လက်နက်စနစ်များသည်လည်း စက်မှုတော်လှန်ရေးတစ်ရပ် ဖြစ်သည်ဆိုသော အယူအဆကို အငြင်းပွားနိုင်ဖွယ်မရှိသော်လည်း နည်းပညာအားလုံးကို သတင်းနည်းပညာကဲ့သို့ နည်းပညာတစ်ခုတည်းက လွှမ်းမိုးချုပ်ကိုင်သော အစဉ်အလာမျိုးမရှိခဲ့ဟု ဆိုရပေမည်။

နည်းပညာများ ပေါင်းစပ်အသုံးချမှုနှင့် ကမ္ဘာတစ်ဝန်း ဆက်စပ်ယှက်နွယ်ပြောင်းလဲမှု (Globalization) တို့ ခေတ်တွင် စစ်ပွဲတစ်ခုအား အသုံးချသော လက်နက်တစ်မျိုး၏ အမည်တပ်ရန် မဖြစ်နိုင်တော့သည့် အခြေအနေ ရောက်ရှိလာသည်။ အလားတူ လက်နက်နှင့် စစ်ပွဲ ဆက်စပ်မှုကိုလည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲစေခဲ့သည်။ အထူးသဖြင့် လက်နက်ဆိုင်ရာ အယူအဆသစ်များကြောင့် စစ်ပွဲ၏ သရုပ်သဏ္ဌာန်မှာ မထင်မရှား မှုန်ဝါးဝါး ဖြစ်လာပေသည်။ ကွန်ပျူတာဟက်ကာ တစ်ဦး၏ တိုက်ခိုက်မှုကို ရန်လိုသော အပြုအမူ (Hostile Act) ဟု ယူဆနိုင်ပါမည်လော၊ ဘဏ္ဍာရေးဆိုင်ရာ နည်းလမ်းများဖြင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး အဆောက်အအုံအား ဖျက်ဆီးခြင်းကို စစ်ပွဲတစ်ခုအဖြစ် ယူဆနိုင်ပါမည်လော၊ ဆိုမာလီနိုင်ငံ၊ မိုဂါဒစ်ရှူး လမ်းမများပေါ်မှ အမေရိကန်စစ်သားများ၏ အလောင်းပုံများကို စီအင်န်အင်န်က လွှင့်ထုတ်ခြင်းကြောင့် အမေရိကန်လူထု၏ ကမ္ဘာ့ပုလိပ်ကြီးလုပ်လိုသော ဆန္ဒကို ကိုင်လှုပ်နိုင်ပါသလော၊ သို့အတွက် ကမ္ဘာ့မဟာဗျူဟာ အခြေအနေတစ်ရပ်လုံး ပြောင်းလဲသွားနိုင်ပါမည်လော၊ စစ်ပွဲဖြစ်ပွားသည်ဆိုသည်ကို အသုံးချသည့်နည်းလမ်းကို ကြည့်၍ ဆုံးဖြတ်ရမည်လော၊ သို့တည်းမဟုတ် အကျိုးရလဒ်ကို ကြည့်၍ ဆုံးဖြတ်ရမည်လော။

အထက်ပါ မေးခွန်းများအားလုံးကို သမားရိုးကျ စစ်ရေး အယူအဆများဖြင့် နှိုင်းယှဉ်စဉ်းစားပါက မည်သို့မျှ အဖြေပေးနိုင်မည် မဟုတ်ချေ။ အထက်တွင် ဖော်ပြထားသော စစ်တိုက်ခြင်း မဟုတ်သည့် နည်းလမ်းများကို ကျွန်ုပ်တို့ ရုတ်ချည်း သတိပြုမိလိုက်သည့်အခါ ယနေ့စစ်ပွဲများကို အမည်နာမအသစ် ရှာဖွေကင်ပွန်းတပ်ပေးရတော့မည်ကို စဉ်းစားမိတော့မည် ဖြစ်သည်။ ရှိပြီး ကန့်သတ်ချက်အားလုံးကို စည်းမျဉ်းဥပဒေသ အားလုံးကို ကျော်လွှားသည့် စစ်ပွဲတစ်ရပ် ရှိလာပြီကို အသိအမှတ်ပြုရမည် ဖြစ်၏။

အတိုဆုံးနှင့် အရှင်းဆုံး ဆိုရသော် "ကန့်သတ်မဲ့စစ်" (Unrestricted War) ဟု အမည်ပေးရပါတော့မည်။

ဤအမည်ကိုသာ အများက လက်ခံအသိအမှတ်ပြုသည်ဆိုပါက စစ်ပွဲ၌ ရှိရှိသမျှ နည်းလမ်းအားလုံး အသုံးပြုနိုင်မည်၊ သတင်းအချက်အလက်ကသာ အရာရာကို လွှမ်းခြုံနေမည်၊ စစ်မြေပြင်သည် နေရာတိုင်း၌ ရှိနေမည်ဟူသော အချက်ကို လက်ခံခြင်းပင် ဖြစ်သည်။ ဤသို့ဆိုပါက ရှိသမျှ လက်နက်အားလုံး၊ နည်းပညာအားလုံးကို စိတ်တိုင်းကျ အသုံးပြုခွင့်ရှိသည်ဆိုခြင်းကို

လည်းကောင်း၊ စစ်ဖြစ်ခြင်းနှင့် မဖြစ်ခြင်းဆိုသည်ကို ခြားထားသော စည်းကိုလည်းကောင်း၊ စစ်ဖက်နှင့် စစ်ဖက်မဟုတ်သည်ကို ခြားထားသော စည်းကိုလည်းကောင်း လုံးဝချေဖျက်လိုက်ခြင်းပင် ဖြစ်သည်။ သို့ဆိုပါက လက်ရှိလက်ခံကျင့်သုံးနေသော တိုက်ပွဲဝင် စည်းမျဉ်းစည်းကမ်းများကို ပြန်လည်သတ်မှတ်ရတော့မည်မှာ မလွဲဖြစ်ပေသည်။ စစ်ပွဲ၏ ဥပဒေသများကိုပင် ပြန်လည်ရေးဆွဲသတ်မှတ်ရတော့မည့် အခြေအနေသို့ ရောက်ရှိလာပြီ ဖြစ်ပေသည်။

သို့ရာတွင် စစ်ပွဲနတ်ဘုရား (God of War) ၏ လိုအင်ဆန္ဒကို ခန့်မှန်းသိရှိနိုင်ရန် မလွယ်ဟု ဆိုသည်။ ဆိုလိုသည်မှာ အနာဂတ်ပေါ်ပေါက်လာမည့် စစ်ပွဲများ၏ ဦးတည်ချက် အကျိုးရလဒ်ပုံသဏ္ဍာန်တို့ကို ကြိုတင်ခန့်မှန်းနိုင်ရန် ခဲယဉ်းသည်ဟု ဆိုခြင်းဖြစ်၏။ ဤသို့ ကြိုတင်မျှော်တွေးနိုင်ရန် နည်းလမ်းမှာ တစ်ခုတည်းသာ ရှိပေ၏။

စစ်ပွဲနတ်ဘုရား၏ သွေးတိုးနှုန်းကို စမ်းသပ်ရန်၊ တစ်နည်းအားဖြင့် ယနေ့စစ်ပွဲများ၏ သဘောသဘာဝကို လေ့လာဖော်ထုတ်ရန်သာ ဖြစ်ပေသည်။

## အခန်း (၁)

# လက်နက်ဆိုင်ရာ စက်မှုတော်လှန်ရေးက စတင်တတ်သည်

**"စစ်ရေး ရည်မှန်းချက်များအတွက် စက်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများကို အသုံးချလိုက်သည်နှင့် နောက်ပြန်ဆုတ်မရသော အခြေအနေမျိုး ရောက်သွားတတ်ကာ စစ်ဗိုလ်ချုပ်များ၏ အလိုဆန္ဒနှင့် ဆန့်ကျင်၍ မလိုလားသော ပြောင်းလဲမှုများ၊ စစ်မှုရေးရာ တော်လှန်မှုများ ဖြစ်ပေါ်လာကာ စစ်ပွဲတိုက်ခိုက်သည့်ပုံစံပါ ပြောင်းလဲသွားတတ်သည်။"**

**Engels**

တော်လှန်သော စစ်မှုရေးရာ (Revolution in Military Affairs) များ မဖြစ်ပေါ်မီ လက်နက်ဆိုင်ရာ တော်လှန်သော ပြောင်းလဲမှုများက ဦးစွာ ဖြစ်ပေါ်တတ်သည်။ သို့အတွက် တော်လှန်သော လက်နက်တစ်မျိုးမျိုး ပေါ်ပေါက်လာသည်နှင့် မရှေးမနှောင်းပင် တော်လှန်သော စစ်မှုရေးရာများ မလွဲမရှောင်သာ ဖြစ်ပေါ်လာရသည်။ စစ်သမိုင်းကို ပြန်ပြောင်း လေ့လာလျှင် အထက်ပါ သဘောတရားများကို မလွဲဧကန်တွေ့မြင်ရမည်ဖြစ်၏။

ကြေးနီ၊ သို့မဟုတ် သံဖြင့် ပြုလုပ်ထားသော လှံများ ပေါ်ပေါက်လာပြီး မရှေးမနှောင်းပင် စတုရန်းပုံထုဖြင့် ဖွဲ့စည်းစစ်ဆင်သော (Phalanx) များ ပေါ်ပေါက်လာရသည်။ အလားတူ လေး၊ မြား၊ လောက်လွှဲများ ပေါ်ပေါက်လာပြီး မရှေးမနှောင်းပင် မြင်းတပ်များအတွက် စစ်နည်းဗျူဟာသစ်များ ပေါ်ပေါက်လာရသည်။ ယမ်းမှုန့်ပေါ်ပေါက်လာသည်နှင့် ခေတ်သစ် စစ်၏ သမိုင်းဦးသို့ ရောက်ရှိလာသည်။ ရိုင်ဖယ်သေနတ်နှင့် ကျည်ဆန်တို့က စက်မှုနည်းပညာ၏ ရှေ့ပြေးအဖြစ် စစ်မြေပြင်တွင် စတင်အသုံးချခဲ့ကြသည်။ သို့အတွက် စစ်ပွဲသဘာဝကို တစ်နည်းအားဖြင့် စစ်ပွဲအမျိုးအစားကို အသုံးချကာ လက်နက်များ၏ အမည်နာမတပ်သော အလေ့အထ ပေါ်ပေါက်လာသည်။ ပထမဦးစွာ အမည်တပ်ခဲ့ဖူးသော သာဓကမှာ သံပြားကာထားသည့် စစ်ရေယာဉ်များက ပင်လယ်ပြင်ကို စိုးမိုးနိုင်ခြင်းအား အကြောင်းပြု၍ "စစ်သင်္ဘောများ၏ခေတ်" (Age of Battleships) ဟု ခေါ်တွင်ခဲ့ကြသည်။ မကြာမီ သံပြားတပ် စစ်သင်္ဘော၏ ညီနောင်ဖြစ်သော "တင့်" များ ပေါ်ပေါက်လာကာ ကြည်းကြောင်းစစ်ဆင်ရေးအားလုံးကို လွှမ်းမိုးခဲ့သည်။ မကြာမီ လေယာဉ် ထပ်မံပေါ်ပေါက်လာပြီး ကောင်းကင်ယံကို စိုးမိုးခဲ့ပြန်သည်။ ထပ်မံ၍ နျူကလီးယားဗုံးပေါ်ပေါက်လာပြန်သောအခါ နျူကလီးယားခေတ်ဟူ၍ တင်စားကြပြန်၏။ ယနေ့ကာလတွင်လည်း ပို၍ ပို၍ သစ်ဆန်းသော လက်နက်များ ပေါ်ပေါက်လာကာ စစ်ပွဲအမည်ကို ယင်းလက်နက်များ၏ အမည်ဖြင့် ကင်ပွန်းတပ်ရန် ကြိုးပမ်းလာကြပြန်သည်။ သို့အတွက် အနာဂတ် စစ်ပွဲများကို ဆွေးနွေးငြင်းခုံကြရာ၌ လက်နက်ကို အစွဲပြု၍ စစ်ကို အမည်ပေးသည့်အကျင့် ပါနေ



ကြသည့်အတိုင်း စစ်ပွဲများကို အသုံးချသည့် လက်နက်များ အမည်ပေးရန် ကြိုးစားကြတော့၏။ သို့ဖြင့် "အီလက်ထရောနစ်စစ်"၊ "တိကျလက်နက်များစစ်"၊ "သတင်းစစ်" ဟူ၍ မှည့်ခေါ်ကြတော့၏။ ထိုသူများ သတိမမူမိသည့်အချက်မှာ ယခုအချိန်အထိ မမြင်ဘူး၊ မကြားဘူး၊ မတွေ့တော့ဘူးသေးဘဲ လွန်စွာ အရေးပါသော ပြောင်းလဲမှုတစ်ရပ်က တိတ်ဆိတ်စွာ ချဉ်းနင်းဝင်ရောက်လျက် ရှိနေသည်ဆိုသော အချက်ပင် ဖြစ်၏။

## စစ်ကို မည်သူမျှ အမည်ပေးခွင့်မရှိ

စစ်လက်နက်ဆိုင်ရာ တော်လှန်သော ပြောင်းလဲမှုသည် စစ်မှုရေးရာ တော်လှန်မှု၏ ရှေ့ပြေးဖြစ်၏။ ရှေးယခင်ကနှင့် မတူသော အချက်မှာ စစ်မှုရေးရာ တော်လှန်သော ပြောင်းလဲမှုသည် လက်နက်တစ်မျိုးချင်း၊ နှစ်မျိုးချင်းကြောင့် ပြောင်းလဲမှုမျိုး မဟုတ်တော့ခြင်းဖြစ်၏။ လက်နက်သစ် လက်နက်ဆန်း မျှော်လင့်တောင့်တနေသူများအတွက် ယနေ့တစ်မျိုးပြီးတစ်မျိုး ပေါ်ပေါက်လာသော လက်နက်စက်ရုံများက ကျေနပ်မှုကို အချိန်တိုအတွင်း ပေးစွမ်းနိုင်သည့်အပြင် ယနေ့လက်နက်စနစ်တစ်ခုတွင် မြောက်မြားစွာ ပါဝင်လေ့ရှိသော ကိရိယာပစ္စည်းများကြောင့် ယနေ့လက်နက်စနစ်များသည် အသုံးပြုသူအတွက် ခဲရာခဲဆစ်မရှိတော့ဟု ယူဆနိုင်၏။ ရှေးယခင်က လောက်လွှဲ၊ မက်ဆင်စက်သေနတ် စသော လက်နက်တစ်မျိုးပေါ်ပေါက်လာရုံဖြင့် စစ်ပွဲ၏ ပုံသဏ္ဌာန်ကို ပြောင်းလဲနိုင်ခဲ့သည်။ ယနေ့တွင်မူ စစ်ပွဲတစ်ခု၏ အကျိုးသက်ရောက်မှုတစ်ခုလုံးကို လုံးဝလွှမ်းမိုးနိုင်သည့် လက်နက်စနစ်

တစ်ခု ဖြစ်ပေါ်လာရန် လက်နက်အမျိုးပေါင်း ၁၀၀ ခန့်အထိ လိုအပ်လာသည်။ မည်သို့ပင်ဆိုစေကာမူ ထင်ရှားလှသော အချက်တစ်ချက်မှာကား လက်နက်ဆန်းများ ပိုမိုတီထွင်လာသည်နှင့်အမျှ လက်နက်တစ်ခုချင်း၏ ကဏ္ဍ ပိုမိုသေးငယ်လာသော အချက်ဖြစ်၏။ ဤသည်မှာ လက်နက်နှင့်စစ်ပွဲ ဆက်နွှယ်နေပုံ သဘောတရား ပြောင်းလဲလာခြင်းပင် ဖြစ်၏။ သို့အတွက် နျူကလီးယားလက်နက်များ မီးကုန်ယမ်းကုန် အသုံးချ စစ်ဆင်သည့် စစ်ပွဲမျိုးမှအပ အခြားမည်သည့်စစ်ပွဲကိုမျှ အသုံးချသည့် လက်နက်၏ အမည်ပေးနိုင်တော့မည် မဟုတ်ချေ။ သို့အတွက်လည်း ယနေ့ခေတ်တွင် ဆင်နွှဲနေကြသော စစ်ပွဲများကို "အဆင့်မြင့် စက်မှုစစ်" (High-Tech Warfare)၊ "သတင်းစစ်" (Information Warfare) စသည်ဖြင့် အဆင်ပြေသလို ခေါ်ဝေါ်ကင်ပွန်းတပ်နေကြခြင်းဖြစ်၏။

"အဆင့်မြင့်နည်းပညာ" (High Technology) ဟူသော ဝေါဟာရကို နက်နက်ရှိုင်းရှိုင်း လေ့လာလျှင် မှုန်ဝါးဝါးနှင့် မသဲမကွဲ တွေ့ရှိရမည် ဖြစ်၏။ အမှန်အားဖြင့် ဤ (High Technology) ဟူသော ဝေါဟာရမှာ အမေရိကန်နိုင်ငံ၏ အဆောက်အအုံဆိုင်ရာ ဗိသုကာပညာရပ်တွင် စတင် အသုံးပြုခဲ့ခြင်း ဖြစ်၏။ သို့ဆိုလျှင် အဆင့်မြင့်နည်းပညာ၌ မည်သည့် အကြောင်းခြင်းရာများ ပါဝင်သနည်း၊ အဆင့်မြင့် နည်းပညာဟူသည် မည်သည်ကို ရည်ညွှန်းဖော်ပြခြင်း ဖြစ်ပေသနည်းဟူ၍ မေးစရာအကြောင်း ရှိလာ၏။ ယုတ္တိရှိရှိ ပြောဆိုဆွေးနွေးမည်ဆိုပါက နည်းပညာအဆင့်မြင့်ခြင်း၊ နိမ့်ခြင်းဟူသည် နှိုင်းယှဉ်ဖော်ပြချက်သာ ဖြစ်သည်ဟု ဆိုနိုင်၏။ တစ်ဖန် ခေတ်တစ်ခေတ်



တွင် အဆင့်မြင့်ပါသည်ဟူသော နည်းပညာသည် ထိုခေတ်ကာလ ကုန်လွန်၍ ပို၍ သစ်ဆန်းသော နည်းပညာသစ် ပေါ်ပေါက်လာပါက နည်းပညာဟောင်း ဖြစ်သွားတတ်သော သဘောရှိသည်။ သို့အတွက် ယနေ့ပေါ်ပေါက်နေသော ပစ္စည်းကိရိယာများကို အဆင့်မြင့်နည်းပညာဟု ခေါ်ဆို၍ မှန်ကန်နိုင်မည် မဟုတ်ပေ။ ယနေ့ကာလ၏ အရှိန်အဟုန် ပြင်းထန်စွာ ပြောင်းလဲနေသော တိုးတက်မှုများကြောင့် နည်းပညာသစ်၊ ပစ္စည်းကိရိယာသစ်များ မရေမတွက်နိုင်အောင် ပေါ်ပေါက်နေသော ကာလတွင် ၎င်း နည်းပညာများကို အမည်ပေးရင်းမှ ပိုမိုရှုပ်ထွေးသည်ထက် ရှုပ်ထွေးရုံသာ ရှိပေမည်။ မည်သည့်စက်မှုနည်းပညာမဆို အသုံးဝင်သော ကဏ္ဍသီးခြားစီ ရှိတတ်သည်။ သို့အတွက် ကန့်သတ်ချက်များ ရှိတတ်သည်။ သို့အတွက် ယမန်နေ့၏ "အဆင့်မြင့်" နည်းပညာသည် ယနေ့အတွက် နည်းပညာဟောင်း ဖြစ်လာပြီး ယနေ့၏ နည်းပညာသစ်သည် မနက်ဖြန်၏ နည်းပညာဟောင်း ဖြစ်မည် မလွဲတည်း။

၁၉၆၀–၇၀ ပြည့်နှစ် ကာလများ၏ နာမည်ကျော် လက်နက်စနစ်များဖြစ်သည့် M–60 တင့်၊ Cobra တိုက်ခိုက်ရေး ရဟတ်ယာဉ်နှင့် ဘီ–၅၂ ဗုံးကြဲလေယာဉ်များသည် ယနေ့ခေတ်၏ M–1 Abrams တင့်၊ အပါချီ တိုက်ခိုက်ရေး ရဟတ်ယာဉ်၊ အက်ဖ်–၁၁၇ စတဲ့သ်တိုက်လေယာဉ်၊ ပေးထရီးရော့ ဒုံးကျည်၊ တိုမဟော့ခ် ခရုဇ် ဒုံးကျည်များနှင့် စာလျှင် နည်းပညာဟောင်းများ ဖြစ်သွားကြသည်။ ဤလက်နက်စနစ်သစ်များသည်ပင် ဘီ–၂ ဗုံးကြဲလေယာဉ်၊ အက်ဖ်–၂၂ တိုက်လေယာဉ်၊ Commanche တိုက်ခိုက်ရေးရဟတ်ယာဉ်၊ ဂျေစတားရေဒါစနစ်တို့နှင့် နှိုင်းစာ

ပါက နည်းပညာဟောင်းများ ဖြစ်သွားတော့မည်ဖြစ်၏။ သို့အတွက် High-Tech ဟူသော စကားရပ်တစ်ခုတည်းဖြင့် နည်းပညာအားလုံးကို တစ်သမတ်တည်း သတ်မှတ်ချုပ်ကိုင်ထားရန် မဖြစ်နိုင်တော့ချေ။

High-Technology ဟူသော စကားရပ်သည် အနာဂတ်စစ်ပွဲ၏ ကြောင်းတူသံကွဲ ဝေါဟာရ မဖြစ်နိုင်သလို သတင်းနည်းပညာ (Information Technology) သည်လည်း အလားတူပင် ဖြစ်၏။ အနာဂတ်စစ်ပွဲသုံး လက်နက်စနစ်တိုင်းတွင် သတင်းဆိုင်ရာ လျှပ်စစ်အစိတ်အပိုင်းများ မလွဲမသွေ တပ်ဆင်ပါဝင်မည် (embedded) ဖြစ်ပြီး ကွန်ပျူတာထိန်းချုပ်မှုစနစ်များ ပါဝင်ကြမည် ဖြစ်သော်လည်း ယင်းစစ်များကို သတင်းစစ်ဟု မည်ကာမတ္တဟု ခေါ်တွင်နိုင်မည် မဟုတ်ပေ။ ယင်းအစား "ကွန်ပျူတာ ထိန်းချုပ်စစ်" (Computerized Warfare) ဟု ခေါ်သည်ကာမှ နီးစပ်ပေဦးမည်။ အကြောင်းမှာ သတင်းနည်းပညာမည်မျှပင် အရေးပါသည်ဖြစ်စေကာမူ အခြားသော မည်သည့်နည်းပညာကိုမျှ ၎င်းတစ်မျိုးတည်းဖြင့် အစားထိုးအသုံးပြုနိုင်မည် မဟုတ်ချေ။ ဥပမာ– အက်ဖ်–၂၂ တိုက်လေယာဉ်သည် သတင်းနည်းပညာကို အများအပြား အသုံးပြုထားသည် မှန်သော်လည်း တိုက်လေယာဉ်သည် တိုက်လေယာဉ်သာ ဖြစ်၏။ အလားတူပင် တိုမဟော့ခ်ဒုံးသည်လည်း ဒုံးသာလျှင် ဖြစ်၏။ ယင်းတို့ကို ခြုံ၍ "သတင်းစစ်သုံး လက်နက်များ" (Information Weapons) ဟု ခေါ်တွင်ပါက မှားယွင်းပေမည်။ အလားတူပင် ဤလက်နက်များ အသုံးပြုတိုက်ခိုက်သည့် စစ်ပွဲကိုလည်း သတင်းစစ်ဟု ခေါ်တွင်ပါက မှန်နိုင်မည် မဟုတ်ချေ။



ကွန်ပျူတာထိန်းချုပ်စစ်နှင့် သတင်းစစ်တို့မှာ အနှစ်သာရအားဖြင့် များစွာကွဲပြားသည်။ ကွန်ပျူတာထိန်းချုပ်စစ်က ပိုမိုကျယ်ပြန့်သလောက် သတင်းစစ်က ကျဉ်းမြောင်းသည်။ ကွန်ပျူတာထိန်းချုပ်စစ်ဆိုသည်မှာ သတင်းနည်းပညာကို အသုံးပြုစစ်ဆင်သော များမြောင်လှသည့် စစ်ဆင်နွှဲပုံ၊ စစ်ဆင်နွှဲနည်းများကို ရည်ညွှန်း၏။ သတင်းစစ်မှာမူ သတင်းအချက်အလက် ရရှိရန်သို့မဟုတ် သတင်းအချက်အလက်များကို ထိန်းချုပ်ရန်အတွက် သတင်းနည်းပညာကို အသုံးချမှုသာလျှင် ဖြစ်၏။

ယနေ့ခေတ်စားလာသော အယူအဆတစ်ရပ်မှာ သတင်းနည်းပညာသည်သာလျှင် အရှိန်အဟုန်ပြင်းစွာ ဖွံ့ဖြိုးတိုးတက်နေသည့် တစ်ခုတည်းသော နည်းပညာဖြစ်ပြီး အခြားနည်းပညာများ၏ ဖွံ့ဖြိုးမှု နေဝင်ချိန်ရောက်ပြီဟု ယူဆနေကြခြင်းဖြစ်၏။ ဤသို့ ယူဆသူများလေ ဘီလ်ဂိတ်၏ အိတ်ထောင်ထဲသို့ ငွေများများ ဝင်လေဖြစ်၏။ သို့ရာတွင် သတင်းနည်းပညာ၏ ဖွံ့ဖြိုးတိုးတက်မှုဟူသည်မှာ အခြားနည်းပညာများ၏ ဖွံ့ဖြိုးမှုအပေါ်တည်မှီနေရပြီး သတင်းနည်းပညာ၏ တိုးတက်မှုကိုမူ ဒြပ်ပစ္စည်းဆိုင်ရာ နည်းပညာ (Materials Technology) က ထိန်းချုပ်ထားခြင်းဖြစ်၏။ ဥပမာအားဖြင့် သတင်းနည်းပညာ၏ အနာဂတ်ကို ချုပ်ကိုင်ထားသည်မှာ "ဇီဝစက်မှုနည်းပညာ" (Bio Technology) ပင် ဖြစ်၏။ အကယ်၍သာ Bio Computer တစ်ခုအား သတင်းနည်းပညာဖြင့် ထိန်းချုပ်သည့် ဇီဝလက်နက်ဖြင့် အသုံးပြုတိုက်ခိုက်မည်ဆိုပါက ယင်းတိုက်ခိုက်မှုကို ဇီဝစစ်ဟု သတ်မှတ်မည်လော၊ သတင်းစစ်ဟု သတ်မှတ်မည်လောဟူသည့် မေးစရာ ပေါ်လာပေ၏။ အမှန်အားဖြင့်မူ အထက်တွင် ဖော်ပြ

ခဲ့သည့်အတိုင်းပင် သတင်းနည်းပညာသည် အခြားနည်းပညာများအပေါ် မှီခို၍ တိုးတက်ရခြင်းသာ ဖြစ်သည်။ ဤအချက်မှာ "နည်းပညာပေါင်းစပ် အသုံးချခြင်း" (Technological Integration) နှင့် ယနေ့ ကမ္ဘာတစ်ဝန်း ဆက်စပ်ယှက်နွယ်ပြောင်းလဲမှု (Globalization) တို့၏ အခြေခံ အကျဆုံးသော ဝိသေသလက္ခဏာပင် ဖြစ်၏။ မည်သို့ပင်ဆိုစေကာမူ သတင်းနည်းပညာကိုမူ လက်ရှိနှင့် အနာဂတ် လက်နက်စနစ်တိုင်း နီးပါးတွင် အသုံးချနေကြရဦးမည်သာ ဖြစ်၏။

အနာဂတ်စစ်ပွဲများတွင် နည်းပညာအသစ်အဆန်းတစ်ခုက အဓိက အခန်းကဏ္ဍမှ ဦးဆောင်လွှမ်းမိုးမှု ရှိနေမည်ဆိုသည်ကို ငြင်းဖွယ်မရှိချေ။ သို့ရာတွင် စစ်ပွဲတစ်ခု၏ နိဂုံးချုပ်ရလဒ်ကိုမူ မည်သူမျှ တပ်အပ်တွက်ချက် ခန့်မှန်းနိုင်ဦးမည် မဟုတ်ပါ။ ယနေ့အခြေအနေအရပင် မည်သူတစ်ဦးတစ်ယောက်ကမျှ ယင်း၏ စစ်ပြိုင်ဘက်အပေါ် မယှဉ်နိုင်လောက်အောင် အပြတ်အသတ် အသာစီးရနေသည်ဆိုသော အခြေအနေမျိုး မရှိချေ။ အလားတူပင် စစ်ပွဲတစ်ပွဲအား မိမိ၏အမည်တပ်လောက်အောင်လည်း မည်သူမျှ မစွမ်းသာချေ။

## မိမိရှိ လက်နက်နှင့် သင့်တော်မည့် စစ်ကို တိုက်မလား၊ စစ်နှင့် သင့်တော်မည့် လက်နက်ကို လုပ်မလား

"မိမိရှိ လက်နက်နှင့် သင့်တော်မည့် စစ်ကို တိုက်မလား၊ စစ်နှင့် သင့်တော်မည့် လက်နက်ကို လုပ်မလား" ဤဝါကျနှစ်ကြောင်းသည် အစဉ်အလာအရ တိုက်ခိုက်ကြသော စစ်ပွဲဆင်နွှဲရင်း အနာဂတ်စစ်ပွဲများ၏ ကွာခြားချက်ကို ထင်ရှားစွာ မီးမောင်းထိုးပြလိုက်ခြင်း ဖြစ်၏။ အလားတူပင် ယင်းစစ်နှစ်မျိုးစလုံး၌ လက်နက်နှင့် စစ်နည်းဗျူဟာဆက်နွယ်ပုံတို့ကို ထင်ရှားစွာ သိသာစေ၏။

"မိမိရှိ လက်နက်နှင့် သင့်တော်မည့် စစ်ကို တိုက်မလား" ဟူသော အယူအဆမှာ သမားရိုးကျ အစဉ်အလာစစ်ပွဲများအား ရှိသည့်လက်နက်၊ သိပြီးသည့် စစ်နည်းဗျူဟာများဖြင့် တိုက်ခိုက်ခြင်းဖြစ်၏။

"စစ်နှင့် သင့်တော်မည့် လက်နက်ကို လုပ်မလား" ဟူသော အယူအဆမှာ ယနေ့ကာလ၌ အများက လိုလိုလားလား ကျင့်သုံးလိုသော သဘောထားဖြစ်၏။

စစ်သမိုင်းကို ပြန်ကြည့်ပါက ဥပဒေသတစ်ရပ်အဖြစ် ရေးသားဖော်ပြထားခြင်း မရှိသော်လည်း စစ်ပွဲဖြစ်လာလျှင် မိမိလက်နက်နှင့် သင့်တော်သည့် စစ်ကိုသာ တိုက်ခဲ့ကြရကြောင်း သာဓကများ ရှိခဲ့သည်။ လက်နက်တစ်မျိုးမျိုးပေါ်ပေါက်လာပါက ယင်းလက်နက်နှင့် သင့်တော်မည့် စစ်နည်းဗျူဟာများကို တီထွင်ပြောင်းလဲကျင့်သုံးခဲ့ကြသည်။ ယင်းသို့ လက်နက်က အရင်ပေါ်ပြီး စစ်နည်းဗျူဟာက နောက်မှ လိုက်ပြင်ရသည့် သဘာဝကြောင့် စစ်လက်နက်များ တိုးတက်ပြောင်းလဲမှုသည် စစ်နည်းဗျူဟာတိုးတက်ပြောင်းလဲမှုအပေါ် အဆုံးအဖြတ် ပေးလောက်အောင် များစွာလွှမ်းမိုးမှုရှိနေကြောင်း တွေ့ရသည်။ သို့ရာတွင် သူ့ခေတ်နှင့် သူ ကန့်သတ်ချက်များ လက်နက်အပေါ်တွင်လည်းကောင်း၊ စစ်နည်းဗျူဟာပေါ်တွင်လည်းကောင်း ရှိခဲ့ပေသည်။ မည်သို့ပင်

ဆိုစေကာမူ သူ့ခေတ်နှင့်သူ လက်နက်များ ပိုမိုတိုးတက်အောင်၊ စွမ်းပကားထက်မြက်အောင် ကြံစည်ကြိုးစားမှုများ ရှိခဲ့ပေသည်။ သို့အတွက်လည်း ခေတ်တိုင်းတွင် လက်နက်ဆန်းများ ပေါ်ပေါက်ပြီးမှ စစ်နည်းဗျူဟာသစ်များ ပေါ်ပေါက်ခဲ့ရခြင်း ဖြစ်သည်။

"မိမိရှိ လက်နက်နှင့် သင့်တော်မည့် စစ်ကို တိုက်မလား" ဟူသော အဆိုမှာ အဆိုးမြင်ဝါဒဖြင့် ကြည့်လျှင် မိမိတွင် လက်နက်ကောင်းမရှိသဖြင့် ရရာလက်နက်ဖြင့် တိုက်ရသည့်အခြေအနေ၊ ကယ်ရာမဲ့သည့် အခြေအနေတို့ကို ထင်ဟပ်လျက် ရှိ၏။ ဤသို့ဆိုခြင်း မဟုတ်ပေ။ မိမိရှိသည့်လက်နက်ကို အကောင်းဆုံး အသုံးပြု တိုက်ပွဲဝင်ခြင်းကို ဆိုလိုပါသည်။ တစ်နည်းအားဖြင့် မိမိ၏လက်နက်များ အထိရောက်ဆုံး အသုံးချနိုင်မည့် စစ်ပွဲမျိုးကို တိုက်ခိုက်ခြင်းဖြစ်၏။ ယနေ့နိုင်ငံအများအပြားသည် ဤအယူအဆကို လက်စွဲပြုလာကြကြောင်း တွေ့နေရပေသည်။ အချို့ကမူ ဤစစ်ပွဲမျိုး၊ ဤနည်းလမ်းမျိုးကို ခေတ်နောက်ကျသော နိုင်ငံ၊ ကယ်ရာမဲ့သော နိုင်ငံများကသာ အသုံးပြုသည်ဟု လွဲမှားစွာ ယူဆကြ၏။ ဤသို့ယူဆသူများ သတိမမူမိသော အချက်မှာ ယနေ့ ကမ္ဘာပေါ်တွင် အင်အားအကြီးမားဆုံးဆိုသည့် အမေရိကန်နိုင်ငံပင်လျှင် "ကယ်ရာမဲ့" အခြေအနေမျိုးသို့ တစ်နည်းမဟုတ်တစ်နည်းဖြင့် ရောက်သွားနိုင်သည်ဟူသော အချက် ဖြစ်၏။ အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနိုင်ငံဖြစ်သော်လည်း ၎င်း၏စစ်အင်အားနှင့် ခေတ်မီစစ်လက်နက်များ အသုံးမပြုနိုင်ဘဲ တိုက်ပွဲဝင်ရသည့် ကယ်ရမဲ့အခြေအနေစစ်ပွဲမျိုးကို အချိန်မရွေး ရင်ဆိုင်ရဖွယ်ရှိ၏။ အမေရိကန်၏ တစ်ခုတည်းသော အားသာချက်မှာ လက်နက်ဟောင်းများ



အသုံးပြုရသည်ဖြစ်စေ၊ လက်နက်ဆန်းများ အသုံးပြုရသည်ဖြစ်စေ စိတ်ကြိုက်ရွေးချယ်ပေါင်းစပ် အသုံးပြုနိုင်စွမ်းရှိခြင်းပင်ဖြစ်၏။

အင်အားမကြီးသော နိုင်ငံများအတွက် မျှော်လင့်ချက်မှာ အကာယ်၍သာ လက်နက်သစ်များနှင့် လက်နက်ဟောင်းများကို ယင်းတို့နှင့် လိုက်လျောညီထွေရှိသည့် စစ်နည်းဗျူဟာများနှင့်သာ ပေါင်းစပ်ကျင့်သုံးနိုင်ပါက မိမိလက်တွင်းရှိ ခေတ်မမီ လက်နက်၏ မူလစွမ်းပကားထက် အဆပေါင်းမြောက်မြားစွာ ပိုမိုအစွမ်းထက်လာသည့် လက်နက်စနစ်များ ဖြစ်လာနိုင်သည်ဟူသော အချက်ဖြစ်၏။ တစ်နည်းအားဖြင့် လိုက်လျောညီထွေရှိသော စစ်နည်းဗျူဟာကို "အင်အားဆပွားကိန်း" (Multiplier) အဖြစ် အသုံးပြုနိုင်မည်ဆိုသောအချက်ဖြစ်ပေသည်။ ဥပမာ– ဘီ–၅၂ ဗုံးကြဲလေယာဉ်များမှာ ၁၉၈၀ ပြည့်နှစ်များကတည်းက သက်တမ်းကုန်ဆုံးနေပြီဖြစ်သော်လည်း ၎င်းတွင် ခရုဇ်ဒုံးကျည်များ၊ တိကျပစ်ခတ်နိုင်သော လက်နက်များ တပ်ဆင်လိုက်သောအခါ ယနေ့ကာလတွင် ကြောက်မက်ဖွယ်အကောင်းဆုံး လက်နက်စနစ်အဖြစ် ဆက်လက်ရပ်တည်နိုင်သေးသည်ကို တွေ့ရပေမည်။ အလားတူ အမေရိကန်တို့၏ အေ–၁၀ မြေပြင်တိုက်ခိုက်ရေးလေယာဉ်သည် သာမန်မြေပြင် တိုက်ခိုက်ရေး လေယာဉ်သာ ဖြစ်သော်လည်း ၎င်းအား ညတိုက်ပွဲဝင်နိုင်ရန် ညကြည့်စနစ်များ တပ်ဆင်ပေးပြီး အပါချီတိုက်ခိုက်ရေး ရဟတ်ယာဉ်နှင့် ပေါင်းစပ်အသုံးပြုလိုက်သောအခါ လွန်စွာမှ ထိရောက်မှုရှိသော စစ်မြေပြင် လေကြောင်းပစ်ကူ စနစ်တစ်ရပ် ပေါ်ပေါက်လာကာ စစ်မြေပြင်လေကြောင်း စိုးမိုးမှုကို အပြည့်အဝရရှိစေခဲ့၏။

"မိမိရှိ လက်နက်နှင့် သင့်တော်မည့် စစ်ကို တိုက်မလား" ဟူသော အဆိုကို လွယ်လွယ်နှင့် ခံယူကျင့်သုံးပါကမူ အောင်မြင်နိုင်မည် မဖြစ်ချေ။ "အရှိကို အရှိအတိုင်း" အသုံးပြုမည်ဟူသော အယူအဆကို စွဲကိုင်မိပါက အရှုံးဖြင့်သာ ရင်ဆိုင်ရပေမည်။ ယနေ့ကာလသည် လက်နက်ဈေးကွက်၌ လက်နက်များ ပေါများသလောက် နည်းလမ်းမျိုးစုံဖြင့် လက်နက်များ လိုသလောက် ရရှိနိုင်သော အခြေအနေဖြစ်သည်။ ဤအခြေအနေကို လွတ်လပ်စွာ ရယူအသုံးချတတ်ရန် လိုပေသည်။ ရှိပြီးသား လက်နက်များကိုလည်းကောင်း၊ ဝယ်ယူရရှိနိုင်သော လက်နက်များကိုလည်းကောင်း၊ လုပ်ရိုးလုပ်စဉ်နည်းဖြင့် ရယူခြင်း၊ အသုံးချခြင်း စသော ခေါက်ရိုးကျိုးနေသည့် အတွေးအခေါ်များဖြင့် အသုံးမချမိရန်သာ အရေးကြီးပေသည်။ ယင်းသို့ ခေါက်ရိုးကျိုးနေသော အစဉ်အလာ အတွေးအခေါ် အလေ့အထများအား ဖျောက်ပစ်ရန်သာ အရေးကြီးပေသည်။

ခေတ်သစ်စစ်ကို ခေတ်မီလက်နက်များဖြင့်သာ တိုက်ခိုက်နိုင်မည်ဟု လွဲမှားစွာ ယူဆမိပါက အောင်မြင်မည် မဟုတ်ချေ။ ကျွန်ုပ်တို့ ယနေ့ ရင်ဆိုင်နေရသော အခြေအနေမှာ ယမ်းမှုန့်အခြေခံသော လက်နက်များမှ သတင်းနည်းပညာ အခြေခံသော လက်နက်များသို့ အလှမ်းကျယ်သော ခြေလှမ်းကြီးတစ်ရပ် လှမ်းနေရသည့်ကာလ ဖြစ်သည်။ ယင်းသို့ လက်နက်များ ပြောင်းလဲရသည့်ကာလမှာ အတန်ကြာပေဦးမည်။ မည်မျှကြာမည်ကို အတပ်မပြောနိုင်ချေ။ သို့အတွက် မိမိရှိသည့် လက်နက်ဖြင့် သင့်လျော်ရာစစ်ပွဲမျိုး တိုက်ခိုက်သည့်နည်းလမ်း၊ တစ်နည်းအားဖြင့် လက်နက်နှင့် စစ်ပွဲ လိုက်လျောညီ အသုံးချသည့် နည်းလမ်းသည်သာ



မဖွံ့ဖြိုးသေးသော နိုင်ငံအများစု၏ အားထားရာ ဖြစ်ပေသည်။ အမေရိကန်ပြည်ထောင်စုသည်ပင် ဤနည်းလမ်းကို လက်တွေ့ကျင့်သုံးနေရကြောင်း တွေ့ရပေသည်။

မိမိအတွက် အခြေအနေမပေးသော၊ အခွင့်မသာသော အခြေအနေမျိုးတွင် အပူတပြင်း တီထွင်ကြံစည်ဖန်တီး၍ ရင်ဆိုင်ခြင်းသည် အချိန်ကာလတစ်ခုအတွက်သာ အောင်မြင်နိုင်ပေသည်။ ရာသက်ပန် အောင်မြင်စွာ ဖြေရှင်းနိုင်သော နည်းလမ်းမဟုတ်ချေ။ ယနေ့သိပ္ပံပညာသည် "ရှာဖွေတွေ့ရှိခြင်း" (Discovery) အဆင့်မှ "တီထွင်ဖန်တီးခြင်း" (Invention) အဆင့်သို့ ရောက်လာပြီဖြစ်၏။ သို့အတွက် အမေရိကန်တို့က "စစ်နှင့်သင့်တော်မည့် လက်နက်ကို လုပ်မလား" ဟူသော အယူအဆကို အဆိုပြုလိုက်သောအခါ လက်နက်နှင့် စစ်နည်းဗျူဟာတို့၏ ဆက်သွယ်မှုသမိုင်းတွင် မကြုံဘူးသော တော်လှန်ပြောင်းလဲမှုကြီးတစ်ရပ် ပေါ်ပေါက်လာရတော့သည်။ ဤအယူအဆအရ မိမိတိုက်ပွဲဝင်မည့် ပုံစံ (Model) ကို ပုံဖော်သည်။ ယင်းနောက် လိုအပ်သော လက်နက်နှင့် စစ်နည်းဗျူဟာကို တီထွင်သည်။ ဤနည်းဖြင့်ပင် "လေ–ကြည်း တိုက်ပွဲ သဘောတရား" (Air-Land Battle) ပေါ်ပေါက်လာရသည်။ ၎င်းသဘောတရားက "ဒီဂျစ်တယ် စစ်မြေပြင်" (Digitized Battle Field) နှင့် "ဒီဂျစ်တယ်တပ်ဖွဲ့" (Digital Units) များကို ဆက်လက်ဖော်ထုတ်ခဲ့သည်။ ဤသည်ကို ကြည့်လျှင် သမိုင်းအစဉ်အလာဖြစ်သော လက်နက်ဆန်းပေါ်ပြီးမှ လိုက်လျောညီထွေရှိသည့် စစ်နည်းဗျူဟာ ဖော်ထုတ်ရသည့် အစဉ်အလာ ပျက်သုဉ်းကာ စစ်နည်းဗျူဟာကို အရင်ဖော်ထုတ်ပြီးမှ လိုအပ်သည့် လက်နက်များ ဖော်ထုတ်သည့် ခေတ်သို့

ရောက်လာသည်။ သို့တည်းမဟုတ် လက်နက်နှင့် စစ်နည်းဗျူဟာ အပြန်အလှန် အမှီသဟဲပြုခြင်း ပိုမိုသိသာထင်ရှားလာသည်ဟု ဆိုနိုင်၏။

တစ်ချိန်တည်းမှာပင် လက်နက်များ၏ သဘောသဘာဝ လည်း ပြောင်းလဲလာ၏။ ယခင်က လက်နက်များကို ပို၍ စွမ်းပကားထက်သည်ထက် ထက်အောင်၊ ကောင်းသည်ထက် ကောင်းအောင်သာ ရည်ရွယ်တီထွင်ထုတ်လုပ်ခဲ့ကြ၏။ ယနေ့ အယူအဆမှာမူ လက်နက်တစ်ခုသည် ကောင်းရုံမက အခြား လက်နက်စနစ်များနှင့် ဆက်စပ်အသုံးပြုနိုင်စွမ်း ပိုမိုကောင်းမွန် အောင် ဦးတည်လာကြသည်။ ဥပမာ– အမေရိကန်လေတပ်၏ အက်ဖ်–၁၁၁ တိုက်လေယာဉ်မှာ ခေတ်ရှေ့ပြေးလွန်းသော်လည်း အခြားလက်နက်များနှင့် ဆပ်စပ်အသုံးပြုနိုင်ခြင်းမရှိ၍ ချောင်ထိုး လိုက်ရသော သာဓကဖြစ်သည်။ ဤသင်ခန်းစာကို ယနေ့ ကောင်းစွာ ရယူအသုံးချကာ ရန်သူကို သတ်ရုံသာ သတ်နိုင်သည့် လက်နက် (Killer Weapons)နှင့် နည်းပညာများအစား ပေါင်းစပ် အသုံးပြုနိုင်သည့် လက်နက်များကို ပိုမိုဦးစားပေးလာကြသည်။

"စစ်နှင့်သင့်တော်မည့် လက်နက်ကို လုပ်မလား" ဟူသော အယူအဆသည် လှုပ်ရှားတက်ကြွသော အယူအဆတစ်ရပ်ဖြစ်၏။ စစ်အတွက် ပြင်ဆင်ခြင်း သမိုင်းတွင် ကြီးမားသော အထင်ကရ မှတ်တိုင်တစ်ခုဖြစ်၏။ အစဉ်အမြဲပြောင်းလဲနေသော အခြေအနေ အားလုံးကို ငုံမိစေမည့် အခြေခံမူတစ်ရပ်ဖြစ်၏။ ခေတ်သစ်စစ် အယူအဆအတွက်လည်း လွန်စွာ အခြေအတင် ဖြစ်စေမည့် အယူအဆဖြစ်ပြန်သည်။ ခိုင်လုံမှုမရှိသေး၊ အသားမကျသေးသည့် စစ်နည်းဗျူဟာတစ်ရပ်အတွက် လက်နက်များ လိုက်လံထုတ်လုပ်



ပေးခြင်းသည် တက်ရောက်မည့်သူ မည်သူမည်ဝါမှန်း မသိသော ညစာစားပွဲကြီးတစ်ခုအတွက် အစားအသောက်များ ကြိုတင် ပြင်ဆင်ခြင်းနှင့် တူသည်ဟု ဆို၏။ ကျွေးမွေးမည့် အစီအစဉ် တစ်ချက် လွဲချော်သည်နှင့် ညစာစားပွဲ ပျက်သွားနိုင်သည့် အခြေအနေမျိုးဟု ဆိုသည်။

ဆိုမာလီယာတွင် ဗိုလ်ချုပ်အိုင်ဒစ်၏ ပြောက်ကျားစစ်သား များ လက်ဝယ်၌ နစ်နစ်နာနာ ပေးဆပ်လိုက်ရသော အမေရိကန် စစ်သားများ၏ ဖြစ်စဉ်ကို ကြည့်ပါက ကမ္ဘာပေါ်တွင် အင်အား အကြီးမားဆုံးဟုဆိုသော အမေရိကန်ပြည်ထောင်စုသည်ပင်လျှင် သမားရိုးကျမဟုတ်သော နည်းဖြင့် တိုက်ပွဲဝင်သည့် ရန်သူကို ရင်မဆိုင်နိုင်ကြောင်း၊ မိမိလူထု၏ ဆန္ဒသဘောထားကိုလည်း မထိန်းချုပ်နိုင်ကြောင်း ထင်ရှားပေသည်။ သို့အတွက် အနာဂတ် စစ်မြေပြင်၌ ဒီဂျစ်တယ်တပ်ဖွဲ့များ၏ အခြေအနေမှာ သူဌေး စာသာ ချက်တတ်ပြီး ဆင်းရဲသားစာ မချက်တတ်သည့် အိုးသူကြီး နှင့် တူနေမည်ဆို၏။ ထိုအခါမျိုးတွင် သက်ပြင်းချရုံက လွဲ၍ ဘာမျှတတ်နိုင်မည်မဟုတ်ဟု ဆိုသည်။

လက်နက်များ၊ လက်နက်ကိုင်တပ်များ၏ "မျိုးဆက် ကွာခြားမှု" (Generation Gap) သည်လည်း ယနေ့စစ်ပွဲများကို လွှမ်းမိုးနေသော အချက်ဖြစ်သည်။ မျိုးဆက်ကွာခြားမှု နီးစပ် သည်နှင့်အမျှ မျိုးဆက်သစ်ကို ပိုင်ဆိုင်သောဘက်က အနိုင်ရရန် ပိုသေချာ၏။ အလားတူ မျိုးဆက်ကွာခြားသည်နှင့်အမျှ တစ်ဖက် နှင့်တစ်ဖက် ချေမှုန်းရန် မစွမ်းသာတော့သည့် သူမနိုင် ကိုယ်မနိုင် အခြေအနေရောက်ရန် ပိုမိုသေချာသည် ဆို၏။ သမိုင်းတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများကို ကြည့်ပါက အဆင့်မြင့်နည်းပညာ

ပိုင်ဆိုင်သော တပ်များသည် အဆင့်နိမ့်နည်းပညာ အသုံးချ၍ သမားရိုးကျမဟုတ်သော စစ်ဆင်နွှဲသည့် တပ်ဖွဲ့များအပေါ် အနိုင်ရရန် ခဲယဉ်းကြောင်း တွေ့ရပါသည်။ ဤအချက်မှာ နှိက်နှိက်ချွတ်ချွတ် လေ့လာသင့်သော အချက်တစ်ချက် ဖြစ်ပေသည်။

## အယူအဆသစ်အရ ထုတ်လုပ်သော လက်နက်နှင့် လက်နက်ဆိုင်ရာ အယူအဆသစ် (Weapons of New Concept and New Concept of Weapons)

အယူအဆသစ်အရ ထုတ်လုပ်ထားသော လက်နက်များနှင့် နှိုင်းယှဉ်ပါက ကျွန်ုပ်တို့ သိရှိနားလည်ကျွမ်းကျင်သည့် လက်နက်အားလုံးကို "အယူအဆဟောင်းလက်နက်" များဟု ခေါ်ဆိုရပေတော့မည်။ ယင်းတို့အား ဟောင်းနွမ်းသည်ဟု ဆိုရခြင်းမှာ ယင်းလက်နက်များ၏ အခြေခံအားသာချက်မှာ ရွေ့ပြောင်းလွယ်မှု (Mobility) နှင့် အဖျက်စွမ်းအား (Lethal Power) နှစ်မျိုးကြောင့် ဖြစ်၏။ ခေတ်မီလှပါသည်ဆိုသော တိကျစွာ ပစ်လွှတ်နိုင်သည့် ပဲ့ထိန်းဗုံးနှင့် အခြားသော အဆင့်မြင့်နည်းပညာလက်နက်များကို တကယ်တမ်း လေ့လာကြည့်ပါက လက်နက်တည်ဆောက်ထားပုံ စွမ်းပကားကောင်းခြင်းနှင့် အသိဉာဏ်တုရှိခြင်းသာ ဖြစ်ကြောင်း တွေ့ရပေမည်။ ယင်းတို့အား အစဉ်အလာလက်နက်များ စာရင်းမှ မပယ်ဖျက်နိုင်ခြင်းမှာ ၎င်းတို့အား စစ်သားများကပင် ထိန်းသိမ်းချုပ်ကိုင်ပစ်လွှတ်နေခြင်းဖြစ်ပြီး ၎င်းတို့၏ အသုံးဝင်မှုမှာလည်း စစ်မြေပြင်၌သာ ဖြစ်သည်။ သို့အတွက် သမားရိုးကျ စဉ်းစားတွေးခေါ်၍ တည်ဆောက်ခဲ့သော ဤလက်နက်များမှာ ခေတ်သစ်



နှင့် အနာဂတ်စစ်ပွဲများအတွက် အံမဝင်တော့ဘဲ နေဝင်ချိန်ရောက်နေပြီဟု ဆိုခြင်းဖြစ်သည်။ သမားရိုးကျလက်နက်များအား ထူးဆန်းသည့် စွမ်းပကားများ ရရှိလာအောင် တည်ဆောက်လိုသူများသည် မဆုံးနိုင်သည့် "နည်းပညာထောင်ချောက်" (Technology Trap) တည်းဟူသော ပြန်မထွက်နိုင်သည့် ချောက်အတွင်း သက်ဆင်းသွားကာ မဆုံးနိုင်တော့သည့် လက်နက်ပြိုင်ပွဲများ ဖြစ်ပေါ်လာစေပြီး သဲထဲရေသွန် ဘဏ္ဍာငွေအမြောက်အမြားလည်း ကုန်ကျစေမည် ဆို၏။

ဤသည်ကား သမားရိုးကျလက်နက် တိုးတက်ထုတ်လုပ်လိုသူတိုင်း သတိချပ်ရမည့်အချက် ဖြစ်ပေသည်။

မိမိလက်နက်များ အမြဲတမ်းအသာစီးရနေရန်မှာ မြောက်မြားလှစွာသော တီထွင်ထုတ်လုပ်မှု စရိတ်များ အကုန်အကျခံရန် အသင့်ရှိရပေမည်။ လက်တွေ့တွင်မူ မည်သူမျှ မိမိလက်နက်အမြဲတမ်း အသာစီးရစေရန်အတွက် ဘဏ္ဍာငွေအမြောက်အမြား ကုန်ကျခံနိုင်ခြင်း မရှိပေ။

**အဆုံးနိဂုံးမှာမူ မိမိနိုင်ငံ ကာကွယ်ရန်အတွက် ဟူ၍ ညည်းရှယ်ထုတ်လုပ်လိုက်သော လက်နက်ကိုယ်တိုင်က မိမိနိုင်ငံ ချွတ်ခြုံကျစေမည့် တရားခံစင်စစ် ဖြစ်သွားတတ်ပေသည်။**

အထင်ရှားဆုံး သာဓကမှာ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲရခြင်းဖြစ်သည်။ ဆိုဗီယက် စစ်ဦးစီးချုပ်ဟောင်း မာရှယ်အိုကာဂေါ့ဗ်သည် နျူကလီးယားခေတ်တွင် "စစ်သိပ္ပံနည်းပညာတော်လှန်ရေး"တစ်ရပ် ဆင်နွှဲရန် အဆိုပြုခဲ့၏။ ယင်းမူဝါဒကြောင့်ပင် အမေရိကန်နှင့် လက်နက်ထုတ်လုပ်မှု ယှဉ်ပြိုင်ရင်းမှ စီးပွားရေးချွတ်ခြုံကျကာ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားရသည်။

ယနေ့ အမေရိကန်တို့သည်လည်း ရန်သူတော်ဟောင်း ဆိုဗီယက်တို့၏ ခြေရာကို လိုက်နင်းနေကြောင်း တွေ့မြင်နေရသည်။ စက်မှုနည်းပညာ တိုးတက်လာသည်နှင့်အမျှ အမေရိကန်တို့သည် လက်နက်သုတေသနလုပ်ငန်းများတွင် ပို၍ပို၍ ရင်းနှီးမြှုပ်နှံနေကြောင်းနှင့် လက်နက်များ၏တန်ဖိုးသည်လည်း မကြုံဘူးအောင် တန်ဖိုးကြီးမားလာကြောင်း တွေ့မြင်နေရသည်။ ၁၉၆၀–၇၀ ပြည့်နှစ်များက အက်ဖ်–၁၄ နှင့် အက်ဖ်–၁၅ တိုက်လေယာဉ်များအား သုတေသနပြု ထုတ်လုပ်မှုစရိတ်မှာ တစ်ဘီလီယံဒေါ်လာသာ ရှိသော်လည်း ၁၉၈၀ ပြည့်နှစ်များအတွင်း ဘီ–၂ ဗုံးကြဲလေယာဉ် သုတေသနပြုစရိတ်မှာ ဒေါ်လာ ၁၀ ဘီလီယံကျော် ကုန်ကျခဲ့သည်။ အက်ဖ်–၂၂ တိုက်လေယာဉ်၏ သုတေသနစရိတ်မှာ ဒေါ်လာ ၁၃ ဘီလီယံ ကုန်ကျခဲ့သည်။ အလေးချိန်နှင့် ယှဉ်လျှင်ပင် တစ်စင်းလျှင် ဒေါ်လာ ၁၃ ဘီလီယံနှင့် ၁၅ ဘီလီယံအထိ ကုန်ကျသော ဘီ–၂ ဗုံးကြဲလေယာဉ်၏တန်ဖိုးမှာ အလေးချိန်တူ ရွှေထက် ၃ ဆ ပို၍ ဈေးကြီးသည် ဆို၏။ အမေရိကန်တို့၏ နာမည်ကျော် လက်နက်စနစ်များဖြစ်သော အက်ဖ်–၁၁၇ အေ တိုက်လေယာဉ်၊ အက်ဖ်–၂၂ တိုက်လေယာဉ်နှင့် Commanche တိုက်ခိုက်ရေးရဟတ်ယာဉ်တို့သည် တစ်စင်းလျှင် ဒေါ်လာ သန်း ၁၀၀ ကျော် ကုန်ကျသည်။ ယင်းလက်နက်စနစ်များအား ပို၍ အစွမ်းထက်သည်ထက် ထက်အောင် တိုးတက်သုတေသနပြုရင်းမှ အမေရိကန် ပြည်ထောင်စုသည် "စက်မှုနည်းပညာထောင်ချောက်"အတွင်းသို့ သက်ဆင်းလျက် ရှိသည်ဟု ဆို၏။ အမေရိကန်ပြည်ထောင်စုအနေဖြင့် ဘဏ္ဍာငွေကြွယ်ဝချမ်းသာသဖြင့် ဤလမ်းကြောင်းကို လျှောက်လှမ်းနိုင်စွမ်းရှိသော်လည်း



ယင်းလောက် ဓနအင်အား မကြွယ်ဝသည့် အခြားနိုင်ငံများအတွက်မူ ဤလမ်းစဉ်ကို ကျင့်သုံးရန်မှာ ရေရှည်တွင် ဖြစ်နိုင်မည်မဟုတ်ချေ။ သို့အတွက် အခြားနည်းလမ်းတစ်ရပ်ရပ်ကို ရှာဖွေစဉ်းစားဖော်ထုတ်ရတော့မည် ဖြစ်သည်။

ယင်းသို့ဖြင့် "အယူအဆသစ်အရ ထုတ်လုပ်ထားသောလက်နက်"များ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာကြသည်။ သို့ရာတွင် ဤကဏ္ဍ၌လည်း အမေရိကန်တို့ပင် ဦးဆောင်နေသည်ကို တွေ့ရပြန်၏။ ဗီယက်နမ်စစ်အတွင်း ဗီယက်ကောင်းတို့အား စစ်လက်နက်ထောက်ပံ့သည့် "ဟိုချီမင်းလမ်းကြောင်း"အား ဖျက်ဆီးရန်အတွက် Silver Iodide မှုန့်များ ကြဲကာ မိုးတုရွာစေခြင်း၊ အပင်သတ်ဆေးများကြဲကာ တောများ ပြုန်းစေခြင်းတို့ကြောင့် "မကောင်းဆိုးဝါးအမေရိကန်များ"ဟု စွပ်စွဲခံခဲ့ရသော အမေရိကန်တို့မှာ စင်စစ်အားဖြင့် ဤ "အယူအဆသစ်အရ ထုတ်လုပ်ထားသော လက်နက်" ကဏ္ဍ၌လည်း အများထက် ရှေ့ပြေးနေပေ၏။ နှစ်ပေါင်း ၃၀ ကြာမြင့်လာသည့်တိုင် ဤကဏ္ဍ၌ အမေရိကန်ကို ညည်သူမျှ မယှဉ်နိုင်သေးပေ။

သို့ရာတွင် ကဏ္ဍအသီးသီး၌ အမေရိကန်တို့က ဦးဆောင်နိုင်ခြင်း မရှိပါ။ **"လက်နက်ဆိုင်ရာ အယူအဆသစ်" အရ လက်နက်သစ်တစ်ခုပေါ်ပေါက်ရန် နည်းပညာသစ် လိုအပ်ခြင်း မရှိပါ။ စဉ်းစားတီထွင်ကြံဆမှုသာ လိုအပ်သည်ဆို၏။** အမေရိကန်တို့မှာ စဉ်းစားတွေးခေါ်ရာ၌ "နည်းပညာ၏ကျေးကျွန်"များသဖွယ် နည်းပညာကိုသာ အားထားစဉ်းစားတတ်သည့် အားနည်းချက်ရှိကြသည်။ သို့အတွက် ရှိပြီးသား နည်းပညာကို တီထွင်ကြံဆ

ဖန်တီးနိုင်စွမ်းမရှိဟု ဆိုသည်။ အမေရိကန်တို့သည် လက်ဝယ်ရှိ နည်းပညာက လက်လှမ်းမမီတော့သော နေရာတွင် ယင်းတို့၏ စဉ်းစားတွေးခေါ်မှုကို အဆုံးသတ်လေ့ ရှိသည်ဆို၏။

လူလုပ် ငလျင်များ၊ လူလုပ် မုန်တိုင်း၊ ရာသီဥတုဘေးဒဏ်၊ အသံအောက်လှိုင်း၊ ဇီဝနှင့် ဓာတုလက်နက်သစ်များ စသည်တို့ အားလုံးသည် "အယူအဆသစ်အရ ထုတ်လုပ်ထားသောလက်နက်" အရ ဖန်တီးထုတ်လုပ်ထားသော လက်နက်များဖြစ်သည့်အပြင် သမားရိုးကျ လက်နက်များနှင့် နှိုင်းယှဉ်ပါက ကြောက်မက်ဖွယ် ကောင်းသော အဖျက်စွမ်းအားရှိကြောင်း တွေ့ရပါသည်။ သို့ရာတွင် ၎င်းလက်နက်များ၏ ရည်ရွယ်ချက်မှာ လူသတ်ရန်၊ ဖျက်ဆီးရန် ဖြစ်ပြီး စစ်ရေးနှင့်လည်း သက်ဆိုင်မှုရှိကာ (စစ်သုံးလက်နက်များ ဖြစ်ကာ) စစ်သားများကပင် ကိုင်တွယ်အသုံးချကြမည့် စစ်သုံး လက်နက်များအဖြစ် ဆက်လက်တည်ရှိဆဲ ဖြစ်သည်။ တစ်နည်း အားဖြင့်ဆိုလျှင် ဖွဲ့စည်းတည်ဆောက်မှု ပြောင်းလဲထားသော သမားရိုးကျလက်နက်များအဖြစ်ပင် ယူဆနိုင်သေး၏။

"လက်နက်ဆိုင်ရာ အယူအဆသစ်"မှာ တစ်မူထူးခြား၏။ ယင်းအယူအဆအရဆိုလျှင် လက်နက်အဖြစ် အသုံးမချနိုင်သော အရာဟူသမျှ မရှိဖြစ်၏။ လူသားတို့ကို အကျိုးပြုနေသော ပစ္စည်း ကိရိယာအားလုံးကို လူသားတို့အား အန္တရာယ်ပြုရန်အတွက် လက်နက်အဖြစ် အသုံးချနိုင်ရမည်ဖြစ်၏။ သို့အတွက် "လက်နက်" ဟူသော ဝေါဟာရအပေါ် ကျွန်ုပ်တို့၏ နားလည်သဘောပေါက် မှုကို ပြန်လည်ဆင်ခြင်ရန် လို၏။ "လက်နက်"ဟု ဆိုလိုက် သည်နှင့် မည်သည့်နယ်ပယ်၊ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေသကိုမှ လိုက်နာခြင်း၊ ကန့်သတ်ထားခြင်းမရှိဘဲ ယင်းတို့ကို ကျော်လွန်



ဆောက်ထွင်း၍ အရာရာကို "လက်နက်"အဖြစ် ရှုမြင်နိုင်ရမည် ဖြစ်၏။

ယင်းအယူအဆအရဆိုလျှင် လူတစ်ဦးတည်း၏ လက်ချက် ကြောင့် စတော့ရှယ်ယာဈေးကွက် ပြိုလဲသွားခြင်း၊ ကွန်ပျူတာ ဗိုင်းရပ်စ်တစ်မျိုးတည်း၏ တိုက်ခိုက်မှုကြောင့် ကွန်ပျူတာစနစ် ဆေါင်းများစွာ ပျက်စီးရခြင်း၊ ကောလာဟလ၊ အတင်းအဖျင်း သတင်း၊ သို့မဟုတ် ပြဿနာတစ်ခုခုကြောင့် ရန်သူနိုင်ငံ၏ ငွေလဲလှယ်နှုန်း ထိခိုက်သွားခြင်း၊ အင်တာနက်ပေါ်တွင် ရန်သူ နိုင်ငံ ခေါင်းဆောင်၏ မကောင်းသတင်း အပုပ်နံ့ကို တင်ပေး လိုက်ခြင်း စသည်တို့အားလုံးမှာ ဤ"လက်နက်ဆိုင်ရာ အယူအဆ သစ်" ပင် ဖြစ်၏။ ဤအယူအဆအရဆိုလျှင် လက်နက်သစ် လက်နက်ဆန်းများ ဖော်ထုတ်နိုင်ရန် စက်မှုနည်းပညာသစ် မလို အပ်ချေ။ စဉ်းစားတွေးခေါ်ယူဆမှု ပြောင်းရန်သာ လိုသည်။

ဤ "လက်နက်ဆိုင်ရာ အယူအဆသစ်" အရ ရှင်းလင်းစွာ သဘောပေါက်ရမည့် အချက်နှစ်ချက် ရှိသည်။ ပထမတစ်ချက်မှာ ဤအယူအဆအရ ပေါ်ပေါက်လာမည့် လက်နက်များကြောင့် အနာဂတ်စစ်ပွဲများသည် သာမန်လူများ၊ စစ်သားများ မကြံစည် မစဉ်းစားဝံ့လောက်သည့် အတိုင်းအတာအထိ ကြီးမားပြင်းထန် သည် ဆိုခြင်းဖြစ်၏။ ဒုတိယ အချက်မှာ ဤအယူအဆအရ လူသာမန်များ၊ စစ်သားများအနေဖြင့် မိမိတို့ နိစ္စဓူဝ ထိတွေ့ ကိုင်တွယ် အသုံးချနေသော သာမန်ပစ္စည်းကိရိယာအားလုံး "လက်နက်"အဖြစ် အသုံးပြုနိုင်မည်ကို အံ့ဩဖွယ်ရာ တွေ့ကြ ရမည်ဆို၏။ တစ်နေ့တွင် လူသားတို့သည် အိပ်ရာမှ နိုးကာ ဘာမျှအရေးမကြီးလောက်ဟု ထင်ရသည့် ယဉ်ကျေးသိမ်မွေ့သော၊

သနားကြင်နာသော အပြုအမူလုပ်ရပ်များမှာ ကေန်စင်စစ် လွန်စွာ ကြောက်မက်ဖွယ်ကောင်းပြီး အဖျက်စွမ်းအားကြီးကာ ထိုးစစ် အပြုအမူရှိသည့် လက်နက်များအဖြစ် ရောက်ရှိသွားသည်ကို အံ့သြဖွယ် တွေ့လာကြရမည် ဆို၏။

## ကြင်နာမှုလက်နက် အယူအဆ (The Trend to Kinder Weapons)

နျူကလီးယားဗုံးမပေါ်ပေါက်မီ ကာလက အစဉ်အဆက် ပေါ်ပေါက်လာသော လက်နက်တိုင်းတွင် တစ်ခုခု "လို"နေကြောင်း တွေ့ရမည်။ သို့အတွက် လက်နက်များ၏ ပစ်အား၊ သို့မဟုတ် အဖျက်စွမ်းအား ကြီးမားသည်ထက် ကြီးမားအောင် ကြိုးစား ကြိုးစားခဲ့ကြ၏။ သို့ဖြင့် တစ်ချက်ပစ်လက်နက်များမှ မောင်းပြန် လက်နက်များအထိ တီထွင်နိုင်ခဲ့၏။ လက်နက်သမိုင်းကို ကြည့် လျှင် ကောင်းသည်ထက် ကောင်းအောင် ပြုလုပ်သည်ဆိုရာ၌ အဖျက်စွမ်းအားကြီးသည်ထက် ကြီးအောင် ပြုလုပ်ခြင်းသာဖြစ်၏။ ပစ်အား သို့မဟုတ် အဖျက်စွမ်းအား မလုံလောက်ခြင်းသည် သမိုင်းတစ်လျှောက်၌ စစ်သားတိုင်း၏ လိုအပ်ချက်ဖြစ်ခဲ့သည်။ အမေရိကန်နိုင်ငံ၊ နယူးမက္ကဆီကို သဲကန္တာရအတွင်း ပွင့်ခဲ့သော အနီရောင် နျူကလီးယားမှိုပွင့်ကြီးက ယင်းလိုအပ်ချက်ကို အပြီး အပိုင် ဖယ်ရှားလိုက်၏။ နျူကလီးယားလက်နက်၏ အစွမ်းကြောင့် ယနေ့ စစ်သားများသည် ယခင်ထက် အဆပေါင်း ရာ၊ ထောင် ချီ၍ ဖျက်ဆီးနိုင်စွမ်း ရှိလာသည်။ နျူကလီးယားလက်နက်က လူသားတို့အား လိုအပ်သည်ထက် များစွာ ပိုလျှံသော အဖျက်



စွမ်းအားကို ပေးစွမ်းခဲ့၏။ သို့အတွက် သမိုင်းတွင် စစ်သားများ အတွက် ပထမဆုံးအကြိမ် "အလွန်အကျွံ ပျက်စီးမှု မရှိရန်" ဟူသော အချက်ကို စတင်စဉ်းစားရန် အကြောင်းဖြစ်ပေါ်လာ သည်။

ဒဿနိကဆိုင်ရာ သဘောတရားအရဆိုလျှင် မည်သည့် အကြောင်းအရာမဆို အဆုံးစွန်မှတ် ရောက်ရှိသွားပါက မူလ လားရာနှင့် ဆန့်ကျင်ဘက်ကို ဦးတည်လာတတ်သည်။ နျူကလီးယား လက်နက်သည်လည်း အလားတူ အကျိုးသက်ရောက်မှုများဖြစ် ပေါ်စေခဲ့၏။ လူသားတို့သည် အဖျက်စွမ်းအား ကြီးမားသော လက်နက်ရှာဖွေတီထွင်ရင်းမှ လူသားတစ်မျိုးလုံး အညွန့်တုံးစေမည့် နျူကလီးယားလက်နက်ကို တွေ့ရှိသွားကြသောအခါမှ မိမိတို့ မျိုးပြုတ်ရတော့မည့် အန္တရာယ်ကို သတိပြု စဉ်းစားမိကြသည်။

ပြန်လည်စဉ်းစားမည်ဆိုလျှင် "ဤမျှ အဖျက်စွမ်းအား ကြီးမားသော လက်နက်မျိုး အမှန်တကယ် လိုအပ်မှုရှိပါ၏လော၊ ရန်သူအား တစ်ကြိမ်တစ်ခါ သတ်ရုံမျှနှင့် မလုံလောက်ဘဲ အကြိမ် တစ်ရာအထိ သတ်ရန် လိုပါ၏လော၊ တစ်ကမ္ဘာလုံး ပျက်စီး စေနိုင်သည့် နည်းလမ်းမျိုးဖြင့် မိမိရန်သူကို အနိုင်ယူရန် လုပ်ဆောင် သင့်သလော၊ တစ်ကမ္ဘာလုံး ပျက်စီးစေနိုင်မည့် စစ်တိုက်နည်း မျိုးကို မည်သို့ရှောင်လွှဲနိုင်မည်နည်း" ဟူသော မေးခွန်းများ ပေါ်ပေါက်လာပေ၏။ သို့အတွက်လည်း "နှစ်ဦးနှစ်ဖက် သေချာ ပေါက် ပျက်စီးဆုံးရှုံးခြင်း" (MAD-Mutually Assured Destruction) ဟူသော အယူအဆပေါ်ပေါက်လာခြင်း ဖြစ်၏။ ၎င်း၏ အကျိုးရလဒ်မှာ အဖျက်စွမ်းအားကြီး လက်နက်များအား တိုးတက်ထုတ်လုပ်ခြင်းကို ထိန်းချုပ်ကန့်သတ်ရန် စဉ်းစား

တွေးခေါ်မှု၊ ညှိနှိုင်းဆွေးနွေးမှုများ ပေါ်ပေါက်လာခြင်း ဖြစ်၏။ သို့ဖြင့် လက်နက်များကို ပိုမိုအဖျက်စွမ်းအား ကြီးမားအောင် ကြိုးစည်ကြိုးစားသည့် အယူအဆမှ "အခြားနည်းလမ်း" များ ရှာဖွေရန် ပြောင်းလဲစဉ်းစားလာကြသည်။ သို့ဖြင့် ထိရောက်မှုရှိပြီး ထိန်းချုပ်နိုင်စွမ်းလည်း ရှိသော လက်နက်များ ထုတ်လုပ်ရန် စဉ်းစားတွေးခေါ်လာကြသည်။

လက်နက်ထုတ်လုပ်ရာ၌ ထိန်းချုပ်မှုရှိစေရန် အဓိက လွှမ်းမိုးသော နောက်ခံအကြောင်းတရားမှာ ကုလသမဂ္ဂအထွေထွေ ညီလာခံက ၁၉၄၈ ခုနှစ်တွင် အတည်ပြုခဲ့သော လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် နောက်ဆက်တွဲ ထွက်ပေါ်လာသော သဘောတူညီချက် ၅၀ ခန့်တို့ပင် ဖြစ်၏။ ယင်းကြေညာစာတမ်းနှင့် သဘောတူညီချက်များက လူ့အခွင့်အရေးနှင့်ပတ်သက်၍ နိုင်ငံတကာ စံချိန်စံညွှန်းများအား သတ်မှတ်ပေးခဲ့သည်။ အထူးသဖြင့် နျူကလီးယားလက်နက်များသည် လူသားတို့၏ အသက်ရှင်နေထိုင်ခွင့်ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှုကျူးလွန်ရာရောက်ကြောင်းတို့အား တရားဝင် အသိအမှတ်ပြုခဲ့သည်။ ဤသို့ လူ့အခွင့်အရေးနှင့် အခြားသော နိုင်ငံရေး အယူအဆများ၏ လွှမ်းမိုးမှုကြောင့်လည်းကောင်း၊ နိုင်ငံတကာ စီးပွားရေးကဏ္ဍ၌လည်း ပူးပေါင်းဆောင်ရွက်သော စီးပွားရေး အယူအဆသစ်များကြောင့်လည်းကောင်း၊ အခြားသော နိုင်ငံရေးနှင့် လူမှုရေး ဖိအားများကြောင့်လည်းကောင်း၊ အထူးသဖြင့် လူ့အသက်ကို တန်ဖိုးထားလာသည့် အတွေးအခေါ်သစ်များကြောင့်လည်းကောင်း၊ သတ်ဖြတ်ခြင်းနှင့် ဖျက်ဆီးခြင်းလုပ်ရပ်များအား ကမ္ဘာတစ်ဝန်းက ဆန့်ကျင်လာကြသည်။ သို့အတွက် စစ်ပွဲဆိုင်ရာ



အယူအဆသစ်နှင့် လိုက်နာရမည့် ကျင့်ဝတ်သစ်များ ပေါ်ပေါက်လာသည်။

"ကြင်နာသောလက်နက်" (Kinder Weapons) ဆိုသည်မှာ လူသားတို့၏ ယဉ်ကျေးမှုတိုးတက်လာခြင်းနှင့်အတူ ပြောင်းလဲလာသည့် လက်နက်ထုတ်လုပ်မှု အယူအဆသစ်များမှ ရောင်ပြန်ဟပ်ခြင်း တစ်မျိုးဖြစ်သည်။ စက်မှုနည်းပညာ တိုးတက်မှုများကြောင့် ရန်သူ၏ အာရုံကြော ဗဟိုချက်မကို အခြားမလိုလားအပ်သည့် ပျက်စီးဆုံးရှုံးမှုများ မရှိစေဘဲ တိုက်ရိုက် တိုက်ခိုက်နိုင်စွမ်း ရှိလာစေကာ အောင်ပွဲရရန်အတွက် နည်းလမ်းသစ်ပေါင်းမြောက်မြားစွာ ပေါ်ထွန်းလာသည်။ သို့အတွက် လူအများကပင် "အောင်ပွဲ"တစ်ခုရရှိရန်မှာ လူသတ်ရန်မလိုဘဲ "ထိန်းချုပ်"နိုင်လျှင်ပင် အောင်မြင်နိုင်သည်ဟု ပြောင်းလဲယူဆလာကြသည်။ ရန်သူအား ခြွင်းချက်မရှိ လက်နက်ချစေရန်အတွက် မီးကုန်ယမ်းကုန် တိုက်ခိုက်ဖျက်ဆီးခြင်း အယူအဆကို ခေတ်ဟောင်းအယူအဆတစ်ရပ်အဖြစ် လက်ခံလာကြသည်။ သို့ဖြင့် ယနေ့စစ်ပွဲများသည် ပထမကမ္ဘာစစ်အတွင်း နှစ်ဖက်အကျအဆုံးများခဲ့သော ဗာဒွန်တိုက်ပွဲကဲ့သို့ တစ်နေ့ တစ်နေ့ လူ(စစ်သည်)သောင်းနှင့်ချီ၍ ဖြုန်းသော စစ်ဆင်နည်းမျိုးကို ရှောင်လွှဲလာခဲ့ကြသည်။

တိကျလက်နက်များ၊ အန္တရာယ်မဲ့ (Non-Lethal) လက်နက်များ ပေါ်ပေါက်လာခြင်းသည် လက်နက်ထုတ်လုပ်ခြင်းသမိုင်းတွင် တစ်ခေတ်ပြောင်းခြင်းပင် ဖြစ်၏။ လက်နက်များသည် ပို၍စွမ်းအားကြီးမားလာရမည့်အစား ပို၍ "ကြင်နာသော" (ညှာတာသော) ဆီသို့ ဦးတည်လာသည်ဟု ဆို၏။ တိကျလက်နက်များ

သည် ပစ်မှတ်တစ်ခုအား တိတိကျကျ ထိမှန်ပျက်စီးစေသဖြင့် မလိုလားအပ်သော ဘေးပန်းပျက်စီးမှုများကို များစွာ လျော့ကျစေ၏။ သို့ဖြင့် ပစ်မှတ်အား "ရွေးချယ်တိုက်ခိုက်ခြင်း" (Surgical Strikes) စသော စစ်နည်းဗျူဟာများ ပေါ်ပေါက်လာသည်။ သို့ဖြင့် ထိတွေ့တိုက်ခိုက်ဖျက်ဆီးမှု အသေးအမွှားလေးများကြောင့်ပင် လွန်စွာကြီးကျယ်သည့် မဟာဗျူဟာမြောက် ရလဒ်များ ရရှိလာသည်။ သာဓကအားဖြင့် ချေချင်သူပုန်ခေါင်းဆောင် ဒူဒါယက်ဗ်၏ လက်ကိုင်ဖုန်းမှ ထုတ်လွှင့်နေသော ရေဒီယိုလှိုင်းကို ထောက်လှမ်းခြေရာခံပြီးနောက် ပဲ့ထိန်းဒုံးကျည်တစ်လုံးတည်းဖြင့် သုတ်သင်နိုင်ခြင်းကြောင့် ချေချင်နယ်မှ ဆူပူအုံကြွမှုတစ်ခုလုံးကို အလွယ်တကူ ရှင်းလင်းပစ်နိုင်ခဲ့ဖူးသည့်သာဓက ဖြစ်၏။

အန္တရာယ်မဲ့ (Non-Lethal) လက်နက်များသည်လည်း လူအသေအပျောက်မရှိစေဘဲ တစ်ဖက်ရန်သူ၏ လူနှင့် ပစ္စည်းကိရိယာများ၊ စွမ်းအားမဲ့ဖြစ်စေကာ ရန်သူ့တိုက်စွမ်းရည်ကို လုံးဝ ပျက်ယွင်းစေနိုင်သည်။ ဤသာဓကများကို ကြည့်ပါက လူသားတို့သည် လက်နက်ထုတ်လုပ်ရာ၌ အလွန်အကျွံစဉ်းစားတွေးခေါ်ခဲ့ခြင်းကို ပြန်လည်ထိန်းချုပ်ရန် ကြိုးစားနေသည့် ဖြစ်စဉ်ကို တွေ့ရပါသည်။ ၁၉၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲအတွင်း လေကြောင်းမှ အပြင်းအထန် ဗုံးကြဲတိုက်ခိုက်မှုများကြောင့် အီရတ်အရပ်သားများ သေကြေမှုမှာ ထောင်ဂဏန်းမျှသာ ရှိခဲ့ရာ ဒုတိယကမ္ဘာစစ်အတွင်း ဂျာမနီနိုင်ငံ၊ ဒရက်စ်ဒင်မြို့ ဗုံးကြဲစဉ်က သေကြေမှုနှုန်းထက် များစွာ လျော့နည်းခဲ့သည်။

ဤကြင်နာသော လက်နက်သစ်များကို ကြည့်ပါက လူသားတို့သည် လက်နက်များထုတ်လုပ်ရာ၌ ချေမှုန်းဖျက်ဆီးရုံသက်သက် မဟုတ်ဘဲ လူသားရေးရာကိစ္စ၊ လူသေကြေထိခိုက်မှုနည်းရန်ဟူသော အချက်တို့ကို ထည့်သွင်းစဉ်းစားလာကြောင်း တွေ့ရပေသည်။ မည်သို့ပင်ဆိုစေကာမူ ဤ "ကြင်နာသော လက်နက်" ဟူသည်လည်း လက်နက်သာလျှင် ဖြစ်၏။ ၎င်း၏ စစ်မြေပြင်အသုံးတည့်မှု၊ ထိရောက်မှုတို့ကို အလျော့ပါးခံသည် မဟုတ်ချေ။ တင့်တစ်စီး၏ တိုက်ပွဲဝင်စွမ်းအားကို ဖျက်ဆီးရန် အမြောက် သို့မဟုတ် တင့်ဖျက်ဒုံးကျည် အသုံးပြု ဖျက်ဆီးနိုင်သလို တစ်ဖက်၌လည်း လေဆာရောင်ခြည်အသုံးပြုပြီး တင့်၏ အမြင်ပိုင်းဆိုင်ရာ ကိရိယာပစ္စည်းများကို ဖျက်ဆီးခြင်း၊ တင့်အဖွဲ့သားများအား အမြင်စွမ်းအား မဲ့စေခြင်းတို့ကို ပြုလုပ်နိုင်လာသည်။ စစ်မြေပြင်တွင် သေဆုံးသူထက် ဒဏ်ရာရထားသူက ပို၍ အလုပ်ရှုပ်စေသော သဘောကို မြင်လာကြသည်။ လူမပါသော လေယာဉ်များ အသုံးချခြင်းဖြင့် လူလိုက်ပါ မောင်းနှင်သည့် လေယာဉ်များ၌ လူနှင့် လေယာဉ်ကို အကာအကွယ်ပေးရသည့် တန်ဖိုးကြီးမားသော ပစ္စည်းကိရိယာများ မလိုအပ်တော့ကြောင်း တွေ့လာရသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ဤကြင်နာသော လက်နက်များသည် ပို၍ ကုန်ကျမှုစရိတ်စက နည်းပါးကြောင်း ပို၍ထင်ရှားလာသည်။ တိုက်ပွဲတွင် ဒဏ်ရာရသူများကြောင့် ရန်သူ၏ တိုက်စွမ်းရည်ကျရှုံးမက ကျန်စစ်သည်များအား ကြောက်ရွံ့စေခြင်း၊ စိတ်ဓာတ်ကျဆင်းစေခြင်းများ ဖြစ်ပေါ်စေရာ အောင်ပွဲရရန် အလွန်ထိရောက်သော နည်းလမ်းဖြစ်ပေ၏။ ယနေ့ကာလတွင် ယင်းသို့ ပြုလုပ်ရန်အတွက် နည်းပညာအကူအညီကို မြောက်မြားစွာ ရရှိနိုင်သည်။ ဒဏ်ရာရသူများ၏ပုံကို ကောင်းကင်၌ လေဆာရောင်ခြည်သုံး ထိုးပြခြင်းဖြင့် တစ်ဖက်ရန်သူ့တပ်အတွင်း

ချောက်ချားစိတ်ဖြစ်ပေါ်လာအောင် လွယ်ကူစွာ ပြုလုပ်နိုင်သည်။ ဤနည်းမှာ ဘာသာရေးကိုင်းရှိုင်းသူများအပေါ် ပို၍ထိရောက်မှု ရှိသည်။ ဤလက်နက်မျိုးတည်ဆောက်ရန် အခက်အခဲ အတား အဆီးဟူ၍ မရှိပေ။ ရှိပြီးလက်နက်များ၊ ပစ္စည်းများအား စိတ်ကူး ကောင်းကောင်းဖြင့် ပြုပြင်အသုံးချရန်သာ လိုအပ်ပေသည်။

ကြင်နာသော လက်နက်များသည် လက်နက်ဆိုင်ရာ အယူအဆသစ်နှင့် ကိုက်ညီသော လက်နက်များ ဖြစ်သည်။ သတင်းဆိုင်ရာလက်နက်များ (Information Weapons) သည် ကြင်နာသော လက်နက် ဥပမာတစ်ခုဖြစ်၏။ လျှပ်စစ်သံလိုက် စွမ်းအားသုံး လက်နက်များဖြစ်စေ၊ ကွန်ပျူတာလော့ဂျစ်ဗုံးများ ဖြစ်စေ၊ ကွန်ပျူတာကွန်ရက်ဗိုင်းရပ်စ်များဖြစ်စေ၊ မီဒီယာလက်နက် များဖြစ်စေ ယင်းတို့ရည်ရွယ်ချက်မှာ တစ်ဖက်ရန်သူကို စွမ်းအား လျော့ရန်နှင့် အကြောသေသကဲ့သို့ မလှုပ်နိုင် မရှားနိုင်စေရန်သာ ဖြစ်ပြီး သေကြေပျက်စီးရန် ရည်ရွယ်ခြင်းမရှိပေ။ ဤကြင်နာသော လက်နက်များသည် နည်းပညာပေါင်းစပ်မှု ခေတ်တွင်မှ ပိုမို ထွန်းကားလာပြီး အနာဂတ်တွင်လည်း အလားအလာကောင်းသော လက်နက်များ ဖြစ်သည်။ တစ်ချိန်တည်းမှာပင် စစ်မှုဆိုင်ရာ တော်လှန်သော သဘောတရားရေးရာအရလည်း ယနေ့ကာလတွင် မမျှော်မှန်း မတွက်ဆနိုင်သေးသော စစ်ပွဲပုံစံမျိုးကို မွေးထုတ်ပေး ပေလိမ့်မည်။ စစ်သမိုင်းတွင်လည်း မကြုံဘူးသော ပြောင်းလဲမှုကြီး တစ်ခုဖြစ်ကာ ပုံစံဟောင်းစစ်ပွဲနှင့် ပုံစံသစ်စစ်ပွဲတို့ကို စည်းခြား လိုက်သည့် လက်နက်များ ဖြစ်ပေလိမ့်မည်။ အကြောင်းမှာ ၎င်းလက်နက်များသည် ၎င်းတို့၏ အမြင်အရပင် ယနေ့အထိ အသုံးပြုခဲ့၊ အသုံးပြုလျက်ရှိသော လက်နက်အားလုံးကို ခေတ်



ဆောင်းသို့ ပို့တော့မည်ဖြစ်၍တည်း။ သို့ရာတွင် ကျွန်ုပ်တို့သည် ဤလက်နက်များအပေါ် ယုံကြည်မှုလွန်ကဲပြီး အနာဂတ် ပဋိပက္ခ အားလုံး ဗီဒီယိုဂိမ်းပမာ လွယ်လွယ်နှင့် အထိအခိုက်မရှိ ပြီးဆုံး သွားမည်ဟု မျှော်မှန်းပါက မှားယွင်းပေမည်။ အကြောင်းမှာ ကွန်ပျူတာဖြင့် သဏ္ဌာန်တူဖန်တီးမှု (Computer Simulation) သည်ပင်လျှင် နိုင်ငံတစ်နိုင်ငံ၏ အခြေအနေအရပ်ရပ်ကို ပကတိ အတိုင်း ထည့်သွင်းတွက်ချက်ရမည်ဖြစ်ပြီး လက်တွေ့အခြေအနေ များကသာ အရေးအခင်းပြဿနာများကို လွှမ်းမိုးမည်ဖြစ်၏။ ကွန်ပျူတာဖြင့် သဏ္ဌာန်တူဖန်တီးမှုမှ နည်းလမ်းပေါင်း ၁၀ မျိုး သော တွက်ထုတ်ပေးနိုင်မည် ဖြစ်သော်လည်း ယင်းနည်းလမ်း များသည် လက်တွေ့ အင်အားကြီးမားသော ရန်သူကို ရင်ဆိုင် တားဆီးရန် လုံလောက်မည်မဟုတ်ချေ။

မည်သို့ပင်ဆိုစေကာမူ စစ်ပွဲသည် စစ်ပွဲသာလျှင်ဖြစ်၏။ လူတစ်ဦး၊ သို့မဟုတ် တစ်နိုင်ငံအတွက် သေရေးရှင်ရေးဖြစ်၏။ ဖျက်ဆီးခံရခြင်းနှင့် ရှင်သန်လွတ်မြောက်နိုင်ခြင်းတို့ လွန်ဆွဲ နေသော အားပြိုင်မှုလည်း ဖြစ်၏။ သို့အတွက် နောက်ဆုံးတစ်နေ့ တွင် လက်နက်အားလုံး လူအသေအပျောက်မရှိအောင် တီထွင် နိုင်လာသည်ပင် ဖြစ်စေ၊ စစ်ပွဲတစ်ပွဲ၌ လုံးဝ လူသေကြေပျက်စီးမှု မရှိသည်ဖြစ်စေ စစ်ပွဲသည် စစ်ပွဲ၏ သဘာဝအတိုင်းပင် ရှိချေ ဦးမည်။ စစ်ပွဲ၏ ကြမ်းတမ်းရက်စက်မှုများကို ရှောင်လွှဲကောင်း ရှောင်လွှဲနိုင်မည်ဖြစ်သော်လည်း စစ်ပွဲ၏ အနှစ်သာရဖြစ်သော အပြင်းအထန် တွန်းလှန်တုံ့ပြန်ခြင်း သဘောတရားကိုမူ လွန်ဆန် နိုင်ဦးမည် မဟုတ်ချေ။

## အခန်း (၂)

# စစ်ပွဲနတ်ဘုရား၏ မှုန်ဝါးဝါးမျက်နှာ

**"သမိုင်းစဉ်တစ်လျှောက်၌ စစ်ဟူသည် အမြဲပြောင်းလဲနေ၏။"**

**Andre Beaufre**

လူ့သမိုင်းစတင်စ အမဲလိုက်ခြင်းမှသည် ယနေ့ကာလ လူသားတစ်မျိုးနွယ်လုံးကို ဖျက်ဆီးနိုင်သည့် လက်နက်များ ပိုင်ဆိုင်လာသည်အထိပင် လူသားတို့သည် စစ်တည်းဟူသော အရိုင်းအစိုင်းသတ္တဝါကြီးအား လက်နက်များ တစ်မျိုးပြီးတစ်မျိုး တပ်ဆင်ပေးခဲ့ကြ၏။ အမျိုးမျိုးသော ရည်မှန်းချက်များကြောင့် စစ်သားဟူသော လူသားတို့သည် သွေးလွှမ်းသော စစ်ကို မခွဲနိုင်မခွာရက်နှင့် တမ်းတမ်းစွဲ ခုံမင်နေခဲ့ကြသည်။ သို့ဖြင့် စစ်တိုက်ခြင်းသည် စစ်သားတို့၏အလုပ်သာဖြစ်သည်ဟု ယေဘုယျအားဖြင့် လက်ခံလာခဲ့ကြသည်။



နှစ်ပေါင်း သုံး လေးထောင်မျှသော ကာလတစ်လျှောက်လုံးတွင် စစ်ပွဲတိုင်း၏ "အမာထည်"ပစ္စည်းမှာ စစ်သား၊ လက်နက်နှင့် စစ်မြေပြင်တို့ဖြစ်ခဲ့သည်။ ယင်းတို့အား "စစ်တိုက်ရခြင်း၏ ရည်ရွယ်ချက်" တည်းဟူသော "အပျော့ထည်"က အစ အဆုံး လွှမ်းမိုးထား၏။ ယနေ့ကာလမတိုင်မီအထိ ဤအချက်များအား စစ်၏ပဓာန အခြေခံအချက်များ (Elements) ဟု မစစ်ကြောခဲ့ကြပေ။ ဤအချက်များ အလွန်လျင်မြန်စွာ ပြောင်းလဲလာပြီး မည်သို့မျှချုပ်ကိုင်ရန် မစွမ်းသော ကာလရောက်သည့်အချိန်တွင်မှ ဤပြဿနာများကို လူသားတို့ သတိပြုမိကြသည်။ သို့အတွက် စစ်နတ်ဘုရား၏ မျက်နှာကို ယခင်အတိုင်း ထင်ထင်ရှားရှား မြင်နိုင်ပါဦးမည်လော။ တစ်နည်းအားဖြင့် စစ်သည် စစ်နှင့် တူပါသေး၏လော ဟူသော မေးခွန်း ထွက်ပေါ်လာပါသည်။

### မည်သည့်အတွက် စစ်တိုက်မည်နည်း၊ မည်သူ့အတွက် တိုက်ရမည်နည်း။

ရှေးဂရိတို့၏ သမိုင်းသာ တိကျမှန်ကန်မည် ဆိုပါက ထရိုဂျန်စစ်ပွဲ၏ ရည်ရွယ်ချက်မှာ လွယ်ကူရှင်းလင်းမှု ရှိသည်။ လွန်စွာချောမောလှပသည်ဆိုသော ဟယ်လင်မင်းသမီးကို သိမ်းပိုက်နိုင်ရန်ဟူ၏။ ကျွန်ုပ်တို့ ရှေးဘိုးဘေးဘီဘင်များ စစ်တိုက်ခဲ့ကြသည့် အကြောင်းတရားများကိုကြည့်လျှင် လွန်စွာ ရိုးစင်းရှင်းလင်းမှု ရှိသည်ကို တွေ့ရမည်။ မည်သည့်ရှုပ်ရှုပ်ထွေးထွေး အကြောင်းတရားမျှ မတွေ့ရချေ။ အကြောင်းမှာ ထိုရှေးခေတ်လူသားတို့၏ အတွေးသည်လည်း လွယ်ကူရှင်းလင်းမှုရှိပြီး ၎င်းတို့၏ အသိအမြင်

မှာလည်း ယနေ့ကဲ့သို့ ကျယ်ပြန့်မှု မရှိခြင်းကြောင့် ဖြစ်သည်။ ၎င်းတို့အတွက် အခြေခံလိုအပ်ချက် သို့မဟုတ် လိုအင်ဆန္ဒမှာလည်း ယနေ့ခေတ်လောက် မကြီးမားဘဲ မိမိတို့ဘဝ ရပ်တည်ရုံအတွက်သာ စဉ်းစားသည်။ လက်နက်များသည်လည်း အဖျက်စွမ်းအားဟူ၍ မကြီးမားချေ။ အခြားနည်းလမ်းများဖြင့် မရနိုင်တော့သည့် အဆုံးတွင်မှ စစ်တိုက်ကြခြင်းဖြစ်သည်။ စစ်တိုက်ရာတွင်လည်း နှောင့်နှေးတုံ့ဆိုင်းခြင်းမရှိပေ။ သို့ဖြင့် ကလော့စ်ဝစ်ဇ်၏ ကမ္ဘာကျော် အဆိုအမိန့်ဖြစ်သော "စစ်ဟူသည် နိုင်ငံရေး၏ အဆက်အနွယ်တစ်မျိုးဖြစ်သည်" ဟူသော အဆိုအမိန့်ထွက်ပေါ်လာကာ မျိုးဆက်ပေါင်းများစွာသော စစ်သားများနှင့် နိုင်ငံရေးသမားများအား ဤအဆိုအမိန့်က လွှမ်းမိုးနေခဲ့သည်။

ကျွန်ုပ်တို့၏ဘိုးဘေးများသည် လူမျိုးစုတစ်စု၊ နယ်တစ်နယ် ဘာသာပြောင်းရန် ငြင်းဆန်ရုံဖြင့်လည်းကောင်း၊ ရေနှင့် မြက်သာရှိသော စားကျက်မြေကွက်ကွက်ကလေး တစ်ခုအတွက်လည်းကောင်း စစ်တိုက်လေ့ရှိကြသည်။ အချစ်ရေးကြောင့်လည်းကောင်း၊ အရက်၊ ဟင်းခတ်အမွှေးအကြိုင်စသော ဇိမ်ခံအကြောင်းတရားများကြောင့် စစ်တိုက်ကြလိမ့်မည်မဟုတ်ပေ။ သမိုင်းတွင် အချစ်ရေးကြောင့်လည်းကောင်း၊ ဟင်းခတ်အမွှေးအကြိုင်ကြောင့်လည်းကောင်း၊ ရမ်အရက်ကြောင့်လည်းကောင်း ဖြစ်ပွားခဲ့ရသော စစ်ပွဲပေါင်းများစွာကို ဖတ်ရှုရသည့်အခါ ကျွန်ုပ်တို့ ယနေ့ခေတ်လူများအဖို့ ငိုရမှန်း၊ ရယ်ရမှန်းမသိ ဖြစ်ခဲ့ရသည်။ တရုတ်ပြည်မှ ချင်မင်းဆက်အား ဘိန်းအကြောင်းပြု၍ အင်္ဂလိပ်တို့ ဆင်နွှဲသော စစ်ပွဲလည်း ရှိခဲ့၏။ ယနေ့ခေတ် အမြင်အရဆိုလျှင် သမိုင်း



တစ်လျှောက်၌ နိုင်ငံတစ်နိုင်ငံက ဦးစီး၍ အကြီးမားဆုံးသော မူးယစ်ဆေးရောင်းဝယ်မှုပင် ဖြစ်၏။ အထက်ပါ အချက်များကို ပြန်ကြည့်လိုက်ပါက မကြာသေးမီ ကာလအထိပင် စစ်ဖြစ်ရန် တွန်းအားပေးသော အကြောင်းအရလည်းကောင်း၊ စစ်ပွဲနောက်ပိုင်း ရယူလုပ်ဆောင်သော လုပ်ဆောင်မှုများ (အကျိုးအမြတ်ထုတ်မှုများ) အရလည်းကောင်း စစ်ပွဲဟူသည် တစ်မျိုးတည်းသာ ရှိခဲ့သည်ဟု ဆိုနိုင်၏။

နောက်ပိုင်းရောက်လာသောအခါ "ဂျာမန်လူမျိုးတို့အတွက် နေစရာရှာရန်" ဟူသော ဟစ်တလာ၏ ကြွေးကြော်သံ၊ "အရှေ့အာရှသားတို့ ကြွယ်ဝချမ်းသာရေး" ဟူသော ဂျပန်၏ ကြွေးကြော်သံတို့ ပေါ်ပေါက်လာတော့သည်။ ယင်းတို့ကိုကြည့်ပါက တိုက်ခိုက်ကြသော စစ်ပွဲများ၏ အခြေခံအကြောင်းများမှာ ယခင်ကကဲ့သို့ ရိုးစင်းခြင်း၊ ရှင်းလင်းခြင်း မရှိတော့သည်ကို တွေ့ရပေမည်။ ပိုမိုကြီးမားရှုပ်ထွေးသော ရည်ရွယ်ချက်များ ရှိလာကြသည်ကို တွေ့ရပေသည်။ အဆိုပါ ကြွေးကြော်သံများ၏ အနက်အဓိပ္ပာယ်ကို ကောက်ယူလိုက်ပါက ဂျပန်နှင့် ဂျာမနီတို့ကဲ့သို့သော စက်မှုနိုင်ငံသစ်များကလည်း ကမ္ဘာပေါ်တွင် အင်ပါယာများ ထူထောင်ပိုင်ဆိုင်လိုသော အလိုဆန္ဒကို တွေ့မြင်ရပေသည်။

ယနေ့ကာလ၌ လူအများ မည်သည့်အတွက် စစ်တိုက်ရသည်ဆိုသည်ကို လွယ်လွယ်နှင့် ရှင်းပြနိုင်မည် မဟုတ်ချေ။ ယခင်ကမှ "တော်လှန်ရေး ဖြန့်ဖြူးခြင်း"၊ "ကွန်မြူနစ်ဝါဒ ပြန့်ပွားလာမှုကို တားဆီးခြင်း" ဟူသော အကြောင်းများဖြင့် စစ်ပွဲပေါင်းများစွာကို တိုက်ခဲ့ကြသည်။ စစ်အေးတိုက်ပွဲကာလ ပြီးဆုံးသွားသောအခါ ဤကြွေးကြော်သံများသည် အဓိပ္ပာယ်မဲ့

ဖြစ်ကုန်ကြ၏။ မည်သူမည်ဝါသည် ရန်သူဆိုသည်ကို တိတိကျကျ ခွဲခြားရန် ခဲယဉ်းလာ၏။ မိမိတို့ရန်သူ မည်သူနည်း၊ မိမိတို့ မိတ်ဆွေ မည်သူနည်းဟူ၍ မေးမြန်းလာရသည်အထိ ရှုပ်ထွေးလာသည်။ ယခင်က တော်လှန်ရေးနှင့် တန်ပြန်တော်လှန်ရေး ဟူသော စကားများကို လွယ်လွယ်သုံးခဲ့ကြ၏။ ယခုမူ ပိုမို ကျယ်ပြန့်ရှုပ်ထွေးလာပြီး ဘာကိုမျှ တိတိကျကျ ခွဲခြားဖော်ပြ နိုင်စွမ်းမရှိ ဖြစ်လာတော့၏။ ယမန်နေ့က မိမိနှင့် ပြိုင်ဘက် ဖြစ်ခဲ့သော နိုင်ငံသည် ယနေ့ မိမိ၏ လုပ်ဖော်ကိုင်ဖက်ဖြစ်လာပြီး တစ်ချိန်က မဟာမိတ်ဖြစ်ခဲ့သော နိုင်ငံသည် နောက်တစ်နေ့ စစ်မြေပြင်၌ မိမိနှင့် ရင်ဆိုင်ရမည့်ရန်သူ ဖြစ်လာသည်။ ဥပမာ– အီရတ်ကို ကြည့်နိုင်၏။ တစ်ချိန်က အမေရိကန်၏ကိုယ်စား အီရန်ကို ပြင်းပြင်းထန်ထန်တိုက်ခဲ့သော အီရတ်သည် မကြာမီပင် အမေရိကန်၏ ပြင်းပြင်းထန်ထန် တိုက်ခိုက်မှုခံရသော နိုင်ငံ ဖြစ်သွားခဲ့၏။ စီအိုင်အေက လေ့ကျင့်မွေးမြူထားသော အာဖဂန် ပြောက်ကျားတစ်ဦးသည် မကြာမီပင် အမေရိကန်က ခရုဇ်ဒုံး ကျည်ဖြင့် တိုက်ခိုက်ခံရသူဖြစ်လာသည်။ အလားတူပင် နေတိုး အဖွဲ့ဝင်ဖြစ်ကြသော ဂရိနှင့် တူရကီတို့သည် ဆိုက်ပရပ်စ် အရေးအခင်းကို အကြောင်းပြု၍ မကြာခဏပင် စစ်ဖြစ်လုဖြစ်ခင် အခြေအနေရောက်ခဲ့ကြသည်။ မဟာမိတ်စာချုပ် ချုပ်ထားသော ဂျပန်နှင့်ကိုရီးယားတို့သည်ပင် ကျွန်းငယ်လေးတစ်ခုကို အကြောင်း ပြု၍ မဟာမိတ်စာချုပ် ပျက်လုမတတ် အချင်းများခဲ့ကြသည်။ ဤသာဓကများကို ကြည့်ပါက "မိတ်ဆွေဟူသည် အမြဲမရှိ၊ ကိုယ်ကျိုးစီးပွားသာလျှင် အမြဲရှိသည်" (All friendship is in flux; self-interest is only constant) ဟူသော အဆိုမှန်ကန်



ကြောင်း တွေ့ရမည်ဖြစ်၏။ ထို့ကြောင့် စစ်ကို နောက်ကွယ်မှ ကိုင်တွယ် မောင်းနှင်နေသည်မှာ ကိုယ်ကျိုးစီးပွားပင် ဖြစ်ပေ သည်။

အံ့ချီးဖွယ် သိပ္ပံဆိုင်ရာ တိုးတက်မှုများကြောင့် ကမ္ဘာ တစ်ဝန်း ဆက်စပ်ယှက်နွှယ်ပြောင်းလဲမှု (Globalization) ပေါ် ပေါက်လာရသည်။ တစ်ချိန်တည်းမှာပင် Globalization ကြောင့် မူလက လက်ခံထားသည့် တစ်ကိုယ်ရေအကျိုးစီးပွားများ မှေးမှိန် လာကာ အခြားအကျိုးစီးပွားသစ်များ ပေါ်ထွန်းလာသည်။ စစ်ပွဲ စတင်ဖြစ်ပွားရသည့် အကြောင်းအရင်းများမှာလည်း နယ်မြေ ပိုင်ဆိုင်မှုနှင့် သဘာဝ သယံဇာတများ အငြင်းအခုံဖြစ်ပွားမှု၊ ဘာသာရေးအငြင်းပွားမှု၊ လူမျိုးရေးမုန်းတီးမှု၊ ဝါဒရေးရာ သဘော ထား ကွဲလွဲမှု၊ ဈေးကွက်ခွဲတမ်း အငြင်းပွားမှု၊ အာဏာဖြန့်ခွဲမှု အပေါ် မကျေနပ်မှု၊ ကုန်သွယ်ရေး ပိတ်ဆို့မှု၊ ဘဏ္ဍာရေး မတည်ငြိမ်မှုအပေါ် အငြင်းပွားမှု စသည်တို့ဖြင့် အမျိုးမျိုးရှိနိုင် ပေသည်။ စစ်၏ရည်ရွယ်ချက်မှာလည်း အမျိုးမျိုးသော လိုလား ချက်များကြောင့် မှုန်ဝါးဝါးဖြစ်လာသည်။ သို့အတွက် လူတို့ အနေဖြင့် "ဘာကြောင့် စစ်တိုက်ရသည်" ဟူသော အချက်ကို လွယ်ကူရှင်းလင်းစွာ ဖြေဆိုရန် ခဲယဉ်းလာတော့၏။

ပင်လယ်ကွေ့စစ်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့သော စစ်သား ငယ်လေးများကို မေးကြည့်ပါက အင်အားနည်းသော ကူဝိတ် နိုင်ငံ၌ တရားမျှတမှု ပြန်လည်တည်ဆောက်ရန် မိမိတို့ စစ်တိုက် ရပါသည်ဟု ဖြေကြပေလိမ့်မည်။ အမှန်အားဖြင့်မူ ၎င်းထက် လေးနက်သော အကြောင်းတရားများ ရှိပေသည်။ ထိုပင်လယ်ကွေ့

စစ်ပွဲ၌ ပါဝင်တိုက်ခိုက်ခဲ့သော နိုင်ငံတိုင်းသည် မိမိတို့ တစ်နိုင်ငံချင်း၏ အကျိုးစီးပွားကို သေချာစွာ ထည့်သွင်းတွက်ချက် စဉ်းစားပြီးမှသာ စစ်ထဲပါဝင်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းစစ်ပွဲ၌ အမေရိကန်နှင့်အတူ ပါဝင်တိုက်ခိုက်ခဲ့ကြသော နိုင်ငံများ၏ အဓိက အကျိုးစီးပွားမှာ "ရေနံ"ကြောင့်ဟု ယူဆစရာရှိ၏။

ဆော်ဒီအာရေဗျ ကိုယ်တိုင်ပင် မွတ်ဆလင်ညီအစ်ကိုဟူသောအချက်ကို ပစ်ပယ်ကာ အမေရိကန်နှင့် ပေါင်းခဲ့၏။ ဗြိတိန်သည်လည်း ဖောက်ကလန်စစ်ပွဲအတွင်း အမေရိကန်က ပေးအပ်ခဲ့သော အကူအညီကို ကျေးဇူးဆပ်သည့် အနေဖြင့် အမေရိကန်ခိုင်းရာ လုပ်ခဲ့၏။ ပြင်သစ်တို့ကလည်း အရှေ့အလယ်ပိုင်း၌ မိမိတို့၏ ဩဇာမကျဆုံးစေရန် ရည်မှန်း၍ နောက်ဆုံးအချိန်ကျမှ တပ်များ စေလွှတ်ခဲ့ပါသည်။ ဤသို့သောအကြောင်းများပေါ် မူတည်၍ တိုက်ခိုက်သော စစ်ပွဲတစ်ပွဲတွင် ရည်ရွယ်ချက်တစ်ခုတည်းသာ ရှိပါသည်ဟူ၍ မည်သို့မျှမဆိုနိုင်ပေ။ ဤပုံစံကို ယနေ့နိုင်ငံတကာ ဇာတ်ခုံ၌ နေရာတိုင်းတွင် တွေ့နေရသည်။ "အများအကျိုးစီးပွား" ဟူသော အကြောင်းပြချက်ဖြင့် နိုင်ငံအချို့စုပေါင်း၍ မိမိတို့၏ တစ်ကိုယ်ရေအကျိုးစီးပွားသက်သက်အတွက် ပူးပေါင်းဆောင်ရွက်ကြခြင်းမျိုးမှာ ယနေ့ကာလ၏ လုပ်ရိုးလုပ်စဉ် ဖြစ်လာသည်။ သို့အတွက် စစ်ပွဲတစ်ရပ်ကို နိုင်ငံစုံ ပူးတွဲဆင်နွှဲကြသည့်အခါ ယင်းစစ်ပွဲ၌ တစ်နိုင်ငံချင်း၏ အကျိုးစီးပွားများ ပါဝင်နေသည်မှာ မလွဲကေန်ဖြစ်၏။ ယင်းစစ်ပွဲအပေါ် အမြတ်ထုတ်ရန် မိမိအစီအစဉ်ဖြင့် မိမိရှိနှင့်ကြပြီးဖြစ်၏။ သို့အတွက် ထိုပင်လယ်ကွေ့စစ်ပွဲ၌ နိုင်ငံများစွာ ပါဝင်တိုက်ခိုက်ခြင်း၏ ရည်ရွယ်ချက်မှာ ရေနံကြောင့်ဟုလည်းကောင်း၊ ကမ္ဘာ့ပုံစံသစ်



အတွက်လည်းကောင်း၊ ကူဝိတ်အပေါ် ကျူးကျော်သူများအား မောင်းထုတ်ရန်အတွက်လည်းကောင်း စသည်ဖြင့် လွယ်ကူရှင်းလင်းစွာ မရှိတော့ချေ။ ယနေ့စစ်ပွဲများနှင့် ရှေးစစ်ပွဲများ၏ အဓိကကွာခြားမှုမှာ အပေါ်ယံအကြောင်းပြချက်နှင့် နောက်ကွယ်မှ အကြောင်းတရားများမှာ များစွာကွာခြားနေတတ်ခြင်း ဖြစ်၏။ ဤအချက်ကို နိုင်ငံရေးသမားတိုင်း ပိုင်ပိုင်နိုင်နိုင် သိပြီးဖြစ်သော်လည်း စစ်သားများထဲမှမူ လက်တစ်ဆုပ်စာကသာ သတိမူမိကြ၏။

## ဘယ်မှာ တိုက်မလဲ

"စစ်မြေပြင်သို့"

ကျောပိုးအိတ်လွယ်ထားသော လူငယ်လေးကို မိဘဆွေမျိုးများက မျက်ရည်စများဖြင့် လိုက်ပို့ကြ၏။ ဤသည်မှာ စစ်ပွဲရုပ်ရှင်ကားတိုင်း၌ မြင်နေကြဇာတ်ကွက်ဖြစ်၏။ စစ်ထွက်မည့်စစ်သည်က မြင်းစီးထွက်သည်ဖြစ်စေ၊ ရထားစီးထွက်သည်ဖြစ်စေ၊ သင်္ဘောစီးသည်ဖြစ်စေ၊ လေယာဉ်စီးသည်ဖြစ်စေ မည်သည့်နည်းနှင့် စစ်ထွက်သည်က အရေးမကြီးပါ။ အရေးကြီးသည်က ၎င်းတို့ဦးတည်နေသည်မှာ စစ်မီးလျှံများ တောက်လောက်နေသည့် စစ်မြေပြင်ဆီသို့ဟူသော အချက်ဖြစ်၏။

မီးပေါက်လက်နက်များမပေါ်မီက စစ်မြေပြင်သည် မကျယ်ခန်းပေ။ တပ်မတော်ကြီး ၂ ရပ် ရင်ဆိုင်တိုက်ခိုက်ကြသည်ဆိုသော စစ်မြေပြင်မှာ မြေပြင်ညီကွက်ကွက်ကလေး၊ သို့မဟုတ် တောင်ကြားလမ်းနေရာ ကျဉ်းကျဉ်း၊ သို့မဟုတ် မြို့တွင်းလမ်းကျဉ်း

များ၌ အနီးကပ်တိုက်ခိုက်ကြခြင်းဖြစ်၏။ ယနေ့စစ်အမြင်အရ ဆိုလျှင် ထိုခေတ်က စစ်မြေပြင်ဆိုသည်မှာ မြေပုံတင်လျှင် အစက်ကလေးတစ်စက်သာ ဖြစ်ပေမည်။ မီးပေါက်လက်နက်များ ပေါ်ပေါက်လာသောအခါ တပ်များ ဖြန့်ကြလာကြရ၏။ အဆိုပါ အစက်အမှတ်ကလေးမှသည် မျဉ်းကြောင်းများ ဖြစ်လာ၏။ ပထမကမ္ဘာစစ်၏ ကတုတ်ကျင်း စစ်ဆင်ရေးကို ကြည့်လျှင် မိုင်ပေါင်း ရာပေါင်းများစွာ ဆန့်တန်းနေသည့် စစ်မြေပြင်ကို တွေ့ရပေမည်။ အစက်အမှတ်မှသည် မျဉ်းကြောင်းသို့ ပြောင်းလာခြင်းဖြစ်၏။ စစ်မြေပြင်သည်လည်း ထုအနေနှင့် မိုင်ပေါင်းများစွာ နက်ရှိုင်းသော ဧရိယာဖြစ်လာသည်။ သို့အတွက် ထိုခေတ်က စစ်ထွက်သူများအတွက် စစ်မြေပြင်ဟူသည်မှာ ကတုတ်ကျင်းများ၊ ကွန်ကရစ်ဘန်ကာများ၊ သံဆူးကြိုးများ၊ စက်သေနတ်များနှင့် အမြောက်ဆန် ကျထားသော ကျင်းများသာဖြစ်၏။ ဤစစ်မြေပြင်များကို နှစ်ဖက်အကျအဆုံး များပြားလွန်းသဖြင့် "သားသတ်ရုံ" ဟုလည်းကောင်း၊ "အသားကြိတ်စက်" ဟုလည်းကောင်း ထိုခေတ်က ခေါ်ဆိုခဲ့ကြ၏။

စစ်သိပ္ပံနည်းပညာ တိုးတက်လာသောအခါ စစ်မြေပြင်သည် ပိုမိုကျယ်ပြန့်လာ၏။ စစ်မြေပြင်ဟုသာမက "တိုက်ပွဲနေရာ" (Battle Space) ဟု ခေါ်လာကြရ၏။ စစ်မြေပြင်သည် အမှတ်ကလေးဘဝမှ မျဉ်းကြောင်းဘဝသို့လည်းကောင်း၊ အလျားအနံသာ တိုင်းထွာသော (Two Dimension) စစ်မြေပြင်မှ အမြင့်ပါ ပါဝင်လာသည့် (Three Dimension) ဘဝသို့ ပြောင်းလဲချိန်မှာ လူအများထင်သလောက် မကြာမြင့်ဟု ဆိုသည်။ တစ်ခုနောက်မှ တစ်ခု ဆက်တိုက်ကပ်ပါလာသည် ဆို၏။ ကတုတ်ကျင်းစစ်ဆင်ရေးကို ကျော်လွှားနည်းအဖြစ် တင့်များ အသုံးပြုလာရချိန်၌ လေယာဉ်များသည်လည်း စက်သေနတ်များ တပ်ဆင်ပစ်ခတ်နိုင်စွမ်း ရှိနေပြီဖြစ်ကာ လေသဘော်များမှလည်း ဗုံးချနိုင်စွမ်း ရှိနေပြီဖြစ်၏။ "အမြင့်" ဟူသော အတိုင်းအထွာ ပါဝင်လာပြီဖြစ်၏။



စစ်သမိုင်းကို ပြန်ကြည့်ပါက ထင်ရှားသောပြောင်းလဲမှုတိုင်းအား စစ်မဟာဗျူဟာပညာရှင်၊ တစ်နည်းအားဖြင့် စစ်ပါရဂူများက တီထွင်ခဲ့ကြကြောင်း တွေ့နိုင်ပေသည်။ မြေပြင်ပေါ်တွင်သာ နှစ်ပေါင်း သုံး လေးထောင်မျှ တိုက်ခိုက်ခဲ့သော စစ်ပွဲသည် ရုတ်ချည်းပင် "အမြင့်"ဟူသော ကဏ္ဍပါဝင်လာကာ လေထဲသို့ ရောက်ရှိသွားသည်။ Three Dimension ဖြစ်လာခြင်းဖြစ်၏။ ဤသည်မှာ J.F.C. Fuller၊ Giulio Douthet၊ Marshall Mikhail N Tukhachevsky၊ Erich Lundendorff စသော စစ်ပါရဂူများကြောင့်ဖြစ်၏။ သို့တိုင်အောင် စစ်မြေပြင် (ရေ့တန်းစစ်မျက်နှာ) ကို ကျော်လွန်၍ ပစ်ခတ်နိုင်သည့် အမြောက်များ မပေါ်သေးသဖြင့် စစ်မြေပြင်သည် ထုအားဖြင့် နက်ရှိုင်းသည်ဟု မဆိုနိုင်ချေ။ ဟစ်တလာလက်ထက် ရောက်လာသောအခါတွင်မူ ပို၍တာဝေးပစ်ခတ်နိုင်သော လက်နက်များ ပိုင်ဆိုင်လာသည်။ မာစီဒီးအင်ဂျင်တပ်ဆင်ထားသော ဗုံးကြဲလေယာဉ်များ၊ ဗီ-၁ ဒုံးပျံများ၊ ဗီ-၂ ဒုံးပျံများဖြင့် မည်သူမျှ မကျူးကျော်စဖူးဟု ကြွေးကြော်ထားသော ဗြိတိသျှကျွန်းစုကို ရာဇဝင်စံတင် တိုက်ခိုက်နိုင်ခဲ့၏။ ဟစ်တလာသည် စစ်မဟာဗျူဟာ ပညာရှင်လည်း မဟုတ်၊ စစ်နည်းဗျူဟာ ပညာရှင်လည်း မဟုတ်ဟု ဆိုကြသည်။

သို့ရာတွင် ၎င်း၏ထူးခြားသော "ထိုးထွင်းသိစိတ်" ဖြင့် စစ်မြေပြင်အား ရှေ့တန်းနှင့် နောက်တန်း ကွဲပြားနေခြင်းမှ တဖြည်းဖြည်း မသိသာအောင် ပြုလုပ်နိုင်ခဲ့၏။ သို့ရာတွင် တိုက်ပွဲဝင် အစိတ်အပိုင်းနှင့် တိုက်ပွဲမဝင် အစိတ်အပိုင်းများကို ပြတ်ပြတ်သားသား ကွဲပြားအောင် မဆောင်ရွက်နိုင်ခဲ့ချေ။

ဟစ်တလာ စတင်လိုက်သော ရှေ့တန်း နောက်တန်း ခွဲခြားမှု ဖယ်ရှားသည့် အတွေးအခေါ် တော်လှန်ရေးမှာမူ အရှိန်ရလာခဲ့၏။ အဓိကအားဖြင့် စက်မှုနည်းပညာ၏ အထောက်အကူကြောင့်ဖြစ်သည်။ ဤကာလတွင်မူ စက်မှုနည်းပညာက စစ်ဘက်ဆိုင်ရာ တွေးခေါ်မြော်မြင်မှုထက် ခေတ်ရှေ့ပြေးနေ၏။ စစ်ပညာရှင်များ အပိုင်းက စစ်မြေပြင် မည်မျှကျယ်ပြောမည်ဆိုသည်ကို မခန့်မှန်းနိုင်သေးမီမှာပင် စက်မှုနည်းပညာက ယနေ့ခေတ် စစ်မြေပြင်ကို အတိုင်းအဆမရှိဟု ဆိုရလုနီးပါး ကျယ်ပြောအောင် တွန်းပို့လျက် ရှိသည်။ အာကာသတွင်းရှိ ဂြိုဟ်တုများ၊ ရေအောက်မှ ရေငုပ်သင်္ဘောများ၊ ကမ္ဘာပေါ်ရှိ မည်သည့်နေရာကိုမဆို ပစ်လွှတ်နိုင်သော တိုက်ချင်းပစ်ဒုံးပျံများ၊ သာမန်မျက်စိဖြင့် မမြင်ရသော လျှပ်စစ်သံလိုက်လှိုင်းများဖြင့် တန်ပြန်ဆောင်ရွက်မှုများ စသည်တို့မှာ သာဓကများ ဖြစ်၏။ လူသားတို့၏ အရေးအပါဆုံးနှင့် အတွင်းအကျဆုံးဟုဆိုသော နှလုံးသားကိုပင် အလွတ်မပေးချေ။ စိတ်ဓာတ်စစ်ဆင်ရေးဖြင့် နှလုံးသားကို ကိုင်လှုပ်ရန် ကြိုးပမ်းမှုများ ခံရပေသေး၏။ လူသားတို့အတွက် ပြေးစရာ မြေမရှိဖြစ်၏။ မျက်နှာစာ၊ ထု၊ အမြင့် စသည်ဖြင့် စစ်မြေပြင်အား တိုင်းထွာနည်းများသည် ခေတ်ဟောင်းအယူအဆများ ဖြစ်ကုန်၏။ လူသားတို့၏ ကြံစည်ဖန်တီးမှုကြောင့်ပင် စစ်မြေပြင်သည် "တိုက်ပွဲနယ်မြေ"



ဘဝဖြင့် အကန့်အသတ်မဲ့နီးပါး ကျယ်ပြန့်လာပေတော့သည်။ တစ်ဖက်တွင် စစ်ဘက်တွေးခေါ်မြော်မြင်မှု သဘောတရားများကမူ စစ်ပွဲကို ရှေးယခင်ကာလကဲ့သို့ပင် အလျား၊ အနံ၊ အမြင့် မကြီးမားသည့် လှုပ်ရှားမှု၊ မများပြားသည့် စစ်ပွဲမျိုး မျှော်မှန်းလိုလားလျက်ပင် ရှိကြသေးသည်ဟု ဆို၏။

စာရေးသူများ၏ အဆိုအရမူ အမှန်တကယ် တော်လှန်သော စစ်မြေပြင်ပြောင်းလဲမှုဆိုသည်မှာ သဘာဝ (Natural) စစ်မြေပြင်မှ "သဘာဝ မဟုတ်သော စစ်မြေပြင်" (Non-Natural Space) သို့ ပြောင်းလဲခြင်းဖြစ်ပြီး ရှေးရိုးစွဲအယူအဆများဖြစ်သည့် အလျား၊ အနံ၊ အမြင့်တို့သည်လည်းကောင်း၊ ကြည်းကြောင်း၊ ရေကြောင်း၊ လေကြောင်းနှင့် အာကာသတို့သည်လည်းကောင်း ဆက်လက်အရေးမပါတော့သည့် အခြေအနေမျိုး ဖြစ်လာခြင်းကို ဆိုလိုသည် ဆို၏။ အကြောင်းမှာ လျှပ်စစ်သံလိုက်လှိုင်း အချက်ပြမှုများသည် သဘာဝနယ်မြေများကို လက်တွေ့သိမ်းပိုက်ခြင်းမပြုဘဲ ထိုးဖောက်ဝင်ရောက်ချုပ်ကိုင်နိုင်ခြင်းကြောင့် ဖြစ်သည် ဆို၏။ သို့အတွက် ကျွန်ုပ်တို့ မျှော်လင့်နိုင်သည်မှာ အနာဂတ်၏ တိုက်ပွဲနေရာဟူသည် စက်မှုနည်းပညာတီထွင်မှုကြောင့်ဖြစ်စေ၊ စက်မှုနည်းပညာများ ပေါင်းစပ်၍ဖြစ်စေ ဖန်တီးလိုက်သည့် "စက်မှုနည်းပညာနယ်မြေ" (Technological Space) ပင် ဖြစ်လာမည်ဟူ၍ ဖြစ်၏။ "ကွန်ရက်နယ်မြေ" (Network Space) ဟူသော စကားရပ်သည် ယနေ့ကာလ စစ်သားများအတွင်း ရေပန်းစားသော ဝေါဟာရတစ်ရပ်ဖြစ်နေပေပြီ။ ဤ "ကွန်ရက်နယ်မြေ" ဆိုသည်မှာ အမှန်အားဖြင့် အီလက်ထရောနစ်နည်းပညာ၊ သတင်းနည်းပညာတို့အား ဒီဇိုင်းပညာ အသုံးချကာ

ပြောင်မြောက်စွာ ပေါင်းစပ်ဖန်တီးထားခြင်းသာလျှင် ဖြစ်၏။ အကယ်၍သာ ဤကွန်ရက်နယ်မြေတွင် ဖြစ်ပွားသော စစ်ပွဲတစ်ပွဲ၏ အဆုံးတွင် လူသားတို့က ကြိုးကိုင်နိုင်သော အကျိုးရလဒ်ကို ပေးသည်ဆိုပါက ကွန်ရက်စစ်သည်လည်း စစ်ပွဲတစ်မျိုးပင် ဖြစ်သည်ဟူသော အချက်ကို လက်ခံရပေမည်။

သို့ဆိုလျှင် ကွန်ရက်နယ်မြေ၏ နောက်ပိုင်း ထပ်မံပေါ်ပေါက်လာမည့် “နာနိုမီတာနယ်မြေ” (Nanometer Space) သည် လူသားတို့ တစ်သက်လုံး စိတ်ကူးယဉ်ခဲ့သည့် လူသားများ တိုက်ရိုက်ပါဝင်မှုမရှိသော စစ်ပွဲတစ်မျိုးကို ဖန်တီးပေးနိုင်ပေသည်။ ဤအချက်ကို သိထားသော လွန်စွာဉာဏ်ရည်ဉာဏ်သွေးမြင့်မားပြီး တီထွင်ဖန်တီးဉာဏ်ရင့်သန်သည့် စစ်သားအချို့က ဤတိုက်ပွဲနေရာများကို နည်းပညာသစ်များ သွတ်သွင်းခြင်းဖြင့် အနာဂတ်စစ်အတွက် ပြင်ဆင်နေကြပြီဖြစ်၏။ ဤသို့ပြောင်းလဲမည့်ကာလ မဝေးတော့ဟု ဆိုရမည်။ ကွန်ရက်စစ်၊ သို့မဟုတ် နာနိုမီတာစစ်သည် မကြာမီ ကျွန်ုပ်တို့ရှေ့မှောက် မျက်ဝါးထင်ထင် ရောက်လာတော့မည် ဖြစ်၏။ ဤစစ်သည် အရှိန်အဟုန်ပြင်းထန်မည် မှန်သော်လည်း သွေးထွက်သံယို လုံးဝရှိမည်မဟုတ်ပါ။ မည်သို့ပင်ဖြစ်စေကာမူ စစ်တို့၏သဘာဝအတိုင်း အောင်နိုင်သူနှင့် ရှုံးနိမ့်သူတို့ကိုမူ ခွဲခြားပေးမည်ဖြစ်၏။ အများအပြားသော အခြေအနေမျိုးတွင် ဤစစ်မျိုးသည် သမားရိုးကျစစ်များနှင့်အတူ ယှဉ်တွဲဖြစ်ပွားရန် အကြောင်းရှိ၏။ တိုက်ပွဲနယ်မြေနှစ်ခုဖြစ်သော သမားရိုးကျနယ်မြေနှင့် စက်မှုနည်းပညာနယ်မြေတို့သည် တစ်ခုနှင့်တစ်ခု ရောယှက်လျက် ရှိရုံမက အပြန်အလှန်လည်း အထောက်အကူပြုနေကြပေလိမ့်မည်။ ဤစစ်သည် လူ့သမိုင်းတွင် မကြုံဘူး



သော စစ်မျိုးဖြစ်ပေလိမ့်မည်။ အတိုင်းအတာအားဖြင့် လျှပ်စစ်သံလိုက်ရောင်စဉ်၏ အနုစိတ် (Macroscopic, Mesoscopic and Microscopic Spheres) ခေါ် ကဏ္ဍအားလုံးတွင် သက်ရောက်နေမည် ဆို၏။ တစ်ချိန်တည်းတွင် စစ်ဘက်နည်းပညာနှင့် အရပ်ဘက်နည်းပညာ ခွဲခြားမရတော့ခြင်းသည်လည်းကောင်း၊ စစ်တိုက်သော စစ်သားနှင့် စစ်မတိုက်သော စစ်သား ခွဲခြားမရခြင်းသည်လည်းကောင်း ပို၍ပို၍ ထင်ရှားလာကာ တိုက်ပွဲနယ်မြေသည် တိုက်ပွဲမဟုတ်သော နယ်မြေနှင့် ရောယှက်ရှုပ်ထွေးလာဖွယ်ရာ အကြောင်းရှိသည်။ ယခင်က သီးခြားခွဲခြားထားခဲ့သော ကဏ္ဍများသည် ပို၍ ဆက်စပ်ရောထွေးလာပေလိမ့်မည်။ လူသားတို့သည် ကဏ္ဍအားလုံးကို စစ်ပွဲအတွက် အသုံးပြုရန် မျက်စိကျလာကြလိမ့်မည်။ စစ်တိုက်လိုပြီဆိုပါက လိုအပ်သော ရည်မှန်းချက်ရရှိရန် သင့်လျော်သည့်နည်းလမ်းဖြင့် သင့်လျော်ရာနေရာကို တိုက်လိုက်ရုံသာ ရှိချေတော့သည်။ သို့ဖြင့် စစ်မြေပြင်ဟူသည် နေရာတိုင်း၌ ရှိနေနိုင်ပြီး လက်ညှိုးထိုးမလွဲ (Omni-present) ဆို၏။ စစ်ပွဲတစ်ပွဲကို ကွန်ပျူတာခန်းလေး တစ်ခုမှသော်လည်းကောင်း၊ စတော့ရှယ်ယာဈေးကွက်တစ်ခုမှသော်လည်းကောင်း စတင်နိုင်ပြီး ရန်သူအား လုံးဝဥသုံ ဆုံးရှုံးကာ ဒူးထောက်နိုင်စေသောကာလ မဝေးတော့ဟု ဆိုသည်။ သို့ဆိုလျှင် မည်သည့်နေရာကို စစ်မြေပြင်ဟု ခေါ်ရပေတော့မည်နည်း။

ဤအစုခေါင်းစဉ်အစတွင် ဖော်ပြခဲ့သော စစ်သည်ကလေးကိုသာ စစ်မြေပြင် ဘယ်မှာလည်းဟု မေးလာလျှင် “နေရာတိုင်းမှာပဲ” ဟု ဖြေလိုက်ရုံသာ ရှိပေတော့မည်။

## ဘယ်သူတွေက တိုက်မလဲ

၁၉၈၅ ခုနှစ်တွင် တရုတ်နိုင်ငံသည် စစ်အင်အားကို သန်းနှင့်ချီ၍ လျှော့ချခဲ့ပြီး ယင်းနောက် ဆယ်စုနှစ်ကျော်ကာလ တစ်လျှောက်လုံးတွင် ကမ္ဘာတစ်ဝန်းရှိ အင်အားကြီးနိုင်ငံအားလုံး တို့၌ တပ်အင်အားလျှော့ချမှုများ ပြုလုပ်ခဲ့ကြသည်။ ကမ္ဘာသတင်း ဝေဖန်သူများ၏ အဆိုအရ စစ်အေးတိုက်ပွဲပြီးဆုံးသွားပြီဖြစ်သဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် စစ်ပွဲကို ရင်တမမဖြင့် စိုးရိမ်နေရသည့် ဘဝမှ ငြိမ်းချမ်းစွာ နေထိုင်လိုသော ဆန္ဒသစ်များ ပေါ်ပေါက် လာရခြင်းမှာ အဓိကဖြစ်သည်ဆို၏။ ဤအဆိုမှာ လုံးဝဥသုံ မှန်ကန်သည်ဟု မဆိုနိုင်ပါ။ ရေခဲတောင်ကြီး၏ ရေပေါ် ပေါ် သော အစိတ်အပိုင်းမျှသာ ရှိသည် ဆို၏။ ကမ္ဘာတစ်ဝန်း တပ် အင်အားများ လျှော့ချကြရခြင်းမှာ ဤအကြောင်းအချက်တစ်ခု တည်းကြောင့် မဟုတ်ပေ။

ပို၍နက်ရှိုင်းသော အကြောင်းရင်းတစ်ခုမှာ သတင်းနည်း ပညာ တိုးတက်လာခြင်းကြောင့်ဖြစ်သည်။ သတင်းနည်းပညာ၏ အစွမ်းကြောင့် အစဉ်အလာအားဖြင့် ထူထောင်ထားရှိခဲ့သော အင်အားကြီးမားသည့် လက်နက်ကိုင်တပ်ဖွဲ့ကြီးများ၊ ကြီးမားသော စစ်လက်နက်အလုပ်ရုံများ ထားရှိရန်မှာ လွန်စွာစရိတ်စကကြီးမား မည်ဖြစ်ကြောင်း တွေ့ရှိလာရသည်။ ဤအကြောင်းရင်းကြောင့်ပင် ရေရှည်အမြော်အမြင်ရှိသည့် နိုင်ငံများသည် လူအင်အားလျှော့ချ ရုံပင်မကဘဲ စစ်သည်တို့၏ တစ်ကိုယ်ရည် အရည်အသွေးများ တိုးတက်လာရန်၊ လက်နက်နည်းပညာများ တိုးတက်လာရန်၊ စစ်ရေးဆိုင်ရာ အတွေးအခေါ်အယူအဆများ တိုးတက်လာရန်



မျှော်မှန်းဆောင်ရွက်ခဲ့ကြသည်။ “နိုင်ငံတော်ကို ကာကွယ်ပေးသည့် ရဲဝံ့ကြံ့ခိုင်သန်စွမ်းသော သူရဲကောင်းစစ်သည်” တို့၏ ခေတ် ကုန်သွားပြီဖြစ်၏။ ယနေ့ကာလသည် “ချူကလီးယား စစ်”ဟုသော ဝေါဟာရပင် ပျောက်ကွယ်လောက်အောင် အတွေး အခေါ်သစ်များ လွှမ်းမိုးနေသောကာလဖြစ်သည်ဆို၏။ အကြောင်း မှာ ရင်အုပ်ထွားထွားဖြင့် လက်နက်ကိုင်ထားသော စစ်သားပုံ ပေါက်သည့် လူပုဂ္ဂိုလ်များထက် ဖြူဖပ်ဖြူရော်ဖြင့် မျက်မှန်ထူ ကြီးများ တပ်ထားသော ကြုံလှီလှီ လူဗလံ (ပညာရှင်) လေးများ ကသာ ယနေ့ခေတ်၏ စစ်သားများ ဖြစ်လာတော့မည့် အခြေအနေ များ ရောက်ရှိလာခြင်းကြောင့် ဖြစ်ပေသည်။ သာဓကအဖြစ် ၁၉၉၅ ခုနှစ်က အမေရိကန် ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ် လေ့ကျင့်ရေးတစ်ခု၌ ရေတပ်ဗိုလ်ကြီးတစ်ဦးက ကွန်ပျူတာစနစ် အား ဝင်ရောက်ဖောက်ထွင်းကာ ရေတပ်ကွန်ပျူတာစနစ်တစ်ခုလုံး ရှုတ်ရှုတ်သဲသဲဖြစ်အောင် ဝင်ရောက်ထိုးဖောက် တိုက်ခိုက်နိုင် ခဲ့သည့် ဖြစ်စဉ်ကို ကြည့်နိုင်၏။ လူတစ်ဦးတည်းဖြင့် (ကွန်ပျူတာ ဖောက်ကာနည်းလမ်းကို အသုံးပြုကာ) ရေတပ်ရေယာဉ်အုပ်စု တစ်ခုလုံးကို အညံ့ခံစေနိုင်ခဲ့သောဖြစ်စဉ် ဖြစ်ပါသည်။

ယနေ့ကာလ စစ်သားများသည် အစဉ်အလာ စစ်သား များနှင့် များစွာကွာခြား ပြောင်းလဲမှုများ ရှိလာသည်ကို တွေ့မြင် နေရ၏။ အကြောင်းမှာ ယနေ့စစ်သားများသည် ပြီးခဲ့သော နှစ် တစ်ရာအတွင်းက ပေါ်ပေါက်ခဲ့သည့် စက်မှုနည်းပညာအားလုံးကို အလွယ်တကူ သိရှိနားလည် အသုံးပြုနိုင်၏။ ဖြစ်နိုင်သော အကြောင်းရင်းတစ်ခုမှာ ယနေ့စစ်သားများအား ကမ္ဘာတစ်ဝန်း လုံးကို ဝင်ရောက်လွှမ်းမိုးနေသည့် Pop Culture ခေါ် ရော့ခ်

အင်ရိုးလ်ဂီတ၊ ဒစ္စကိုဂီတ၊ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၊ ဟောလီးဝုဒ် ရုပ်ရှင်များကြောင့် ဖြစ်နိုင်ပေသည်။ တစ်ဖန် ယနေ့စစ်သားများ၏ ခန္ဓာကိုယ်ကြံ့ခိုင်မှုနှင့် ဉာဏ်ရည်ဉာဏ်သွေးမှာ ယခင်ကနှင့် မတူတော့ပေ။ ဝက်စ်ပွိုင့်စစ်တက္ကသိုလ်၌ စစ်သားပုံပေါက်အောင် နှစ်ပေါင်းများစွာ လေ့ကျင့်ပေးလိုက်သဖြင့် လူကြီးလူကောင်း ဟန်ပန်အမူအရာရှိသော်လည်း ယနေ့လူငယ်အများစုသည် ပျော့ ညံ့ညံ့ဖြစ်ကာ ပတ်ဝန်းကျင်မှာလည်း ပေါ့ပေါ့ဆဆ ပရမ်းပတာ ပတ်ဝန်းကျင်မျိုးသာ အများစုဖြစ်သဖြင့် ဝက်စ်ပွိုင့်ကျောင်းဆင်း များ၏ ဟန်ပန်အမူအရာမှာ ပတ်ဝန်းကျင်တွင် အံမဝင်ဖြစ်နေ ရသည် ဆို၏။ ၎င်းအပြင် ခေတ်သစ်လက်နက်များ၏ သဘော သဘာဝကြောင့်လည်း ယနေ့ခေတ်စစ်သားများသည် ကြမ်းတမ်း ခက်ထန်သော သဘာဝရှိသည့် သမားရိုးကျစစ်မြေပြင်မှ အလှမ်း ကွာလျက် ရှိကြသည်။ ၎င်းတို့သည် ရန်သူကို မျက်နှာချင်းဆိုင် နဖူးတွေ့ ဒူးတွေ့ တိုက်ခိုက်သုတ်သင်ခြင်းဖြင့် သွေးတောက် တောက် ကျစေသည့် အတွေ့အကြုံမျိုးထက် မမြင်ရသော ရန်သူကို ခလုတ်နှိပ်၍ ပစ်ခတ်တိုက်ခိုက်သည့် အတွေ့အကြုံမျိုးသာ ရှိကြ သည်။ ဤအခြေအနေများကြောင့် ယနေ့စစ်သားများမှာ သွေး မြင်လျှင် ကြောက်လန့်တတ်သော လူကြီးလူကောင်းဟန်ပန် ပေါက်နေသည့် စစ်သားများ ဖြစ်လာကြသည် ဆို၏။ နှစ်ပေါင်း ထောင်နှင့်ချီ၍ စစ်မြေပြင်ကို ကျက်စားခဲ့သော သွေးသံရဲရဲ စစ်သည်တော်များ၏နေရာတွင် ယနေ့ ဒစ်ဂျစ်တယ်လ် တိုက်ခိုက် ရေးသမားများက နေရာယူလာကြပြီဖြစ်၏။

ယနေ့ စစ်ပွဲများသည် လက်နက်စက်ရုံများ အကြီးအကျယ် တည်ဆောက်ကာ လက်နက်များ ထုတ်လုပ်တပ်ဆင်ပြီး စစ်မှုထမ်း များကသာ လွှမ်းမိုးချုပ်ကိုင်တိုက်ခိုက်သည့်ခေတ်ကို လွန်မြောက် ခဲ့ပြီ ဆို၏။ သို့အတွက် ယနေ့စစ်ပွဲများအား စစ်သားတည်းဟူသော လူတန်းစားတစ်ခုတည်းသာ လွှမ်းမိုးချုပ်ကိုင် ခြယ်လှယ်နိုင်ခြင်း မရှိတော့ဟု ဆိုသည်။ အရပ်ဘက်ကို ပို၍ မှီခိုအားထားလာရ သည်မှာ အထင်အရှားဖြစ်လာ၏။ ဤနေရာတွင် မော်စီတုန်း၏ "နိုင်ငံသားတိုင်း စစ်သားဖြစ်ရမည်" ဟူသော အဆိုနှင့် လုံးဝ ဆက်စပ်မှုမရှိပါ။ ယနေ့အယူအဆသစ်မှာ လူထုအား အကြီး အကျယ် စစ်စည်းရုံးခြင်းမျိုးလည်း မရှိတော့ပါ။ ပြောင်းပြန်ဖြစ်၏။ စက်မှုနည်းပညာတွင် ထိပ်တန်းကျွမ်းကျင်သူများက စစ်ပွဲများသို့ မဖိတ်မခေါ်ရဘဲ ဝင်ရောက်တိုက်ခိုက်လာကြခြင်းမျိုး ဖြစ်ပေသည်။

ဤသို့ဆိုလျှင် နောင်လာမည့်စစ်ပွဲအား မည်သူက ဦးဆောင် တိုက်မည်နည်း။ ပထမဆုံး ဦးဆောင်တိုက်ခိုက်မည့်သူမှာ ကွန်ပျူတာ ဟက်ကာများပင် ဖြစ်၏။ ဤ "ချာတိတ်"များမှာ စစ်သင်တန်း လည်း မတက်ဖူး၊ စစ်မှုလည်း မထမ်းဖူးသူများဖြစ်သော်လည်း နိုင်ငံတစ်နိုင်ငံ၊ တပ်မတော်တစ်ရပ်ကို ၎င်း၏ပညာရပ်ကျွမ်းကျင်မှု တစ်ခုတည်းဖြင့် ကပြောင်းကပြန်ဖြစ်အောင် ပြုနိုင်စွမ်းရှိ၏။ သာဓကကိုကြည့်လျှင် ၁၉၉၄ ခုနှစ်က အင်္ဂလန်နိုင်ငံမှ ဟက်ကာ တစ်ဦးက အမေရိကန်စစ်တပ်၏ လုံခြုံမှု စနစ်ပေါင်း (၃၀) တပ်ဆင်ထားသော (Rome Air Development Center) ကို ထိုးဖောက်တိုက်ခိုက်ခဲ့သည်။ ၎င်းအပြင် အခြားသော ကွန်ပျူတာ စနစ်ပေါင်း (၁၀၀) ကျော်ကိုလည်း ထိုးဖောက်တိုက်ခိုက်ခဲ့သည်။ ကိုရီးယား အဏုမြူသုတေသနသိပ္ပံနှင့် အမေရိကန် NASA အဖွဲ့တို့ပင် များစွာထိခိုက်ဆုံးရှုံးခဲ့ရသည်။ လူအများ တအံ့တသြ ဖြစ်ရသည်မှာ ၎င်း၏တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်ခဲ့သော ပျက်စီး

ဆုံးရှုံးမှုပမာဏမဟုတ်ဘဲ ထိုးဖောက်တိုက်ခိုက်သူ ယင်းဟက်ကာမှာ အသက် (၁၆)နှစ်ပင် မပြည့်သေးသော လူငယ်တစ်ဦးဖြစ်နေခြင်းပင် ဖြစ်၏။ ကလေးငယ်တစ်ဦး၏ ဤသို့သော ကွန်ပျူတာဂိမ်းကစားသည့်ဆန်ဆန် ဆောင်ရွက်မှုကို စစ်ဆင်နွှဲခြင်းဟု မသတ်မှတ်နိုင်ပါ။ ပြဿနာမှာ မည်သို့သော ပျက်စီးဆုံးရှုံးမှုမျိုးကိုသာ ကွန်ပျူတာဂိမ်းဆန်ဆန် ဆော့ကစားမှုကြောင့် ပျက်စီးမှုဟု သတ်မှတ်ပြီး မည်မျှအတိုင်းအတာအထိ ပျက်စီးမှသာ စစ်ဆင်နွှဲမှုဟု ကွဲကွဲပြားပြား သတ်မှတ်နိုင်မှုမရှိခြင်းဖြစ်ပါသည်။ အလားတူ မည်သည့်လုပ်ဆောင်မှုများကို လူပုဂ္ဂိုလ်တစ်ဦးချင်း၏ လုပ်ဆောင်မှုဟု သတ်မှတ်ပြီး မည်သည့်အခြေအနေကျမှ တစ်ဖက်ရန်သူ၏ လုပ်ဆောင်မှုဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ဟက်ကာများ စနစ်တကျဖွဲ့စည်းထိုးနှက်မှုဖြစ်သည်ဆိုခြင်းကို မခွဲခြားနိုင်ပေ။ ၁၉၉၄ ခုနှစ်တွင် အမေရိကန် ကာကွယ်ရေးဌာန ကွန်ပျူတာကွန်ရက်များအတွင်းသို့ ထိုးဖောက်မှုများ စုစုပေါင်း (၂၃၀၀၀၀) ရှိခဲ့ရာ ၎င်းတို့အနက် မည်မျှသော အရေအတွက်သည် အမေရိကန်၏ ရန်သူများက ထိုးဖောက်ခြင်းဖြစ်သည်ကို မည်သို့မျှ မသိနိုင်ခဲ့ချေ။

ဟက်ကာဟူသည်မှာလည်း လူထဲက လူပင်ဖြစ်၍ ပုံစံမျိုးစုံ၊ သဘာဝမျိုးစုံဖြင့် ရှိတတ်သည်။ ဟက်ကာအားလုံးမှာ တစ်ဦးနှင့်တစ်ဦး သဘောထားခြင်း၊ နောက်ခံအကြောင်းတရားခြင်း မတူညီသော်လည်း တူညီသည်မှာ ကွန်ပျူတာကွန်ရက်များ၏ နောက်ကွယ်၌ ပုန်းခိုနေကြခြင်းသာ ဖြစ်၏။ ဟက်ကာအမျိုးမျိုးရှိနိုင်ပေသည်။ စပ်စုသော အလယ်တန်းကျောင်းသားများ၊ အင်တာနက်ပေါ်တွင် ရှေ့တွင်းတူး အပွကြဲလိုသူများ၊ အချင်းချင်း ကလဲ့စားချေလိုသော ရုံးနှင့် ကုမ္ပဏီဝန်ထမ်းများ၊ အင်တာနက်ပေါ်မှ အကြမ်းဖက်သမားများ၊ ကြေးစားဟက်ကာများ စသည်ဖြင့် မျိုးစုံဖြစ်၏။ ၎င်းတို့ တစ်ဦးနှင့်တစ်ဦး သဘောသဘာဝခြင်းမှာ များစွာခြားနားလေ့ရှိသည် မှန်သော်လည်း ကွန်ပျူတာကွန်ရက်များအတွင်းမှ ဟက်ကာ လောကသားများပင် ဖြစ်ကြသည်။ ကွန်ပျူတာကွန်ရက်များ ဖောက်ထွင်းသည်ဆိုရာ၌ပင် တစ်ဦးနှင့်တစ်ဦး ရည်ရွယ်ချက်၊ ခံယူချက်၊ သဘောထားအမြင်ခြင်း မတူညီကြပေ။ အချို့မှာ လောဘအခြေခံသော်လည်း အချို့မှာ ဦးတည်ရာမရှိ၊ လက်ဆော့လိုသူများသာ ဖြစ်သည်။ သို့အတွက် ၎င်းတို့အနေဖြင့် ကောင်းသော ရည်ရွယ်ချက်ဖြင့် ထိုးဖောက်သည်ဖြစ်စေ၊ မကောင်းသော ရည်ရွယ်ချက်ဖြင့် ထိုးဖောက်သည်ဖြစ်စေ၊ ၎င်းတို့အား မည်သည့်စည်းမျဉ်းစည်းကမ်းကမျှ ချုပ်နှောင်ထားခြင်းမရှိဟု ခံယူထားကြသည်။ ကွန်ပျူတာများ အသုံးပြု၍ အခြားသူများ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ခိုးယူနိုင်ကြ၏။ တစ်ဖက်လူက ခဲခဲယဉ်းယဉ်း ရှာဖွေစုဆောင်းထားရသော အချက်အလက်များကို အပျော်သဘောဖြင့် အလွယ်တကူဖျက်ပစ်နိုင်သည်။ အလားတူ သာမန်အားဖြင့် ရာထူးဩဇာအရှိန်အဝါအရ မယှဉ်နိုင်သော တစ်ဖက်ရန်သူကို အင်တာနက်ပေါ်မှပင် များစွာထိခိုက်နစ်နာ၊ ဘေးကြပ်နံကြပ်ဖြစ်အောင် ပြုလုပ်နိုင်၏။ သာဓကအားဖြင့် သမ္မတ ဆူဟာတိုသက်ထက်က အင်ဒိုနီးရှားနိုင်ငံတွင်းရှိ တရုတ်လူမျိုးများကို စနစ်တကျ နှိပ်ကွပ်ကာ ယင်းသတင်းကိုလည်း အပြင်သို့ မပေါက်ကြားရန် တင်းကြပ်စွာ ထိန်းချုပ်ခဲ့၏။ သို့သော် မျက်မြင်သက်သေများ၏ ထွက်ဆိုချက်များကို အင်တာနက်မှတစ်ဆင့် ထုတ်ပြန်

လိုက်သောအခါ အင်ဒိုနီးရှားအစိုးရနှင့် တပ်မတော်အား တစ်ကမ္ဘာလုံးက တုန်လှုပ်ချောက်ချားစွာဖြင့် ဝိုင်းဝန်းဖိအားပေးကြတော့သည်။ ဤဖြစ်ရပ်မတိုင်မီ Milworm ဟု မိမိတို့ကိုယ်ကို အမည်ပေးထားသော အဖွဲ့တစ်ဖွဲ့သည် အိန္ဒိယအစိုးရ၏ နျူကလီးယားစမ်းသပ်မှုများကို ဆန့်ကျင်သည့်အနေဖြင့် ဘာဘာအဏုမြူသုတေသနဗဟိုဌာန၏ လုံခြုံရေးစနစ် (Fire Wall) ကို ဖောက်ထွင်းကာ Home Page ကို ပြောင်းလဲ၍ အချက်အလက် 5 MB ကို ကူးယူခဲ့ကြသည်။ ဤဟက်ကာများကို ယဉ်ကျေးသိမ်မွေ့သော ဟက်ကာများဟု ခေါ်ဆိုနိုင်ပေ၏။ ၎င်းတို့သည် ထိုထက်ပို၍ ဖျက်ဆီးနိုင်သော်လည်း မပြုလုပ်ခဲ့ကြပေ။ တစ်ဖက်လူကို ဒုက္ခမပေးလိုဘဲ ၎င်းတို့ဖောက်ဝင်နိုင်ကြောင်း သိရုံမျှသာ ပြုလုပ်ခဲ့ကြသည်။ ဤအချက်ကိုကြည့်ပါက သတင်းခေတ်တွင် နျူကလီးယားဗုံးထက် ဟက်ကာတို့၏ အရှိန်အဝါက ပိုကြီးကြောင်း သိသာထင်ရှားစေသည်။

ဟက်ကာတို့ထက် ပို၍ကြောက်မက်ဖွယ်ကောင်းသည်ကား နိုင်ငံမရှိသော ဂိုဏ်းအဖွဲ့အစည်းများ ဖြစ်သည်။ အနောက်အုပ်စုတစ်ခုလုံးမှာ ၎င်းတို့အမည်ကို ကြားလိုက်သည်နှင့် ဖိန့်ဖိန့်တုန်ကြသည်။ ဤအဖွဲ့များသည် တစ်နည်းမဟုတ် တစ်နည်းဖြင့် စစ်ဝါဒီများဖြစ်လေ့ရှိကြပြီး တစ်နည်းနည်းဖြင့် အစွန်းရောက်ဝါဒစွဲကိုင်သူများ ဖြစ်ကြသည်။

ဥပမာအားဖြင့် ဘာသာရေးစစ်ပွဲဆင်နွှဲလိုသော အစ္စလာမ်အဖွဲ့အစည်းများ၊ အမေရိကန်မှ လူဖြူပြည်သူ့စစ်များ၊ ဂျပန်အုံရှင်ယဉ်ကျေးမှု အစွန်းရောက်အဖွဲ့နှင့် ဘင်လာဒင်၏ အဖွဲ့များကဲ့သို့ အဖွဲ့အစည်းများ ဖြစ်သည်။



ဤအဖွဲ့အစည်းများမှ ဟက်ကာများ၏ ထိုးနှက်တိုက်ခိုက်မှုများမှာ အပျော်တမ်း ဟက်ကာများထက် ပို၍ ပျက်စီးဆုံးရှုံးမှုများနိုင်ပေသည်။ ယင်းတို့ကြောင့်ပင် ယနေ့ခေတ်တွင် ကွန်ပျူတာစနစ်များ ထိုးဖောက်ခံရမှုကို ပိုမိုစိုးရိမ်ကြခြင်းဖြစ်၏။ ယင်းအဖွဲ့အစည်းမျိုးအား နိုင်ငံတစ်နိုင်ငံ၊ သို့မဟုတ် တပ်မတော်တစ်ရပ်အနေဖြင့် ရင်ဆိုင်ရာ၌ အခက်အခဲပေါင်းများစွာ ကြုံတွေ့ရပေမည်။ အကြောင်းမှာ နိုင်ငံ၊ သို့မဟုတ် တပ်မတော်များသည် စနစ်တကျဖွဲ့စည်းထားပြီး စည်းကမ်းဥပဒေသများကို လိုက်နာရသူများဖြစ်၍ အရာရာကို နှိုင်းနှိုင်းချိန်ချိန်ဖြင့် ကန့်သတ်ဆောင်ရွက်လေ့ရှိသူများဖြစ်၏။ တစ်ဖက်တွင် အဆိုပါ ဂိုဏ်းအဖွဲ့အစည်းများအနေဖြင့် မည်သည့်စည်းမျဉ်းစည်းကမ်းကိုမှလည်း ဂရုမစိုက်၊ အကန့်အသတ်မဲ့ စစ်ပွဲတစ်ရပ်ကို အကန့်အသတ်မဲ့ နည်းလမ်းများဖြင့် တိုက်ခိုက်ရန်လည်း ဝန်မလေးသူများ ဖြစ်ကြသည်။

၁၉၉၀ ပြည့်နှစ်များအတွင်းတွင် နိုင်ငံမဟုတ်သော အဖွဲ့အစည်းများနှင့် စစ်သားမဟုတ်သူများ၏ အမျိုးမျိုးသော ဆက်တိုက်တိုက်ခိုက်မှုများကြောင့် စစ်သားမဟုတ်သော တိုက်ခိုက်ရေးသမားများ ဆင်နွှဲလာမည့် စစ်မဟုတ်သည့် စစ်ပွဲများ အန္တရာယ်ကို စတင်စိုးရွံ့လာကြရသည်။ ၎င်းတို့သည် ဟက်ကာစင်စစ်လည်း မဟုတ်၊ မည်သည့်လက်နက်ကိုင်တပ်ဖွဲ့၏ အမှုထမ်းမျှလည်း မဟုတ်ပေ။ ကွန်ပျူတာစနစ် သရုပ်ခွဲသူ၊ သို့မဟုတ် ဆော့ဖ်ဝဲအင်ဂျင်နီယာ၊ သို့မဟုတ် ငွေကြေးပမာဏ အမြောက်အမြားပိုင်ဆိုင်ထားသူ၊ သို့မဟုတ် စတော့ရှယ်ယာဈေးကစားသူတစ်ဦးဖြစ်နေတတ်၏။ မီဒီယာလုပ်ငန်းကြီးများ ပိုင်ဆိုင်ထားသူ တစ်ဦးဦးလည်း ဖြစ်နိုင်၏။ နာမည်ကြီး သတင်းစာဆရာ၊ သို့မဟုတ်

ရုပ်မြင်သံကြား အစီအစဉ်တာဝန်ခံလည်း ဖြစ်နိုင်၏။ ၎င်းတို့၏ ခံယူချက်မှာ မျက်ကန်းအကြမ်းဖက်သမားများနှင့်မတူ လုံးဝ ခြားနားသည်။ ဘဝနှင့်ပတ်သက်၍ ၎င်းတို့၏ ကိုယ်ပိုင် ဒဿနများ ဖော်ထုတ်စွဲကိုင်ထားလေ့ရှိပြီး အကြမ်းမဖက်သော်လည်း အစွန်း ရောက်ရာ၌မူ ဘင်လာဒင်တို့နှင့် တန်းတူရည်တူလောက်၏။ ရင်ဆိုင်တိုက်ခိုက်ရန်လည်း ဝန်မလေးသူများ ဖြစ်ကြ၏။ ဤ စံနှုန်းအရ တိုင်းတာလျှင် ဂျော့ဂျ်ဆောရော့စ်အား ငွေကြေး အကြမ်းဖက်သမားတစ်ဦး မဟုတ်ပါဟု မည်သူ ငြင်းနိုင်ပေ မည်နည်း။

ခေတ်သစ်နည်းပညာကား စစ်လက်နက်များနှင့် စစ်မြေပြင် တို့ကို ပြောင်းလဲစေသည့်နည်းတူ စစ်ပွဲတွင် ပါဝင်တိုက်ခိုက်သူ အမျိုးအစားကိုလည်း ပြောင်းလဲစေ၏။ သို့အတွက် ယခုအချိန်မှ စ၍ စစ်ပွဲများကို စစ်သားလူတန်းစားတစ်မျိုးတည်းက လက်ဝါးကြီး အုပ်ထား၍ မရတော့ချေ။

ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက် လှုပ်ရှားမှုသည် စက်မှု နည်းပညာများ ပေါင်းစပ်အသုံးချမှုကြောင့် ဖြစ်ပေါ်လာသည့် ကမ္ဘာတစ်ဝန်း ဆက်စပ်ယှက်နွယ်ပြောင်းလဲမှု (Globalization) ၏ ဘေးထွက်ပစ္စည်းတစ်ရပ် ဖြစ်သည်ဟု ဆို၏။ နိုင်ငံမဟုတ် သော အဖွဲ့အစည်းများနှင့် စစ်သားမဟုတ်သော တိုက်ခိုက်ရေး သမားများသည် အချုပ်အခြာအာဏာပိုင်နိုင်ငံများအား ပို၍ပို၍ ခြိမ်းခြောက်လာလျက် ရှိသည်။ ယင်းတို့ကို ရင်ဆိုင်နိုင်ရန်မှာလည်း သမားရိုးကျ တပ်မတော်များအတွက် ပို၍ပို၍ခက်ခဲလာသည်။ ခေတ်သစ်အခြေအနေအရ ဤတပ်မတော်ကြီးများသည် မိမိကိုယ် ကိုပင် မနည်းသယ်ယူနေရသော ဒိုင်နိုဆောများနှင့် တူသည်



ဆို၏။ ယင်းတို့၏ ပြိုင်ဘက်များဖြစ်သည့် ဖော်ပြပါ တိုက်ခိုက် ရေးသမားများမှာမူ ရှင်သန်လွတ်မြောက်နိုင်စွမ်း ကြီးမားပြီး ၎င်းတို့၏ သေးငယ်သော သွားထက်ထက်ဖြင့် ထိရောက်စွာ တိုက်ခိုက်နိုင်သည့် ကြွက်များနှင့် တူသည် ဆို၏။

## မည်သည့်နည်းလမ်းများ အသုံးပြု၍ တိုက်မည်နည်း

အနာဂတ်စစ်ပွဲများအား မည်သို့မည်ပုံတိုက်ခိုက်ကြမည် နည်းဟု ဆွေးနွေးမည်ဆိုပါက အမေရိကန်တို့၏ ယူဆချက်ကို ပစ်ပယ်၍ မရပါ။ အကြောင်းမှာ ဤကိစ္စတွင် အမေရိကန်တို့က အခြားနိုင်ငံများထက် တွေးခေါ်မြော်မြင်မှု ရှေ့ပြေးနေခြင်းကြောင့် ဖြစ်သည်။ အမေရိကန်တို့က အနာဂတ်တွင် ဖြစ်လာမည့် စစ်ပွဲ ပုံစံများကို ဟောကိန်းထုတ်ရာ၌ အဓိကအားဖြင့် သတင်းစစ်၊ တိကျစစ် (Precision Warfare)၊ ပူးတွဲစစ်ဆင်ရေးနှင့် စစ် မဟုတ်သော စစ်ဆင်ရေးများဟု ခွဲခြားထားသည်။ နောက်ဆုံး အချက်ဖြစ်သော စစ်မဟုတ်သော စစ်ဆင်ရေးဆိုသည်မှာ လွန်စွာ ပင် ကျယ်ပြန့်လှပေသည်။ အမေရိကန်တို့၏ စိတ်ကူးကောင်းပုံ၊ လက်တွေ့ကျပုံကို အသိအမှတ်ပြုရပေမည်။ ၎င်းတို့ မျှော်တွေး သော စစ်ပွဲပုံစံ (၄)မျိုးအနက် ပူးတွဲစစ်ဆင်ရေးတစ်မျိုးသာ သမားရိုးကျ စစ်ရေးအတွေးအခေါ်ဆန်ပေသည်။ အခြား (၃)မျိုးမှာ စစ်ဘက်ဆိုင်ရာ တွေးခေါ်မြော်မြင်မှု အသစ်များမှ ပေါ်ထွန်း လာခြင်းဖြစ်သည်။

အမေရိကန် ကြည်းတပ်မတော် ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Gordon R. Sullivan က အနာဂတ်စစ်ပွဲများ၌ သတင်းစစ်သည်

အခြေခံအကျဆုံး စစ်တိုက်နည်းဖြစ်မည်ဟု ဆို၏။ ဤယူဆချက်ကို အခြေခံ၍ ၎င်းက အမေရိကန်ပြည်ထောင်စုတွင်လည်းကောင်း၊ ကမ္ဘာပေါ်တွင်လည်းကောင်း အကောင်းဆုံးသော ဒစ်ဂျစ်တယ်လ်တပ်ဖွဲ့ကို ထူထောင်လိုက်၏။ ၎င်းအပြင် တိကျစစ် (Precision Warfare) နှင့် ပတ်သက်၍လည်း ၎င်းက အနာဂတ်တွင် သတင်းအချက်အလက် တွက်ထုတ်ခြင်းနှင့် လျှို့ဝှက်စွာ တာဝေးတိုက်ခိုက်ခြင်းများသည် အဓိက အခြေခံများဖြစ်လာလိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့သည်။ အမေရိကန်တို့အတွက် တိကျပစ်ခတ်နိုင်သော ပဲ့ထိန်းလက်နက်များ၊ GPS၊ C4I စသော စနစ်များ၊ Stealth လေယာဉ်များ၊ အဆင့်မြင့် လက်နက်စနစ်များသည် ၎င်းတို့ အလွန်စိုးရွံ့သည့် အမှည့်ခြွေစစ်မျိုးကို ရှောင်လွှဲရန် အကောင်းဆုံးနည်းလမ်းများ ဖြစ်၏။

တိကျစစ် (Precision Warfare) ကို အမေရိကန်တို့က "မထိတွေ့ဘဲ တိုက်ခိုက်ခြင်း" (Non-contact Attack) ဟု ခေါ်ပြီး ရုရှားတို့က "အလှမ်းဝေး တိုက်နည်း" (Remote Combat) ဟု ခေါ်ဆိုကြသည်။ ဤစစ်သည် ဖုံးကွယ်မှုရှိခြင်း၊ လျင်မြန်ခြင်း၊ တိကျခြင်း၊ ထိရောက်မှုမြင့်မားခြင်း၊ မလိုအပ်သော ဘေးပန်းထိခိုက်ပျက်စီးမှု နည်းခြင်းဟူသော အင်္ဂါရပ်များနှင့် ပြည့်စုံသည်။ အနာဂတ်စစ်ပွဲများတွင် စစ်ပွဲ၏ အရှုံးအနိုင်ကို စစ်ပွဲစတင်ပြီး မကြာမီပင် အဖြေပေါ်နိုင်ပြီဖြစ်သည်။ ဤတိကျစစ်၏ အစွမ်းကို ပင်လယ်ကွေ့စစ်ပွဲအတွင်း ကောင်းစွာ အရသာသိခဲ့သော အမေရိကန်ဗိုလ်ချုပ်များအနေဖြင့် ဤနည်းလမ်းကိုသာ ဝမ်းမြောက်ဝမ်းသာ ကျင့်သုံးတိုက်ခိုက်ကြမည် ဖြစ်သည်။



"စစ်မဟုတ်သော စစ်ဆင်ရေးများ" ဟူသော စကားရပ်သည် လွန်စွာမှ စိတ်ကူးကောင်းစွာ တီထွင်ထားသော ဝေါဟာရဖြစ်သည်ဟု ဆိုနိုင်၏။ "ကမ္ဘာ့အကျိုးစီးပွား" ဟု အမည်တပ်အကြောင်းပြကာ နေရာတကာ ဝင်စွက်လိုသော အမေရိကန်တို့၏ ဆန္ဒသဘောထားနှင့်လည်း ကိုက်ညီ၏။ အမေရိကန်တို့၏ "တစ်ကမ္ဘာလုံးတာဝန် ဒို့တာဝန်"ဟူသော သဘောထားနှင့်လည်း ကိုက်ညီ၏။ အမေရိကန်တို့အလိုကျ စဉ်းစားတွေးခေါ်ထားသော စစ်ပွဲပုံစံဖြစ်သော်လည်း နှစ်ဆယ်ရာစုနှောင်းပိုင်းနှင့် နှစ်ဆယ့်တစ်ရာစုအစပိုင်း ကမ္ဘာ့အခြေအနေအရပ်ရပ်မှာ ဤ "စစ်မဟုတ်သော စစ်ဆင်ရေးများ" ဟူသော ခေါင်းစဉ်တွင် အကျုံးဝင်နေ၏။ ဤဝေါဟာရကြောင့် စစ်သားတို့အတွက် စစ်မြေပြင်တစ်ခုတည်း၌သာ အာရုံထား စိတ်ဝင်စားနေ၍ မရတော့ဘဲ ယနေ့ကာလ ပြဿနာများ၏ ကျယ်ပြန့်သော သဘောကို မစဉ်းစားဘဲ မနေနိုင်အောင် ဖြစ်လာစေ၏။ ယင်းအတွက် ယနေ့ စစ်သားတို့သည် ငြိမ်းချမ်းမှုထိန်းသိမ်းရေး၊ မူးယစ်ဆေးဝါးနှိမ်နင်းရေး၊ အဓိကရုဏ်းနှိမ်နင်းရေး၊ စစ်ရေးအကူအညီ၊ လက်နက်ထိန်းချုပ်ရေး၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး၊ စစ်ဘေးစစ်ဒဏ်သင့်သော ဒေသမှ အရပ်သားများ ကယ်တင်ရွှေ့ထုတ်ရေး၊ အကြမ်းဖက်သမားများ နှိမ်နင်းရေး စသည့် လုပ်ငန်းမျိုးစုံတွင် ပါဝင်လာကြရသည်။ သို့ရာတွင် ယနေ့စစ်သားများသည် စစ်ပွဲမဟုတ်သည့် တိုက်ခိုက်မှုများကို ရင်ဆိုင်နိုင်စွမ်း မရှိသေးဟု ဆိုရမည်။

"စစ်ပွဲမဟုတ်သော စစ်ဆင်ရေးများ" (Military Operations Other than War-MOOTW) နှင့် "စစ်မဟုတ်သော တိုက်ခိုက်မှုများ" (Non Military War Operations) တို့သည်

အခြေခံသဘောတရားအားဖြင့် များစွာကွာခြားလှပေသည်။ "စစ်ပွဲမဟုတ်သည့် စစ်ဆင်ရေးများ" ဆိုသည်မှာ စစ်ပွဲမဟုတ်သည့်၊ စစ်ပွဲမဖြစ်ပွားသည့် အခြေအနေမျိုးတွင် စစ်သားများ တာဝန်ယူဆောင်ရွက်ကြရသည့် လုပ်ငန်းများဖြစ်၏။ "စစ်မဟုတ်သော တိုက်ခိုက်မှုများ" ဆိုသည်မှာကား စစ်ပွဲသဘောတရားထက် ပိုမိုကျယ်ပြန့်သည်။ လူသားဟူသည် မိမိ၏ ရည်မှန်းချက်၊ လိုလားချက် အောင်မြင်ထမြောက်ရန်အတွက် ရရာနည်းလမ်းပေါင်းစုံကို အသုံးပြုမည်ဟု ဆိုခြင်းဖြစ်သည်။ ဤနေရာတွင် စစ်ဘက်ဆိုင်ရာ တွေးခေါ်မြော်မြင်မှု သဘောတရား၌ ရှေ့ပြေးနေပါသည်ဆိုသော အမေရိကန်တို့ လက်မခံနိုင်၊ နားမလည်နိုင်သည့် စစ်ပွဲမျိုးဖြစ်သည်ကို သတိပြုရပါမည်။ သို့ရာတွင် ဤ "စစ်မဟုတ်သော တိုက်ခိုက်မှုများ" အယူအဆ ပေါ်ပေါက်လာရသည်မှာ အမေရိကန်ပုံစံ "လက်တွေ့ကျကျဝါဒ" တစ်ကမ္ဘာလုံးသို့ ပြန့်ပွားလာခြင်းနှင့် အဆင့်မြင့်နည်းပညာများ ပေါ်ပေါက်လာမှုတို့သည် အဓိက တွန်းအားများ ဖြစ်သည်။

ဤသို့ဆိုလျှင် "စစ်မဟုတ်သော တိုက်ခိုက်မှုများ" အယူအဆအရ မည်သည့်နည်းလမ်းများအား ကမ္ဘာပေါ်တွင် အများဆုံး ကျင့်သုံးလာကြမည်ပေနည်း။

**ကုန်သွယ်ရေးစစ်။** ။ပထမဆုံးနည်းမှာ ကုန်သွယ်ရေးစစ် (Trade War) ဖြစ်၏။ လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုခန့်အထိ ဤကုန်သွယ်ရေး စစ်ဆိုသည်မှာ တင်စားသုံးနှုန်းသော စကားရပ်တစ်ခုသာ ဖြစ်ခဲ့၏။ ယနေ့တွင်မူ နိုင်ငံအတော်များများ၏ "စစ်မဟုတ်သော တိုက်ခိုက်နည်းများ" ဖြစ်နေပေသည်။



အထူးသဖြင့် ကုန်သွယ်မှု ကျွမ်းကျင်သော အမေရိကန်တို့က ဤနည်းကို အနုပညာတစ်ရပ်သဖွယ် ဖန်တီးအသုံးချနိုင်ကြ၏။ လုပ်ဆောင်သော နည်းလမ်းများမှာ ပြည်တွင်းမှ ကုန်သွယ်ရေးဥပဒေကို နိုင်ငံတကာဥပဒေဖြစ်အောင် လုပ်ခြင်း၊ ကုန်သွယ်မှုအတားအဆီးများ ထူထောင်ခြင်းနှင့် ပယ်ဖျက်ခြင်း၊ ကမန်းကတမ်းပြဋ္ဌာန်းသော ကုန်သွယ်ရေး ပိတ်ဆို့မှုဥပဒေအား အသုံးချခြင်း၊ အရေးကြီးသည့် စက်မှုနည်းပညာများ တင်ပို့ရောင်းချမှုကို ပိတ်ပင်ကန့်သတ်ခြင်း၊ အထူးအခွင့်အရေးရ နိုင်ငံ (Most Favoured Nation) သတ်မှတ်ခြင်းကို လက်နက်ကိရိယာတစ်ခုသဖွယ် အသုံးချခြင်းတို့ဖြစ်သည်။ ဤနည်းလမ်းအားလုံးသည် စစ်ရေးတိုက်ခိုက်မှုတစ်ခုကဲ့သို့ပင် ပျက်စီးဆုံးရှုံးစေနိုင်သော အစွမ်းရှိသည်။ အီရတ်နိုင်ငံအား (၈)နှစ်ကြာ ကုန်သွယ်ရေးပိတ်ဆို့မှုမှာ ဤနည်းလမ်း၏ ထိရောက်ပုံ သာဓကပင် ဖြစ်၏။

**ဘဏ္ဍာရေးစစ်။** ။ဒုတိယနည်းမှာ ဘဏ္ဍာရေးစစ်ဖြစ်သည်။ အရှေ့တောင်အာရှ ဘဏ္ဍာရေးအကြပ်အတည်းကြောင့် အထိအနာဆုံး နိုင်ငံများမှာ အရှေ့တောင်အာရှနိုင်ငံများဖြစ်သည်။ ၎င်းတို့မှာ စီးပွားရေးအရ ထိခိုက်နစ်နာပါသည်ဟုပင် မဆိုနိုင်၊ စီးပွားရေး ဘုန်းဘုန်းလဲသွားသည့် အခြေအနေအထိ လည်ပင်းဖြတ်ခံရသည်ပင် ခံစားလိုက်ကြရသည်။ ဘဏ္ဍာငွေအမြောက်အမြားကို ရွှေ့ပြောင်းနိုင်သည့် ရင်းနှီးမြှုပ်နှံမှုများအဖြစ် ပိုင်ဆိုင်ထားသူများက စနစ်တကျ ပြင်ဆင်တိုက်ခိုက်မှုများကြောင့် တစ်ချိန်က ကျားပေါက်များ၊ နဂါးပေါက်များဟု ချီးမွမ်းဂုဏ်ပြုခံခဲ့ရသော အာရှနိုင်ငံ အများအပြားမှာ တစ်နိုင်ငံမှ တစ်နိုင်ငံ

မြေပေါ်သို့ ဘုန်းဘုန်းလဲကျခဲ့ရသည်။ တစ်ပွဲတည်းဖြင့်ပင် နိုင်ငံအချို့၏ စီးပွားရေးအခြေအနေမှာ ဆယ်နှစ်ခန့် နောက်ပြန်ဆုတ်သွားခဲ့သည်။ ပို၍ ဆိုးသည်မှာ ဤစီးပွားရေးဂယက်ကြောင့် လူမှုရေးနှင့် နိုင်ငံရေးဂယက်များပါ ဆက်တိုက်တွေ့ကြုံ ခံစားကြရခြင်းဖြစ်၏။ ဤဘဏ္ဍာရေး တိုက်ခိုက်မှုကြောင့် ပျက်စီးဆုံးရှုံးမှု ပမာဏမှာ ဒေသတွင်း စစ်ပွဲတစ်ပွဲကြောင့် ပျက်စီးဆုံးရှုံးရမှုထက် မလျော့ချေ။ နိုင်ငံမဟုတ်သော အဖွဲ့အစည်းများက ၎င်းတို့၏ ပထမဦးဆုံးသော စစ်ပွဲတွင် စစ်အင်အားမသုံး၊ စစ်ရေးနည်းလမ်းမသုံးဘဲ အချုပ်အခြာအာဏာပိုင် နိုင်ငံများကို တိုက်ခိုက်ခြင်း ဖြစ်၏။ သို့အတွက် ဘဏ္ဍာရေးစစ်သည် စစ်မဟုတ်သော တိုက်ခိုက်နည်းတစ်ရပ်ဖြစ်၍ သွေးထွက်သံယို မရှိသော်လည်း တကယ့်စစ်ပွဲတစ်ရပ်ကဲ့သို့ ပျက်စီးဆုံးရှုံးစေနိုင်သော စွမ်းအားရှိကြောင်း ထင်ရှားပေသည်။ ဘဏ္ဍာရေးစစ်သည် ကမ္ဘာ့ဇာတ်ခုံပေါ်သို့ ထင်ထင်ရှားရှား တက်ရောက်လာပြီဖြစ်၏။ ဤဇာတ်ခုံကား နှစ်ပေါင်း ထောင်ပေါင်းများစွာပင် စစ်သားများ၊ လက်နက်များ၊ သွေးနှင့် သေကြေဆုံးရှုံးမှုများက အပိုင်စီးထားသော ဇာတ်ခုံဖြစ်၏။ မကြာမီပင် ဤဘဏ္ဍာရေးစစ်ဟူသော စကားရပ်သည် စစ်သုံးဝေါဟာရတစ်ခု ဖြစ်လာပေတော့မည်။ နှစ်ဆယ့်တစ်ရာစုအတွင်း၌ နှစ်ဆယ်ရာစုအကြောင်း သမိုင်းစာအုပ်များ ပြုစုကြသည့်အခါ ဤဘဏ္ဍာရေးစစ်အကြောင်း ရေးသားထားသည့် အခန်းသည် စာဖတ်သူကို အဆွဲဆောင်ဆုံးအခန်း ဖြစ်ပေလိမ့်မည်။ အဓိက ဇာတ်ကောင်မှာ နိုင်ငံရေးခေါင်းဆောင်လည်း မဟုတ်၊ စစ်ပါရဂူလည်း မဟုတ်သော ဂျော့ဂျ်ဆောရော့စ်ပင် ဖြစ်ပေလိမ့်မည်။ ကေန်စင်စစ်အားဖြင့် ဂျော့ဂျ်ဆောရော့စ်သည် ဘဏ္ဍာ



ရေးဆိုင်ရာ အားလုံးကို တစ်ဦးတည်း လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားနိုင်သူ မဟုတ်ချေ။ ဆောရော့စ်မတိုင်မီက အနောက်ဂျာမန်ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးလ်သည် ဂျာမန်မတ်ငွေများ အသုံးပြု၍ ဘာလင်တံတိုင်းကြီးကို ဖြိုချနိုင်ခဲ့သည်။ အရှေ့တောင်အာရှဒေသအား ဆောရော့စ်က တိုက်ခိုက်ပြီးသည့် အချိန်တွင် ထိုင်ဝမ်သမ္မတ လီတန်ဟွေးသည် ထိုင်ဝမ်ဒေါ်လာကို တန်ဖိုးချကာ ဟောင်ကောင် ဒေါ်လာနှင့် ဟောင်ကောင် စတော့ရှယ်ယာများကို တိုက်ခိုက်ခဲ့သည်။ ဤကိစ္စမျိုးတွင် Morgan Stanley နှင့် Moody's စသော နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများ၏ အန္တရာယ်မှာ မသေးပေ။ ၎င်းတို့၏ နှစ်စဉ် ထုတ်ပြန်သော ဘဏ္ဍာရေး အစီရင်ခံစာများက ဘဏ္ဍာရေးစစ်ဖြင့် တိုက်ခိုက်ရန် ကောင်းမည့် ပစ်မှတ်များကို အလိုအလျောက် ဖော်ပြလေ့ရှိတတ်သည်။

အထက်ဖော်ပြပါ ဘဏ္ဍာရေးစစ်ဖြစ်ပွားပြီး တစ်နှစ်အကြာ ၁၉၉၈ ခုနှစ်တွင် နောက်ထပ် ဘဏ္ဍာရေးစစ်ပွဲတစ်ပွဲ ဖြစ်ပွားပြန်သည်။ ဤတစ်ချီတွင် ဂျပန်နှင့် ရုရှားတို့ ပါဝင်လာ၏။ ဤစစ်ပွဲကြောင့် ကမ္ဘာ့စီးပွားရေးအခြေအနေမှာ ထိန်းမရအောင်ဖြစ်သွားခဲ့၏။ ဤတစ်ပွဲတွင်မူ ဂျော့ဂျ်ဆောရော့စ်အနေဖြင့် အထိနာသွားပြီး ဒေါ်လာ နှစ်ဘီလျံမှ သုံးဘီလျံထိ ဆုံးရှုံးခဲ့ရကြောင်းသိရသည်။ ဤသည်ကိုကြည့်လျှင် ဘဏ္ဍာရေးစစ်၏ ပျက်စီးဆုံးရှုံးစေနိုင်သော စွမ်းအားပမာဏကို သိသာစေပေသည်။

ယနေ့ကာလတွင် ချူကလီးယား လက်နက်များသည် တစ်နေ့တခြား အသုံးမဝင် အရေးမပါတော့သည့်သဘော ရှိလာသည်။ ၎င်းအစား ဘဏ္ဍာရေးစစ်က "မဟာဗျူဟာလွှန်လက်နက်"

(Hyperstrategic Weapon) အဖြစ် ရောက်ရှိလာသည်သာမက တစ်ကမ္ဘာလုံးက အာရုံစူးစိုက်လာသော လက်နက်တစ်မျိုးလည်း ဖြစ်လာသည်။ အကြောင်းမှာ ဘဏ္ဍာရေးစစ်ကို အလွယ်တကူ ဆင်နွှဲနိုင်ခြင်း၊ လက်သည်တရားခံမသိအောင် ဖုံးကွယ်နိုင်ခြင်းနှင့် ထိရောက်မှုပြင်းထန်ခြင်းတို့ကြောင့် ဖြစ်၏။ အယ်လ်ဘေးနီးယားနိုင်ငံတွင် ဖြစ်ပွားသော အရေးအခင်းကိုကြည့်ပါက နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများ၏ ဓနအင်အားသည် နိုင်ငံများ၏ ဓနအင်အားထက် များစွာအင်အားကြီးမားကြောင်း သိသာနိုင်သည်။ ဤအဖွဲ့များက မီဒီယာကိုလည်းကောင်း၊ နိုင်ငံရေးအဖွဲ့အစည်းများ၏ ကျောထောက်နောက်ခံ စီးပွားရေး အဖွဲ့အစည်းများကိုလည်းကောင်း ချုပ်ကိုင်ထားနိုင်ကာ နိုင်ငံတစ်နိုင်ငံကို လုံး၀ပြိုလဲသွားစေနိုင်သည်။ တရားဝင် ရွေးချယ်တင်မြှောက်ထားသည့် အစိုးရတစ်ရပ်ကိုလည်း ပြုတ်ကျသွားစေနိုင်သည်။ ဤစစ်ပွဲပုံစံမျိုးကို "ငွေကြေးအုပ်စုဖြင့် ဆင်နွှဲသည့် ဘဏ္ဍာရေးစစ်" (Foundation-Style Financial War) ဟု အမည်ပေးလိုက ပေးနိုင်၏။ ဤစစ်ပွဲမျိုး ဖြစ်ပွားသော အကြိမ်များလာခြင်း၊ ပြင်းထန်ခြင်း၊ နိုင်ငံများနှင့် နိုင်ငံမဟုတ်သော အဖွဲ့အစည်းများက ဤနည်းလမ်းကို ရည်ရွယ်ချက်ရှိရှိဖြင့် ပို၍ပို၍ အသုံးချလာနိုင်ခြင်းတို့က နိုင်ငံများအတွက် အလွန်စိုးရိမ်ဖွယ်ကောင်းသော အန္တရာယ်တစ်ရပ်ဖြစ်လာပေသည်။

**အကြမ်းဖက်စစ်ပွဲပုံစံသစ်နှင့် သမားရိုးကျ အကြမ်းဖက်စစ် ကွာခြားပုံ။** ။သမားရိုးကျအကြမ်းဖက်စစ်တွင် ကန့်သတ်ချက်များ ရှိခြင်းကြောင့် ယင်းစစ်ပွဲကြောင့် ဖြစ်ပေါ်ရသော



ပျက်စီးဆုံးရှုံးမှုများမှာ သမားရိုးကျ စစ်ပွဲတစ်ခုထက် များစွာနည်းပါးသည်။ မည်သို့ပင်ဆိုစေ သမားရိုးကျအကြမ်းဖက်စစ်တွင် "အကြမ်းဖက်မှု" တည်းဟူသော အနှစ်သာရ ပါဝင်နေသည်။ တစ်ဖန် သမားရိုးကျ အကြမ်းဖက်စစ်အား ဆင်နွှဲရာ၌ လူ့အဖွဲ့အစည်းက ချမှတ်ထားသည့် မည်သို့သော ကျင့်ဝတ်စည်းကမ်းဥပဒေသကိုမျှ လိုက်နာခြင်းမရှိချေ။ စစ်ရေးရှုထောင့်မှ ကြည့်မည်ဆိုပါက သမားရိုးကျ အကြမ်းဖက်စစ်သည် အကန့်အသတ်ဖြင့်သာ ရရှိနိုင်သော အရင်းအမြစ်များကို အသုံးပြု၍ အကန့်အသတ်မရှိသည့် စစ်ပွဲကို ဆင်နွှဲခြင်းဖြစ်၏။ သို့အတွက်ကြောင့် သမားရိုးကျ တပ်မတော်များအနေဖြင့် ဤစစ်ပွဲမျိုးကို ရင်ဆိုင်ရန် ခဲယဉ်းသည်။ စစ်ပွဲမစတင်ချိန်မှာပင် သမားရိုးကျ တပ်မတော်များဘက်က တစ်ပန်းရှုံးနေပြီဖြစ်၏။ အကြောင်းမှာ သမားရိုးကျ တပ်မတော်များသည် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရသဖြင့် စစ်ကို အကန့်အသတ်ဖြင့်သာ ဆင်နွှဲနိုင်သည်။ သို့အတွက်လည်း အတွေ့အကြုံမရှိသူ အနည်းငယ်မျှဖြင့်သာ ဖွဲ့စည်းထားသည့် အကြမ်းဖက်အဖွဲ့အစည်းငယ်တစ်ခုက အမေရိကန်ကဲ့သို့ နိုင်ငံကြီးတစ်ခုအား ခေါင်းခဲစေနိုင်ခြင်းဖြစ်သည်။ ပုရွက်ဆိတ်ကို တူဖြင့် ထုသည့်နည်းဟု သရော်ခံရခြင်း ဖြစ်ပေသည်။

ပြီးခဲ့သော ကမ္ဘာတစ်ဝန်း အကြမ်းဖက်မှု ဖြစ်စဉ်များကို ကြည့်ပါက ဘင်လာဒင်ပုံစံ အကြမ်းဖက်မှုမျိုးသည် မည်မျှအင်အားကြီးမားသော တပ်မတော်တစ်ရပ်ကိုဖြစ်စေ မည်သည့်နည်းနှင့်မျှ အသာစီးမရစေနိုင်ကြောင်း လက်တွေ့ပြသလိုက်ခြင်း ဖြစ်ပေသည်။ နိုင်ငံတစ်နိုင်ငံကိုယ်တိုင်က အလားတူ အကြမ်းဖက်မှု

နည်းလမ်းမျိုး ပြောင်းလဲကျင့်သုံးတိုက်ခိုက်မည်ဆိုသည့်တိုင် ယနေ့ အမေရိကန်တို့ ကြုံတွေ့ခံစားနေရသကဲ့သို့ပင် မည်သို့မျှ အောင်မြင် နိုင်ခြေမရှိပါ။ အကယ်၍သာ အကြမ်းဖက်သမား အားလုံးက သမားရိုးကျ အကြမ်းဖက်နည်းလမ်းများ ဖြစ်သည့် ဗုံးခွဲခြင်း၊ ပြန်ပေးဆွဲခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်း၊ လေယာဉ်ပြန်ပေးဆွဲခြင်း နည်းလမ်းများကို ကျင့်သုံးပါမူ အန္တရာယ်မှာ ဤမျှကြီးမားခြင်း ရှိမည်မဟုတ်ပေ။ လူအများက အကြမ်းဖက်မှုကို ကြောက်ရွံ့ ကြရခြင်း၏ အဓိက အကြောင်းရင်းမှာ အကြမ်းဖက်သမားများ လက်ဝယ်သို့ အဆင့်မြင့်နည်းပညာများ ရောက်ရှိသွားပြီး လွန်စွာ အန္တရာယ်ကြီးမားသည့် လက်နက်များ ပေါ်ပေါက်သုံးစွဲခြင်းကို ကြောက်ရွံ့ကြခြင်း ဖြစ်၏။ တိုကျို မြေအောက်ရထားဘူတာ၌ အုံရှင်အဖွဲ့က ဆာရင်အဆိပ်ငွေ့ဖြင့် တိုက်ခိုက်မှုတွင် သေကြေ ထိခိုက်မှု အနည်းငယ်သာ ရှိခဲ့သည်။ သို့ရာတွင် လူအများ သတိ ပြုမိသွားသောအချက်မှာ ခေတ်သစ်နည်းပညာများ အကြမ်းဖက် သမားတို့လက်ဝယ်ရောက်ရှိနေပြီး လူသားမျိုးနွယ်ကို ဖျက်ဆီးပစ် နိုင်မည့် အခွင့်အလမ်းများ ရရှိနေပြီဆိုသော အချက်ဖြစ်ပေသည်။

နောက်ထပ် အကြမ်းဖက်သမားအဖွဲ့အစည်းမျိုးမှာ အီတလီ နိုင်ငံမှ (Flaange Armed Forces) အမည်ခံ အဆင့်မြင့် နည်း ပညာသုံး အကြမ်းဖက်အဖွဲ့ဖြစ်၏။ ၎င်းတို့၏လုပ်ရပ်မှာ တစ်မူ ထူးခြားပေ၏။ ၎င်းတို့သည် ဘဏ်များနှင့် မီဒီယာအဖွဲ့အစည်း များ၏ ကွန်ပျူတာကွန်ရက်များကို ထိုးဖောက်ပြီး သိမ်းဆည်း ထားသော အချက်အလက်များအား ခိုးယူခြင်း၊ ပရိုဂရမ်များအား ဖျက်ပစ်ခြင်း၊ မမှန်သတင်းများ ဖြန့်ချိခြင်းတို့ကို ပြုလုပ်လေ့ ရှိသည်။ ဤသည်မှာ ကွန်ပျူတာကွန်ရက်များနှင့် မီဒီယာများကို



အကြမ်းဖက်တိုက်ခိုက်သည့် ပုံစံသစ်ဖြစ်၏။ ဤအကြမ်းဖက်မှု မျိုးသည် နောက်ဆုံးပေါ် နည်းပညာများကို အသုံးပြုပြီး လူ့ အဖွဲ့အစည်းကို ထိခိုက်နစ်နာအောင် တိုက်ခိုက်ခြင်းဖြစ်၍ ယင်း တို့အား အကြမ်းဖက်စစ်ပွဲပုံစံသစ်ဟု အမည်တပ်နိုင်ပေသည်။

**သဘာဝဝန်းကျင် ဖျက်ဆီးစစ်။** ။(Ecological War) သဘာဝဝန်းကျင် ဖျက်ဆီးစစ်ဆိုသည်မှာ ခေတ်မီနည်းပညာများ အသုံးပြု၍ မြစ်၊ ချောင်း၊ ပင်လယ်၊ ကမ္ဘာ့ပထဝီအနေအထား၊ ရေခဲပြင်များ၊ လေထုနှင့် အိုဇုန်းလွှာတို့ကို ပြောင်းလဲစေရန် ဖျက်ဆီးသည့် “စစ်ပွဲမဟုတ်သည့် စစ်တိုက်နည်း” မျိုး ဖြစ်သည်။ ငလျင်လှုပ်စေခြင်း၊ မိုးရွာသွန်းစေခြင်း၊ လေထုအပူချိန်ပြောင်းလဲ စေခြင်း၊ လေထုအတွင်း ဒြပ်ပစ္စည်းများ ပါဝင်ဖွဲ့စည်းမှု ပြောင်းလဲ စေခြင်း၊ ပင်လယ်ရေမျက်နှာပြင်အမြင့် ပြောင်းလဲစေခြင်း၊ နေ ရောင်ခြည်ကျရောက်မှုပုံစံ ပြောင်းလဲစေခြင်းတို့ဖြင့် ကမ္ဘာ မြေကြီး၏ ပတ်ဝန်းကျင်သဘာဝကို ပြောင်းလဲစေကာ ရာသီဥတု နှင့်တကွ ပတ်ဝန်းကျင်အခြေအနေသစ်တစ်မျိုးအား ဖြစ်ပေါ်စေ ခြင်းတို့ ဖြစ်သည်။ များမကြာမီကာလ၌ပင် လူလုပ် အယ်လ်နီညို နှင့် လာနီညာ ဘေးအန္တရာယ်များကို “အားလွန်လက်နက်” (Super Weapons) များအဖြစ် နိုင်ငံများက ဖြစ်စေ၊ နိုင်ငံမဟုတ် သော အဖွဲ့အစည်းများက ဖြစ်စေ၊ ယင်းတို့နှစ်ဦး ပူးပေါင်း၍ ဖြစ်စေ ဖော်ထုတ်အသုံးပြုလာကြလိမ့်မည်ဟု မျှော်မှန်းရပါသည်။ နိုင်ငံမဟုတ်သော အဖွဲ့အစည်းများ၏ အကြမ်းဖက်မှုဆန်သော သဘာဝကြောင့် “သဘာဝဝန်းကျင် ဖျက်ဆီးစစ်”ကို ယင်းတို့က စတင်အသုံးပြုဖွယ် အလားအလာ ပိုများပေသည်။ အကြောင်းမှာ

၎င်းတို့သည် လူထုအပေါ်တွင်လည်းကောင်း၊ လူ့အဖွဲ့အစည်း အပေါ်တွင်လည်းကောင်း မည်သို့မျှ တာဝန်မရှိဟု ခံယူထားကြပြီး ယင်းအဖွဲ့အစည်းများ၏ လုပ်ရပ်များကို ကြည့်လျှင်လည်း ၎င်းတို့သည် မည်သည့်စည်းကမ်းဥပဒေသကိုမျှ လိုက်နာရသူများ မဟုတ်ကြောင်း သက်သေပြခဲ့ကြပြီးဖြစ်၏။ ယနေ့ကာလမှာ နိုင်ငံအများအပြားသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အပူတပြင်း ယှဉ်ပြိုင်နေကြသည့် ကာလဖြစ်ရာ ကမ္ဘာ့ပတ်ဝန်းကျင်အခြေအနေမှာ စိုးရိမ်ဖွယ်ရာ အခြေအနေသို့ ရောက်ရှိလာသည်။ သို့အတွက် ကမ္ဘာ့ဝန်းကျင်အား အနည်းငယ်မျှသော ပြောင်းလဲစေမှုသည် ကြီးမားသော သဘာဝဘေးဒဏ်များ ကျရောက်ကာ ကမ္ဘာ ပျက်ကိန်း ကြုံရနိုင်ပေသည်။

စစ်မဟုတ်သောစစ် ဆင်နွှဲရာ၌ အထက်တွင် ဖော်ပြခဲ့သော နည်းလမ်းများအပြင် အခြားသော နည်းလမ်းပေါင်းများစွာလည်း ရှိပေသေးသည်။ အချို့နည်းလမ်းများမှာ ယနေ့ ရှိပြီးဖြစ်ကာ အချို့မှာ အနာဂတ်တွင် ပေါ်ပေါက်လာနိုင်သော နည်းလမ်းများ ဖြစ်သည်။ ယင်းနည်းလမ်းများ၌ အောက်ဖော်ပြပါတို့ ပါဝင် နိုင်ပါသည်–

(က) စိတ်ဓာတ်စစ်ဆင်ရေး (တစ်ဖက်ရန်သူကို အခြေ ယိုင်စေရန်အတွက် ကောလာဟလများ ထုတ်လွှင့်ကာ ၎င်း၏ စိတ်ဓာတ်ကို ဖြိုလဲနည်း)။

(ခ) မှောင်ခိုစစ်ဆင်ရေး (မှောင်ခိုနည်းဖြင့် ဈေးကွက်များကို ကမောက်ကမ ဖြစ်စေကာ စီးပွားရေးကို ဖျက်ဆီးခြင်း)။



(ဂ) မီဒီယာစစ်ဆင်ရေး (လူထုနေ့စဉ် မြင်နေ ကြားနေ ရသည်များကို မိမိ လိုရာဆွဲ ဖန်တီးပြောင်းလဲ ဖော်ပြပေးခြင်းဖြင့် လူထု၏ အမြင်ကို ချုပ်ကိုင် ခြင်း)။

(ဃ) မူးယစ်ဆေးဝါး စစ်ဆင်ရေး (အခြားနိုင်ငံများ၌ မူးယစ်ဆေးဝါးပြန့်ပွားစေခြင်းဖြင့် နစ်နာပျက်စီးမှု များဖြစ်ပေါ်စေကာ မိမိတွင် ကြီးမားသော အကျိုး အမြတ်များ ရယူခြင်း)။

(င) ကွန်ပျူတာကွန်ရက်စစ် (ကွန်ပျူတာကွန်ရက်များ ၏ နောက်ကွယ်မှ ပုန်းလျှိုး၍ တစ်ဖက်ရန်သူကို ထိုးဖောက်တိုက်ခိုက်ခြင်း)။

(စ) နည်းပညာစစ်ဆင်ရေး (Technological Warfare) (မိမိအလိုကျ စံချိန်စံနှုန်းများ သတ်မှတ်ခြင်းဖြင့် စက်မှုနည်းပညာကို လက်ဝါးကြီးအုပ်ခြင်း)။

(ဆ) အတုအယောင်စစ်ဆင်ရေး (Fabrication Warfare) (ရန်သူ့မျက်စိတွင် မိမိ၏ အမှန်တကယ် အင်အားကို ထင်ယောင်ထင်မှားဖြစ်အောင် အတု အယောင်များ ဖန်တီးခြင်း)။

(ဇ) သယံဇာတစစ်ဆင်ရေး (Resource Warfare) (သယံဇာတများကို လက်ဝါးကြီးအုပ် ချုပ်ကိုင် ထားခြင်း)။

(ဈ) စီးပွားရေးအကူအညီစစ်ဆင်ရေး (Economic Aid Warfare) (စီးပွားရေးအကူအညီကို ပြောင်ပြောင်တင်းတင်း ကူညီပေးကမ်းသော်လည်း နောက်ကွယ်မှ လျှို့ဝှက်သဘောတူညီချက်များဖြင့် အကြပ်ကိုင်ထားခြင်း)။

(ည) ယဉ်ကျေးမှု စစ်ဆင်ရေး (Culture Warfare) (ယဉ်ကျေးမှုဆိုင်ရာတွင် ဦးဆောင်ကဏ္ဍမှ ရှိနေစေရန် ကြိုးပမ်းခြင်းဖြင့် သဘောထား မတူညီသူများကို လွှမ်းမိုးရန် ကြိုးပမ်းခြင်း)။

(ဋ) နိုင်ငံတကာ ဥပဒေအားဖြင့် စစ်ဆင်ခြင်း (International Law Warfare) (အခွင့်ကြုံသည်နှင့် မိမိအတွက် အခွင့်သာ အကျိုးရှိစေမည့် နိုင်ငံတကာ ဥပဒေများ ပြဋ္ဌာန်းခြင်း) တို့ ဖြစ်သည်။

အထက်ဖော်ပြပါ စစ်ဆင်နည်းများအပြင် စစ်မဟုတ်သော စစ်ဆင်နည်းပေါင်း မြောက်မြားစွာ ရှိပေသေး၏။ ယနေ့ နည်းပညာ၏ အခြေအနေအရ မရေမတွက်နိုင်အောင် မြောက်မြားလှစွာသော စစ်ဆင်နည်းများ ထွက်ပေါ်လာနိုင်ပေသည်။ မည်သို့ပင် ဖြစ်စေကာမူ ဤကဲ့သို့သော စစ်ဆင်နွှဲနည်းသစ်များနှင့် ခေတ်သစ်နည်းပညာများ ပေါင်းစပ်လိုက်သောအခါ လူသားတို့ တစ်သက်လုံး သိရှိနားလည်ထားသည့် စစ်ပွဲ၏ ပုံစံမှာ လုံးဝ ပြောင်းလဲသွားတော့မည်ဖြစ်၏။ ဤသို့သော စစ်ဆင်နွှဲနည်းများ ပေါ်ပေါက်လာချိန်တွင် မည်သည့်အတွက်ကြောင့် မိမိတို့ဘာသာ



ရေးဆွဲထားသည့် ကန့်သတ်ချက်များ ရှိနေသော သမားရိုးကျ စစ်ဆင်နည်းများကို ဆက်လက်စွဲကိုင်နေဦးမည်နည်း။ ယနေ့ နည်းလမ်းများသည် လက်နက်များ အသုံးပြုရန် မလို၊ စစ်အင်အား သုံးစရာမလို၊ သေကြေထိခိုက်ဒဏ်ရာရမှုလည်း မရှိစေဘဲ စစ်ပွဲ၏ မူလရည်မှန်းချက်များကို ရယူပေးနိုင်စွမ်း ရှိနေကြပေသည်။ သို့အတွက် "စစ်ဟူသည် သွေးစွန်းသော နိုင်ငံရေးဖြစ်သည်" ဟူသော စကားရပ်ကို ပြန်လည်စဉ်းစားကြရတော့မည် ဖြစ်၏။ အလားတူပင် စစ်သည် "ပဋိပက္ခတစ်ခုအား အစွမ်းကုန်အင်အား သုံး၍ ဖြေရှင်းရသည့် နောက်ဆုံးနည်းလမ်း" ဟူသော အချက်သည်လည်း မမှန်ကန်တော့ချေ။ ထင်ရှားနေသော အချက်မှာ စစ်ဆင်နွှဲရန် နည်းလမ်းများ ကျယ်ပြန့်များမြောင်နေခြင်းက စစ်၏အခြေခံ တွေးခေါ်မြော်မြင်မှု သဘောတရားကို ပိုမိုကျယ်ပြန့်လာစေခြင်းဖြစ်၏။ ၎င်းမှ ဆက်၍ စစ်နှင့်ဆက်နွှယ်နေသော လှုပ်ရှားဆောင်ရွက်မှုများ ပိုမိုများပြားရှုပ်ထွေးလာသည်။ အကယ်၍သာ ကျွန်ုပ်တို့သည် ကျဉ်းမြောင်းလွန်းသော အစဉ်အလာ စစ်မြေပြင်ကိုသာ အာရုံထားနေမည်ဆိုပါက အနာဂတ်ကာလတွင် ခြေချနိုင်တော့မည် မဟုတ်ချေ။ နောင်တွင် ဖြစ်ပွားလာမည့် စစ်ပွဲများသည် လက်နက်စွဲကိုင် တိုက်ခိုက်သည့် သဘာဝနှင့် လက်နက်အင်အားမသုံးဘဲ အခြားနည်းလမ်းဖြင့် တိုက်ခိုက်ကြသည့် သဘာဝများ ရောယှက်နေမည်ဖြစ်သည်။

ယနေ့ အစဉ်အလာစစ်ပွဲများ၏ ရည်မှန်းချက်မှာ လက်နက်အင်အားအသုံးပြုသည့် နည်းလမ်းများဖြင့် တစ်ဖက်ရန်သူအား မိမိလိုလားချက်အတိုင်း လက်ခံလာအောင် ဖိအားပေး အကြပ်ကိုင်ရန် ဖြစ်သည်။ ဤအခန်းတွင် ဆွေးနွေးခဲ့သော အထက်ပါ

အချက်များအရ စစ်ပွဲ၏ ရည်မှန်းချက်မှာ "လက်နက်အင်အား အသုံးပြုသည့် နည်းလမ်းဖြစ်စေ၊ လက်နက်အင်အား အသုံးမပြုသည့် နည်းလမ်းဖြစ်စေ၊ စစ်အင်အားအသုံးပြုသည့် နည်းလမ်းဖြစ်စေ၊ စစ်အင်အားအသုံးမပြုသည့် နည်းလမ်းဖြစ်စေ၊ သေကြေထိခိုက်စေသည့် နည်းလမ်းဖြစ်စေ၊ သေကြေထိခိုက်မှုမရှိသည့် နည်းလမ်းများဖြစ်စေ မည်သည့်နည်းလမ်းအားလုံးကိုမဆို အသုံးပြု၍ တစ်ဖက်ရန်သူအား မိမိအတွက် အကျိုးစီးပွားရှိစေမည့် အခြေအနေသို့ ဖိအားပေးရန်" ဟူ၍သာ ဖြစ်သင့်ပေသည်။

## အခန်း (၃)

# ဂန္ထဝင်နှင့် မတူတော့သည့် ဂန္ထဝင်

**"ပင်လယ်ကွေ့စစ်ပွဲ၏ ထူးခြားသော သဘာဝက တော်လှန်သော စစ်မှုရေးရာများအား မောင်းဖြုတ်လိုက်ခြင်း ဟုတ်/မဟုတ် ဆိုသည်မှာ တစ်ဦးချင်း၏ အမြင်ပေါ်၌သာ မူတည်သည်။"**

**Anthony H. Cordesman, Abraham R.Wagner**

စစ်သမိုင်းတစ်လျှောက်မှ အခြားစစ်ပွဲများနှင့် ယှဉ်လျှင် ပင်လယ်ကွေ့စစ်ပွဲသည် အဓိကစစ်ပွဲကြီး တစ်ရပ်ဟု ယူဆနိုင်သည်။ နိုင်ငံပေါင်း ၃၀ ကျော်မှ စစ်အင်အား ၂ သန်းကျော်၊ လေယာဉ်တင်သင်္ဘောအုပ်စု ၆-ခုမှ စစ်ရေယာဉ် ၃၀၀ ကျော်၊ လေယာဉ် ၄၀၀၀၊ တင့် ၁၂၀၀၀ နှင့် သံချပ်ကာ ၁၂၀၀၀ ပါဝင်တိုက်ခိုက်သော စစ်ပွဲကြီးဖြစ်သည်။ စစ်ပွဲကာလ ၄၂ ရက်တွင် ၃၈ ရက်မှာ လေကြောင်းတိုက်ခိုက်မှုများသာ ဖြစ်ပြီး မြေပြင်

စစ်ဆင်ရေးမှာ နာရီ ၁၀၀ သာ ကြာမြင့်သည်။ အမေရိကန် ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့သည် အီရတ်တပ်မပေါင်း ၄၂ ခု အား ချေမှုန်းခဲ့ရာ အီရတ်တို့ဘက်မှ ၃၀၀၀၀ ခန့် ထိခိုက်ကျဆုံးပြီး ၈၀၀၀၀ မှာ သုံ့ပန်းအဖြစ် ဖမ်းဆီးခံရသည်။ တင့်ကားပေါင်း ၃၈၄၇ စီး၊ သံချပ်ကာ ၁၄၅၀ စီးနှင့် အမြောက် ၂၉၁၇ လက် ဖျက်ဆီးခံရသည်။ အမေရိကန်ဘက်မှ ၁၈၄ ဦးသာ ကျဆုံးပြီး စစ်စရိတ် ဒေါ်လာ ၆၁ ဘီလီယံ ကုန်ကျခဲ့သည်။

စစ်ပွဲမှာ အောင်မြင်မှု လွယ်ကူလွန်းသဖြင့် ဤစစ်ပွဲ၏ အရေးပါပုံကို တိတိကျကျ အကဲဖြတ်ရန် အမေရိကန်တို့ဘက်မှ မပြုလုပ်ခဲ့သေးဟု ဆိုသည်။ သွေးကြွသူအချို့ကမူ အမေရိကန်ကို မည်သူမျှ မနိုင်နိုင်ဟု ဝင့်ဝါနေကြ၏။ ရုပ်မြင်သံကြားသတင်း ဝေဖန်သူများနှင့် စစ်ပွဲတွင် မပါဝင်လိုက်ရသည့် ဗိုလ်ချုပ်များ ကဲ့သို့ ဘေးလူများကမူ ဤကန္တာရမုန်တိုင်းစစ်ဆင်ရေးမှာ ပုံစံ တကျ စစ်မဟုတ်သလို ဤစစ်ပွဲကဲ့သို့ အစစအရာရာ အဘက် ဘက်မှ အသာစီးရသည့် အနေအထားမျိုးဖြင့် စစ်တိုက်ရသည့် "ပုံစံ" မျိုးလည်း မရှိနိုင်ဟု ဝေဖန်ကြသည်။

အစဉ်အလာ စစ်ရေးရှုထောင့်မှ သုံးသပ်လျှင် "သဲကန္တာရ မုန်တိုင်းစစ်ဆင်ရေးသည် ဂန္ထဝင်မြောက် ပုံစံကျ စစ်ပွဲမဟုတ်" ဟု ရှုမြင်နိုင်၏။ သို့ရာတွင် လူ့သမိုင်းတွင် အကြီးမားဆုံးသော စစ်မှုရေးရာတော်လှန်မှုနှင့် အတူ ပေါ်ပေါက်ရသော စစ်ပွဲဖြစ်၍ ၎င်းအား အစဉ်အလာ စစ်ရေးရှုထောင့်မှဖြစ်စေ၊ "စံ" မဟုတ် သော စစ်ရေးရှုထောင့်မှဖြစ်စေ တိုင်းထွာ၍ မရနိုင်ပေ။

စစ်ဆင်နွှဲပုံ နည်းလမ်းများ ခေတ်သစ်တစ်ခုသို့ ပြောင်းလဲ ရောက်ရှိလာမည် ဖြစ်သဖြင့် ယင်းခေတ်သစ်အတွက် "ဂန္ထဝင်" သို့မဟုတ် "စံပြုပုံစံ"တစ်ရပ် လိုအပ်လာပေ၏။ ပင်လယ်ကွေ့ ဒေသတွင် အမေရိကန် ဦးဆောင်သော မဟာမိတ်တို့ တိုက်ခဲ့ သည့် ဤစစ်ပွဲသည် အနာဂတ်စစ်အတွက် ဂန္ထဝင်မြောက်စစ်ပွဲ ဖြစ်သည်ကို အလွယ်တကူ မရိပ်စားမိသူများ အများအပြား ရှိနေ၏။ အကြောင်းမှာ အနာဂတ်အတွက် ဂန္ထဝင်စစ်ပွဲ၏ ပုံစံ သည် အစဉ်အလာပုံစံများမှ ဖဲခွာရပေမည်။ စာရေးသူတို့အနေဖြင့် အမေရိကန်ကို ချီးမွမ်းခန်းဖွင့်မှု လွန်ကဲခြင်း ဒဏ္ဍာရီဆန်ဆန် စစ်ပွဲမျိုးအဆင့်အထိ မချီးမွမ်းလိုသော်လည်း "သဲကန္တာရမုန်တိုင်း စစ်ဆင်ရေးသည် စစ်ပွဲသမိုင်းတွင် အခန်းကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း" ကိုမူ ဖော်ပြလိုပေသည်။ ယင်း စစ်ပွဲ၌ နိုင်ငံပေါင်းများစွာ ပါဝင်တိုက်ခိုက်မှု၊ စစ်ပွဲ၏ ကြီးမား ကျယ်ပြန့်မှု၊ စစ်ဆင်ချိန် တိုတောင်းမှု၊ (မိမိဘက်) ထိခိုက် ကျဆုံးနည်းပါးမှု၊ ကမ္ဘာကို တအံ့တသြ ဖြစ်စေသည့် အောင်ပွဲ ရလဒ်တို့အရ နည်းပညာပေါင်းစပ် အသုံးပြုခြင်းနှင့် ကမ္ဘာ တစ်ဝန်း ဆက်စပ်ယှက်နွယ် ပြောင်းလဲမှုခေတ်၌ "ဂန္ထဝင်သစ်"ဟု ခေါ်တွင်ရမည့် စစ်ပွဲမျိုး ပေါ်ပေါက်လာသည်ကို မငြင်းနိုင်ပေ။ ဤစစ်ပွဲသည် အမေရိကန်နည်းပညာ၊ အမေရိကန်တိုက်နည်းနှင့် တိုက်သွားသည့် ဂန္ထဝင်သစ် စစ်ပွဲဟုသာ ဆိုနိုင်ပါသည်။



စက်မှုနည်းပညာပေါင်းစပ် အသုံးပြုမှုနှင့် ကမ္ဘာတစ်ဝန်း ဆက်စပ်ယှက်နွယ် ပြောင်းလဲမှုတို့၏ ခေတ်ကာလအတွင်း၌ စစ်ပွဲဟူသည့် မည်သို့သော အချက်အလက်များ ပါဝင်နေသနည်း ဟု စူးစမ်းလိုပါက "ကန္တာရမုန်တိုင်း" စစ်ဆင်ရေးကသာ အသင့် ရှိပြီး သာဓကများကို ပေးစွမ်းနိုင်ပေသည်။ လောလောဆယ်

အခြေအနေ၌မူ ယနေ့ခေတ် စစ်ပွဲများ၏ တစ်ခုတည်းသော စံနမူနာပုံစံ စစ်ပွဲဖြစ်ရုံသာမက ဂန္ထဝင်စစ်ပွဲဟု သတ်မှတ်နိုင်လောက်သည့် တစ်ခုတည်းသော စစ်ပွဲဖြစ်၏။

## ညတွင်းချင်း ဖွဲ့သည့် မဟာမိတ်အဖွဲ့

ကူဝိတ်အား ဆဒမ်ဟူစိန်က ဝင်သိမ်းသည့်ကိစ္စကို ဆဒမ်ဟူစိန်ဘက်မှ ကြည့်လျှင် ဤအရေးသည် အာရပ်အချင်းချင်းဖြစ်ပွားသည့် မိသားစုအရေးသာဖြစ်၏။ အီရန် တော်လှန်ရေးအစောင့်တပ်သားများက အမေရိကန်များကို ဓားစာခံဖမ်းဆီးသည့်အရေးအခင်းနှင့် မတူဟု ယူဆထား၏။ ၎င်းအပြင် ကူဝိတ်အားလည်း အကြိမ်ကြိမ် ကြိုတင်သတိပေးပြီးမှ ဝင်တိုက်ခြင်းဖြစ်၏။ သို့ရာတွင် အီရန် ဓားစာခံအရေးအခင်းနှင့် ကူဝိတ်အား ဝင်တိုက်သည့် အရေးအခင်း ၂ ခု၏ ကွာခြားမှုကို ဆဒမ်ဟူစိန် သတိလစ်သွားခဲ့သည်။ အမေရိကန်တို့အား အီရန်တို့က ဓားစာခံဖမ်းဆီးခြင်းမှာ ကမ္ဘာ့အလယ်တွင် အမေရိကန်ကိုသာ အရှက်ရစေခြင်းဖြစ်၏။ သို့ရာတွင် ကူဝိတ်အား အီရတ်က ဝင်သိမ်းခြင်းသည် အနောက်အုပ်စု တစ်ခုလုံး၏ အသက်လည်း ဖြစ်၊ လည်မျိုလည်းဖြစ်သော ရေနံကို ညှစ်ခြင်းဖြစ်၏။ ဤနေရာတွင် အမေရိကန်ရော အနောက်အုပ်စုကပါ အရှက်ထက် အသက်ကို မလွဲမရှောင်သာ ဦးစားပေးကြရတော့၏။ အခြားအာရပ်နိုင်ငံများအနေဖြင့်လည်း ဆဒမ်ဟူစိန် အင်အားကြီးမားလာခြင်းသည် ၎င်းတို့အတွက်လည်း အန္တရာယ်ရှိသဖြင့် ဤအရေးတွင် အမေရိကန်နှင့် ပူးပေါင်းကြရသည်။



ဤသို့သော ကိုယ်စီကိုယ်င အကျိုးစီးပွားများ အခြေခံပြီး အမေရိကန်ပြည်ထောင်စုသည် အီရတ်ကို ရင်ဆိုင်ရန် မဟာမိတ်အဖွဲ့ကို တစ်ခဏချင်း ဖွဲ့စည်းနိုင်ခဲ့သည်။ အနောက်အုပ်စု အင်အားကြီးနိုင်ငံများသည် ခေတ်သစ်နိုင်ငံတကာ ဆက်ဆံရေးတွင် ရင်းနှီးကျွမ်းကျင်သည်ဖြစ်ရကား ကုလသမဂ္ဂအလံတော်အောက်ဝယ် အီရတ်ဆန့်ကျင်ရေး မဟာမိတ်အဖွဲ့ကို ဖွဲ့စည်းလိုက်နိုင်ကြသည်။ တစ်ဖန် အာရပ်လူထုက ဘာသာရေးအရ ဆဒမ်ဟူစိန်ဘက် မပါစေရန်အတွက် "တရားမျှတမှု" ဟူသော အချက်ကို ရှေ့တန်းတင်ပေးလိုက်သည်။ ဂျပန်နှင့် ဂျာမနီတို့သည်ပင်လျှင် ဘဏ္ဍာငွေကူညီပံ့ပိုးရုံမက တပ်များစေလွှတ်ပေးရသည်အထိ ပူးပေါင်းပါဝင်ခဲ့ကြသည်။ ရည်မှန်းချက်မှာ ကမ္ဘာ့အင်အားကြီးနိုင်ငံအဆင့်မှ ဆားဖယ်ထားခြင်း မခံရစေရန် ဖြစ်သည်။ အီဂျစ်က လစ်ဗျားနှင့် ဂျော်ဒန်ကို အီရတ်အား မထောက်ခံဘဲ ကြားနေရန် နားချခဲ့ရာ ဆဒမ်ဟူစိန်မှာ အထီးကျန်ဖြစ်သွားသည်။ ပြည်တွင်းတွင် နိုင်ငံရေးအခြေယိုင်နေသော ရုရှားသမ္မတ ဂေါ်ဘာချော့ဗ် ကိုယ်တိုင်က အမေရိကန်၏ အထောက်အပံ့ကို ရစေခြင်းငှာ ၎င်း၏ မဟာမိတ်ဟောင်းဖြစ်သော အီရတ်အပေါ် လေကြောင်းတိုက်ခိုက်မှုများကို လက်ခံခဲ့သည်။

ဤအခြေအနေကို ကြည့်လျှင် အမေရိကန်ကဲ့သို့သော အင်အားကြီး နိုင်ငံများသည်ပင်လျှင် မဟာမိတ်နိုင်ငံများ၏ ထောက်ခံမှု လိုအပ်ကြောင်းနှင့် ယင်းအား ထောက်ခံသူများရှိမှသာလျှင် ယင်း၏လုပ်ဆောင်မှုများကို ဥပဒေနှင့် ကိုက်ညီသည်ဟု ဆိုနိုင်မည်ဖြစ်ကြောင်း သဘောပေါက်ထားသည်။ အမေရိကန်အတွက် မဟာမိတ်လိုအပ်ခြင်းမှာ ဤထောက်ခံမှုမျိုးသာမက

အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာနှင့် တပ်အင်အား အကူအညီများလည်း လိုအပ်သောကြောင့် ဖြစ်သည်။ အမေရိကန်သမ္မတ ဘွတ်ရှ်၏ မူဝါဒအား အမေရိကန်ပြည်သူများက တစ်ခဲနက် ထောက်ခံရခြင်းမှာလည်း ၎င်းအနေဖြင့် နိုင်ငံတကာ မဟာမိတ်အဖွဲ့ ဖွဲ့စည်း၍ ထောက်ခံမှုရအောင် ဆောင်ရွက်နိုင်ခြင်းကြောင့် ဖြစ်သည်။ နိုင်ငံတကာ ထောက်ခံမှုရခြင်းမှာ ဤအရေးအခင်း၌ အမေရိကန်တစ်ဦးတည်း သွေးမြေကျခံရမည့် ကိစ္စမဟုတ်ဘဲ နိုင်ငံပေါင်းစုံ ပါဝင်ရသည့် အရေးအခင်းအဖြစ် အမေရိကန်လူထုက လက်ခံသွားခြင်းကြောင့် ဖြစ်သည်။ ယင်းသို့ဖြင့် ဂျာမနီရှိ အမှတ် (၇) တပ်မကြီးကို ဆော်ဒီအာရေဗျသို့ ရွှေ့ပြောင်းခဲ့ရာ ရထား ၄၆၅ စီး၊ တွဲရေယာဉ် ၃၁၂ စီးနှင့် ရေယာဉ် ၁၁၉ စီးတို့ကို နေတိုးအဖွဲ့ဝင် လေးနိုင်ငံထံမှ အကူအညီ ရရှိခဲ့သည်။ တစ်ချိန်တည်းမှာပင် အမေရိကန်စစ်ပစ္စည်းတွင် အရေးပေါ်လိုအပ်နေသော အီလက်ထရောနစ်ပစ္စည်း အစိတ်အပိုင်းများကို ဂျပန်နိုင်ငံက ပေးပို့ကူညီခဲ့သည်။

သို့အတွက် ယနေ့ခေတ်အခါ၌ တစ်ကိုယ်တော် စစ်ဆင်နွှဲခြင်းသည် လက်တွေ့မကျသည့်အပြင် အမြော်အမြင်မရှိရာလည်းကျသည်။ အီရတ်ကို ကူဝိတ်မှ ပြန်ဆုတ်ပေးရန် တောင်းဆိုသော လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အမှတ် (၆၆၀) မှ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား လိုအပ်သော နည်းလမ်းသုံး၍ ဖြေရှင်းရန် အခွင့်အာဏာအပ်နှင်းသည့် လုံခြုံရေးကောင်စီဆုံးဖြတ်ချက် အမှတ် (၆၇၈) အထိပင် နိုင်ငံတကာက အမေရိကန် ဦးဆောင်သော မဟာမိတ်များဘက်မှ တစ်ခဲနက် ရပ်တည်ခဲ့သည်။ အီရတ်အပေါ် နိုင်ငံတကာမှ ဝိုင်းဝန်းပိတ်ဆို့မှုတွင် နိုင်ငံပေါင်း ၁၁၀ ပါဝင်



ခဲ့ပြီး နိုင်ငံပေါင်း ၃၀ က တပ်များ စေလွှတ်ခဲ့ရာ အာရပ်နိုင်ငံများပါ ပါဝင်ခဲ့၏။ ပါဝင်သောနိုင်ငံတိုင်းသည် မိမိတို့၏ အကျိုးစီးပွားကို ဦးစွာချင့်ချိန်တွက်ဆပြီးမှ ပါဝင်ခြင်းဖြစ်သည်ကို အထူးဖော်ပြရန် မလိုတော့ပါ။

ကုလသမဂ္ဂက ရာနှုန်းပြည့် ဝင်ရောက် ပါဝင်စွက်ဖက်သည် ဆိုသည့်တိုင် အမေရိကန်တို့ ကမန်းကတမ်း ဖွဲ့စည်းလိုက်သော မဟာမိတ်အဖွဲ့အနေဖြင့် စစ်ဆင်နွှဲနိုင်လောက်အောင် တောင့်တင်းခိုင်မာမှု မရှိသေးချေ။ ကေန်စင်စစ်မှာ ယင်းမဟာမိတ်အဖွဲ့ဆိုသည်မှာ ထိပ်သီးဆွေးနွေးပွဲတစ်ခုအပြီး ဖွဲ့စည်းလိုက်ကြခြင်းသာ ဖြစ်သည်။ အချို့နိုင်ငံများမှမူ စာချုပ်တစ်ခု လက်မှတ်ထိုးရုံ၊ အချို့နိုင်ငံများကမူ တယ်လီဖုန်းပေါ်မှ ကတိတစ်ခွန်း ပေးလိုက်ရုံဖြင့် ဖွဲ့စည်းထားသော မဟာမိတ်အဖွဲ့ဖြစ်သည်။ စစ်မြေပြင်တွင် လက်တွေ့တိုက်ပွဲဝင်ရမည့် တပ်များအတွက်မူ ဤမျှဖြင့် မလုံလောက်ချေ။ အမေရိကန်တို့အနေဖြင့် မွတ်ဆလင်တို့၏ ဘာသာရေးယုံကြည်မှုများကို မစော်ကားမိရန် အထူးသတိပြု စီစဉ်ဆောင်ရွက်ခဲ့ကြောင်းတွေ့ရသည်။ အစ္စရေးနိုင်ငံအား အီရတ်က စကဒ်ဒုံးကျည်များ ပစ်လွှတ်တိုက်ခိုက်ခြင်းကို လက်တုံ့မပြန်ရန်အတွက် အမေရိကန်အနေဖြင့် ခဲခဲယဉ်းယဉ်း ဖျောင်းဖျ နားချရုံမက အစ္စရေးနိုင်ငံအား လေကြောင်းအကာအကွယ်ပင် တာဝန်ယူပေးခဲ့ရသည်။ အမေရိကန်တို့အနေဖြင့် မဟာမိတ်အဖွဲ့ မပြိုကွဲစေရန် ခဲခဲယဉ်းယဉ်း ကြိုးပမ်းခဲ့ရသည်။ နောက်တစ်ချက်မှာ ညတွင်းချင်း ဖွဲ့လိုက်သော မဟာမိတ်အဖွဲ့ ပေါ်ပေါက်လာခြင်းသည် ရှေးယခင်ကစ၍ ယနေ့အထိ ကျင့်သုံးခဲ့သော မဟာမိတ်ဖွဲ့သည့် ဥပဒေသ အားလုံးကို တော်လှန်လိုက်ခြင်းဖြစ်၏။

ပုံသေဖွဲ့စည်းထားသော နိုင်ငံအချင်းချင်း မဟာမိတ်ဖွဲ့သည့် အစဉ်အလာမှာ ၁၈၇၉ ခုနှစ်က ဂျာမနီနှင့် ဩစတြီးယား–ဟန်ဂေရီတို့၏ စစ်ရေးမဟာမိတ်ဖွဲ့မှု ဖြစ်၏။ စစ်အေးတိုက်ပွဲကာလ လွန်မြောက်သောအခါ ဝါဒရေးရာကို အခြေခံ၍ မဟာမိတ် ဖွဲ့စည်းမှုသဘောတရား ပျောက်ကွယ်သွားသည်။ ယင်းအစား ကိုယ်ကျိုးစီးပွား တူညီသူခြင်း မဟာမိတ်ဖွဲ့စည်းမှု သဘောတရား စတင်ပေါ်ပေါက်လာခဲ့၏။ လက်တွေ့အခြေအနေအရ ယနေ့ ဖွဲ့စည်းနေကြသော မဟာမိတ်အဖွဲ့ဆိုသည်များမှာ ကျင့်ဝတ် ကျင့်ထုံးများကို လျစ်လျူရှု၍ ကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်ပြီး အကျိုးစီးပွားတူ သူချင်း ဖွဲ့စည်းကြသည့် ယာယီမဟာမိတ်များသာ ဖြစ်ကြ၏။ မည်သို့ပင်ဆိုစေကာမူ မဟာမိတ်ဟူသော သဘောတရားမှာမူ ဆက်လက် ကျင့်သုံးနေကြဦးမည်သာဖြစ်၏။ သို့ရာတွင် လျော့ရဲရဲ မဟာမိတ်အဖွဲ့များ၊ ရေတိုမျှော်မှန်းဖွဲ့စည်းထားသော မဟာမိတ်များသာလျှင် ဖြစ်ပေလိမ့်မည်။ တရားမျှတမှုနှင့် ကျင့်ဝတ်ကျင့်ထုံးများကို အလေးအမြတ်ထား၍ ဖွဲ့စည်းသည့် မဟာမိတ်အဖွဲ့မျိုး ပေါ်ပေါက်နိုင်တော့မည် မဟုတ်ချေ။ နိုင်ငံများ အနေဖြင့် အချိန်ကာလ ပြောင်းလဲလာသည်နှင့်အမျှ အကျိုးစီးပွားများ ရည်မှန်းချက်များလည်း ပြောင်းလဲတတ်သော သဘောရှိရာ ယင်းတို့အပေါ် မူတည်၍ နောင်တွင် မဟာမိတ်အဖွဲ့မျိုး ပေါ်ပေါက်နိုင်၊ မပေါ်ပေါက်နိုင်ဟူသောအချက်မှာ တည်မှီပေ၏။ ယနေ့မဟာမိတ်အဖွဲ့များသည် မိမိတို့၏ ကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်ဖွဲ့စည်းထားသည့် မဟာမိတ်အဖွဲ့များ ဖြစ်၍ သက်တမ်းတို့သည်မှန်သော်လည်း လွှမ်းစွာမှုပင် ထိရောက်မှုရှိသည်ဟုဆို၏။ ယနေ့ခေတ်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဒေသတွင်း



အဖွဲ့အစည်းများ၏ အပြန်အလှန် ဆက်ဆံရေးမှာလည်း ပြောင်းလဲလာသော အခြေအနေကို မြင်တွေ့ရသည်။

အချုပ်အားဖြင့်ဆိုသော် ယနေ့ဖွဲ့စည်းပုံ ပြောင်းလဲနေသော လက်နက်ကိုင်တပ်များ၏ သဘာဝ၊ ပြောင်းလဲတိုးတက်နေသော နည်းပညာပေါင်းစပ် အသုံးချမှုနှင့် ကမ္ဘာတစ်ဝန်း ဆက်စပ်ယှက်နွယ် ပြောင်းလဲမှုတို့ကြောင့် အစွမ်းထက်ထိရောက်မှု ရှိသော်လည်း ရေရှည်မခံသည့် မဟာမိတ်အဖွဲ့မျိုး ပေါ်ပေါက်လာရန် တွန်းအားပေးလျက်ရှိသည်ဟု ဆိုနိုင်၏။ သို့အတွက် ပင်လယ်ကွေ့စစ်ပွဲမတိုင်မီ အမေရိကန်တို့ ညတွင်းချင်း ဖွဲ့စည်းလိုက်သည့် မဟာမိတ်အဖွဲ့သည် ခေတ်သစ်တစ်ခု၏ ကန့်လန့်ကာကို လှစ်ဟလိုက်ခြင်းနှင့် တူနေပေသည်။

## အချိန်မီ ပြင်ဆာန်းလိုက်သည့် အမေရိကန်တပ်များ ပြန်လည်ဖွဲ့စည်းခြင်း ဥပဒေ

အမေရိကန်တို့သည် မဆင်မခြင်ဘဲ အရမ်းကာရောတဇွတ်ထိုးလုပ်တတ်သည့် အကျင့်ကြောင့် မကြာခဏပင် အမှားအယွင်းများ၊ နစ်နာဆုံးရှုံးမှုများ တွေ့ရတတ်သည်။ သို့ရာတွင် ယင်းအကြပ်အတည်း အခြေအနေမျိုးမှ ရုန်းထွက်ရာ၌ ပါးနပ်လွန်းသဖြင့် အမေရိကန်တို့ ထိခိုက်ဆုံးရှုံးနစ်နာသည်ကို မြင်တွေ့လိုသူများအတွက် မှန်းတိုင်းမပေါက် ဖြစ်တတ်ကြရသည်။ တစ်ဖန် ယင်းသို့သော နစ်နာဆုံးရှုံးမှုများထဲမှပင် အမေရိကန်တို့သည် ရအောင် အမြတ်ထုတ်တတ်ကြသည်။ သို့အတွက် အမေရိကန်တို့သည်သာ စစ်ပွဲသစ်တစ်ခု၏ တံခါးကို ဖွင့်နိုင်သော

သော့ကို တစ်ဦးတည်း ပိုင်ဆိုင်ထားသည်ဟု ယူဆဖွယ် ဖြစ်လာသည်။

အမေရိကန် တပ်မတော်အတွင်းကို ကြည့်လျှင် လက်ရုံးတပ်ဖွဲ့တစ်ခုနှင့် တစ်ခု မသင့်မြတ်ခြင်း၊ ပြိုင်ဆိုင်ခြင်းများ ဖြစ်ပေါ်နေခဲ့သည်မှာ နှစ်ပေါင်းကြာမြင့်ပြီ ဖြစ်၏။ ဤသည်မှာ အဆန်းမဟုတ်ချေ။ နိုင်ငံတိုင်းလိုလိုပင် ယင်းပြဿနာမျိုး ရှိတတ်၏။ အမေရိကန်တပ်မတော်အတွင်း လက်ရုံးတပ်ဖွဲ့များက မိမိတို့အကျိုးစီးပွားကို ရှေ့တန်းတင်ပြီး အလုအယက် ပြိုင်ဆိုင်ကြသည်မှာ ကမ္ဘာသိဖြစ်ရုံမက မည်သည့်နိုင်ငံတွင်မှ ယင်းတို့လောက် မပြင်းထန်ချေ။ သာဓကမှာ လွန်ခဲ့သော နှစ်ပေါင်း ၆၀ က အမေရိကန် ရေတပ်ဗိုလ်ချုပ်ကြီး နစ်မစ်ဇ်နှင့် ကြည်းတပ်ဗိုလ်ချုပ်ကြီး မက်အာသာတို့ နှစ်ဦး၏ ပစိဖိတ်ဒေသ ပြန်လည်သိမ်းပိုက်ရေး မဟာဗျူဟာကို သမ္မတ ရုစဗဲ့ကိုယ်တိုင်က ကြားဝင်စေ့စပ်ညှိနှိုင်းပေးခဲ့ရသည့် သာဓကရှိဖူး၏။ နောက်ထပ် ဥပမာတစ်ခုမှာ လွန်ခဲ့သော နှစ်ပေါင်း ၃၀ က ဗီယက်နမ် စစ်မြေပြင်တွင် ဖုံးကြီလေယာဉ်တစ်စင်းသည် ဌာနချုပ် ၄ ခုမှ အမိန့် ၄ မျိုးကို တစ်ပြိုင်တည်း လိုက်နာရသည်ဟု ဆိုပါက မည်သူမျှ ယုံကြည်မည်မဟုတ်ပေ။ လွန်ခဲ့သော ၁၅ နှစ် ကာလအထိပင် အမေရိကန်တပ်မတော်၌ သီးခြားလွတ်လပ်စွာ ဖွဲ့စည်းထားသော ကွပ်ကဲမှုဌာနချုပ်ပေါင်း အများအပြား ရှိနေသဖြင့် မည်သူက အမိန့်ပေးနိုင်သော အာဏာပိုင်သူ ဖြစ်မှန်းမသိအောင် ရှုပ်ထွေးခဲ့၏။ သို့အတွက်လည်း လက်ဘနွန်နိုင်ငံ၊ ဘေရွတ်မြို့တွင် အမေရိကန် မရိန်းတပ်သား ၂၀၀ တို့ အသက်ဆုံးရှုံးရခြင်းဖြစ်သည်ဟု ဆိုကြသည်။ သို့အတွက် သဲကန္တာရမုန်တိုင်းစစ်ဆင်ရေး



စတင်မည်ဆိုသောအခါ မဟာမိတ်တပ်များ၏ စစ်သေနာပတိချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီး နော်မန်ရွှပ်စကော့ဇ်သည် ဂရင်နေဒါနိုင်ငံ စစ်ဆင်ရေးအတွင်း တွေ့ကြုံခဲ့ရသော ၎င်း၏ လတ်လတ်ဆတ်ဆတ် အတွေ့အကြုံကို သင်ခန်းစာယူကာ တိုက်ပွဲဝင်ခဲ့ခြင်းဖြစ်သည်။ ဂရင်နေဒါနိုင်ငံကို ဝင်ရောက်တိုက်ခိုက်စဉ်က ဗိုလ်ချုပ်ကြီး ရွှပ်စကော့ဇ်သည် ပူးတွဲတပ်ဖွဲ့၏ ဒုတပ်မှူးဖြစ်ရာ စစ်ဆင်ရေးတွင် ပါဝင်သော အမေရိကန်လက်ရုံး တပ်ဖွဲ့ အသီးသီးသည် မိမိတို့ အစီအစဉ်ဖြင့် မိမိတို့ တိုက်ပွဲဝင်ခဲ့ကြကြောင်း မျက်ဝါးထင်ထင် တွေ့ရှိခဲ့ရသည်။ သို့အတွက် "ပူးတွဲစစ်ဆင်ရေးများကို မည်သူက ကွပ်ကဲမည်နည်း" ဟူသော မေးခွန်းထွက်ပေါ် လာသည်။

ယင်းကဲ့သို့ အမေရိကန်လက်နက်ကိုင် တပ်ဖွဲ့များအား နှစ်ပေါင်းများစွာ လွှမ်းမိုးနေခဲ့သည့် ပြဿနာကို မည်သည့် ဗိုလ်ချုပ်ကြီးကမျှလည်းကောင်း၊ မည်သည့်ပညာရှင်များမှလည်းကောင်း မဖြေရှင်းနိုင်ခဲ့ပေ။ နောက်ဆုံး ဖြေရှင်းသွားသူများမှာ Gold Water နှင့် Nichols အမည်ရှိ ကွန်ဂရက်လွှတ်တော် အမတ်နှစ်ဦးသာ ဖြစ်သည်။ ယင်းတို့နှစ်ဦးက အဆိုပြုသော "ကာကွယ်ရေးဌာန ပြန်လည်ဖွဲ့စည်းခြင်း အက်ဥပဒေ" ကို ကွန်ဂရက်လွှတ်တော်က ၁၉၈၆ ခုနှစ်တွင် အတည်ပြုလိုက်ခြင်းဖြင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ ပူးတွဲစစ်ဆင်ရေးများ၌ ပူးတွဲဌာနချုပ် ဖွဲ့စည်းမှုပြဿနာကို ဖြေရှင်းပေးနိုင်ခဲ့သည်။

နောက်တစ်ချက်မှာ ယင်းဥဒေက ပြဋ္ဌာန်းလိုက်သောအချက်များအနက် စစ်ပွဲတစ်ရပ်ရှိမှသာ လက်တွေ့ကျ/မကျ အဖြေရှာနိုင်မည့် အချက်များ ပါဝင်နေသည်။ ဆဒမ်ဟူစိန်၏ ကူဝိတ်စစ်ဆင်ရေးသည် ဤအချက်များကို စမ်းသပ်ရန် အမေရိကန်တို့

အတွက် အခွင့်ကောင်းဖြစ်သွားသည်။ အထူးသဖြင့် ၎င်းပြန်လည် ဖွဲ့စည်းခြင်း အက်ဥပဒေသည် စစ်ပွဲတွင် အသုံးတည့်/မတည့် လက်တွေ့ စမ်းသပ်ရန် လိုအပ်နေသည်ဖြစ်ရာ အမေရိကန်တို့ အတွက် ရသော အခွင့်အရေးကို မလွှတ်တမ်း ဆုပ်ကိုင် အသုံး ချခြင်းလည်း ဖြစ်၏။

အမေရိကန်ဗိုလ်ချုပ်ကြီး ကောလင်းပါဝဲလ်နှင့် ဗိုလ်ချုပ်ကြီး ရှွပ်စကော့ဗ်တို့မှာ ဤပြန်လည် ဖွဲ့စည်းမှု အက်ဥပဒေ၏ အကျိုးကို ပထမဦးဆုံး ခံစားကြရသူများဟု ဆိုနိုင်၏။ တစ်ချိန် တည်းမှာပင် အမေရိကန်စစ်သမိုင်းတွင် ဩဇာအရှိန်အဝါ အကြီး မားဆုံး ဗိုလ်ချုပ်ကြီးများအဖြစ် သမိုင်းဝင်သွား၏။ ဗိုလ်ချုပ်ကြီး ကောလင်းပါဝဲလ်သည် ပူးတွဲစစ်ဦးစီးအဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန် ယူထားသူဖြစ်ရာ သမ္မတ၏ အဓိက စစ်အကြံပေး အရာရှိအဖြစ် လည်း နေရာရခဲ့သည်။ သို့အတွက် ၎င်းသည် သမ္မတနှင့် ကာကွယ်ရေးဝန်ကြီးတို့ထံမှ အမိန့်များ တိုက်ရိုက် လက်ခံရယူ ရသည်။ တစ်ချိန်တည်းမှာပင် ဤရာထူးအရ လက်ရုံးတပ်ဖွဲ့ အကြီးအကဲ ၃ ဦးထံသို့ ၎င်းက အမိန့်များ တိုက်ရိုက်ထုတ်ပြန် ခွင့်ရှိလာသည်။ ဗိုလ်ချုပ်ကြီးရှွပ်စကော့ဗ်သည် စစ်မြေပြင်တပ်မှူး တစ်ဦးအနေဖြင့် အာဏာကို အပြည့်အဝ ရရှိထားသည်။ ပင်တဂွန်စစ်ဌာနချုပ်၏ နိစ္စဓူဝကြီးကြပ်မှုမှ လွတ်ကင်းကာ လွတ်လပ်စွာ ဆောင်ရွက်ခွင့် ရှိသည်။ ဘုရင်နှင့် အလှမ်းကွာဝေး သော စစ်မြေပြင်တွင် ကွပ်ကဲရသော ဗိုလ်ချုပ်တစ်ဦးသဖွယ် လွတ်လပ်ခွင့်နှင့် အခွင့်အာဏာ အပြည့်ရရှိထားသည်။ သို့ဖြင့် ပင်လယ်ကွေ့ဒေသနှင့် ပတ်သက်သော အာကာသတွင်းမှ ဂြိုဟ်တုများ၊ ရေငုပ်သင်္ဘောများ၊ ကမ်းထိုးရေယာဉ်များ အားလုံး



သူ၏ အမိန့်ကိုသာ နာခံကြရသည့် အခွင့်အရေးမျိုး ရရှိခဲ့သည်။ ကာကွယ်ရေးဌာန ပြန်လည်ဖွဲ့စည်းသည့် အက်ဥပဒေအရ အပ်နှင်း ထားသော ပူးတွဲစစ်ဌာနချုပ်တစ်ခု၏ တပ်မှူးအနေဖြင့် အာဏာ အပြည့်အဝ ရှိသည်။ သာဓကအားဖြင့် ရှေ့တန်းရောက် မရိန်း တပ်မှူးတစ်ဦးက ကူဝိတ်ကမ်းခြေသို့ အရေးပေါ် ကမ်းတက် စစ်ဆင်ရေး ပြုလုပ်ခွင့် တောင်းခံသည်ကို ဗိုလ်ချုပ်ကြီး ရှွပ်စကော့ဗ်က ချက်ချင်း ပယ်ချလိုက်ပြီး မူလစီမံချက်အတိုင်း တိုက်ခိုက်ရန်သာ ပြန်လည် ညွှန်ကြားခဲ့ခြင်းမျိုး ဖြစ်သည်။

စာရေးသူတို့က ဤကာကွယ်ရေးဌာန ပြန်လည်ဖွဲ့စည်းရေး အက်ဥပဒေအား လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးရာ၌ အခက်အခဲမရှိ အောင်မြင်စွာ ကျင့်သုံး၍ စစ်ဆင်နိုင်ခဲ့ခြင်းမှာ အမေရိကန်လူမျိုးတို့၏ တရားဥပဒေကို လေးစားလိုက်နာ တတ်သော စိတ်သဘောထားကို ချီးကျူးထားသည်။ ဤဥပဒေ အရ ဖွဲ့စည်းလိုက်သော ပူးတွဲစစ်ဆင်ရေးဌာနချုပ်သည်လည်း လက်တွေ့ အကျဆုံးနှင့် အောင်မြင်မှု အရှိဆုံး ဖွဲ့စည်းမှုဖြစ်ကြောင်း တွေ့ရှိရသည်။ ၎င်း၏ တိုက်ရိုက် အကျိုးသက်ရောက်မှုမှာ ကွပ်ကဲမှု အဆင့်ပေါင်းများစွာကို လျော့ချကျော်လွှားနိုင်ခြင်း ဖြစ်သည်။ သမားရိုးကျ သစ်ကိုင်းဖြာထွက်ပုံ (Tree Structure) ဖွဲ့စည်းမှုမှ ကွန်ရက်ပုံ ဖွဲ့စည်းမှု (Network Structure) သို့ ဘော်လှန်ပြောင်းလဲနိုင်ခဲ့သည်။ ယင်းအတွက် ပထမဆုံး ရရှိသော အကျိုးကျေးဇူးမှာ တိုက်ပွဲဝင်တပ်များအနေဖြင့် သတင်းကို အဆင့်ဆင့် ပေးပို့ စောင့်မျှော်နေရမည့်အစား တစ်ချိန်တည်း တစ်ပြိုင်တည်း လက်ခံရရှိနိုင်ခြင်းပင် ဖြစ်၏။

အမေရိကန်တို့၏ ကာကွယ်ရေးဌာန ပြန်လည်ဖွဲ့စည်းမှု အက်ဥပဒေမှာ အကြောင်းတိုက်ဆိုင်မှု သက်သက်ဟု မယူဆနိုင်ချေ။ ခေတ်ဟောင်းက ရေးဆွဲ အတည်ပြု အသုံးချခဲ့သော စစ်ဘက်ဆိုင်ရာ ဖွဲ့စည်းမှုများသည် ခေတ်သစ်အခြေအနေအရ အံမဝင်တော့ကြောင်း တစ်နေ့တခြား ထင်ရှားလာသည့် နောက်ခံအကြောင်းတရားများကြောင့် ဖြစ်သည်။ ၎င်းအပြင် အမေရိကန်ပြည်ထောင်စု၏ ကြည်း၊ ရေ၊ လေတပ်ဖွဲ့များအားလုံးကို ပူးတွဲတပ်ဖွဲ့များအဖြစ် စုပေါင်းစစ်ဆင်မှသာ ခေတ်သစ်စစ်ပွဲ အခြေအနေများကို ရင်ဆိုင်နိုင်မည်ဟူသော ယူဆချက်အပြင် ယင်းစစ်လက်ရုံးအားလုံး တပ်မှူးတစ်ဦး သို့မဟုတ် ကွပ်ကဲမှုဌာနချုပ်တစ်ခုတည်း၏ ကွပ်ကဲမှုအောက်တွင် ထားရှိရတော့မည်ဟူသော အခြေအနေများကြောင့်လည်း ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု လက်နက်ကိုင် တပ်ဖွဲ့များသည် ဤပြန်လည် ဖွဲ့စည်းမှုကြောင့် စစ်အောင်ရသည်ကို သာကေအဖြစ် မြင်တွေ့ခဲ့ရပြီးဖြစ်ရာ ၂၁ ရာစုအတွင်း စစ်အောင်လိုသောမည်သည့် နိုင်ငံမဆို မိမိလက်နက်ကိုင် တပ်ဖွဲ့များကို ပြန်လည်ဖွဲ့စည်းမှု မပြုနိုင်ပါက အရှုံးနှင့်သာ ရင်ဆိုင်ရလိမ့်မည်မှာ မလွဲကေန် ဖြစ်ပေသည်။

## လေ-ကြည်း တိုက်ပွဲသဘောတရားကို လွန်သော်

"လေ-ကြည်း တိုက်ပွဲ သဘောတရား" သည် အင်အားအဆမတန် ကြီးမားသော ဝါဆောစစ်အုပ်စု၏ တင့်စစ်ကြောင်းကြီးများ ဥရောပအနောက်ပိုင်း မြေပြန့်လွင်ပြင်များသို့ ရေဟုန်



စီးသလို မဝင်ရောက်လာစေရေးအတွက် တီထွင်ဖော်ထုတ်ထားသော စစ်မဟာဗျူဟာတစ်ရပ်သာ ဖြစ်၏။ သို့ရာတွင် စစ်အေးတိုက်ပွဲကာလ ပြီးဆုံးသွားသဖြင့် ဤသဘောတရား မှန်မမှန်ကို စမ်းသပ်ခွင့် မရလိုက်ချေ။ ပင်လယ်ကွေ့စစ်ပွဲပေါ်ပေါက်လာသောအခါ အမေရိကန်လက်နက်ကိုင် တပ်ဖွဲ့များအတွင်းတွင် ဤသဘောတရားကို လက်တွေ့တိုက်ပွဲဝင် စမ်းသပ်လိုသောသူများမှာ အာသာငမ်းငမ်း ဖြစ်လာကြသည်။ သို့ရာတွင် အမှန်တကယ်တိုက်ပွဲဝင်ရသောအခါ မူလ မျှော်တွေးထားသည့် လေ-ကြည်းတိုက်ပွဲသဘောတရားနှင့် အနည်းငယ်ကွဲလွဲနေကြောင်း တွေ့လာရ၏။ အမှန်အားဖြင့် သဲကန္တာရမုန်တိုင်းစစ်ဆင်ရေးမှာ ကြည်းမပါလေကြောင်းသက်သက် စစ်ပွဲဟုပင် ဆိုနိုင်၏။ လေကြောင်းမှတိုက်ခိုက်သည့် ရက်က များပြီး ကြည်းကြောင်းစစ်ဆင်ရေးမှာ နာရီ ၁၀၀ သာ ရှိခဲ့သည်။ လေ-ကြည်း တိုက်ပွဲ သဘောတရားအရဆိုလျှင် ကြည်းကြောင်းစစ်ဆင်မှုသည် နောက်ဆုံးအဆင့်မဟုတ်၊ ဒုတိယ နောက်ဆုံးအဆင့်သာ ဖြစ်သည်။ လက်တွေ့တွင်မူ ကြည်းကြောင်းစစ်ဆင်မှုဖြင့်ပင် စစ်ပွဲပြီးဆုံးသွားသည်။

မည်သို့ပင်ဆိုစေ "လေထဲမှ စစ်မြေပြင်သည်သာ အဆုံးအဖြတ် ပေးလိမ့်မည်" ဟူသော အဆို မှန်ကန်ခဲ့၏။ ပင်လယ်ကွေ့စစ်ပွဲအတွင်း လေကြောင်းမှ အောင်မြင်မှုများသည် မူလကကြိုတင်မျှော်တွေးထားသည်ထက် များစွာကျော်လွန်ခဲ့၏။ စစ်ပွဲကာလတွင် လေကြောင်းစိုးမိုးမှုအတွက် လေယာဉ်ချင်း အကြိတ်အနယ် စီးချင်းထိုးရသည့် လေကြောင်းတိုက်ပွဲကြီးများ မဖြစ်ပွားခဲ့ပါ။ ၎င်းအစား ကင်းထောက်ခြင်း၊ လေကြောင်းမှ ကြိုတင်သတိပေးခြင်း၊ ဗုံးကြဲတိုက်ခိုက်ခြင်း၊ အနည်းငယ်မျှသောလေယာဉ်

စီးချင်းထိုးခြင်း၊ ဆက်သွယ်ရေး၊ အီလက်ထရောနစ်တိုက်ခိုက်မှုများ၊ ကွပ်ကဲမှုနှင့် ကြီးကြပ်မှု၊ အာကာသစိုးမိုးမှု၊ ကွန်ပျူတာကွန်ရက်လောကကို စိုးမိုးနိုင်မှုတို့သာ ဖြစ်ပွားခဲ့သည်။

ဤနေရာတွင် "လေ-ကြည်း တိုက်ပွဲ သဘောတရား" အယူအဆ ဖော်ထုတ်ခဲ့သူများသည် အီတလီ လေကြောင်းဗိုလ်ချုပ်ကြီး ဒေါင်ဟက်ထက် များစွာ ရှေ့ပြေးမြော်မြင်ခဲ့သည်ဟု ဆိုနိုင်၏။ ၎င်းတို့ မူလက မျှော်မှန်းခဲ့သော ပူးတွဲစစ်ဆင်ရေးဆိုသည်မှာ လက်တွေ့တွင် ကြည်းကြောင်း၊ ရေကြောင်းနှင့် လေကြောင်းသာမက အာကာသနှင့် ကွန်ပျူတာကွန်ရက်လောကအထိပါ ကြီးမားကျယ်ပြန့်သွား၏။ သို့အတွက် အနာဂတ်စစ်ပွဲများသည် အလျား၊ အနံ၊ အမြင့်ဟူသော လားရာသုံးမျိုးသာမက "ဗဟုလားရာ" (Omni-Dimensional) ဟူ၍ လားရာ မျိုးစုံပါဝင်သော တိုက်ပွဲများ ဖြစ်လာရန် ဤပင်လယ်ကွေ့စစ်ပွဲက အစပျိုးပေးလိုက်ပေသည်။

ဤစစ်ပွဲအား "ဗဟုလားရာ" ဟု ဆိုခြင်းမှာ အကြောင်းမဲ့မဟုတ်ချေ။ ပင်လယ်ကွေ့ စစ်ပွဲအတွင်း၌ နေ့စဉ် စာမျက်နှာ ၃၀၀ ခန့်ထိရှိသော "လေကြောင်းတာဝန်အမိန့်" (Air Tasking Order) ကို ကြည်း၊ ရေ၊ လေ ဦးစီးအဖွဲ့များ ပူးပေါင်းပြုစုပြီး ဗိုလ်ချုပ်ကြီးရှပ်စကော့ဇ်က အတည်ပြုပေးရသည်။ ယင်းမှာ နေ့စဉ် လေကြောင်းမှ တိုက်ခိုက်မည့် ပစ်မှတ်များ စာရင်းဖြစ်ပြီး ကြည်းတပ်ဗိုလ်ချုပ်ကြီးဖြစ်သူ ရှပ်စကော့ဇ်က မဟာမိတ်လေတပ်အားလုံးသို့ အမိန့်ထုတ်ပြန်ပေးရသည်မှာ ကြည်း၊ ရေ၊ လေသာမက နိုင်ငံစုံ ပူးတွဲစစ်ဆင်ရေး ဌာနချုပ်အနေဖြင့် မည်မျှအထိ လုပ်ပိုင်ခွင့် ပေးအပ်ထားသည်ကို တွေ့ရှိနိုင်ပေသည်။



ဤအမိန့်အရ အင်္ဂလန်၊ စပိန်၊ အာရေဗျကျွန်းဆွယ်၊ တူရကီနိုင်ငံနှင့် ပင်လယ်တွင်းမှ လေယာဉ် ၁၀၀၀ ခန့်သည် နေ့စဉ်ပျံတက်၍ စစ်ဆင်ရေးစီမံချက်ပါအတိုင်း ပစ်မှတ်များကို တိုက်ခိုက်ပေးရသည်။ ဤလေကြောင်းတာဝန် အမိန့်မှာ ကွန်ပျူတာဖြင့် တွက်ချက် ထုတ်ပြန်ခြင်း ဖြစ်သည်ဆို၏။ ဤအမိန့်အရပင် လက်ရုံးတပ်ဖွဲ့ချင်း ပူးပေါင်း၍လည်းကောင်း၊ နိုင်ငံအသီးသီးမှ လေယာဉ်ချင်း ပူးပေါင်း၍လည်းကောင်း တိကျ၍ ကောင်းစွာ ပေါင်းစပ်ညှိနှိုင်းမှုရှိသည့် လေကြောင်းတိုက်ခိုက်မှုများကို ဆောင်ရွက်နိုင်ခဲ့ကြသည်။ သို့ရာတွင် ဤကိစ္စ၌ အမေရိကန်ရေတပ်က ၎င်းတို့အား ချောင်ထိုးထားသည်ဟု ယူဆခဲ့၏။ ရေတပ်၏ လေကြောင်းအင်အားကို ခွင့်ကြုံက အသုံးပြုရန်ဟု အရန်ထားခဲ့သော်လည်း စစ်ပွဲပြီးသွားသည့်တိုင် ခွင့်မကြုံခဲ့သဖြင့် ရေတပ်က ယင်းသို့ယူဆခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ဤလုပ်ငန်းစဉ်အရ သမိုင်းတွင် ထုထည်အကြီးမားဆုံးနှင့် အရှုပ်ထွေးဆုံး လေကြောင်းစစ်ဆင်မှုကို ဆင်နွှဲနိုင်ခဲ့ပေသည်။

ဤ "လေကြောင်းတာဝန် အမိန့်" သည် စစ်ဆင်ရေးကွပ်ကဲမှုဆိုင်ရာ ဖွဲ့စည်းမှု သဘောတရားသစ်ကိုလည်း ဖော်ထုတ်လိုက်ရာ ရောက်ပေသည်။ ဤအမိန့်တစ်ခုသည် စစ်လက်ရုံးအားလုံးမှ တပ်များကို ပူးတွဲစစ်ဆင်ရန် ညွှန်ကြားလိုက်ခြင်းဖြစ်ရာ ဤလေကြောင်းတာဝန် အမိန့်သည် ပူးတွဲစစ်ဆင်ရေးအမိန့်တစ်ရပ်ပင် ဖြစ်သည်။ ဤအမိန့်သည် ရှုပ်ထွေးသော်လည်း ၎င်း၏ သမိုင်းတွင် မကြုံဘူးသော အောင်မြင်မှုသည် စစ်သမိုင်းတွင် စာမျက်နှာသစ်တစ်ရပ် ဖွင့်လိုက်ခြင်းပင် ဖြစ်တော့၏။ ဤတစ်ချက်တည်းကပင် လေ-ကြည်းတိုက်ပွဲ သဘောတရားကို

စဉ်းစားမျှော်တွေး ဖော်ထုတ်ခဲ့သူများပင် ကြိုတင်မမျှော်မှန်းနိုင်ခဲ့သော အားသာချက် ဖြစ်ပေသည်။ အမေရိကန်စစ်သားများက "စစ်၏နတ်ဘုရားအား သူမ မရောက်ဘူးသေးသည့် ဘုံနန်းတစ်ခုသို့ တွန်းပို့လိုက်ခြင်း" ဟုပင် တင်စားကြသည်။

## ကြည်းကြောင်းစစ်ဆင်ရေးများ၏ အရှင်သခင် မည်သူနည်း

ဒုတိယကမ္ဘာစစ်အတွင်း၌ ဂျပန်လေကြောင်း ဗိုလ်ချုပ်ကြီး အီဆိုရိုကူယာမာမိုတိုသည် လေယာဉ်တင် သင်္ဘောများ အသုံးပြု၍ ပုလဲဆိပ်ကမ်းအား အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခြင်းဖြင့် လေယာဉ်တင်သင်္ဘောများ၏ ကဏ္ဍကို တစ်ခေတ်ဆန်းခဲ့သည်။ ရေတပ်စစ်ပါရဂူတစ်ဦးအဖြစ်လည်း သမိုင်းမော်ကွန်းထိုးနိုင်ခဲ့သည်။ နားမလည်နိုင်သည်မှာ ဗိုလ်ချုပ်ကြီးယာမာမိုတိုသည် ၎င်းကိုယ်တိုင် တီထွင်ခဲ့သော စစ်ဗျူဟာကို ကိုယ်တိုင်အမြတ်ထုတ်အသုံးမချနိုင်ခဲ့ခြင်းဖြစ်၏။ ပုလဲဆိပ်ကမ်းအား လေယာဉ်တင်သင်္ဘောများ အသုံးပြု၍ တိုက်ခိုက်အောင်မြင်ပြီးသည့်တိုင် ဗိုလ်ချုပ်ကြီး ယာမာမိုတိုသည် ပင်လယ်ပြင်တွင် စစ်သင်္ဘော (Battle Ships) ကြီးများကသာ အဆုံးအဖြတ် တိုက်ပွဲဆင်နွှဲနိုင်သည်ဟု ယုံကြည်နေဆဲဖြစ်၏။ လူ့လောကတွင် မသိနားမလည်၍ အမှားအယွင်း ပြုလုပ်မိသည်ကို အနည်းငယ်မျှ သနားကြမည်မှန်သော်လည်း ဤအမှားမျိုး သိသိဖြင့် ထပ်မံ ကျူးလွန်လျှင်မူ လူမိုက်ဟုသာ ခေါ်တွင်ကြပေလိမ့်မည်။

အမေရိကန်တို့သည် အီရတ်စစ်မြေပြင်၌ ယာမာမိုတိုကဲ့သို့ အမှားမျိုး ထပ်မံကျူးလွန်ခဲ့သည်ဟု ဆိုကြသည်။ အကြောင်းမှာ



အမေရိကန် ရဟတ်ယာဉ်များက အီရတ်သံချပ်ကာ တပ်များကို ထိထိရောက်ရောက် ဖျက်ဆီးနိုင်ခဲ့သည်ကို သင်ခန်းစာမယူဘဲ စစ်ပြီးသည်နှင့် ရဟတ်ယာဉ်များကို ပို၍ တိုးတက်ကောင်းမွန်အောင် မစဉ်းစား မဖော်ထုတ်ဘဲ ချောင်းထိုးခဲ့ကြသည်ဟုဆို၏။ ကူဝိတ်စစ်ပွဲတစ်လျှောက်လုံးတွင် အီရတ်တို့၏ မဒီနာ တပ်မကဘာဆရာမြို့တောင်ဘက်၌ အပြင်းအထန် ခုခံသည့် တစ်ကြိမ်မှလွဲ၍ တင့်တိုက်ပွဲဟူ၍ မယ်မယ်ရရ ဖော်ပြနိုင်သည့် တိုက်ပွဲမျိုး မရှိခဲ့ပေ။ အမေရိကန်တို့သည် ရဟတ်ယာဉ် အသုံးပြု အောင်မြင်ပြီး သမိုင်းတွင် ရဟတ်ယာဉ်များအတွက် စာမျက်နှာသစ် ဖွင့်လှစ်ခဲ့နိုင်သည့်တိုင် တင့်နှင့် အခြားလက်နက်စနစ်များ တိုးတက်ဖွံ့ဖြိုးရေးကိုသာ ဦးစားပေးစဉ်းစားခဲ့သည်။ ရဟတ်ယာဉ်နှင့် ပတ်သက်၍ ဘေးဖယ်ထားခဲ့သည်။ အမေရိကန်တို့သည် အနာဂတ်ကြည်းကြောင်း စစ်ဆင်ရေးများတွင် တင့်ကိုပါ အဆုံးအဖြတ်ပေးလက်နက်အဖြစ် ဆက်လက်သဘောထားနေကြသည် ဆို၏။

ရဟတ်ယာဉ်များ၏ အစွမ်းကို ဗီယက်နမ်စစ်အတွင်း၌ပင် စတင်လက်ခံယုံကြည်ခဲ့ကြ၏။ များမကြာမီ ဆိုဗီယက်တို့က အာဖဂန်နစ္စတန် စစ်မြေပြင်၌လည်းကောင်း၊ ဗြိတိသျှတို့က ဖော့ကလန်ကျွန်းစစ်ပွဲ၌လည်းကောင်း ထပ်မံပြသခဲ့ကြသည်။ ယင်းစစ်ပွဲ ၃ ခုစလုံးတွင် ရဟတ်ယာဉ်တို့၏ ဦးတည်ရန်သူမှာ ပြောက်ကျားများနှင့် သံချပ်ကာ အကာအကွယ်မပါသော ခြေလျင်တပ်များသာ ဖြစ်ခဲ့ရာ တင့်များအပေါ် ၎င်းတို့၏ အန္တရာယ်ပြုနိုင်စွမ်းမှာ နှစ်ပေါင်း ၂၀ မျှ မေ့လျော့နေခဲ့ကြသည်။ ပင်လယ်ကွေ့စစ်ပွဲ ဖြစ်ပွားလာသောအခါမှ ရဟတ်ယာဉ်၏ တင့်ဖျက်စွမ်းအားကို မျက်ဝါးထင်ထင် သိမြင်ခွင့်ရခဲ့ကြသည်။ ယင်းစစ်ပွဲ

တစ်ခုတည်း၌ အခြားနိုင်ငံများ မပါ အမေရိကန် တစ်နိုင်ငံတည်းက ရဟတ်ယာဉ်မျိုးစုံ ၁၆၀၀ ကို ပင်လယ်ကွေ့သို့ စေလွှတ်အသုံးပြုခဲ့ရာ ရဟတ်ယာဉ်များနှင့်ပင် ရဟတ်ယာဉ်တပ်မတော်တစ်ရပ် ဖွဲ့နိုင်လောက်သည်ဆို၏။ သို့တိုင်အောင် အမေရိကန်တို့သည် ရဟတ်ယာဉ်များကို ထိထိရောက်ရောက် စွမ်းအားဖြည့် အသုံးမပြုနိုင်ခဲ့ဟုဆိုသည်။ ၎င်းတို့သည် ရဟတ်ယာဉ်များအား သံချပ်ကာတပ်နှင့် ယန္တရားတပ်များသို့ တွဲဖက်တပ်ဖွဲ့များအနေဖြင့်သာ အသုံးချခဲ့ကြသည်။ စစ်ပွဲကာလ အတွင်း အမေရိကန်တို့က ယင်းတို့၏ ပေးထရီးရော့ဒုံးကျည်စနစ်၊ အက်ဖ်-၁၁၇ ဂျက်တိုက်လေယာဉ်၊ တိုမဟော့ခ်ခရုဇ် ဒုံးပျံ စသည်တို့ကို စီအင်န်အင်န်မှတစ်ဆင့် နေ့စဉ်ရက်ဆက် ကြွားလုံးထုတ်နေချိန်၌ ရဟတ်ယာဉ်များ၊ အထူးသဖြင့် အပါချီ တိုက်ခိုက်ရေး ရဟတ်ယာဉ်များက စစ်မြေပြင်တွင် လက်စွမ်းပြနေခဲ့ကြသည်။ စစ်ပွဲအပြီး အမေရိကန် ကာကွယ်ရေးဌာနက ကွန်ကရက် လွှတ်တော်သို့ တင်သွင်းခဲ့သည့် အပြီးသတ် စစ်ပွဲ အစီရင်ခံစာ၌သာ ရဟတ်ယာဉ်များ၏ အောင်မြင်သော အခန်းကဏ္ဍကို အသိအမှတ်ပြု ထည့်သွင်းဖော်ပြခဲ့သည်မှလွဲ၍ ရဟတ်ယာဉ်များ၏ အစွမ်းထက်ပုံကို အသိအမှတ် မပြုမိသူ များခဲ့၏။

ကောန်စင်စစ်အားဖြင့် ယင်းပင်လယ်ကွေ့စစ်ပွဲကို ရဟတ်ယာဉ်များကသာ စတင် ဖွင့်လှစ်နိုင်ခဲ့သည်ဟု ဆိုနိုင်၏။ MH-53 J နှင့် AH-64 ရဟတ်ယာဉ်များသည် (န-၂၀ မိနစ်) တွင် အီရတ်တို့၏ လေကြောင်းရန် ကြိုတင် သတိပေးရေဒါအား နာရီပေါင်းများစွာ မြေပြင်နှင့် ကပ်လျက် လျှို့ဝှက်ပျံသန်းပြီး ချဉ်းကပ်ဖျက်ဆီးခြင်းဖြင့် ဗုံးကြဲလေယာဉ်များအတွက် လမ်းဖွင့်



ပေးနိုင်ခဲ့ရာ ရဟတ်ယာဉ်များ၏ ထိုးဖောက်တိုက်ခိုက်နိုင်စွမ်းကို ထိုစဉ်ကတည်းက အသိအမှတ်ပြုမိဖွယ်ကောင်း၏။ ဤတာဝန်များအပြင် ရဟတ်ယာဉ်များသည် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ခြင်း၊ လူနာရွှေ့ထုတ်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ တိုက်ပွဲထောက်လှမ်းခြင်း၊ တန်ပြန် အီလက်ထရောနစ်တာဝန်များ စသည်ဖြင့် မြောက်မြားလှစွာသော စစ်မြေပြင်တာဝန်များကို ထမ်းဆောင်ခဲ့ကြ၏။ ခတ်ဖ်ဂျီတိုက်ပွဲ၌ အီရတ်တို့၏ ထိုးစစ်ကို အဓိက တွန်းလှန်တိုက်ထုတ်ခဲ့သည်မှာ ရဟတ်ယာဉ်များပင် ဖြစ်သည်။

ဤပင်လယ်ကွေ့ စစ်ပွဲအတွင်း ရဟတ်ယာဉ်များ၏ အဓိက အသုံးဝင်မှုကဏ္ဍကို ထုတ်ဖော်ပြသခဲ့နိုင်သော စစ်ဆင်ရေးမှာ "မြွေဟောက်စစ်ဆင်ရေး" (Operation Cobra) ပင် ဖြစ်သည်။ အမေရိကန် အမှတ် (၁၀၁) လေကြောင်းချီတပ်မသည် ရဟတ်ယာဉ်ပေါင်း ၃၀၀ ကျော်ကို အသုံးပြုကာ စစ်သမိုင်းတွင် အကြီးမားဆုံးသော "ဖားခုန်" စစ်ကစားမှုကို ဆောင်ရွက်နိုင်ခဲ့သည်။ ဤ Cobra စစ်ဆင်ရေးဖြင့် ရန်သူ့နယ်မြေအတွင်း ကီလိုမီတာ ၁၀၀ ၌ ရှေ့တန်း အခြေချခြေကုပ်စခန်းကို တည်ဆောက်စစ်ဆင်နိုင်ခဲ့သည်။ အမေရိကန်တို့သည် ဤခြေကုပ်စခန်းကို အခြေပြုကာ ယူဖရေးတီးမြစ်တစ်ဖက်ကမ်းမှ အီရတ်တပ်များ၏ တစ်ခုတည်းသော ဆုတ်လမ်းကို ဖြတ်တောက်ပိတ်ဆို့ကာ ဆုတ်ခွာလာသော အီရတ်တပ်များကို ချေမှုန်းနိုင်ခဲ့သည်။ ဤစစ်ဆင်ရေးသည် ကြည်းကြောင်းစစ်ဆင်ရေးတစ်ခုလုံးတွင် အရေးအပါဆုံးသော စစ်ကစားမှုပင် ဖြစ်၏။ ဤစစ်ဆင်ရေးအရ ရဟတ်ယာဉ်များသည် စစ်ဆင်ရေးကြီးများကို သီးခြားဆင်နွှဲနိုင်စွမ်းရှိကြောင်း သက်သေထူနိုင်ခဲ့သည်။ ရဟတ်

ယာဉ်များ၏ ဖျက်ဆီးမှုဒဏ်ခံလိုက်ရသော ခံစစ်စခန်းအသီးသီးမှ အီရတ်တပ်များ ဒူးထောက်အညံ့ခံကြသည့် အချိန်၌ပင် ၎င်းတို့အား ရဟတ်ယာဉ်များက နွားအုပ်မောင်းသလို မောင်း၍ စုစည်းခဲ့ကြသည်ဆို၏။ သို့အတွက် "တိုက်ပွဲတစ်ခုကို ခြေလျင်တပ်ကသာ နောက်ဆုံး အဆုံးအဖြတ် ပေးနိုင်သည်" ဟူသော အဆိုခေတ်ကုန်သွားပြီး "ခြေလျင်တပ်"ဟူသော စကားရပ်အစား အမေရိကန်တို့၏ "မိုးပျံကောင်းဘွိုင်" တို့က နေရာယူလာသည် ဆို၏။

ယင်း Cobra စစ်ဆင်ရေး၏ မူလစီမံချက်မှာ ရဟတ်ယာဉ်များအနေဖြင့် အဓိကထိုးစစ်ဆင်နွှဲမည့် သံချပ်ကာတပ်များကို အထောက်အကူပေးရန်သာ ဖြစ်သည်။ သို့ရာတွင် ရဟတ်ယာဉ်များ၏ မျှော်လင့်မထားသော အောင်မြင်မှုကြောင့် စီမံချက်မှ လွဲဖယ်သွားပြီး ရဟတ်ယာဉ်များကို ဦးစားပေး အသုံးချ တိုက်ခိုက်ခဲ့သည်။ သို့အတွက်လည်း ဗိုလ်ချုပ်ကြီး ရွှပ်စကော့ဖ်က အမှတ် (၇) တပ်မကြီးကို မူလသတ်မှတ်ထားသည်ထက် ၁၅ နာရီ စော၍ တိုက်စစ်ဆင်ရန် အမိန့်ပေးနိုင်ခဲ့သည်။ အမှတ် (၇) တပ်မကြီးသည် ဗိုလ်ချုပ်ကြီး ဖရန့်စ်၏ ကွပ်ကဲမှုအောက်တွင် ဒုတိယကမ္ဘာစစ်အတွင်းက နာမည်ကျော် ဂျာမန်တင့်ပါရဂူ ဗိုလ်ချုပ်ကြီး ဂူဒေရီယန်၏ ပန်ဇာတပ်များ ချီတက်နှုန်းထက် ပိုမိုလျင်မြန်စွာ ချီတက်နိုင်ခဲ့သည်။ သို့ရာတွင် ဗိုလ်ချုပ်ကြီးဖရန့်စ်မှာ ချီတက်နှုန်းကောင်းခြင်းအတွက် နာမည်မရဘဲ "အဘွားကြီးအိုတစ်ယောက်လို တစ်လှမ်းခြင်းသာ ရှေ့တိုးခဲ့သည်" ဟူ၍ သရော်ခံခဲ့ရ၏။ ရီယာ့ဒ်ရှိ မဟာမိတ်စစ်ဌာနချုပ်မှ ထွက်ပေါ်လာသည့် ဤဝေဖန်ချက်ကို ဗိုလ်ချုပ်ကြီးဖရန့်စ်က ပြန်လည်ဖြေရှင်းရာ၌ ၎င်း၏ တပ်မကြီး ချီစစ်ဆင်နေချိန်အထိ



အီရတ်တပ်များသည် အပြင်းအထန် ခုခံနိုင်ဆဲဖြစ်ကြောင်း ဖြေရှင်းခဲ့သည်။ ဤဝေဖန်ချက် ထွက်ပေါ်လာရသည့် အကြောင်းအရင်းကို မည်သူမျှ သတိမပြုမိခဲ့ပေ။ အမှန်အားဖြင့် ဗိုလ်ချုပ်ကြီး ဖရန့်စ်၏ ကွပ်ကဲမှုအောက်မှ တင့်များ၏ ချီတက်နှုန်းကို ရဟတ်ယာဉ်များနှင့် နှိုင်းယှဉ်မိခြင်းကြောင့် ဤဝေဖန်ချက်များ ထွက်ပေါ်လာရခြင်းဖြစ်၏။ ယနေ့ကာလအထိပင် ရဟတ်ယာဉ်များနှင့်အတူ တင့်များ လိုက်လံချီတက်နိုင်သော တိုက်ပွဲဟူ၍ မရှိသေးပါ။

ဤနေရာ၌ လှုပ်ရှားရွေ့ပြောင်းနိုင်မှု တစ်ခုတည်းဖြင့် တိုင်းတာခြင်း မဟုတ်ပေ။ တစ်ချိန်က ကြည်းကြောင်း စစ်ဆင်ရေး၏ ဘုရင်များဟု အမည်ရခဲ့သော တင့်များကို ရဟတ်ယာဉ်များက ယနေ့ကာလတွင် ကဏ္ဍအသီးသီး၌ ပခုံးချင်းယှဉ်လျက်ရှိသည်။ မြေပြင်ပေါ်ရှိ အတားအဆီးများ၊ ရွှံ့ညွန်များကို ခက်ခဲစွာဖြင့် ဖြတ်ကျော်ရသည့် တင့်အား သစ်ပင်များလွတ်ရုံ ပျံသန်းနိုင်သည့် ရဟတ်ယာဉ်က ရွေ့ပြောင်းလှုပ်ရှားမှု၌ သာလွန်သွားသည်။ မြေပြင်ပေါ်ရှိ မည်သည့်အတားအဆီးကမျှ ရဟတ်ယာဉ်ကို မတားဆီးနိုင်ပေ။ လွန်စွာလှုပ်ရှား စစ်ကစားနိုင်မှု ကောင်းမွန်ခြင်းက ရဟတ်ယာဉ်တွင် သံချပ်ကာ မပါရှိခြင်းတည်းဟူသော ချို့ကွက်ကို ဖာထေးပေးနိုင်၏။ တစ်ဖန် ရွေ့ပြောင်းလက်နက်စင်အနေဖြင့် စဉ်းစားပြန်လျှင် ရဟတ်ယာဉ်၏ ပစ်အားမှာ တင့်ထက် မနိမ့်ပေ။ ဤအချက်မှာ တင့်၏ သမိုင်းတစ်လျှောက် အကြီးမားဆုံးသော ပြိုင်ဘက် ဖြစ်လာစေသည်။ တင့်များအတွက် အဓိက အခက်ခဲဆုံးသောအချက်မှာ တင့်ချေမှုန်းရေးတပ်ဖွဲ့တစ်ခု ဖွဲ့စည်းမည်ဆိုပါက စုရပ်တစ်ခုသို့ တင့်အရေအတွက် အမြောက်

အမြား စုစည်းရန်မှာ မည်သည့်တပ်မတော်အတွက်မဆို အဓိက ခေါင်းခဲစရာ ပြဿနာဖြစ်နေပေသည်။ တစ်ဖန် တင့်များ စုစည်းထားချိန်မှာ ရန်သူက ကြိုတင်လက်ဦးမှု ရယူ ချေမှုန်းနိုင်ရန် အတွက် အကောင်းဆုံးသော အခြေအနေအချိန်အခါ ဖြစ်နေသည့် အဓိကအားနည်းချက် ရှိပေသည်။ တစ်ဖက်တွင်မူ ရဟတ်ယာဉ်များမှာ လှုပ်ရှားစစ်ကစားနိုင်ပြီး လိုသလို ဖြန့်ခွဲနိုင်၊ စုစည်းနိုင်သဖြင့် သမားရိုးကျစစ်တွင် အမြန်စုစည်းတိုက်ခိုက်နိုင်သလို တန်ပြန်ပြောက်ကျားစစ်တွင်လည်း လိုသလိုပင် အမြန် ဖြန့်ခွဲတိုက်ခိုက်နိုင်သည့်စွမ်းပကား ရှိသည်။

တင့်နှင့် ရဟတ်ယာဉ်များသည် သဘာဝတရားအရပင် အဓိက ပြိုင်ဘက်ရန်သူများ ဖြစ်နေကြပေသည်။ လက်တွေ့ကျကျ စဉ်းစားလျှင်မူ တင့်သည် ရဟတ်ယာဉ်ကို မည်သို့မျှ မယှဉ်နိုင်ဟု ဆိုသည်။ ယနေ့ အကောင်းဆုံး တင့်ဖျက်စနစ်ဟူ၍ နာမည်ကျော်နေသည့် AH-64 အပါချီကို မဆိုထားဘိ ခေတ်ဟောင်းသွားပြီဟု ဆိုသော AH-1 Cobra တိုက်ခိုက်ရေး ရဟတ်ယာဉ်များသည်ပင် ပင်လယ်ကွေ့စစ်ပွဲအတွင်း မိမိဘက် အထိအခိုက်မရှိဘဲ တင့်စင်းရေ ၁၀၀ ကျော်ကို ဖျက်ဆီးနိုင်ခဲ့သည်။ သို့အတွက် တိုက်စွမ်းအားကြီးသော ရဟတ်ယာဉ်များ၏ခေတ်တွင် "အကောင်းဆုံး တင့်ဖျက်လက်နက်မှာ တင့်ပင်ဖြစ်သည်" ဟူသော အချက်သည် မည်သို့ မှန်ကန်နေနိုင်ဦးမည်ပေနည်း။

သို့အတွက် ရဟတ်ယာဉ်များသည်သာ တကယ့်စစ်မှန်သော တင့်ဖျက်လက်နက်များဟု ဆိုနိုင်ပေသည်။ ပင်လယ်ကွေ့စစ်ပွဲတွင် သရုပ်ဆောင်နိုင်ခဲ့သော တင့်ဖျက်ရဟတ်ယာဉ်များသည် တစ်စထက်တစ်စ တိုးတက်ဖွံ့ဖြိုးလျက်ရှိရာ မကြာသေးမီအနာဂတ်ကာလ၌ တင့်များအား စစ်မြေပြင်မှ မောင်းထုတ်ပေတော့မည်။ ၎င်းအပြင် "မြေပြင်စစ်ပွဲကို လေကြောင်းဖြင့် အနိုင်ယူမည်" ဟူသော စကားရပ်မှာလည်း အလွန်အကျွံ ချဲ့ကားထားခြင်း မဟုတ်သည်ကို မကြာမီမှာပင် မျက်ဝါးထင်ထင်မြင်တွေ့ရပေတော့မည်။ ဤအချက်ကို မြော်မြင်လှစွာသော ကြည်းတပ် တပ်မှူးများက တစ်နေ့တခြားပို၍ သဘောတူလက်ခံလျက် ရှိလာကြ၏။ ၎င်းအပြင် အယူအဆသစ်များဖြစ်သော "မိုးပျံကြည်းတပ်" (Flying Army)၊ "မိုးပျံမြေပြင်တိုက်ပွဲ" (Flying Ground Warfare) ဟူသော စကားရပ်များသည် စစ်သုံးအဘိဓာန်တို့တွင် စံအသုံးအနှုန်းများ ဖြစ်လာကြပေတော့မည်။ ယင်းတို့၏ အဓိကဇာတ်ကောင်မှာ ရဟတ်ယာဉ်ပင် ဖြစ်မည်ကို အထူးတလည် ဖော်ပြရန် လိုမည်မထင်ပါ။

## အောင်ပွဲနောက်ကွယ်မှ မမြင်ရသော ဇာတ်ကောင်

ပင်လယ်ကွေ့စစ်ပွဲ မစတင်မီ သမ္မတ ဘွတ်ရှ်သည် အမေရိကန် လက်နက်ကိုင် တပ်ဖွဲ့များ၏ စစ်သေနာပတိချုပ်အနေဖြင့် စစ်ပွဲစတင်မည့်အချိန်ကို သိရှိထားသည်။ သို့ရာတွင် စီအင်န်အင်န် သတင်းထုတ်လွှင့်ချက်များကို ကြည့်ရှုမှုဖြင့်ပင် ဘွတ်ရှ်သာမက တစ်ကမ္ဘာလုံးက မကြာမီစစ်ပွဲစတင်တော့မည်ကို သိရှိထားနိုင်ကြ၏။ ဤအချက်သည် ရှေးယခင် စစ်ပွဲများနှင့် ခေတ်သစ်စစ် အဓိက ကွာခြားချက် ဖြစ်၏။ မီဒီယာသည် စစ်၏ကဏ္ဍတစ်ရပ် ဖြစ်လာခဲ့ပေသည်။ ယခင်ကလို မီဒီယာသည် စစ်မြေပြင်မှ ပေးပို့ရောက်ရှိလာသော သတင်းကိုသာ လိုက်လံ

ဖော်ပြနေရသည့် သတင်းထုတ်ပြန်ရေး အဖွဲ့အစည်းမဟုတ်တော့ချေ။ စစ်မြေပြင်ရောက် သတင်းထောက်များ၏ အချိန်နှင့်တစ်ပြေးညီ ပေးပို့နေသည့် သတင်းအစီအစဉ်များအား သာမန်ပရိသတ်ကိုပင် စစ်ပွဲအခြေအနေအား စစ်ဗိုလ်ချုပ်ကြီးများနှင့်တန်းတူ သိခွင့်ရစေ၏။

သို့ရာတွင် စစ်မြေပြင်မှ တိုက်ရိုက် သတင်းပေးပို့ထုတ်လွှင့်ချက်များသည် ကမ္ဘာ့ဖလား ဘောလုံးပွဲ ထုတ်လွှင့်သကဲ့သို့ လွှတ်လပ်စွာ ထုတ်လွှင့်နိုင်သည် မဟုတ်ချေ။ ပင်လယ်ကွေ့စစ်ပွဲသို့ သွားရောက်သတင်းယူခဲ့သော ရုပ်မြင်သံကြားသတင်းထောက် ၁၃၀၀ တို့သည် ပင်တဂွန်စစ်ဌာနချုပ်မှ ထုတ်ပြန်ထားသည့် သတင်းထုတ်ပြန်ချက်ဆိုင်ရာ စည်းမျဉ်းကို အားလုံးသိရှိထားပြီးဖြစ်သဖြင့် မည်သို့သော သတင်းမျိုး ပေးပို့သင့်သည်ကိုသာ မိမိတို့သဘောဖြင့် ဆုံးဖြတ်၍ ပေးပို့ခဲ့ကြသည်။ ၎င်းအပြင် ဒါရန်နှင့် ရီယာ့ဒ်ရှိ ပူးတွဲ သတင်းစိစစ်ရေး ရုံးများကိုလည်း ဖြတ်ကျော်ကြရသည်။ အမေရိကန်တပ်မတော်ရော မီဒီယာသမားများကပါ ဗီယက်နမ်စစ်၏ ခါးသီးသော အတွေ့အကြုံများကို မမေ့နိုင်ကြသေးချေ။ ထိုစဉ်က အမေရိကန်စစ်ဘက်နှင့် သတင်းသမားတို့၏ ပဋိပက္ခမှာ လူသိရှင်ကြားပင် အတော်ကြီးမားခဲ့သည်။ ယခုစစ်ပွဲတွင်မူ စစ်ဘက်နှင့် သတင်းဌာနများ အလွန်ပင်ပုလဲနံ့ပ သင့်ခဲ့ကြသည်။ သာဓကအနေဖြင့် ကြည့်ပါက စစ်ပွဲတစ်လျှောက်လုံး ပေးပို့ခဲ့သည့် သတင်းပေါင်း ၁၃၀၀ အနက် ၅ ခုကိုသာ ဝါရှင်တန်သို့ စိစစ်ရန် ပေးပို့ခဲ့ရပြီး ၄ ခုမှာ ၂ နာရီ၊ ၃ နာရီအတွင်းမှာပင် ဝါရှင်တန်မှ အတည်ပြုချက် ချက်ချင်းပြန်လာပြီး တစ်ခုကို သတင်းသမားတို့က မိမိတို့ဆန္ဒအလျောက်



ပယ်ဖျက်ရုပ်သိမ်းခဲ့သည်။ သို့ဖြင့် စစ်မြေပြင် တပ်မှူးများသည် သတင်းထောက်များ၏ အားပေးကူညီ ထောက်ခံမှုဖြင့် ကမ္ဘာ့ပြည်သူလူထုအား ၎င်းတို့ သိစေ၊ မြင်စေ၊ ကြားစေသည်များကို ထုတ်လွှင့်ပြသခွင့် ရရှိခဲ့သည်။ တစ်ဖက်တွင် ၎င်းတို့ မသိစေလိုသော အကြောင်းကိစ္စများကို အလွယ်တကူပင် ဖုံးဖိထားနိုင်ခဲ့ကြ၏။ သို့ဖြင့် စစ်မြေပြင် တပ်မှူးများသည် ကမ္ဘာ့လူထု၏ ဆန္ဒသဘောထားကို ချုပ်ကိုင်နိုင်ခဲ့သည်။ အမေရိကန် မီဒီယာသမားများသည်လည်း မီဒီယာတို့၏ ဘက်မလိုက်မှုတည်းဟူသော ကျင့်ဝတ်ကို မျက်ကွယ်ပြုကာ အမေရိကန် စစ်ဘက်နှင့် ပူးပေါင်း၍ အီရတ် ဆန့်ကျင်ရေးသဘောထားကို အလွယ်တကူပင် စွဲကိုင်ခဲ့ကြသည်။ သို့ဖြင့် မီဒီယာ၏ စွမ်းအားနှင့် အမေရိကန်စစ်ဘက်၏ စွမ်းအားနှစ်ခု ပေါင်းစပ်မိသွားသည်ဟု ဆိုနိုင်သည်။ တစ်နည်းအားဖြင့် ပူးတွဲတပ်ဖွဲ့တစ်ရပ်အဖြစ်သို့ ရောက်ရှိသွားခဲ့သည်။

ကူဝိတ်ကို အီရတ်က ဝင်ရောက် သိမ်းပိုက်ပြီး မကြာမီပင် ဆော်ဒီအာရေဗျ၌ အမေရိကန်တပ်များ အလုံးအရင်းဖြင့် စုစည်းနေကြောင်း၊ လက်နက်ပစ္စည်းများ စုပုံနေကြောင်း မီဒီယာများက ထုတ်လွှင့်ခဲ့ရာ အီရတ်တို့အတွက် လုံလောက်သော ကြိုတင်ပြင်ဆင်ချိန် ရခဲ့၏။ သဲကန္တာရမုန်တိုင်း စစ်ဆင်ရေး မစတင်မီတစ်ရက်အလို၌ပင် အမေရိကန် လေယာဉ်တင် သင်္ဘောတစ်စင်း စူးအက်တူးမြောင်းကို ဖြတ်ကျော်သွားသည့် သတင်းအား မီဒီယာများက ထုတ်လွှင့်ခဲ့ပေသည်။ ဤသတင်းမှာ ဆဒမ်ဟူစိန်အား အမေရိကန်တပ်များသည် ထိုးစစ်အတွက် ပြင်ဆင်မှုများ မပြီးဆုံးသေးဟု အထင်ရောက်သွားစေခဲ့သည်။ အလားတူပင် မီဒီယာ

များ၏ ချဲ့ကားထုတ်လွှင့်ရေးသားမှုများသာ မရှိပါက ပင်လယ်ကွေ့ဒေသ၌ အသုံးပြုခဲ့သော လက်နက်ဆန်းများ၏ စွမ်းပကားကို လူအများက ဤမျှအံ့ဩတုန်လှုပ်ကြလိမ့်မည် မဟုတ်ပေ။ စစ်ပွဲကာလအတွင်း ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ ၉၈ ကြိမ်စလုံးတွင် လူအများသည် ပေးထရီးရော့ဒုံးကျည်များက စကာ့ဒ်ဒုံးကျည်များအား ပစ်ချပုံ၊ အီရတ်လေတပ်ဌာနချုပ်၏ လေဝင်ပေါက်ထဲသို့ ပဲ့ထိန်းဒုံး တည့်တည့်ဝင်ရောက် ထိမှန် ပေါက်ကွဲပုံတို့ကို မြင်တွေ့ခဲ့ကြရာ ဤလက်နက်ဆန်းများကို ရင်သပ်ရှုမောဖြစ်ခဲ့ကြသည်။ ဤပုံရိပ်များက တစ်ကမ္ဘာလုံးကို တုန်လှုပ်ချောက်ချားစေခဲ့ရာ အီရတ်များကိုယ်တိုင် အပါအဝင် ဖြစ်၏။ ဤရုပ်ပုံများကို မြင်ရသူတိုင်းက ဤစစ်ပွဲတွင် အီရတ်တို့ မလွဲမသွေ ရှုံးနိမ့်ပြီး အမေရိကန်တို့ကသာ မုချအောင်ပွဲခံလိမ့်မည်ဟု လက်ခံယုံကြည်သွားကြသည်။ သို့အတွက် အမေရိကန်စစ်ဘက်နှင့် အနောက်အုပ်စုမီဒီယာများ နှစ်ဦးပေါင်းကာ ဆဒမ်ဟူစိန်အား လည်ပင်းညှစ်ခဲ့ကြသည်ဟု ဆိုနိုင်ပေသည်။

စစ်အပြီး ထုတ်ပြန်သော ပြန်လည်သုံးသပ်ချက်တွင် အမေရိကန်တို့သည် "မီဒီယာ သတင်းပို့ချက်များ၏ စွမ်းအားကြီးမားမှုမှာ မိမိတို့၏ မဟာဗျူဟာ ဦးတည်ချက်နှင့် စစ်ဆင်ရေးများ၏ ပမာဏကို အကြီးအကျယ် အကျိုးသက်ရောက်မှု ရှိစေခဲ့သည်" ဟု ထည့်သွင်းရေးသားခဲ့သည်။ ၎င်းအပြင် အသစ်ထပ်မံထုတ်ပြန်သော "သတင်းစစ်ဆင်ရေး" (FM 100-6 Information Operations) သည် ဤဥပမာကို အဓိကစံနမူနာယူဖော်ပြခဲ့သည်။ သို့အတွက် အနာဂတ်စစ်ပွဲများတွင် မီဒီယာ၏ စွမ်းပကားသည် စစ်ပွဲအတွင်း တိုက်ခိုက်မှုများနည်းတူ စစ်ပွဲ၏



ဦးတည်ချက်ကို လွှမ်းမိုးမှုရှိသော အဓိက ကဏ္ဍမှ ပါဝင်လာတော့မည်ဟု ဆိုနိုင်ပေသည်။

ဤအချက်သည် တိုက်ပွဲဝါဒဖြန့်မှု (Battle field propaganda) နှင့် မတူချေ။ တိုက်ပွဲဝါဒဖြန့်မှုတွင် မိမိလိုလားချက်ထိမိအောင် တစ်ဖက်သက် အလွန်အကျွံ အချက်များ ပါဝင်လေ့ရှိရာ တစ်ဖက်လူများသာမက ကြားလူများကပါ အလွယ်တကူဖြင့်ပင် "ဝါဒဖြန့်မှုသက်သက်" ဟု ဆိုကာ ပယ်ချလေ့ရှိတတ်ကြသည်။ စစ်ပွဲတွင် မီဒီယာများအား လက်နက်အဖြစ် အသုံးချရာ၌မူ သတင်းများကို အဖြစ်မှန် သတင်းပို့သည့်နှယ် လိမ္မာပါးနပ်စွာ လှည့်ဖျားဖော်ပြတတ်ကြသည်။ ယင်း၏ ထိရောက်မှုမှာလည်း အတိအကျ တိုင်းထွာ၍ မရလောက်အောင် တိတ်တဆိတ်နှင့် ပြင်းထန်လှသည်။ ပင်လယ်ကွေ့စစ်ပွဲအတွင်းတွင် အီရတ်တို့မှာ စစ်ရေးအရ ခုခံကာကွယ်နိုင်စွမ်းမရှိဖြစ်ခဲ့သလိုပင် စွမ်းအားကြီးမားသော အနောက်အုပ်စု မီဒီယာများ လက်ချက်ကြောင့် မိမိတို့ကိုယ်ကို မီဒီယာနည်းဖြင့် ခုခံကာကွယ်နိုင်စွမ်းလည်း မရှိ ဖြစ်ခဲ့ရ၏။ အီရတ်တို့၏ ဝါဒဖြန့်ချိရေးယန္တရားက သမ္မတဘွတ်ရှ်အား နတ်ဆိုးကြီးအဖြစ် ခြယ်မှုန်းခဲ့သော်လည်း ယင်းဝါဒဖြန့်ချိမှုမှာ အင်အားကြီးမားသော အနောက်အုပ်စု မီဒီယာလှိုင်းတံပိုးများအောက်တွင် ပျောက်ကွယ်သွားရ၏။ သို့အတွက် အီရတ်တို့မှာ နိုင်ငံတကာ၏ စာနာမှု အထောက်အကူကိုပင် မရရှိခဲ့ပေ။ နိုင်ငံတကာအမြင်တွင် ဆဒမ်ဟူစိန်မှာ စစ်ရူး ရူးနေသော ကျူးကျော်သူကြီးတစ်ဦးအဖြစ် အများစိတ်က လက်ခံသွားသည်အထိ ခြယ်မှုန်းခံခဲ့ရပေသည်။ အင်အားအဆမတန်သာလွန်သော စစ်ဘက်နှင့် မီဒီယာ စွမ်းအားစုများ ပူးပေါင်းကာ

စစ်မြေပြင်တွင်ရော လူထုအသည်းနှလုံးထဲ၌ပါ စစ်မျက်နှာ ၂ ခုပေါင်း၍ ဆာဒမ်ဟူစိန်အား အလဲထိုးခဲ့ခြင်းပင် ဖြစ်၏။

မည်သို့ပင်ဆိုစေကာမူ မီဒီယာ၏အစွမ်းမှာ အသွားနှစ်ဖက်ဓားနှင့် တူ၏။ သို့အတွက် ရန်သူကို ရည်ရွယ်ထုတ်လွှင့်သော မီဒီယာလက်နက်သည် မိမိအားလည်း အချိန်မရွေး ထိခိုက်နိုင်သည်။ ပင်လယ်ကွေ့စစ်အတွင်း သမ္မတဘွတ်ရှ်ကိုယ်တိုင်က စစ်ပွဲအား နာရီ ၁၀၀ နှင့် ရပ်ဆိုင်းလိုက်ရန် ဆုံးဖြတ်ခဲ့ခြင်းမှာ စစ်မြေပြင်မှ သတင်းပို့ချက်များအား ဘွတ်ရှ်ကိုယ်တိုင် ကြည့်မိပြီး စစ်ကို လျင်မြန်စွာ အဆုံးသတ်ရန် အဆောတလျင် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်ဆို၏။ သို့အတွက် ဆာဒမ်ဟူစိန်မှာ အသက်မသေ လွတ်မြောက်သွားကာ သမ္မတကလင်တန် လက်ထက်တွင် နောက်ထပ်စစ်ပွဲတစ်ခု ထပ်မံဆင်နွှဲရခြင်းဖြစ်သည်ဟု ဆိုကြသည်။

ယနေ့ မီဒီယာများ၏ ထိရောက်မှုစွမ်းပကားမှာ ကမ္ဘာ့မဟာအင်အားကြီးနိုင်ငံတစ်ခု၏ သမ္မတကိုပင် လွှမ်းမိုးမှု ရှိနိုင်သည်အထိ အစွမ်းထက်သည်ဟု ဆိုနိုင်သည်။ ရုပ်မြင်သံကြားဖန်သားပြင်တွင် မြင်လိုက်ရသည့်တစ်ခုတည်းသော ပြကွက်က အမေရိကန်သမ္မတလို ပုဂ္ဂိုလ်တစ်ဦး၏ ဆုံးဖြတ်ချက်ကို ရုတ်ချည်းပြောင်းလဲသွားစေသည့် အစွမ်းရှိသည်။ ဤအချက်ကို ကြည့်ပါက မီဒီယာက လူသားတို့၏ နိစ္စဓူဝကိစ္စရပ်များအပေါ် မည်မျှလွှမ်းမိုးမှုရှိသည် ဆိုခြင်းကို သိနိုင်ပေသည်။ သို့အတွက် စစ်မြေပြင်တွင် သရဖူမဆောင်းသော ဘုရင်တစ်ပါး ပေါ်ပေါက်လာသည်ဟု ဆိုကများအံ့မထင်။ သဲကန္တာရမုန်တိုင်း စစ်ဆင်ရေးအပြီး ယနေ့ကာလ၌ မီဒီယာမပါ စစ်အင်အား သက်သက်ဖြင့် မည်သည့်အောင်ပွဲမျှ မရနိုင်ဟု ဆိုရပေတော့မည်။



## အမြွှာများသည့် ပန်းသီး

စက်မှုနည်းပညာဟောင်းများကိုသာမက စစ်မှုနည်းပညာသစ်များကိုပါ ပေါင်းစပ်ထားသည့် သဘောသဘာဝဖြစ်သည့် သဲကန္တာရမုန်တိုင်းစစ်ဆင်ရေးသည် ယနေ့ခေတ်၏ "ဂန္ထဝင်" စစ်ပွဲသစ်တစ်ရပ်ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ဤစစ်ပွဲသည် နိုင်ငံတိုင်းရှိ စစ်ရေးစစ်ရာ စိတ်ဝင်စားသူများအတွက် သူ့နေရာနှင့်သူ စိတ်ဝင်စားစရာ အပြည့်ရှိစေ၏။ လူတိုင်းပင် မိမိအမြင်နှင့် မိမိလိုရာ သင်ခန်းစာကို လိုသလို ဆွဲယူနိုင်၏။ သို့အတွက် ကျွန်ုပ်တို့က ဤစစ်ပွဲကို "အမြွှာများသည့် ပန်းသီး" ဟု အမည်တပ်လိုပေသည်။ ဤသို့ဆိုခြင်းကြောင့် သူ့ကဏ္ဍနှင့်သူ အကန့်လိုက်ရှိနေသည်ဟု ဆိုလိုခြင်း မဟုတ်ပေ။ မည်သူက မဆို မိမိအမြင်နှင့် မိမိလိုရာ ဆွဲ၍ မထင်မှတ်သော ကဏ္ဍတစ်ရပ်ကို အချိန်မရွေး အသစ်ဖော်ထုတ်နိုင်ပေသည်။

သမ္မတဘွတ်ရှ်က ကူဝိတ်အရေးအခင်းနှင့် ပတ်သက်၍ ကျင့်ဝတ်ပိုင်းအရ မိမိတို့တွင် မှန်ကန်သော၊ တရားသောတာဝန်ရှိကြောင်း အမေရိကန်ပြည်ထောင်စုနှင့် တစ်ကမ္ဘာလုံးသို့ အသံလွှင့်ပြောကြားစဉ်က မည်သည့်စီးပွားရေး ပညာရှင်ကမှ အမေရိကန်ပြည်ထောင်စုသည် "ညီတူညီမျှ တာဝန်ရှိခြင်း" အစီအစဉ်ဖြင့် အခြားနိုင်ငံများအား စစ်စရိတ်မျှဝေထည့်သွင်းရန် အဆိုပြုလိမ့်မည်ဟု ဟောကိန်းမထုတ်နိုင်ခဲ့ချေ။ သို့ဖြင့် စစ်ပွဲကို အတူဝင်တိုက်ပြီး ကုန်ကျစရိတ်မျှခံသည့် ပုံစံတစ်မျိုး ပေါ်ပေါက်လာစေသည်။ မိမိကိုယ်တိုင် စီးပွားရေးသမား မဟုတ်သော်လည်း

ဤကဲ့သို့သော အကွက်မြင်သည့် ဝေါလမ်းမ (Wall Street) စီးပွားရေး အကွက်မိမိ လုပ်ကွက်မျိုးကိုမူ ချီးကျူးရပေမည်။

စိတ်ဓာတ်စစ်ဆင်ရေးသည် အမှန်တကယ်အားဖြင့် ယခုမှ ပေါ်ပေါက်လာသော စစ်နည်းဗျူဟာသစ် မဟုတ်ပါ။ သို့သော် သဲကန္တာရမုန်တိုင်း စစ်ဆင်ရေးအတွင်း ပေါ်ပေါက်လာသည့် စိတ်ဓာတ်စစ်ဆင်ရေး နည်းဗျူဟာ၏ ထူးခြားချက်မှာ ယင်း၏ ဖန်တီးနိုင်စွမ်း (Creativity) ပင်ဖြစ်သည်။ အမေရိကန်တို့သည် အလွန်အင်အားကြီးမားသော သမားရိုးကျ ဗုံးတစ်လုံးကို ကြဲချ ဖောက်ခွဲပြီးသောအခါ ကီလိုမီတာပေါင်း များစွာဝေးသော နေရာရှိ အီရတ်စစ်သားများအား နောက်တစ်ကြိမ် ၎င်းတို့အလှည့်ဟူသော ဝါဒဖြန့်စာရွက်များ ကြဲချခဲ့သည်။ ဤကစားကွက်ကြောင့် စနစ်တကျ ဖွဲ့စည်းထားသော အီရတ်တပ်မများ ဖရိုဖရဲ ပြိုကွဲကုန်သည်။ အီရတ်တပ်မမှူးတစ်ဦးက စိတ်ဓာတ်စစ်ဆင်ရေးကြောင့် အီရတ်တပ်များအပေါ် ထိခိုက်မှုမှာ လေယာဉ်များမှ ကြဲချသည့် ဗုံးများပြီးလျှင် ဒုတိယအထိရောက်ဆုံးဖြစ်ကြောင်း စစ်သုံ့ပန်း စခန်းတွင် ဝန်ခံခဲ့သည်။

စစ်ပွဲစတင်ဖြစ်ပွားစဉ်က A-10 လေယာဉ်အား အမေရိကန် တော်တော်များများက ခေတ်ဟောင်းက မြေပြင်တိုက်ခိုက်ရေး လေယာဉ်ဟု ယူဆခဲ့ကြသည်။ သို့ရာတွင် ၎င်း A-10 လေယာဉ်က အပါချီတိုက်ခိုက်ရေး ရဟတ်ယာဉ်နှင့် ပူးပေါင်း၍ တင့်များကို အမြောက်အမြား ဖျက်ဆီးနိုင်လာသောအခါ ပင်လယ်ကွေ့ စစ်မြေပြင်၏ ကြယ်တစ်ပွင့် ဖြစ်လာခဲ့တော့သည်။ ဤကဲ့သို့ ခေတ်ကုန်နေသည့် လက်နက်တစ်မျိုးအား ခေတ်မီအခြားလက်နက် တစ်ခုနှင့် ဟန်ချက်ညီပေါင်းစပ် အသုံးပြုလိုက်သောအခါ မမျှော်



မှန်းလောက်နိုင်သည့် အကျိုးရလဒ်များ ရရှိလာသည်ကို တွေ့မြင်ရသည်။

ပင်လယ်ကွေ့စစ်ပွဲစတင်ကာနီးမှ လေတပ်ဦးစီးချုပ် တာဝန်ပေးအပ်ခံရသူ ဗိုလ်ချုပ်ကြီးမက်ပိခ်အတွက်လည်း ပင်လယ်ကွေ့ စစ်ပွဲမှာ များစွာအကျိုးရှိခဲ့သည်ဆို၏။ ၎င်းသည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက အမေရိကန်လေတပ်အား မဟာဗျူဟာ လေတပ်ဖွဲ့နှင့် နည်းဗျူဟာလေတပ်ဖွဲ့ဟူ၍ ခွဲခြားထားခြင်းအား ပယ်ဖျက်ကာ နှစ်မျိုးရောထားသည့် လေတပ်အုပ်စုများ ဖွဲ့စည်းလိုခြင်းဖြစ်၏။ ၎င်းက ယင်းအယူအဆကို "အနုတ်ခုနစ်၊ အပေါင်း လေး" (subtract 7 and add 4) ဟု ခေါ်သည်။ ယင်းမှာ လေတပ်၏ မဟာဗျူဟာကွပ်ကဲမှုဌာနချုပ်၊ နည်းဗျူဟာကွပ်ကဲမှုဌာနချုပ်၊ ပို့ဆောင်ရေး ကွပ်ကဲမှုဌာနချုပ်၊ အုပ်ချုပ်ထောက်ပံ့မှု ကွပ်ကဲရေးဌာနချုပ်၊ စနစ်ပိုင်း ကွပ်ကဲရေးဌာနချုပ်၊ ဆက်သွယ်ရေးကွပ်ကဲမှုဌာနချုပ်နှင့် လုံခြုံရေးကွပ်ကဲမှုဌာနချုပ်များကို ဖျက်သိမ်း၍ တိုက်ပွဲဝင် ကွပ်ကဲရေးဌာနချုပ်၊ ရွှေ့ပြောင်းရေး ကွပ်ကဲမှုဌာနချုပ်၊ ပစ္စည်းဆိုင်ရာ ကွပ်ကဲမှုဌာနချုပ်နှင့် ထောက်လှမ်းရေးကွပ်ကဲမှုဌာနချုပ်ဟူ၍ ဖွဲ့စည်းရန် ဖြစ်သည်။ ဤသည်မှာ အမေရိကန်လေတပ်သမိုင်းတွင် အထိရောက်ဆုံးသော ဖွဲ့စည်းပုံပြောင်းလဲမှုဖြစ်၏။

ဤ "ပန်းသီး" နှင့် တူသော ပင်လယ်ကွေ့စစ်ကို ဆက်လက် လေ့လာကြည့်ပါက နောက်ထပ် အမြွာပေါင်း မြောက်မြားစွာ ရှိနိုင်သေးကြောင်း တွေ့ရပေမည်။ ယင်းအမြွာတိုင်းကိုလည်း အတိအကျ လက်ညှိုးထိုးပြ၍ မရသလို မေ့ထား၍လည်း မဖြစ်ချေ။ ခေတ်သစ်စစ်ပွဲတစ်ရပ်အနေဖြင့် ၎င်းသည်

စာမျက်နှာသစ်ပေါင်းများစွာ၊ ကဏ္ဍသစ်ပေါင်းများစွာ ပါဝင်သည် မှန်သော်လည်း ၎င်းအား ခေတ်သစ် စစ်၏ စွယ်စုံကျမ်းတစ်ခု အနေဖြင့် မသတ်မှတ်နိုင်သေးပေ။ အကြောင်းမှာ ဤစစ်ပွဲနှင့် ယှဉ်တွဲပေါ်ပေါက်လာသော ကိစ္စရပ်တိုင်း၊ အကြောင်းရာသစ်တိုင်း အတွက် အသင့်ရှိပြီး အဖြေကို ဤစစ်ပွဲက မထုတ်ပေးနိုင်သေး၍ ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ဤစစ်ပွဲသည် လက်နက်သစ်များ၊ နည်းပညာသစ်များကို သမိုင်းတွင် ပထမဦးဆုံးအကြိမ် အဖြစ် တစ်စုတစ်စည်းတည်း အများဆုံးစုပေါင်း အသုံးပြုသည့် စစ်ပွဲဖြစ်ပေသည်။ ၎င်းအပြင် တော်လှန်သော စစ်မှုရေးရာ ကိစ္စရပ်များအတွက် စမ်းသပ်ကွင်းအဖြစ် အသုံးတော်ခံခဲ့သဖြင့် စစ်သမိုင်းတစ်လျှောက်၌ "ဂန္ထဝင်" နေရာတစ်နေရာကို ရယူ လိုက်သော စစ်ပွဲဖြစ်ပေသည်။ သို့အတွက်လည်း ကျွန်ုပ်တို့ စစ်အတွေးအခေါ်ရှင်များအတွက် နောက်ထပ် တွေးစရာ၊ မြော်မြင်စရာ အကြောင်းရာသစ်များကို မွေးထုတ်ပေးလိုက်သည့် စစ်ပွဲ တစ်ရပ်လည်း ဖြစ်ပေသည်။

## အခန်း (၄)

# အမေရိကန်တွေ ဆင်ကို စမ်းတော့ ဘာတွေ့သလဲ

**"အီရတ်စစ်ပွဲ၌ လေကြောင်း စစ်ဆင်မှုများသည် အဆုံးအဖြတ်ပေးသော အချက်ဖြစ်၏။ အဆင့်မြင့်လက်နက် များအား ထိရောက်စွာ အသုံးပြုခဲ့ရာ ကုလသမဂ္ဂတပ်ဖွဲ့များ ထိနိုက်ကျဆုံးမှု နည်းပါးရခြင်း၏ အဓိက အကြောင်းအရင်း ဖြစ်ရုံသာမက လေကြောင်းနှင့် ကြည်းကြောင်းတပ်ဖွဲ့များ တိုက်ပွဲ အောင်မြင်ရခြင်း၏ အဓိက အကြောင်းအရင်းလည်း ဖြစ်ပေသည်။"**

**L. Aspen**

ပင်လယ်ကွေ့စစ်ပွဲသည် ပြီးခဲ့သည့် ဆယ်စုနှစ် အနည်းငယ် အတွင်း အမေရိကန်ပြည်ထောင်စုအတွက် အကြီးမားဆုံးသော စစ်ပွဲအောင်မြင်မှု ဖြစ်ပေသည်။ စစ်ပွဲပြီးဆုံးသည့်အခါ အမေရိကန် စစ်ဘက်သည်လည်းကောင်း၊ ကွန်ဂရက်လွှတ်တော်အဖွဲ့ဝင်များ သည်လည်းကောင်း၊ အခြားသော အရပ်ဘက်အဖွဲ့အစည်းများ

သည်လည်းကောင်း မိမိတို့ ရှုထောင့်အသီးသီးမှ ဤစစ်ပွဲအား အသေးစိတ်လေ့လာခဲ့ကြသည်ကို ယင်းတို့ တင်သွင်းခဲ့သော မြောက်မြားလှစွာသည့် အစီရင်ခံစာများအရ သိနိုင်ပေသည်။ ဤအစီရင်ခံစာများသည် တစ်ကမ္ဘာလုံးရှိ လက်နက်ကိုင် တပ်ဖွဲ့များနှင့် စစ်မှုထမ်းများအတွက် လွန်စွာမှ အကျိုးရှိပေရာ ယင်းတို့အား မဆိုင်းမတွ လေ့လာသင့်ပေသည်။ စာရေးသူတို့က အမေရိကန်တို့၏ ကဏ္ဍခွဲထားတတ်သည့် အမျိုးသားရေး စိတ်ဓာတ်ကို ချီးမွမ်းထားသည်။ သို့ရာတွင် အထက်ဖော်ပြပါ လေ့လာမှုများ၌ နှစ်ကာလများစွာက တည်ရှိနေသော ဌာန အချင်းချင်း ပြိုင်ဆိုင်မှုများကြောင့် ကျန်လပ်ခဲ့သော ကဏ္ဍများ၊ အမှားအယွင်းများ ရှိနေသည်ဖြစ်ရာ ဤစစ်ပွဲနှင့် ပတ်သက်သည့် သုံးသပ်ချက်များ အားလုံးသည် မျက်မမြင်များ ဆင်စမ်းသကဲ့သို့ စမ်းတဝါးဝါးဖြင့် လိုရာဆွဲတွေးသည်နှင့် တူကြောင်း ဖော်ပြထားသည်။ သို့ဆိုလျှင် အမေရိကန်တို့ မည်သို့မည်ပုံ စူးစမ်း လေ့လာ ဖော်ထုတ် တွေ့ရှိသည်ကို ဦးစွာလေ့လာကြည့်ရန် လိုပေသည်။

## စစ်လက်ရုံးတစ်ခုနှင့် တစ်ခု အမြင်ချင်းမတူ

အမေရိကန်ပြည်တွင်းစစ် မတိုင်မီက အမေရိကန် ကြည်းတပ်နှင့် ရေတပ်တို့ အကြား ခြားထားသော စည်းရိုးသည် အမေရိကန် လေတပ် ပေါ်ပေါက်လာသဖြင့် ပျောက်ကွယ်မသွားဘဲ နောက်ထပ်စည်းရိုးတစ်ခုပင် ပေါ်လာသေးသည်။ ဤကိစ္စမှာ ပင်တဂွန်စစ်ဌာနချုပ်နှင့် အမေရိကန် သမ္မတ အဆက်ဆက်ကို



ကာလကြာရှည်စွာကတည်းက ခေါင်းခဲစေခဲ့သော ပြဿနာဖြစ်သည်။ ပင်လယ်ကွေ့စစ်ပွဲအပြီး ပြန်လည်ဖွဲ့စည်းမှုများ ပြုလုပ်ခဲ့သည်ဆိုသော်လည်း လက်ရုံးတပ်ဖွဲ့အချင်းချင်း မသင့်မြတ်သည့် ပြဿနာကို ဖြေရှင်းခြင်း မဟုတ်သဖြင့် ဆေးမြီးတိုသာ ဖြစ်ခဲ့ပေသည်။ စစ်ပြီး၍ တပ်များ ကိုယ့်စခန်းကိုယ်ပြန်ရောက်ကြသော အခါ မူလအတိုင်းပင် မသင့်မမြတ် ဖြစ်နေကြပြန်သည်။

သို့ရာတွင် အမေရိကန်စစ်ဘက်၏ ထိပ်ပိုင်းခေါင်းဆောင်များမှာ လူနုံ၊ လူအ,များ၊ လေ့နှံ့မားထစ်သမားများ မဟုတ်ကြချေ။ ကမ္ဘာကို တုန်လှုပ်ခဲ့သော ဤသဲကန္တာရ မုန်တိုင်းစစ်ဆင်ရေးသည် မူဝါဒ ရေးဆွဲချမှတ်သူများ ကိုယ်တိုင်ကိုလည်း တုန်လှုပ်စေခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲထားခြင်းကြောင့် ဆိုဗီယက်ကို တိုက်ရန်သာ ဦးခေါင်းထဲ စွဲလာခဲ့သော အမေရိကန်ခေါင်းဆောင်များသည် ကမ္ဘာပေါ်တွင် မိမိတစ်ဦးတည်း ဗိုလ်ကျနိုင်ရေးအတွက် လက်နက်ကိုင်တပ်ဖွဲ့များအား ပြန်လည်ပြုပြင်ဖွဲ့စည်းရတော့မည်ကိုမူ စွဲမြဲစွာ လက်ခံကြသည်။ သို့ရာတွင် မူလကရှိနှင့်ပြီးသော မစ္ဆရိယစိတ်များကိုမူ မပယ်နိုင်ကြသေးချေ။ မည်သို့ပင်ဆိုစေ ဤပြောင်းလဲမှုများ၏ အခြေခံဇစ်မြစ်မှာ ပင်လယ်ကွေ့စစ်ပွဲ အောင်မြင်မှုများနှင့် သင်ခန်းစာများသာ ဖြစ်သည်။ "လူတစ်ထောင်ရှိလျှင် သဘောထား တစ်ထောင်ရှိသည်" ဟူသော အဆိုအရပင် အမေရိကန်စစ်လက်ရုံး တပ်ဖွဲ့ကြီး ၃-ခုစလုံး၌ ပင်လယ်ကွေ့စစ်ပွဲနှင့်ပတ်သက်၍ သဘောထားအမြင်ကြီး ၃ မျိုး ရှိလာသည်။ ဤစစ်ပွဲသည် ခေတ်သစ်စစ်ပွဲတစ်ရပ် ဖြစ်သလို တစ်နည်းအားဖြင့်လည်း နောက်ဆုံးသော ခေတ်ဟောင်းပုံစံ စစ်ပွဲလည်း ဖြစ်သည်။ သို့အတွက် စစ်လက်ရုံး ၃ ခုစလုံးက

လိုရာဆွဲ၍ ငြင်းခုံသက်သေထူကြ၏။ ယင်းသို့ မမှီမကမ်းဖြင့် လှမ်း၍ စမ်းသပ်ခြင်းသည် ဆင်၏ဦးခေါင်းကိုလည်းကောင်း၊ အမြီးကိုလည်းကောင်း မစမ်းမိနိုင်သည်ကို သတိမပြုမိကြပေ။

ဗိုလ်ချုပ်ကြီးဆာလီဗန်ကမူ ဆင်၏ဖြောင့်တင်းနေသော ခြေထောက်ကို စမ်းမိပုံရသည်ဆို၏။ ၎င်းသည် စစ်ပွဲကာလအတွင်း ကြည်းတပ် လက်ထောက်စစ်ဦးစီးချုပ် တာဝန်ယူရပြီး စစ်ပွဲပြီးဆုံး၍ လပေါင်းများစွာ ကြာသည့်အခါမှ ဦးစီးချုပ် တာဝန်ယူရသူ ဖြစ်သည်။ ၎င်းကမူ ပင်လယ်ကွေ့စစ်အတွင်း အမေရိကန်ကြည်းတပ်၏ လုပ်ဆောင်ချက်မှာ ဘာမျှထူးထူးခြားခြား မရှိဟု သုံးသပ်ခဲ့၏။ လေကြောင်းမှာ ၃၈ ရက်လုံးလုံး ဗုံးကြဲပြီးမှ ၄ ရက်တာ မြေပြင်စစ်ဆင်ရေးဆင်နွှဲခြင်းသည် မည်သည့်အောင်ပွဲကြီးကြီးမားမားကိုမျှ ဆွတ်ခူးနိုင်ခဲ့ခြင်း မရှိဟု ၎င်းက ဆိုသည်။ အမေရိကန် ကြည်းတပ်၏ အခြေအနေကို သိထားသူတစ်ဦး၏ ဤကဲ့သို့သော သုံးသပ်ချက်မှာ အကြောင်းမဲ့ မဟုတ်နိုင်ချေ။

ဗိုလ်ချုပ်ကြီး ဆာလီဗန်အနေဖြင့် ရန်သူတော်ဟောင်း ဆိုဗီယက်တပ်မတော် မရှိတော့သည့်နောက်ပိုင်း ပို၍ပင် အင်အားကောင်းလာသော အမေရိကန်ကြည်းတပ်မတော်၏ အခြေအနေကို သုံးသပ်မိသည်။ သို့ရာတွင် ၎င်းအနေဖြင့် ရှေ့ကို ကြိုတင်မျှော်တွေး၍ အမေရိကန်ကြည်းတပ်အနေဖြင့် မိမိကိုယ်ကို အထင်ကြီးလွန်းကာ တဖြည်းဖြည်း အင်အားချည့်နဲ့သွားပြီး စစ်အေးချိန်ကာလတို့၏ ဖြစ်လေ့ဖြစ်ထရှိသည့်အတိုင်း နိုင်ငံရေးသမားများက တပ်မတော်ကို လိုသလို ခြယ်လှယ်ခြင်းကြောင့် ၂၁ ရာစုနှစ် စစ်ပွဲများအတွက် အမေရိကန်တပ်များ အသင့်မဖြစ်မည်ကို တွေးဆ



မိသည်။ ဤသို့ဖြစ်ခြင်းမှ ရှောင်လွှဲနိုင်ရန်မှာ အမေရိကန်ကြည်းတပ်တစ်ခုလုံးကို လုံးဝဥဿုံ ပြုပြင်ပြောင်းလဲမှ ဖြစ်တော့မည်ကို ရိပ်စားမိသည်။ သို့အတွက် အမေရိကန်ကြည်းတပ်မတော်အား "ပစ်ကျင်းမှသည် စက်ရုံအထိ" ပြုပြင်ပြောင်းလဲရန်နှင့် "၂၁ ရာစု ကြည်းတပ်မတော်" တစ်ရပ်ထူထောင်ရန် စီမံချက် ရေးဆွဲခဲ့သည်။

ကာကွယ်ရေးဌာနအတွင်းရှိ ဗျူရိုကရေစီယန္တရားကို ကျော်ဖြတ်နိုင်ရန်အတွက် ၎င်းသည် ကနဦးအနေဖြင့် လူဦးရေ ၁၁၀၀ သာ ပါဝင်သော "Louisiana Drill Task Force" ကို စတင်ဖွဲ့စည်း၍ ပင်လယ်ကွေ့စစ်ပွဲအတွင်းမှ အတွေ့အကြုံများနှင့် သင်ခန်းစာများကို ဖော်ထုတ်ကာ "ဒစ်ဂျစ်တယ်တပ်ဖွဲ့" တစ်ခု ဖွဲ့စည်းရန် စိုင်းပြင်းတော့သည်။ ၎င်းအပြင် ကြည်းတပ်မတော်တစ်ခုလုံးကို သတင်းစစ်လမ်းကြောင်းပေါ်သို့ လီမွှာပါးနပ်စွာ တင်ပေးလိုက်သည်။ ယင်းသို့ဆောင်ရွက်ရာ၌ စစ်အေးကာလတို့၏ ထုံးစံအတိုင်း ကာကွယ်ရေးအသုံး ဖြတ်တောက်မှုများ ကြုံတွေ့ခဲ့ရာ အမေရိကန် ကြည်းတပ်မတော်မှာ အများဆုံး ဖြတ်တောက်ခံရသော စစ်လက်ရုံးတပ်ဖွဲ့ ဖြစ်ခဲ့သည်။ ၎င်း၏ အရိုက်အရာကို ဆက်ခံသော ဗိုလ်ချုပ်ကြီး ရိုင်းမားကလည်း ဗိုလ်ချုပ်ကြီးဆာလီဗန် ထွင်ခဲ့သောလမ်းကြောင်းကို ဆက်လျှောက်ကာ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့၏။ ဒစ်ဂျစ်တယ်တပ်ဖွဲ့ထူထောင်ရာ၌ ဘဏ္ဍာငွေ အမြောက်အမြား ကုန်ကျသည် ဖြစ်ရာ ဗိုလ်ချုပ်ကြီးဆာလီဗန်နှင့် ဗိုလ်ချုပ်ကြီးရိုင်းမားတို့ နှစ်ဦး ကျင့်သုံးခဲ့သော နည်းမှာ အသုံးစရိတ်ပိုရစေရန်အတွက် ငွေကို ချို၍ သုံးပြခြင်းဖြစ်သည်။

ငင်းတို့က ပထမအဆင့်တွင် "၂၁ ရာစု ကြည်းတပ်မတော်"
ဟု ရည်ရွယ်ပြီး ဒုတိယအဆင့်တွင် "၂၀၁၀ ခုနှစ်လွန် ကြည်း
တပ်မတော်" ကို ရည်ရွယ်ကာ တတိယအဆင့်တွင် "အနာဂတ်
ကြည်းတပ်မတော်"ဟူ၍ အဆင့် ၃ ဆင့် ခွဲခြားအဆိုပြုခဲ့သည်။
ဤရည်ရွယ်ချက်များကို ငါးစာအဖြစ် အသုံးချကာ ကြည်းတပ်
တိုးတက် ပြုပြင်ပြောင်းလဲရေးအတွက် လွှတ်တော်က အသုံးစရိတ်
ပိုမိုချပေးရန် ဆောင်ရွက်နိုင်ခဲ့သည်။ စစ်ရေးစစ်ရာနှင့် ပတ်သက်၍
တစ်လုံးတစ်ပါဒမျှလည်း နားမလည်၊ စစ်မြေပြင်ရောက် ဗိုလ်ချုပ်
ကြီးများ တိုက်ပွဲအောင်နိုင်ရန် မည်သို့မည်ပုံ ဆောင်ရွက်ပေးရ
မည်ကိုလည်း မသိကြသော နိုင်ငံရေးသမားများအနေဖြင့် နောင်တွင်
စစ်ရေးစစ်ရာ၌ မအောင်မြင်ဖြစ်လာပါက မိမိတို့တွင် တာဝန်ရှိ
သွားလိမ့်မည်ဟူသော အချက်တစ်ချက်တည်းဖြင့်ပင် ဗိုလ်ချုပ်ကြီး
ရိုင်းမား၏ စီမံချက်ကို တာဝန်မဲ့ မဝေဖန်ဝံ့ဘဲ ရှိခဲ့ကြသည်။
ငင်းအပြင် ထိုစဉ်က ဗိုလ်ချုပ်ကြီး ရိုင်းမားမှာ သမ္မတဖြစ်ကောင်း
ဖြစ်နိုင်သည်ဟု ယူဆထားကြသဖြင့် ငင်းအား အတိုက်အခံ
မလုပ်ဝံ့သော သဘောများလည်း ပါဝင်သည်။ သို့ရာတွင်
ဗိုလ်ချုပ်ကြီး ရိုင်းမား အဆိုပြုသော ဒစ်ဂျစ်တယ်တပ်ဖွဲ့မှာ
ထူထောင်ရန်အချိန်နှင့် ငွေများစွာ ကုန်ကျမည့်ကိစ္စဖြစ်နေသည်။
တစ်ဖက်တွင်လည်း ဤဒစ်ဂျစ်တယ် တပ်ဖွဲ့ ဖွဲ့စည်းရေးမှာ
အခက်အခဲများစွာ ရင်ဆိုင်ရသည်။

အမေရိကန်ကြည်းတပ်၏ လက်နက်စနစ်သစ်တစ်ရပ်
ဝယ်ယူတပ်ဆင်ရေး လုပ်ထုံးလုပ်နည်းအရ ပထမလိုအပ်သော
လက်နက်ကို အဆိုပြုခြင်း၊ စက်ရုံများမှ ထုတ်လုပ်ပေးခြင်း၊
တပ်မတော်မှ စမ်းသပ်ခြင်း စသည့် အဆင့်များမှာ ဆယ်နှစ်မျှ



အထိပင် ကြာနိုင်ပေသည်။ တစ်ဖက်တွင်လည်း ကွန်ပျူတာ
လောက၏ ထုံးစံဖြစ်သော ကွန်ပျူတာနည်းပညာတစ်ခုဖွံ့ဖြိုးရန်
၁၈ လနှင့် ကွန်ရက် (Network) ဆိုင်ရာ နည်းပညာဖွံ့ဖြိုးမှု
အတွက် ရက်ပေါင်း ၆၀ သာ အချိန်ပေးသည့် အချက်ကလည်း
အမေရိကန်ကြည်းတပ်၏ ဒစ်ဂျစ်တယ် တပ်ဖွဲ့အတွက် မည်သို့
သော နည်းပညာအသုံးပြုမည်ကို အပြီးသတ်ရွေးချယ်ရန် အခက်
အခဲ ဖြစ်စေသည်။ သို့ဖြင့် အမေရိကန်တို့မှာ ဒစ်ဂျစ်တယ်တပ်ဖွဲ့
ဖွဲ့စည်းမည်ဟုသာ ဆိုသည် မည်သည့်လမ်းကြောင်း လျှောက်
ရမည်၊ မည်သည့်နည်းပညာ အသုံးပြုမည်တို့ကို ယတိပြတ်
မဆုံးဖြတ်နိုင်ဘဲ ရှိခဲ့သည်။

သို့ဖြင့် အခြေအနေမှာ လက်နက်ကိုင် တစ်ဖွဲ့တစ်ခု၏
ကံကြမ္မာအား တစ်ခုတည်းသော နည်းပညာအပေါ် လုံးလုံး
လျားလျား အားထားမှီခိုနေရသည့် မသေမချာ အခြေအနေမျိုး
ရောက်ရှိလာခဲ့၏။ ကုန်ကျမည့် ငွေပမာဏမှာလည်း ကြီးမား
လွန်းသဖြင့် ဤသို့ ငွေကုန်ကြေးကျများခြင်းသည်ပင် နည်းပညာ
တစ်ခုတည်းအပေါ် မှီခိုနေသည့် "အီလက်ထရောနစ် မက်ဂီနော့
ခံတပ်" ဖြစ်မလာဟု မည်သူမျှ အာမ မခံနိုင်သော အခြေအနေသို့
ရောက်လာသည်။ (မက်ဂီနော့ခံတပ်မှာ ဒုတိယကမ္ဘာစစ်မတိုင်
မီက ပြင်သစ်နိုင်ငံအား ရန်သူများ မကျူးကျော်နိုင်ရန် မြေအောက်
အထိ နက်ရှိုင်းစွာ တူးပြီး အခိုင်အမာ တည်ဆောက်ထားသော
ခံတပ်ဖြစ်၏။ စစ်ဖြစ်လာသောအခါ ဂျာမန်တို့က ယင်းခံတပ်
အား မတိုက်ဘဲ ဘယ်လ်ဂျီယံနိုင်ငံအတွင်းမှ ကွေ့ပတ်၍ဝင်တိုက်
သဖြင့် ငွေကုန်ကြေးကျခံ တည်ဆောက်ထားသော မက်ဂီနော့
ခံတပ်မှာ အချည်းအနှီး ဖြစ်သွားခဲ့ရသည်။)

အမေရိကန်လေတပ်နှင့် ပတ်သက်လာလျှင်လည်း အခြေအနေမှာ တစ်မျိုးဖြစ်ခဲ့၏။ ပြောင်ပြောင်တင်းတင်း ပြောဆိုတတ်သော ဗိုလ်ချုပ်ကြီးဒူဂန်အား ၎င်း၏ရာထူးမှ ဖယ်ရှားလိုက်ပြီးနောက်တွင် သဲကန္တာရမုန်တိုင်း စစ်ပွဲတစ်လျှောက်လုံး၌ လေတပ်ဖွဲ့များသည် ကြည်းတပ်ဗိုလ်ချုပ်ကြီးတစ်ဦး၏ ကွပ်ကဲမှုအောက် ရောက်ခဲ့ရသည်။ သို့ရာတွင် အမေရိကန်လေတပ်သည် ပင်လယ်ကွေ့စစ်ပွဲ၏ အဓိကဇာတ်ကောင်အဖြစ် လက်ခမောင်းခတ်နိုင်ခဲ့၏။ "ကမ္ဘာအနှံ့အင်အားပြနိုင်ရမည်" (Global Present Global Power) ဟူ၍ အစဉ်အလာ စစ်ပညာရှင်များ မက်ခဲ့သော အိပ်မက်မှာ ယခုစစ်ပွဲတွင် လုံးဝအကောင်အထည်ပေါ်လာခဲ့၏။ စစ်ပွဲ၏ စမ်းသပ်မှုကို ခံနိုင်ရည်ရှိကြောင်း ပြသခဲ့သော စစ်အခြေခံ သဘောတရားတစ်ခုလည်း ဖြစ်ခဲ့၏။ အမေရိကန်လေတပ်သည် မဟာဗျူဟာ အဆင့်တွင်သာမက မည်သည့်စစ်မျက်နှာ၌ မဆို တိုက်ပွဲအဆင့်၌ အောင်မြင်စွာ ဝင်ရောက်တိုက်ခိုက်ပေးနိုင်ခဲ့သည်။ ဤအောင်ပွဲကြောင့် ဗိုလ်ချုပ်ကြီးမက်ပိခ်အနေဖြင့် ရှေ့သို့ဆက်လှမ်းရန် ပိုမိုယုံကြည်မှု ရှိလာစေခဲ့သည်။ ၎င်းတို့က ဤသဲကန္တာရမုန်တိုင်းစစ်ပွဲ အောင်မြင်မှုတစ်ခုတည်းကပင် လေတပ်သည် လက်နက်ကိုင် တပ်ဖွဲ့အားလုံးအနက် ဦးဆောင်ကဏ္ဍမှ ပါဝင်ရန် လုံလောက်သော သက်သေသာဓကဟု ခံယူခဲ့ကြသည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀ က အမေရိကန် ကြည်းတပ်မတော်၏ လက်ရုံးတပ်ဖွဲ့ တစ်ခုအဖြစ် စတင်ဖွဲ့စည်းခဲ့သော အမေရိကန်လေတပ်သည် ပင်လယ်ကွေ့စစ်ပွဲကာလတွင် အထင်ကရ ဇာတ်ကောင်ဖြစ်လာခဲ့၏။ အတောင်ပေါက်လာသော ငှက်နှင့် တူသည်ဆို၏။



လေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမော်ဂယ်လ်မင်နှင့် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရိုင်းမားတို့ နှစ်ဦးစလုံးသည် ပင်လယ်ကွေ့စစ်ပွဲ အတွေ့အကြုံအရ ၂၁ ရာစု စစ်ပွဲများအတွက် အမြင်သစ်များကို တွေးမြင်မိကြသည်။ ကြည်းတပ်နှင့် လေတပ် နှစ်ခုလုံးက ဤအချက်ကို နားလည်မှုရှိရှိ လက်ခံကြသော်လည်း ပင်လယ်ကွေ့ စစ်ပွဲ၏ အတွေ့အကြုံများကို ရယူ၍ အသေးစိတ်အချက်အလက်များ ဖော်ထုတ်ရန် နှစ်ဖက်ညှိနှိုင်းကြသောအခါ ကြည်းတပ်နှင့် လေတပ်တို့၏ ဆက်ဆံရေးမှာ ခပ်တန်းတန်းဖြစ်လာပြန်၏။ အဓိကအကြောင်းအရင်းမှာ ပင်လယ်ကွေ့စစ်ပွဲကြောင့် တန်ခိုးထွားလာသော လေတပ်သည်လည်းကောင်း၊ မိမိသာလျှင် စစ်မြေပြင်၏ သခင်ဟု ခံယူထားသော ကြည်းတပ်သည်လည်းကောင်း မိမိတို့၏ စစ်ဆင်ရေးကွပ်ကဲမှု အခွင့်အာဏာကို လွှဲပြောင်းမပေးလိုကြသော မာနများကြောင့်ဖြစ်သည်။ သို့ဖြင့် နှစ်ဖက်တွေ့ဆုံဆွေးနွေး၍ ပူးတွဲစစ်ဆင်ရေးများ လေ့လာရန် ပြုလုပ်သော အစည်းအဝေးများသည် တဖြည်းဖြည်းနှင့် အနှစ်သာရမရှိသော ပုံမှန်လုပ်ရိုးလုပ်စဉ် စားပွဲထိုင်မှုများသာ ဖြစ်လာကြ၏။ ပင်လယ်ကွေ့စစ်ပွဲအတွင်း ရရှိခဲ့သော မည်သည့်အတွေ့အကြုံနှင့် သင်ခန်းစာကိုမျှ မယ်မယ်ရရ ဖော်ထုတ်နိုင်ခြင်း မရှိခဲ့ချေ။

သိသာထင်ရှားသော အချက်မှာ အမေရိကန်လေတပ်သည် ပင်လယ်ကွေ့စစ်ပွဲအပြီး၌ အခြားလက်ရုံးတပ်ဖွဲ့များနှင့်အတူ မိမိ၏ တန်ခိုးအာဏာနှင့် အကျိုးအမြတ် ရရုံသက်သက်မဟုတ် အမှန်တကယ်ပင် တိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်ခဲ့သည် ဆိုသော အချက်ဖြစ်၏။ အမေရိကန်လေတပ်အနေဖြင့် ပင်လယ်ကွေ့စစ်ပွဲမှ အဓိကထုတ်ဖော် အသုံးချလိုက်သော သင်ခန်းစာမှာ

တိုက်ပွဲဝင် လေတပ်ဖွဲ့များအား လက်တွေ့စစ်မြေပြင်၌ မှတ်ကျောက် တင်ခံပြီးဖြစ်သည့် ပုံစံများအတိုင်း "ရောနှောလေတပ်အုပ်စု" (Mixed Wings) အဖြစ် ပြုပြင်ပြောင်းလဲ ဖွဲ့စည်းခြင်းဖြစ်၏။ လေတပ်မတော်တစ်ခုလုံးအား "အနုတ် ၇ အပေါင်း ၄" (Subtract 7 and Add 4) နည်းလမ်းဖြင့် ပြန်လည်ဖွဲ့စည်းနိုင်ခဲ့သည်။

လေတပ်သည် လောလောဆယ်တွင်လည်း ကမ္ဘာတစ်ဝန်းလုံး မည်သည့်နေရာဒေသမှ စစ်ပွဲဖုန်အတွင်းသို့မဆို ၄၈ နာရီအတွင်း ရောက်ရှိပြီး အဆက်မပြတ် စစ်ဆင်နိုင်သည့် "ရပ်ဝေးတာဝန်လေတပ်ဖွဲ့" ဖွဲ့စည်းမှုကို စမ်းသပ်လျက်ရှိသည်။ လေတပ်သည် အစကတည်းကပင် အီလက်ထရောနစ် စစ်ဆင်ရေးကိုသာမက သတင်းစစ်ကိုပါ အလွန်အကျူး စိတ်အားသန်ခဲ့သောအဖွဲ့အစည်းဖြစ်ရာ ကြည်းတပ် ဗိုလ်ချုပ်ကြီး ဆာလီဗန်က ဒစ်ဂျစ်တယ် တပ်ဖွဲ့ မဖွဲ့စည်းနိုင်မီမှာပင် လေတပ်က "လေတပ်မတော် သတင်းစစ်ဗဟိုဌာန" ကို ထူထောင်ပြီး ဖြစ်သည်။ ဤလုပ်ဆောင်မှုများမှာ ပင်လယ်ကွေ့စစ်ပွဲ၏ အမိကရလဒ်များနှင့် တိုက်ရိုက်ဆက်နွှယ်မှု ရှိသည်။ သို့ရာတွင် ဤကြီးပမ်းမှုမှာ ရှေးရိုးစွဲ အယူအဆများ၏ ကန့်သတ်ချက်ကို မကျော်လွှားနိုင်သဖြင့် "ပူးတွဲ စစ်ဆင်ရေး" ဟူသော စကားမှာ လက်တွေ့ဖြစ်မလာဘဲ ကြွေးကြော်သံသာသာမျှသာ ရှိခဲ့သည်။ သို့ရာတွင် လေတပ်ဗိုလ်ချုပ်များအနေဖြင့် အားမလျှော့ဘဲ တပ်မတော်တွင်းမှ အပြုသဘော ပြောင်းလဲမှုများနှင့် ပြင်ပမှ ပြောင်းလဲမှုများကို အခွင့်ကောင်းယူ အသုံးချခဲ့ကြသည်။ ပြုပြင်ပြောင်းလဲရန် အတွေးအခေါ်သစ်၊ အစီအစဉ်သစ် မရှိသော မည်သည့်လက်နက်ကိုင်



တပ်ဖွဲ့မျှ လွှတ်တော်အမတ်များထံမှ ဘဏ္ဍာငွေ ချပေးလိုစိတ်ရှိလာအောင် စွမ်းဆောင်နိုင်မည် မဟုတ်ချေ။ ဤအခြေအနေကို သိထားသော လေတပ်သည် ပါးနပ်လိမ္မာစွာ အသုံးချခဲ့၏။ လေတပ်က အာကာသလက်နက်စနစ်များကို နိုင်ဖဲအဖြစ် ပါးနပ်စွာ အသုံးချခဲ့၏။ သမ္မတရီဂင်လက်ထက်က "စတားဝါး" စနစ်မှာ အစပိုင်းတွင် လေလုံးထွားမှု သက်သက်သာ ဖြစ်ခဲ့ပြီး နောက်ထပ်သမ္မတနှစ်ဆက် ပြောင်းသွားသည့်တိုင်အောင် စစ်ရေးစွမ်းရည်ရရှိအောင် မစွမ်းဆောင်နိုင်သေးချေ။ သို့ရာတွင် အာကာသတွင်း၌ စစ်အင်အားထားရှိရန်ဟူသော အမေရိကန်တို့၏ စိတ်အားထက်သန်မှုမှာမူ မည်သည့်အခါကမျှ သွေးအေးမသွားခဲ့ပေ။ ဤအချက်ကို လက်ကိုင်ပြု၍ လေတပ်ဦးစီးချုပ် အဆက်ဆက်တို့သည် လေတပ်အတွက် အသုံးစရိတ် များနိုင်သည်မျှ အများဆုံးရအောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။ သို့အတွက် တစ်နေ့တွင် အမေရိကန်တို့လက်တွင်း၌ အာကာသတပ်ဖွဲ့များသည် သီးခြားတပ်ဖွဲ့များအဖြစ် ရောက်မလာဟု မည်သူမျှ အတပ်မပြောရဲသော အခြေအနေမျိုး ရောက်လာသည်။

အကယ်၍သာ ပင်လယ်ကွေ့စစ်ပွဲကို ဆင်ကြီးတစ်ကောင်အဖြစ် သတ်မှတ်ပါက အမေရိကန်ရေတပ်သည် ယင်းဆင်ကို မဆိုထားဘိ ဆင်၏ အရေပြားမှ အမွေးအမျှင်ကိုပင် မစမ်းမိသေးဟု ဆိုရပေမည်။ တစ်နည်းအားဖြင့် ရေတပ်သည် ဆင်ကို စမ်းပင် မစမ်းသေးဟု ဆိုရပေမည်။ ဤသို့ဖြစ်ရခြင်းမှာ ပင်လယ်ကွေ့စစ်ပွဲတစ်ခုလုံး၌ ရေတပ်တစ်ခုလုံး၏ တိုက်ပွဲဝင်ကဏ္ဍကို ချောင်ထိုးခံလိုက်ရခြင်းကြောင့် ဖြစ်၏။

ပင်လယ်ကွေ့စစ်ပွဲအပြီး တစ်နှစ်ခွဲအကြာတွင်မှ သုံးလေးဦးမျှသော ရေတပ်ဒုတိယဗိုလ်မှူးကြီးများနှင့် ဗိုလ်မှူးကြီးများ စုစည်းရေးသားသည့် "ပင်လယ်ပြင်မှ ကုန်းပေါ်သို့" (From Sea to Land) ဟူသော စက္ကူဖြူစာတမ်းတစ်စောင် ရေတပ်ဦးစီးချုပ် စားပွဲပေါ်သို့ ရောက်ရှိသွားခဲ့သည်။ ဤစာတမ်းသည် အမေရိကန် ရေတပ်၏ လက်စွဲ ဗိုလ်ချုပ်မေဟန်၏ အယူအဆဟောင်းများမှ သိသိသာသာ ပြောင်းလဲသွားခဲ့သည်။ ဤအယူအဆအရ ပင်လယ်ပြင် စိုးမိုးရန်အတွက် အဆုံးအဖြတ် ပေးသော ရေကြောင်းတိုက်ပွဲများသည် ရေတပ်တစ်ခုတည်း၏ မွေးရာပါတာဝန်မဟုတ်တော့ဟု ဤစာစောင်တွင် အဆိုပြုထား၏။ သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ရေတပ်၏ အဓိကတာဝန်မှာ ကမ်းခြေနှင့် ကုန်းမြေတိုက်ပွဲများအား အထောက်အကူပေးရန် ဟူသော အချက်ကို ဖော်ပြထားသည်။ ဤသည်မှာ ပင်လယ်တွင်းမှ ငါးမန်းများကို မြစ်ချောင်းတွင်းမှ မိကျောင်းများအဖြစ် ပြောင်းလဲရန် ကြိုးပမ်းခြင်းနှင့် တူသည်ဆို၏။ ပို၍ အံ့သြဖွယ်ကောင်းသည်မှာ ဤစာတမ်းကို ရေတပ်ဦးစီးချုပ်များ၊ တပ်မှူးကြီးများနှင့် မရိန်းတပ်မှူးကြီးများ အားလုံးက ဗိုလ်ချုပ်မေဟန်၏ "သမိုင်းပေါ်တွင် ရေတပ်အင်အား၏ သက်ရောက်မှု" တည်းဟူသော စာတမ်းပြီးလျှင် အရေးအပါဆုံးသော စာတမ်းအဖြစ် အသိအမှတ်ပြုလက်ခံကြခြင်း ဖြစ်သည်။

ဤသို့သော မဟာဗျူဟာကျကျ ရဲဝံ့စွန့်စားစွာ ပြောင်းလဲမှုသည် အခြားနယ်ပယ်ကဏ္ဍ အသီးသီးရှိ ပြောင်းလဲမှုများနှင့် ဟန်ချက်ညီဖြစ်စေ၏။ ဤပြောင်းလဲမှုအရ ရေတပ်မတော်က ထားရှိလာသော ရည်မှန်းချက်သည် ကြည်းတပ်ကဲ့သို့ အစွန်းမရောက်ဘဲ လေတပ်ကဲ့သို့လည်း လောဘမကြီးချေ။ သို့ရာတွင် ရေတပ်၏ ပြောင်းလဲမှုက ပို၍ အခြေခံကျသည်၊ ပို၍ ပြည့်စုံသည်ဆို၏။ ရေတပ်သည် ခဲတစ်လုံးတည်းဖြင့် ငှက်နှစ်ကောင်ပစ်ခဲ့သည်ဆို၏။ ရေတပ်ပြုပြင်ပြောင်းလဲမှုနှင့် အသုံးစရိတ်တောင်းခံမှုကို တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ခဲ့သည်။ ပင်လယ်ကွေ့ စစ်ပွဲကဲ့သို့သော စစ်ပွဲကြီးမျိုးတွင် ထိထိရောက်ရောက် ပါဝင်ခွင့်မရခဲ့သော လက်ရုံးတပ်ဖွဲ့တစ်ခုအနေဖြင့် ဆွဲဆောင်မှုရှိသော ပြုပြင်ပြောင်းလဲမှု အစီအစဉ် မရှိဘဲနှင့် အသုံးစရိတ်တောင်းခံရန် လွယ်မည်မဟုတ်ချေ။ သို့အတွက် အမေရိကန်ရေတပ်သည် "ပင်လယ်ပြင်မှ ကုန်းပေါ်သို့" ဟူသော စက္ကူဖြူစာတမ်းတင်သွင်းပြီး ၂ နှစ်အကြာ၌ "ပင်လယ်ပြင်မှ ကုန်းပေါ်သို့ ရှေ့တန်းကျကျ" ဟူသော စက္ကူဖြူစာတမ်းကို ထုတ်ပြန်ပြန်သည်။ ဤစာတမ်းနှင့်အတူ "ရှေ့တန်းစခန်းတည်ရှိရေး" (Existence of the Forward Position)၊ "ရှေ့တန်းစခန်းဖြန့်ခွဲနေရာချရေး" (Deployment of the Forward Position)၊ ရှေ့တန်းစခန်းတိုက်ပွဲဝင်ခြင်း" (Combat of the Forward Position) စသော အချက်များကို ရေတပ်မဟာဗျူဟာအတွင်း ထည့်သွင်းခဲ့သည်။ နောက် ၂ နှစ်အကြာတွင် တစ်ဖန် ရေကြောင်းဗိုလ်ချုပ်ကြီးဘော်ဒါ "၂၀၂၀ အတွက် ရေတပ် အယူအဆများ" ဟူသော စာတမ်းကို တင်သွင်းခဲ့၏။

ရေကြောင်းဗိုလ်ချုပ်ကြီးဘော်ဒါ မိမိ၏ စစ်သားသိက္ခာထိန်းသောအနေဖြင့် အဆုံးစီရင်သွားသောအခါ ၎င်း၏နေရာကို ဆက်ခံသူ ဗိုလ်ချုပ်ကြီးဂျွန်ဆင်က ယခင်ဦးစီးချုပ်များချမှတ်ခဲ့သည့် လမ်းကြောင်းအတိုင်း ဆက်လက်ပြုပြင်ပြောင်းလဲခဲ့သည်။ ၎င်းက

၂၁ ရာစုအတွင်း အမေရိကန်ရေတပ်အတွက် အဓိက တာဝန် သုံးရပ်မှာ “ငြိမ်းချမ်းချိန်တွင် အရေးအခင်းများကို အင်အားသုံး တားဆီးခြင်းနှင့် ကာကွယ်ခြင်း၊ စစ်ကာလတွင် အောင်ပွဲ ရယူခြင်း” ဖြစ်သည်ဟု ဖော်ပြခဲ့၏။ ၎င်းသည်လည်း ၎င်း၏ ရှေ့မှ ဦးစီးချုပ်များနည်းတူပင် ရေတပ်ကို အဓိက “ဝင်ရိုး” တစ်ခုအဖြစ် ခြွင်းချက်မရှိ သတ်မှတ်ခဲ့သည်။ ဤသို့ဆိုခြင်းမှာ အမေရိကန် တပ်မတော်က တာဝန်ယူထားသော ပြည်ပစစ်ဆင်ရေး တာဝန်များတွင် ကြည်းတပ်အနေဖြင့် တပ်ဖြန့်ခွဲရန်အတွက် အခြားကဏ္ဍများ၏ အထောက်အကူရယူရန် လိုအပ်ပြီး လေတပ် သည်လည်း အခြားနိုင်ငံများ၏ ပိုင်နက်နယ်မြေပေါ်ရှိ လေတပ် စခန်းများကို အလွန်အကျွံ အမှီသဟဲ ပြုနေရသည်ဆိုသောအချက် ဖြစ်၏။ ရေတပ်ကသာလျှင် ရေပြင်ရှိရာ မည်သည့်နေရာသို့ မဆို လွတ်လပ်စွာ သွားလာနိုင်စွမ်းရှိသည်ဆို၏။ ထိုးဖောက် ဝင်ရောက်မည့် တိုက်ပွဲတစ်ခုတွင် နည်းလမ်းပေါင်းမျိုးစုံကို အသုံးပြုရမည်ဖြစ်ရာ ရေတပ်သည်သာလျှင် ပူးတွဲတိုက်ပွဲဝင် တပ်ဖွဲ့တစ်ခု၏ အဓိကကျောရိုးဖြစ်သည်ဆို၏။ ဤအတွေး အခေါ်မှာ ရှင်းလင်းလှပေသည်။ ဤအချက်ကို စစ်လက်ရုံး ၃ ခု စလုံးမှ ဦးစီးချုပ်များသာမက ကာကွယ်ရေးဌာနကလည်း လက်ခံရသည်။ သို့အတွက် ရေတပ်အတွက် လိုအပ်သောအသုံး စရိတ် အခက်အခဲမရှိ ရရှိခဲ့သည်။ ၁၉၉၈ ခုနှစ် အမေရိကန် အမျိုးသားကာကွယ်ရေး အသုံးစရိတ်အထိပင် ကာကွယ်ရေး အသုံးစရိတ်များ လျော့ချလာခဲ့သော်လည်း ရေတပ်နှင့် မရိန်း တပ်ဖွဲ့သည် ကာကွယ်ရေး အသုံးစရိတ် ဖြတ်တောက်ခံရမှု အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။



အထက်တွင် ဖော်ပြခဲ့သည်များမှာ ပင်လယ်ကွေ့စစ်ပွဲ အပြီး အမေရိကန်စစ်ဘက်၏ ဦးတည်ပြောင်းလဲနေသော အခြေ အနေအရပ်ရပ်နှင့် လက်နက်ကိုင်တပ်ဖွဲ့များအတွင်း မသင့်မြတ် မှုများ ဖြစ်သည်။ စာရှုသူတို့အနေဖြင့် ပင်လယ်ကွေ့စစ်ပွဲအကြောင်း အမေရိကန်တို့ဘက်မှ ရေးသားချက်များ၊ ၎င်းတို့၏လက်ရုံး တပ်ဖွဲ့များ အကျိုးစီးပွားအတွက် နည်းလမ်းပေါင်းစုံ အသုံးပြုပုံ များကို အထင်ကြီးမိကောင်း ကြီးမိပေလိမ့်မည်။ အမေရိကန် လက်နက်ကိုင်တပ်ဖွဲ့အတွင်းမှ ထင်ရှားလူသိများသော စစ်သား များ၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သူများ အချင်းချင်း ယှဉ်ပြိုင်အနိုင်လုနေကြသည်ကို စိတ်မကောင်းဖြစ်မိကောင်း ဖြစ်မိ ပေလိမ့်မည်။ အလားတူပင် အမေရိကန်စစ်ဘက်၏ မရေမရာ ဦးတည်ချက်များကိုလည်း စာနာစိတ်များ ထားမိကောင်း ထားမိ ပေလိမ့်မည်။

## လက်ဖျားခြင်းနှင့် ထိခိုက်ကျဆုံးမခံနိုင်ခြင်း ရောဂါ

အမေရိကန်စစ်ဘက်သည် တန်ဖိုးကြီးမားသော လက်နက် များ စုပြုံအသုံးပြု၍ ရည်မှန်းချက်များ အောင်မြင်ရန်နှင့် မိမိဘက် အထိအခိုက် အကျအဆုံး နည်းပါးစေရန် (ကုန်ကျစရိတ်ကို ထည့်သွင်း မစဉ်းစားဘဲ) သူ့ဋ္ဌေးကိုက်ဖမ်း၍ လက်ခပ်ဖွာဖွာ စစ်တိုက်ခြင်းမျိုး၌သာ စွမ်းပေ၏။ ပင်လယ်ကွေ့စစ်ပွဲကြောင့် အမေရိကန်တို့တွင် ကြီးကျယ်မြင့်မြတ်လိုစိတ်ရောဂါ စွဲကပ် သွားသည်ဟု ဆို၏။ တစ်စင်းလျှင် ဒေါ်လာ ၂၅ သန်းတန်သော လေယာဉ် ခေါက်ရေ ၁၁၀၀၀ ကို ၄၂ ရက်သော ကာလအတွင်း

အသုံးပြုတိုက်ခိုက်ခြင်း၊ တစ်စင်းလျှင် ဒေါ်လာ ၁၃ သန်း တန်သော တိုမဟော့ခ်ဒုံးကျည်များ ပစ်လွှတ်၍ ဆိုရှယ်လစ် ပါတီဌာနချုပ်ကို တိုက်ခိုက်ခြင်း၊ မြေသားပစ်ကျင်းများအား ဒေါ်လာသောင်းနှင့်ချီ တန်သော ပုံထိန်းဗုံးများ ပစ်လွှတ်တိုက်ခိုက်ခြင်း စသည်တို့ကို ပေါင်းလိုက်လျှင် စစ်စရိတ်ဒေါ်လာ ၆၁ ဘီလီယံ ကုန်ကျသည်ဖြစ်ရာ အမေရိကန်ဗိုလ်ချုပ်များကိုယ်တိုင်က ဤမျှ ဘုံးဘောလအော မလုပ်သင့်ဟု ယူဆခဲ့ကြသည့်တိုင် ဤသို့ "ရွှေကျည်ဆန်ဖြင့် ငှက်ပစ်ခြင်း" မျိုးကဲ့သို့သော ခမ်းနား ကြီးကျယ်မှုမျိုးကို တားဆီးနိုင်လိမ့်မည် မဟုတ်ချေ။ အမေရိကန် ဗုံးကြဲလေယာဉ်တစ်စင်း၏ တန်ဖိုးသည် လွန်စွာ တန်ဖိုးကြီးမား သဖြင့် "ရွှေတောင်"ကြီးတစ်ခု လေထဲပျံနေသည့်အလား ဖြစ်၏။ ယင်းတို့ ဖျက်ဆီးသော မည်သည့်ပစ်မှတ်ကမျှ လေယာဉ်တန်ဖိုး လောက် မရှိချေ။ ဤသို့ တန်ဖိုးမရှိသော ပစ်မှတ်အား လွန်စွာ တန်ဖိုးကြီးသည့် ဒေါ်လာငွေများ တန်ချိန်နှင့်ချီ၍ ဖြုန်းတီးခြင်းကို လူထုက သံသယ မဝင်မိပေသလော။

ငင်းအပြင် ၁၆၁ ရက်မျှသော ကာလအတွင်း လူအင်အား ၅၂၀၀၀ ကျော်နှင့် ပစ္စည်းတန်ချိန် ၈ သန်းမျှကို အမေရိကန် ပြည်မမှနေ၍ ရှေ့တန်းစစ်မျက်နှာသို့ နေ့၊ ည မပြတ် ဆက်တိုက် ပေးပို့ခဲ့သည်။ ဤပစ္စည်းများတွင် နှစ်ပေါင်းများစွာက ဂိုဒေါင် ထဲတွင် မသုံးဘဲ ပစ်ထားသော နေကာဦးထုပ်များ၊ ရီယာ့ဒ်မြို့ သိုလှောင်ရုံထဲက ပုပ်သိုးနေသော သစ်သီးများ ပါဝင်ပေသည်။ စစ်ပွဲအတွက် အုပ်ချုပ်ထောက်ပံ့မှု တာဝန်ခံဖြစ်သူ ဗိုလ်ချုပ် ပါဂူးနစ်စ်က ဤမျှကြီးမားပြီး ဖရိုဖရဲနိုင်သော အုပ်ချုပ်ထောက်ပံ့ မှုမျိုး ရေတပ်စစ်ဆင်ရေး သမိုင်းတွင် မကြားစဖူးဟု မှတ်ချက်



ပြုခဲ့သည်။ သို့ရာတွင် အမေရိကန် ကာကွယ်ရေးဌာန၏ အဆိုအရမူ မစ္စစ္စပီပြည်နယ်မြို့တော် ဂျက်ဆန်တစ်မြို့လုံးအား ဆော်ဒီအာရေဗျသို့ ပြောင်းရွှေ့ရသည်နှင့်တူကြောင်း ကြွားဝါ ထုတ်ပြန်ခဲ့သည်။ ကမ္ဘာပေါ်ရှိ စစ်သားများ အားလုံးထဲတွင် အမေရိကန်တို့သာလျှင် စစ်ပွဲတစ်ပွဲနိုင်ရန် ဤမျှလိုသည်ထက် ပို၍ ဖြုန်းတီးမှုမျိုးကို လုပ်ဆောင်ပေလိမ့်မည်။

ဤအချက်သည် လူအများကို ထူးခြားစွာ ရိုက်ခတ်ခဲ့၏။ အမေရိကန် ကာကွယ်ရေးဝန်ကြီးဟောင်း မက်နမားရား လက်ထက် ကတည်းက "စီးပွားရေးအမြင်" သွတ်သွင်းခံခဲ့ရသော ပင်တဂွန် စစ်ဌာနချုပ်သည် ဤသို့သော "ဖိမ်ခံတိုက်သည့်စစ်" မျိုးအတွက် ကုန်ကျစရိတ်ကို ခန့်မှန်းသိရှိပြီး ဖြစ်၏။ အမေရိကန် အောက် လွှတ်တော်၏ ကာကွယ်ရေး အသုံးစရိတ် စိစစ်ရာတွင် နာမည် ကျော် "လက်နက်ကိုင်တပ်များရေးရာ ကော်မတီ" သည်ပင် ဤစစ်ပွဲ၏ မိုးထိလုထိခင် အသုံးစရိတ်ကို တစ်လုံးတစ်ပါဒမျှ ဝင်ရောက် မစွက်ဖက်ချေ။ စစ်ပွဲအပြီး ပြန်လည်သုံးသပ်ရာ၌ပင် အဆင့်မြင့်လက်နက်များ၏ ထိရောက်ပုံကို တခမ်းတနား ချီးကျူး ဖော်ပြခဲ့၏။ ကာကွယ်ရေးဝန်ကြီး ချေနီက "လက်နက်နည်းပညာ အရာ၌ ကျွန်ုပ်တို့က မျိုးဆက်တစ်ခုစာ ရှေ့ပြေးနေခဲ့သည်" ဟု ပြောဆိုခဲ့သလို ကွန်ဂရက်လွှတ်တော်အမတ် အက်စ်ပင်က အဆင့်မြင့်လက်နက်များကြောင့် ရရှိလာသော အကျိုးအမြတ် များမှာ ကျွန်ုပ်တို့ အကောင်းဆုံး မျှော်မှန်းထားသည်ထက် များစွာ သာလွန်နေသည်ဟု ပြောဆိုခဲ့၏။

အကယ်၍ စာရှုသူသည် အမေရိကန်တို့က အဆင့်မြင့် လက်နက်များ အကူအညီဖြင့် အီရတ်ကို အနိုင်ယူပြီး ရည်မှန်းချက်

အသုံးပြုတိုက်ခိုက်ခြင်း၊ တစ်စင်းလျှင် ဒေါ်လာ ၁၃ သန်းတန်သော တိုမဟော့ခ်ဒုံးကျည်များ ပစ်လွှတ်၍ ဆိုရှယ်လစ်ပါတီဌာနချုပ်ကို တိုက်ခိုက်ခြင်း၊ မြေသားပစ်ကျင်းများအား ဒေါ်လာသောင်းနှင့်ချီ တန်သော ပုံထိန်းဗုံးများ ပစ်လွှတ်တိုက်ခိုက်ခြင်း စသည်တို့ကို ပေါင်းလိုက်လျှင် စစ်စရိတ်ဒေါ်လာ ၆၁ ဘီလီယံကုန်ကျသည်ဖြစ်ရာ အမေရိကန်ဗိုလ်ချုပ်များကိုယ်တိုင်က ဤမျှဘုံးဘောလအော မလုပ်သင့်ဟု ယူဆခဲ့ကြသည့်တိုင် ဤသို့ "ရွှေကျည်ဆန်ဖြင့် ငှက်ပစ်ခြင်း" မျိုးကဲ့သို့သော ခမ်းနားကြီးကျယ်မှုမျိုးကို တားဆီးနိုင်လိမ့်မည် မဟုတ်ချေ။ အမေရိကန်ဗုံးကြဲလေယာဉ်တစ်စင်း၏ တန်ဖိုးသည် လွန်စွာ တန်ဖိုးကြီးမားသဖြင့် "ရွှေတောင်"ကြီးတစ်ခု လေထဲပျံနေသည့်အလား ဖြစ်၏။ ယင်းတို့ ဖျက်ဆီးသော မည်သည့်ပစ်မှတ်ကမျှ လေယာဉ်တန်ဖိုးလောက် မရှိချေ။ ဤသို့ တန်ဖိုးမရှိသော ပစ်မှတ်အား လွန်စွာတန်ဖိုးကြီးသည့် ဒေါ်လာငွေများ တန်ချိန်နှင့်ချီ၍ ဖြုန်းတီးခြင်းကို လူထုက သံသယ မဝင်မိပေသလော။

ငင်းအပြင် ၁၆၁ ရက်မျှသော ကာလအတွင်း လူအင်အား ၅၂၀၀၀ ကျော်နှင့် ပစ္စည်းတန်ချိန် ၈ သန်းမျှကို အမေရိကန်ပြည်မမှနေ၍ ရေ့တန်းစစ်မျက်နှာသို့ နေ့၊ ည မပြတ် ဆက်တိုက်ပေးပို့ခဲ့သည်။ ဤပစ္စည်းများတွင် နှစ်ပေါင်းများစွာက ဂိုဒေါင်ထဲတွင် မသုံးဘဲ ပစ်ထားသော နေကာဦးထုပ်များ၊ ရီယာ့ဒ်မြို့သိုလှောင်ရုံထဲက ပုပ်သိုးနေသော သစ်သီးများ ပါဝင်ပေသည်။ စစ်ပွဲအတွက် အုပ်ချုပ်ထောက်ပံ့မှု တာဝန်ခံဖြစ်သူ ဗိုလ်ချုပ်ပါဂူးနစ်စ်က ဤမျှကြီးမားပြီး ဖရိုဖရဲနိုင်သော အုပ်ချုပ်ထောက်ပံ့မှုမျိုး ရေတပ်စစ်ဆင်ရေး သမိုင်းတွင် မကြားစဖူးဟု မှတ်ချက်



ပြုခဲ့သည်။ သို့ရာတွင် အမေရိကန် ကာကွယ်ရေးဌာန၏ အဆိုအရမူ မစ္စစ္စပီပြည်နယ်မြို့တော် ဂျက်ဆန်တစ်မြို့လုံးအား ဆော်ဒီအာရေဗျသို့ ပြောင်းရွှေ့ရသည်နှင့်တူကြောင်း ကြွားဝါထုတ်ပြန်ခဲ့သည်။ ကမ္ဘာပေါ်ရှိ စစ်သားများ အားလုံးထဲတွင် အမေရိကန်တို့သာလျှင် စစ်ပွဲတစ်ပွဲနိုင်ရန် ဤမျှလိုသည်ထက်ပို၍ ဖြုန်းတီးမှုမျိုးကို လုပ်ဆောင်ပေလိမ့်မည်။

ဤအချက်သည် လူအများကို ထူးခြားစွာ ရိုက်ခတ်ခဲ့၏။ အမေရိကန် ကာကွယ်ရေးဝန်ကြီးဟောင်း မက်နာမားရားလက်ထက်ကတည်းက "စီးပွားရေးအမြင်" သွတ်သွင်းခံခဲ့ရသော ပင်တဂွန်စစ်ဌာနချုပ်သည် ဤသို့သော "ဖိမ်ခံတိုက်သည့်စစ်" မျိုးအတွက်ကုန်ကျစရိတ်ကို ခန့်မှန်းသိရှိပြီး ဖြစ်၏။ အမေရိကန် အောက်လွှတ်တော်၏ ကာကွယ်ရေး အသုံးစရိတ် စိစစ်ရာတွင် နာမည်ကျော် "လက်နက်ကိုင်တပ်များရေးရာ ကော်မတီ" သည်ပင်ဤစစ်ပွဲ၏ မိုးထိလုထိခင် အသုံးစရိတ်ကို တစ်လုံးတစ်ပါဒမျှဝင်ရောက် မစွက်ဖက်ချေ။ စစ်ပွဲအပြီး ပြန်လည်သုံးသပ်ရာ၌ပင်အဆင့်မြင့်လက်နက်များ၏ ထိရောက်ပုံကို တခမ်းတနား ချီးကျူးဖော်ပြခဲ့၏။ ကာကွယ်ရေးဝန်ကြီး ချေနီက "လက်နက်နည်းပညာအရာ၌ ကျွန်ုပ်တို့က မျိုးဆက်တစ်ခုစာ ရှေ့ပြေးနေခဲ့သည်" ဟု ပြောဆိုခဲ့သလို ကွန်ဂရက်လွှတ်တော်အမတ် အက်စ်ပင်ကအဆင့်မြင့်လက်နက်များကြောင့် ရရှိလာသော အကျိုးအမြတ်များမှာ ကျွန်ုပ်တို့ အကောင်းဆုံး မျှော်မှန်းထားသည်ထက်များစွာ သာလွန်နေသည်ဟု ပြောဆိုခဲ့၏။

အကယ်၍ စာရှုသူသည် အမေရိကန်တို့က အဆင့်မြင့်လက်နက်များ အကူအညီဖြင့် အီရတ်ကို အနိုင်ယူပြီး ရည်မှန်းချက်

များ အောင်မြင် အကောင်အထည် ဖော်နိုင်သည်ဟု ယူဆမိပါက အမေရိကန်တို့၏ စစ်တိုက်ပုံကို ကောင်းစွာနားမလည်သေးဟု ဆိုရပေမည်။ စာရှုသူ သိထားရမည့်အချက်မှာ ဤနိုင်ငံနှင့် လူမျိုးသည် မည်သည့်အခါကမျှ အသက်ဖြင့် ပေးဆပ်လိုခြင်းမရှိဘဲ အောင်ပွဲကို မည်မျှကုန်ကျသည်ဖြစ်စေ အခြားနည်းဖြင့် အကုန်ကျခံလေ့ရှိသော သူများဖြစ်ကြောင်း သိထားရပေမည်။ အဆင့်မြင့်နည်းပညာသုံး လက်နက်များ ပေါ်လာခြင်းသည် အမေရိကန်လူမျိုးတို့အတွက် အကြိုက်ဖြစ်၏။ ပင်လယ်ကွေ့စစ်ပွဲအတွင်းတွင် တပ်အင်အား ၅ သိန်းအနက် ၁၄၈ ဦးသာ သေဆုံးပြီး ၄၅၈ ဦး ဒဏ်ရာရခဲ့သည်။ ၎င်းတို့ အစဉ်အဆက်က စိတ်ကူးယဉ်ခဲ့သော "အကျအဆုံးမရှိ" ရည်မှန်းချက်ကို ရရှိသွားခဲ့ပြီ။ ဗီယက်နမ်စစ်ကာလကတည်းကပင် အမေရိကန်လူမျိုးများနှင့် အမေရိကန်စစ်ဘက်တို့သည် စစ်ပွဲအတွင်း လူအသေအပျောက် များမည့်ကိစ္စကို ကြောက်ရွံ့လာခဲ့ရာ သူရဲဘောနည်းသည့် အဆင့်သို့မရောက်ရုံတမယ် ဖြစ်၏။ စစ်ရေးရည်မှန်းချက်များ အောင်မြင်မှုနှင့် ထိခိုက်ကျဆုံးနည်းပါးမှုတို့သည် အမေရိကန်တို့၏ စစ်ရေးပေတံတွင် သာတူညီမျှ အလေးပေးရသော အချက်များ ဖြစ်သည်။ စစ်မြေပြင်တွင် အသက်စွန့် တိုက်ပွဲဝင်နေရမည် ဖြစ်သော အမေရိကန်စစ်သားတို့အတွက် အသက်အန္တရာယ် အကာအကွယ်မှာ စစ်ပွဲတွင် ကုန်ကျစရိတ် အကြီးအမားဆုံးဖြစ်ရာ ရွှေဟောင်းတရုတ်ပန်းအိုးနှင့်ပင် တူပေတော့၏။ အမေရိကန်ကို ရင်ဆိုင်တိုက်ခိုက်ဖူးသူများတိုင်းက အမေရိကန်အပေါ် အောင်နိုင်မည့် လျှို့ဝှက်ချက်ကို တွေ့ရှိခဲ့ကြသည်။ "တိုက်ပွဲမနိုင်နိုင်က လူများများသေအောင်သာ လုပ်" ဟူသော နည်းဖြစ်၏။ ဤအချက်ကို



အမေရိကန် ကွန်ဂရက်၏ အစီရင်ခံ စာ၌ "စီမံချက်ရေးဆွဲတိုင်း ထိခိုက်ကျဆုံးမှု အနည်းဆုံး ဖြစ်စေရန်မှာ ထိပ်တန်းဦးစားပေးဖြစ်သည်" ဟူ၍ အသားပေး ဖော်ပြထားခြင်းက သက်သေထူပေ၏။ ထိခိုက်ကျဆုံးမှု "သုည" ဖြစ်စေရမည်ဟူသော ရိုးစင်းသည့် ကြွေးကြော်ချက်သည် အမေရိကန်ပုံစံ လက်ဖွာသည့်စစ်မျိုးအတွက် အဓိက တွန်းအားပေးသော အကြောင်းတရား ဖြစ်သည်။ သို့အတွက် တန်ဖိုးကြီးမားသော စတဲ့သ်လေယာဉ်များ၊ တိကျပစ်ခတ်နိုင်သော ခဲယမ်းများ၊ တင့်အသစ်များ၊ ရဟတ်ယာဉ်များ၊ တာဝေးပစ်လက်နက်များအား အကန့်အသတ်မရှိ အသုံးပြုခြင်းသည် အကျအဆုံးမရှိဘဲ အောင်မြင်ရမည်ဟူသော ရည်မှန်းချက်အတွက်ပင် ဖြစ်၏။

ဤသို့သော အခြေခံ အကြောင်းတရားဖြင့် စစ်တိုက်ခြင်းသည် နွားသတ်သည့်ဓားဖြင့် ကြက်သတ်ခြင်းနှင့်တူ၏။ အဆင့်မြင့်နည်းပညာကြီးမားစွာ မြှုပ်နှံထားသော အရင်းအနှီး၊ အသုံးစရိတ်ကြီးမြင့်မှု၊ အကျိုးရလဒ် မြင့်မားမှုတို့က စစ်မဟာဗျူဟာနှင့် တိုက်စွမ်းရည်ကို စက်မှုနည်းပညာလောက် အရည်အသွေး မြှင့်ရန်မလိုဟု ဆိုနိုင်၏။ ပင်လယ်ကွေ့စစ်ပွဲကဲ့သို့ အောင်မြင်မှုကြီးမားသည့် စစ်ပွဲမျိုးအတွင်း၌ပင် သမိုင်းတင်ရလောက်သည့် တိုက်ပွဲဟူ၍ မရှိခဲ့ပေ။ ၎င်းတို့ ရယူပိုင်ဆိုင်ထားသည့် အဆင့်မြင့်နည်းပညာဖြင့် နှိုင်းယှဉ်ပါက အမေရိကန် စစ်ဘက်သည် နည်းပညာသစ်များ၏ အားသာချက်ကို ထိရောက်စွာ အသုံးချနိုင်၍ စစ်နည်းဗျူဟာသစ်ဟူ၍ ရယူအသုံးချနိုင်ခြင်း မရှိကြောင်း တွေ့ရပေမည်။ အမေရိကန် စစ်ဘက်သည် စက်မှုနည်းပညာအရာ၌

အခြားနိုင်ငံများနှင့်စာလျှင် များစွာကွာခြားနေသည်မှာ အမှန်ပင်ဖြစ်၏။ သို့ရာတွင် စစ်နည်းဗျူဟာအရာ၌ မည်မျှကွာခြားမှု ရှိသည်ဆိုလျှင် လက်နက်ချင်းကွာဟသလောက်ထက် ပိုမကွာ ဟုသာ ဆိုနိုင်ပေ၏။ အကြောင်းမှာ ပင်လယ်ကွေ့စစ်ပွဲသည် စစ်ပညာသာလွန်မှုကြောင့်၊ တစ်နည်းအားဖြင့် စစ်တိုက်ကောင်းခြင်းကြောင့် အနိုင်ရခြင်း မဟုတ်ပေ။ ၎င်းအား အမေရိကန်က ကမကထလုပ် ကျင်းပသော နိုင်ငံတကာ လက်နက်ပြပွဲကြီးတစ်ခုနှင့် တူသည့်အပြင် အမေရိကန်ပုံစံ လက်ဖွာဖွာ စစ်တိုက်လိုသည့် ရောဂါကို ကမ္ဘာတစ်ဝန်းသို့ ကူးစက်ပြန့်ပွားစေသော စစ်ပွဲဟု ဆိုနိုင်ပေ၏။ တစ်ချိန်တည်းမှာပင် အီရတ်အရေးအတွက် အမေရိကန်ဒေါ်လာပေါင်း များစွာကုန်ကျခံသည့်နည်းတူ ကမ္ဘာတစ်ဝန်းလုံး၌လည်း နိုင်ငံအများအပြားတို့မှာ ဤလိုစစ်ပွဲများဆင်နိုင်ရန် ဒေါ်လာ အမြောက်အမြား ကုန်ကျခံနေကြရသည်။ ကမ္ဘာ့ထိပ်တန်း လက်နက်ကုန်သည်ဖြစ်သော အမေရိကန်တို့အတွက် အပျော်လွန်မည့်ကာလပင် ဖြစ်သည်။ ဤသို့ အဆင့်မြင့်နည်းပညာသုံးစွဲခြင်း၊ စစ်ပညာအရာအရ ပညာသားမပါခြင်း၊ ကုန်ကျစရိတ်ကြီးမားစွာ ပေးဆပ်ရခြင်း နည်းမျိုးဖြင့် စစ်ဆင်ခြင်းမှာ ကာလကြာရှည်လာသည့်အခါ လူအများအနေဖြင့် စစ်ပွဲကို ဤသို့နည်းနှင့်မျှ မတိုက်လျှင် မနိုင်နိုင်ဟု မှတ်ယူသွားစေတတ်ပြီး ဤကဲ့သို့ အကုန်အကျ မခံနိုင်သူများအတွက် အားငယ်စေတတ်သည်။ သို့အတွက် ပင်လယ်ကွေ့စစ်ပွဲအပြီး ကမ္ဘာတစ်ဝန်းမှ စစ်ဘက်ပြုပြင်ပြောင်းလဲမှုတိုင်း၌ အဆင့်မြင့်နည်းပညာများကို အာသာငမ်းငမ်း တမ်းတနေကြပြီး အဆင့်မြင့်နည်းပညာသုံး စစ်ပွဲကိုသာ မျှော်မှန်းနေကြခြင်းဖြစ်သည်။



အမေရိကန်သိပ္ပံပညာရှင် သောမတ်စ်အက်ဒီဆင်အကြောင်းနှင့် ပတ်သက်၍ ဂျက်ဖားဆိုသူ ကဗျာဆရာက "မိမိတို့သည် စက်ကိရိယာများတွင် ကျွမ်းကျင်ကြပြီး ဖိမ်ခံပစ္စည်းများကို စွဲလမ်းတတ်ကြသည်" ဟု ရေးသားခဲ့ဖူး၏။ ဤအချက်မှာ အမေရိကန်တို့၏ အရိုးထဲ စွဲနေသော အလေ့အထ ဖြစ်၏။ အမေရိကန်တို့သည် အဆင့်မြင့်နည်းပညာကို လိုက်စားရုံမက ဖိမ်ခံပစ္စည်းအဖြစ်လည်း ပြောင်းလဲတတ်ကြသည်မှာ လက်နက်နှင့် စက်ကိရိယာများ အပါအဝင်ဖြစ်၏။ ဆင်စွယ်ရိုးတပ် ပစ္စတိုများကိုသာ ခါးချိတ်တတ်သော ဗိုလ်ချုပ်ကြီးပက်တန်မှာ သာဓကဖြစ်၏။ ဤသို့သော အစွဲအလမ်းများကြောင့် အမေရိကန်တို့သည် လက်နက်နှင့် စက်မှုနည်းပညာများကို မျက်စိမှိတ်၍ အားကိုးယုံကြည်တတ်၏။ တစ်ချိန်တည်းမှာပင် သူတစ်ပါးက စက်မှုနည်းပညာအရာ၌ မိမိထက် သာလွန်သွားမည်ကိုလည်း စိုးရိမ်စိတ်ဖြင့် မလုံမလဲ ရှိတတ်၏။ သို့အတွက် ပို၍ ဆန်းသစ်သော၊ ပို၍ ရှုပ်ထွေးသော လက်နက်များကိုသာ ရှာဖွေနေကြ၏။ သို့ဖြင့် စစ်မြေပြင်သဘာဝနှင့် မအပ်စပ်သည့် တစ်နေ့တခြား ပို၍ လေးလံသော၊ ပို၍ရှုပ်ထွေးသော လက်နက်စနစ်များ စစ်မြေပြင်သို့ ရောက်ရှိလာသည်။ သို့တိုင်အောင် အမေရိကန်တို့က လက်နက်ကိုသာ အသားပေးဆဲ ဖြစ်၏။ ၎င်းတို့က စစ်ပွဲကို စစ်သိပ္ပံနှင့် နည်းပညာ အပြေးပြိုင်ပွဲတစ်ခုသဖွယ်သာ သဘောထားသည်။ စိတ်ဓာတ်၊ သတ္တိ၊ အမြော်အမြင်နှင့် မဟာဗျူဟာတို့ ပြိုင်ဆိုင်သည့် ပွဲဟု သဘောမထားနိုင်ချေ။ ၎င်းတို့က ယနေ့ကာလ၏ သောမတ်စ်အက်ဒီဆင်များ ရှိနေသရွေ့ အောင်ပွဲတံခါးသည် အမေရိကန်တို့အတွက် အမြဲတမ်း ပွင့်နေလိမ့်မည်ဟု ယူဆထား

ကြ၏။ ဤသို့သော မိမိကိုယ်ကို ယုံကြည်မှုလွန်ကဲခြင်းကြောင့် ၎င်းတို့သည် အရေးပါသော အချက်တစ်ချက်ကို မေ့လျော့နေကြ၏။ ယင်းမှာ အခြားမဟုတ်။ စစ်ဟူသည် နည်းပညာနှင့် လက်နက်တို့၏ အပြေးပြိုင်ပွဲ မည်ကာမျှ မဟုတ်ဘဲ အမြဲတမ်းပြောင်းလဲနေသော ဦးတည်ချက်များ၊ သမားရိုးကျ မဟုတ်သော အချက်များ ပါဝင်နေသည်ဆိုခြင်း ဖြစ်၏။ Addidas သို့မဟုတ် Nike ဖိနပ်စီးရုံဖြင့် အားကစားပြိုင်ပွဲတွင် အနိုင်ရမည်ဟု သေချာပေါက် မပြောနိုင်ပါ။

အမေရိကန်တို့သည် ဤအချက်ကို များစွာဂရုပြုသေးပုံ မပေါ်ချေ။ သူတစ်ပါးထက် နည်းပညာ အသာစီးရရန်ကိုသာ ဦးစားပေးဆဲဖြစ်၏။ ဘဏ္ဍာငွေ အခက်အခဲများ မြောက်မြားစွာ ရှိနေသည့်ကြားမှပင် နည်းပညာသစ်နှင့် လက်နက်များအပေါ် စွဲလမ်းမှုကို မဖျောက်နိုင်ကြသေးချေ။ အမေရိကန်စစ်ဘက်က ရေးဆွဲ တင်သွင်းသည့် ကွန်ဂရက်က အတည်ပြုလိုက်သော လက်နက်ဆန်းများ စာရင်းသာ တစ်နေ့တခြား ပို၍ ရှည်လျားလာသည်။ အနာဂတ်စစ်တွင် အမေရိကန်စစ်သားများ၏ ထိခိုက်ကျဆုံးမှု "သုည" ဟု မျှော်မှန်းပါက ဆန္ဒလွန်ကဲခြင်းသာ ဖြစ်ပေလိမ့်မည်။

## မည်သို့တပ်ဖွဲ့မျိုး လိုအပ်မည်ကိုလည်း မသိ

၂၁ ရာစုတွင် အမေရိကန်ကြည်းတပ်မတော်သည် မည်သို့သော တပ်မျိုး လိုအပ်ပေသနည်း။

ဤမေးခွန်းသည် ၂၀ ရာစုနှစ်မကုန်ဆုံးမီ ဆယ်နှစ်လုံးလုံး အမေရိကန်ကြည်းတပ်ကို ပဟေဠိဖြစ်စေခဲ့သော မေးခွန်းဖြစ်၏။



ပင်လယ်ကွေ့စစ်ပွဲအတွင်း အမေရိကန်ကြည်းတပ်၏ ရေးကျပုံနှင့် လက်နက်များ၏ ဆန်းသစ်ပုံတို့ ကွာခြားမှုကို ထင်ထင်ရှားရှား သိမြင်ခဲ့ရပြီးဖြစ်၏။ ရေတပ်၊ လေတပ်တို့နှင့်စာလျှင် ထိန်းထိန်းသိမ်းသိမ်းရှိသော အမေရိကန်ကြည်းတပ်သည်ပင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ်ပြီကို သဘောပေါက်လာခဲ့၏။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ဤသို့သော ပြုပြင်ပြောင်းလဲမှုများအား အတိုက်အခံလုပ်နေသည်မှာ ကြည်းတပ်၏ ထိပ်တန်းခေါင်းဆောင်ပိုင်းမှ မဟုတ်၊ တပ်မမှူးသစ်များ အဆင့်ဖြစ်သည်။ ၎င်းတို့က ကြည်းတပ် တပ်ဖွဲ့များသည် စစ်မြေပြင်၏ စမ်းသပ်မှုများကို ကျော်လွှားနိုင်ခဲ့ခြင်း မရှိသဖြင့် ကြီးမားသော စစ်ဆင်ရေးကြီး တစ်ခု ဆင်နွှဲစမ်းသပ်ရန် လိုသည်ဟု ယူဆကြသည်။ သို့ဖြင့် "အမာခံတပ်များ"၊ "စံပြုတပ်များ"၊ "အခြေခံတပ်မဟာများ" စသည့် အစီအစဉ် ၃ မျိုးကို ဗိုလ်ချုပ်ကြီးဆာလီဗန်ထံ လက်လွှဲခဲ့ကြသည်။ ၎င်းက တတိယ အစီအစဉ်ဖြစ်သော "အခြေခံတပ်မဟာ" အယူအဆကို နှစ်ခြိုက်ပြီး "အနာဂတ်စစ်ဆင်ရေးများအတွက် စဉ်းစားတွေးခေါ်ပုံသစ်" ဟု အသိအမှတ်ပြု လက်ခံခဲ့သော်လည်း ဗိုလ်ချုပ်တော်တော်များများက လက်မခံခဲ့ချေ။ သို့ဖြင့် ၎င်းအား ရာထူးမှ ဖယ်ရှားလိုက်ပြီးနောက် ကျန်ဗိုလ်ချုပ်များ အချင်းချင်း သဘောတူညီမှုရကာ ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလတွင် လူ ၁၅၈၀၀ ပါ တပ်မဟာတစ်ခုကို အမှတ် (၄) ယန္တရားတင် တပ်အဖြစ် စမ်းသပ်ဖွဲ့စည်းခဲ့သည်။ ဤနေရာ၌ "တပ်မ" ဖွဲ့စည်းလိုသူများ၏ သဘောထားလွှမ်းမိုးနေသည်မှာ ထင်ရှား၏။ သို့ရာတွင် "တပ်မဟာ" ဖွဲ့စည်းလိုသူများက အလျှော့မပေးချေ။ ၎င်းတို့က "၂၁ ရာစုတွင် ထုထည်ကြီးမားလေးလံသော တပ်ဖွဲ့

များသည် တိုက်ပွဲလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိရန် ခဲယဉ်းလိမ့်မည်" ဟု ယုံကြည်ကြသည်။

ဤသို့ "တပ်မ" နှင့် "တပ်မဟာ" အငြင်းပွားနေချိန်မှာပင် အမေရိကန်ကြည်းတပ်တိုက်ပွဲ ကွပ်ကဲမှု ဓာတ်ခွဲခန်းမှ ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီး မိုက်ဂျယ်လိဂ်ျက အတွေးအခေါ်သစ် တစ်ရပ် ဖော်ထုတ်လိုက်၏။ ၎င်း၏ "သဘောထားကွဲသည့် အနေအထား ပယ်ဖျက်ကြစို့" (Break the Factional Position) ဟူသော စာအုပ်တွင် ၎င်းက တပ်မများကိုလည်းကောင်း၊ တပ်မဟာများကိုလည်းကောင်း ဖျက်သိမ်းကာ ယင်းတို့အစား လူ ၅၀၀၀ စီပါသော "တိုက်ပွဲအုပ်စု" (Battle Groups) ၁၂ ခု ဖွဲ့စည်းရန် အဆိုပြုထားသည်။ ၎င်းနည်းလမ်းသည် အိမ်ဆောက်တုန်းကဲ့သို့ပင် စစ်ရေးအခြေအနေပေါ်မူတည်၍ လိုသလိုပြောင်းလဲ တည်ဆောက်ဖွဲ့စည်းနိုင်သော နည်းဖြစ်ကာ ထမ်းဆောင်ရမည့် တာဝန်ကို လိုက်၍ ဖွဲ့စည်းနိုင်သော သဘောလည်းဆောင်သည်။ ဤအယူအဆမှာ အမေရိကန် ကြည်းတပ်တစ်ခုလုံးသို့ ပျံ့နှံ့သွားပြီး ဗိုလ်ချုပ်ကြီးရိုင်းမားက ဗိုလ်ချုပ်အားလုံး ဤစာအုပ်ကို ဖတ်ရှုကြရန် ညွှန်ကြားရသည်အထိ ကျယ်ပြန့်လာခဲ့သည်။ ဗိုလ်ချုပ်ကြီးရိုင်းမားအနေဖြင့် အမြော်အမြင်ရှိသူပီပီ ဤနည်းလမ်းသည် ပြဿနာအတော်များများကို ဖြေရှင်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ထားသည်။

အခြေခံအားဖြင့်မူ ဤ"အုပ်စု"အယူအဆမှာ အမေရိကန်ကြည်းတပ်အတွက် အသစ်အဆန်း မဟုတ်ပေ။ ၁၉၅၀ ပြည့်နှစ်များနှင့် ၁၉၆၀ ပြည့်နှစ်များက ပေါ်ပေါက်ခဲ့သော "အုပ်စု ၅ စုပါ အဏုမြူတပ်ဖွဲ့"အယူအဆမှာ မအောင်မြင်ခဲ့ဘဲ ဗီယက်နမ်တွင် အမေရိကန်တို့ စစ်ရှုံးရသည့် အကြောင်းအရင်း တစ်ရပ်လည်း ဖြစ်ခဲ့သည်။ ဒုတိယဗိုလ်မှူးကြီး မိုက်ဂျယ်လိဂ်ျ၏ အဆိုအရ လမစေ့ဘဲ မွေးသော ကလေးငယ်တစ်ဦးသည် လူစဉ်မီနိုင်မည် မဟုတ်ဟုဆို၏။ လွန်ခဲ့သော နှစ် ၃၀ က စတင်ခဲ့သော ဤ "အုပ်စု" အယူအဆသည် ထိုစဉ်က သင့်လျော်မှု မရှိခဲ့သော်လည်း ယနေ့ကာလမှာမူ အချိန်ကောင်းဟုဆို၏။ ခေတ်မီလက်နက်များကြောင့် အင်အားနည်းသော တပ်များအနေဖြင့် ပို၍ ကြီးမားသော တပ်များထက် ပစ်အားနှင့် စစ်ကစားမှုတွင် အားနည်းသည်ဟု မဆိုနိုင်တော့ချေ။ ကွပ်ကဲမှု၊ ကြီးကြပ်မှု၊ ဆက်သွယ်ရေး၊ ကွန်ပျူတာနှင့် ထောက်လှမ်းရေး ($C_4I$) စနစ် ပေါ်ပေါက်လာခြင်းကြောင့် စစ်မြေပြင်ရောက် တပ်ဖွဲ့များအနေဖြင့် စုစည်းတိုက်ခိုက်နိုင်စွမ်း ရှိလာကာ တိုက်စွမ်းအားလည်း မြင့်တက်လာသည်။ ဤအခြေအနေမျိုးတွင် တပ်မကိုဖြစ်စေ၊ တပ်မဟာကိုဖြစ်စေ မည်သို့ပင် ဖွဲ့စည်းစေကာမူ လတ်တလော လိုအပ်ချက်များနှင့် ကိုက်ညီမည် မဟုတ်ချေ။

မည်သို့ပင်ဆိုစေကာမူ စက်မှုနည်းပညာသစ်များ ပေါ်ပေါက်လာသည့်နည်းတူ စစ်မှုသိပ္ပံနည်းပညာများလည်း ပေါ်ပေါက်လာမည်ဖြစ်၍ သမိုင်းတစ်ခေတ်ဆန်းသော အပြောင်းအလဲ အခြေအနေတစ်ရပ် ဖြစ်ပေသည်။ သို့ရာတွင် ဤပြောင်းလဲမှုကြောင့် စစ်ရေးဆိုင်ရာ အတွေးအခေါ်သစ်များနှင့် ဖွဲ့စည်းမှုသစ်များ အလိုအလျောက် ရောက်ရှိလာမည်ဟု ကျိန်းသေပေါက်တွက်ဆ၍ မရပေ။ "ကောင်းသော အချက်တစ်ချက်သည် မကောင်းသော အချက်တစ်ရာကို ဖုံးကွယ်ထားတတ်သည်" ဟူသော အဆိုရှိပေသည်။ ဤအဆိုအတိုင်းပင် စစ်မှုသိပ္ပံပညာနှင့်

လက်နက်များ၏ အားသာမှုက ဖုံးကွယ်ထားသော အချက်ပေါင်းများစွာရှိသည်။ လက်နက်ပစ္စည်းများ မည်မျှခေတ်ရှေ့ပြေးနေသော်လည်း စစ်ဘက်ဆိုင်ရာ အတွေးအခေါ်နှင့် ဖွဲ့စည်းမှုမှာမူ နောက်ကျကျန်စမြဲဖြစ်၏။

သို့အတွက် "အုပ်စု"များ ဖွဲ့စည်း၍ တပ်မနှင့် တပ်မဟာများကို အစားထိုးရန် အယူအဆမှာ ပင်လယ်ကွေ့ စစ်ပွဲအပြီး အမေရိကန်ကြည်းတပ်ကို အဆိုးရွားဆုံး ဒုက္ခပေးခဲ့သည့် အယူအဆ ဖြစ်ချေသည်။ ရေတပ်နှင့် လေတပ်တို့မှာ ကြည်းတပ်ကဲ့သို့ တရားသေ ဖွဲ့စည်းမှု အစွဲအလမ်းများ မရှိကြချေ။ လေတပ်သည် ပင်လယ်ကွေ့စစ်ပွဲကို အခွင့်ကောင်းယူကာ လေယာဉ်များအား တာဝန်ထမ်းဆောင်နိုင်သော ကဏ္ဍအလိုက် ခွဲခြားမှုစနစ်အား တစ်ချိတည်းနှင့် ဖြိုလှဲပြီး ရောနှောလေယာဉ်အုပ်စုများ ဖွဲ့စည်းခြင်းဖြင့် တပ်မတော်တွင်း ပြုပြင်ပြောင်းလဲမှုအရာ၌ ရှေ့ကပြေးနေခဲ့သည်။ "ကမ္ဘာအနှံ့ရောက်ရမည်၊ ကမ္ဘာအနှံ့အင်အားပြရမည်" (Global arrival, Global power) ဟူသော အဆိုကို လေတပ်၏ မဟာဗျူဟာ ရည်မှန်းချက်သစ်အဖြစ် ချမှတ်လိုက်သောအခါ "ရပ်ဝေးတာဝန် လေတပ်ဖွဲ့" ကိုပါ စမ်းသပ်ဖွဲ့စည်းနိုင်ခဲ့သည်။

ယင်း "ရပ်ဝေးတာဝန် လေတပ်အဖွဲ့" အား ဖွဲ့စည်းသည့် ဒုတိယဗိုလ်မှူးကြီး ဂျွန်ကျန်ပို၏ အဆိုအရ ဤလေတပ်ဖွဲ့သည် လူအင်အား ၁၁၇၅ ဦးနှင့် လေယာဉ်မျိုးစုံ ၃၄ စင်း ပါဝင်ကာ လေကြောင်းစိုးမိုးမှုရယူခြင်း၊ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခြင်း၊ ရန်သူ့လေကြောင်းရန် ကာကွယ်ရေးစွမ်းအားကို ဦးနှိမ်ခြင်း၊ လေထဲတွင် ဆီဖြည့်ခြင်းစသည့် လုပ်ငန်းတာဝန်မျိုးစုံကို ထမ်းဆောင်



နိုင်စွမ်းရှိပြီး တာဝန်ကျရာ စစ်နယ်ဝန်းတစ်ခုသို့ အမိန့်လက်ခံရရှိသည်မှ ၄၈ နာရီအတွင်း ရောက်ရှိစစ်ဆင်နိုင်သည်။ ၎င်းအပြင် ရောက်ရှိချိန်မှစ၍ လေကြောင်း စစ်ဆင်နိုင်စွမ်းကို အရေးအခင်း ပြီးဆုံးသည်အထိ ဆက်လက် ဆင်နွှဲနိုင်စွမ်းရှိသည်။ သို့အတွက် လေတပ်၏ လုပ်ကိုင်ဆောင်ရွက်မှုများမှာ အသံထက်မြန်သည်ဟုပင် တင်စားရ၏။ လေတပ်အနေဖြင့် ရပ်ဝေးတာဝန် လေတပ်ဖွဲ့ ၃ ခုကို ထူထောင်ဖွဲ့စည်းပြီးဖြစ်ကာ တပ်များပင် အမှန်တကယ် စေလွှတ်တပ်ဖြန့်ပြီး ဖြစ်၏။ စတုတ္ထမြောက်နှင့် ပဉ္စမမြောက် တပ်ဖွဲ့များ ဖွဲ့စည်းပြီးချိန်တွင် ဦးစွာဖွဲ့စည်းသော ရှေးပြေးလေတပ်ဖွဲ့များသည် (Southern Watch) နှင့် (Desert Thunder) စစ်ဆင်ရေးများ ဆင်နွှဲပြီး ဖြစ်ပေသည်။

ရေတပ်အနေဖြင့်ဆိုလျှင် "ပင်လယ်မှ ကုန်းပေါ်သို့ ရှေ့တန်းကျကျ" ဟူသော မဟာဗျူဟာသစ် ရှိနေပြီဖြစ်သဖြင့် ရေတပ်ဖွဲ့များနှင့် မရိန်းတပ်များ ပူးပေါင်း၍ ရပ်ဝေးတာဝန်တပ်ဖွဲ့များ အလိုအလျောက်ပင် ဖွဲ့စည်းနိုင်လာခဲ့သည်။ ကြည်းတပ်၊ လေတပ်တို့နှင့်မတူ ရေတပ်သည် ဤ "ရပ်ဝေးတာဝန် ရေတပ်ဖွဲ့" အယူအဆကို စစ်ကစားမှုများ အကြိမ်ကြိမ် ပြုလုပ်လေ့ကျင့်ခြင်းဖြင့် ပို၍ ပီပြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ အမေရိကန်တပ်များ ပါဝင်ခဲ့သော စစ်ဆင်ရေးတိုင်း၊ လေ့ကျင့်ခန်းတိုင်းတွင် ရေတပ်သည် ၎င်း၏ ဖွဲ့စည်းပုံသစ်ကို အကြိမ်ကြိမ် စမ်းသပ်ခဲ့သည်။ စစ်သင်္ဘောကြီးအုပ်စုတစ်စု၊ ကမ်းတက်ရေတပ်အုပ်စုတစ်စုနှင့် မရိန်းတာဝန်တပ်ဖွဲ့တစ်ခုစီတို့ ပါဝင်သော ဤရေတပ် ရပ်ဝေးတာဝန်တပ်ဖွဲ့၏ တာဝန်မှာ ပင်လယ်ရေကြောင်းလမ်းတစ်ခုအား အနီးဝန်းကျင် ကမ်းရိုးတန်းဒေသများနှင့်တကွ အမြန်စိုးမိုးရန်

ဖြစ်သည်။ ဤတပ်ဖွဲ့မှ လိုအပ်သော ကမ်းတက်ပစ္စည်းများကို ကွန်ဂရက်လွှတ်တော်က အလျင်အမြန် ချပေးလိုက်ခြင်းကို ရေတပ်ကပင် အံ့ဩရသည်။ ဤစနစ်သစ်ကြောင့် ရေတပ်သည် အမေရိကန်လက်နက်ကိုင် တပ်ဖွဲ့များအတွင်း နံပါတ်တစ်နေရာသို့ ရောက်ရှိလာခဲ့သည်။

ပင်လယ်ကွေ့စစ်ပွဲအပြီး အမေရိကန် လက်နက်ကိုင် တပ်ဖွဲ့များအတွင်း ဖွဲ့စည်းမှုဆိုင်ရာ ပြောင်းလဲမှုများသည် လက်နက်တိုးတက်ထုတ်လုပ်မှုနှင့် စစ်နည်းဗျူဟာကိုသာမက အမေရိကန်နိုင်ငံ၏ အမျိုးသား မဟာဗျူဟာကိုပါ ကြီးမားစွာ အကျိုးသက်ရောက်မှုရှိခဲ့သည်။ သေးငယ်၍ ပြောင်းလွယ် ပြင်လွယ် ရှိပြီး လျင်မြန်မှုရှိသော ဤ "ရပ်ဝေးတာဝန် တပ်ဖွဲ့" များမှ စစ်ရေးတိုက်ခိုက်မှုများသာမက စစ်နှင့် မသက်ဆိုင်သော တာဝန်များကိုပါ ပေးအပ်နိုင်သဖြင့် စစ်လက်ရုံးတပ်ဖွဲ့ အသီးသီးက တောင့်တနေခဲ့သော ဖွဲ့စည်းမှုမျိုးဖြစ်လာရုံမက အမေရိကန် အစိုးရအတွက်လည်း လွန်စွာထိရောက်သော လက်သုံးကိရိယာ သဖွယ် ဖြစ်လာခဲ့၏။ နိုင်ငံတကာ အခြေအနေအရ အမေရိကန် အစိုးရအဆက်ဆက်တို့သည် နိုင်ငံတကာ အရေးအခင်းတိုင်း၌ အင်အား အသုံးပြုခြင်းကို ပို၍ ပို၍ နှစ်သက်လာရုံမက မြန်မြန် ထက်ထက် ဝင်ရောက်စွက်ဖက်ကာ မည်သည့် အသေးအဖွဲ့ ကိစ္စကိုမဆို အလျင်အမြန် လက်တုံ့ပြန်လိုသော သဘောထားများ တွေ့ရှိလာရသည်။ ဤသို့ အစိုးရဘက်မှ လိုလားချက်ကြောင့် လည်းကောင်း၊ တပ်များ၏ ဖွဲ့စည်းမှု ပြုပြင်ပြောင်းလဲလာခြင်း ကြောင့်လည်းကောင်း၊ စစ်ရေးနှင့် နိုင်ငံရေး ရောထွေးလာခြင်း ကြောင့်လည်းကောင်း အမေရိကန်စစ်ဘက်အနေဖြင့် ဖွဲ့စည်းမှု



ပြောင်းလဲရုံသာမက မဟာဗျူဟာမြောက် စဉ်းစားလာရသည့် အခြေအနေ ရောက်ရှိလာသည်။

လတ်တလောအခြေအနေတွင် အမေရိကန်ကာကွယ်ရေး ဌာနသည် ကြည်းတပ်၊ ရေတပ်နှင့် လေတပ်တို့၏ "ရပ်ဝေး တာဝန် တပ်ဖွဲ့" များအား စုပေါင်း၍ "မဟာမိတ်တာဝန် တပ်ဖွဲ့" (Allied Task Force) အဖြစ် ဖွဲ့စည်းရန် ပြင်ဆင်လျက် ရှိသည်။ ဤအယူအဆသည် အမေရိကန်စစ်ဘက်နှင့် အမေရိကန် အစိုးရကို ၎င်း၏ ကမ္ဘာ့ပုလိပ်ကြီး လုပ်လိုသော ဆန္ဒအား အန္တရာယ်ပေးမည်၊ သို့မဟုတ် ဖြည့်ဆည်းပေးမည်ကို စောင့် ကြည့်ရန် လိုအပ်ပေသည်။

## ပူးတွဲစစ်ဆင်ရေးမှသည် ဘက်စုံစစ်ပွဲသို့

အမေရိကန်တို့၏ စစ်ရေးဆိုင်ရာ အတွေးအခေါ်များ နောက်ကျ ကျန်နေသည်ဟု ဆိုရာ၌ ယင်းတို့၏ အဆင့်မြင့် စစ်မှုနည်းပညာထက် နောက်ကျနေခြင်းကိုသာ ဆိုလိုပေသည်။ အခြားနိုင်ငံများနှင့် စာလျှင်မူ စက်မှုနည်းပညာများ လွှမ်းမိုး နေသည့် အမေရိကန်တို့၏ အနာဂတ်စစ်ပွဲဆိုင်ရာ စစ်ရေး အတွေးအခေါ်များသည် ခေတ်ရှေ့ပြေးနေပေသေး၏။

စစ်ဘက် တော်လှန်ရေးသစ် တစ်ရပ်ကို ပင်လယ်ကွေ့ စစ်ပွဲက ပုံဖော်ပေးလိုက်သည်မှာ ငြင်းဖွယ်ရာ မရှိချေ။ ဤစစ်ဘက် တော်လှန်ရေးသစ်ဟူသော စကားရပ်သည် အမေရိကန်စစ်မှုထမ်း များသာမက ကမ္ဘာတစ်လွှားရှိ စစ်မှုထမ်းအားလုံးတို့အကြား ရေပန်းစားရာ ကိုးကွယ်ရာ စကားရပ် ဖြစ်လာခဲ့ပေသည်။

အမေရိကန်တို့အတွက်မှာမူ ဤစကားရပ်ကို ကိုးကွယ်မိသည့်အတွက် အများထက် ရှေ့ပြေးနိုင်ရန် အပြင်းအထန် ကြိုးပမ်းအားထုတ်ရသော ဒုက္ခကို ခံစားနေရပြီဖြစ်၏။ အမေရိကန်တို့အနေဖြင့် စစ်ဘက်ရေးရာပြုပြင်ပြောင်းလဲမှုများ၌ အများထက်ရှေ့ပြေးနေစေလိုပါက မိမိတို့၏ စစ်ဘက်ဆိုင်ရာတွေးခေါ်မှုနှင့်စစ်ဘက်နည်းပညာ ကွာဟမှုကို အမြန်ဆုံး ကျော်လွှားရပေမည်။ (ဤစာအုပ်ရေးသားချိန်၌) အမေရိကန်တို့အနေဖြင့် ပင်လယ်ကွေ့ဒေသမှ တပ်ရုပ်သိမ်းမှုပင် မပြီးသေးချေ။ သို့အတွက် ပြုပြင်ပြောင်းလဲဖွဲ့စည်းမှုများ ပြုလုပ်နေသည့်တိုင် ပင်လယ်ကွေ့စစ်ပွဲမှသင်ခန်းစာများကို ထိထိရောက်ရောက် မှန်မှန်ကန်ကန် မဖော်ထုတ်နိုင်၊ အသုံးမချနိုင်သေးသည့် အခြေအနေ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အမေရိကန်တို့သည် စက်မှုနည်းပညာတည်းဟူသော ညွှန်တွင်းမှ ရုန်းထွက်နိုင်မည့်သူများ မဟုတ်ကြချေ။ ၎င်းတို့အနေဖြင့် အမှန်တကယ် ရရှိလိုက်သော အကျိုးအမြတ် ၂ ခု ဖြစ်သည့် "ပူးတွဲစစ်ဆင်ရေးသဘောတရား" နှင့် "လားရာစုံစစ်ပွဲ" အယူအဆ ၂ ခုမှာ အမေရိကန်စစ်မှုထမ်းများကိုသာမက ကမ္ဘာတစ်လွှားရှိ စစ်မှုထမ်းများကိုပါ များစွာအကျိုးပြုခဲ့ပေသည်။

အမေရိကန်တို့၏ ပူးတွဲစစ်ဆင်မှု အယူအဆမှာ အမေရိကန် စစ်ဘက်ပူးတွဲညီလာခံမှ ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်သော "အမေရိကန်လက်နက်ကိုင် တပ်ဖွဲ့များ ပူးတွဲစစ်ဆင်ရေး" အမည်ရှိ စည်းမျဉ်းပြဋ္ဌာန်းချက်များမှ ပေါ်ထွက်လာခဲ့သည်။ ဤစာစောင်ပါ ဖော်ပြချက်များသည် ပင်လယ်ကွေ့စစ်ပွဲဆိုင်ရာ အယူအဆသစ်များ ပါဝင်နေရုံမက လူကြိုက်များသော "ပေါင်းစပ်



ညှိနှိုင်းစစ်" (Cooperative War) နှင့် "သဘောတူစာချုပ်စစ်" (Contractual War) အယူအဆများပါ ပါဝင်သည်။ မူလက လက်ခံကျင့်သုံးခဲ့သော "လေ–ကြည်း ပေါင်းစပ် တိုက်ပွဲ" သီအိုရီကိုပင် ကျော်လွှန်သွားခဲ့သည်။

ဤပြဋ္ဌာန်းချက်သည် ပူးတွဲစစ်ဆင်ရေး၏ အဓိကအခြေခံ အကြောင်းအချက် ၄ ခုကို ဖော်ထုတ်ခဲ့၏။ ၎င်းတို့မှာ ဗဟိုကွပ်ကဲချုပ်ကိုင်မှု၊ လက်နက်ကိုင်တပ်ဖွဲ့ချင်း သာတူညီမျှရှိမှု၊ အပြည့်အဝ ညီညွတ်မှုနှင့် တိုက်ပွဲဝင်ချိန်ထုရှိမှုတို့ဖြစ်သည်။ ဤစာစောင်တွင် ပေါင်းစပ်တိုက်ပွဲဝင်နေသော စစ်ပွဲဇုန်တစ်ခု၌ မည်သူ့တွင် ကွပ်ကဲမှုအာဏာရှိသည်ကို ပထမဆုံးအကြိမ်အဖြစ် ရှင်းလင်းစွာ ဖော်ပြသည်။ ၎င်း၏ အဆိုအရ မတူညီသော အခြေအနေများအရ မည်သည့်စစ်လက်ရုံးတပ်ဖွဲ့ကမဆို တိုက်ပွဲ၏ ဦးဆောင်ကဏ္ဍ၌ ပါဝင်နိုင်ကြောင်း ဖော်ပြထားသည်။ ၎င်းက "လေ–ကြည်း ပေါင်းစပ်တိုက်ပွဲ" အား မြေပြင်၊ ရေပြင်၊ ဝေဟင်နှင့် အာကာသ ပေါင်းစပ်တိုက်ပွဲအဖြစ် တိုးချဲ့လိုက်ပြီး စစ်မျက်နှာအားလုံးကို တစ်ပြိုင်တည်း တိုက်ခိုက်ရာ၌ ထုရှိရန် အလေးပေးဖော်ပြခဲ့သည်။ အမေရိကန် ပူးတွဲ စစ်ဦးစီးချုပ်များ အဖွဲ့၏ တိုက်တွန်းချက်အရ အမေရိကန် စစ်လက်ရုံးတပ်ဖွဲ့များသည် အပြန်အလှန် လိုက်လျောညီထွေ ရှိစေမည့် စစ်ဘက်စည်းမျဉ်း ဥပဒေများကို ရေးဆွဲခြင်း၊ ပေါင်းစပ်ခြင်းတို့ဖြင့် ဤနည်းဗျူဟာသစ်သည် အနာဂတ်စစ်ပွဲများ၏ ဦးတည်ရာဖြစ်ကြောင်း အောင်မြင်စွာ ဆောင်ရွက်ပြသခဲ့ကြသည်။ စစ်လက်ရုံးတပ်ဖွဲ့ အားလုံးကပင် တစ်ဦးချင်း၏ အခွင့်အာဏာနှင့် တာဝန်ကျရာ ကဏ္ဍ၊ စည်းမျဉ်း ဥပဒေများ၊ ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များအထိ အတိအကျ

ရှင်းလင်းဖော်ပြထားခြင်းအား ညီညွတ်စွာ အသိအမှတ် ပြုခဲ့ကြသည်။ ပူးတွဲစစ်ဦးစီးအဖွဲ့၏ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးရှာလစ်ကာတ်ရှ်ဗီလီက ဤစာစောင်၏ ရည်ရွယ်ချက်မှာ ဦးစီးချုပ်အချင်းချင်း အပေးအယူ လုပ်ထားခြင်း မဟုတ်ဟူသော အချက်ကို ထင်ထင်ရှားရှား ဖြစ်စေချင်သည်ဆို၏။ ၎င်းသည် "၂၀၁၀ ခုနှစ် ပူးတွဲတပ်ဖွဲ့ စီမံချက်" အမည်ရှိ စာစောင်ဖြင့် အမေရိကန် လက်နက်ကိုင်တပ်ဖွဲ့များအား ပူးတွဲစစ်ဆင်ရေးဆီသို့ ဦးတည်စေခြင်းဖြင့် အချင်းချင်းအကြား ထားရှိခဲ့သော စည်းခြားကန့်သတ်မှုများကို ခဲခဲယဉ်းယဉ်း ဖယ်ရှားခဲ့သည်။

အမေရိကန်နိုင်ငံကဲ့သို့ အသစ်အဆန်းမှန်သမျှကို မဆိုင်းမတွ လက်ခံလေ့ရှိသည့်နိုင်ငံမျိုး၌ပင် ဗိုလ်ချုပ်ကြီးရှာလစ်ကာတ်ရှ်ဗီလီ၏ အယူအဆကို ချက်ချင်း လက်မခံသူ များခဲ့၏။ ၎င်း အငြိမ်းစားယူမည့်ကာလ နီးလာလေ ၎င်း၏ ပူးတွဲစီမံချက် အယူအဆကို ဝေဖန်မှုများလာလေဖြစ်၏။ အမေရိကန် မရိန်းတပ်ဖွဲ့က ၎င်းတို့အနေဖြင့် ပူးတွဲစီမံချက် သဘောတရားကို မဆည်းကပ်နိုင်ကြောင်း၊ ပူးတွဲစီမံချက်ပါ စစ်လက်ရုံးများ တပြေးညီ တူညီရမည်ဟူသော အချက်သည် လက်ရုံးတပ်ဖွဲ့ တစ်ခုချင်း၏ ထူးခြားသော ဝိသေသများကို ပပျောက်စေနိုင်ကြောင်း၊ ယင်းသည် အမေရိကန်တို့၏ အခြေခံ စိတ်ဓာတ်ဖြစ်သော ကွဲပြားခြင်းနှင့် ပြိုင်ဆိုင်ခြင်းနှင့် ဆန့်ကျင်ကြောင်းဖြင့် စောဒကတက်ခဲ့သည်။ လေတပ်ကလည်း ၂၀၁၀ ခုနှစ် ပူးတွဲစစ်ဆင်ရေးစီမံချက်သည် လက်တွေ့ကျကျ တိုးတက်ရမည်ဖြစ်ပြီး လက်ရုံးတပ်ဖွဲ့အချင်းချင်း အပြန်အလှန် ပေါင်းစပ်မှုရှိနိုင်ရမည်ဟုလည်းကောင်း၊ ယနေ့ ကာလကဲ့သို့သော ပြောင်းလဲမှုနှင့်



စမ်းသပ်ခြင်းများပြားသည့် ကာလတွင် ကျွန်ုပ်တို့၏ တွေးခေါ်မှုများသည် တရားသေမဆန်ဘဲ ပြောင်းလွယ်ပြင်လွယ် ရှိရမည်ဟုလည်းကောင်း ဝေဖန်ခဲ့သည်။ ဤနေရာ၌ ရေတပ်နှင့် ကြည်းတပ်တို့၏ အယူအဆချင်း တူညီကာ ဗိုလ်ချုပ်ကြီးရှာလစ်ကာတ်ရှ်ဗီလီ၏ အစီအမံများကို တစ်ခဏချင်း ချေဖျက်နိုင်သည့်စွမ်းအားရှိပေသည်။ သို့အတွက် "လူပြောင်းလျှင် မူပါ ပြောင်းသည်" ဟူသော အချက်မှာ အရှေ့အုပ်စုတစ်ခုတည်းတွင်သာ ဖြစ်နေကျမဟုတ်ကြောင်း သိသာထင်ရှားပေသည်။

ဘေးလူတို့ အမြင်တွင်ကား တန်ဖိုးရှိလှသော အတွေးအခေါ်တစ်ခုသည် အုပ်စုတစ်ခု၏ အမြင်ကျဉ်းမြောင်းမှုကြောင့် စတေးခံလိုက်ရသည်ကိုသာ မြင်တွေ့ကြရမည်။ အကြောင်းမှာ ပူးတွဲစစ်ဆင်ရေးနှင့် ပူးတွဲစီမံရေးဟူသော အယူအဆများသည် ဗဟိုကွပ်ကဲမှု ဌာနချုပ်တစ်ခုတည်း၏ အောက်၌ လက်ရုံးတပ်ဖွဲ့များအား ပူးပေါင်းလိုက်စေခြင်းကြောင့် ထိရောက်သော စွမ်းပကားမျိုး ရရှိစေသည်သာမက လက်ရုံးတပ်ဖွဲ့တစ်ခုချင်းက မိမိတို့သဘောအလျောက် ဆောင်ရွက်ခြင်းဖြင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို ကာကွယ်တားဆီးရာ ရောက်ပေသည်။ တပ်ဖွဲ့များအား သေချာစွာ မပူးပေါင်းနိုင်သည့် ကာလအတွင်း ဤအယူအဆမှာ ဦးစားပေး ရှာဖွေစူးစမ်းရမည့် နည်းဗျူဟာတစ်ခုသာလျှင် ဖြစ်သည်။ ဤတန်ဖိုးရှိသော အတွေးအခေါ်၏ ကန့်သတ်ချက်မှာ လက်နက်ကိုင် တပ်ဖွဲ့များအတွက်သာဟု ကျဉ်းမြောင်းစွာ တွေးခေါ်ထားခြင်းဖြစ်ပြီး ပို၍ ကျယ်ပြန့်သော လူသားချင်း ပဋိပက္ခ ဖြစ်ပွားသည့် ကိစ္စရပ်များအထိ အမြင်အားဖြင့် မကျယ်ပြန့်ခြင်း ဖြစ်သည်။ နောက်တစ်ချက်မှာ ဤအတွေးအခေါ်သည် ၂၀ ရာစုနှစ်

ကုန်ဆုံးကာနီး ကာလ၌ ပေါ်ပေါက်လာခြင်းဖြစ်ရာ အမေရိကန်ကြည်းတပ်က ၁၉၉၃ ခုနှစ်တွင် ထုတ်ဝေသော "စစ်၏ပဓာနလိုအပ်ချက်များ" (The Essentials of War) အမည်ရှိ "လားရာအလုံးစုံစစ်ပွဲ" (Total Dimensional Warfare) စာစောင်သာ မရှိခဲ့ပါမူ အမေရိကန်စစ်ဘက်၏ အားနည်းသော အတွေးအခေါ်တစ်ရပ်ဟု ယူဆမိမည်မှာ အမှန်ပင်ဖြစ်၏။

ဤစာစောင်အား ၁၃ ကြိမ်မြောက် တည်းဖြတ် ပြင်ဆင်ပြီးသောအခါ အနာဂတ်ကာလ၌ အမေရိကန်တပ်များ ရင်ဆိုင်ရမည့် စိန်ခေါ်မှုများကို ဖော်ထုတ်နိုင်ခဲ့သည်။ ၎င်းစိန်ခေါ်မှုများအနက် "တိုက်ပွဲမဟုတ်သော စစ်ဆင်ရေးများ" (non-combat military operation) ဟူသော အယူအဆသစ် တစ်ရပ် ပါဝင်လာ၏။ ဤအယူအဆသစ်ကြောင့် လူအများက "နေရာအလုံးစုံစစ်" (Total Positional Warfare) ဟူသော အယူအဆကို စတင် သတိပြုမိလာပြီး အမေရိကန်စစ်ဘက်ကလည်း "လားရာအလုံးစုံစစ်ပွဲ" (Total Dimensional Warfare) ဟူသော အမည်ကို ပေးခဲ့သည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ အမေရိကန် ကြည်းတပ်၏ ၁၉၉၃ ခုနှစ်က ထုတ်ဝေခဲ့သော ဤ "စစ်၏ပဓာနလိုအပ်ချက်များ" (The Essentials of War) အမည်ရှိ စာစောင်ကို ပြောင်မြောက်စွာဖြင့် စိတ်ကူးဉာဏ်သစ်များ ဖြည့်စွက်ပြောင်းလဲရေးသားခဲ့သည်မှာ အများက ထိန်းထိန်းသိမ်းသိမ်း သမားဟု ယူဆထားကြသည့် ဗိုလ်ချုပ်ကြီးဖရန့်စ်ပင် ဖြစ်သည်။ အမေရိကန်ကြည်းတပ်၏ လေ့ကျင့်ရေးနှင့် စစ်သဘောတရားရေးကွပ်ကဲမှုဌာနချုပ် (Training and Doctrine Command-TRADOC) ၏ တပ်မှူးကြီးဖြစ်သူ ဗိုလ်ချုပ်ကြီးဖရန့်စ်သည် ပင်လယ်ကွေ့



စစ်ပြီးမှ ဤရာထူးကို လက်ခံခဲ့သည်ဖြစ်သော်လည်း အမေရိကန်တို့၏ စစ်ရေးဆိုင်ရာ တွေးခေါ်မြော်မြင်မှုကို သမိုင်းဝင်ပြောင်းလဲလိုက်သူ ဖြစ်ချေသည်။ ဗိုလ်ချုပ်ကြီးဖရန့်စ်နှင့် ၎င်း၏ ဦးစီးအရာရှိများသည် "စစ်နယ်ဝန်းတစ်ခုလုံးက အထောက်အကူပြုထားသော လေကြောင်း၊ ကြည်းကြောင်းနှင့် ပင်လယ်ပြင်စစ်ဆင်ရေးများအား ဗဟိုချုပ်ကိုင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း" ဟူသော ဝါကျနှင့် "မည်သည့်ရည်မှန်းချက်တာဝန်ကိုမဆို ပေးဆပ်မှုအနည်းဆုံးနည်းဖြင့် တိုက်ပွဲဝင်သည့်နည်းဖြင့်ဖြစ်စေ၊ တိုက်ပွဲမဝင်သည့်နည်းဖြင့်ဖြစ်စေ အသုံးတည့်ပြီးဖြစ်သည့်နည်းလမ်း အားလုံးစုစည်းခြင်း" ဟူသော ဝါကျနှစ်ကြောင်းတို့၏ သဟဇာတမဖြစ်မှုကို မဖြေရှင်းနိုင်ခဲ့ပေ။ သို့ရာတွင် နောက်ဆုံးပြင်ဆင် တည်းဖြတ်လိုက်သော စာစောင်က "လားရာအလုံးစုံစစ်" သည် အလုံးစုံထု၊ အလုံးစုံအမြင့်၊ အလုံးစုံမျက်နှာစာ၊ အလုံးစုံအချိန်ကာလ၊ အလုံးစုံကြိမ်နှုန်းနှင့် မျိုးစုံသောနည်းလမ်းများဟူသည့် ဝိသေသလက္ခဏာများ ပိုင်ဆိုင်ကြောင်း ညွှန်ပြနိုင်ခဲ့သည်။ ဤသည်ပင်လျှင် စစ်သမိုင်းတွင် မကြုံဘူးခဲ့သော တော်လှန်သည့် စစ်ပွဲပုံသဏ္ဌာန် ဖြစ်ချေ၏။

သို့ရာတွင် ဆိုးရွားသည်မှာ အမေရိကန်များ၊ အထူးသဖြင့် အမေရိကန်ကြည်းတပ်မတော်သည် ဤတော်လှန်မှု အယူအဆကို စောစီးစွာ ရပ်ဆိုင်းပစ်လိုက်ခြင်းဖြစ်၏။ တစ်ချိန်က ဗိုလ်ချုပ်ကြီး ဖရန့်စ်၏ လက်အောက်တွင် တပ်ရင်းကြီးမှူးတာဝန်ထမ်းဆောင်ခဲ့ပြီး ကြည်းတပ်မတော် လေ့ကျင့်ရေးနှင့် စစ်သဘောတရားရေးကွပ်ကဲမှုဌာနချုပ်၌ ပူးပေါင်းစစ်လက်ရုံးဌာနမှူး ဖြစ်လာခဲ့သူ ဒုတိယဗိုလ်ချုပ်ကြီး ဟိုလ်ဒါသည် ယင်းအယူအဆကို

ဆန့်ကျင်သူဖြစ်၏။ ၎င်းက တိုက်ပွဲမဟုတ်သော စစ်ဆင်ရေးများ၌ သီးခြားအခြေခံသဘောတရားများ ရှိနေသည်ဆိုသော အချက်ကို တပ်မှူးအတော်များများက လက်မခံကြဘဲ တိုက်ပွဲမဟုတ်သော စစ်ဆင်ရေးနှင့် သာမန်စစ်ဆင်ရေးများ ခွဲခြားခြင်း အယူအဆကို ဆန့်ကျင်ကြကြောင်းဖော်ပြခဲ့၏။ ဗိုလ်ချုပ်ကြီးဟိုလ်ဒါ ကွယ်လွန်သွားပြီးသောအခါ အမေရိကန်ကြည်းတပ်တွင် တိုက်ပွဲမဟုတ်သော စစ်ဆင်ရေးနှင့် သာမန်စစ်ဆင်ရေးများ ခွဲခြားမှုကို ဆန့်ကျင်သူများ ပိုမိုအားကောင်းလာ၏။ ၎င်းတို့က တပ်မတော်၏ အခြေခံ စည်းမျဉ်းဥပဒေများ၌ "တိုက်ပွဲမဟုတ်သော စစ်ဆင်ရေးများ" ဟူသော အချက်ကို ထည့်သွင်းလိုက်ပါက လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် စစ်ရေးစစ်ရာများအပေါ် အာရုံစူးစိုက်မှု လျော့နည်းသွားစေပြီး လက်နက်ကိုင်တပ်ဖွဲ့များ၏ စစ်ဆင်မှုများကို ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေလိမ့်မည်ဟု ယုံကြည်ကြသည်။ ဗိုလ်ချုပ်ကြီးဖရန့်စ်၏ တော်လှန်သော အယူအဆသစ်များမှာ ဤလှိုင်းတံပိုးများအောက်ဝယ် နစ်မြုပ်သွားရတော့၏။

အမေရိကန်ကြည်းတပ် လေ့ကျင့်ရေးနှင့် စစ်သဘောတရားရေးရာ ကွပ်ကဲမှုဌာနချုပ်၏ တပ်မှူးသစ်ဖြစ်သူ ဗိုလ်ချုပ်ကြီးဟတ်ဇော့ဂ်၏ လက်ထက်တွင် ဗိုလ်ချုပ်ကြီးဟိုလ်ဒါနှင့် ၁၉၉၈ ခုနှစ်ထုတ် "စစ်၏ ပဓာနလိုအပ်ချက်များ" (The Essentials of War) စာစောင်အား ပြင်ဆင်တည်းဖြတ်သူများက ယင်းစာစောင်၌ "ကြည်းတပ်မတော်၏ စစ်ဆင်ရေးအမျိုးမျိုးကို ခြုံငုံမိသည့် တစ်ခုတည်းသော အခြေခံမှု" သည် အခြေခံအကျဆုံး သော့ချက်ဖြစ်ကြောင်း ပြင်ဆင်ထည့်သွင်း ဖော်ပြနိုင်ခဲ့၏။ ၎င်းတို့၏ ပြင်ဆင်ချက်အရ ပေါ်ထွက်လာသောမူမှာ



"သာမန်စစ်ဆင်ရေးများ"နှင့် "တိုက်ပွဲမဟုတ်သော စစ်ဆင်ရေးများ" ဟူ၍ ခွဲခြားခြင်း မပြုတော့ဘဲ စစ်ဆင်ရေးများကို "တိုက်စစ်"၊ "ခံစစ်"၊ "တည်ငြိမ်မှုစစ်ဆင်ရေး"နှင့် "အထောက်အကူပေး စစ်ဆင်ရေး" ဟူ၍ ၄ မျိုး ခွဲခြားလိုက်ခြင်းဖြစ်သည်။ ၎င်းအပြင် မူလစာစောင်ပါ တိုက်ပွဲမဟုတ်သော စစ်ဆင်ရေးနှင့် သာမန်စစ်ဆင်ရေးများ ခွဲခြားမှုအစား "တာဝန်" များအဖြစ် ပြန်လည်ခွဲခြားခဲ့သည်။ သို့ဖြင့် တိုက်ပွဲမဟုတ်သော စစ်ဆင်ရေးများ ကယ်ဆယ်ရေးနှင့် အကာအကွယ်ပေးရေး တာဝန်များအဖြစ် ပြန်လည်သတ်မှတ်ခဲ့သည်။ အလားတူ သာမန်စစ်ဆင်ရေးများနှင့် ပတ်သက်၍လည်း "လားရာအလုံးစုံစစ်" ဟူသော အယူအဆကို ပစ်ပယ်လိုက်ပြီး တိုက်ပွဲအခြေခံ သဘောတရားသစ်များ ပြန်လည်သတ်မှတ်ပေးခဲ့သည်။

သာမန်အားဖြင့်ကြည့်လျှင်မူ အစွန်းနှစ်ဖက်ကို ညှိပေးလိုက်သော လုပ်ရပ်ဟု ထင်ရန်ရှိပေသည်။ လက်တွေ့တွင်မူ အမေရိကန်တို့၏ ချင့်ချိန်တတ်မှု ညံ့ဖျင်းခြင်းပင် ဖြစ်သည်။ ယင်းလုပ်ဆောင်ချက်ကြောင့် "တိုက်ပွဲမဟုတ်သော စစ်ဆင်ရေး" အယူအဆ ပြန်လည်တိမ်မြုပ်သွားပြန်၏။ အမေရိကန်တို့သည် ရှေ့တစ်လှမ်းတိုးသလိုလိုနှင့် နောက် ၂ လှမ်း ပြန်ဆုတ်သွားမိခြင်း ဖြစ်၏။

ယင်းသို့ဆိုခြင်းကြောင့် "လားရာအလုံးစုံစစ်" ဟူသော အယူအဆ မှားယွင်းသည်ဟု မဆိုနိုင်ချေ။ အမှန်အားဖြင့် ဤအယူအဆသည် ယခင်ယခင် ပေါ်ပေါက်ခဲ့သော စစ်ရေးဆိုင်ရာ အတွေးအခေါ် အားလုံးထက် ပိုမိုကျယ်ပြန့်ပေ၏။ သို့ရာတွင် "စစ်" ဟူသော သတ်မှတ်ချက်မှ မလွတ်ကင်းသေးပေ။

သာမကအားဖြင့် “တိုက်ပွဲ မဟုတ်သော စစ်ဆင်ရေးများ” အယူအဆသည် သာမန်စစ်ဆင်ရေးများထက် ပိုမိုကျယ်ပြန့်ပေ၏။ ဤကဏ္ဍသည်သာ အနာဂတ်တွင် နိုင်ငံရေးသမားများနှင့် စစ်သားများ ကျင်လည်ကျက်စားကြရတော့မည့် ကဏ္ဍဖြစ်၏။ သို့ရာတွင် “လားရာအလုံးစုံ” ဟူသော အချက်မှာမူ ရှုပ်ထွေးဆဲဖြစ်၏။ လားရာ အလုံးစုံဆိုရာ၌ လားရာ တစ်ခုချင်းစီ ရှိနေသည်။ သို့တည်းမဟုတ် တစ်ခုနှင့် တစ်ခု အပြန်အလှန် ဆက်နွှယ်မှု ရှိနေသည်ဆိုခြင်းကို မရှင်းလင်းနိုင်ခဲ့ချေ။ ကေန်စင်စစ်အားဖြင့်မူ ဖော်ပြပါ “လားရာအလုံးစုံစစ်” မျိုးကို မည်သူမျှ ဆင်နွှဲနိုင်စွမ်း ရှိမည်မဟုတ်။ အလျား၊ အနံ၊ အမြင့် သုံးဖက်စလုံး ၃၆၀ ဒီဂရီ သာမက အချိန်တည်းဟူသော လားရာကိုပါ အလုံးစုံခြုံငုံမိသည့် စစ်ပွဲမျိုး မည်သူမျှ စွမ်းဆောင်နိုင်မည် မဟုတ်ချေ။ မည်သည့် စစ်မဆို ယင်းလားရာများ၏ ဘောင်အတွင်းမှ အတိုင်းအတာ တစ်ခုသာလျှင် ရှိနိုင်ပေမည်။ သေချာသည်မှာ အနာဂတ်တွင် စစ်ဆင်ရေးများသည် စစ်ပွဲသက်သက်သာ မဟုတ်တော့ချေ။ အခြားသော လားရာများ ပါဝင်မည်ဖြစ်၏။ ဗိုလ်ချုပ်ကြီးဖရန့်စ် အဆိုပြုခဲ့သော “တိုက်ပွဲမဟုတ်သည့် စစ်ဆင်ရေးများ” သည်ပင်လျှင် လားရာ အလုံးစုံ မပါဝင်သေးချေ။ ၎င်းအား သာမန်စစ်ဆင်ရေးများနှင့် ပေါင်းစပ်မှသာလျှင် အဓိပ္ပာယ်ရှိလာမည်ဖြစ်၏။ စာရှုသူများ မှတ်သားသင့်သော အချက်မှာ ဤအယူအဆသည် ပင်လယ်ကွေ့စစ်ပွဲအပြီး အမေရိကန်တို့၏ စစ်သဘောတရားရေးရာဆိုင်ရာ သုတေသနလုပ်ငန်းမှ ထွက်ပေါ်လာခြင်း မဟုတ် ဟူသော အချက်ဖြစ်သည်။ ဤ “တိုက်ပွဲမဟုတ်သော စစ်ဆင်ရေးများ” ဟူသော အယူအဆနှင့် “လားရာအလုံးစုံစစ်” ဟူသော



အတွေးအခေါ်များသည် စစ်မှုနည်းပညာတော်လှန်ရေးနှင့် ဆက်စပ်ပေါ်ပေါက်လာသည့် စစ်ဘက်တွေးခေါ် မြော်မြင်မှုဆိုင်ရာ တော်လှန်ရေးတစ်ခုဟု ဆိုရလုနီးပါး ဖြစ်ပေသည်။ သို့ရာတွင် ဤအချက်များသည် စစ်ဘက်ရေးရာ တော်လှန်မှု၏ အထွတ်အထိပ်သို့ မရောက်သေးဘဲ လမ်းခုလတ်တွင်သာ ရှိသေးသည် ဟူသော အချက်ဖြစ်၏။ ဤနေရာ၌ အမေရိကန်တို့သည် မိမိကိုယ်ကို ယုံကြည်မှုလွန်ကဲပြီး လိပ်နှင့် အပြေးပြိုင်ပွဲ၌ အိပ်နေသော ယုန်နှင့်တူသည်ဆို၏။ သို့ရာတွင် အမေရိကန်တို့သည် ထို “လိပ်” ကို လျှော့တွက်ရဲမည် မဟုတ်ချေ။

နိုဂုံးအားဖြင့်ဆိုသော် အမေရိကန်တွင်သာမက အခြားနိုင်ငံများ၌လည်း မည်သည့်အတွက် ဤသို့သော တော်လှန်မှုများ မဖြစ်ပေါ်ရသနည်းဟု မေးဖွယ်ရာ ရှိပေသည်။

## အပိုင်း ( ၂ )

## စစ်ဆင်ရေးနည်းသစ်များ ဆွေးနွေးခြင်း

**"ရေတွင် တစ်သမတ်တည်းပုံစံ မရှိသကဲ့သို့ပင် စစ်သားဟူသည်အတွက်လည်း အမြဲတမ်းနေရာဟူ၍ မရှိ။ ရန်သူ့အခြေအနေကို လိုက်၍ ပြောင်းလဲနိုင်မှ အောင်ပွဲရမည်။"**

**Sun Zi**

**"စစ်၏ ဦးတည်ရာဆိုသည်မှာ ဆရာဝန်က လူနာကို စမ်းသပ်သကဲ့သို့သော အနုပညာနှင့် တူသည်။"**

**Fu Le**

"စစ်ရေးဆိုင်ရာ တော်လှန်မှု" ဟူသော စကားရပ်သည် အလွန်ရေပန်းစားလာသော စကားရပ်တစ်ခုဖြစ်၏။ အမေရိကန်တို့၏ ဖက်ရှင်တီထွင်လိုသော စိတ်ဓာတ်နှင့် ပိုမိုကိုက်ညီသည့် စကားရပ်လည်း ဖြစ်သည်။ ကမ္ဘာပေါ်တွင် အရာရာ၌ ရှေ့တန်း



ရောက်နေသော အမေရိကန်တို့သည် ပစ္စည်းများကို လှလှပပ ထုပ်ပိုး၍ ကမ္ဘာအနှံ့ တင်ပို့ရောင်းချသည့်အတတ်၌ ကျွမ်းကျင်ကြ၏။ အမေရိကန် ယဉ်ကျေးမှု၏ ထိုးဖောက်မှုကို နိုင်ငံအတော်များများက ဆန့်ကျင်ကြသော်လည်း "စစ်ရေးဆိုင်ရာတော်လှန်မှု" ကိစ္စတွင်မူ အများစုက လက်ခံအတုခိုးကြ၏။ သို့အတွက် တစ်ကမ္ဘာလုံး အမေရိကန်လုပ်သလို လိုက်လုပ်လာကြသည်ဆိုနိုင်၏။ အမေရိကန် ကာကွယ်ရေးဝန်ကြီးဟောင်းဖြစ်သူ ပယ်ရီကို အလည်အပတ် ရောက်ရှိနေသော တရုတ်ပညာရှင်တစ်ဦးက "အမေရိကန်ပြည်ထောင်စု၏ စစ်ရေးဆိုင်ရာတော်လှန်မှုတွင် အရေးပါသော အောင်မြင်မှုများနှင့် အတွေးအခေါ်ပိုင်းဆိုင်ရာ သိသာထင်ရှားသော တိုးတက်ပြောင်းလဲမှုများမှာ မည်သည်တို့ဖြစ်ပါသနည်း" ဟု မေးမြန်းခဲ့ရာ ၎င်းက "စတဲ့သ်နည်းပညာနှင့် သတင်းနည်းပညာများ ဖြစ်ပါသည်"ဟု မဆိုင်းမတွ ပြန်လည်ဖြေကြားခဲ့သည်။ ပယ်ရီ၏အဖြေမှာ အမေရိကန်စစ်ဘက် အသိုင်းအဝန်း၏ ယူဆချက်ကို ရောင်ပြန်ဟပ်လျက် ရှိ၏။ ယင်းမှာကား "စစ်ရေးဆိုင်ရာ တော်လှန်မှုဟူသည် စစ်သီပွဲနှင့် နည်းပညာဆိုင်ရာ တော်လှန်သော ပြောင်းလဲမှုများပင် ဖြစ်သည်"ဟူသော အယူအဆတည်း။ သို့အတွက် ပယ်ရီကဲ့သို့သော ပုဂ္ဂိုလ်များသည် "တောင်ရှေ့ရောက်နေသော စစ်သားများက တောင်၏ နောက်တွင် ဘာရှိသလဲဟု သိလိုသော" ကိစ္စမျိုးကို စက်မှုနည်းပညာဖြင့် ဖြေရှင်းလိုသူများ ဖြစ်သည်။

ပြဿနာများ၊ အခက်အခဲများကို စက်မှုနည်းပညာဖြင့် လေ့လာခြင်း၊ စဉ်းစားခြင်းနှင့် ဖြေရှင်းခြင်းတို့မှာ အမေရိကန်တို့၏ အကျင့်ပင်ဖြစ်သည်။ သို့အတွက် ယင်းအတွေးအခေါ်၏

အားသာချက်၊ အားနည်းချက်တို့သည် အမေရိကန်လူမျိုးတို့၏ အားသာချက်၊ အားနည်းချက်များနှင့် ထပ်တူညီမျှပင်ဖြစ်သည်။ ယင်းကဲ့သို့ပင် စစ်မှုရေးရာတော်လှန်မှုအား စစ်သိပ္ပံနှင့် နည်းပညာဆိုင်ရာ တော်လှန်မှုကို ညီမျှခြင်းချသည့် အယူအဆကို ပင်လယ်ကွေ့စစ်ပွဲတိုက်ခိုက်ခဲ့သည့် ပုံစံနှင့် ယင်းစစ်ပွဲက တစ်ကမ္ဘာလုံးရှိ တပ်မတော်များအပေါ် လွှမ်းမိုးမှုရှိခဲ့ပုံကို ကြည့်ခြင်းဖြင့် သိနိုင်ပေသည်။ ဤအခြေအနေ၏ မကောင်းသော အကျိုးသက်ရောက်မှုများကို မြင်တတ်သူဟူ၍ လွန်စွာနည်းပါးသည်။ ထို့ကြောင့် အမေရိကန်တို့၏ စက်မှုနည်းပညာအပေါ် နားလည်မှု လွဲမှားခြင်းသည် တစ်ကမ္ဘာလုံး နားလည်မှု လွဲမှားခြင်းဖြစ်လာတော့၏။ "စစ်အင်အားကို အဆင့်မြင့်နည်းပညာဖြင့် တည်ဆောက်အံ့" ဟူသော ကြွေးကြော်သံသည် တိုင်ဖုန်းမုန်တိုင်းကြီးတစ်ခုသဖွယ် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့ရိုက်ခတ်ခဲ့သည်မှာ တရုတ်နိုင်ငံပင် ပါဝင်၏။

စစ်သိပ္ပံနှင့် နည်းပညာဆိုင်ရာ တော်လှန်ပြောင်းလဲမှုသည် စစ်ရေးဆိုင်ရာ တော်လှန်ပြောင်းလဲမှုတွင် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည်ဟူသော အချက်ကို ငြင်းဖွယ်ရာ မရှိပါ။ စစ်မှုရေးရာတော်လှန်ပြောင်းလဲမှုကြီး တစ်ရပ်လုံးမဟုတ်ဘဲ ပြောင်းလဲမှုအတွက် ပထမခြေလှမ်းသာလျှင် ဖြစ်ပေသည်။ စစ်ရေးဆိုင်ရာတော်လှန်ပြောင်းလဲမှု၏ အဆုံးသတ်မှာ တော်လှန်သော စစ်ရေးဆိုင်ရာ အတွေးအခေါ်သစ် ပေါ်ပေါက်လာခြင်းသာ ဖြစ်၏။ ဤအတွေးအခေါ် ပြောင်းလဲမှုသည် နည်းပညာပြောင်းလဲရုံအဆင့်တွင် ရပ်မနေသင့်ပါ။ စစ်ရေးဆိုင်ရာ အတွေးအခေါ်ပြောင်းလဲမှုဟူသည် စစ်တိုက်သည့် ပုံစံနှင့် နည်းလမ်းများပြောင်းလဲမှုပင်ဖြစ်၏။ ဤသို့ ပြောင်းလဲမှုအားလုံး အပြီးသတ်



သွားသည့်အခါမှသာ စစ်ရေးဆိုင်ရာ တော်လှန်ပြောင်းလဲမှု ရင့်ကျက်လာကြောင်း အသိအမှတ်ပြုနိုင်မည်ဖြစ်သည်။

စစ်သိပ္ပံနှင့် စစ်မှုဆိုင်ရာနည်းပညာ ပြောင်းလဲမှုကို စစ်မှုရေးရာ တော်လှန်ပြောင်းလဲမှု၏ ပထမအဆင့်ဟု ဆိုပါက ယနေ့ကာလသည် အရေးပါသော ဒုတိယအဆင့်သို့ ရောက်ရှိနေပြီဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စစ်မှုဆိုင်ရာ နည်းပညာပြောင်းလဲမှုကာလ ကုန်ဆုံးခြင်းသည် ခေတ်သစ်တစ်ခု၏ အစဟု ဆိုနိုင်ခြင်းကြောင့် ဖြစ်သည်။ ဤအဆင့်တွင်ပင် အသစ်အသစ်သော ပြဿနာပေါင်း မြောက်မြားစွာ ထပ်မံပေါ်ပေါက်လာတတ်၏။ အဓိကပြဿနာမှာ စစ်ဘက်ဆိုင်ရာ တွေးခေါ်မှုအား အကောင်အထည် ဖော်ရမည့် ပြဿနာဖြစ်၏။ စစ်ဘက်ဆိုင်ရာနည်းပညာ တော်လှန်ပြောင်းလဲမှုကြောင့် အသုံးချနိုင်သည့် နည်းလမ်းပေါင်း မြောက်မြားစွာ ပေါ်လာသည် မှန်သော်လည်း ယင်းနည်းလမ်းကိုပင် တန်ပြန်နိုင်သည့် အခြားနည်းလမ်းများ တစ်ပြိုင်တည်း ပေါ်ပေါက်လာသည်။ သို့အတွက် လူတို့အနေဖြင့် နေရာတကာ၌ မိမိတို့အား ဒုက္ခပေးနိုင်မည့်နည်းလမ်းများ ရှိသည်ဟူသော သံသယစိတ်များ ဖြစ်ပေါ်လာသည်။ မည်သည့်လုပ်ရပ်၊ မည်သည့်နည်းလမ်း၊ မည်သည့်ပုဂ္ဂိုလ်မဆို အမျိုးသားလုံခြုံရေးကို အန္တရာယ်ပြုနိုင်သည့် အခြေအနေဖြစ်လာရုံမက မည်သည့်ကဏ္ဍ၊ မည်သည့်နေရာမှ အန္တရာယ်ပေါ်လာမည်ကို ရင်တမမနှင့် စောင့်မျှော်နေရသည့် အခြေအနေ ဖြစ်လာသည်။

နှစ်ပေါင်းများစွာကပင် စစ်ဘက်ဆိုင်ရာများနှင့် နိုင်ငံရေးသမားများက အရိုးစွဲလာကြသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်နေသည်မှာ ရန်ဘက်နိုင်ငံ သို့မဟုတ်

ရန်ဘက်ဖြစ်နိုင်ဖွယ် ရှိသော နိုင်ငံ၏ စစ်အင်အားဟူသော အယူအဆ ဖြစ်၏၊ သို့ရာတွင် ၂၀ ရာစုနှစ် ကုန်ဆုံးကာနီး ၁၀ နှစ်တာ ကာလအတွင်း နိုင်ငံတကာ အဖြစ်အပျက်များအရ လက်တွေ့မှာ ဤယူဆချက်နှင့် ပြောင်းပြန်ဖြစ်နေကြောင်း၊ စစ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုများသည် နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားလုံခြုံရေးကို အမြဲတမ်းခြိမ်းခြောက်နေခြင်း မရှိကြောင်း (အခြားသော ခြိမ်းခြောက်မှုများ ရှိနေကြောင်း) တွေ့လာကြရသည်။

ရှေးကာလကတည်းက တည်ရှိခဲ့သော ပဋိပက္ခများဖြစ်သည့် နယ်မြေအငြင်းပွားမှု၊ လူမျိုးရေးပြဿနာ၊ ဘာသာရေးပြဿနာ၊ အင်အားပြိုင်ဆိုင်မှု စသည့်အချက်များသည် ယနေ့ပြဿနာများ၏ အဓိက အခြေခံအကြောင်းများအဖြစ် ဆက်လက်ရှိနေသေးသည်။ ဤအစဉ်အလာ ပြဿနာ အခြေခံများသည် သယံဇာတလုပ္ပွဲ၊ ဈေးကွက်လုပွဲ၊ ငွေအရင်းအနှီးများ ထိန်းချုပ်မှု၊ ကုန်သွယ်ရေး တားဆီးပိတ်ဆို့မှုနှင့်တကွ အခြားသော စီးပွားရေးကိစ္စများ ပေါင်းစပ်လိုက်သောအခါ ဒုတိယနေရာသို့ ရောက်သွားခဲ့၏။ ၎င်းတို့သည် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများ၏ နိုင်ငံရေးလုံခြုံမှု၊ စီးပွားရေးလုံခြုံမှုနှင့် စစ်ရေးလုံခြုံမှုတို့ကို ပုံစံသစ်ဖြင့် ခြိမ်းခြောက်မှုများ ဖြစ်လာကြ၏။ ဤပုံစံသစ်များသည် စစ်နှင့် လုံး၀မပတ်သက်၊ စစ်ရောင်စစ်သွေး လုံး၀ မပါသော ခြိမ်းခြောက်မှုများ ဖြစ်၍ အချို့အကဲခတ်သမားများက "ဒုတိယတန်းစားစစ်ပွဲ" (Secondary Wars or Analogous Wars) ဟု အမည်မှည့်ခဲ့ကြ၏။

သို့ရာတွင် ၎င်းတို့ကြောင့် ဖြစ်ပေါ်ရသော ထိခိုက်ပျက်စီးမှု၏ အတိုင်းအတာများသည် သာမန်စစ်ပွဲများထက် မနိမ့်ချေ။



(ငွေဈေးကစားသူ) ဂျော့ချ်ဆောရော့စ်၊ (အကြမ်းဖက်အဖွဲ့ခေါင်းဆောင်) ဘင်လာဒင်၊ (ကိုလံဘီယာ မူးယစ်ဂိုဏ်းခေါင်းဆောင်) အက်စ်ကိုဘာ၊ (ဂျပန်ပြည်မှ အုံရှင်အစွန်းရောက်ခေါင်းဆောင်) မတ်ဆူမိုတိုနှင့် (ကွန်ပျူတာဟက်ကာ) ကယ်လ်ဗင်မစ်နစ်တို့၏ အမည်များကို ကြားလိုက်ရုံဖြင့် ၎င်းတို့၏ ဖျက်ဆီးနိုင်စွမ်းကို သိနိုင်ပေသည်။ ယနေ့ကမ္ဘာကို ကိုင်လှုပ်နေသော ပုဂ္ဂိုလ်များမှာ အချုပ်အခြာ အာဏာပိုင်နိုင်ငံများ မဟုတ်သလို စစ်မှုထမ်းများလည်း မဟုတ်ကြချေ။ အထက်ဖော်ပြပါ ပုဂ္ဂိုလ်များနှင့် ၎င်းတို့၏ အဖွဲ့အစည်းများသာ ဖြစ်ကြသည်။ ၎င်းတို့ကြောင့် စစ်ပွဲများ ဖြစ်ပွားခဲ့သလို စစ်မဟုတ်သော စစ်ပွဲများလည်း ဖြစ်ပွားခဲ့သည်။ ၎င်းတို့ အသုံးချသော လက်နက်များမှာ လေယာဉ်၊ အမြောက်၊ အဆိပ်ငွေ့၊ ဗုံး၊ ဓာတုဇီဝလက်နက်များ၊ ကွန်ပျူတာဗိုင်းရပ်စ်များနှင့် ဘဏ္ဍာရေးဆိုင်ရာ ကစားကွက်များပင်ဖြစ်၏။ ဤတိုက်ခိုက်မှု အများစုမှာ စစ်ရေးတိုက်ခိုက်မှုများ မဟုတ်သော်လည်း စစ်တိုက်သကဲ့သို့ပင် အကျိုးအမြတ် ရရှိစေနိုင်သည်။ အချို့နေရာများ၌ စစ်တိုက်သည်ထက်ပို၍ ကြီးမားသော ဖျက်ဆီးအားရှိကာ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ပိုမိုခြိမ်းခြောက်နိုင်စွမ်း ရှိပေသည်။

ဤအခြေအနေအတွင်းတွင် ကျွန်ုပ်တို့အနေဖြင့် အနည်းငယ်လေးမျှသာ ပို၍ အမြင်ကျယ်အောင် ကြည့်တတ်ရန် လို၏။ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားလုံခြုံရေးသည် ယင်းနိုင်ငံတည်ရှိရာဒေသတွင်းနှင့်သာ သက်ဆိုင်သည်ဟူသော အယူအဆမှာ ခေတ်ကုန်သွားပြီဖြစ်၏။ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ၎င်း၏အချုပ်အခြာပိုင်မှုအား စစ်ရေးအရ ကျူးကျော်မှုသက်သက်ဖြင့်

မသတ်မှတ်နိုင်တော့ပေ။ အရှေ့တောင်အာရှ ငွေကြေးကာလအတွင်း ထိုင်းနှင့် အင်ဒိုနီးရှားတို့၏ ဖြစ်စဉ်ကို ကြည့်လျှင် သိနိုင်ပေသည်။ ယင်းတို့၏ အခြေအနေမှာ လပေါင်းများစွာ ငွေတန်ဖိုးကျဆင်းပြီး စီးပွားရေး ဗုန်းဗုန်းလဲလုမတတ် ဖြစ်ခဲ့ရာ စစ်ရေး၊ စီးပွားရေး နှစ်ဖက်ညှပ် အတိုက်ခံရသည့် အီရတ်အခြေအနေနှင့် ထူးမခြားနားပင် ဖြစ်သည်။ စစ်အေးတိုက်ပွဲကာလအပြီး တစ်ခုတည်းသော မဟာအင်အားကြီးနိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေသော အမေရိကန်ပြည်ထောင်စုသည်ပင် ကမ္ဘာပေါ်၌ ရန်သူအများဆုံးနှင့် ခြိမ်းခြောက်ခံရမှု အများဆုံးနိုင်ငံဘ၀ ရောက်ရှိနေသည်ကို တွေ့မြင်နိုင်၏။ အမေရိကန်နိုင်ငံ၏ အမျိုးသားကာကွယ်ရေး အစီရင်ခံစာ၌ အမေရိကန်ပြည်ထောင်စုအား ခြိမ်းခြောက်နေသူများမှာ ဒေသခံနိုင်ငံ ၁၀ နိုင်ငံအပြင်၊ အကြမ်းဖက်မှု၊ လျှို့ဝှက်ဖျက်ဆီးမှုနှင့် အမေရိကန် ဖက်ဒရယ်စနစ်ကို ဆန့်ကျင်သော မင်းမဲ့စရိုက်များဖြစ်သည်ဟု ဖော်ပြခဲ့သည်။ ၎င်းအပြင် တရားမ၀င် မူးယစ်ဆေး၀ါးကုန်ကူးမှုနှင့် နိုင်ငံတကာ ရာဇ၀တ် အဖွဲ့အစည်းများသည်လည်း အမေရိကန်ပြည်ထောင်စုကို ခြိမ်းခြောက်နေသောအချက်များ ဖြစ်သည်ဟု ဆက်လက် ဖော်ပြခဲ့၏။

သို့အတွက် အမေရိကန်ပြည်ထောင်စု၏ အမျိုးသားလုံခြုံရေးအား ခြိမ်းခြောက်နိုင်သော အချက်များကို ရှာဖွေဖော်ထုတ်လာကြရာ နေရာကဏ္ဍပေါင်းစုံ၌ပင် ဖြစ်သည်။ ကေန်စင်စစ်အားဖြင့် အမေရိကန်သာမက နိုင်ငံတိုင်းတွင် မိမိတို့၏ အချုပ်အခြာအာဏာကို ခေတ်သစ်အချုပ်အခြာ အာဏာပုံစံဖြင့် နယ်မြေကဏ္ဍအသီးသီးသို့ မသိမသာ ချဲ့ထွင်ခဲ့ရာ နိုင်ငံရေး၊ စီးပွားရေး၊



ဒြပ်ပစ္စည်းဆိုင်ရာ သယံဇာတများ၊ လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ကွန်ပျူတာကွန်ရက်၊ ပထဝီ၊ ပတ်၀န်းကျင်နှင့် အာကာသတို့ပင် ပါ၀င်ကုန်သည်။ ဤ "တိုးချဲ့ကဏ္ဍ" အယူအဆမှာ ကမ္ဘာတစ်ဝန်းသို့ ပျံ့နှံ့လျက် ရှိသည်။

အမျိုးသား လုံခြုံရေးအတွက် နိုင်ငံတော်ကာကွယ်ရေး သက်သက်ကို သတ်မှတ်ထားခြင်းမှာမူ ခေတ်ကုန်သွားပြီဖြစ်၏။ လုံလောက်မှု မရှိတော့ဟု ဆိုနိုင်၏။ နိုင်ငံရေးလုံခြုံမှု၊ စီးပွားရေးလုံခြုံမှု၊ ယဉ်ကျေးမှုလုံခြုံမှုနှင့် သတင်းဆိုင်ရာလုံခြုံမှုတို့သည် အမျိုးသားလုံခြုံရေး ပြဿနာများ ဖြစ်လာသည်။ ဤသည်ကို ကျယ်ပြန့်သော လုံခြုံရေးအမြင်ဟု ဆိုပေသည်။

ဤသို့ ကျယ်ပြန့်သော အမြင်ဖြင့် လုံခြုံရေးပြဿနာကို ကြည့်ရှုသောအခါ ခြိမ်းခြောက်မှုနည်းလမ်းမျိုးစုံနှင့် ပစ်မှတ်ဖြစ်နိုင်သော ကိစ္စရပ်မျိုးစုံတို့ကို မြင်တွေ့လာရသည်။ သို့အတွက် အမျိုးသားလုံခြုံရေး ပစ်မှတ်များ ဖြစ်လာနိုင်သည့် ကိစ္စရပ်များကို ဖော်ထုတ်နိုင်ရန်အတွက် အမျိုးသားရေး မဟာဗျူဟာတစ်ရပ် လိုအပ်လာသည်။ ၎င်းက လိုအပ်သော ပြင်ဆင်ပြောင်းလဲမှုများကို ချိန်ညှိပေးရမည်ဖြစ်သည်။ သာမန်စစ်မဟာဗျူဟာထက် လည်းကောင်း၊ နိုင်ငံရေးမဟာဗျူဟာထက်လည်းကောင်း ကြီးမားကျယ်ပြန့်သည့် "အမျိုးသားကာကွယ်ရေး အဂ္ဂမဟာဗျူဟာ" တစ်ရပ် လိုအပ်လာပေသည်။ ၎င်းတွင် သာမန် ပါရိုးပါစဉ် လုံခြုံရေးကိစ္စရပ်များအပြင် ထပ်တိုးလာသော နိုင်ငံရေးဆိုင်ရာ (အမျိုးသားရေးဆန္ဒ၊ တန်ဖိုးထားမှုများ၊ စည်းလုံးညီညွတ်မှုများ) အချက်များ၊ စီးပွားရေးဆိုင်ရာ စစ်ရေး အချက်အလက်များ၊ ယဉ်ကျေးမှု၊ နိုင်ငံတကာ ဆက်ဆံရေးနည်းပညာ၊ ပတ်၀န်းကျင် သဘာ၀

သယံဇာတများ၊ လူမျိုးရေးကိစ္စများ စသည်တို့ပါ ကျယ်ပြန့်စွာ ပါဝင်လာတော့၏။

ဤသည်တို့ကို ပုံစံချကြည့်လိုက်ပါက ဖြေရှင်းရမည့် နည်းလမ်းဟူ၍ ပြတ်ပြတ်သားသား ရွေးချယ်နိုင်တော့မည် မဟုတ်ချေ။ မိမိကိုယ်ကို ပင်လယ်ကြီးနှင့် နှိုင်းယှဉ်မိသူကဲ့သို့ပင် သိမ်ငယ်စိတ်၊ အားငယ်စိတ်များ ဝင်ရောက်လာပေတော့မည်။ အရှေ့တောင်အာရှ ငွေကြေးအကြပ်အတည်းကဲ့သို့သော ပြဿနာကို ကလော့စ်ဝစ်၏ နည်းဖြင့် မည်သို့ ဖြေရှင်းနိုင်မည်နည်း။ အင်တာနက်ပေါ်တွင် ပေါ်ချင်သလိုပေါ်၊ ပျောက်ချင်သလို ပျောက် ဖြစ်နေသော ဟက်ကာများကို မည်သို့ရင်ဆိုင်မည်နည်း။ အဖြေမှာမူ ရှင်းလင်းပါသည်။ အမျိုးသားလုံခြုံရေး ပြဿနာကို ဖြေရှင်းမည် ဆိုလျှင် သိသာမြင်သာသော ကိစ္စရပ်များအား ဖြေရှင်းရုံသက်သက်ဖြင့် မလုံလောက်တော့ဟူသည့်အချက်ဖြစ်ပေသည်။ ပြိုကျတော့မည့် တိုက်အိမ်ကို သစ်တစ်ချောင်းတည်းဖြင့် ထောက်သလိုသာ ရှိပေလိမ့်မည်။ ယနေ့ နိုင်ငံများ၏ လုံခြုံရေးအရ တည်ဆောက်ထားပုံမှာ တိုင်တစ်လုံးတည်းပေါ်တွင် အားပြုထားခြင်း မဟုတ်တော့ချေ။ ယနေ့ နိုင်ငံတစ်နိုင်ငံ မပြိုလဲအောင် ထိန်းထားသောအားများမှာ အမျိုးသားလုံခြုံရေးနှင့် ဆက်စပ်သော ကိစ္စရပ်အားလုံး ပေါင်းစပ်ထားသော အားတစ်ရပ်အဖြစ် ဟန်ချက်ညီ ပုံစံတကျ စီစဉ်နိုင်ခြင်း ရှိ/မရှိဟူသော အချက်သည်သာလျှင် အဓိကသော့ချက် ဖြစ်၏။ ဤပေါင်းစပ်အားများကိုပင် လိုအပ်ပါက စစ်ဆင်ရေးတစ်ရပ်သဖွယ် အသုံးချနိုင်သည့် နည်းလမ်းများအဖြစ် စီစဉ်ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ ဤသည်မှာ စစ်ဘက်ရေးရာနှင့် စစ်ဘက်မဟုတ်သော



ရေးရာ နှစ်မျိုးစလုံးကို ပေါင်းစပ်ထားသော လားရာပေါင်းစုံ ပါဝင်သည့် "အဂ္ဂမဟာဗျူဟာ" ဖြစ်သင့်ပေသည်။

ဤသည်မှာ ယခင် ဖြစ်ပွားဖူးသည့် စစ်ပွဲများတွင် အသုံးပြုတိုက်ခိုက်ခဲ့ကြသည့် ပုံစံများနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ဤသို့သော အဂ္ဂမဟာဗျူဟာများ ပေါ်ပေါက်လာသည်နှင့် အမျိုးသား လုံခြုံရေးနှင့် စပ်ဆိုင်သော လားရာ အားလုံး စုပေါင်းပါဝင်သည့် စစ်ပွဲပုံစံသစ်တစ်မျိုး ပေါ်ထွန်းလာမည်ဖြစ်သည်။ "နည်းလမ်းသစ်ကြောင့် ပစ္စည်းတစ်ခုပေါ်လာမည်။ တစ်ခုမှ နှစ်ခု၊ နှစ်ခုမှ သုံးခု စသည်ဖြင့် တစ်သောင်းအထိ ဖြစ်လာမည်" ဟူသော အဆိုရှိ၏။ ဤသို့ ဖြစ်ရခြင်းမှာ တစ်ခုနှင့် တစ်ခု ပေါင်းစပ်ခြင်းဖြင့် နောက်ထပ် အသစ်တစ်မျိုး ပေါ်လာစေသည့် သဘောတရားကြောင့် ဖြစ်၏။ ဤပေါင်းစပ်မှုကြောင့်ပင် အရေအတွက်များလာခြင်း၊ ပြောင်းလဲမှုများပြားခြင်း၊ အမျိုးအစား ကွဲပြားခြင်း ဖြစ်ပေါ်လာရပေ၏။ ဤပေါင်းစပ်ခြင်းနည်းကြောင့်ပင် ခေတ်သစ် စစ်ပွဲဆင်နွှဲနိုင်သည့် နည်းလမ်းများကို အတိုင်းအဆ မရှိ ဖြစ်စေ၏။ ပေါင်းစပ်ခြင်းကြောင့်ပင် ယခင်က ခေတ်သစ် စစ်ကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့သော "ခေတ်မီလက်နက်နှင့် ခေတ်မီနည်းလမ်းများ အသုံးပြု တိုက်ခိုက်သည့်စစ်" ဟူသော စကားရပ် ပြောင်းလဲသွားရခြင်းဖြစ်၏။ တစ်နည်းဆိုသော် အသုံးပြုသည့်နည်းလမ်းများပြားလာသည်နှင့်အမျှ တစ်ဖက်က လက်နက်များ၏ အာနိသင် လျော့ပါးသွားစေသည်ဟု ဆိုနိုင်၏။ ခေတ်သစ်စစ်၏ အယူအဆကို ဆပွားလိုက်ခြင်းဟုလည်း ဆိုနိုင်၏။ စစ်ဖြစ်လာပါက အောင်ပွဲကို စစ်ရေးနည်းလမ်းဖြင့် ရယူသောခေတ် ကုန်ဆုံးသွားပြီဟု ဆိုရချေတော့မည်။ အောင်ပွဲကို တောင့်တနေကြသော

စစ်ဘက်ပုဂ္ဂိုလ်များနှင့် နိုင်ငံရေးသမားများ လုပ်ဆောင်သင့်သည်မှာ စစ်ပွဲအပေါ် အစဉ်အလာ အမြင်များကို ပစ်ပယ်၍ ပို၍ အမြင်ကျယ်ရန်၊ ခေတ်ကာလကို ကြည့်ရန်၊ အခြေအနေကို သုံးသပ်ရန်နှင့် ၎င်းနောက်တွင် အဂ္ဂမဟာဗျူဟာနည်းများကို ကျင့်သုံး၍ စစ်ပွဲဝင်ရန်သာ ဖြစ်သည်။

"တောင်ရှိရာသို့ သွား၍ ထွက်နေကို ကြိုဆိုပါ"

## အခန်း (၅)

# စစ်လေ့ကျင့်ခန်းအတွက် နည်းစနစ်သစ်

**"၂၁ ရာစုတွင် စစ်ပါရဂူဟု ခေါ်ခံရမည့်သူများမှာ ရှိပြီးသော စွမ်းရည်များကို တစ်ဖန် ပြန်လည်ပေါင်းစပ်၍ တီထွင်သော နည်းလမ်းများ ကျင့်သုံးခြင်းဖြင့် စစ်နည်းဗျူဟာ၊ စစ်ဆင်ရေးအဆင့်နှင့် မဟာဗျူဟာရည်မှန်းချက်များ ရယူတတ်သူများပင် ဖြစ်သည်။"**

**Yier Tierfude**

အရာရာသည် ပြောင်းလဲနေ၏။ စက်မှုနည်းပညာ၏ အရှိန်အဟုန် ပြင်းထန်စွာ ပြောင်းလဲမှု၊ လက်နက်များ အစားထိုးမှု လုံခြုံရေးဆိုင်ရာ အယူအဆသစ်များ ထွက်ပေါ်လာမှု၊ မဟာဗျူဟာ ပစ်မှတ်များ ပြောင်းလဲမှု၊ စစ်မြေပြင်များ၏ နယ်နိမိတ်ရှုပ်ထွေးလာမှု၊ စစ်ဆင်မှုပမာဏ ကျယ်ပြန့်လာမှု၊ စစ်ရေးမဟုတ်သော နည်းလမ်းများ ကျယ်ပြန့်လာမှု၊ စစ်ပွဲတွင် စစ်ဘက်မှမဟုတ်သော ပုဂ္ဂိုလ်များ ပါဝင်မှု စသည်တို့အားလုံးသည် လိုရင်းကို ဆိုသော်

စစ်ဆင်မှုနည်းလမ်း ပြောင်းလဲခြင်းသာ ဖြစ်ပေသည်။ အနာဂတ်စစ်ပွဲများ၏ ပြောင်းလဲမှုကို ရင်ဆိုင်နိုင်ရန်အတွက်မှာ ဤပြောင်းလဲမှု အားလုံးကို ခြုံငုံမိစေမည့် စစ်ဆင်မှုနည်းစနစ်တစ်ခုအား ရှာဖွေဖော်ထုတ်ရန် လိုအပ်ပေသည်။

## စစ်၏မြူတိမ်များအား ဖယ်ရှားခြင်း

မနက်ဖြန် ဖြစ်ပွားမည့်စစ်ကို မည်သူများ ကြုံဖူးပါသနည်း။ မည်သူမျှ မကြုံဖူးပါ။

သို့ရာတွင် ၎င်းစစ်၏ အချို့အချို့သော မြင်ကွင်းများမှာ အမြောက်အမြားသော ပုရောဟိတ်များ၏ နှုတ်ဖျားမှဆိုခဲ့ကြပြီးဖြစ်သလို ကျွန်ုပ်တို့၏ မှတ်ဉာဏ်တွင်ပင် စွဲမြဲနေပေ၏။ အာကာသတွင်း ဂြိုဟ်တုများမှသည် သမုဒ္ဒရာနက်အတွင်းမှ နျူကလီးယား ရေငုပ်သင်္ဘောများအထိလည်းကောင်း၊ စတဲ့သ်ဗုံးကြဲလေယာဉ်များမှ ပစ်လွှတ်လိုက်သည့် ပဲ့ထိန်းဗုံးများမှသည် ခရုဇ်ဒုံးကျည်များအထိလည်းကောင်း ယနေ့လက်နက်များသည် "မိုးကောင်းကင်" မှသည် "မြေကြီး" အထိ စိုးမိုးထားကြသည်ဖြစ်ရာ လွန်စွာမှပင် များပြားပေ၏။ သာဓကအားဖြင့် အမေရိကန်နိုင်ငံ အာဝင်တပ်မြို့ရှိ အမျိုးသားလေ့ကျင့်ရေးဗဟိုဌာနတွင် ပြုလုပ်ခဲ့သော ဒစ်ဂျစ်တယ်တပ်ဖွဲ့တစ်ခု၏ စစ်မြေပြင် လေ့ကျင့်ခန်းကို နမူနာအဖြစ်ကြည့်နိုင်၏။

ယင်းလေ့ကျင့်ခန်းတွင် ဒစ်ဂျစ်တယ်တပ်ဖွဲ့များက အပြာရောင်တပ်ဖွဲ့၊ ကွန်ပျူတာက အနီရောင်တပ်ဖွဲ့ဖြစ်၏။ ကွန်ပျူတာ Joint Star ထောက်လှမ်းရေးလေယာဉ်မှ ရရှိသော အချက်များကို အဆက်မပြတ် ထည့်သွင်းတွက်ချက်နေ၏။ ကြိုတင်သတိပေးလေယာဉ်များက ကောင်းကင်ယံ တစ်ခုလုံးကို စောင့်ကြည့်ထောက်လှမ်းနေ၏။ ဂြိုဟ်တုများနှင့် ကြိုတင်သတိပေး လေယာဉ်များ၏ ကြီးကြပ်မှုဖြင့် ဗုံးကြဲတိုက်လေယာဉ်များက ပစ်မှတ်များကို ပဲ့ထိန်းလက်နက်များဖြင့် တိုက်ခိုက်ကြ၏။ သံချပ်ကာတပ်များနှင့် သံချပ်ကာရဟတ်ယာဉ်များက ရန်သူအား အလျား၊ အနံ၊ အမြင့် သုံးဘက်စလုံးမှ တိုက်ခိုက်နေ၏။ ခြေလျင်စစ်သည်များက လက်ဆွဲ ကွန်ပျူတာများဖြင့် အမိန့်များ ပေးပို့ လက်ခံကြသည့်အပြင် သံခမောက်၌ တပ်ဆင်ထားသည့် ချိန်ရွယ်ကိရိယာများ အသုံးပြုကာ မောင်းပြန်သေနတ်များအား ပစ်ခတ်ကြသည်။ စစ်သည်တစ်ဦးက ၎င်း၏ ကွန်ပျူတာမောက်စ် အသုံးပြုကာ တောင်ကြောတစ်ဖက်ရှိ ရန်သူတပ်များအပေါ် မိမိအမြောက်ပစ်ခတ်မှုကျရောက်စေ၏။ ၎င်း၏ ကွန်ပျူတာဖန်သားပြင်တွင် ရန်သူ့တင့်ထိမှန်ကြောင်း အချက်ပြနေ၏။

"၂၁ ရာစု ကြည်းတပ်မတော်" ဟုလည်းကောင်း၊ အပြာရောင်တပ်ဖွဲ့ဟုလည်းကောင်း အမည်ပေးထားသည့် ဒစ်ဂျစ်တယ်ပစ္စည်းကိရိယာများ အပြည့်အဝ အသုံးပြုပြီး မိုဟာဗီသဲကန္တာရအတွင်း၌ ပြုလုပ်သော ဤလေ့ကျင့်ခန်း၏ ရလဒ်မှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေနှင့် ခြောက်ပွဲရှုံးဖြစ်၏။ ၂၁ ရာစု ကြည်းတပ်မတော်၏ အပြာရောင်တပ်ဖွဲ့များက သမားရိုးကျဖွဲ့စည်းတပ်ဆင်ထားသော အနီရောင်တပ်များသို့ အရှုံးပေးလိုက်ရခြင်း ဖြစ်သည်။ ဤသည်ကို ကာကွယ်ရေးဝန်ကြီး ကိုဟင်က စိတ်မလျှော့ဘဲ "သင်တို့အားလုံး စစ်မှုရေးရာ တော်လှန်ပြောင်းလဲမှုတစ်ခုကို မျက်ဝါးထင်ထင် ကြည့်မြင်နေရသည်" ဟု ပြောဆိုခဲ့သေး၏။

ဤအခန်း၏ အစတွင် ဖော်ပြခဲ့သော ပုရောဟိတ်များ နားလည်ထားသော စစ်နှင့် ကိုဟင် ရည်ညွှန်းပြောကြားသော စစ်မှုရေးရာတော်လှန်ပြောင်းလဲမှုတို့မှာ တစ်ထပ်တည်း ဖြစ်ချေ၏။

စစ်အောင်သူသည် အောင်ပွဲရခဲ့သော လမ်းကြောင်းမျိုးကိုသာ လျှောက်လှမ်းလို၏။ ပထမကမ္ဘာစစ်အတွင်းက ဗာဒွန် စစ်မြေပြင်၌ လူပေါင်း သောင်းနှင့်ချီ၍ အသေခံကာ ကတုတ်ကျင်းများထဲမှ ထွက်တိုက်ခဲ့သဖြင့် အောင်မြင်ခဲ့သော ပြင်သစ်တို့သည် နောင်လာမည့် စစ်ပွဲသည်လည်း အလားတူပုံစံ ဖြစ်ပွားလိမ့်မည်ဟု မျှော်မှန်းကာ မက်ဂီနော့ခံစစ်ကြောင်းကြီးကို တည်ဆောက်ခဲ့၏။ သဲကန္တာရမုန်တိုင်း စစ်ဆင်ရေးတွင် အနိုင်ရခဲ့သော အမေရိကန် စစ်ဘက်သည်လည်း ၂၁ ရာစု စစ်ပွဲများကို အလားတူနည်းမျိုးဖြင့် အောင်မြင်လိမ့်မည်ဟု စွဲလမ်းနေကြ၏။ သို့ရာတွင် အမေရိကန် စစ်ဗိုလ်ချုပ်အားလုံးက ၂၁ ရာစု၏ စစ်ပွဲများ၌ ပင်လယ်ကွေ့စစ်ပွဲကဲ့သို့ လွယ်လွယ်နှင့် မအောင်မြင်နိုင်သည်ကို နားလည်ထားကြသည်။ သို့အတွက်လည်း စစ်ပွဲအရှိန်မသေသေးမီမှာပင် လက်နက်သစ်များ အစားထိုးရုံမက တိုက်ပွဲဝင်သဘောတရားများ၊ ဖွဲ့စည်းမှုစနစ်များကို ပြန်လည်ပြင်ဆင်ခဲ့ကြသည်။ ဤသို့ ပြောင်းလဲလိုက်သော အမေရိကန်တို့၏ စစ်ရေးအတွေးအခေါ်သစ်များအား "၂၀၁၀ ခုနှစ် ပူးတွဲတပ်ဖွဲ့များ သဘောတရား" နှင့် "အနာဂတ် ကြည်းတပ်မတော်" ဟူသော အယူအဆများမှ တစ်ဆင့် တစ်ကမ္ဘာလုံးမှ စစ်သားများက သိမြင်ခဲ့ကြသည်။ သို့ရာတွင် မည်မျှအင်အားကြီးမားသည်ဖြစ်စေ တစ်နေရာရာ၌ ဟာကွက်တစ်ခုခု ရှိရမည်ကို အများက တွေးဆထားကြ၏။ ယနေ့ကာလထိပင် အမေရိကန် စစ်ဘက်၏



လက်နက်များ တီထွင်ထုတ်လုပ်သည့် အယူအဆ၊ ကာကွယ်ရေးဆိုင်ရာ မူဝါဒများ ပြောင်းလဲမှု၊ တိုက်ပွဲဝင် သဘောတရားများ ပြောင်းလဲလာပုံ၊ စည်းမျဉ်းစည်းကမ်းများ အသစ်ပြုရေးဆွဲပုံ၊ ထိပ်တန်းတပ်မှူးကြီးများ၏ အမြင် စသည်တို့မှာ တစ်ခုတည်းသောလမ်းကြောင်းအတိုင်း သွက်လက်စွာ လျှောက်လှမ်းခဲ့ကြခြင်းသာဖြစ်၏။ ၎င်းတို့သည် စစ်ရေးနည်းလမ်းသည်သာ အနာဂတ်ပဋိပက္ခများကို ဖြေရှင်းနိုင်သည့် နောက်ဆုံးနည်းလမ်းဖြစ်သည်ဟူ၍လည်းကောင်း၊ နိုင်ငံအချင်းချင်း အငြင်းပွားမှုများသည်အဆုံးစွန်အားဖြင့် စစ်မြေပြင်၌ တပ်မတော်ကြီးနှစ်ခု ရင်ဆိုင်တွေ့လာခြင်းဖြင့် အဆုံးသတ်မည်ဟူ၍လည်းကောင်း အခိုင်အမာယူဆထားကြသည်။ ဤအယူအဆအရပင် အမေရိကန် စစ်ဘက်သည် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကမ္ဘာ့နှစ်နေရာ၌ စစ်ပွဲနှစ်ခုကို အောင်မြင်ရန်ကိုသာ ရည်ရွယ်ချက်ထားရှိ၍ ပြင်ဆင်နေခဲ့သည်။

ဤအခြေအနေမျိုး၌ ပင်တဂွန်စစ်ဌာနချုပ်၌ မည်သူရာထူးရနေသနည်းဟူသော အချက်က အရေးကြီးသည် ဆို၏။ အမေရိကန် ပူးတွဲစစ်ဦးစီးအဖွဲ့ ဥက္ကဋ္ဌဟောင်း ဗိုလ်ချုပ်ကြီးဘာဝါကဲ့သို့သော ပုဂ္ဂိုလ်မျိုးက အမေရိကန်ပြည်ထောင်စုသည် "မည်သည့်အခါမျှ ပြန်လည်မဖြစ်ပွားနိုင်တော့သည့် စစ်အေးတိုက်ပွဲကာလ စစ်ပွဲမျိုး" အတွက် ၎င်း၏ စွမ်းအားများကို အလဟဿဖြုန်းတီးနေကြောင်းနှင့် အခြားလွဲမှားသော နေရာများ၌ အာရုံစူးစိုက်ကုန်ကျခံနေကြောင်း ဝေဖန်ခဲ့သည်။

ယနေ့စစ်ပွဲများကို ကြည့်ပါက လူနှင့် လက်နက်များကို ရွှေ့ပြောင်းနေရသည့်ခေတ် မကုန်သေးကြောင်း တွေ့ရပေမည်။

ဤခေတ်မှာလည်း တဖြည်းဖြည်း နောက်ကျကျန်လျက် ရှိလာသည်။ တစ်နေ့တခြား တိုးပွားများပြားလာသော လက်နက်ထိန်းချုပ်ရေး နိုင်ငံတကာ စာချုပ်များကို အသုံးချ၍ ကုလသမဂ္ဂနှင့် ဒေသတွင်း အဖွဲ့အစည်းများသည် ၎င်းတို့၏ ပါဝင်စွက်ဖက်နိုင်အားကို အသုံးချကာ ဒေသတွင်း အရေးအခင်းများ၌ ပိုမို၍ ပါဝင်စွက်ဖက် ချုပ်ကိုင်ခြင်းဖြင့် မိမိတို့၏ အမျိုးသား လုံခြုံရေး အန္တရာယ်ကို လျော့ပါးအောင် ဆောင်ရွက်လျက်ရှိကြသည်။

တစ်ဖက်တွင်လည်း ခြောက်ခြားလှစွာသော နည်းပညာသစ်များ တစ်နေ့တခြား ပေါ်ပေါက်လျက်ရှိရာ အမျိုးသား လုံခြုံရေးကို စစ်ရေးမဟုတ်သော နည်းလမ်းများဖြင့် ခြိမ်းခြောက်မှု ပိုမိုများပြားလာသည်။ တစ်ဆက်တည်းမှာပင် နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့်လည်း စစ်ရေးခြိမ်းခြောက်မှုနှင့် တန်းတူ ဖျက်ဆီးနိုင်စွမ်းရှိသည့် ဤခြိမ်းခြောက်မှုအသစ်များအား တန်ပြန်နိုင်ရန် ထိရောက်သော နည်းလမ်းများ အကန့်အသတ်ရှိနေသော အခက်အခဲကို ကြုံတွေ့နေရသည်။ ထို့ကြောင့် စစ်မဟုတ်သော စစ်ပွဲများ ဖြစ်ပွားစေနိုင်သည့် အလားအလာမှာ ပိုမိုအရှိန်ရလာသည်။ ရှေးရိုးစွဲ အမျိုးသားလုံခြုံရေး အယူအဆနှင့် စနစ်များ ပြိုလဲလုမတတ် ဖြစ်လာသည်။ တစ်နေ့တခြား ပို၍ ထင်ရှားစွာ မြင်တွေ့လာရသော အကြမ်းဖက်တိုက်ခိုက်မှု၊ ဟက်ကာများ၏ တိုက်ခိုက်မှု၊ ဘဏ္ဍာရေး စစ်ပွဲနှင့် ကွန်ပျူတာဗိုင်းရပ်စ်စစ်ပွဲများ အပြင် အမည်ပင် တပ်၍ မရသေးသော "အယူအဆသစ် စစ်ပွဲများ" ကိုလည်း မြင်တွေ့နေရသည်။ သို့အတွက် "ရန်သူအား မိမိနိုင်ငံ တံခါးဝ ပြင်ပ၌ ခုခံခြင်း" ဟူသော အယူအဆသည်ပင် ခေတ်ကုန်သွားပြီဟု ယူဆလိုက်ရတော့၏။



အမေရိကန် စစ်ဘက်အသိုင်းအဝိုင်းများအနေဖြင့် စစ်ရေးနှင့် စစ်ရေးမဟုတ်သော ခြိမ်းခြောက်မှုများအား ဖယ်ရှားနိုင်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးကို မသိမမြင်၍ မဟုတ်ချေ။ စစ်ရေးမဟုတ်သော ခြိမ်းခြောက်မှုများနှင့် ပတ်သက်၍ နိုင်ငံရေးသမားများအားလည်းကောင်း၊ (CIA) အဖွဲ့သို့လည်းကောင်း ယင်းခြိမ်းခြောက်မှုများအား ဖြေရှင်းပေးနိုင်မည့် နည်းလမ်းများကို ရှာဖွေရန် တွန်းအားပေးခဲ့သည်။ သို့အတွက် နိုင်ငံရေးသမားများနှင့် (CIA) အဖွဲ့တို့သည် စစ်ရေးမဟုတ်သော ခြိမ်းခြောက်မှုနှင့် ပတ်သက်သည့်အမြင်များကို ရုပ်သိမ်းကာ သိုသိုသိပ်သိပ် နေခဲ့ကြ၏။

အမေရိကန်စစ်ဘက်သည် ရန်သူတော်ဟောင်း ဆိုဗီယက်ပြည်ထောင်စု ပြိုလဲသွားသောအခါ ဦးတည်ရန်သူဟူ၍ မရှိတော့သဖြင့် ရန်သူတစ်မျိုးမျိုးကို မရှိမဖြစ် ရှာဖွေနေသည်မှာ "အမှောင်ထဲတွင် မားမြှောင်ထုတ်၍ ရှာဖွေနေတတ်ခြင်း" ဟူသော အမေရိကန်တို့၏ အခြေခံစိတ်ဓာတ်နှင့် ကိုက်ညီသည်ဆို၏။ အမေရိကန်စစ်ဘက်၌ သာမန်စစ်သားများမှ ဗိုလ်ချုပ်ကြီးများအထိလည်းကောင်း၊ အဓိကကျသော စစ်မဟာဗျူဟာများမှသည် အခြေခံစစ်နည်းဗျူဟာ အဆင့်အထိလည်းကောင်း အမေရိကန်တို့သည် စစ်ပွဲကြီးတစ်ပွဲအား အနိုင်တိုက်ရန် တစ်ချိန်လုံး ဟန်ပြင်နေခဲ့ကြ၏။ မိမိတို့တွင် ဦးတည်ရန်သူဟူ၍ မရှိတော့သောအခါ အမေရိကန် ကွန်ဂရက်သည်လည်းကောင်း၊ အမေရိကန် စစ်ဘက်သည်လည်းကောင်း၊ ၎င်းတို့၏ ရည်မှန်းချက် ပျောက်ကွယ်သွားကာ နေမထိထိုင်မသာ ဖြစ်ရသည်ဆို၏။ အကျိုးရလဒ်မှာ တကယ့်ရန်သူ မရှိတော့သဖြင့် ရန်သူတစ်မျိုးမျိုး ဖန်တီးရန်

လိုလာသည်ဆို၏။ သို့ဖြင့် ကိုဆိုဗိုကဲ့သို့သော သေးငယ်သည့် အရေးအခင်းမျိုးကိုပင် လျစ်လျူမရှုနိုင်တော့ဘဲ ပါဝင်စွက်ဖက်ကြတော့၏။ သို့ဖြင့် အမေရိကန်စစ်ဘက်သည် တစ်နေ့တခြား ဖြေရှင်း၍ မရနိုင်သော ပြဿနာများတွင် နစ်မြုပ်သည်ထက် နစ်မြုပ်လာသည် ဆို၏။

ယခုအခါ အမေရိကန် စစ်ဘက်သည် စစ်မဟုတ်သော စစ်ပွဲကို တိုက်ရန် ပုံစံသွင်းနေပြန်သည်။

အမေရိကန်ပြည်ထောင်စုသည် စစ်ရေး မဟုတ်သော ခြိမ်းခြောက်မှု ဒဏ်ကို အကြီးမားဆုံး ရင်ဆိုင်နေရပြီး မကြာခဏ လည်း ဤခြိမ်းခြောက်မှုဒဏ်ကို ခံစားနေရသည် မှန်သော်လည်း ယင်းခြိမ်းခြောက်မှုကို ရင်ဆိုင်နိုင်မည့် ညီညွတ်သော မဟာဗျူဟာနှင့် ကွပ်ကဲမှုစနစ် မရှိသေးခြင်းမှာ အံ့ဩဖွယ်ပင်ဖြစ်သည် ဆို၏။ ၎င်းတို့တွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် ပတ်သက်သော ဌာနပေါင်း ၄၉ ခုရှိသော်လည်း အချင်းချင်း ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း လုံးဝ မရှိဟုဆို၏။ အခြားနိုင်ငံများသည်လည်း ဤကိစ္စမျိုး၌ အမေရိကန်ပြည်ထောင်စုနှင့် အလားတူပင် ဖြစ်နေကြသည်ဆို၏။ နိုင်ငံအများစုတွင် ရရှိလာသော အရင်းအမြစ်များကို စစ်ရေးအတွက်လည်းကောင်း၊ ထောက်လှမ်းရေးအတွက်လည်းကောင်း၊ နိုင်ငံရေးဌာနများအတွက်လည်းကောင်း ဦးစားပေး အသုံးပြုကြသည်။ အခြားကိစ္စများအတွက် အသုံးပြုမှုနည်းပါးသည်ဆို၏။ အကြမ်းဖက်မှု တိုက်ဖျက်ရေး အတွက် အမေရိကန်ပြည်ထောင်စုက အသုံးပြုသော ဒေါ်လာ ၇ ဘီလီယံမှာ စစ်သုံးစရိတ် ဒေါ်လာ ၂၅၀ ဘီလီယံ၏ ၂၅ ပုံ ၁ ပုံပင် မရှိချေ။



စစ်ပွဲမဟုတ်သော စစ်၏ခြိမ်းခြောက်မှုကို နိုင်ငံအတော်များများက မသိကျိုးကျွံ ပြုနေကြသော်လည်း ဤခြိမ်းခြောက်မှုသည် တဖြည်းဖြည်း ကျယ်ပြန့်လာကာ အရှိန်လည်း ရလာသည်ဆို၏။ လူသားတို့အနေဖြင့် စစ်ပွဲများအား ကန့်သတ်ရန်နှင့် ငြိမ်းချမ်းရေးအတွက် တစ်ဖက်မှ အာရုံစူးစိုက်နေချိန်၌ တစ်ဖက်တွင် ငြိမ်းချမ်းရေးကို ဖျက်ဆီးနိုင်မည့် “ငြိမ်းချမ်းသော” နည်းလမ်းနှင့် အကြောင်းအရာများ တစ်ခုပြီး တစ်ခု ပေါ်ပေါက်နေသည်ဆို၏။ ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းက အလေးအမြတ်ထား ထိန်းသိမ်းခဲ့ကြသော စည်းကမ်းနှင့် ကျင့်ထုံးများသည်ပင်လျှင် နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များကိုသာမက လူ့အဖွဲ့အစည်းတစ်ခုလုံးကို တိုက်ခိုက်နိုင်သည့် နည်းလမ်းများ ဖြစ်လာလျက်ရှိသည်။ ဆိုရလျှင်မူ ကွန်ပျူတာရှိက ကွန်ပျူတာ ဗိုင်းရပ်စ်ရှိသည်။ ငွေကြေးရှိက ငွေဈေးကွက် ကစားသူရှိသည်။ လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိလျှင် ဘာသာရေးအစွန်းရောက်မှု ရှိသည်။ လူသားတစ်ဦးချင်း၏ အခွင့်အရေးပြဋ္ဌာန်းချက် ရှိလျှင် နိုင်ငံ၏ အချုပ်အခြာအာဏာရှိသည်။ လွတ်လပ်သော စီးပွားရေး စနစ်ရှိလျှင် ကုန်သွယ်မှု ကာကွယ်ရေးစနစ်များ ရှိသည်။ အမျိုးသားရေး လွတ်လပ်မှုရှိလျှင် တစ်ကမ္ဘာလုံး ပေါင်းစည်း ညီညွတ်ရေးရှိသည်။ အမျိုးသားပိုင် စီးပွားရေးလုပ်ငန်းများရှိလျှင် နိုင်ငံတကာ ကော်ပိုရေးရှင်းများ ရှိသည်။ သတင်းလွတ်လပ်ခွင့် ရှိလျှင် သတင်းကန့်သတ်ချက်များ ရှိသည်။ အတတ်ပညာ မျှဝေခံစားမှုရှိလျှင် နည်းပညာအား ချုပ်ကိုင်မှုရှိသည်။ အထက် ဖော်ပြပါ ကဏ္ဍအားလုံး၌ မနက်ဖြန်၊ သဘက်ခါ ဆိုသလိုပင် စစ်ပွဲတစ်ရပ် ရုတ်ချည်းပေါ်ပေါက်နိုင်သည်။ စစ်မြေပြင်သည်

သင်၏အနီးတွင် ရှိပြီး ရန်သူသည် ကွန်ပျူတာ ကွန်ရက်ထဲတွင် ရှိသည်။ သွေးရောင် မလွှမ်းခြင်းနှင့် ယမ်းနံ့မရခြင်းသာ ကွာခြားမည်။

သို့ရာတွင် ဤတိုက်ခိုက်မှုများ၏ ရည်ရွယ်ချက်မှာ ရန်သူအား မိမိအကျိုးစီးပွားအတိုင်း လိုက်နာလုပ်ဆောင်လာအောင် အင်အား အသုံးပြုခြင်းဖြစ်၍ စစ်၏ ရည်မှန်းချက်နှင့် အတူတူပင်ဖြစ်၏။ သို့ရာတွင် နိုင်ငံအသီးသီးရှိ မည်သည့်စစ်သား လူတန်းစားကမျှ စစ်ရေးကဏ္ဍကို ကျော်လွန်ဖြစ်ပွားလာနိုင်သည့် စစ်ပွဲပုံစံသစ်ကို မြင်နိုင်လောက်သည်အထိ စိတ်ပိုင်းဆိုင်ရာအရ အဆင်သင့်မဖြစ်သေး။ ဤအချက်မှာ စစ်သားတိုင်း မလွဲမသွေ ရင်ဆိုင်ရမည့်အချက်ဖြစ်၏။

ခြိမ်းခြောက်မှုသစ်များကြောင့် အမျိုးသားလုံခြုံရေး အမြင်သစ်များ လိုအပ်သည်။ ဤလုံခြုံရေးအမြင်သစ်များကသာ စစ်သားများအား အမြင်ကျယ်စေနိုင်သည်။ ဤနည်းသည်သာလျှင် မျက်စိကို ဖုံးနေသည့်တိမ်အား ဖယ်ရှားနိုင်သည့် တစ်ခုတည်းသောနည်းလမ်းဖြစ်ပေသည်။

## စည်းမျဉ်းဥပဒေသများအား ဖျက်ဆီးခြင်းနှင့် စွမ်းဆောင်ရည်ကျဆင်းလာခြင်း

စစ်သည်လူသားတို့၏ ပဋိပက္ခများအား အဆုံးစွန်သောနည်းဖြင့် ဖြေရှင်းခြင်းဖြစ်၏။ တစ်ဖက်တွင် စစ်သည် လူ့အသိုင်းအဝန်း၏ မကောင်းသော အမှိုက်သရိုက်များကို ရှင်းသည့် သန့်ရှင်းရေးသမား ဖြစ်သလို တစ်ဖက်မှလည်း လူသားမျိုးနွယ်ကို



ခြိမ်းခြောက်နေသည့် အန္တရာယ်ဖြစ်၏။ ဤအစွန်းနှစ်ပါးကို လွတ်ကင်းအောင် မည်သို့ချိန်ညှိပေးမည်နည်း။

ပြီးခဲ့သည့်နှစ်ပေါင်း ၄၀၀၀ ခန့်မျှသော ကာလမှ စ၍ ၂၀ ရာစုနှစ် စစ်ပွဲများအထိပင် စစ်ပွဲကာလ တစ်ခုနှင့် တစ်ခုအကြား၌ စစ်ပွဲများကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းခဲ့ကြသည်။ သို့အတွက် မြောက်မြားလှစွာသော စာချုပ်များ၊ စည်းမျဉ်းဥပဒေသများ မရေမတွက်နိုင်အောင် ပေါ်ပေါက်လာပေသည်။ ဂျီနီဗာသဘောတူညီချက်မှသည် ကုလသမဂ္ဂအထိပင် စစ်ပွဲများအား ထိန်းချုပ်တားဆီး ကန့်သတ်နိုင်ရန် မျိုးစုံသော နိုင်ငံတကာဥပဒေများ၊ စည်းကမ်းသတ်မှတ်ချက်များဖြင့် ကြိုးပမ်းခဲ့ကြသည်။ ဓာတုဗီဝလက်နက်များ အသုံးပြုမှု တားမြစ်ခြင်း၊ အရပ်သားများအကြောင်းမဲ့ သတ်ဖြတ်ခြင်းကို တားမြစ်ခြင်း၊ စစ်သုံ့ပန်းများအား မလျော်မကန်ပြုမှုကို တားမြစ်ခြင်း၊ မြေမြှုပ်မိုင်း အသုံးပြုမှုတားမြစ်ခြင်း စသည်တို့အပြင် နိုင်ငံတစ်နိုင်ငံ၏ အရေးအခင်းများ၌ စစ်အင်အား အသုံးပြုမှုကိုလည်းကောင်း၊ စစ်အင်အားအသုံးပြုရန် ခြိမ်းခြောက်မှုကိုလည်းကောင်း ဆန့်ကျင်ခြင်းစသည်တို့ဖြင့် နည်းလမ်းမျိုးစုံ ပေါ်ပေါက်ခဲ့၏။ ယင်းပြဋ္ဌာန်းချက်အားလုံးကိုလည်း နိုင်ငံတိုင်းက တဖြည်းဖြည်း လက်ခံလာကြ၏။ လူသားမျိုးနွယ်ဆက် တစ်ခုလုံးအား နျူကလီးယား ဆောင်းရာသီဖြင့် မျိုးပြုတ်ရသည့် ဘဝသို့ ပို့နိုင်စေသော နျူကလီးယားလက်နက်များကို ထိန်းချုပ်သော နျူကလီးယား မပြန့်ပွားရေးစာချုပ်၊ နျူကလီးယားစမ်းသပ်မှုများ ပိတ်ပင်ခြင်း၊ နျူကလီးယားလက်နက် အရေအတွက် လျှော့ချခြင်း စသော စာချုပ်များကိုထောက်ခံအားပေးမှု အများအပြား ရရှိခဲ့သည်။ စစ်အေးတိုက်ပွဲ

ပြီးဆုံးသွားသောအခါ ကမ္ဘာ့လူသားများ ပျော်ခြင်းမလှ ပျော်ခဲ့ကြ၏။ သို့ရာတွင် "ကြောက်မက်ဖွယ်ကောင်းသော ငြိမ်းချမ်းရေး" ဟူသည်က ပေါ်လာရပြန်၏။ ဆဒ်ဒမ်ဟူစိန်အား အလဲထိုးလိုက်နိုင်သောအခါ အမေရိကန် သမ္မတ ဘွတ်ရှ်မှာ ပျော်လွန်းမက ပျော်သဖြင့် "ကမ္ဘာ့အခြေအနေ ပုံစံသစ်သည် ပထမဆုံးသော စမ်းသပ်မှုကို ခံနိုင်ရည် ရှိခဲ့ပြီ" ဟု ပြောကြားခဲ့၏။ အကြွားလွန်ခြင်းပင် ဖြစ်သည်ဟု ဆိုရမည်။

စစ်အေးတိုက်ပွဲ ပြီးဆုံးခြင်းကြောင့်ဖြစ်စေ၊ ပင်လယ်ကွေ့စစ်ပွဲပြီးဆုံးခြင်းကြောင့်ဖြစ်စေ ကမ္ဘာကြီးသည် နိုင်ငံရေးသမားများ အာမခံထားသလို ငြိမ်းချမ်းမှု အခြေအနေသို့ ရောက်မလာခဲ့ပေ။ ဒွိမဏ္ဍိုင်စနစ်ပြိုလဲသွားသောအခါ ရဝမ်ဒါ၊ ဆိုမာလီယာ၊ ဘိုဟိုင်း၊ ချေချင်၊ ကွန်ဂိုနှင့် ကိုဆိုဗိုတို့တွင် ဒေသန္တရ စစ်ပွဲသေးများ ဖြစ်ပေါ်လာကာ သွေးချောင်းစီးခဲ့၏။ နှစ်ပေါင်းထောင်နှင့် ချီ၍ စစ်ကို ထိန်းချုပ်ရန် ကြိုးပမ်းမှုများသည် မည်သည့်အတွက် တစ်ချက်တည်းဖြင့် ပြိုလဲသွားရသည်ကို လူသားတို့ သင်ခန်းစာ ယူကြရပေမည်။

ဤသို့သော အခြေအနေမျိုး ပေါ်ပေါက်ရသည်မှာ နိုင်ငံတကာ ဥပဒေများအပေါ် နိုင်ငံတစ်နိုင်ငံချင်း၏ တန်ဖိုးထားလေးစားလိုက်နာမှုနှင့် ဆက်စပ်မှု ရှိပေသည်။ နိုင်ငံတစ်နိုင်ငံက နိုင်ငံတကာဥပဒေအား လိုက်နာခြင်း၊ မလိုက်နာခြင်းဆိုသည်မှာ ၎င်းတို့အတွက် အကျိုးရှိ/မရှိဟူသော အချက်ပေါ်တွင် မူတည်နေတတ်သည်။ နိုင်ငံငယ်လေးများက ဤနိုင်ငံတကာဥပဒေများဖြင့် ၎င်းတို့၏ အကျိုးစီးပွားကို အကာအကွယ်ရရန် မျှော်လင့်ကြသလို နိုင်ငံကြီးများကမူ ဤဥပဒေများဖြင့် နိုင်ငံငယ်လေး



များကို ထိန်းချုပ်ရန် ကြိုးစားကြ၏။ မိမိ၏ အကျိုးစီးပွားနှင့် မကိုက်ညီသည့်အတွက် နိုင်ငံငယ်လေးများက ယင်းဥပဒေများကို ချိုးဖောက်သောအခါ နိုင်ငံကြီးများက ဥပဒေအားဖြည့်ခြင်း အမည်ခံ၍ အင်အားသုံး ပြင်ဆင်ကြတော့၏။ ပနားမားနိုင်ငံ၏ နိုင်ငံအကြီးအကဲဖြစ်သူကို အတင်းဝင်ရောက် ဖမ်းဆီး၍ မိမိနိုင်ငံ ဥပဒေအရ တရားစွဲခြင်းကဲ့သို့သော နိုင်ငံကြီးများ၏ တရားဥပဒေ ချိုးဖောက်မှုကိုပင် လက်ပိုက်ကြည့်နေကြရသည်။ နောက်ထပ် ဥပမာတစ်ခုမှာ နျူကလီးယား စမ်းသပ်မှုပိတ်ပင် တားမြစ်သည့် စာချုပ်အား ဂရုမထားဘဲ အိန္ဒိယက နျူကလီးယား စမ်းသပ်ခြင်းနှင့် ဟိမဝန္တာတောင်တန်းပေါ်မှ ဆစ်ကင်နိုင်ငံငယ်လေးအား ဝါးမြိုခြင်းတို့သည် နိုင်ငံကြီးတစ်နိုင်ငံက နိုင်ငံတကာ ဥပဒေအား ချိုးဖောက်ခြင်းပင် ဖြစ်၏။ အိန္ဒိယက ဆစ်ကင်ကို ဝါးမြိုခြင်းသည် အီရတ်က ကူဝိတ်ကို ဝါးမြိုခြင်းနှင့် အတူတူပင်ဖြစ်၏။ ဤကိစ္စမျိုးကို နိုင်ငံတကာ အသိုင်းအဝန်းက "စိတ်ပျက်ကြောင်း" သာ အသံထွက်ပြီး မည်သို့မျှ မတားဆီးနိုင်ခဲ့ချေ။

နိုင်ငံကြီးများက နိုင်ငံတကာ ထုံးတမ်းဥပဒေများကို ပစ်ပယ်၍လည်းကောင်း၊ အသုံးပြု၍လည်းကောင်း နိုင်ငံငယ်လေးများအား ရင်ဆိုင်အနိုင်ကျင့်ခြင်းသည် နိုင်ငံမရှိသော အင်အားစုများက မည်သည့်တရားဥပဒေကိုမျှ ဂရုမစိုက်ဘဲ တည်ဆဲအခြေအနေများကို ဖျက်ဆီးရန် ကြိုးပမ်းခြင်းနှင့် အတူတူပင်ဖြစ်သည်။ သို့ရာတွင် ဤနိုင်ငံမဟုတ်သော အဖွဲ့အစည်းများသည် နိုင်ငံတကာ အသိုက်အဝန်း၏ရန်သူ၊ အထူးသဖြင့် နိုင်ငံကြီးများ၏ ရန်သူအဖြစ် ယူဆခံနေရသည့်ဘဝ၌ပင် နိုင်ငံကြီးများ လုပ်ချင်ရာလုပ်၍ မရအောင် တစ်ဖက်မှ ထိန်းညှိထားသည့်

အင်အားစုများသဖွယ်လည်း ဖြစ်၏။ သာဓကအားဖြင့် အိန္ဒိယနိုင်ငံက နျူကလီးယား စမ်းသပ်မှုများ ပြုလုပ်သောအခါ ဟက်ကာများက အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန (Website) ကို ဝင်ရောက်ထိုးဖောက်၍ သတိပေးခြင်းမျိုးနှင့် အရှေ့အလယ်ပိုင်းဒေသ၌ အမေရိကန်၏ ခြေရှုပ်မှုကို မကျေနပ်သဖြင့် အကြမ်းဖက်စစ်ဆင်နွှဲသော အိုဆမာဘင်လာဒင်၏ လုပ်ရပ်မျိုးတို့ဖြစ်ချေသည်။ ဤလုပ်ရပ်များ၏ အကောင်းအဆိုးကို တိတိကျကျ မဝေဖန်နိုင်သော်လည်း ယင်းလုပ်ရပ်များသည် ဖျက်လိုဖျက်ဆီး သဘာဝရှိခြင်းကြောင့်လည်းကောင်း၊ တာဝန်မဲ့ လုပ်ရပ်များဖြစ်ခြင်းကိုလည်းကောင်း ငြင်းပယ်၍ မရပေ။

ဥပဒေစည်းမျဉ်းများအား ချိုးဖောက်ခြင်း၏ တိုက်ရိုက်ရလဒ်မှာ နိုင်ငံတကာ အသိုက်အဝန်းက လက်ခံသတ်မှတ်ထားသော ကဏ္ဍများ၏ မမြင်ရသော နယ်နိမိတ်နှင့် မြင်ရသောနယ်နိမိတ်များ ပျောက်ကွယ်ကုန်ခြင်းပင် ဖြစ်သည်။ အကြောင်းမှာ နိုင်ငံတစ်ရပ်၏ အင်အားဟူ၍မရှိဘဲ စစ်ပွဲမဟုတ်သည့် စစ်ရေးနည်းလမ်းများ အသုံးပြုသည့် အခြေခံမူများသည် နိုင်ငံ၊ ဒေသ၊ တရားဝင်နည်းလမ်းအားလုံးကို ပစ်ပယ်၍ တိုက်ခိုက်သည့်နည်းလမ်းများဖြစ်သည်။ မျက်စိဖြင့် မြင်တွေ့နိုင်သော နိုင်ငံတကာ နယ်နိမိတ်များ၊ မမြင်နိုင်သော အင်တာနက်ကမ္ဘာ၊ နိုင်ငံတကာဥပဒေ၊ တစ်နိုင်ငံချင်း၏ဥပဒေ၊ လူ့ကျင့်ဝတ် စသည်တို့သည် ဤနည်းလမ်းများအပေါ် လုံးဝချုပ်ထိန်းနိုင်ခြင်း မရှိပေ။ ၎င်းတို့သည် မည်သူ့အတွက်မျှ တာဝန်ခံရခြင်းမရှိ၊ မည်သည့်စည်းမျဉ်းစည်းကမ်းမျှဖြင့်လည်း ထိန်းချုပ်ခံရခြင်းမရှိ၊ ပစ်မှတ်ရွေးချယ်ရာ၌လည်း မည်သည့်သိက္ခာကျမှုမှမရှိ၊ ၎င်းတို့ အသုံး



မပြုသည့် နည်းလမ်းဟူ၍လည်း မရှိ ဖြစ်သည်။ ၎င်းတို့၏ ကောက်ကျစ်သော လှုပ်ရှားမှု သဘာဝကြောင့် ဖုံးကွယ်သိုသိပ်မှု လွန်စွာအားကောင်းပြီး ထိခိုက်မှုအတိုင်းအတာလည်း ကျယ်ပြန့်ကာ အပြစ်မဲ့ အရပ်သားများကိုသာ ရွေးချယ်တိုက်ခိုက်ခြင်းဖြစ်၍ လွန်စွာ ရက်စက်ကြမ်းကြုတ်သော နည်းလမ်းများဖြစ်သည်။ ယင်းတိုက်ခိုက်မှုများအား မီဒီယာများက အချိန်နှင့် တပြေးညီ ထုတ်လွှင့်မှုကြောင့် အကြမ်းဖက် တိုက်ခိုက်မှုများ၏ ထိရောက်မှု အာနိသင်မှာ ပို၍ပင် ပြင်းထန်လာသည်။ ၎င်းတို့၏ စစ်ပွဲတွင် လူလူချင်း တိုက်ခိုက်ရသည်ဟူ၍ မရှိ၊ စစ်ကြေညာခြင်းမရှိ၊ မှသေ စစ်မြေပြင်ဟူ၍လည်း မရှိ၊ မျက်နှာချင်းဆိုင် ရင်ဆိုင်တိုက်ခိုက်ရခြင်းလည်း မရှိဖြစ်သည့်အပြင် တိုက်ခိုက်မှု အတော်များများ၌ ယမ်းခိုးယမ်းငွေ့နှင့် သွေးထွက်သံယိုမှုလည်း မရှိချေ။ သို့ရာတွင် ဤတိုက်ခိုက်မှုများကြောင့် နိုင်ငံတကာ အသိုက်အဝန်း၏ နစ်နာခံစားရမှုမှာ သာမန်စစ်ပွဲတစ်ရပ်ထက် မနိမ့်ချေ။

အကြမ်းဖက် နည်းဟောင်းများဖြစ်သော ပြန်ပေးဆွဲခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်း၊ ယာဉ်များအပိုင်စီးခြင်းတို့ တဖြည်းဖြည်းပျောက်ကွယ်သွားသည့် နေရာတွင် အကြမ်းဖက်နည်းသစ်များက လျင်မြန်စွာ ပေါ်ပေါက်နေရာယူလျက် ရှိသည်။ ၁၀ နှစ်မျှသော ကာလအတွင်းမှာပင် အမည်နာမပင် မရှိသောဘဝမှ တစ်ကမ္ဘာလုံးက အာရုံစိုက်ရသော အမှောင့်ပယောဂများ ဖြစ်လာခဲ့ကြရာ ယင်းတို့အနက် ကွန်ပျူတာ ဟက်ကာများသည် ထိပ်ဆုံးမှ ဖြစ်သည်။ ကွန်ပျူတာ အသုံးပြုမှုနှင့် အတူ ခေတ်စားလာသော အင်တာနက်ကြောင့် ဟက်ကာများသည် ယနေ့လူနေမှုဘဝကို ပို၍ ခြိမ်းခြောက်လာသည်။ ဤနေရာတွင် ဟက်ကာဆိုရာ၌

ကွန်ပျူတာ ကွန်ရက်ပေါ်မှ သတင်းအချက်အလက် ခိုးယူသူများ၊ ဖိုင်များ ဖျက်ခြင်း၊ ပြောင်းလဲခြင်း ပြုလုပ်သူများ ဗိုင်းရပ်စ်ပရိုဂရမ် လွှတ်ထုတ်သူများ ငွေကြေးအမြောက်အမြား ခိုးယူလက်ပြောင်း လက်လွှဲလုပ်သူများ၊ (Networks) ပေါ်မှ ပရိုဂရမ် ဖျက်ဆီးသူများ ကို ဆိုလိုပေသည်။ ယင်းသို့ ဖျက်လို ဖျက်ဆီး ဆန္ဒမရှိသော အခြားဟက်ကာများနှင့် ကွဲပြားစေရန် ဤဟက်ကာများအား "နက်ဝပ်ခ်လူဆိုးများ" သို့မဟုတ် "နက်ဝပ်ခ်အာဏာရှင်များ" ဟု ခေါ်ဆိုက ပိုမိုတိကျပေမည်။

ယနေ့ကမ္ဘာကြီးအား ခြိမ်းခြောက်နေသော ယင်းအန္တရာယ်များမှာ တုန်လှုပ်ချောက်ချားဖွယ်ရာ ဖြစ်၏။ ၁၉၈၈ ခုနှစ်က ဟက်ကာဟူ၍ မည်သူမျှ မကြားဘူးသေးချိန်တွင် ရောဘတ် မောရစ်ဆိုသူ တီထွင်လိုက်သော (Worm) ပရိုဂရမ်က အမေရိကန် ကာကွယ်ရေးဌာန၏ ရေရှည်စီမံကိန်းရေးဆွဲရေးရုံး၊ (Rand) ကော်ပိုရေးရှင်း၏ ဗဟိုသုတေသနဌာနနှင့် ဟားဗတ်တက္ကသိုလ်ရှိ ကွန်ပျူတာများ အပါအဝင် စစ်ဘက်၊ နယ်ဘက်မှ ကွန်ပျူတာပေါင်း (၆၀၀၀) ကို စွမ်းအားမဲ့ဖြစ်သွားစေခဲ့၏။ ၎င်းနောက်ပိုင်းတွင် ဤအဖြစ်အပျက်များ အင်တာနက်မှ တစ်ဆင့် တစ်ခုပြီး တစ်ခု ကြိမ်ဖန်များစွာ ကြုံလာရ၏။ အမေရိကန်အစိုးရသည် ၁၉၉၀ ခုနှစ်မှ စတင်၍ နက်ဝပ်ခ်ရာဇဝတ်မှုများကို အပြင်းအထန် နှိပ်ကွပ်လာရာ ဟက်ကာများ၏ လှုပ်ရှားမှုမှာ လျော့မသွားသည့် အပြင် တစ်ကမ္ဘာလုံးသို့ တောမီးပမာ ပျံ့နှံ့သွားခဲ့တော့သည်။

အမေရိကန်ပြည်ထောင်စုက ၎င်း၏ "သတင်းစစ်" စာစောင်ပြဋ္ဌာန်းချက်တွင် ၎င်း၏ ရန်သူအဖြစ် အင်တာနက်ကို ခွင့်ပြုချက်မရဘဲ သုံးစွဲသူ (Non-Approved Users) အတွင်းလူ၊



အကြမ်းဖက်သမားများ၊ နိုင်ငံမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်ပထောက်လှမ်းရေး အဖွဲ့အစည်းများဟူ၍ ၆ မျိုး သတ်မှတ်ခဲ့လိုက်သည့် နောက်တွင် အမျိုးသားရေး သို့မဟုတ် စစ်ရေး နောက်ခံဖြင့် လှုပ်ရှားသော ဟက်ကာများ ပို၍ ပေါ်ပေါက်လာခဲ့သည်။ ယင်းအတွက်ကြောင့် အင်တာနက်ပေါ်၌ တကွဲတပြားစီ ဖြစ်နေသော သဘာဝတူ ဟက်ကာ အချင်းချင်း တိုက်ပွဲဝင် တပ်ဖွဲ့ကြီးများသဖွယ် ပိုမိုစုစည်းအားကောင်းလာစေရုံမက နိုင်ငံ အဆင့် တိုက်ခိုက်မှု ပုံစံများအထိ ကြီးထွားလာကာ အင်တာနက် ပေါ်၌ ခြိမ်းခြောက်မှု ပိုမိုကြီးမားလာပြီဖြစ်ရာ ကြိုတင်ခန့်မှန်း ကာကွယ်ရန် ခက်သည်ထက် ပိုခက်လာ၏။ တစ်ခုတည်းသော ကြိုတင်ခန့်မှန်းနိုင်သော အချက်မှာ ဤခြိမ်းခြောက်မှုများသည် ကြီးမားသော ကွန်ပျူတာနက်ဝပ်ခ်များ တည်ရှိနေသည့် အမေရိကန် ပြည်ထောင်စုအတွက် အခြားနိုင်ငံများထက် ပိုမိုအန္တရာယ်ကြီးမားသည် ဆိုခြင်းဖြစ်၏။ ဤအခြေအနေကို အမေရိကန် (FBI) အဖွဲ့မှ ကွန်ပျူတာ ရာဇဝတ်မှုများ၊ စုံစမ်းစစ်ဆေးရေး တာဝန်ခံ (J. Saitterdou) ၏ "ကျွန်တော့်ကို လက်ရွေးစင် ဟက်ကာ (၁၀) ယောက်သာ ပေးပါ။ ရက် (၉၀) အတွင်း အမေရိကန် ပြည်ထောင်စု လက်နက်ချ အရှုံးပေးအောင် လုပ်ပြပါ့မယ်" ဟူသော ပြောကြားချက်က သက်သေခံနေပေသည်။

ဤသို့သော "နက်ဝပ်ခ်လူဆိုးများ" လုပ်ရပ်နှင့် နှိုင်းယှဉ်ပါက ဘင်လာဒင်၏ နည်းလမ်းများသည် ပုံစံဟောင်း အကြမ်းဖက်မှုများကို အမွေဆက်ခံသလိုသာ ရှိချေ၏။ သို့ရာတွင် ၎င်းအား ပုံစံဟောင်း အကြမ်းဖက်သမားဟု မယူဆနိုင်ချေ။ ဘင်လာဒင်၏ လုပ်ဆောင်ချက်များမှာ ပုံစံဟောင်းနှင့် မတူညီချေ။

ဘာသာရေးမှိုင်းတိုက်မှုများ၊ နိုင်ငံကြီးများ၏ ဩဇာလွှမ်းမိုးမှုကို ဆန့်ကျင်ခြင်းများအပြင် ယခင် အကြမ်းဖက်သမားဟောင်းများလို ဘင်လာဒင်သည် ခြိမ်းခြောက်ရုံသက်သက် ခြိမ်းခြောက်သူမဟုတ်၊ အကြွားလွန်သူ မဟုတ်ချေ။ နိုင်ရိုဘီနှင့် ဒါရစ်ဆာလမ်ရှိ အမေရိကန် သံရုံးများ ဗုံးခွဲမခံရမီ အချိန်အထိ နိုင်ငံတကာ အကြမ်းဖက်မှု တိုက်ဖျက်ရေးအဖွဲ့က ထုတ်ပြထားသောအကြမ်းဖက် အဖွဲ့အစည်း (၃၀) ၏ စာရင်းတွင် ဘင်လာဒင် အမည်မပါ သေးပေ။ ထိုအချိန်အထိ ဘင်လာဒင်မှာ သွေးစွန်းနေပြီဖြစ်သော်လည်း အာရပ်ကမ္ဘာတွင်မူ အမည်မဲ့ သူရဲကောင်းတစ်ဦးအဖြစ်သာ ရှိနေသေးခြင်းမှာ မကြွားဝါတတ်ခြင်းကြောင့်ဖြစ်၏။ အမေရိကန်တို့က ၎င်း၏ စခန်းများအား ခရုဇ်ဒုံးပျံဖြင့် တိုက်ခိုက်ပြီး ဘင်လာဒင်အား ဖမ်းဝရမ်းထုတ်ချိန်အထိပင် ယင်းတိုက်ခိုက်မှုများ မိမိလက်ချက် မဟုတ်ပါဟု ငြင်းဆိုဆဲဖြစ်၏။ ယင်းသို့ ဖုံးကွယ်ထားခြင်းကြောင့်ပင် ပိုမိုနာမည်ကြီးလာသည့် လုပ်နည်းလုပ်ဟန်မှာ ခေတ်သစ်ဘင်လာဒင်ပုံစံ အကြမ်းဖက်အဖွဲ့များ၏ ပထမဦးဆုံးသော ဝိသေသလက္ခဏာ ဖြစ်၏။ ၎င်းအပြင် အနောက်အုပ်စု၏ လွတ်လပ်သော စီးပွားရေးစနစ်ပုံစံနှင့် အားနည်းချက်များကို အသုံးချကာ ကုမ္ပဏီများ ထောင်ခြင်း၊ ဘဏ်များထောင်ခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ မှောင်ခိုကုန်ကူးခြင်း၊ လက်နက် အရောင်းအဝယ်လုပ်ခြင်း၊ ငွေတုများ ပြုလုပ်ခြင်း၊ ဘာသာရေး အလှူငွေများကို အရင်းအနှီးများအဖြစ် အသုံးချခြင်းနည်းလမ်းများကို အသုံးချလာခဲ့၏။ ယင်းသို့ဖြင့် ဤအကြမ်းဖက် အဖွဲ့အစည်းသစ်များ၏ လက်တံမှာ ပိုမိုရှည်လျား ကျယ်ပြန့်လာခဲ့သည်။ ၎င်းအပြင် ဘာသာရေးအသင်းအဖွဲ့များကို အသုံး



ချကာ ကိုယ်ပိုင်မီဒီယာအဖြစ် ထူထောင်ခြင်း၊ အစိုးရဆန့်ကျင်ရေးပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းခြင်းတို့ကို လုပ်ဆောင်လာကြသည်။ လှူဒါန်းငွေများ လွယ်လွယ်ကူကူ ရရှိနေခြင်းကလည်း ငွေအရင်းအနှီး အမြောက်အမြား ရရှိရုံမက အဆင့်မြင့်နည်းများဖြင့် ပို၍ လွယ်လွယ်ကူကူ လူသတ်နိုင်စွမ်းရှိလာပေသည်။ ၎င်းတို့အနေဖြင့် အနောက်အုပ်စုမှ အချမ်းသာဆုံး နိုင်ငံများကိုသာ ရည်ရွယ်တိုက်ခိုက်လေ့ ရှိသော်လည်း ယနေ့နိုင်ငံတကာ အသိုက်အဝန်းအားလည်းကောင်း၊ တည်ဆဲဥပဒေ စည်းကမ်းများအားလည်းကောင်း ကြီးမားစွာ ခြိမ်းခြောက်လျက် ရှိပေသည်။ ဤသို့ တိုးတက်များပြားလာသော အကြမ်းဖက် အဖွဲ့အစည်းသစ်များမှာ သိရှိ မြင်တွေ့နိုင်သည့် အဖွဲ့အနည်းသာဖြစ်ပြီး တိတ်တဆိတ်ကြီးထွားနေသည့် အဖွဲ့ပေါင်း မြောက်မြားစွာ ရှိနေသေးသည်ဆို၏။

ဤအကြမ်းဖက် ရေစီးကြောင်းအတွင်းသို့ ဝင်ရောက်လာသော အုပ်စုတစ်ရပ်မှာ နိုင်ငံတကာမှ ငွေကြေး ဈေးကစားသူများ ဖြစ်သည်။ ယနေ့အထိ မည်သူ့ကိုမျှ ငွေကြေး အကြမ်းဖက်သမားဟု တိတိကျကျ အမည်မတပ်နိုင်သေးသော်လည်း နိုင်ငံတကာတွင် ပုန်းလျှိုးနေသော ဤကဲ့သို့ ငွေကြေးအကြမ်းဖက်သမားများ မြောက်မြားစွာ ရှိနေပေ၏။ ယင်းတို့၏ အဖျက်စွမ်းအားကို အင်္ဂလန်၊ မက္ကဆီကိုနှင့် အရှေ့တောင်အာရှဒေသများ၌ မျက်ဝါးထင်ထင် ကြုံတွေ့ခံစားခဲ့ကြရသည် ဖြစ်၏။ ယင်းတို့အား နက်ဝပ်ခ်လူဆိုးများနှင့် ဘင်လာဒင်လို ပုဂ္ဂိုလ်များကပင် ဖျက်ဆီးသည့်အရာ၌ မည်သို့မျှ လိုက်မမီချေ။ ဆောရော့စ်ကဲ့သို့ နေ့စဉ် ဒေါ်လာငွေ ဘီလီယံပေါင်း ၁၂၀ ကျော်ကို

လိုသလို ကြိုးကိုင်ခြယ်လှယ်နိုင်သူများသည် ဘဏ္ဍာရေးစည်းမျဉ်းများ၊ စီးပွားရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို လိုရာသုံး၍ ငွေကြေးအကြပ်အတည်း တစ်ခုပြီးတစ်ခု ဖန်တီးနိုင်စွမ်း ရှိခဲ့သည်။ အကျိုးရလဒ်မှာ ထိခိုက်နစ်နာသော နိုင်ငံများဟူ၍ ပထမတွင် အရှေ့တောင်အာရှမှ ရုရှားသို့၊ ယင်းမှ ဂျပန်သို့နှင့် နောက်ဆုံးတွင် ဥရောပနှင့် အမေရိကန်ပြည်ထောင်စုကိုပါ ရောက်ရှိသွားသည်အထိ တိုးပွားလာခဲ့သည်။ ကမ္ဘာ့ငွေကြေးစနစ်နှင့် စီးပွားရေးစနစ် တစ်ခုလုံး အခြေခံအုတ်မြစ်မှစ၍ လှုပ်ခါသွားခဲ့ပြီး လူ့အဖွဲ့အစည်းနှင့် နိုင်ငံတကာ လုံခြုံရေးကိုပင် ခြိမ်းခြောက်မှုများ ဖြစ်လာခဲ့သည်။ အကြမ်းဖက်လုပ်ရပ်၏ ဝိသေသများဖြစ်သော နိုင်ငံတကာအဆင့်ရှိခြင်း၊ ပုန်းလျှိုးနေခြင်း၊ စည်းမျဉ်းစည်းကမ်းမရှိခြင်းနှင့် ကြီးမားစွာ ထိခိုက်ပျက်စီးမှု ရှိခြင်းဟူသော အချက်များနှင့် တိုင်းတာပါက ဤလုပ်ရပ်ကို ဘဏ္ဍာရေးအကြမ်းဖက်မှုဟု ခေါ်ဆိုရန် ခိုင်လုံသော အကြောင်းများ ရှိပေသည်။

နိုင်ငံတစ်နိုင်ငံအနေဖြင့် ပိုင်ဆိုင်ထားသော အုပ်ချုပ်မှုယန္တရားများနှင့်ဆိုလျှင် အကြမ်းဖက်သမားများနှင့် ၎င်းတို့၏ အဖွဲ့အစည်းများမှာ စာဖွဲ့လောက်စရာပင် မရှိချေ။ သို့ရာတွင် မည်သည့်နိုင်ငံကမျှ ၎င်းတို့အား ပေါ့ပေါ့ဆဆ သဘောမထားဝံ့ပေ။ အဓိကအကြောင်းအရင်းမှာ ၎င်းတို့သည် မည်သည့် စည်းကမ်း စည်းမျဉ်းကိုမျှ မလိုက်နာသည့် "သူရူး" "သူရမ်းကား" များ ဖြစ်နေပေသည်။ နျူကလီးယားလက်နက် ပိုင်ဆိုင်ထားသော အကြမ်းဖက် အဖွဲ့အစည်းတစ်ခုသည် အလားတူ လက်နက်မျိုး ပိုင်ဆိုင်ထားသည့်နိုင်ငံ တစ်နိုင်ငံထက်ပို၍ အန္တရာယ်ကြီးမားသည်။ "ငါသေရလျှင် တခြား ဘယ်သူ့ကိုမှ အရှင်မထားဘူး" ဟူသည့်



ဘင်လာဒင်၏ ကြွေးကြော်သံကို ကြည့်ပါက ၎င်းလုပ်ချင်ရာ လုပ်ရန် မည်သည့်အကြောင်းတရားကိုမျှ ထောက်ထားနေမည် မဟုတ်၊ အမေရိကန် (၁၀) ယောက် သေရန် အခြားအပြစ်မဲ့သူ ထောင်နှင့်ချီ၍ စတေးရန် ဝန်လေးမည် မဟုတ်ဟူသည်ကို ထင်ရှားစေ၏။ ဆောရော့စ်၏ လက်ကိုင်ဆောင်ပုဒ်မှာ "ငါ အခန်း ထဲဝင်ပြီး ပိုက်ဆံခိုးတာ မင်းတို့ တံခါးသော့ခတ်မထားလို့" ဟူ၍ ဖြစ်၏။ ဤသို့ဆိုခြင်းကြောင့် အခြားနိုင်ငံများ၏ စီးပွားရေးနှင့် နိုင်ငံရေးစနစ်တစ်ခုလုံးအား ဖျက်ဆီးခြင်းတွင် မိမိတွင် တာဝန်မရှိဟု ဆိုလိုက်ခြင်း ဖြစ်ပေသည်။ တစ်နည်းအားဖြင့် မိမိတာဝန်ဟူ၍ တာဝန်မယူခြင်း ဖြစ်၏။

အစ္စလာမ်အခြေခံဝါဒနောက်ကွယ်တွင် ပုန်းလျှိုးနေသော ဘင်လာဒင်အတွက်လည်းကောင်း၊ လွတ်လပ်သော စီးပွားရေးစနစ်၏ နောက်ကွယ်တွင် ပုန်းလျှိုးနေသော ဆောရော့စ်အတွက်လည်းကောင်း၊ ကွန်ပျူတာကွန်ရက်များ နောက်ကွယ်၌ ပုန်းလျှိုးနေသော ဟက်ကာများအတွက်လည်းကောင်း နိုင်ငံတကာ နယ်နိမိတ်မျဉ်းဟူသည်သာမက မည်သည့်နယ်နိမိတ် ကန့်သတ်ချက်မျှ မရှိချေ။ ၎င်းတို့ လုပ်ဆောင်လိုသည်မှာ ပုံစံတကျ ရှိနှင့်နေပြီးသော လောကတစ်ခုကို ပုံစံမကျသော နည်းဖြင့် ဖျက်ဆီးလိုခြင်းသာ ဖြစ်၏။ ဤအကြမ်းဖက် အင်အားစုသစ်များသည် ယနေ့ကမ္ဘာကို မကြုံဘူးသော နည်းလမ်းသစ်များဖြင့် ခြိမ်းခြောက်လျက်ရှိ၏။ ယင်းတို့ ဖျက်ဆီးသော အကြောင်းအရာများတွင် ရှိပြီးဖြစ်သော စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများလည်း ပါဝင်၏။ သို့အတွက် ယင်းဥပဒေများ မပျက်စီးအောင် ကာကွယ်ရုံမက ခေတ်နှင့်လျော်ညီအောင် ပြန်လည်ပြင်ဆင်ရေးဆွဲရန်လည်း

လိုပေသည်။ အကြောင်းမှာ ယင်းဥပဒေစည်းမျဉ်းများ ဖျက်ဆီးခံလိုက်ရသည်နှင့်အမျှ ချက်ချင်း အရေးတကြီး ဖြေရှင်းပေးရမည့် ပြဿနာသစ်များ ပေါ်ပေါက်လာလေ့ရှိခြင်းကြောင့် ဖြစ်၏။ ခေတ်ဟောင်း၊ စနစ်ဟောင်း ချုပ်ငြိမ်းနေသည့် ဤကာလတွင် ယင်းကို ဖျက်ဆီးသူများ သို့မဟုတ် ပြောင်းလဲသော အခြေအနေနှင့် လိုက်လျောညီထွေ အကျိုးရှိစွာ အသုံးချတတ်သူများသည်သာ ခေတ်သစ်၊ စနစ်သစ်တွင် ဦးဆောင်ကဏ္ဍ၌ ရှိနေတတ်သော ကြောင့် ဖြစ်သည်။ ဤရှုထောင့်မှ ကြည့်လျှင် ခေတ်သစ် အကြမ်းဖက်သမားများသည် နိုင်ငံတကာ အသိုင်းအဝန်းများထက် ခေတ်ရှေ့ပြေးနေကြောင်း တွေ့ရပေမည်။

မည်သည့် စည်းမျဉ်းစည်းကမ်းကိုမျှ ဂရုမထားသော ရန်သူအား ရင်ဆိုင်ရန် အကောင်းဆုံးနည်းလမ်းမှာ ဤစည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်၍ ရင်ဆိုင်ခြင်းပင် ဖြစ်သည်။ ဤသို့သော စစ်ပွဲမဟုတ်သည့် စစ်မှုရေးရာကို ရင်ဆိုင်ရာ၌ အမေရိကန်တို့က ခရစ်ဒုံးပျံများကို အသုံးပြုပြီး ဟောင်ကောင် အစိုးရက အရန်နိုင်ငံခြားသုံးငွေနှင့် အုပ်ချုပ်ရေးယန္တရားကို အသုံးချတုံ့ပြန်ခဲ့ကာ ဗြိတိသျှအစိုးရကမူ ထောက်လှမ်းရေးသမားများ လွှတ်၍ ၎င်းတို့က အကြမ်းဖက်သမားဟု သတ်မှတ်ထားသော ရန်သူနိုင်ငံခေါင်းဆောင်များကို လုပ်ကြံသည့်နည်းလမ်းများ အသုံးချခဲ့ကြသည်။ ဤသည်တို့မှာ စည်းမျဉ်းစည်းကမ်းသစ်များ ပြင်ဆင်အသုံးပြုခြင်းနှင့် တန်ပြန်သည့် နည်းလမ်းများ ပြောင်းလဲခြင်းပင် ဖြစ်သည်။ သို့ရာတွင် စာရေးသူတို့ကမူ ဤသို့လုပ်ဆောင်မှုမျိုးကို ထုံထိုင်းသော တွေးခေါ်မှုနှင့် ကျဉ်းမြောင်းသော နည်းလမ်း အသုံးပြုခြင်းဟု ထောက်ပြကြ၏။ အမေရိကန်တို့သည်



ဘင်လာဒင်၏ နိုင်ငံတကာရှိ ဘဏ်ငွေစာရင်းများကို ဟက်ကာနည်းလမ်းများ အသုံးပြုပိတ်ပစ်ရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်ဆို၏။ ဤသည်မှာ ၎င်း၏ ဘဏ္ဍာငွေ ရေသောက်မြစ်ကို ဖြတ်တောက်ခြင်းဖြစ်၏။ စစ်ရေးမဟုတ်သော နည်းလမ်းဖြင့် ထူးထူးခြားခြား စစ်ဆင်ခြင်းလည်း ဖြစ်၏။ မည်သို့ပင်ဆိုစေကာမူ ပုံစံဟောင်း အကြမ်းဖက်သမားများဖြစ်စေ၊ ပုံစံသစ်အကြမ်းဖက်သမားများ ဖြစ်စေ နိုင်ငံတကာမှ အစိုးရအသီးသီး၏ "လက်ဦးဆရာများ" ဖြစ်နေသည်ဆိုခြင်းကိုမူ မငြင်းနိုင်ပေ။

## ကောက်တေးအရက်စပ်နည်း သုံးပါ

တရုတ်နိုင်ငံ ဖောင်မင်းဆက်မှ ဝူဘုရင်သည်လည်းကောင်း၊ မဟာအလက်ဇန္ဒားဘုရင်သည်လည်းကောင်း ကောက်တေးအရက်ဆိုသည်ကို မသိခဲ့ကြချေ။ သို့ရာတွင် ၎င်းတို့နှစ်ဦးစလုံးသည် စစ်မြေပြင်၌ ကောက်တေးအရက်စပ်သလိုစပ်၍ စစ်တိုက်နည်း၌မူ တေဒဂ် ရခဲ့ကြ၏။ ၎င်းတို့သည် ကောက်တေးအရက်စပ်သလိုပင် စစ်မြေပြင်၌ လက်တွေ့အကြောင်းအရာ ၂ ခု သို့မဟုတ် ၎င်းထက်ပိုသော အကြောင်းအရာများကို ပေါင်းစပ်ကာတွင် အသုံးပြုတိုက်ခိုက်ခြင်းဖြင့် အောင်ပွဲများ ရရှိခဲ့ကြသည်။ တစ်နှင့် တစ် ပေါင်းခြင်းသည် အခြေခံ အကျဆုံးနှင့် ရှေးအကျဆုံး သင်္ချာနည်းဖြစ်၏။ လှံရှည်နှင့် ဒိုင်းသည် ရှေးခေတ်စစ်သည်တော်တစ်ဦးအား တိုက်စစ်တွင်လည်းကောင်း၊ ခံစစ်တွင်လည်းကောင်း၊ ချီစစ်တွင်လည်းကောင်း၊ ခွာစစ်တွင်လည်းကောင်း နေရာတိုင်း၌ အသုံးဝင်စေ၏။ စစ်သား ၂ ဦး ပေါင်းလျှင် အပ်တစ်တပ်ဖြစ်နိုင်၏။ ဤသည်တို့ကို ပေါင်းစပ်လိုက်သော

အခါ "လက်နက်ရှည်စွဲကိုင်သော စစ်သားများအား ခံစစ်တွင် အသုံးပြုပြီး လက်နက်တိုကိုင် စစ်သားများကို တိုက်စစ်တွင် အသုံးပြုနိုင်သည်" ဟူသော စစ်နည်းဗျူဟာအဖြစ် ဖွဲ့စည်း အသုံးချနိုင်လာပေသည်။ စစ်သူရဲကောင်း ဒွန်ကွီယိုတေးက ဗိုလ်ချုပ်တစ်ဦးနှင့် စစ်သားတစ်ဦးတို့၏ ကိုယ်စီလုပ်ငန်းတာဝန်များကို ခွဲခြားလိုက်နိုင်သောအခါ ယင်းအဖွဲ့သည် ခရီးရှည်ကို ချီတက်၍ စိတ်ကူးယဉ်မင်းသမီးအား ရန်ပြုမည့် မကောင်းဆိုးရွားရန်ကို တွန်းလှန်နိုင်ခဲ့၏။ ဤသို့သော ရိုးစင်းသည့် ပေါင်းစပ်အသုံးချမှုများသည် စစ်မြေပြင်အဆက်ဆက်ကို ပြောင်းလဲစေခဲ့သည်။ မီးမပါသော လက်နက်များမှသည် မီးပေါက်လက်နက်များအဖြစ်လည်းကောင်း၊ နျူကလီးယားလက်နက်များမှသည် ယနေ့အဆင့်မြင့် နည်းပညာသုံး လက်နက်များအဖြစ်လည်းကောင်း၊ ဤပေါင်းစပ်အသုံးချမှုပညာက စစ်သမိုင်းတစ်လျှောက် စစ်ပွဲများ၏ ရလဒ်ကို လွှမ်းမိုးနေခဲ့၏။ တရုတ်ရာဇဝင်တွင် ရှန်မင်းဆက် လက်ထက် ဖောင်ဘုရင်၏ သိန်းနှင့်ချီသော စစ်အင်အားကို ဝူဘုရင်သည် စစ်ရထား ၃၀၀၊ သူရဲကောင်း ၃၀၀၀၊ သံချပ်ဝတ်စစ်သည် ၄၅၀၀၀ ဖြင့် အနိုင်တိုက်ခဲ့ရာ ဖောင်နိုင်ငံတော်တွင် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ခဲ့၏။ စစ်အောင်စေသော အဓိကအကြောင်းအရင်းမှာ စစ်ရထား၊ စစ်သူရဲကောင်းနှင့် စစ်သည်များကို မှန်ကန်စွာ ပေါင်းစပ်အသုံးချခြင်းကြောင့် အင်အားဆပွားကြီးထွားလာစေခြင်းဖြစ်၏။ စစ်သမိုင်းတွင် အစောဆုံးသော ပေါင်းစပ်အသုံးချသည့်တိုက်ပွဲဖြစ်သည်။ နောင်နှစ်ပေါင်း ၃၁၂၀ ကြာလာသော ယနေ့ခေတ်တွင် ဤနည်းလမ်းကို အသိအမှတ်ပြုလာကြရတော့၏။



အလားတူ စစ်ပွဲမျိုးမှာ အာရှတိုက်၌သာမက အနောက်ဥရောပ၌ပင် ဖြစ်ပွားခဲ့သည်။ အာဘဲလားတိုက်ပွဲ၌ မဟာအလက်ဇန္ဒားက မိမိထက် အင်အားကြီးမားသော ရန်သူအား မိမိတပ်အခင်းအကျင်း ပြောင်းလဲခြင်းဖြင့် အငိုက်ဖမ်းကာ အနိုင်ယူခဲ့သည်။ ၎င်းက စတုရန်းပုံ ခြေလျင်တပ် ထု၏ ဘယ်တောင်ပံနှင့် ညာတောင်ပံတို့၌ မြင်းတပ်များကို ဖြန့်ခွဲတိုက်ခိုက်ရာ မြင်းတပ်၏ ပြောင်းလွယ်ပြင်လွယ်ရှိမှုနှင့် ခြေလျင်တပ်ထု၏ ခိုင်မာမှုအကြားတွင် စတုရန်းပုံ ထောင်ချောက်သဖွယ်ဖြစ်ကာ ရန်သူကို အပြတ်အသတ်အနိုင်ရခဲ့သည်။

အရှေ့အာရှ၏ စစ်သမိုင်းကိုဖြစ်စေ၊ အနောက်ဥရောပ၏ စစ်သမိုင်းကိုဖြစ်စေ လေ့လာပါက "ပေါင်းစပ်ခြင်း" (Combination) ဟူသော ဖော်ပြချက်ကို လုံးဝတွေ့ရလိမ့်မည်မဟုတ်ပါ။ သို့ရာတွင် သမိုင်းတစ်လျှောက်မှ စစ်ပါရဂူတိုင်းသည် ဤသဘောတရားကို မသိစိတ်မှ ကောင်းစွာ နားလည်သဘောပေါက်ခဲ့ကြ၏။ မီးပေါက်သေနတ်များ ခေတ်ဦးတွင် ဆွီဒင်ဘုရင် ကားလ်ဂူစတပ်ဗ်မှာ အများချီးကျူးခံရသော စစ်ဘက်ပြုပြင် ပြောင်းလဲရေးသမားတစ်ဦးဖြစ်ခဲ့၏။ ၎င်း၏ ပြုပြင်ပြောင်းလဲမှုများကို ကြည့်ပါက တပ်များ အထပ်ထပ် ခင်းကျင်းပုံနှင့် လက်နက်များ နေရာချထားမှုတို့ကို ပေါင်းစပ်အသုံးပြုထားခြင်း ဖြစ်ကြောင်း တွေ့ရပေသည်။ ၎င်းက လှံရှည်များနှင့် သေနတ်ကိုင်စစ်သည်များအား အတူတကွ နေရာယူစေခြင်းဖြင့် သေနတ်သမားများ ကျည်ထိုးချိန်တွင် လှံရှည်များ၏ အကာအကွယ် ကောင်းစွာ ရစေခဲ့သည်။ ဤသည်မှာ သေနတ်နှင့် လှံရှည်နှစ်မျိုးစလုံးကို အကျိုးအရှိဆုံး ပေါင်းစပ်အသုံးချခြင်းဖြစ်၏။ ၎င်းအပြင် အမြောက်ပစ်ခတ်မှု၏ ယမ်းခိုး

ယမ်းငွေ့များ အကာအကွယ်ဖြင့် အပေါ့စား မြင်းတပ်တစ်လှည့်၊ အကြီးစားမြင်းတပ်တစ်လှည့်၊ သေနတ်ကိုင်စစ်သားများ တစ်လှည့် ဟူ၍ ရန်သူ့စစ်ကြောင်းအား အလှည့်ကျပေါင်းစပ်ချေမှုန်းသည့် စနစ်ကိုလည်း တီထွင်ခဲ့၏။ အဆိုပါ ဘုရင်သည် "ပထမဆုံးသော စစ်မြေပြင် အမြောက်ပါရဂူ" ဟု အခေါ်ခံရလောက်အောင် အမြောက်၏ သဘောတရားနှင့် ထိရောက်မှုတို့ကို စစ်မြေပြင်တွင် ကျွမ်းကျင်စွာ အသုံးချနိုင်ခဲ့သည်။ ၎င်းအပြင် အပေါ့စားအမြောက် တပ်နှင့် အကြီးစား အမြောက်တပ်တို့ကိုလည်း ခွဲခြားအသုံးချခဲ့၏။ အပေါ့စားအမြောက်အား ခြေလျင်တပ်ရင်းကြီးပိုင် အမြောက် အဖြစ် ခြေလျင်နှင့်အတူ ပေါင်းစပ်အသုံးချခဲ့ပြီး အကြီးစား အမြောက်ကိုမူ တပ်မတော်တစ်ခုသဖွယ် သီးခြားခွဲထုတ် အသုံး ချခဲ့၏။ သို့ဖြင့် စစ်မြေပြင်တစ်ခုလုံးအား အမြောက်ပစ်အားဖြင့် လွှမ်းမိုးထားနိုင်၏။ သို့အတွက် ထိုခေတ်ကပင် အမြောက်၏ စွမ်းပကားကို အထိရောက်ဆုံးအဆင့်အထိ အသုံးချနိုင်ခဲ့သည်ဟု ဆိုနိုင်၏။

ဤသည်ဝို့အားလုံးမှာ အမြောက်ပါရဂူ နပိုလီယံ မတိုင်မီက ဖြစ်၏။ အမြောက်လက်ရေ ၂၀၀၀၀ ကို စစ်မြေပြင်၌ ထုတ်သုံးသော နပိုလီယံနှင့်စာလျှင် ကားလ်ဂူစတပ်ဖ်မှာ မော်ဆရာကြီးရှေ့ ရောက်နေသည့် မော်ဆရာပေါက်စသဖွယ် ဖြစ်သည် ဆို၏။ ၁၇၉၃ ခုနှစ်မှ ၁၈၁၄ ခုနှစ်အကြား နှစ် ၂၀ ကာလ အတွင်း အမြောက်၏ သဘောတရားကို နပိုလီယံလောက် မည်သူမျှ နားမလည်ခဲ့ဟုဆိုသည်။ အမြောက်၏ ပစ်အားနှင့် မြင်းတပ်၏ စစ်ကစားနိုင်မှုတို့ကို ပေါင်းစပ်ခြင်းကြောင့် ဗိုလ်ချုပ် ဒါဗောက်နှင့် ဗိုလ်ချုပ်မူရတ်တို့ကဲ့သို့သော ရဲရဲတောက် ဗိုလ်ချုပ်



များ ကွပ်ကဲသည့် ခြေလျင်တပ်များနှင့် ပေါင်းစပ်လိုက်သော အခါ အသံကြားသည်နှင့် ရန်သူများ ထွက်ပြေးရသော ဥရောပ တိုက်တစ်ခွင် ဖိန့်ဖိန့်တုန်ရသည့် ပြင်သစ်တပ်မတော်ဟူ၍ နာမည်ကျော်ကြားခဲ့ပေသည်။ ဤနည်းလမ်းကို နပိုလီယံသည် ဩစတားလစ်တိုက်ပွဲမှသည် ဘိုရိုဒီနိုတိုက်ပွဲအထိ ရှုံးပွဲမရှိ အသုံး ချနိုင်ခဲ့သဖြင့် "နပိုလီယံ မနိုင်သော တိုက်ပွဲမရှိ" ဟူသော ဒဏ္ဍာရီဆန်ဆန် ဆိုရိုးစကားပင် ထွက်ပေါ်ခဲ့ရသည်။

အဓိကစစ်ပွဲကြီးတစ်ခုကို မိမိဘက်မှ လူ (၁၀၀) ကျော် ကျဆုံးမှုဖြင့် အနိုင်တိုက်နိုင်ခဲ့သော ဗိုလ်ချုပ်ကြီးရှွပ်စကော့ဖ်ကို တေဒင်္ဂရ စစ်ပါရဂူတစ်ဦးအဖြစ် မယူဆနိုင်ချေ။ ကံကောင်းသူဟု သာ သတ်မှတ်နိုင်သည်။ ၎င်းအောင်ပွဲရခြင်း၏ အဓိကအချက်မှာ စစ်ပွဲတစ်ပွဲ၌ အဓိက အကျဆုံးသော အခြေခံအကြောင်းတရား များကို ပေါင်းစပ်အသုံးပြုနိုင်ခြင်း စွမ်းရည်ပင်ဖြစ်၏။ ၁၉၉၀ ခုနှစ် စစ်ပွဲအတွင်း ဗိုလ်ချုပ်ကြီးရှွပ်စကော့ဖ်လက်ထဲတွင် ရှိနေ ခဲ့သည့် နိုင်ဖဲအရေအတွက်မှာ ရှေးအဆက်ဆက် စစ်ဗိုလ်ချုပ်ကြီး များထက် ပို၍ များပြားသာလွန်သည်။ ဗိုလ်ချုပ်ကြီးရှွပ်စကော့ဖ် အနေဖြင့် နိုင်ငံပေါင်း ၃၀ ကျော်မှ မဟာမိတ်လက်နက်ကိုင် တပ်ဖွဲ့များ၊ ကြည်းတပ်၊ ရေတပ်၊ လေတပ်၊ အာကာသနှင့် အီလက်ထရောနစ် စစ်ဆင်ရေး စွမ်းအားစုများအား ပေါင်းစပ် ညှိနှိုင်း အသုံးချခြင်း၊ မီဒီယာကို အသုံးချခြင်း၊ စီးပွားရေး ပိတ်ဆို့ခြင်းစသော နည်းလမ်းများအပြင် အခြားသောနည်းလမ်း မျိုးစုံကို အသုံးချ၍ အဓိကရည်ရွယ်ချက်ဖြစ်သည့် ကူဝိတ်နိုင်ငံ တွင်းမှ အီရတ်တပ်များကို တိုက်ထုတ်ခြင်း၊ အနောက်အုပ်စု အတွက် အသက်သွေးကြောဖြစ်သည့် ရေနံသယ်ပို့ရာလမ်းကြောင်း

ကို ပြန်လည်ဖွင့်လှစ်ခြင်းနှင့် အရှေ့အလယ်ပိုင်းတွင် အမေရိကန်၏ ဩဇာအာဏာ ပိုမိုချဲ့ထွင်ခြင်းတည်း ဟူသော မဟာဗျူဟာ ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည်။ ဆာဒမ်ဟူစိန်အနေဖြင့် အမေရိကန် ဦးဆောင်သော တပ်ပေါင်းစု၏ သိန်းနှင့်ချီသော စစ်အင်အား၊ ထောင်နှင့်ချီသော တင့်နှင့် လေယာဉ်ပျံများကို စစ်မြေပြင်တစ်လျှောက် ပြန့်ကြဲနေသည့် ဘီလပ်မြေ၊ သဲနှင့် အားဖြည့်သံချောင်းများအဖြစ်သာ မြင်ခဲ့၏။ ယင်းဘီလပ်မြေ၊ သဲနှင့် သံချောင်းများ အချိုးကျပေါင်းစပ်၍ အားဖြည့်ကွန်ကရစ်ဘ၀ဖြင့် ၎င်းအား ထုနှက်သောအခါမှသာ ရန်သူ၏ အင်အားအစစ်အမှန်ကို နဖူးတွေ့ ဒူးတွေ့ သိရှိရတော့သည်ဆို၏။ ၎င်းအပြင် အနောက်နိုင်ငံသား ဓားစာခံများအား ဖမ်းဆီးခြင်း၊ ပြီးမှ ပြန်လွှတ်ပေးခြင်း၊ နိုင်ငံရေးအရ အထီးကျန်မှုနှင့် စီးပွားရေး ပိတ်ဆို့မှုများကို သံတမန်ရေးနည်းလမ်းဖြင့် မဖြေရှင်းနိုင်ခြင်းတည်းဟူသော အမှားများ ဆက်တိုက်ကျူးလွန်မိသည့် အားနည်းချက်လည်း ရှိခဲ့သည်။

သို့အတွက် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ က ဖြစ်ပွားသော စစ်ပွဲဖြစ်စေ၊ ၂၀ ရာစုနှစ်ကုန်တွင် ဖြစ်ပွားသော စစ်ပွဲဖြစ်စေ အောင်မြင်သူတို့၌ တူညီသော ဝိသေသတစ်ခုကို ဖော်ထုတ်တွေ့ရှိရပေသည်။ **"ကောင်းစွာ ပေါင်းစပ် အသုံးချသူသာ အောင်ပွဲခံသည်"** ဟူသော အချက်ပင် ဖြစ်၏။

ယနေ့စစ်ပွဲများသည် ပို၍ ရှုပ်ထွေးလာသည်နှင့်အမျှ နက်နဲကျယ်ပြန့်လာ၏။ အကြောင်းမှာ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြား ရှုပ်ထွေးသော အကြောင်းခြင်းရာများကို ပေါင်းစပ်အသုံးပြုရခြင်း ပိုများလာခြင်းကြောင့် ဖြစ်၏။ အသစ်အဆန်းများ



ပေါ်လာသည်နှင့်အမျှ စစ်ပွဲများ၏ ပုံသဏ္ဌာန် တဖြည်းဖြည်း ပြောင်းလဲရာမှ နောက်ဆုံး စစ်မှုရေးရာ တော်လှန်သော ပြောင်းလဲမှုဟု ခေါ်ဆိုရသည်အထိ အရှိန်အဟုန်ကြီးမားသော ပြောင်းလဲမှုကြီး ဖြစ်လာတတ်သည်။ စစ်သမိုင်းတစ်လျှောက်ကို ပြန်ကြည့်ပါက လောက်လွှဲ၊ ရိုင်ဖယ်၊ ပြောင်းရင်းမှ ကျည်ထိုးပစ်ခတ်နိုင်သော သေနတ်၊ ယမ်းခိုးနည်းသော ယမ်းမှုန့်၊ စစ်မြေပြင် တယ်လီဖုန်း၊ ကြိုးမဲ့ကြေးနန်းစနစ်၊ ရေငုပ်သင်္ဘော၊ တင့်၊ လေယာဉ်၊ ပဲ့ထိန်းဒုံး၊ နျူကလီးယားဗုံး၊ ကွန်ပျူတာ၊ အန္တရာယ်မဲ့လက်နက်၊ ပြောင်းလဲသော တပ်မဖွဲ့စည်းပုံ၊ ပြောင်းလဲသော ဦးစီးစနစ်၊ "ဝံပုလွေအုပ်" ကဲ့သို့သော ရေငုပ်သင်္ဘော အုပ်စုဖွဲ့တိုက်နည်း၊ ဒုံးပျံ အများအပြားဖြင့် ဒုံးမိုးရွာခြင်း (Blitz)၊ ကွက်ပြည့်ဗုံးကြဲနည်း၊ တန်ပြန်အီလက်ထရောနစ်နည်းလမ်းများ၊ လေ–ကြည်းတိုက်ပွဲ သဘောတရား စသော အသစ်အဆန်း မြောက်မြားစွာ ပေါ်ပေါက်လာခဲ့သည် မှန်သော်လည်း စစ်မြေပြင်၏ အဓိကအခြေခံအချက်များနှင့် ပေါင်းစပ်လိုက်သောအခါ စစ်ပွဲသည် ပိုမိုရောစပ်ရှုပ်ထွေးသော အကျိုးကျေးဇူး ရရှိလာသည်။ အတိုင်းအတာလည်း ပိုမိုကြီးမား ကျယ်ပြန့်လာ၏။

ပြီးခဲ့သော အနှစ် ၂၀ အတွင်း ပေါ်ပေါက်ခဲ့သည့် သတင်းနည်းပညာ၊ ကွန်ပျူတာဗိုင်းရပ်စ်၊ အင်တာနက်၊ ငွေကြေးစစ်ပွဲနှင့် တကွ အခြားသောစစ်ရေးမဟုတ်သည့် နည်းလမ်းများကြောင့် အနာဂတ်စစ်ပွဲများ၏ အဆုံးရလဒ်ကို ကြိုတင်မျှော်တွေးရန် ပိုမိုခက်ခဲလာ၏။ ယနေ့အနိမ့်ဆုံးစစ်သည်မှသည် ဗိုလ်ချုပ်ကြီးများထိ စစ်တိုက်ကြသည်ဆိုရာ၌ အထက်ဖော်ပြပါ ပေါင်းစပ်အသုံးချခြင်းနည်းလမ်းကို အမှတ်တမဲ့ဆိုသလိုပင် များစွာဂရုမထားမိဘဲ

ကျင့်သုံးနေကြသည်ဆို၏။ သို့အတွက် ၎င်းတို့၏ စဉ်းစားတွေးခေါ်မှုမှာ လက်နက်၊ တပ်အခင်းအကျင်းနှင့် စစ်မြေပြင်တို့ကိုသာ ကျဉ်းမြောင်းစွာ အာရုံထားနေကြသည်ဆို၏။ တစ်နည်းအားဖြင့် ယနေ့ စစ်သားများသည် စစ်ရေးကဏ္ဍသက်သက်ကိုသာ စဉ်းစားလေ့ရှိကြသည်ဆို၏။ သို့အတွက် စစ်ရေးကဏ္ဍထက် ပို၍ကျယ်ပြန့်သော ကိစ္စရပ်များကို မျက်ခြည်ပြတ်နေကြသည်။ စစ်ပါရမီပါသူတို့သာ ဤသည်တို့ကို ထိုးထွင်း၍ ကျော်လွန်စဉ်းစားနိုင်ကြကာ စစ်၏ပြောင်းလဲလာပုံ သဘောတရားကို သိမြင်နိုင်စွမ်းရှိကြသည်ဆို၏။

“ပေါင်းစပ်အသုံးချခြင်း” နည်းလမ်းသည် စစ်ပါရမီရှင်တို့၏ လျှို့ဝှက်ချက် တစ်ခုဟုလည်း ဆိုနိုင်၏။ သို့ရာတွင် ယနေ့စစ်ခေါင်းဆောင်များသည် ဤပေါင်းစပ်အသုံးချမှုပညာကို အတော်ပင် တတ်ကျွမ်းနေကြပြီဆို၏။ ဤသို့ပေါင်းစပ် အသုံးချတတ်လာကြခြင်းကြောင့်လည်း စစ်ပွဲမှာ အကန့်အသတ် မရှိတော့တဲ့ “အနန္တ”စစ်မြေပြင် ဖြစ်လာတော့သည်ဆို၏။ သို့အတွက် အနာဂတ်စစ်ပွဲများ၌ ကောက်တေးအရက်စပ်သကဲ့သို့ အစပ်ကောင်းသူသည်သာ စစ်ပွဲ၏ အရှင်သခင် ဖြစ်လာတော့မည်ဟု ဆိုပေသည်။

## ပေါင်းနည်းတတ်မှ စစ်အောင်မည်

စစ်ပွဲသည် ယခင်ကာလများနှင့် မတူကြောင်း အထက်တွင် ဆိုခဲ့ပြီးဖြစ်၏။ လူထုဆက်သွယ်ရေး နည်းလမ်းများ၊ အင်တာနက်၊ ငွေကြေးဈေးကွက် စသည်တို့ဖြင့် တစ်ချိန်က မစဉ်းခဲ့ဘူးသည့် နည်းလမ်းများ ပါဝင်လာပေသည်။ ရန်သူသည် တွေ့နေကြရန်သူ



မဟုတ်တော့သလို လက်နက်များသည်လည်းကောင်း၊ စစ်မြေပြင်သည်လည်းကောင်း ကြုံတွေ့နေကြမျိုး မဟုတ်တော့ချေ။ မည်သည့် အကြောင်းခြင်းရာမျှ အတိအကျ ကန့်သတ်ထား၍ မရတော့ချေ။ အရာရာသည် မသေချာမှု၊ မရေရာမှုများ ဖြစ်ကုန်တော့၏။ သို့အတွက် စစ်ပွဲ “ကစား” ပုံ ပြောင်းလဲလာ၏။ မရေရာမှုပေါင်းများစွာ ပါဝင်လာသည့်တိုက်နည်းမျိုးကို ကျင့်သုံးရတော့မည် ဖြစ်၏။ ဝေဒနာရှင်တစ်ဦးတွင် “ရောဂါ” နှင့် “ရောဂါလက္ခဏာ” ဟူ၍ ရှိရာ၌ ရောဂါလက္ခဏာ တစ်ခုတည်းကို ကုသရုံဖြင့် ရောဂါပျောက်မည် မဟုတ်သကဲ့သို့ဖြစ်၏။ အခြားသူများ၏ အားသာချက်များကို ပေါင်းစပ်ယှက်နွယ်လေ့လာပြီးမှ အားသာချက်များကို ရယူ၍ သစ်တော်သီးပင်၌ မက်မွန်သီးရော ပန်းသီးပါ သီးစေသည့် ရှုပ်ရှုပ်ထွေးထွေး နည်းလမ်းများကို အသုံးပြုရတော့မည် ဖြစ်၏။ ဤသည်မှာ ပေါင်းစပ် အသုံးချခြင်းပင် ဖြစ်၏။

မိမိတို့ မဆွေးနွေးရသေးသော နောက်ထပ် ဝေါဟာရ တစ်ခု ရှိသေး၏။ ယင်းမှာ “ပေါင်းခြင်း” ဟူသော နည်းလမ်း ဖြစ်၏။

“ပေါင်းခြင်း” ဟူသည် ပေါင်းစပ်ခြင်း နည်းလမ်းပင် ဖြစ်၏။

လက်ဝှေ့ပွဲတစ်ခုတွင် အဖြောင့်လက်သီးဖြစ်စေ သို့မဟုတ် ပင့်လက်သီး၊ ဝိုက်လက်သီးဖြစ်စေ တစ်မျိုးတည်းကိုသာ သုံးတတ်သူ လက်ဝှေ့သမားသည် အောင်နိုင်သူ မဟုတ်နိုင်ချေ။ လက်ဝှေ့ထိုးနည်းမျိုးစုံကို “ပေါင်းစပ်”အသုံးချနိုင်သူသာ နိုင်ပေလိမ့်မည်။

သို့အတွက် တစ်နှင့် တစ် ပေါင်းခြင်းသည် တစ်ဂဏန်းထက် ပိုမိုကြီးမားသည်ဟူခြင်းကို ထင်ရှားစေ၏။ ဤသည်မှာပင် အရေးကြီးသော ဥပဒေသတစ်ခုဖြစ်၏။ ဤသချာင်္သဘောကို မူလတန်းကျောင်းသားများပင် နားလည်နိုင်မည်ဖြစ်သော်လည်း နိုင်ငံတော်၏ လုံခြုံရေးနှင့် စစ်ရေးအတွက် တာဝန်ရှိသူ အတော်များများ ဤအချက်အလက်ကို ရှင်းရှင်းလင်းလင်း နားမလည်ကြသည်မှာ အံ့သြဖွယ်ကောင်းသည်ဆို၏။ သို့ရာတွင် ယင်းပုဂ္ဂိုလ်အားလုံးက လက်တွေ့ထိုးသတ်ရာ၌ နည်းပေါင်းစုံ အသုံးပြုရမည်ကို မိမိတို့ သိရှိပြီးဖြစ်သည်ဟု ပြောဆိုကြပေလိမ့်မည်။ ၎င်းတို့က နည်းပညာတစ်ခုအား နောက်ထပ် နည်းပညာတစ်ခုနှင့် ပေါင်းခြင်းကိုလည်းကောင်း၊ နည်းဗျူဟာတစ်ခုအား နောက်ထပ်နည်းဗျူဟာတစ်ခုနှင့် ပေါင်းခြင်းကိုလည်းကောင်း၊ လက်နက်တစ်မျိုးအား နောက်ထပ်လက်နက်တစ်မျိုးနှင့် ပေါင်းခြင်းကိုလည်းကောင်း၊ နည်းလမ်းတစ်မျိုးအား နောက်ထပ်နည်းလမ်းတစ်မျိုးနှင့် ပေါင်းခြင်းကိုလည်းကောင်း သိပြီးဖြစ်သည်ဟု ဆိုကြပေလိမ့်မည်။ ယင်းသို့ ရိုးရိုးပေါင်းခြင်းသာမက ပေါင်းစပ်အသုံးပြုခြင်းကိုလည်း နားလည်ပြီးဖြစ်သည်ဟု ဆိုကြပေလိမ့်မည်။ မဟာအလက်ဇန္ဒားခေတ်မှသည် နပိုလီယံခေတ်၊ ထိုမှသည် ရှုပ်စကော့ဖ်ခေတ်အထိ ထိုနည်းနှင်နှင် ဖြစ်ခဲ့၏။ စာရေးသူတို့၏ အဆိုအရ ဤသို့ ပေါင်းခြင်းနှင့် ပေါင်းစပ် အသုံးချခြင်းနည်းလမ်းအား သိရှိထားခြင်းသည် အဓိကမကျဟုဆို၏။ မည်သို့မည်ပုံ ပေါင်းစပ်မည်ဟူခြင်းသည်လည်းကောင်း၊ ယင်းသို့ပေါင်းစပ်ခြင်းဖြင့် မည်သို့သော အကျိုးရလဒ်များ ရရှိအောင် မျှော်မှန်းခြင်းသည်လည်းကောင်းသော့ချက်ဖြစ်သည်ဆို၏။

ဤသို့ပေါင်းစပ်ရာ၌ စစ်မြေပြင်နှင့် စစ်ပွဲမဟုတ်သော စစ်မြေပြင် ပေါင်းစပ်ခြင်းသည်လည်းကောင်း၊ စစ်ရေးစစ်ရာအား စစ်မဟုတ်သော စစ်မှုရေးရာနှင့် ပေါင်းခြင်းသည်လည်းကောင်း၊ စတဲ့သ်လေယာဉ်နှင့် ခရုဇ်ဒုံးကျည်များအား ကွန်ပျူတာနက်ဝပ်ခ်ပေါ်မှ ဟက်ကာများနှင့် ပေါင်းစပ်ခြင်း၊ နျူကလီးယားအင်အား၊ ဘဏ္ဍာရေးစစ်နှင့် အကြမ်းဖက်တိုက်ခိုက်မှုများ ပေါင်းစပ်ခြင်းတို့နှင့် တူသည်ဆို၏။ တစ်နည်းအားဖြင့်ဆိုသော် ရှုပ်စကော့ဖ် + ဆောရော့စ် + ဘင်လာဒင် ဟု ဆိုလိုခြင်းဖြစ်၏။

ဤသည်တို့ပင် မိမိတို့ လက်ဝယ်ရှိ နိုင်ဖဲများ ဖြစ်၏။

ရိုးရိုးပေါင်းခြင်းဖြစ်စေ၊ ပေါင်းစပ်အသုံးပြုခြင်းဖြစ်စေ၊ နည်းလမ်းမှုသက်သက်ဖြင့်မူ အန္တရာယ်မရှိချေ။ သွေး သို့မဟုတ် ရက်စက်မှုပါ ထပ်ပေါင်းမှ ပြင်းထန်၍ တုန်လှုပ်ချောက်ချားဖွယ် ဖြစ်လာပေမည်။

ဤအခြေအနေကို ရင်ဆိုင်လိုက်ရပါက စစ်ကို သမားရိုးကျနည်းဖြင့်သာ စဉ်းစားလာခဲ့သူများအဖို့ တုန်လှုပ်ချောက်ချားဖွယ် ဖြစ်၏။ အစဉ်အလာ စစ်ဆင်နည်းပုံစံများ၊ စစ်ဆိုင်ရာ ယုတ္တိဗေဒနှင့် ဥပဒေများစသည့် အားလုံးတို့ ပြောင်းလဲသွားတော့မည်ဖြစ်၏။ ဤသည်မှာ ရှေးကာလ ရဲတိုက်ကြီးတစ်ခုလုံး ပြိုကျသည်နှင့် မတူ၊ ဆောက်လက်စ ဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခု ဖရိုဖရဲ ဖြစ်သွားသည်နှင့် တူ၏။ ဥပဒေရှုထောင့်သက်သက်မှ ကြည့်လျှင်မူ အားလုံးပြိုလဲသွားသည်ဟု မြင်တွေ့ရမည် ဖြစ်သည်။

စစ်ဘက်ရေးရာ တော်လှန်ပြောင်းလဲမှုသည် ယခုအချိန်အထိ မပြီးဆုံးသေးချေ။ ဤသည်မှာလည်း အဆန်းမဟုတ်ချေ။ လူ့သမိုင်းနှင့် စစ်သမိုင်းတစ်လျှောက်တွင် စက်မှုနည်းပညာ

တော်လှန်ပြောင်းလဲမှု သို့မဟုတ် ဖွဲ့စည်းမှုဆိုင်ရာ တော်လှန်ပြောင်းလဲမှု တစ်ခုကြောင့် စစ်ရေးဆိုင်ရာ တော်လှန်ပြောင်းလဲမှု တစ်ခု ပြီးဆုံးသွားသည်ဟူ၍ မရှိခဲ့ဘူးချေ။ ဤစစ်မှုရေးရာ တော်လှန်ပြောင်းလဲမှုကြောင့် အကြီးမားဆုံးသော အကျိုးရလဒ်များ ရရှိလာသည့်အခါမှသာ စစ်မှုတော်လှန်ရေးတစ်ရပ် ပြောင်းလဲ ဖြစ်ပေါ်ပြီးဟု မှတ်ယူနိုင်ပေသည်။ ယနေ့ကာလ၏ ပြောင်းလဲမှုမျိုးသည်လည်း ထိုနည်းတူပင်ဖြစ်၏။ ထူးခြားသည်မှာ ယခုတစ်ကြိမ်သည် စစ်ရေးစစ်ရာ၌ လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ခန့်ကတည်းက တစိုက်မတ်မတ် စဉ်းစားတွေးခေါ်ခဲ့သလို စဉ်းစား၍ မရတော့ခြင်းပင် ဖြစ်ပေသည်။

ဤသို့အောင်မြင်ရန်မှာ "ပေါင်းခြင်း" ဟူသော နည်း၏ အကူအညီကို ရယူရပေမည်။ သို့ရာတွင် နိုင်ငံရေး၊ သမိုင်း၊ လူမှုရေး၊ ကျင့်ဝတ်ကျင့်ထုံး စသော အချက်များ အားလုံးကို စဉ်းစားကျင့်သုံး၍ မရတော့သည့်အဆုံးတွင်မှ ပေါင်းခြင်း၏ အကူအညီကို ရယူရပေမည်။ ယင်းသို့ အသေးစိတ် ကြေညက်စွာ စဉ်းစားမထားဘဲနှင့် အသေးစိတ်ပါ ခြုံငုံမိသော တော်လှန်မှုတစ်ရပ် မဖြစ်နိုင်ချေ။

စစ်ပါရဂူများ ဖြစ်ကြသော ဆွန်ဇီနှင့် ကလော့ဝစ်တို့သည် စစ်ရေးနယ်ပယ် တစ်ခုတည်းသက်သက်၌သာ စဉ်းစားခဲ့ကြ၏။ အထက်ဖော်ပြပါ အတွေးအခေါ်သစ်ကို မက်ခီယာဗယ်လီကသာ ချဉ်းကပ်စဉ်းစားခဲ့ဖူးသည်။ သို့တိုင်အောင် ၎င်း၏ အတွေးအခေါ်သစ်ကို အဆက်ဆက်သော ဘုရင်များနှင့် သူရဲကောင်းများက နှစ်ပေါင်းများစွာ လက်မခံသေးဘဲ ရှိခဲ့ကြ၏။ အစဉ်အလာ ကန့်သတ်ချက်များ၊ နယ်နိမိတ်များအား ဖောက်ထွင်း၍ ကျော်လွန်



စဉ်းစားခြင်းသည် အတွေးအခေါ်ပိုင်းဆိုင်ရာ တော်လှန်သော ပြောင်းလဲမှုဖြစ်သည်ဆိုသည်ကို ၎င်းတို့ မစဉ်းစားမိခဲ့ကြချေ။ အလားတူပင် ယနေ့ကာလ၌လည်း စစ်ဆိုသည်ကို စစ်မြေပြင်၌ တပ်များ အထပ်ထပ် ခင်းကျင်းချထားခြင်း၊ လူသတ်ခြင်း၊ စစ်ဆင်ရေးဆိုသည်မှာလည်း လူသတ်ခြင်းတစ်မျိုးဟု နားလည်ထားသူများအတွက် ဤအချက်ကို နားလည်နိုင်ကြမည်မဟုတ်ချေ။

ဤသဘောတရားကို အမေရိကန်တို့ဘက်မှ လုံးဝ လျစ်လျူရှုခဲ့သည်ဟု မဆိုနိုင်ချေ။ အမေရိကန် ကြည်းတပ် စစ်ကောလိပ်မှ စတီဗင်မေဇီနှင့် သောမတ်စ်ကိုင်ဝိုက်တို့ နှစ်ဦးသည် "စစ်မှုရေးရာ တော်လှန်ပြောင်းလဲမှု၏ ပမာဏ" ဟူသော စာစောင်၌ ဤအချက်ကို အလေးပေးဖော်ပြခဲ့သည်။ ၎င်းတို့နှစ်ဦးက အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်နေသည့် အချက်များနှင့် အမေရိကန်စစ်ဘက်၏ စဉ်းစားတွေးခေါ်မှုတို့ ကွာဟချက်များ တွေ့ရှိခဲ့ကြသည်။ အတွေးအခေါ်က လက်တွေ့လုပ်ရပ်ကို ဦးမဆောင်ဘဲ အမြဲတမ်း နောက်ကျကျန်နေခြင်းသည် အမေရိကန်စစ်သားတို့၏ အစဉ်အလာ ဖြစ်သည်ဆို၏။ အမေရိကန်စစ်ဘက်က တစ်မျိုးသော ရန်သူအပေါ် အာရုံစူးစိုက်စဉ်းစားနေချိန်၌ ၎င်းတို့ ကြိုတင် မသိမမြင်ထားသော ရန်သူတစ်ဦးက ဝင်ရောက်တိုက်ခိုက် အနိုင်ယူသွားခြင်းမျိုး ဖြစ်လာနိုင်ကြောင်း ဖော်ပြထား၏။ ၎င်းတို့က အမေရိကန်စစ်ဘက်အနေနှင့် အနောက်အုပ်စု၏ စဉ်းစားတွေးခေါ်ပုံကို ဖောက်ထွင်း၍ အနာဂတ်အရေးအခင်းများနှင့် ပတ်သက်ပြီး ပိုမိုကျယ်ပြန့်စွာ စဉ်းစားရန် လိုအပ်ကြောင်းဖော်ပြခဲ့သည်။ အမေရိကန်စစ်ဘက်သည် ခေတ်သစ်

စက်မှုနည်းပညာများ သုံး၍ ဝါဆောအုပ်စုဝင် နိုင်ငံများအား သံချပ်ကာ စစ်ပွဲဆင်နွှဲရန် စဉ်းစားနေသည့် အဆင့်တွင်သာ ရှိသည်ဟု ဆို၏။ ၎င်းတို့ကပင် ၂၁ ရာစု တပ်မတော်အတွက် ဆိုကာ အမေရိကန်တပ်မတော်၏ ယနေ့ ပြင်ဆင်မှုများ အားလုံးသည် သမားရိုးကျ သံချပ်ကာတပ်၊ အင်အားကြီးမားသည့် ရန်သူကို ရင်ဆိုင်ရန် ပြင်ဆင်မှုများသာ ဖြစ်သည်ဟုဆို၏။ ၎င်းတို့ကပင် အကယ်၍သာ အမေရိကန်ပြည်ထောင်စုသည် နည်းပညာအနိမ့် သို့မဟုတ် အလယ်အလတ် နည်းပညာသုံး ရန်သူ သို့မဟုတ် မိမိနှင့် အင်အားတူ ရန်သူအား ရင်ဆိုင်ရပါက ယင်းကဲ့သို့ရင်ဆိုင်ရသည့် နယ်ပယ်၌ အင်အားမလုံလောက်မှုများ လက်တွေ့ကြုံတွေ့ရနိုင်သည်ဟု ဆက်လက်ထောက်ပြခဲ့သည်။ လက်တွေ့တွင်ပင် အမေရိကန်ပြည်ထောင်စုသည် ၎င်းတို့ အသစ်ရင်ဆိုင်နေရသော နယ်ပယ်သစ်များ၌ မိမိဘက်မှ အင်အားမလုံလောက်မှုများ တွေ့ကြုံခံစားနေရသည်ဟု ဆို၏။ ဟက်ကာများ၏ တိုက်ခိုက်မှု၊ ကမ္ဘာ့ကုန်သွယ်ရေး ဗဟိုအဆောက်အအုံ ပေါက်ကွဲမှု၊ ဘင်လာဒင်၏ ဗုံးခွဲတိုက်ခိုက်မှု စသည်တို့အားလုံးမှာ အမေရိကန်တို့ နားလည် လက်ခံထားသော စစ်ရေးကဏ္ဍအပြင်ဘက်တွင် ရောက်ရှိနေပေ၏။

၎င်းအပြင် အမေရိကန်စစ်ဘက်သည် ဤကိစ္စမျိုးကို ရင်ဆိုင်ရန် စိတ်ဓာတ်အရလည်းကောင်း၊ နည်းလမ်းအရလည်းကောင်း အဆင်သင့် မဖြစ်ချေ။ အကြောင်းမှာ ဤအခြေအနေမျိုးကို တစ်ခါမျှ ထည့်သွင်း စဉ်းစားမှု မပြုဘူးခြင်းနှင့် သမားရိုးကျ ထုံးတမ်းအစဉ်အလာ မဟုတ်သည့် စစ်ရေးမဟုတ်သော



နည်းလမ်းအားလုံးကို လက်ခံရန် ငြင်းပယ်ခဲ့ခြင်းကြောင့် ဖြစ်၏။ သို့အတွက် ၎င်းတို့သည် ပေါင်းစပ်ခြင်းနည်းလမ်းကို အသုံးပြု၍ နည်းလမ်းသစ်များ ဖော်ထုတ်နိုင်ခြင်းမရှိဟု ဆို၏။ အမှန်အားဖြင့်မူ သာမန်တွေးရိုးတွေးစဉ်ထက် အနည်းငယ်မျှသာ ပို၍ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားရန် လိုပေသည်။ တရုတ် ရှေးရိုးစကားပုံတစ်ခု ဖြစ်သော "ဒီတောင်က ကျောက်စိမ်းကို တခြားတောင်က ကျောက်တုံးတွေနဲ့ ပြောင်အောင် တိုက်နိုင်သည်" ဟူသော အချက်ကို ကျွန်ုပ်တို့ အလေးအနက်ထား စဉ်းစားနိုင်၏။

ကျွန်ုပ်တို့သည် မိမိတို့လက်ဝယ်ရှိ ဖဲချပ်များကိုပင် နောက်တစ်ဖန် ရဲရဲဝံ့ဝံ့ ပြန်လည်တွဲစပ် အသုံးပြုနိုင်ပါက ပို၍ ကြီးမားသော အကျိုးရလဒ်များ ရရှိနိုင်ပေမည်။

ခေတ်မီ အင်အားကြီးနှစ်နိုင်ငံ စစ်ဖြစ်ကြသည် ဆိုပါစို့။ နှစ်နိုင်ငံစလုံး သတင်းနည်းပညာကို ပိုင်ဆိုင်ထားသည့်အပြင် သမားရိုးကျ စစ်ဆင်နည်းကိုလည်း အားကိုးအားထားပြုကြလေ့ရှိသည် ဆိုပါစို့။ တိုက်စစ်ဆင်သူသည် သမားရိုးကျနည်းအတိုင်းပင် ကြီးမားသော ထု၊ မျက်နှာစာ၊ အင်အားကြီးမားမှု၊ အလျား၊ အနံ၊ အမြင့်တည်းဟူသော လားရာ ၃ ခု တို့ကို အသုံးပြုကာ ထိုးစစ်ဆင် ချေမှုန်းပေလိမ့်မည်။ ခေတ်မီနည်းပညာပိုင်ဆိုင်ထားခြင်းကြောင့်လည်း ဂြိုဟ်တုဖြင့် ကင်းထောက်ခြင်း၊ တန်ပြန်အီလက်ထရောနစ်နည်းများ၊ ကြီးမားသော လေကြောင်းတိုက်ခိုက်မှုများနှင့် တိကျတိုက်ခိုက်မှုများ၊ မြေပြင်တွင် နဂါးပတ် စစ်ဆင်ခြင်း၊ ကမ်းတက် စစ်ဆင်နည်း၊ ရန်သူ့ စစ်ကြောင်းနောက်လေကြောင်းတပ်များ ချပေးခြင်း စသည်တို့ကို အပြည့်အဝ

အသုံးပြုစစ်ဆင်ပေလိမ့်မည်။ အကျိုးရလဒ်မှာ တစ်ဖက်နိုင်ငံသည် ဤစစ်ဗျူဟာများကြောင့် ပြိုလဲသွားမည်မဟုတ်ဘဲ မိမိကို အလားတူ နည်းများဖြင့် တန်ပြန်တိုက်ခိုက်ခြင်းကိုသာ ခံရမည်ဖြစ်၏။

အကယ်၍သာ "ပေါင်းစပ် အသုံးချနည်း" ကို အသုံးပြုတိုက်ခိုက်ပါမူ အခြေအနေမှာ တစ်မျိုးတစ်ဖုံ ဖြစ်လာပေလိမ့်မည်။ အကယ်၍သာ စစ်ဆင်တိုက်ခိုက်သည့် နိုင်ငံက ဘဏ္ဍာငွေ အမြောက်အမြားကို လျှို့ဝှက်စွာ စုစည်းကာ ရန်သူနိုင်ငံ၏ ငွေကြေးဈေးကွက်များကို ဦးစွာတိုက်ခိုက်ပြီးနောက် ဈေးကွက်များ ဖရိုဖရဲဖြစ်သွားစေခြင်း၊ ကွန်ပျူတာဗိုင်းရပ်စ်များကို ရန်သူနိုင်ငံ၏ ကွန်ပျူတာစနစ်အတွင်းသို့ ကြိုတင်ပို့လွှတ်ထားခြင်း၊ တစ်ချိန်တည်းတွင် ရန်သူ၏ ကွန်ပျူတာ ကွန်ရက်များကို တိုက်ခိုက်ခြင်းဖြင့် ရန်သူနိုင်ငံ၏ အရပ်ဘက် လျှပ်စစ်ဓာတ်အားပေးစနစ်၊ မော်တော်ယာဉ်ထိန်းသိမ်းသည့်စနစ်၊ ငွေကြေး လွှဲပြောင်းပေးပို့သည့် နည်းလမ်းများ၊ တယ်လီဖုန်းစနစ်များ၊ သတင်းပြန်ကြားရေး ကွန်ရက်များ လုံးဝ အကြောသေသလို ရပ်ဆိုင်းသွားစေခဲ့ပါက ရန်သူတစ်နိုင်ငံလုံး တုန်လှုပ်ချောက်ချားကာ အဓိကရုဏ်းများ၊ နိုင်ငံရေးအကြပ်အတည်းများ ပြင်းထန်စွာ ဖြစ်ပေါ်စေလိမ့်မည်။ နောက်ဆုံးအဆင့်တွင်မှ စစ်လက်နက်အင်အားများကို အသုံးပြုဝင်ရောက်ကာ ရန်သူနိုင်ငံအား မိမိလိုလားသည့်အတိုင်း ငြိမ်းချမ်းရေး စာချုပ် ချုပ်စေနိုင်မည်ဖြစ်၏။ ဤလုပ်ငန်းမှာ စစ်ပညာရှင် ဆွန်ဇီ ဆိုခဲ့သော "ရန်သူအား စစ်မတိုက်ဘဲ အနိုင်ယူနည်း" မဟုတ်ပါ။ သို့ရာတွင် "ရန်သူအား လိမ္မာပါးနပ်သော ပရိယာယ်ဖြင့် အနိုင်ယူနည်း" ဟု ဆိုနိုင်ပါသည်။ ဤနည်းလမ်းနှစ်ခုကို



နှိုင်းယှဉ်ကြည့်ပါက မည်သည့် နည်းလမ်းက သာလွန်သည်မှာ ရှင်းလင်းလှပေသည်။

ဤသည်မှာ စဉ်းစားတွေးခေါ်မှု တစ်ခုသက်သက်သာလျှင် ဖြစ်ပေတော့သည်။ သို့ရာတွင် ဖြစ်တန်ရာခြေများသော စိတ်ကူးယဉ်မှုဟုဆိုက မမှားချေ။ ဤသို့ဖြင့် "ပေါင်းခြင်း" နည်းကို "ပေါင်းစပ် အသုံးချခြင်း" နည်းလမ်းများဖြင့် ယှဉ်တွဲအသုံးချပြီး မရေမတွက်နိုင်လောက်သော နည်းလမ်းများ ပေါ်ထွက်လာစေနိုင်မည် ဖြစ်ပါသည်။

## စစ်ကဏ္ဍမျိုးစုံနှင့် စစ်မဟုတ်သော ကဏ္ဍမျိုးစုံ

> နျူကလီးယားစစ်၊ သံတမန်ရေးရာစစ်၊ ဘဏ္ဍာရေးစစ်၊ သမားရိုးကျစစ်၊ နယ်စပ်စစ်၊ ကုန်သွယ်ရေးစစ်၊ ဓာတုဗေဒစစ်၊ ထောက်လှမ်းရေးစစ်၊ သဘာဝအရင်းအမြစ်စစ်၊ သဘာဝဝန်းကျင်စစ်၊ စိတ်ဓာတ်စစ်ဆင်ရေး၊ စီးပွားရေးအထောက်အကူစစ်၊ အထူးစစ်ဆင်ရေး၊ စစ်နည်းဗျူဟာ၊ စည်းမျဉ်းဥပဒေစစ်၊ အီလက်ထရောနစ်စစ်၊ မှောင်ခိုစစ်၊ တားမြစ်ပိတ်ဆို့မှုစစ်၊ ပြောက်ကျားစစ်၊ မူးယစ်ဆေးဝါးစစ်၊ မီဒီယာစစ်၊ အကြမ်းဖက်စစ်၊ ဟန့်တားစစ်၊ သဘောတရားရေးရာစစ်။

အထက်ဖော်ပြပါ "စစ်" မျိုးစုံအနက်မှ တစ်ခုကို အခြေခံတစ်နည်း သို့မဟုတ် တစ်ခုထက်ပိုသော နည်းများဖြင့် ပေါင်းစပ် အသုံးပြုခြင်းဖြင့် စစ်ဆင်နည်းမြောက်မြားစွာ ဖော်ထုတ်နိုင်ပေသည်။

ရည်ရွယ်ချက်ရှိရှိဖြင့်ဖြစ်စေ၊ ရည်ရွယ်ချက် မရှိဘဲနှင့်ပင်ဖြစ်စေ၊ နိုင်ငံအတော်များများတို့သည် ဖော်ပြပါစစ်ဆင်နည်းမျိုးစုံတို့အား ပေါင်းစပ်အသုံးပြုခြင်းဖြင့် သတ်မှတ်ကန့်သတ်ထားသော သမားရိုးကျ နယ်ပယ်တို့ကို ကျော်လွန်ခဲ့ကြပြီး ဖြစ်ချေသည်။ သာဓကအားဖြင့် ဘင်လာဒင်ကို ရင်ဆိုင်ရန် အမေရိကန်တို့ အသုံးပြုသောနည်းများကို ကြည့်ပါက "နိုင်ငံတော်အဆင့် အကြမ်းဖက်စစ် + ထောက်လှမ်းရေးစစ် + ဘဏ္ဍာရေးစစ် + နယ်စပ်စစ် + စည်းမျဉ်းဥပဒေစစ်" ဟူ၍ ဖြစ်ကြောင်း တွေ့ရပါသည်။

နောက်ထပ် ဥပမာတစ်ခုကို ကြည့်ပါက ကိုဆိုဗိုအရေးအခင်း ကာလအတွင်း နေတိုးနိုင်ငံများ ကျင့်သုံးခဲ့သော "စစ်" နည်းမျိုးစုံကို တွေ့ရပါမည်။ ၎င်းတို့မှာ "အင်အားသုံးတားဆီးစစ် + သံတမန်ရေးရာစစ် (မဟာမိတ်ဖွဲ့ခြင်း) + စည်းမျဉ်းဥပဒေစစ်" တို့ဖြစ်ကြောင်း တွေ့ရပါမည်။ အီရတ်ကို မတိုက်မီကပင် ကုလသမဂ္ဂအဖွဲ့ကြီးသည် အမေရိကန်၏ အလိုကျ "သမားရိုးကျစစ် + သံတမန်ရေးရာစစ် + တားဆီးပိတ်ဆို့စစ် + မီဒီယာစစ် + စိတ်ဓာတ်စစ်ဆင်ရေးစစ် + သတင်းစစ်" စသည်ဖြင့် နည်းလမ်းမျိုးစုံတို့ကို ကျင့်သုံးခဲ့ကြောင်း တွေ့ရပါမည်။ ၁၉၉၈ ခုနှစ် ဟောင်ကောင် ဘဏ္ဍာရေးနှစ် အကြပ်အတည်းကာလအတွင်း၌လည်း ဟောင်ကောင်အစိုးရသည် "ဘဏ္ဍာရေးစစ် + စည်းမျဉ်းဥပဒေစစ် + စိတ်ဓာတ်စစ်ဆင်ရေးစစ် + မီဒီယာစစ်" တို့ကို အသုံးချ၍ ငွေကြေးကစားသူများကို ရင်ဆိုင်ခဲ့ရကြောင်း တွေ့နိုင်ပေသည်။ ဤအရေးအခင်းတွင် အစိုးရအနေဖြင့် ကြီးမားစွာ ရင်းနှီးပေးဆပ်ခဲ့ရသော်လည်း အကျိုးအမြတ် ကြီးစွာ



ရရှိခဲ့၏။ ထိုင်ဝမ်ကျွန်းပေါ်တွင် ယွမ်ငွေတုများ အမြောက်အမြား ရိုက်နှိပ်ခြင်းနည်းလမ်းများသည် "ဘဏ္ဍာရေးစစ် + မှောင်ခိုစစ်" အတွက် လွန်စွာလွယ်ကူသော နည်းလမ်းများ ဖြစ်လာသည်။ ဤဥပမာကိုကြည့်ပါက "ပေါင်းခြင်း" နှင့် "ပေါင်းစပ်ခြင်း" တို့ ဒွန်တွဲအသုံးပြုခြင်း၏ အကျိုးအာနိသင်ကို မြင်တွေ့ရပါမည်။

ရှေးယခင် စစ်ပါရဂူများသည်လည်း ဤ "ပေါင်းစပ်အသုံးချခြင်း" အတတ်ကို ကျွမ်းကျင်ကြကြောင်း အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင် ယနေ့ခေတ်နှင့် နှိုင်းယှဉ်ပါက ၎င်းတို့တွင် ပေါင်းစပ် အသုံးချစရာ များများစားစား မရှိဟု ဆိုရပါမည်။ သတင်းနည်းပညာ၏ အကျိုးကျေးဇူးကြောင့် ယနေ့ကာလများတွင် ပို၍ လွတ်လွတ်လပ်လပ် ပေါင်းစပ်အသုံးချရန် အခွင့်အလမ်း ပိုများလာပေသည်။ ကျွန်ုပ်တို့ခေတ်တွင် လက်ရှိ နိုင်ဖဲများကို ကြိုက်သလို ပေါင်းစပ်အသုံးချ အနိုင်ယူနိုင်သည့် ခေတ်သို့ ရောက်လာပြီဖြစ်ပါသည်။

သို့ရာတွင် အနာဂတ်စစ်ပွဲအားလုံးကို ကျိန်းသေပေါက်နိုင်ပါမည်ဟူသည့် နည်းလမ်းကို ရေးသားဖော်ပြနိုင်သူ ဟူ၍ မရှိသေးပါ။ လူသားတို့၏ စစ်သမိုင်းတစ်လျှောက်တွင် စစ်ဆင်နည်းပေါင်း အမြောက်အမြား ပေါ်ထွန်းခဲ့သလို အများအပြားကိုလည်း လူသားတို့က မေ့ပစ်လိုက်ကြချေပြီ။ ဤသည်ကို ဆန်းစစ်ကြည့်ပါမူ ရည်မှန်းချက် သို့မဟုတ် ပစ်မှတ်တစ်ခုအပေါ် မူတည်၍ စဉ်းစားဖော်ထုတ်ခဲ့သော နည်းလမ်းများဖြစ်သဖြင့် ယင်းပစ်မှတ် မရှိတော့သည်နှင့် (ပစ်မှတ်ကို အောင်မြင်လိုက်သည်နှင့်) နည်းလမ်းများလည်း တန်ဖိုးမဲ့ ဖြစ်ကုန်ကြတော့၏။ သို့အတွက် "စစ်ဆင်နည်း" ဟူသည် "ပလာကျင်းနေသည့်

တောင်း” တစ်လုံးနှင့် တူရမည်ဟု ဆိုခြင်းဖြစ်၏။ အကြောင်းမှာ ပလာကျင်းနေသော တောင်းကဲ့သို့ပင် အခြေအနေနှင့် လိုက်လျော ညီထွေ ရှိစေမည့် နည်းလမ်းများ၊ ဥပဒေသများကို လိုသလို “ထည့်သွင်း”အသုံးချနိုင်ရမည် ဖြစ်ပေသည်။ ကျွန်ုပ်တို့ ဆိုလို သည့် “တောင်းပလာ” မှာ လိုရာထည့်နိုင်သည့် စစ်ရေးဆိုင်ရာ အတွေးအခေါ်တည်း ဟူသော “တောင်း” မျိုး ဖြစ်ရပေမည်။ အကယ်၍ ဤ “တောင်း” တွင်းသို့ စစ်ရေးရည်မှန်းချက်များ၊ ရည်ရွယ်ချက်များ ထည့်လိုက်ပါမူ ဤတောင်းနှင့် တူသော စစ်ရေးဆိုင်ရာ အတွေးအခေါ် မြော်မြင်မှုသည်လည်း ရည်ရွယ် ချက် တစ်ရပ်ဆီသို့ ဦးတည်နေပေတော့မည်။

သို့အတွက် စစ်အောင်နိုင်ရေး၏ သော့ချက်မှာ ထို “တောင်း” အတွင်းသို့ မိမိ မည်သည့်အကြောင်း အချင်းအရာများ ထည့်ပေးနိုင်သနည်း ဆိုခြင်းပေါ် မူတည်ပေသည်။ တစ်နည်း ဆိုသော် အတွေးအခေါ်ကို ချုပ်မထားဘဲ လွတ်လပ်စွာ ကျယ်ကျယ် ပြန့်ပြန့် စဉ်းစားတွေးခေါ်ရန်ဟု ဆိုခြင်းဖြစ်ပေသည်။

တရုတ်နိုင်ငံ ဆွန်မင်းဆက်ကာလက ပေါ်ပေါက်ခဲ့သော ယွေဖေဟူသည့် စစ်ပါရဂူက “စစ်ဆင်နည်းများ အသုံးချရာ၌ အကောင်းဆုံး အသုံးချနည်းမှာ တစ်ခုတည်းသော နည်းလမ်း အဖြစ် စုစည်း အသုံးချခြင်းပင် ဖြစ်သည်” ဟု ဆိုခဲ့ဖူးသည်။ ဤသည်မှာ ပေါင်းစပ်အသုံးချသည်ဆိုရာ၌ မှန်ကန်စွာ ပေါင်းစပ် နိုင်မည့် လမ်းညွှန်ဖြစ်၏။ ဤအချက်ကို သဘောပေါက်ထားမှ သာလျှင် မိမိတို့သည် သာမန်စစ်ဆင်နည်းများထက် များစွာ များမြောင် ကျယ်ပြန့်သော အဆင့်ကို လှမ်းတက်နိုင်မည် ဖြစ်ပေ သည်။ ယင်းသို့ဖြင့် များမြောင်လှသော နည်းလမ်းပေါင်းစုံ



တို့သည် စစ်အောင်နိုင်ရေးဟူသော ရည်မှန်းချက်ကို ဦးတည် လာကြမည် ဖြစ်ပေသည်။ ဤသည်ပင် စစ်ဆင်နည်းအားလုံး၏ နောက်ဆုံးအဆင့် စဉ်းစားတွေးခေါ်ရမည့်အချက် ဖြစ်၏။ မိမိတို့ အနေဖြင့် နည်းလမ်းများ ပေါင်းစပ်အသုံးချမည်ဟု အလွယ်တကူ ပြောဆိုနေသော်လည်း ယင်းပေါင်းစပ်အသုံးချခြင်းကြောင့် အခြား တစ်ဖက်မှ မည်သို့သော ဂယက်များ တန်ပြန်ရိုက်ခတ်လာမည်ကို မည်သူမျှ အတတ်ပြောနိုင်မည် မဟုတ်ချေ။

နိဂုံးချုပ် ဖော်ထုတ်ချက်မှာ လွယ်ကူရှင်းလင်းလှပေ၏။ သို့သော် သာမန်ဦးနှောက်မှ ထွက်ပေါ်လာခြင်းတော့ဖြင့် မဟုတ် ပါချေ။

# အခန်း (၆)

# အောင်ပွဲ၏ ဥပဒေသများကို ရှာဖွေခြင်း

**"ကျွန်ုပ်က တအံ့တသြ စစ်ကစားမှုများ ပြုလုပ်တတ်သည်။ ရန်သူကလည်း မထင်မှတ်သော စစ်ကစားမှုများကို မျှော်လင့်ထားသည်။ ယခုတစ်ကြိမ်တွင်မတော့ ရန်သူကို တိုက်ခိုက်ရန် တအံ့တသြဖြစ်စေသည့် စစ်ကစားမှုကို ကျွန်ုပ်မလုပ်ပါ။ ကျွန်ုပ် ရိုးရိုးစစ်ကစားသည်။ ရန်သူကလည်း ရိုးရိုးစစ်ကစားမှုကိုပဲ မျှော်လင့်ထားသည်။ ယခုတစ်ကြိမ်တွင်မတော့ ရန်သူကို တိုက်ခိုက်ရန် မထင်မှတ်သည့် စစ်ကစားမှုကို ကျွန်ုပ် ပြုလုပ်လိုက်သည်။**

**Li Shimin**

ကျွန်ုပ်တို့သည် ပေါင်းစပ်အသုံးချမှုအကြောင်းကို အတော်များများ ဆွေးနွေးခဲ့ပေပြီ။ ယခုအခါတွင် ပေါင်းစပ်အသုံးချမှုကို ရရန် အရင်းရောက်အောင် နီးနီးကပ်ကပ်နှင့် စူးစူးစိုက်စိုက် လေ့လာရန် လိုအပ်ပါသည်။ မည်သို့မည်ပုံ ပေါင်းစပ်အသုံးချရမည်



ဟူသည့် လျှို့ဝှက်ချက်ကို မသိရှိဘဲ အကြိမ်ပေါင်း ၁၀၀ မှု ပေါင်းစပ်သည့်တိုင် အလဟဿသာလျှင် ဖြစ်မည်။

စစ်သမိုင်းတွင် ချောချောမွေ့မွေ့နှင့် အနိုင်ရခဲ့သည့် အောင်ပွဲဟူ၍ မရှိခဲ့ချေ။ သို့အတွက် ဂျွန်ယု (စစ်အကြောင်းပြောဆိုခြင်း) ဟူသော ကျမ်းတွင် အဓိကတိုက်စစ်၏ဦးတည်ချက်၊ အဓိကတိုက်ခိုက်ရမည့်ပစ်မှတ်များ၊ ယောင်ပြတိုက်စစ်၊ ယောင်ပြစစ်ကစားမှု၊ ဘေးမှပန်းခြင်း၊ အဓိကတိုက်စစ်နှင့် အဓိကမဟုတ်သော တိုက်စစ်တို့ ခွဲခြားခြင်းစသော ဝေါဟာရများ ပါဝင်သည်။ ဤဝေါဟာရများ၏ နောက်ကွယ်မှ အကြောင်းတရားများတွင် ရန်သူကို လှည့်ဖျားရန်၊ မိမိတပ်များ အထိရောက်ဆုံး အသုံးချရန် ဟူသာ အချက်များမှ မကပေ။ အခြားသော အကြောင်းတရားများလည်း ရှိရချေမည်။

မရေမတွက်နိုင်အောင်ရှိခဲ့သော အောင်ပွဲရ စစ်သူကြီးများ၏ ထိုးထွင်းသိစိတ်၌ "အောင်ပွဲ၏ ဥပဒေသ" ဟု ခေါ်နိုင်သော အချက်များ အမှန်တကယ် ရှိခဲ့ကြောင်း သိသာခဲ့ကြ၏။ ဤ "ဥပဒေသ" များကိုလည်း အကြိမ်ပေါင်း သောင်းနှင့်ချီ၍ မေ့ပျောက်လုနီးပါး ဖြစ်ခဲ့ကြ၏။ သို့ရာတွင် ယနေ့ထက်တိုင်အောင် မည်သည့် စစ်သူကြီးကမျှ ရဲရဲဝံ့ဝံ့ ထုတ်ဖော်ပြောဆိုခြင်း မပြုဝံ့ခဲ့ကြချေ။ ထုတ်ဖော်ပြောရန် မဆိုထားဘိ ဤစည်းမျဉ်းများကို အမည်နာမပင် မှည့်ခေါ်ဝံ့ကြခြင်း မရှိချေ။ ဤဥပဒေသများမှာ လူသားတို့ ဆင်နွှဲခဲ့ကြသော စစ်လှိုင်းတံပိုး အသီးသီးတို့၏ အောက်ဝယ် နစ်မြုပ်ပျောက်ကွယ်နေခဲ့ကြရ၏။ ဤစည်းမျဉ်းများ ရှိသည်ကို သိသော်ငြားလည်း မည်သူကမျှ ရဲရဲဝံ့ဝံ့ ဝန်မခံကြချေ။ ရံဖန်ရံခါ၌ ကံကြမ္မာကိုသာ ပုံချလေ့ရှိကြသည်။ စစ်သမိုင်းနှင့်

ပတ်သက်သော ဆွေးနွေးငြင်းခုံမှုများကို အားလုံးက အလွယ်တကူ လက်မခံနိုင်ကြခြင်းမှာ ဤအောင်ပွဲ ဥပဒေသများကို လူတို့နားလည်အောင် မရှင်းပြနိုင်ခြင်းကြောင့် ဖြစ်၏။

ဤဥပဒေသများကား အမှန်တကယ်ပင် ရှိချေသည်။ ကိုယ်ပျောက်သတ္တဝါကဲ့သို့ပင် စစ်ပွဲတိုင်း၌ ၎င်းတို့ကပ်၍ ပါလာတတ်သည်။ ၎င်းတို့က သဘောတူသော လိုလားသူများသည် အောင်ပွဲဆီသို့ လျှောက်လှမ်းကြတော့၏။ သို့ရာတွင် စစ်ပွဲအောင်နိုင်သူတို့ကိုယ်တိုင် ဤကိုယ်ပျောက်သတ္တဝါတို့၏ မျက်နှာကို ထင်ထင်ရှားရှား မမြင်ဘူးကြဟုဆိုသည်။

## စည်းမျဉ်းအတိုင်း လျှို့ဝှက်စွာ လိုက်နာခြင်း

"အရာရာသည် ကိန်းဂဏန်းများ ဖြစ်သည်။"

ဤအယူအဆအရပင် ရှေးပညာရှိ ပိုင်သာဂိုးရပ်စ်သည် "၀.၆၁၈" ဟူသော ထူးဆန်းသည့် ဂဏန်းများကို တွေ့ရှိခဲ့၏။ ၎င်းသည် "ရွှေမျဉ်းပြတ်" (Golden Section) ကို တွေ့ရှိခဲ့ခြင်းပင် ဖြစ်၏။

ယင်းကိန်းဂဏန်းကို တွေ့ရှိခဲ့ပြီး နှောင်နှစ်ပေါင်း ၂၅၀၀ ကျော်လာသည်အထိပင် ဒဿနပညာရှင် အသီးသီးက ဤပုံသေနည်းကို "ရွှေစည်းမျဉ်း" ဟု သတ်မှတ်ခဲ့ကြ၏။ ကမ္ဘာကျော် အနုပညာလက်ရာတိုင်း၌ ဤအချက်ကို တွေ့ကြရ၏။ ရှေးဂရိနိုင်ငံ၏ ပါသီနွန်ဘုရားကျောင်းမှာ လက်ရာကောင်းမွန်လွန်းသဖြင့် နတ်ဘုရားတစ်ဦးဦးက တည်ဆောက်ထားသည်ဟုပင် ယူဆကြ၏။ ၎င်းအား အတိအကျ တိုင်းထွာကြည့်လိုက်သော



အခါ ထောင်လိုက်မျဉ်းများနှင့် ကန့်လန့်မျဉ်းများ၏ အချိုးမှာ "၁ : ၀.၆၁၈" ဖြစ်နေကြောင်း တွေ့ကြရ၏။ ခေတ်မီဗိသုကာတစ်ဦးဖြစ်သော Le Corbusier ကလည်း ၎င်း၏ "အခြေခံဒီဇိုင်းစကေး" ဟူသော သီအိုရီတွင် ဤအချက်ကိုပင် ဖော်ပြခဲ့ရာ ၎င်း "၀.၆၁၈" ဟူသော ကိန်းဂဏန်းသည် တစ်ကမ္ဘာလုံးရှိ ဗိသုကာများကို လွှမ်းမိုးခဲ့၏။ သို့ရာတွင် ဤပုံသေနည်းသည် အနုပညာဆိုင်ရာ ဖန်တီးမှုများ၏ အခြေခံအဆင့်မှ မကျော်လွန်နိုင်ခဲ့ချေ။ ဤဥပဒေသသည် အခြားကဏ္ဍများပေါ် လွှမ်းမိုးမှုရှိလိမ့်မည်ဟုလည်း မည်သူကမျှ မတွေးထင်ခဲ့ချေ။

၁၉၃၅ ခုနှစ် ရောက်သောအခါ J Kieffer အမည်ရှိ အမေရိကန်သိပ္ပံပညာရှင်တစ်ဦးက ဤ "ရွှေမျဉ်းဖြတ်ဥပဒေသ" အတိုင်း လိုက်နာ၍ အစက်အမှတ်များ ရွေးချယ်ခြင်းဖြင့် အကောင်းဆုံးသော ဒီဇိုင်းအခြေအနေ တစ်ရပ်သို့ ရောက်ရှိနိုင်ကြောင်း စတင်တွေ့ရှိခဲ့၏။ ၎င်းနည်းအား တရုတ်သင်္ချာပညာရှင် ဟွာလူဂျင်က အနုစိတ်ထပ်မံ ပြင်ဆင်ပြီးနောက်တွင် "အားအကောင်းဆုံးရှာနည်း" သို့မဟုတ် "၀.၆၁၈" နည်းဟု ခေါ်တွင်ခဲ့၏။ ဤဥပဒေသမှာ တရုတ်ပြည်တွင် အတန်ကြာ ခေတ်စားခဲ့သည်။ ဤရွှေစည်းမျဉ်းကို အနုပညာနယ်ပယ်တွင် သာမက အခြားသော နယ်ပယ်များ၌လည်း အသုံးချနိုင်ကြောင်း ကျယ်ပြန့်လာသည့် သာဓကပင် ဖြစ်ချေ၏။

ဤ"ရွှေမျဉ်းဖြတ်" ဥပဒေသသည် ခေတ်စားလာသည်နှင့်အမျှ ကမ္ဘာအသီးသီးမှ ပညာရှင်တို့က မိမိတို့ နယ်ပယ်တွင် အသုံးချနိုင်ရန် ကြိုးပမ်းလာကြရာ စစ်ရေးကဏ္ဍလည်း မကင်းချေ။ ဤ "၀.၆၁၈" ဟူသော ကိန်း၏ လွှမ်းမိုးမှုကို စစ်ဘက်

နေရာတိုင်း၌ တွေ့နိုင်၏။ မြင်းတပ်သုံး မားတ၏ ကွေးကောက်ပုံ၊ ပုံ့သန်းနေသော ရိုင်ဖယ်ကျည်ဖူး သို့မဟုတ် တာဝေးပစ်ဒုံးကျည်၏ အမြင့်ဆုံးမှတ် (Apex)၊ တိုက်ခိုက်ဖုံးကြီလေယာဉ်၏ အမြင့်ဆုံးသော ဖုံးလွှမ်းမှတ်တို့မှသည် ဆက်သွယ်မှုလမ်းကြောင်းအရှည်နှင့် စစ်ပွဲ၏ အလှည့်အပြောင်းမှတ်တို့ ဆက်နွယ်ပုံစသည်တို့အထိ ဤကိန်းဂဏန်းက လွှမ်းမိုးနေခဲ့၏။

စစ်သမိုင်းစာမျက်နှာကို အမှတ်တမဲ့ လှန်ကြည့်လျှင်ပင် ရှေးခေတ်စစ်သမိုင်း၊ ခေတ်သစ်စစ်သမိုင်း၊ နိုင်ငံတကာ စစ်သမိုင်း စသည်တို့၌ ဤ "ဝ.၆၁၈" ဟူသော ကိန်း၏ လွှမ်းမိုးပုံကို ရွှေခါးပတ်တစ်ခုသဖွယ် နေရာတကာ၌ တွေ့ရဖွယ်ရှိ၏။

ဤသည်ကို တရုတ်သမိုင်းမှ ရန်လင်တိုက်ပွဲတွင် တွေ့နိုင်၏။ ဂျင်နိုင်ငံနှင့် ဂျူနိုင်ငံတို့ ဖြစ်ပွားသော စစ်ပွဲဖြစ်၏။ ဂျင်နိုင်ငံမှ လီမြို့စားသည် ဇင်မြို့ကို တိုက်မည့်တပ်အား ဦးဆောင်လာ၏။ ဂျင်တပ်ဖွဲ့သည် ရန်လင်မြို့၌ အဆုံးအဖြတ် တိုက်ပွဲဖြစ်၏။ ဂျူတပ်များကို အနိုင်ရလိုက်၏။ ဂျူတပ်မှ ပြေးလာသော မြောင်ပင်ဟွန် ဆိုသူ၏ အကြံပေးချက်အရပင် လီမြို့စားသည် ၎င်း၏ အလယ် တပ်မမှ တပ်အစိတ်အပိုင်း အချို့တို့အား ဂျူတပ်ဖွဲ့၏ လက်ဝဲဘက်အခြမ်းကို တိုက်စေ၏။ နောက်ထပ်တပ် အစိတ်အပိုင်း အချို့တို့အား ဂျူတပ်၏ အလယ်တပ်မကို တိုက်စေ၏။ ကျန်တပ်များကိုမူ ဂျူတပ်ဖွဲ့၏ လက်ယာဘက်တပ်ကို တိုက်စေ၏။ တိုက်မည့်နေရာ အတိအကျမှာ "ရွှေမျဉ်းဖြတ်" ဥပဒေသနှင့် ကိုက်ညီသောနေရာ (အမှတ်) ပင် ဖြစ်၏။

ရှေးယခင်အခန်းများ၌ မဟာအလက်ဇန္ဒား၏ ဒေးရီးယပ်စ်တို့ တိုက်ခိုက်ကြသော အာဘဲလားတိုက်ပွဲကို ဖော်ပြခဲ့ပြီး



ဖြစ်ပါသည်။ မက်ဆီဒိုးနီးယားတပ်များသည် ပါရှားတပ်များ၏ လက်ဝဲတောင်ပံနှင့် အလယ်တပ်မတို့ ဆုံရာ "ဆုံမှတ်" ကို ဦးတည်တိုက်ခိုက်ခဲ့၏။ ဤအမှတ်မှာ စစ်မျက်နှာတစ်ခုလုံး၏ "ရွှေမျဉ်းဖြတ်" ဖြစ်နေပေ၏။

မွန်ဂိုဘုရင် ဂျင်ဂစ်ခန်၏ မြင်းတပ်များ ဥရောပတိုက်တစ်ခုလုံးကို ဟာရီကိန်းမုန်တိုင်း တိုက်သလို မည်သည့်အတွက် သိမ်းပိုက်သွားနိုင်သနည်းဆိုသည်ကို လူသားများသည် နှစ်ပေါင်းရာပေါင်းများစွာပင် ပဟေဠိ ဖြစ်နေခဲ့ကြ၏။ မွန်ဂိုတပ်များ၏ ရက်စက်မှု၊ ကောက်ကျစ်မှု၊ စစ်ကစားမှု ကောင်းခြင်း စသော အချက်များက လိုအပ်သော အဖြေကို မပေးနိုင်ခဲ့ချေ။ ပို၍ အရေးကြီးသော အကြောင်းတရားများ ရှိနေပေ၏လော။ ဤနေရာတွင်လည်း "ရွှေမျဉ်းဖြတ်" ၏ အစွမ်းကို မြင်ရပြန်၏။ မွန်ဂိုမြင်းတပ်၏ ဖွဲ့စည်းမှုမှာ အနောက်နိုင်ငံများ၏ ဖဲလန့်စ်ခေါ်တပ်ထုဖွဲ့စည်းပုံနှင့် မတူညီသည်ကို ကျွန်ုပ်တို့ သိရှိပြီးဖြစ်၏။ မွန်ဂိုမြင်းတပ်ထု၏ အတန်း ၅ တန်း ဖွဲ့စည်းမှုတွင် အကြီးစားမြင်းတပ်နှင့် အပေါ့စား မြင်းတပ်တို့၏ အချိုးမှာ ၂:၃ ဖြစ်၏။ သံချပ်ကာ မြင်းတပ်က ၂ ချိုး၊ ပေါ့ပါးလျင်မြန်သော မြင်းတပ်က ၃ ချိုးဖြစ်ရာ "ရွှေမျဉ်းဖြတ်" ၏ သဘောကို တွေ့ရပြန်၏။ မြင်းကုန်းနှီးပေါ်မှာ မွန်ဂိုစစ်သူကြီး၏ အရည်အသွေးကို ချီးကျူးရပေတော့မည်။ ဤအတွက်လည်း မွန်ဂိုမြင်းတပ်တို့က ဥရောပတပ်များထက် တိုက်အားကောင်းခဲ့ခြင်း ဖြစ်သည်။

ဤရွှေမျဉ်းဖြတ် ဥပဒေသကို ဘာသာရေးနှင့် အနုပညာတွင်သာ အဓိကထား အသုံးချခဲ့ကြသော ခရစ်ယာန် ဘာသာဝင် ဥရောပသားတို့သည် အခြားကဏ္ဍများ၌ပါ ဤဥပဒေသကို

ဆက်လက်အသုံးချရန် လက်နှေးခဲ့ကြသည်။ သမားရိုးကျ ဖဲလန့်စ်၏ တပ်ထုပုံကို ဗထက်ချိုက်သေနတ်ကိုင် စစ်သည်နှင့် လှံရှည်ကိုင် စစ်သည်များ ရောနှောပြုပြင် ဖွဲ့စည်းခဲ့သည့် ဒတ်ချ်စစ်သူကြီး မောရစ်စ်သည်ပင် ဤဥပဒေသကို သတိမမူမိခဲ့ချေ။ ဆွီဒင်ဘုရင် ဂူစတပ်ဗ်သည် ဤသေနတ်နှင့် လှံရှည် ရောနှောဖွဲ့စည်းသော တပ်ထုပုံကို ပြုပြင်ခဲ့ပြီး ဥရောပတိုက်တွင် တိုက်အားအကောင်းဆုံး တပ်မတော်အဖြစ် ဆွီဒင်တပ်မတော်ကို ပြုပြင်ခဲ့သူဖြစ်သည်။ ၎င်းက မူလရှိပြီးဖြစ်သော လှံရှည်ကိုင် စစ်သား ၂၁၆ ဦးနှင့် ဗထက်ချိုက်သေနတ်ကိုင် ၁၉၈ ဦးတို့အား နောက်ထပ် ဗထက်ချိုက် သေနတ်ကိုင် ၉၆ ဦး ထပ်မံအားဖြည့်ပေးခဲ့သည်။ ဤပြောင်းလဲမှုကြောင့် မီးပေါက်သေနတ်များကို ထိထိရောက်ရောက် အသုံးချနိုင်ပေခဲ့၏။ ယမ်းမဲ့လက်နက်နှင့် မီးပေါက်လက်နက်တို့ကို စည်းခြားလိုက်ခြင်းလည်း ဖြစ်၏။ သေနတ်ကိုင် စစ်သား (၁၉၈ + ၆၉) နှင့် လှံကိုင်စစ်သား (၂၁၆) ဦးတို့ကို အချိုးချ ကြည့်ပါက "ရွှေမျဉ်းဖြတ်" ဥပဒေသကိုပင် တွေ့ရပေဦးမည်။

ဆက်လက်၍ လေ့လာဦးမည်ဆိုပါကလည်း နပိုလီယံကို ကြည့်နိုင်၏။ နပိုလီယံသည် ၁၈၁၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် ရုရှားကို စတင်တိုက်ခိုက်ခဲ့၏။ ဘိုရိုဒီနိုတိုက်ပွဲတွင် ရုရှားတပ်များကို အနိုင်ရသော်လည်း မချေမှုန်းနိုင်သောအခါ မော်စကိုမြို့ကို ဝင်ရောက်သိမ်းပိုက်ခဲ့၏။ တစ်လအကြာတွင် ပြင်သစ်တပ်များ မော်စကိုမှ ဆုတ်ခွာသောအခါ နှင်းများထူထပ်စွာ ကျနေချေပြီ။ ကာလအားဖြင့် ကြည့်ပါက အောင်ပွဲခံကာလ ၃ လ၊ စစ်ရှုံးကာလ ၂ လ ဖြစ်ချေ၏။ သို့အတွက် ကာလအားဖြင့် ကြည့်ပါက မီးလောင်နေသော မော်စကိုမြို့တော်အား မြစ်ကမ်း



ပေါ်မှ နပိုလီယံကောရာဇ် လှမ်းမျှော်ကြည့်ရှုနေသော အချိန်သည် "ရွှေမျဉ်းဖြတ်" ကျသော ကာလမျဉ်းဖြစ်နေ၏။

နောင်နှစ်ပေါင်း ၁၃၀ အကြာတွင်လည်း နာဇီဂျာမနီတို့သည် ဘာဘရိုဆာစစ်ဆင်ရေးဖြင့် ရုရှားကို ဝင်တိုက်ပြန်၏။ ဂျာမန်တို့က ၂ နှစ်လုံးလုံး ထိုးစစ်ဆင်နေခဲ့၏။ ၁၉၄၃ ခုနှစ်တွင်မှ ဂျာမန်တို့သည် ထိုးစစ်မှ ခံစစ်ကို ပြောင်းလဲခဲ့သည်။ ဆိုဗီယက်–ဂျာမနီစစ်ပွဲတွင် အပြောင်းအလဲမှတ်ဟု သမိုင်းပညာရှင်များ သတ်မှတ်ထားသည့် စတာလင်ဂရက်တိုက်ပွဲ ကာလသည် စစ်ပွဲ၏ ၁၇ လမြောက် ကာလတွင် ဖြစ်ပွားခဲ့၏။ အချိန်ကာလ မျဉ်းအားဖြင့် ကြည့်လျှင် စစ်ပွဲကာလ ၂၆ လ၌ ၁၇ လမြောက်တွင် အပြောင်းအလဲ ဖြစ်ခဲ့ခြင်း ဖြစ်၏။ အချိန်အားဖြင့် ပြောင်းလဲမှတ်သည် "ရွှေမျဉ်းဖြတ်" ဥပဒေသနှင့် ကိုက်ညီနေပြန်၏။

ပင်လယ်ကွေ့ စစ်ပွဲကိုလည်း ကြည့်ပါမူ ဤကဲ့သို့သော သဘောကို တွေ့ရပါမည်။ စစ်ပွဲမစတင်မီတွင် ကမ္ဘာတစ်လွှားရှိ စစ်ပညာရှင်များက မဟာမိတ်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အီရတ်တပ်မတော်၏ လူ၊ လက်နက်များ သေကြေပျက်စီးမှုသည် မူလအင်အား၏ ၃၀ ရာခိုင်နှုန်းကျော်သွားသည့်အခါ အီရတ်တပ်မတော်၏ တိုက်စွမ်းရည် ကျဆင်းသွားမည်ဟု သုံးသပ်ထားကြသည်။ အီရတ်တပ်များ၏ ၃၀ ရာခိုင်နှုန်းမှတ်ကို ရောက်ရန်အတွက် အမေရိကန်တို့က ပြင်းပြင်းထန်ထန် ဗုံးကြဲတိုက်ခိုက်ခဲ့၏။ လေကြောင်းတိုက်ခိုက်မှုများ ပြီးဆုံးချိန်တွင် အီရတ်တို့ဘက်မှ ယင်းတို့၏တင့်ပေါင်း ၄၂၈၀ ၏ ၃၈ ရာခိုင်နှုန်း၊ သံချပ်ကာယာဉ် ၂၂၈၀ ၏ ၃၂ ရာခိုင်နှုန်းနှင့် အမြောက်

၃၁၀၀ ၏ ၄၇ ရာခိုင်နှုန်း ပျက်စီးကာ လူအင်အားမှာ ၆၀ ရာခိုင်နှုန်းသာ ကျန်ရှိတော့၏။ ဤကိန်းဂဏန်းများ၏ အလယ်ဗဟို၌ “ဝ၆၁၈” ဟူသော ကိန်းဂဏန်းသည် ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ကျရောက်ခဲ့သည်။ သဲကန္တာရ မုန်တိုင်းအမည်ရှိ မြေပြင်စစ်ဆင်ရေးမှာ နောက်ထပ်နာရီ ၁၀၀ အကြာတွင် ပြီးဆုံးခဲ့ချေ၏။

သမိုင်းမှ အထက်ဖော်ပြပါ အချက်များကို ထုတ်ကြည့်ပါက ထူးခြားဆန်းပြားသော အမြင်တစ်မျိုးဖြင့် မြင်ရမည်ဖြစ်၏။ တစ်ခုချင်းစီကို လေ့လာသော် မတော်တဆဟု ထင်ရန် အကြောင်းရှိသော်လည်း ပြန်လည်စုစည်း လိုက်သောအခါမူ “ဝိသေသအမှတ်” တစ်ခုကို တွေ့ရမည်။ ထိုအခါ ကြုံကြိုက်မှုဟုလည်းကောင်း၊ မတော်တဆဟုလည်းကောင်း မခေါ်ဆိုနိုင်တော့ချေ။ “ဥပဒေသ” တစ်ခု ရှိနေပြီကို မလွဲမသွေ လက်ခံရပေတော့မည်။

## အောင်ပွဲ၏သဒ္ဒါ

တရုတ်သဒ္ဒါတွင် အခြေခံဝါကျ တည်ဆောက်ပုံ ဟူ၍ ရှိ၏။ ယင်းတည်ဆောက်ပုံအရ ဝါကျ သို့မဟုတ် စကားစုကို အဓိက စာလုံးနှင့် အထူးပြုစာလုံးဟူ၍ ခွဲခြားသည်။ ရှေ့စာလုံးက နောက်စာလုံးကို ဝိသေသပြုသည်။ ရှေ့စာလုံးက အသွင်သဏ္ဌာန်ကို ဖော်ပြပြီး နောက်စာလုံးက သဘာဝကို ဖော်ပြသည်။ သို့အတွက် ဝိသေသစာလုံးသည်ပင် ဝါကျတစ်ခု၏ ပဓာနဖြစ်လာတတ်သည်။ “ပန်းသီးနီ”ဟုဆိုရာ၌ “ပန်းသီး”ဟူသော စကားရပ်က သစ်သီး



တစ်မျိုးဖြစ်ကြောင်းနှင့်တကွ အသီး၏ သဘာဝကို ဖော်ပြ၍ “နီ” ဟူသော စကားရပ်က အရောင်ကို ဖော်ပြသည့်အပြင် ဝါကျတစ်ခုလုံးကို ပိုမိုထင်ရှားသွားစေသည်။ အလားတူပင် “အထူးစီးပွားရေးဇုန်” ဟူသော စကားရပ်ကို ကြည့်ပါမူ “စီးပွားရေး” ဟူသော စကားရပ်သာ မပါဝင်က “အထူးဇုန်” ဟူသော စကားရပ်သည် ပထဝီဝေါဟာရတစ်ခုအဖြစ်သာ ရှိပေလိမ့်မည်။ “စီးပွားရေး” ဟူသော ဝေါဟာရ ပါဝင်လာသောအခါ အဓိပ္ပာယ်မှာ များစွာ ကျယ်ပြန့်သွားရာ တရုတ်ပြည်ပြုပြင် ပြောင်းလဲရေးအတွက် တိန့်ရှောင်ဖိန်၏ စီးပွားရေးပြုပြင်ပြောင်းလဲရေးဝါဒကိုပါ ခြုံငုံမိသွားစေသည်ကို တွေ့ရမည်ဖြစ်၏။

ဤသည်ကို တရုတ်သဒ္ဒါ၌ “ဘေးထွက်ဝါကျ တည်ဆောက်ပုံ ဥပဒေသ” ဟု ခေါ်၏။

တရုတ်ဘာသာ၌ အဓိကစကားစုကို ဘေးထွက် သို့မဟုတ် ဝိသေသ စကားစုဖြင့် အထူးပြုမှုမှာ လွန်စွာ အရေးပါလှသဖြင့် ဤဝိသေသ စကားစုမပါဘဲ တရုတ်စကားပြော၍ မရတော့ချေ။ တရုတ်သဒ္ဒါ၌ စကားတစ်လုံးတည်းဖြင့် ဝါကျ မဖြစ်ချေ။ ဝိသေသ စကားရပ် မပါပါက ဝါကျတွင် ရှင်းလင်းမှု မရှိချေ။ ဥပမာ–ဝါကျတစ်ခုတွင် ပစ္စည်းကောင်း၊ လူကောင်း၊ အဆောက်အအုံမြင့်၊ အလံနီ၊ အနေးပြေးဟူသော စကားရပ်များ ဖယ်လိုက်ပါက ပဓာနစာလုံးသည် ဘာမျှအဓိပ္ပာယ်မရှိသော စကားလုံးတစ်ခုဖြစ်သွားတတ်ပေသည်။ သို့အတွက် ဝိသေသစကားရပ်သည် ဝါကျတစ်ခုလုံးကို အဓိပ္ပာယ်ရှိစေသော၊ အားကောင်းစေသော အစိတ်အပိုင်း ဖြစ်လာသည်။ သို့အတွက် ဝါကျတစ်ခု၌ ပဓာန

စာလုံးသည် ခန္ဓာကိုယ်နှင့် တူသည်။ ဘေးထွက်စကားရပ် သို့မဟုတ် အထူးပြုစကားရပ်က အသက်ဖြစ်လာသည်။ အသက်နှင့် ခန္ဓာတွင် အသက်က ပို၍ အရေးပါသည်မှာ အထူးဆိုဖွယ်ရာ မရှိချေ။

တရုတ်ဘာသာကို စစ်အခေါ်အဝေါ်များနှင့် နှိုင်းယှဉ်ကြည့်ပါက တူညီသော အချက် အတော်များများ တွေ့ရပါမည်။ "လူကောင်း"၊ "အဆောက်အအုံမြင့်"၊ "အလံနီ" ဟူသော စကားရပ်များသည် "လေယာဉ်တင်သင်္ဘော"၊ "ခရုဇ်ဒုံးပျံ"၊ "စတဲ့သ်လေယာဉ်"၊ "သံချပ်ကာလူသယ်ယာဉ်"၊ "ပုံထိန်းဖုံး"၊ "ကြည်း–လေ တိုက်ပွဲသဘောတရား" စသော စစ်သုံးဝေါဟာရများကဲ့သို့ပင် ဝိသေသ စကားရပ်များဟု ဆိုနိုင်၏။ ဤသို့ ပဓာနစာလုံးနှင့် ဝိသေသစာလုံးတို့ ဆက်နွယ်ပုံမျိုးမှာ သဒ္ဒါတွင် သာမက ကဗ္ဗာအသီးသီး၊ နယ်ပယ်အသီးသီး၌ တည်ရှိပေသည်။

စစ်ပညာအရာ၌လည်း ဤ "ဘေးထွက် ဥပဒေသ" ဟူသော ဝေါဟာရကို "အငှား" အနေဖြင့် အသုံးပြုကြည့်နိုင်ပေ၏။ အမျိုးမျိုးသော အကြောင်းအရာများ၏ လှုပ်ရှားမှုနှင့် တိုးတက်ဖွံ့ဖြိုးမှုတို့တွင် ဤသဘောတရားကို တွေ့မြင်နေရသည်။ ဝိသေသအစိတ်အပိုင်းက ပဓာနအစိတ်အပိုင်းထက် ပို၍ အရေးပါနေတတ်သည်ကို မကြာခဏ တွေ့ရတတ်၏။ ဥပမာအားဖြင့် နိုင်ငံတစ်နိုင်ငံကို ကြည့်ပါမူ ပြည်သူလူထုသည် ပဓာနဖြစ်၍ အစိုးရသည် နိုင်ငံကို အုပ်ချုပ်ညွှန်ကြားသော အစိတ်အပိုင်းသာ ဖြစ်၏။ တပ်မတော်တစ်ရပ်တွင်လည်း စစ်သည်များနှင့် အရာရှိလတ်၊ အရာရှိငယ်များသည် ပဓာနဖြစ်၍ ကွပ်ကဲမှုဌာနချုပ်သည်



ညွှန်ကြားသော အစိတ်အပိုင်းသာ ဖြစ်သည်။ ချူကလီးယား ပေါက်ကွဲမှုတစ်ခုတွင် ယူရေနီယံ သို့မဟုတ် ပလူတိုနီယံသည် အဓိကဖြစ်၍ ၎င်းတို့အား ဖြိုခွဲခြင်းသည် ပေါက်ကွဲမှုဖြစ်စေသော အကြောင်းအရာဖြစ်၏။ အရှေ့တောင်အာရှ ဘဏ္ဍာရေး အကြပ်အတည်းတွင် သားကောင်ဖြစ်ရသော နိုင်ငံများမှာ ပဓာနဖြစ်၍ ငွေကြေးကစားသူများမှာ အရေးအခင်း ဖန်တီးသူများ ဖြစ်၏။

အထက်ပါ ဥပမာများကို ကြည့်ပါက အစိုးရမရှိလျှင် ပြည်သူလူထုသည် အထိန်းအကွပ်မဲ့ဖြစ်နေပေမည်။ ကွပ်ကဲမှုဌာနချုပ်မရှိလျှင် စစ်သားများသည် ထိန်းမရအုပ်စုတစ်ခုသာ ဖြစ်မည်။ ဖောက်ခွဲမှုနည်းလမ်းသာ မရှိလျှင် ယူရေနီယံနှင့် ပလူတိုနီယံတို့သည် သတ္တုခဲမျှသာ ဖြစ်မည်။ ငွေကြေးဈေးကစားသူများသာ ဈေးမကစားခဲ့ပါက သားကောင်ဖြစ်ရသော နိုင်ငံများ၏ ပုံမှန်ဘဏ္ဍာရေး စည်းမျဉ်းများကြောင့် အကြပ်အတည်း မဖြစ်အောင် ရှောင်ရှားနိုင်ပေမည်။ ဤအခြေအနေ ၄ ရပ်ကို ကြည့်ပါမူ ပဓာနနှင့် ဝိသေသ မည်သူက ပို၍ အရေးပါနေသည်ကို ထင်ရှားစွာ သိမြင်နိုင်ပေ၏။

အထက်တွင် ဖော်ပြဆွေးနွေးခဲ့သလိုပင် ဤဘေးထွက် ဥပဒေသသည် ဝါကျတစ်ခုတွင် ဘက်မညီသော (Asymmetrical Structure) တည်ဆောက်မှုဖြစ်စေ၏။ သို့အတွက် ပဓာန အစိတ်အပိုင်းနှင့် ဝိသေသ သို့မဟုတ် ဘေးထွက် အစိတ်အပိုင်းတို့၏ ဆက်နွယ်ပုံမှာ မညီမျှသော ဆက်နွယ်မှု (ဝါ) ဘက်မညီဆက်နွယ်မှု ဖြစ်၏။ ဤအခြေအနေမှာ အထက်တွင် ဖော်ပြခဲ့သော "ရွှေမျဉ်းဖြတ်" အယူအဆအတိုင်း "၀.၆၁၈" နှင့် "၁" အချိုးချသလို မညီမျှသော အချိုးကျမှု ဆက်နွယ်မှုကို

မြင်တွေ့ရပေမည်။ ဤဘေးထွက်ဥပဒေသ အယူအဆအရ ဆိုလျှင် ဘေးထွက် အစိတ်အပိုင်း တစ်နည်းအားဖြင့် ဝိသေသ အစိတ်အပိုင်းက ပဓာနအစိတ်အပိုင်းထက် ပို၍ အရေးကြီးနေပေသည်။ "ရွှေမျဉ်းဖြတ်" ဥပဒေသတွင်လည်း ထိုနည်းအတိုင်း ဖြစ်၏။ "ဝ.၆၁၈" ကိန်းဂဏန်းက အရေးပါပြီး "၁" ဂဏန်းက အရေးမပါချေ။ သိပ္ပံဆိုင်ရာ ဥပဒေသများအရ သဘာဝ တူသော အကြောင်းခြင်းရာများ တူညီသော ဥပဒေသများကို လိုက်နာကြသည်ဟု ဆိုသည်။ သို့အတွက် "ရွှေမျဉ်းဖြတ်"နှင့် "ဘေးထွက် ဥပဒေသ" တို့ နှစ်ခုစလုံးနှင့် အကျုံးဝင်သော ဥပဒေသတစ်ရပ် ရှိပါမူ အောက်ပါအတိုင်း ဖြစ်ပေမည်။

*ဝ.၆၁၈ = ဘေးထွက်အစိတ်အပိုင်းဆီသို့ ယိမ်းခြင်း*

ဤအချက်ကို တိမ်ဂျီမြင်းပြိုင်ပွဲနှင့် နှိုင်းယှဉ်နိုင်သည်။ မိမိမြင်းများ၏ ခွန်အားနည်းပါးမှုကို သိထားသော တရုတ် စစ်ပါရဂူ ဆွန်ပင်သည် တရုတ်တို့၏ ကစားပွဲပညာကို ထုတ်သုံးခဲ့၏။ ၎င်းက တိမ်ဂျီ၏ အညံ့ဆုံးမြင်းကို ချီဘုရင်၏ အကောင်းဆုံးမြင်းနှင့် ယှဉ်ပြိုင်စေရာ ရှုံး၏။ တစ်ဖန် ၎င်း၏ (ဘေးထွက် အစိတ်အပိုင်းများ ဖြစ်သော) အလတ်စားနှင့် အကောင်းဆုံး မြင်းများကို တစ်ဖက်၏ အလတ်စားနှင့် အညံ့ဆုံးမြင်းများနှင့် ယှဉ်ပြိုင်စေရာ နှစ်ပွဲစလုံးနိုင်၏။ ပေါင်းလိုက်သော် ၂ ပွဲနိုင် ၁ ပွဲရှုံး ဖြစ်၍ မိမိဘက်မှ ၁ ပွဲအသာဖြင့် အနိုင်ရ၏။ ဤကဲ့သို့ ၁ ပွဲရှုံး၊ ၂ ပွဲနိုင် (စိုးမိုးသော ဘေးထွက် အစိတ်အပိုင်း) အသုံးပြု၍ (ပဓာနဖြစ်သော) ပြိုင်ပွဲတစ်ခုလုံးကို အနိုင်ယူခြင်းမှာ ဘေးထွက်ဥပဒေသ၏ သဘောတရားဖြစ်သည်။ တစ်ဖန် ပြိုင်ပွဲ



၃ ပွဲ၌ ၂ ပွဲနိုင်ခြင်းသည် အချိုးချသော် ၂:၃ ဖြစ်နေပြန်၏။ ထို့ကြောင့်—

*ရွှေမျဉ်းဖြတ်ဥပဒေသ = ဘေးထွက်ဥပဒေသ*

ဤကဲ့သို့ ဥပဒေသတစ်ခုအား ရှာဖွေခြင်းသည် ပြဿနာတစ်ရပ်အား လေ့လာရာ၌ အစဖြစ်သလို အဆုံးလည်း ဖြစ်၏။ ကျွန်ုပ်တို့သည် "ဘေးထွက်ဥပဒေသ" ဟူသော အကြောင်းအချက် တစ်ရပ်ရှိသည်ဟူ၍ အသိအမှတ်ပြု လက်ခံထားလျှင် "ရွှေမျဉ်းဖြတ်" ဥပဒေသကဲ့သို့ပင် စစ်ရေးကဏ္ဍသည်လည်း ယင်းဥပဒေနှင့် လွတ်ကင်းနိုင်မည် မဟုတ်ချေ။

အချက်အလက် အထောက်အထားများအရလည်း ဤအတိုင်း တွေ့ရှိရပေသည်။

ချီဘုရင်နှင့် လူဘုရင်တို့၏ ချန်ရှောင်တိုက်ပွဲ၌ ဤအတိုင်း ဖြစ်ခဲ့၏။ နှစ်ဖက်တပ်များ မျက်နှာချင်းဆိုင်ထားရာ၌ ချီဘုရင်၏ တပ်ဖွဲ့မှာ လွန်စွာမှ တက်ကြွ၍ ထိုးစစ်အပြုအမူရှိ၏။ လူဘုရင်၏ တပ်များမှာ မလှုပ်မရှား တည်ငြိမ်နေ၏။ ချီဘုရင်၏တပ်ဖွဲ့သည် ဗုံများတီးကာ သုံးကြိမ်တိုင်တိုင် လူဘုရင်၏တပ်ကို ဝင်တိုက်၏။ သို့ရာတွင် လူဘုရင်၏တပ်ဖွဲ့မှာ နေရာမှ မရွေ့ဘဲ ချီဘုရင်၏ တပ်ဖွဲ့များသာ တိုက်စစ်အဟုန်ကျဆင်းလာ၏။ ဤသည်ကို အခွင့်ကောင်းယူ၍ လူတပ်ဖွဲ့က တန်ပြန်တိုက်စစ်ဆင်ရာ အောင်ပွဲရသွား၏။ တိုက်ပွဲပြီးသောအခါ ဤတိုက်ပွဲ၌ လူဘုရင်၏ အနိုင်ရခြင်းအား ၎င်း၏ အကြံပေး ကောင်ဂွီက ဤသို့ ဝေဖန်ခဲ့၏။ "ရန်သူတပ်သည် ပထမအကြိမ် ဗုံတီး၍ တိုက်စဉ် တိုက်စစ်အဟုန် အလွန်ကောင်း၏။ ဒုတိယအကြိမ်တွင် အနည်း

ငယ် အဟုန်ကျဆင်းလာပြီး တတိယအချိတွင် စစ်ပန်းသွား၏။ ဤသို့ ရန်သူ စစ်ပန်းနေချိန် မိမိတပ်များမှာ ခွန်အားပြည့်ဖြစ်နေသဖြင့် မိမိတို့ အနိုင်ရခြင်း ဖြစ်သည်။"

ယင်းတိုက်ပွဲတစ်ခုလုံးအား အဆင့် ၅ ဆင့်ခွဲနိုင်၏။ ချီတပ်ဖွဲ့၏ ပထမအကြိမ် ဗုံတီး၍ တိုက်ခြင်း၊ ချီတပ်ဖွဲ့၏ ဒုတိယအကြိမ် ဗုံတီး၍ တိုက်ခြင်း၊ ချီတပ်ဖွဲ့၏ တတိယအကြိမ် ဗုံတီး၍ တိုက်ခြင်း၊ လူ့ တပ်ဖွဲ့၏ တန်ပြန်တိုက်စစ်နှင့် လူ့ တပ်ဖွဲ့၏လိုက်စစ် ဟူ၍ ဖြစ်သည်။ အဆင့် ၁ မှ ၃ အထိ ပညာရှိ ကောင်ဂွီသည် ရန်သူ၏ တိုက်စစ်ကို ရှောင်လွှဲသော မဟာဗျူဟာ ကျင့်သုံးခဲ့၏။ သို့အတွက် ချီတပ်ဖွဲ့များသည် ၎င်းတို့ တိုက်အား၏ "ရွှေမျဉ်းဖြတ်မှတ်" ကို မည်သည့် မယ်မယ်ရရ အောင်ပွဲမှ မရဘဲ တစ်ခဏချင်း ကျော်လွန်သွား၏။ တစ်ဖက်တွင် ဤ "ရွှေမျဉ်းဖြတ်မှတ်" ကိုပင် အတိအကျ ချိန်ကိုက်ရွေးချယ်ကာ လူ့တပ်ဖွဲ့က တန်ပြန်တိုက်စစ်ဆင်ခဲ့၏။ ၃း၅ သည် အကြမ်းဖျဉ်းအားဖြင့် ၀.၆၁၈ ဟု ယူဆနိုင်၏။ ဤသည်မှာ လွန်ခဲ့သော နှစ်ပေါင်း ၂၇၀၀ က ရွှေမျဉ်းဖြတ်မှတ်ကို အသုံးချခဲ့သည့် စစ်ပွဲသာဓက ဖြစ်သည်။ ထိုစဉ်က ပညာရှိ ကောင်ဂွီသည် ပိုက်သာဂိုးရပ်စ်၏ သီအိုရီကို ကြားဖူးဦးမည် မဟုတ်ပါ။ ယင်းသီအိုရီသည် နောင်နှစ် ၂၀၀ ကြာမှ ပေါ်ထွက်လာ၏။ ယင်းသီအိုရီကို သိသည့်တိုင် တိုက်ပွဲကာလအတွင်း မည်သည့် အချိန်သည် ၀.၆၁၈ အမှတ်ဖြစ်သည်ကို သိနိုင်မည် မဟုတ်ပါ။ သို့ရာတွင် ထိုးထွင်းသိစိတ်သက်သက်ဖြင့် ထိုအချိန် ထိုအမှတ်ကို ရွေးချယ်နိုင်ခဲ့၏။ ဤသည်မှာ ပါရမီရှိသော စစ်ပါရဂူများ၏ အရည်အချင်းပေတည်း။



ဟန်နီဘောသည်လည်း ကနေးတိုက်ပွဲအတွင်း အလားတူ စဉ်းစားခဲ့၏။ ဟန်နီဘောသည် ရန်သူတပ်များ၏ တိုက်အားကျစေသော လျှို့ဝှက်ချက်ကို နားလည်သူဖြစ်၏။ သို့အတွက် အားအနည်းဆုံးဖြစ်သော ဂေါလ်နှင့် စပိန်ခြေလျင်တပ်များအား စစ်မျက်နှာ၏ အလယ်ဗဟိုတပ်မနေရာတွင် နေရာယူစေခဲ့၏။ အမှန်မှာ အကောင်းဆုံးတပ်များကို နေရာချထားရမည် ဖြစ်၏။ သို့ဖြင့် ဟန်နီဘော၏ အညံ့ဆုံးတပ်များသည် ရောမတို့၏ တိုက်စစ်ဒဏ်ကို ပြင်းထန်စွာ ခံစားကြရသဖြင့် တဖြည်းဖြည်း ဆုတ်ခွာရင်းနှင့် တပ်ထုပုံမှာ လခြမ်းပုံသဏ္ဌာန် ချိုင့်ဝင်လာ၏။ ဤသို့ဖြစ်လာစေရန် ဟန်နီဘောက တမင်သက်သက် ကြံရွယ်ခြင်းဖြစ်သည်။ သို့မဟုတ် မတော်တဆ ဖြစ်သွားသည်ကိုမူ မသိနိုင်ပေ။ သို့ရာတွင် ရောမတို့၏ တိုက်အားကို ဤလခြမ်းပုံတပ်က ခုခံရင်းမှ စစ်မျက်နှာစာ ကျယ်သည်ထက် ကျယ်လာကာ ရောမတို့၏ တိုက်စစ်အဟုန် ကျဆင်းလာရာ ကာသေ့ချ်တို့၏ အတွင်းပိုင်းအထိ ရောက်လာသည်။ ထိုအချိန်တွင်မှ ကာသေ့ချ်တို့က အင်အားနည်းသော်လည်း တိုက်အားကောင်းသည့် မြင်းတပ်ဖြင့် ရောမတပ်များအား ဝိုင်းပတ်တိုက်ခိုက်ရာ အဆုံးတွင် ဟန်နီဘော အနိုင်ရခဲ့၏။

အထက်ဖော်ပြပါ တိုက်ပွဲနှစ်ခုကို ယှဉ်ကြည့်ပါမူ တိုက်ပုံတိုက်နည်း မတူညီသော်လည်း စဉ်းစားတွေးခေါ်ပုံ တူညီနေကြောင်း တွေ့ရပေမည်။ နှစ်ပွဲစလုံးကို လွှမ်းမိုးထားသော မဟာဗျူဟာမှာ ရန်သူ၏ ဝက်ခေါင်းထိုး တိုက်ခိုက်မှုကို ရှောင်လွှဲရင်းမှ ရန်သူ၏ တိုက်စစ်အဟုန် ကျဆင်းလာစေခြင်း ဖြစ်၏။ ရန်သူအား တည့်တည့် ရင်ဆိုင်ခြင်းမှ ရှောင်လွှဲ၍ ရန်သူ၏ တိုက်စွမ်းအား

အကျဆင်းဆုံးအချိန်တွင် မိမိမှ တန်ပြန်တိုက်စစ်ဆင်ခြင်းသည် ရွေမျဉ်းဖြတ် ဥပဒေသနှင့်လည်းကောင်း၊ ဘေးထွက်ဥပဒေသနှင့် လည်းကောင်း ကိုက်ညီနေပေ၏။

ဤတိုက်ပွဲများ၌ ရွေမျဉ်းဖြတ်ဥပဒေသနှင့် ကိုက်ညီခဲ့ခြင်းမှာ တိုက်ဆိုင်မှုလည်း ဖြစ်နိုင်ပါသည်။ ဤရွေမျဉ်းဖြတ်ဥပဒေသသည် ခေတ်သစ် စစ်ပွဲများ၌ ပိုမိုထင်ရှားလာခဲ့၏။ ဂျာမန်တို့၏ စစ်ပရိယာယ်များဖြစ်သော တင့်အား ခြေလျင်၏ လက်အောက်ခံ တပ်အဖြစ်မှ ခွဲထုတ်၍ အဓိကတိုက်အားအဖြစ် အသုံးပြုခြင်း၊ ဘလစ်ဇ်ကရိဂ်ခေါ် မုန်တိုင်းစစ်ဆင်ရေးကို စစ်အခြေခံသဘောတရားအဖြစ် အသုံးပြု၍ ပထမကမ္ဘာစစ် အယူအဆများကို ပစ်ပယ်ခြင်း၊ တောင်ထူထပ်သော အာဒင်းစ်ဒေသ၌ အဓိက တိုက်စစ်ဆင်ခြင်းတို့သည် ပဓာနကျသော အချက်များမှ သွေဖီ၍ ဘေးထွက်အစိတ်အပိုင်းသို့ ယိမ်းခြင်းပင်ဖြစ်၏။ ဤသို့ ရှေးဟောင်းအယူအဆကို ပစ်ပယ်၍ စစ်ရေးဆိုင်ရာ တွေးခေါ်မှုကို အခြေခံမှ စ၍ ပြောင်းလဲခြင်းကြောင့် ဗြိတိန်ကျွန်းစုအား အင်္ဂလိပ်ရေလက်ကြားကို ဖြတ်ကျော် တိုက်ခိုက်မည်ဟူ၍ပင် ခြိမ်းခြောက်နိုင်ခဲ့၏။ ဤအယူအဆများသည် မန်စတိုင်းနှင့် ဂူဒေရီယန်တည်းဟူသော အရာရှိငယ် ၂ ဦးတို့၏ ကြံဆတွေးခေါ်မှုများမှ ပေါက်ဖွားကျယ်ပြန့်လာခြင်းဟု ဆိုက ယုံနိုင်ဖွယ် မရှိချေ။

အလားတူ တိုက်ပွဲတစ်ခုမှာ ဂျပန်တို့ ပုလဲဆိပ်ကမ်းအား အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခြင်း ဖြစ်၏။ ဂျာမန်တို့ ပြင်သစ်ကို တိုက်သလိုပင် ပဓာနအချက်ကို လျစ်လျူရှု၍ ဝိသေသအချက်များက လွှမ်းမိုးသော ဘေးထွက်ဥပဒေသအရ



တိုက်ခြင်းဖြစ်၏။ ဂျပန်ရေကြောင်း ဗိုလ်ချုပ်ကြီးယာမာမိုတိုသည် လေယာဉ်တင် သင်္ဘောများအား ဂျာမန်ဗိုလ်ချုပ်ဂူဒေရီယန်က တင့်များ သုံးသလိုပင် အဓိက တိုက်အားအဖြစ် အသုံးချခဲ့၏။ ယေဘုယျအားဖြင့်မူ ယာမာမိုတိုသည် စစ်သင်္ဘောကြီးများသာလျှင် အဆုံးအဖြတ် လေကြောင်းတိုက်ပွဲများ၏ အဓိကတိုက်အား (ပဓာနအချက်) ဟု စွဲမြဲစွာ ခံယူထားသူဖြစ်သော်လည်း ဘေးထွက်ဥပဒေသအရ လေယာဉ်တင် သင်္ဘောများနှင့် သင်္ဘောတင်လေယာဉ်များအား အဓိကတိုက်အားအဖြစ် အသုံးပြုကာ အမေရိကန် ရေတပ်ကို တိုက်ခိုက်ခဲ့ပေသည်။ ပို၍ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ယာမာမိုတိုသည် အမေရိကန်ပြည်ထောင်စု၏ ရှည်လျားသော ပစိဖိတ်ကမ်းရိုးတန်းကို ဝင်မတိုက်ခဲ့ခြင်း ဖြစ်၏။ ယာမာမိုတိုသည် မိမိ၏ ရေတပ်ဖွဲ့များ လက်လှမ်းမီမှုကိုလည်း ထည့်သွင်းစဉ်းစားခဲ့ရာ ဟာဝိုင်အီကျွန်းကို တိုက်ခိုက်ရန် ရွေးချယ်ခဲ့၏။ ဟာဝိုင်အီကျွန်းသည် ပစိဖိတ်သမုဒ္ဒရာတစ်ခုလုံးကို ထိန်းချုပ်ထားသဖြင့် အရေးပါသော ပစ်မှတ်ဖြစ်သည်။ သို့ရာတွင် အမေရိကန်တို့က ဟာဝိုင်အီကျွန်း၏ အရေးပါမှုကို ထောက်လှမ်းရေးသတင်းများ ရရှိသည့်တိုင် လက်မခံခဲ့ကြချေ။ ယာမာမိုတိုသည် ၎င်းစွဲကိုင်ထားသော စစ်သင်္ဘောကြီးများ အသုံးပြု၍ အဆုံးအဖြတ်ပေး ရေကြောင်းတိုက်ပွဲများဟူသည့် ပဓာနအချက်ကို စွန့်လွှတ်ကာ ဘေးထွက်ဥပဒေသအရပင် ဟာဝိုင်အီကျွန်းကို အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခြင်းဖြင့် သမိုင်းဝင်အောင်ပွဲကို ဆွတ်ခူးနိုင်ခဲ့သည်။

အထက်ဖော်ပြပါ ဆွေးနွေးချက်များကို ကြည့်ပါမူ ရွေမျဉ်းဖြတ် ဥပဒေသသည်လည်းကောင်း၊ ဘေးထွက်ဥပဒေသသည်

လည်းကောင်း ကျဉ်းမြောင်းစွာ စဉ်းစား၍ မရဘဲ ၎င်းတို့၏ အနှစ်သာရကို အရအမိ ဖမ်းဆုပ်နိုင်ရန် အရေးကြီးကြောင်း တွေ့ရပေမည်။ လျင်မြန်စွာ ပြောင်းလဲနေသော စစ်မြေပြင်၏ အခြေအနေအရ မည်သည့်တပ်မှူးမှ လုံလောက်သော သတင်း၊ လုံလောက်သောအချိန်ဟူ၍ မရရှိနိုင်သဖြင့် ရွေမျဉ်းဖြတ်မှတ်ကို သေချာစွာ ရွေးချယ်ရန်လည်းကောင်း၊ ဘေးထွက်အစိတ်အပိုင်းသို့ သွေဖီယိမ်းယိုင်ရမည့် ဒီဂရီပမာဏကိုလည်းကောင်း အတိအကျ သိရှိနိုင်မည် မဟုတ်ချေ။ အကြောင်းမှာ ဤ ၀.၆၁၈ ဟူသော ကိန်းဂဏန်းသည်လည်းကောင်း၊ ဘေးထွက် အစိတ်အပိုင်းသို့ ယိမ်းခြင်းဟူသော အချက်သည်လည်းကောင်း သင်္ချာအလိုအရ ကိန်းသေများ မဟုတ်ခြင်းကြောင့် ဖြစ်၏။ အမြဲတမ်းပြောင်းလဲ နေသော စစ်ပွဲနှင့် တိုက်ပွဲအခြေအနေများအရ စစ်နတ်ဘုရား၏ အလိုတော်ကျ ဖြစ်ပေါ်နေသော ထောင်နှင့်ချီသည့် အချက်အလက်များကို ကိုယ်စားပြုထားခြင်းသာ ဖြစ်သည်။

ရံဖန်ရံခါ၌ ဤဥပဒေသများသည် စစ်တိုက်ရန် ရွေးချယ်သောနည်းလမ်းကို လွှမ်းမိုး၏။ သာဓကအားဖြင့် ပင်လယ်ကွေ့စစ်ပွဲအတွင်း၌ ဗိုလ်ချုပ်ကြီးရှုပ်စကော့ဗ်သည် လေကြောင်းအင်အားကို အဓိကတိုက်အားအဖြစ် အသုံးပြုကာ ကြည်းတပ်နှင့် ရေတပ်ကို အထောက်အကူပေး တပ်ဖွဲ့များအဖြစ် အစဉ်အလာနှင့် ဆန့်ကျင် ကျင့်သုံးခဲ့၏။

ရံဖန်ရံခါ၌ ဤဥပဒေသများသည် စစ်နည်းဗျူဟာ ရွေးချယ်မှုကို လွှမ်းမိုး၏။ ဂျာမန်ရေကြောင်း ဗိုလ်ချုပ်ကြီး ဒိုးနစ်ဇ်သည် သင်္ဘောချင်း တိုက်ခိုက်ရမည့် ရေကြောင်းတိုက်ပွဲအစား ရေငုပ်သင်္ဘောများဖြင့် ကုန်တင်ရေယာဉ်များအား တိုက်ခိုက်သည့် နည်းဗျူဟာကို ရွေးချယ်ခဲ့၏။ ၎င်း၏ "ဝံပုလွေအုပ်တိုက်နည်း" သည် သာမန်ရေကြောင်းတိုက်ပွဲများထက်ပင် ဗြိတိန်နိုင်ငံအား ခြိမ်းခြောက်ခဲ့၏။



အချို့သော အခြေအနေများ၌ လက်နက်ရွေးချယ် သုံးစွဲမှုကို လွှမ်းမိုး၏။ နပိုလီယံ၏ အမြောက်များသည်လည်းကောင်း၊ ဂူဒေရီယန်၏ တင့်များသည်လည်းကောင်း၊ ယာမာမိုတို၏ လေယာဉ်တင် သင်္ဘောများသည်လည်းကောင်း၊ ပင်လယ်ကွေ့စစ်ပွဲအတွင်း အသုံးပြုသည့် တိကျလက်နက်များသည်လည်းကောင်း စစ်၏ ချိန်ခွင်လျှာကို ပြောင်းလဲစေခဲ့သည်။

အချို့အခြေအနေများ၌မူ တိုက်ခိုက်မည့်အမှတ် (ရည်မှန်းချက်) ကို ရွေးချယ်ရာ၌ လွှမ်းမိုး၏။ ထရာဖော်လ်ဂါရေကြောင်းတိုက်ပွဲ၌ အင်္ဂလိပ် ရေတပ်ဗိုလ်ချုပ် နယ်လ်ဆင်သည် ပြင်သစ်ရေတပ်၏ ရှေ့ပိုင်းကို တိုက်ခိုက်ရမည့်အစား နောက်ပိုင်းကို အဓိကထား တိုက်ခိုက်ခဲ့၏။ သို့ဖြင့် ကမ္ဘာကျော်ရေကြောင်းတိုက်ပွဲကို အနိုင်ရလိုက်ရုံမက ဗြိတိန်နိုင်ငံအား ရေကြောင်းအင်ပါယာကြီးတစ်ခု ပိုင်ဆိုင်သွားစေ၏။

ရံဖန်ရံခါ၌မူ တိုက်ခိုက်သည့်အခွင့်အခါကို ရွေးချယ်ခြင်း၌ လွှမ်းမိုး၏။ စတုတ္ထမြောက် အာရပ်–အစ္စရေးစစ်ပွဲတွင် သမ္မတဆာဒတ်သည် မွတ်ဆလင်တို့၏ ဥပုသ်လ ဖြစ်သော ရာမာဒန်ကာလအတွင်း အောက်တိုဘာလ ၆ ရက်နေ့ကို စူးအက်တူးမြောင်းဖြတ်ကျော်ရန် ရွေးချယ်ခဲ့၏။ တစ်ဖန် တိုက်ခိုက်ချိန်တွင် မွန်းတည့်အချိန်အား ရွေးချယ်ခဲ့ရာ နေစောင်းလာသည်နှင့်အမျှ အစ္စရေးတို့ မျက်နှာသို့ နေထိုးစေရန် ဖြစ်သည်။

အချို့အခြေအနေများ၌ တပ်များ ဟန်ချက်မညီ ဖြန့်ခွဲခြင်းကို လွှမ်းမိုးသည်။ ပထမကမ္ဘာစစ်မတိုင်မီက ဂျာမန်စစ်ဌာနချုပ်သည် ပြင်သစ်နိုင်ငံအား ဝင်ရောက်တိုက်ခိုက်ရန်အတွက် "ရှလီပင် စီမံကိန်း" ဆိုသည်ကို ရေးဆွဲခဲ့ရာ၌ ဂျာမန်တပ်မ ၇၂ ခုအနက် ၅၃ ခုကို လက်ယာတောင်ပံတွင် အဓိက တိုက်အားအဖြစ် ထားရှိရန် ရည်ရွယ်ပြီး ဗဟိုနှင့် လက်ဝဲစစ်နံတို့၌ ကျန်တပ်မ ၁၉ ခုကို အသုံးချရန် လျာထားရေးဆွဲခဲ့၏။

ရံဖန်ရံခါ၌မူ မဟာဗျူဟာ ကျင့်သုံးမှုကို လွှမ်းမိုးသည်။ ဘီစီ ၂၆၀ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ချင်မင်းဆက်နှင့် ဇောင်မင်းဆက်တို့ ခေတ်ပြိုင်ဖြစ်၏။ ချင်ဘုရင် ကျင်သည် ရန်သူအား အလျင်စလို အဆုံးအဖြတ် တိုက်ပွဲဖြင့် အနိုင်မယူဘဲ ဟန်နယ်ရှိ ရှန့်ဒန်အား တိုက်ခိုက်ခြင်းဖြင့် ဇောင်ဘုရင်အား အားလျော့စေသည်။ ၎င်းနောက် ငြိမ်းချမ်းရေးဆွေးနွေးလိုသယောင်ပြုရာ ဇောင်ဘုရင်အား နယ်စားများက ထောက်ပံ့မှုများ ရပ်စဲသွားသည်။ အချင်းချင်း မယုံသင်္ကာ ဖြစ်စေရန်လည်း ပြုခြင်းဖြစ်၏။ သို့ဖြစ်ရာ ဇောင်ဘုရင်သည် ဗိုလ်ချုပ်လျန်ပိုအား ရာထူးမှ ဖြုတ်ခါ စစ်အတွေ့အကြုံ မရှိသူ ဇောင်ဟူအား စစ်ဗိုလ်ချုပ်ခန့်လိုက်၏။ သို့အတွက် ချန်ပင်တိုက်ပွဲ၌ ဇောင်ဘုရင်၏ တပ်များ စစ်ရှုံးရတော့သည်။ သို့ဖြစ်ရာ ဤတိုက်ပွဲအောင်မြင်မှုသည် ကျင်တပ်ဖွဲ့များ၏ အင်အားကောင်းမှုထက် မဟာဗျူဟာ ကျင့်သုံးမှုကြောင့် ဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် အထူးသတိပြုရမည့်အချက်မှာ ယနေ့ကာလ၌ နိုင်ငံရေး၊ စီးပွားရေးနှင့် အမျိုးသားလုံခြုံရေးပြဿနာများအား ကိုင်တွယ်ဖြေရှင်းရာ၌ စစ်ရေးကဏ္ဍထက် ကျော်လွန်၍ စဉ်းစားသောနိုင်ငံများသည်ထက် များလာခြင်းဖြစ်၏။ ဤနိုင်ငံ



များသည် မိမိတို့၏ လိုလားချက် ပြည့်မြောက်စေရန်အတွက် အခြားနည်းလမ်းများဖြင့် စစ်အင်အားကို ထပ်ပိုးခြင်း၊ အားဖြည့်ခြင်း၊ အစားထိုးခြင်းတို့ဖြင့် စစ်အင်အား သက်သက်ဖြင့် မရရှိနိုင်သော လိုလားချက်များကို အကောင်အထည်ဖော် ရယူကြသည်။ ဤသည်မှာ စစ်ရေးတွင် ဘေးထွက် သို့မဟုတ် ဝိသေသ အစိတ်အပိုင်းက ပဓာနအစိတ်အပိုင်းအပေါ် အထင်ရှားဆုံး လွှမ်းမိုးမှု ဖြစ်၏။ အလားတူပင် အနာဂတ်ကာလများ၌လည်း ဤကဲ့သို့ပင် ဘေးထွက်ဥပဒေသက ပဓာနဖြစ်သော စစ်ရေးနှင့် အခြားနည်းလမ်းများကို ဆက်လက် လွှမ်းမိုးနေတော့မည် ဖြစ်၏။

အထက်တွင် ဆွေးနွေးခဲ့သော အချက်များကို ကြည့်ပါက ဘေးထွက် အစိတ်အပိုင်းသို့ ယိမ်းခြင်းဟူသည်မှာ ပုံမှန်ဖြစ်သော ဟန်ချက်ညီ အယူအဆ၊ မျှခြေရှိသော အယူအဆ၊ ချောမွေ့ခြင်း အယူအဆ၊ ဝဲယာ ညီညွတ်စွာ တည်ရှိခြင်း အယူအဆ၏ ဆန့်ကျင်ဘက်ဖြစ်ကြောင်း တွေ့ရပါမည်။ ဓားကို တည့်တည့် မခုတ်ဘဲ ဘေးစောင်းခုတ်နည်းဟုလည်း ဆိုနိုင်၏။ အကြောင်းမှာ ဓားချင်းဆိုင်မခုတ်ဘဲ ဘေးစောင်းလွှဲခုတ်မှသာ မိမိဓားမနာဘဲ လိုသလို ဖြတ်တောက်နိုင်မည် ဖြစ်၏။ ဤသည်မှာ ရှေးခေတ် စစ်ပညာ၏ "အခြေခံအကျဆုံး သဒ္ဒါ" ပင် ဖြစ်သည်။

ကျွန်ုပ်တို့သည် အနုပညာ၌ ရွှေမျဉ်းဖြတ် ဥပဒေသကို အလှဆင်သည့်ပညာဟု ဆိုပါက စစ်ပညာ၌ ဤဘေးထွက် ဥပဒေသကို မည်သည့်အတွက် အောင်ပွဲဥပဒေသဟု မခေါ်နိုင်ပေသနည်း။

## ဘေးထွက်ဥပဒေသတည်ဆောက်မှု အနှစ်သာရ

အရာဝတ္ထုတစ်ခုအား ပေါင်းစပ်ပါဝင် ဖွဲ့စည်းထားသည့် အစိတ်အပိုင်းများအနက် အားလုံးကို လွှမ်းမိုးနေသော အစိတ်အပိုင်းတစ်ခု ရှိတတ်သည်။ ဤအရာဝတ္ထုနှင့် အခြားအရာဝတ္ထုများ၏ ဆက်နွှယ်မှု၊ သဟဇာတ ဖြစ်နေသည်ဆိုပါက ၎င်းသည် "ဝါဒ၁၈း၁" ပုံသေနည်းနှင့် အချို့နေရာများတွင် ကိုက်ညီပြီး ဘေးထွက်ဥပဒေသနှင့်လည်း ကိုက်ညီမှုရှိပေမည်။ ဤနေရာ၌ အရာဝတ္ထုတစ်ခုအား ပေါင်းစပ်ဖွဲ့စည်းထားသည့် အရာအားလုံးသည် ပဓာနအကြောင်းအရာဖြစ်ကာ "အထက်ဖော်ပြပါ တစ်ခုတည်းသော အစိတ်အပိုင်း" က လွှမ်းမိုးသော အကြောင်းအရာ သို့မဟုတ် ဘေးထွက်အကြောင်းအရာ ဖြစ်တတ်သည်။ ရည်ရွယ်ချက်တစ်ခု ရှိလာပြီ ဆိုသောအခါ ပဓာန အကြောင်းအရာနှင့် ဘေးထွက်အကြောင်းအရာတို့ အပြန်အလှန်ဆက်နွှယ်မှု သဘောတရားတစ်ခု ပေါ်ပေါက်လာသည်။ နွားသိုးနှစ်ကောင် ဇေ့ကြသည်ဆိုရာ၌ နွားသိုးက ပဓာန အစိတ်အပိုင်းဖြစ်ပြီး ချိုများက ဘေးထွက် အစိတ်အပိုင်း ဖြစ်သည်။ ဓားနှစ်စင်း ခုတ်မိသည့်အချိန်တွင် ဓားများက ပဓာနအစိတ်အပိုင်းဖြစ်ပြီး အသွားများက ဘေးထွက်အစိတ်အပိုင်းဖြစ်တတ်သည်။ သို့အတွက် မည်သည်က လွှမ်းမိုးသော အကြောင်းအရာဖြစ်ပြီး မည်သည်က လွှမ်းမိုးခံ အကြောင်းအရာဖြစ်သည်ကို ရှင်းလင်းစွာ သိနိုင်၏။

ရည်ရွယ်ချက်တစ်ခု ပြောင်းသွားသည်နှင့် လွှမ်းမိုးသော အကြောင်းအရာသစ် တစ်ခု ပေါ်လာကာ မူလ အကြောင်းအရာဟောင်းကို လွှမ်းမိုးပြီးနောက် ပဓာနနှင့် ဘေးထွက်အကြောင်းအရာတို့ ဆက်နွှယ်မှုအသစ်တစ်ရပ် ပေါ်ပေါက်လာ၏။ ဤသို့ လွှမ်းမိုးသော အကြောင်းအရာနှင့် အခြားသော အကြောင်းအရာများ၏ ဆက်နွှယ်မှုအား အမိအရ ဖမ်းယူနိုင်ပါက ရွှေမျဉ်းဖြတ်ဥပဒေသနှင့် ဘေးထွက်ဥပဒေသတို့၏ အနှစ်ကို ဖမ်းယူနိုင်ခြင်းပင် ဖြစ်ပေမည်။

ဤယူဆချက်အရ ကျွန်ုပ်တို့သည် စစ်၏ အရေးအကြီးဆုံး ဆက်နွှယ်မှု ၅ ခုကို လွယ်ကူစွာ ဖော်ထုတ်နိုင်ပေမည်။ ၎င်းတို့မှာ လွှမ်းမိုးသော လက်နက်နှင့် လက်နက်အားလုံး၊ လွှမ်းမိုးသော နည်းလမ်းနှင့် နည်းလမ်းအားလုံး၊ လွှမ်းမိုးသော အင်အားနှင့် အင်အားအားလုံး၊ လွှမ်းမိုးသော ဦးတည်ရာနှင့် ဦးတည်ရာအားလုံး၊ လွှမ်းမိုးသော ကဏ္ဍနှင့် ကဏ္ဍအားလုံးတို့ဟူ၍ ဖြစ်ပေသည်။ ဤလွှမ်းမိုးသော အစိတ်အပိုင်း ၅ ခုနှင့် ကျန်အစိတ်အပိုင်းများ၏ ဆက်နွှယ်မှုသည် စစ်ပွဲတိုင်း၌ ဘေးထွက်ဥပဒေသနှင့် ကျန်အစိတ်အပိုင်းများ ဆက်နွှယ်မှုပင် ဖြစ်၏။

ပင်လယ်ကွေ့စစ်ပွဲကို ဥပမာအဖြစ်ကြည့်နိုင်၏။ သဲကန္တာရမုန်တိုင်းစစ်ဆင်ရေးတွင် လွှမ်းမိုးသော လက်နက်များမှာ စတဲ့သ်လေယာဉ်၊ ခရုဇ်ဒုံးပျံ၊ တိကျဗုံးများဖြစ်ပြီး အခြားလက်နက်များက အလွှမ်းမိုးခံကဏ္ဍမှသာ ပါဝင်ကြ၏။ လွှမ်းမိုးသော နည်းလမ်းမှာ ၃၈ ရက်လုံးလုံး လေကြောင်းမှ တိုက်ခိုက်မှုဖြစ်ပြီး အခြားနည်းလမ်းများမှာ အလွှမ်းမိုးခံ နည်းလမ်းများ ဖြစ်၏။ လွှမ်းမိုးသော အင်အားမှာ လေတပ်အင်အားဖြစ်ပြီး အခြားတပ်များက အထောက်အကူပြု ကဏ္ဍမှ ပါဝင်၏။ လွှမ်းမိုးသော ဦးတည်ချက်မှာ ရီပတ်ဘလစ်ကန် အစောင့်တပ်များအား ပစ်မှတ်ထားစုစည်းတိုက်ခိုက်မှုဖြစ်ပြီး အခြားသော စစ်မြေပြင်ပစ်မှတ်များမှာ

ဒုတိယတန်းဦးစားပေး ပစ်မှတ်များသာ ဖြစ်သည်။ လွှမ်းမိုးသော ကဏ္ဍမှာ စစ်ရေးကဏ္ဍဖြစ်ပြီး အခြားကဏ္ဍများ အနေဖြင့် စီးပွားရေးပိတ်ဆို့မှု၊ သံတမန်ရေးရာအရ ဝိုင်းပယ်မှုနှင့် မီဒီယာ ထိုးစစ်များ ဖြစ်သည်။

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ အဆိုပါဆက်နွယ်မှုများကို သေချာစွာ နားလည် သဘောပေါက်ရန်သာ မဟုတ်၊ အမိအရ ဖမ်းဆုပ်၍ လက်တွေ့အသုံးချနိုင်ရန် ဖြစ်သည်။ အများသိကြသည့် အတိုင်းပင် နိုင်ငံတိုင်းအတွက် စစ်ဆင်နွှဲရန် အရင်းအမြစ်များမှာ အကန့်အသတ်သာ ရှိပေသည်။ အမေရိကန်ကဲ့သို့ အင်အားကြီးမား သည့် နိုင်ငံမျိုးပင်လျှင် ကုန်ကျစရိတ်သက်သာရေး၊ ကုန်ကျစရိတ် အနည်းဆုံးဖြင့် အောင်မြင်မှု အရှိဆုံး စစ်ပွဲမျိုး တိုက်ခိုက်နိုင်ရေး တို့ကို အမြဲမပြတ် စဉ်းစားနေရပေသည်။ သို့အတွက် မည်သည့် နိုင်ငံမဆို စစ်ပွဲဆိုင်ရာ အရင်းအမြစ်များအား သဘာဝကျကျနှင့် မဟာဗျူဟာမြောက် ခွဲဝေသုံးစွဲတတ်ရန် အရေးကြီးပေသည်။ ဤသို့ဆောင်ရွက်ရာမှ ဘေးထွက်ဥပဒေသကို မည်သို့မှန်ကန်စွာ အသုံးချမည်ဆိုသည်ကို စဉ်းစားရန် ဖြစ်ပေ၏။

ဤဘေးထွက်ဥပဒေသအား နိုင်ငံတော်တော်များများသည် အမှတ်တမဲ့ လိုက်နာသုံးစွဲလျက် ရှိနေကြ၏။ သာဓကအားဖြင့် ရုရှားနိုင်ငံကို ကြည့်နိုင်၏။ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွား ပြီးနောက် ရုရှားနိုင်ငံ၏ စစ်ရေးစွမ်းအားသည် တောက်လျှောက် ဆုတ်ယုတ်လာ၏။ မဟာအင်အားကြီးနိုင်ငံတစ်ခုအဖြစ် အမေရိကန် ကို ရင်မဆိုင်နိုင်တော့ရုံမက မိမိ အမျိုးသား လုံခြုံရေးကိုပင် ထိန်းသိမ်းရန် အခက်အခဲရှိနေ၏။ ဤအခြေအနေတွင် ရုရှား



စစ်ဌာနချုပ်သည် ၎င်း၏အနာဂတ် မဟာဗျူဟာကို အချိန်မီ ပြင်ဆင် ပြောင်းလဲခဲ့၏။ ရုရှားနိုင်ငံအား တိုက်ခိုက်လာပါက မဟာဗျူဟာမြောက်နှင့် နည်းဗျူဟာမြောက် နျူကလီးယား လက်နက်များအား လွှမ်းမိုးသည့် လက်နက်များအဖြစ် ဦးစားပေး အသုံးပြုမည်ဟူသော မဟာဗျူဟာပင် ဖြစ်၏။ ဤမဟာဗျူဟာနှင့် အညီ သမားရိုးကျ လက်နက်များကိုလည်း လိုက်လျောညီထွေ ပြင်ဆင်ဖွဲ့စည်းခဲ့၏။

ရုရှားနှင့် ပြောင်းပြန် ဆောင်ရွက်သူမှာ အမေရိကန် ပြည်ထောင်စု ဖြစ်၏။ ကြည်းတပ်အတွက် "အစစ အရာရာ၌ သာလွန်မှု" ဟူ၍လည်းကောင်း၊ ရေတပ်အတွက် "ပင်လယ်မှ ကုန်းမြေသို့" ဟူ၍လည်းကောင်း၊ လေတပ်အတွက် "ကမ္ဘာ တစ်ဝန်း စစ်ဆင်နိုင်ရန်" ဟူ၍လည်းကောင်း မဟာဗျူဟာ ရည်မှန်းချက်သစ်များ ချမှတ်ခဲ့သည်။ ဤသည်ကို အခြေခံ၍ ဒစ်ဂျစ်တယ် ကိရိယာများ၊ ကုန်း-ရေနှစ်သွယ် တိုက်ခိုက်ရေး ယာဉ်များ၊ တာဝေး စတဲ့သ်လေယာဉ်များအား လက်နက်မျိုးဆက် သစ်အဖြစ် ရွေးချယ်ထုတ်လုပ်ခဲ့ပြီး အမ်-၁ တင့်၊ လေယာဉ်တင် သင်္ဘောနှင့် အက်ဖ် ၁၆ တိုက်လေယာဉ်ကဲ့သို့သော နိုင်ဖဲများအား အစားထိုးရန် ကြိုးပမ်းလျက်ရှိသည်။

ရုရှားနှင့် အမေရိကန်တို့၏ လွှမ်းမိုးသောလက်နက် အယူ အဆ မတူညီမှုကို ကြည့်ပါက လက်နက်များအား ဖျက်ဆီး နိုင်သော စွမ်းအားအပေါ် မူတည်၍ ရွေးချယ်သည့် အယူအဆမှာ ခေတ်ဟောင်းသွားပြီဖြစ်ကြောင်း တွေ့ရပါမည်။ ကေန်စင်စစ် အားဖြင့် လက်နက်များ၏ အဖျက်စွမ်းအားဆိုသည်မှာ လက်နက်

များ၏ နည်းပညာဆိုင်ရာ စွမ်းပကားများအနက်မှ တစ်မျိုးသာလျှင် ဖြစ်၏။ ယင်းနည်းပညာဆိုင်ရာ စွမ်းပကားထက် စစ်၏ ရည်ရွယ်ချက်၊ စစ်ဆင်ရေး ရည်မှန်းချက်နှင့် လုံခြုံရေးဝန်းကျင်အနေအထားတို့က ပို၍ အရေးကြီးပေသည်။ သို့အတွက် ယင်းအချက်များကို ပြီးမြောက်အောင်မြင်ရန်အတွက် အထိရောက်ဆုံးသော လက်နက်မျိုးသည်သာ လွှမ်းမိုးသော လက်နက် ဖြစ်သင့်ပေသည်။ ၎င်းအပြင် မူလရှိပြီး လက်နက်များနှင့်လည်း ပေါင်းစပ်၍ လွှမ်းမိုးသော လက်နက်စနစ် ဖြစ်လာရန်လည်း လိုအပ်သည်။ ခေတ်သစ်စက်မှုနည်းပညာ၏ အခြေအနေအရ လွှမ်းမိုးသော လက်နက်များဟူသည် လက်နက်တစ်ခုချင်း မဟုတ်တော့ချေ။ "လက်နက်စနစ်" များ ဖြစ်လာပြီး ၎င်းလက်နက်စနစ်သည်ပင် ပို၍ကြီးမားသော အခြားစနစ်ကြီးတစ်ခု၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်လာသည်။ အဆင့်မြင့် နည်းပညာသစ်များ ပေါ်ပေါက်လာခြင်းကြောင့်လည်းကောင်း၊ စစ်၏ရည်ရွယ်ချက်များကို အမြဲတမ်း ချိန်ညှိပြောင်းလဲနေရသဖြင့်လည်းကောင်း၊ လွှမ်းမိုးသော လက်နက်နှင့် ၎င်းလွှမ်းမိုးသော လက်နက်နှင့် အခြားလက်နက်များ ပေါင်းစပ် အသုံးချမှုတို့ ပိုမိုလိုအပ်ပြီး လွှမ်းမိုးသောလက်နက်နှင့် လွှမ်းမိုးခံလက်နက်တို့၏ ဆက်နွယ်မှုတစ်ရပ် ပေါ်ပေါက်လာတော့သည်။

ဤသဘောတရားသည် စစ်တိုက်မှုနည်းလမ်း ရွေးချယ်မှုအားလည်း အကျိုးသက်ရောက်မှုရှိသည်။ စစ်ရေးနည်းလမ်းကိုသာ ဦးစားပေးပြီး အခြားနည်းလမ်းများအား စစ်ကို အထောက်အကူပြုသည့် နည်းလမ်းများဖြင့် စဉ်းစားခြင်းသည် ခေတ်ဟောင်း အယူအဆများ ဖြစ်သွားခဲ့ပေသည်။ မကြာမီကာလအတွင်း



စစ်ရေးနည်းလမ်းသည် ဘင်လာဒင်ကဲ့သို့ အကြမ်းဖက်အဖွဲ့များကို တိုက်ခိုက်သည့် နည်းလမ်းများအနက် တစ်ခုသာလျှင် ဖြစ်ချေတော့မည်။ ဘင်လာဒင်ကဲ့သို့ ပုဂ္ဂိုလ်မျိုးအား အထိရောက်ဆုံး ချေမှုန်းနိုင်မည့် နည်းလမ်းမှာ စစ်ရေးနည်းလမ်း မဟုတ်ဘဲ ဘဏ္ဍာရေးနည်းအရ ငွေကြေးဖြတ်တောက်ခြင်း၊ အင်တာနက်ပေါ်မှ တိုက်ခိုက်ခြင်းတို့သည် အထိရောက်ဆုံး ဖြစ်နိုင်ပေသည်။

စစ်ဆင်မှုနည်းလမ်းများ ကျယ်ပြန့်ရှုပ်ထွေးလာသောအခါ မထင်မှတ်သော အခြေအနေသစ်များ ပေါ်ပေါက်လာရတော့သည်။ ယင်းကား "စစ်ရေးတွင် အရပ်သားများ ပါဝင်မှု ပိုများလာခြင်း" (Civilianization of War) ဖြစ်ပေသည်။ ဤနေရာတွင်လည်း အထက်တွင် ဖော်ပြခဲ့သည့် လွှမ်းမိုးသော တပ်အင်အားနှင့် အခြေခံအင်အားများ ဆက်နွယ်ပုံအတိုင်းပင် စစ်ပွဲ၌ လက်နက်ကိုင်တပ်ဖွဲ့များ ပါဝင်မှုနှင့် အရပ်သားထုတစ်ခုလုံး ပါဝင်မှုတို့၏ ဆက်နွယ်မှုများ ပေါ်ပေါက်လာရပေသည်။ နိုင်ငံလုံခြုံရေးတွင် စစ်မှုထမ်းတို့၏ ကဏ္ဍာ ပိုမိုအရေးပါလာသကဲ့သို့ပင် အနာဂတ်စစ်ပွဲများအတွက် လူထုပါဝင်မှုကဏ္ဍာမှာ ပိုမိုကြီးမားလာ၏။ အမေရိကန်ကာကွယ်ရေးဌာန ဝက်ဘ်ဆိုက်နှင့် အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်များ တိုက်ခိုက်ခံရခြင်း သာဓကကို ကြည့်နိုင်ပေသည်။

လျှပ်ရှားတိုက်ခိုက်မှုတစ်ခုသည် စစ်ရေးလှုပ်ရှားမှုဖြစ်စေ၊ စစ်ပွဲမဟုတ်သော စစ်လှုပ်ရှားမှုဖြစ်စေ၊ စစ်ရေးမဟုတ်သော တိုက်ခိုက်မှုဖြစ်စေ၊ စစ်သဘောပါသော မည်သည့်တိုက်ခိုက်မှုပင် ဖြစ်စေ၊ မည်သည့်ဦးတည်ရာ ရှိမည်ကိုလည်းကောင်း၊ မည်သည့်

အမှတ်ကို အဓိက တိုက်ခိုက်မည်ဆိုသည်ကိုလည်းကောင်း၊ တိကျစွာ ရွေးချယ်ရန် လိုအပ်ပေသည်။ သို့မှသာ စစ်မြေပြင်၊ စစ်မျက်နှာ စသော အချက်များကို ထည့်သွင်းစဉ်းစားနိုင်ပေမည်။ ဤအချက်မှာ လက်နက်ကောင်းများ၊ ရွေးချယ်စရာနည်းလမ်းများ၊ လုံလောက်သော လူအင်အားများ ရှိထားသည့် စစ်ဗိုလ်ချုပ်များအတွက်ပင် လွန်စွာ ခက်ခဲသော ပြဿနာဖြစ်၏။ မည်သို့ပင်ဖြစ်စေကာမူ အလက်ဇန္ဒား၊ ဟန်နီဘော၊ နယ်လ်ဆင်၊ နစ်မစ်ဇ် စသော အနောက်တိုင်း စစ်သူကြီးများနှင့် တကွ ဆွန်ဇု၊ ဆွန်ဘင်စသော တရုတ်စစ်သူကြီးများသည် အဓိကတိုက်စစ်၏ ဦးတည်ရာကို ရွေးချယ်ရာ၌ ကျွမ်းကျင်ကြသဖြင့် ရန်သူကို အနိုင်ဖမ်းနိုင်ကြ၏။ လစ်ဒယ်လ်ဟတ်ကလည်း ဤအချက်ကို ဖော်ညွှန်းခဲ့သည်။ ၎င်းက ခုခံမှု အနည်းဆုံးလမ်းကြောင်း ရွေးချယ်ခြင်းနှင့် မမျှော်လင့်ဆုံး လမ်းကြောင်း ရွေးချယ်ခြင်းတို့ကို "သွယ်ဝိုက်စစ်မဟာဗျူဟာ" ဟု အမည်ပေးခဲ့သည်။

စစ်၏သဘာဝသည် ယခင်ကထက် ကျယ်ပြန့်လာပြီး ကြည်း၊ ရေ၊ လေ၊ အာကာသနှင့် အီထက်ထရောနစ်နယ်ပယ် များသာမက နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေး၊ ယဉ်ကျေးမှုနှင့် စိတ်ဓာတ်ရေးရာကဏ္ဍများပါ ပါဝင်လာသောအခါ အချင်းချင်း အပြန်အလှန် ဆက်စပ် အကျိုးသက်ရောက်မှုများကြောင့် စစ်ရေး ကဏ္ဍသက်သက်သည် လွှမ်းမိုးသော ကဏ္ဍတစ်ခုအဖြစ် ရပ်တည် နိုင်ခြင်း မရှိတော့ချေ။ စစ်ပွဲကို စစ်ကဏ္ဍ မဟုတ်သည့် အခြားသော ကဏ္ဍများ၌ ဆင်နွှဲတိုက်ခိုက်ကြပေလိမ့်မည်။ ထူးဆန်းနေသည်ဟု ယူဆရပြီး ရုတ်တရက်အားဖြင့် လက်ခံနိုင်ရန် ခဲယဉ်းမည် ဖြစ်သော်လည်း တစ်ခုပြီးတစ်ခု ပေါ်ထွက်လာသော လက္ခဏာများ



အရ ဤသည်ပင် လက်ခံရမည့် သဘောတရားတစ်ရပ်ဖြစ်ကြောင်း ပို၍ ထင်ရှားလာပေသည်။ အမှန်အားဖြင့်မူ ရှေးခေတ်ကာလ ကတည်းကပင် စစ်ကို စစ်ရေးကဏ္ဍသက်သက်တစ်ခုတည်း၌ တိုက်ခိုက်ခဲ့ကြသည် မဟုတ်ချေ။

စစ်၏ပြဿနာများကို အခြားသောကဏ္ဍများဖြင့် ဖြေရှင်း နည်းကို ယနေ့လူများ အတုယူသင့်သည်။ အဆင့်မြင့်နည်းပညာ၏ အစွမ်းကြောင့် ယနေ့လူများသည် ရှေးလူများထက်ပို၍ တွင်ကျယ်စွာ ဉာဏ်ကစားနိုင်၊ နည်းလမ်းများ ရွေးချယ်နိုင်လာကြသည်ဖြစ်ရာ စစ်ပွဲကို စစ်မတိုက်သည့်နည်းလမ်းမျိုးဖြင့် စစ်ရေးမဟုတ်သော ကဏ္ဍများ၌ အနိုင်ယူနိုင်မည်ဟူသော ရှေးလူတို့၏ အိပ်မက်မှာ ယနေ့ကာလ၌ အကောင်အထည်ပေါ်လာပေပြီ။

ကျွန်ုပ်တို့အနေဖြင့် အနာဂတ်စစ်ပွဲများကို အောင်မြင်ရန် မျှော်မှန်းကြသည်ဆိုပါက အထက်ဖော်ပြပါ တွေးတော စဉ်းစား မှုမျိုးဖြင့် မိမိတို့ ကိုယ်တိုင် ပြင်ဆင်ထားကြရပေမည်။ သို့မှသာ စစ်ပြိုင်တိုက်ခိုက်သော နိုင်ငံအသီးသီး၏ ကဏ္ဍမျိုးစုံကို ထိပါး စေနိုင်သော အဖွဲ့မျိုးကို စစ်ဘက်မှ လွှမ်းမိုးထားခြင်းမရှိသည့် ကဏ္ဍများ၌ တိုက်ခိုက်နိုင်စွမ်း ရှိပေမည်။ သို့တိုင်အောင် ယင်း အဖွဲ့များကို မည်သည့်လက်နက်များ အသုံးပြုမည်၊ မည်သည့် ပုဂ္ဂိုလ်များ ပါဝင်မည်၊ မည်သည့်ဦးတည်ရာနှင့် တိုက်ခိုက်မည်၊ မည်သည့်ကဏ္ဍများတွင် တိုက်ခိုက်မည်တို့ကိုမူ ကျိန်းသေပေါက် မဆိုနိုင်သေးပေ။

သေချာသောအချက်မှာမူ "လွှမ်းမိုးချက်" နှင့် "တစ်ခုလုံး" တို့၏ ဆက်နွှယ်မှုကို အမိဖမ်းဆုပ်နိုင်သော ဘေးထွက်ဥပဒေသကို

မှန်ကန်စွာ အသုံးချနိုင်သည့်ဘက်ကသာ မည်သည့်စစ်ပွဲပုံစံမျိုးကို မဆို အနိုင်ရမည်ဟူသော အချက် ဖြစ်ပေမည်။

## ပုံသေနည်းမဟုတ်၊ ဥပဒေသသာ ဖြစ်သည်

စစ်သည် ရှင်းလင်းရန် အခက်ခဲဆုံးနှင့် နားလည်ရန် အခက်ခဲဆုံးဖြစ်သည်။ စစ်သည် စက်မှုနည်းပညာ၏ အထောက်အကူလိုအပ်၏။ သို့ရာတွင် စက်မှုနည်းပညာသည် စိတ်ဓာတ်နှင့် စစ်မဟာဗျူဟာကို အစားမထိုးနိုင်ချေ။ အနုပညာဆန်သော်လည်း အနုစိတ်လွန်းခြင်း၊ ခံစားလွန်းခြင်းတို့ကိုမူ လက်မခံချေ။ သချာသဘောအရ တိကျမှန်ကန်ရန်လို၏။ သို့ရာတွင် တိကျမှုကြောင့် ရံဖန်ရံခါ၌ စက်ရုပ်ဆန်ပြီး မလူးသာမလှုပ်သာ ဖြစ်စေတတ်၏။ ဒဿနိကကျကျ တွေးခေါ်မြော်မြင်မှု လိုအပ်၏။ သို့ရာတွင် တွေးနေရုံဖြင့် မီးတောက်နှင့် သံပူတို့အကြားမှ ရတောင့်ရခဲ အခွင့်အလမ်းကို ရယူအမြတ်ထုတ်ခြင်း မပြုနိုင်ပေ။

စစ်တွင် ပုံသေနည်းဟူ၍ မရှိချေ။ မည်သူကမျှ စစ်ရေးတွင် ရေပက်မဝင်သော နည်းလမ်းပိုင်ဆိုင်ထားသည်ဟု မပြောကြားဝံ့ချေ။ မည်သူကမျှ နည်းလမ်းတစ်ခုတည်းဖြင့် စစ်ပွဲအားလုံး အောင်မြင်အောင် မစွမ်းဆောင်နိုင်သေးချေ။ ဤသို့ဆိုခြင်းကြောင့် စစ်ပွဲတွင် ဥပဒေသဟူ၍ မရှိဟု ဆိုခြင်း မဟုတ်ချေ။ အချို့သူများမှာ တိုက်တိုင်းအောင် စစ်သူကြီးများအဖြစ် မော်ကွန်းထိုးခံကြရ၏။ ဤသူတို့မှာမူ ရှားရှားပါးပါးဖြစ်ပြီး အောင်ပွဲ၏ ဥပဒေသကို ပိုင်နိုင်ထားသူများသာ ဖြစ်ကြသည်။

ဤအမည်များက စစ်ပွဲ၏ဥပဒေသဟူသည် အမှန်တကယ်ရှိကြောင်း သက်သေပြခဲ့ကြ၏။ သို့ရာတွင် ဤလျှို့ဝှက်ချက်ကို မည်သူကမျှ ထုတ်မပြောခဲ့ချေ။ စစ်သမိုင်းတစ်လျှောက်၌ ဥပဒေသများကို စစ်သူကြီးများ၏ ဦးနှောက်၌ ရုတ်တရက်ပေါ်လာသော အကြံဉာဏ်ကောင်းများဟုသာ မှတ်ယူခဲ့ကြ၏။ ဤဥပဒေသများသည် ဓားဓားချင်း ထိသည့် မီးပွင့်များ၊ ယမ်းခိုးများ အကြားတွင် သိုဝှက်ပျောက်ကွယ်နေခဲ့ကြ၏။



အမှန်တကယ်အားဖြင့် မည်သည့်ဥပဒေသမဆို စက္ကူစာရွက်နှင့်သာ တူသည်ဆို၏။ အရေးကြီးသောအချက်မှာ ယင်းစက္ကူ၌ အပေါက်ဖောက်နိုင်ခြင်း ရှိ/မရှိဟူသော အချက်ဖြစ်၏။

ဘေးထွက်ဥပဒေသသည်လည်း စက္ကူတစ်ရွက်သာ ဖြစ်၏။ ၎င်းသည် လွယ်ကူ ရိုးစင်းသကဲ့သို့ပင် ရှုပ်ထွေး၏။ နိမ့်ချည်၊ မြင့်ချည်ရှိသလို တည်လည်း တည်ငြိမ်နေ၏။ ရံဖန်ရံခါ ကံကောင်းသူ တစ်ဦးက လက်ဖြင့် ထိုးလိုက်ရုံဖြင့် "စက္ကူ" ပေါက်သွားစေနိုင်၏။ အောင်ပွဲတံခါး ဖွင့်နိုင်ခဲ့သည်။ ၎င်းသည် လွယ်ကူလွန်းသဖြင့် ကိန်းဂဏန်းအဖြစ်လည်းကောင်း၊ သဒ္ဒါနည်းဖြင့်လည်းကောင်း ဖော်ပြပေးနိုင်၏။ တစ်ဖန် ရှုပ်ထွေးလွန်းသဖြင့်လည်း သချာမည်မျှ ကျွမ်းကျင်သည်ဖြစ်စေ၊ သဒ္ဒါမည်မျှ ကျွမ်းကျင်သည်ဖြစ်စေ အဖြေမရှာနိုင်ချေ။ ၎င်းသည် မီးခိုးနှင့် တူသဖြင့် ဖမ်းဆုပ်ရန် ခဲယဉ်း၏။ တစ်ဖန် အရိပ်နှင့်လည်း တူသဖြင့် ထွက်နေနှင့် တူသော အောင်ပွဲတိုင်း၌ ပါတတ်၏။

သို့အတွက် ကျွန်ုပ်တို့သည် ဘေးထွက်ဥပဒေသကို အခြေခံအကြောင်းတရားအဖြစ် သတ်မှတ်ပြီး သီအိုရမ်တစ်ခုကဲ့သို့ မသတ်မှတ်ပေ။ ဤအခြေခံအကြောင်းတရား၏ အပြန်ပြန်

အလှန်လှန် ဆက်စပ်ပုံ သဘောတရားကို မိမိတို့ အပြည့်အဝ စဉ်းစားခဲ့၏။ ဆက်နွှယ်နေသော အကြောင်းများကို ယန္တရား ဆန်ဆန် ယူဆ၍ မရသလို အတိအကျလည်း တိုင်းထွာရန် မရချေ။ ဆက်နွှယ်မှု အကြောင်းတရားဟူသည် အဖြူရောင် သက်သက် မဟုတ်သဖြင့် အရောင်ခြယ်ခံရမည်ကို မကြောက်ချေ။

စစ်သမိုင်းတစ်လျှောက်ကို ကြည့်ခြင်းဖြင့် ဘေးထွက် ဥပဒေသသည် အောင်ပွဲဥပဒေသဖြစ်ကြောင်း ကျွန်ုပ်တို့ ဆုံးဖြတ်နိုင်ခဲ့ပြီးဖြစ်၏။ ၎င်းအား မှန်ကန်စွာ အသုံးချခြင်းမှာမူ အသုံးချသူတစ်ဦးချင်းနှင့် အခြေအနေပေါ် မူတည်သည်။ စစ်ပွဲအောင်မြင်မှုကို လှမ်းဆွတ်လိုသူတိုင်း ပဟေဠိဖြစ်ရသောအချက်မှာ သတ်မှတ်ပြီး ဥပဒေသများအား ချိုးဖောက်မိသူမှာ စစ်ရှုံးမည် ဧကန်ဖြစ်သော်လည်း ဥပဒေသများအတိုင်း အတိအကျ လိုက်နာလျှင်ပင် စစ်နိုင်မည်ဟု အတပ်မယူဆနိုင်ချေ။ ၆ နှင့် ၆ မြှောက်လျှင် ၃၆ ဖြစ်၏။ ဂဏန်းများသည်ပင် မဟာဗျူဟာဖြစ်၏။ "ယင်" နှင့် "ယန်"တို့သည် သဟဇာတ ဖြစ်နေ၏။ ထို့ကြောင့် အခွင့်အလမ်းများ ရှိနေသည်။ သို့ရာတွင် အခွင့်ကောင်းကို ဖန်တီးယူ၍ မရပေ။

ယင်းကို ဖန်တီးယူခြင်းဖြင့် လက်တွေ့မကျနိုင်ပေ။ "စစ်ပရိယာယ် ၃၆ မျိုး" (36 Strategems) တို့သည် စစ်တို့၏ သဘာဝအလျောက် ဖြစ်ပျက်တတ်ပုံကို ဖော်ပြ၏။ အောင်မြင်သော စစ်ပွဲများ၌ စစ်ပွဲအောင်မြင်ရသော အကြောင်းများသည် "ဝဏ်ဘဂ" ဟူသော ကိန်းဂဏန်းနှင့် မည်သို့ ကိုက်ညီမှုရှိကြောင်း သက်သေသာဓက များစွာ ပြနိုင်ပေသည်။ သို့ရာတွင် ဤ "ရှေမျဉ်းဖြတ်" နှင့် ကိုက်ညီမှု မရှိရှိအောင် စစ်ပွဲကို စီမံပြင်ဆင်



တိုက်ခိုက်သူမှာ ကျိန်းသေအရှုံးနှင့် ရင်ဆိုင်ရမည်ဖြစ်၏။ "ရှေမျဉ်းဖြတ်" ဥပဒေသကို ကျင့်သုံးသည်ဖြစ်စေ၊ ဘေးထွက်ဥပဒေသကို ကျင့်သုံးသည်ဖြစ်စေ၊ အဓိကသော့ချက်မှာ အနှစ်ကို အမိဖမ်း၍ ဥပဒေကို အသုံးချရန်ဖြစ်သည်။ ယန္တရားဆန်ဆန်၊ ပုံသေနည်းဆန်ဆန် အသုံးချရန် မဟုတ်ချေ။

ဥရောပတိုက်မှ နာမည်ကျော် ရော့စ်ဘတ်ချ်တိုက်ပွဲနှင့် လူဇန်တိုက်ပွဲ နှစ်ခုစလုံး၌ တိုက်စစ်ဆင်သောဘက်သည် မဟာအလက်ဇန္ဒားနည်းတူ တစောင်းဖြတ်တိုက်သော တပ်အခင်းအကျင်းကို အသုံးချခဲ့ကြ၏။ သို့ရာတွင် ထွက်ပေါ်လာသော အကျိုးရလဒ်မှာ ဆန့်ကျင်ဘက်ဖြစ်၏။ ရော့စ်ဘတ်ချ်တိုက်ပွဲတွင် ပြင်သစ်နှင့် ဩစတြေးလျ ပူးပေါင်းတပ်ဖွဲ့များသည် သမိုင်းကို သစ္စာရှိရှိ ပုံတူကူးချခဲ့ကြ၏။ ၎င်းတို့သည် မဟာဖရက်ဒရစ်၏ မျက်စိအောက်၌ပင် တပ်များ ရွှေ့ပြောင်းခြင်း၊ တပ်ဖွဲ့ခင်းကျင်းခြင်းတို့ကို ပြုလုပ်ခဲ့ကြ၏။ ပြင်သစ်–ဩစတြေးလျ ပူးပေါင်းတပ်ဖွဲ့သည် ပရပ်ရှားတပ်များ၏ လက်ဝဲဘက် စစ်တောင်ပံကို တစောင်းဖြတ်တိုက်ရန် ကြိုးစားကြ၏။ သို့ရာတွင် မိမိတပ်များကို အချိန်မီရွှေ့ပြောင်းထားနိုင်သော ပရပ်ရှားတပ်များ၏ ညက်ညက်ကြေအောင် ချေမှုန်းခြင်းကို ခံလိုက်ရသည်။

နောင်တစ်နှစ်အကြာ လူဇန်စစ်မြေပြင်ကို မဟာဖရက်ဒရစ်သည် ၎င်းထက် အင်အား ၃ ဆ ကြီးမားသော ဩစတြေးလျ တပ်များနှင့် ရင်ဆိုင်ရပြန်၏။ ဤတစ်ကြိမ်တွင် ဖရက်ဒရစ်က ပြောင်မြောက်စွာ စစ်ကစားခဲ့၏။ ၎င်းသည်လည်း တစောင်းဖြတ်တိုက်သည့် တပ်ခင်းကျင်းမှုပုံစံကို အသုံးချခဲ့ရာ အပြတ်

အသတ် အောင်ပွဲရခဲ့၏။ ဤတိုက်ပွဲနှစ်ခုကို ကြည့်ပါက အမြဲတမ်း မှန်ကန်နေသော စစ်တိုက်နည်းဟူ၍ မရှိဆိုသည်ကို မြင်တွေ့နိုင်ပေသည်။

အမြဲမှန်ကန်နေသည်မှာ ဥပဒေသများသာ ရှိ၏။ မှန်ကန်သော ဥပဒေသများသက်သက်က အောင်ပွဲကို အာမ မခံချေ။ အောင်ပွဲ၏ လျှို့ဝှက်ချက်မှာ ဥပဒေသများကို မှန်မှန်ကန်ကန် အသုံးချရန်သာ ဖြစ်၏။ ဘေးထွက်ဥပဒေသနှင့် ပတ်သက်လာလျှင်လည်း ဤနည်းအတိုင်းပင် ဖြစ်သည်။ ဘေးထွက် အစိတ်အပိုင်းသည် ပဓာန အစိတ်အပိုင်းကို အထူးပြုရန် ဖြစ်သည်။ သို့ရာတွင် ဘေးထွက် အစိတ်အပိုင်းဘက်သို့ ယိမ်းခြင်းဖြင့် အမြဲတမ်း အောင်ပွဲရမည်ဟု အတပ်မဆိုနိုင်ချေ။ ဘေးထွက် အစိတ်အပိုင်းများသို့ ယိမ်းခြင်းဆိုသည်မှာ စဉ်းစားတွေးခေါ်ပုံ လမ်းကြောင်းအရလည်းကောင်း၊ အနှစ်သာရအားဖြင့်လည်းကောင်း ယိမ်းခြင်းဖြစ်၏။ စစ်တိုက်နည်းကို ယိမ်းရန်ဆိုလိုခြင်း မဟုတ်ပေ။ သာဓကအားဖြင့်ဆိုရလျှင် တိုက်ခိုက်မည့်အမှတ် (ပစ်မှတ်) တိုင်းသည် အောင်ပွဲ ဥပဒေသနှင့် အညီ ၀.၆၁၈ ကိန်းအရ ရှိနေရမည်ဟု မဆိုလိုပေ။ ရံဖန်ရံခါ၌ မယိမ်းဘဲ တည့်တည့် တိုက်နည်းက ထိုးဖောက်သွားနိုင်ပေသည်။ ထိုအခါမျိုးတွင် ဘေးထွက်အစိတ်အပိုင်းကို "ပဓာန" အဖြစ် စဉ်းစားခြင်းကြောင့် ဖြစ်တတ်၏။ ဤသည်မှာ စစ်၏ အနုပညာဆန်သော သဘာဝပင် ဖြစ်၏။ ဤ "အနုပညာ" ဆန်မှုအား သင်္ချာနည်းဖြင့်လည်းကောင်း၊ ဒဿနိကနည်းဖြင့်လည်းကောင်း အခြားသိပ္ပံနှင့် နည်းပညာအားဖြင့် လည်းကောင်း အစားမထိုးနိုင်ချေ။ သို့အတွက် စစ်မှုနည်းပညာဆိုင်ရာ တော်လှန်ပြောင်းလဲမှုသည် စစ်မှုရေးရာ တော်လှန်



ပြောင်းလဲမှုတည်းဟူသော အနုပညာကို အစားမထိုးနိုင်ဟု အခိုင်အမာ ဆိုရချေမည်။

ဘေးထွက်ဥပဒေသသည် ရှေးခေတ်ပညာရှိများဆိုခဲ့သော "အငိုက်ဖမ်းခြင်း–မဖမ်းခြင်း" စစ်မဟာဗျူဟာ (Surprise non-surprise principle) နှင့် မလွဲမကင်းသာ ဆင်တူနေ၏။ သို့ရာတွင် လုံးဝတူညီနေသည်ကား မဟုတ်ချေ။ ရှေးမဟာတရုတ်စစ်ပါရဂူများက အငိုက်ဖမ်းလှုပ်ရှားမှုများနှင့် အငိုက်မဖမ်းသော လှုပ်ရှားမှုများကို အချိန်ကာလ အမျိုးမျိုး ပြောင်းလဲကျင့်သုံးရန် ဆိုခဲ့ကြ၏။

ဆွန်ဇီက "တိုက်ပွဲဝင်ရာ၌ အငိုက်မဖမ်းသော လှုပ်ရှားမှုများဖြင့် အင်အားစုစည်းရယူပြီး အငိုက်ဖမ်းသောနည်းဖြင့် အောင်ပွဲရယူရာသည်။ သို့အတွက် စစ်တိုက်ခိုက်ကြရာ၌ အငိုက်ဖမ်းခြင်း၊ မဖမ်းခြင်းဟူ၍သာ ရှိပေသည်။ သို့ဖြင့် မဆုံးနိုင်တော့သော အငိုက်ဖမ်းမှုနှင့် မဖမ်းမှုများ ရှိလာတော့သည်" ဟု ဆိုခဲ့သည်။

ဘေးထွက် အစိတ်အပိုင်းနှင့် ပဓာနအစိတ်အပိုင်းတို့သည် တစ်ခုနှင့်တစ်ခု အမှီသဟဲပြု ဖြစ်ပေါ်လာကြခြင်းဖြစ်၏။ တစ်ခုမရှိဘဲ နောက်နည်းလမ်း တစ်ခုကို အသုံးမချနိုင်ချေ။ တစ်နည်းအားဖြင့် "ဖော်ပြချက်" များသာ ဖြစ်၏။

ဤအဆိုကို ကြည့်နိုင်၏။ စစ်သမိုင်းတစ်လျှောက်တွင် အငိုက်ဖမ်းတိုက်ခိုက်၍ ရရှိလာသော အောင်ပွဲများကို ကြည့်ပါမူ ၎င်းတို့ကို အကောင်းဆုံး အကောင်အထည် ဖော်နိုင်သောကြောင့် ဖြစ်၏။ သို့ရာတွင် အောင်ပွဲအားလုံးသည် အငိုက်ဖမ်း တိုက်ခိုက်နိုင်ခြင်းကြောင့်ဖြင့် မဟုတ်ချေ။ အငိုက်မဖမ်းဘဲ ရရှိသော အောင်ပွဲပေါင်း မြောက်မြားစွာ ရှိချေသည်။

ဘေးထွက်ဥပဒေသမှာမူ ဤသည်နှင့် မတူချေ။ သေချာစွာ လေ့လာ သရုပ်ခွဲကြည့်သောအခါ အောင်ပွဲတိုင်း၌ ဘေးထွက် ဥပဒေသ ပါရှိနေ၏။ အငိုက်ဖမ်း၍ အောင်ပွဲရသည်ဖြစ်စေ၊ အငိုက်မဖမ်းဘဲ အောင်ပွဲရသည်ဖြစ်စေ၊ ဘေးထွက်ဥပဒေသ၏ အကျိုးသက်ရောက်မှုကြောင့်သာ အောင်ပွဲရခြင်း ဖြစ်၏။ အငိုက် ဖမ်းခြင်း၊ မဖမ်းခြင်းနှင့် မဆိုင်ချေ။

ကျွန်ုပ်တို့အနေဖြင့် ဘေးထွက်ဥပဒေသ သို့မဟုတ် အောင်ပွဲ ဥပဒေသကို မည်မျှပင် ရှင်းလင်းစွာ ဖော်ပြသည်ဖြစ်စေ လက်တွေ့ ကျင့်သုံးရာ၌ မရှင်းမလင်းသာ ရှိပေမည်။ ရံဖန်ရံခါ၌ မရှင်း မလင်းရှိခြင်းသည် အကောင်းဆုံးရှင်းပြနည်း ဖြစ်နေတတ်သည်။ ဤသို့ မရှင်းမလင်း ရှုပ်ထွေးနေခြင်းအားဖြင့် အကြောင်းအရာ တစ်ခုချင်းကို မဆုပ်ကိုင်တော့ဘဲ အားလုံးကို ခြုံ၍ ကြည့်ရသည့် သဘော၊ ခြုံငုံ၍ ဆုပ်ကိုင်ရသည့်သဘော ဖြစ်တတ်သည်။ ဤသည်မှာ အရှေ့တိုင်း၏ စဉ်းစားတွေးခေါ်နည်း ဖြစ်သည်။ သို့ရာတွင် ၀.၆၁၈ ဟူသော ကိန်းဂဏန်းတွင် အနောက်တိုင်း အတွေးအခေါ်နှင့် သွားရောက်ထိစပ်မိနေသည်။

အကျိုးရလဒ်အားဖြင့်ဆိုရလျှင် အရှေ့တိုင်း၏ ထိုးထွင်း သိစိတ်၊ နားလည်မှုနှင့် မရေရာ တွေဝေမှုတို့သည် အနောက်တိုင်း ၏ ယုတ္တိကျကျ တွေးခေါ်မှု၊ ဆင်ခြင်မှု၊ တိကျမှုတို့နှင့် တွေ့ဆုံ ပေါင်းစပ်မိကာ အထက်တွင် ဆွေးနွေးခဲ့သော အောင်ပွဲဥပဒေသ တည်းဟူသည့် စစ်ရေးအမြော်အမြင် တစ်ခုကို မွေးထုတ်ပေးနိုင် ပေတော့သည်။ အရှေ့နှင့် အနောက် ပေါင်းစပ်မိသောအခါ ဆန်းပြားထည်ဝါမှုနှင့် တုန်လှုပ်ချောက်ချားစေမှုတို့ ဖြစ်ပေါ်စေ တော့သည်။

## အခန်း (၇)

# နည်းလမ်းပေါင်း ၁၀၀၀၀ ကို တစ်နည်းတည်းအဖြစ် ပေါင်းစပ် အသုံးပြုခြင်း

**"ယနေ့ စစ်ပွဲများသည် ဓာတ်ဆီဈေးနှုန်း၊ ဆူပါ မတ်ကက်များရှိ စားသောက်ဖွယ်ရာများ၏ ဈေးနှုန်းနှင့် စတော့ဈေးကွက်များကို ဂယက်ရိုက်လေ့ရှိသည်။ ၎င်းအပြင် သဘာဝ ဝန်းကျင်အခြေအနေကို ထိခိုက်စေရုံမက မိမိတို့ နေအိမ်များအထိပါ ရုပ်မြင်သံကြားမှတစ်ဆင့် ထိုးဖောက် ဝင်ရောက်လာလေ့ရှိသည်။"**

**Alvin Toffler**

ရှေ့အခန်းများတွင် ဖော်ပြခဲ့သည့် အောင်ပွဲဥပဒေသများကို သိရှိထားရုံမျှဖြင့် အောင်ပွဲရလိမ့်မည်ဟု မယူဆနိုင်ပေ။ တာဝေး ပြေးနည်း သိထားရုံဖြင့် မာရသွန်ပြေးပွဲ မနိုင်နိုင်သလိုပင် ဖြစ် ၏။ အောင်ပွဲဥပဒေသများကို သိရှိထားခြင်းဖြင့် စစ်၏ဥပဒေသ များနှင့် ပတ်သက်၍ လူသားတို့၏ အသိကို ပိုမိုနက်ရှိုင်းစေပြီး

စစ်အတတ်တည်းဟူသော အနုပညာကို အသုံးချမှုအဆင့်အတန်းမြင့်မားလာစေသည်။ တကယ့်စစ်မြေပြင်တွင်မူ အောင်ပွဲဥပဒေသများကို သိရှိထားရုံမျှဖြင့် စစ်ပွဲ အောင်မြင်မည် မဟုတ်ချေ။ အောင်ပွဲဥပဒေသ၏ အနှစ်ကို ဖမ်းဆုပ်နိုင်သူသာ အောင်ပွဲခံမည်ဖြစ်၏။

အနာဂတ် စစ်ပွဲများတွင် အောင်ပွဲဥပဒေသများကြောင့် အောင်ပွဲခံလိုသူအတွက် ကြီးမားစွာ ပေးဆပ်ရမည့်အချက်များရှိလာမည်။ စစ်မြေပြင်တွင် အောင်ပွဲရစေသော ပညာသားမပါသည့် နည်းလမ်းများကိုလည်း ကြေကြေညက်ညက် သိရှိထားရန် လိုပေသေး၏။ စစ်ပွဲတွင် ပါဝင်ရမည့်သူ အတော်များများလည်း ရင်ဆိုင်ရမည့် စစ်ပွဲအတွက် အသင့်မဖြစ်သော အခြေအနေမျိုး ကြုံရမည်။ သို့မဟုတ် အမှောင်ထဲ ရောက်နေသလို ဘာမျှ မသိရသည့် အခြေအနေမျိုးလည်း ရှိနိုင်သည်။ သို့အတွက် စစ်ပွဲသည် စစ်မြေပြင်ကို ကျော်လွန်၍ တိုက်ခိုက်ရမည်ဖြစ်သလို အောင်ပွဲအတွက် လွန်ဆွဲမှုမှာလည်း စစ်မြေပြင်၏ပြင်ပမှ အခြားစစ်မြေပြင်တွင်သာ ယှဉ်ပြိုင်ကြရပေလိမ့်မည်။

ဤနည်းလမ်းများနှင့် ယှဉ်ကြည့်ပါက ယနေ့ခေတ်၏ စစ်ဗိုလ်ချုပ်များဖြစ်သော ပါဝဲလ်၊ ရှုပ်စကော့ဇ်နှင့် ဆာလီဗန်တို့ကိုပင် ခေတ်သစ် စစ်ဗိုလ်ချုပ်များဟု မဆိုနိုင်တော့ချေ။ အစဉ်အလာသမားများဟုသာ ဆိုနိုင်ပေမည်။ အကြောင်းမှာ အယူအဆအသစ်အရ အစဉ်အလာ စစ်သားများနှင့် ခေတ်သစ်စစ်သားဟူသည်ကို ခွဲခြားလိုက်ခြင်းကြောင့် ဖြစ်ပေသည်။ ဤစစ်ပွဲမျိုးကို ယနေ့ စစ်သားများ၏ စစ်မှုထမ်း တစ်သက်တွင်ပင်



ကြုံတွေ့ကောင်းမှ ကြုံတွေ့ရမည့် အခြေအနေရှိ၏။ မက်ခီယာဗယ်လီလို စစ်ရေးဆိုင်ရာ အတွေးအခေါ်သမားသစ်များသာ လိုအပ်ပေမည်။

ရှိနေဆဲခေတ်က အီတလီ အတွေးအခေါ်သမားတို့၏ အယူအဆ ဖြစ်သော "ရည်မှန်းချက်ကို ရယူအောင်မြင်ရာ၌ တရားသည်၊ မတရားသည်ဟူ၍ မရှိ" ဟူသောအဆို ယနေ့တိုင် လက်ခံထားကြသူများ ရှိနေဆဲ ဖြစ်၏။ အရာရာ၌ သူရဲကောင်းစိတ်ဓာတ်၊ မြင့်မြတ်သော စိတ်ဓာတ်များ ထားရှိရသည်ဟူသော အလယ်ခေတ်၏ အယူအဆ အတွေးအခေါ်များ အလယ်တွင် ဤအတွေးအခေါ်သည် တော်လှန်သော အတွေးအခေါ် ဖြစ်ခဲ့၏။ ရည်မှန်းချက်ကို မည်သည့်ကန့်သတ်ချုပ်ချယ်မှုကိုမျှ ဂရုမထားဘဲ တရားသည်၊ မတရားသည် အပထား၍ ရယူခြင်းဟူသော အယူအဆသည် ထိုစဉ်က တစ်ခေတ်ဆန်းခဲ့၏။ မက်ခီယာဗယ်လီကိုယ်တိုင်က "ကန့်သတ်ချက်များကို ကျော်လွန်ရမည်" ဟူသော အတွေးအခေါ်ရှင်ကစ်ဦး မဟုတ်ခဲ့ချေ။

တစ်ဖက်မှ ကြည့်လျှင် နယ်နိမိတ်များ၊ စည်းများ ရှိခြင်းကြောင့်ပင် ရည်မှန်းချက်များ တစ်ခုနှင့် တစ်ခု ခွဲခြားနိုင်ခြင်း ဖြစ်သည်ကို တွေ့ရပေမည်။ ဤလောက၌ အရာရာသည် တစ်ခုနှင့်တစ်ခု ဆက်၍ အမှီသဟဲပြုနေရသည် ဖြစ်ရာ ဤ "နယ်နိမိတ်" "စည်း" ဆိုသည်တို့မှာလည်း ဆက်နွှယ်ဖြစ်ပေါ်လာချက်များသာလျှင် ဖြစ်ချေသည်။ "အကန့်အသတ်ကို ကျော်လွန်၍" ဟူသော စကားရပ်မှာ နယ်နိမိတ် သို့မဟုတ် စည်းဟု နားလည်ထားသော အကန့်အသတ်မျဉ်းကို ကျော်လွန်ခြင်းဖြစ်၏။ ၎င်းစည်းများအား ရုပ်ပိုင်းဆိုင်ရာအရ ဖြစ်စေ၊ ကျင့်ဝတ်ပိုင်းဆိုင်ရာအရ ဖြစ်စေ၊

နည်းပညာအရ ဖြစ်စေ ပိုင်းခြားထားမည်ဖြစ်ပြီး ၎င်းတို့အား "ကန့်သတ်ချက်များ" "ထိန်းချုပ်မှုများ" "နယ်နိမိတ်များ" "စည်းမျဉ်းများ" "ဥပဒေများ" "အများဆုံး ကန့်သတ်ချက်" စသည်ဖြင့် ခေါ်ဝေါ်သုံးနှုန်းကြပေလိမ့်မည်။

ဤအချက်များကို စစ်ရေးရှုထောင့်မှ ကြည့်လျှင် စစ်မြေပြင်နှင့် စစ်မြေပြင် မဟုတ်သော အရပ်၏ နယ်နိမိတ်၊ လက်နက်နှင့် လက်နက်မဟုတ်သော ပစ္စည်း၏ နယ်နိမိတ်၊ စစ်သားနှင့် စစ်သား မဟုတ်သူ၏ နယ်နိမိတ်၊ နိုင်ငံနှင့် နိုင်ငံမဟုတ်သည်၏ နယ်နိမိတ် စသည်ဖြင့် ယူဆနိုင်သည်။ ၎င်းတွင် နည်းပညာပိုင်းဆိုင်ရာ နယ်နိမိတ်၊ သိပ္ပံဆိုင်ရာနယ်နိမိတ်၊ သီအိုရီပိုင်းဆိုင်ရာ နယ်နိမိတ်၊ စိတ်ဓာတ်ရေးရာနယ်နိမိတ်၊ ကျင့်ဝတ်ဆိုင်ရာ နယ်နိမိတ်၊ အစဉ်အလာဆိုင်ရာ နယ်နိမိတ်၊ ဓလေ့ထုံးတမ်းဆိုင်ရာ နယ်နိမိတ်နှင့် တကွ အခြားအခြားသော နယ်နိမိတ်မျိုးစုံ ပါဝင်လာမည်ဖြစ်၏။ အချုပ်ဆိုရသော် "စစ်" ကို ကန့်သတ် ချုပ်တည်းထားသော နယ်နိမိတ်များ၊ စည်းများအားလုံးကို ဆိုလိုပေသည်။

"ကန့်သတ်ချက်များ ကျော်လွန်ရန်" ဟူသော အယူအဆ၏ အဓိပ္ပာယ်မှာ အတွေးအခေါ်ကို ကျော်လွန်စဉ်းစားရန် ဖြစ်၏။ ဆိုလိုသည်မှာ လိုအပ်ပါက ရှိပြီးသား ကန့်သတ်ချက်များ၊ နယ်နိမိတ်များကို ကျော်လွန် စဉ်းစားက မည်မျှအစွန်းရောက်သော နည်းလမ်းကိုဖြစ်စေ လိုအပ်ပါက အသုံးချရန်ဖြစ်၏။ အစွန်းရောက်သော နည်းများကိုသာ နေရာတိုင်း၌ အမြဲတမ်း အသုံးချရန်ဟု ဆိုလိုခြင်း မဟုတ်ပေ။ ယနေ့ စက်မှုနည်းပညာ ထွန်းကားသော ခေတ်တွင် ဤကဲ့သို့ ကျော်လွန် စဉ်းစား ရွေးချယ်နိုင်သော



နည်းလမ်းများ ပိုမိုများပြားလာပေသည်။ စစ်ဘက်ပုဂ္ဂိုလ်များတွင် မိမိတို့စဉ်းစား တွေးခေါ်ပုံကို ကန့်သတ်ချက် ကျော်လွန် စဉ်းစားရမည်ဟု ဆိုရာ၌ ပိုမိုအသေးစိတ် ကြေညက်စွာ စဉ်းစားရန်လည်း လိုအပ်မည် ဖြစ်ပေသည်။

အစောပိုင်းအခန်းများ၌ "ပေါင်းစပ်အသုံးချခြင်း" ပညာသည် ကောက်တေးအရက်စပ်သကဲ့သို့ ပညာသားပါသော အတတ်တစ်ခုဖြစ်ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ပြီးခဲ့သော စစ်ပွဲများကို ပြန်ကြည့်ပါမူ ဤပေါင်းစပ်ခြင်းပညာကို အသုံးချခဲ့ကြသော်လည်း စစ်ရေးကဏ္ဍသက်သက်၌သာ ဖြစ်ခဲ့ကြောင်း တွေ့ရပါမည်။ လက်နက်အသုံးချခြင်း၊ နည်းလမ်းအသုံးချခြင်း၊ တပ်ဖြန့်ပုံနှင့် စစ်မဟာဗျူဟာ စသည်တို့အားလုံးမှာ စစ်ရေးကဏ္ဍသက်သက်၌ပင် ဖြစ်ပါသည်။ "ပေါင်းစပ် အသုံးချမှု" ကို ဤသို့ ကျဉ်းမြောင်းစွာ စဉ်းစားခြင်းသည် ယနေ့ခေတ်နှင့် ကိုက်ညီမှု မရှိတော့ချေ။ ယနေ့ သို့မဟုတ် မနက်ဖြန်၏ စစ်ပွဲကို အနိုင်ရလိုသူသည် မိမိလက်ဝယ်ရှိ စွမ်းအားစု အားလုံးကိုလည်းကောင်း၊ နည်းလမ်းအားလုံးကိုလည်းကောင်း ပေါင်းစပ်အသုံးချ၍ စစ်ပွဲဝင်မှသာ အောင်မြင်နိုင်ပေမည်။ ဤမျှဖြင့် မလုံလောက်သေးချေ။ အောင်ပွဲ၏ဥပဒေသများကိုလည်း လိုက်နာရပေဦးမည်။ ဤသည်ပင် အောင်ပွဲရရန် မသေချာသေးချေ။ အောင်ပွဲဥပဒေသ ကျင့်သုံးလိုက်သည်နှင့် အောင်ပွဲသည် သစ်သီးကြွေသလို တောင်းထဲသို့ အလိုလို ပြုတ်ကျလာမည် မဟုတ်ပေ။ သစ်သီးခြွေရန် ကျွမ်းကျင်သော လက် လိုအပ်သလိုပင်၊ ပေါင်းစပ်အသုံးချသည်ဆိုရာ၌လည်း အောင်ပွဲဥပဒေသနှင့်အညီ "ကန့်သတ်ချက်များ ကျော်လွန်စဉ်းစားခြင်း" ဟူသော အယူအဆ လိုအပ်ပေသည်။

သို့ဖြင့် ကျွန်ုပ်တို့သည် "ကန့်သတ်ချက်များကို ကျော်လွန်သော ပူးပေါင်းစစ်ပွဲသစ်" (Modified Combined War That Goes Beyond Limits) ဟူသော အခြေခံ အယူအဆသစ်တစ်ရပ်ကို ဖော်ထုတ်နိုင်မည် ဖြစ်၏။

## နိုင်ငံအဆင့်နှင့်တကွသော အဖွဲ့အစည်းများ ပေါင်းစပ်ခြင်း

ယခုအခါ ကျွန်ုပ်တို့သည် "ကန့်သတ်ချက်များ ကျော်လွန်ခြင်း" ဟူသော သီအိုရီတစ်ခုကို လက်ကိုင်ပြုနိုင်နေပြီ ဖြစ်၏။ မည်သည့် ကန့်သတ်ချက်၊ စည်းမျဉ်းစည်းကမ်းကိုမျှ ဂရုမထားဘဲ အရာရာကို ကျော်လွန်စဉ်းစားခြင်း နည်းလမ်းဖြစ်၏။ လက်တွေ့တွင်မူ ကန့်သတ်ချက်အားလုံးကို ကျော်လွန်ရန်ဟူသည်မှာ မဖြစ်နိုင်ချေ။ ကန့်သတ်ချက်များ ကျော်လွန်သည်ဆိုရာ၌ပင် အတိုင်းအဆ မရှိ ကျော်လွန်ခြင်း မဟုတ် အကန့်အသတ်ဖြင့် ကျော်လွန်နိုင်ခြင်းသာ ဖြစ်၏။ သို့အတွက် ကန့်သတ်ချက်များအား ကျော်လွန်ခြင်းဆိုသည်မှာ အတိုင်းအဆ မရှိဟူသော သဘော မဟုတ်ချေ။ ရှိပြီးသား နယ်နိမိတ် သို့မဟုတ် ဦးတည်ရာတို့ကို ကျော်လွန်သည်ဆိုရာ၌ ကျော်လွန်စဉ်းစားခြင်းဖြင့်လည်းကောင်း၊ အခွင့်အလမ်းများ၊ နည်းလမ်းများ၊ ဦးတည်ရာများ ပေါင်းစပ်အသုံးချခြင်းဖြင့်လည်းကောင်း ရည်မှန်းချက်တစ်ခုကို ရယူရန်သာ ဖြစ်ပေသည်။

ဤသည်မှာပင် "ကန့်သတ်ချက်များ ကျော်လွန်သော ပူးပေါင်းစစ်" ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်သည်။



"ကန့်သတ်ချက်ကျော်လွန်စစ်" တစ်ခုအနေဖြင့် စဉ်းစားလျှင် ရင်ဆိုင်ရသော ပြဿနာထက် ကျော်လွန်ကြီးမား များပြားသော နည်းလမ်းများကို စုစည်းပေါင်းစပ်ခြင်းသည် ၎င်း၏ ဝိသေသတစ်ရပ် ဖြစ်လာသည်။ ဥပမာအားဖြင့် အမျိုးသားလုံခြုံရေးခြိမ်းခြောက်မှုတစ်ရပ် ရင်ဆိုင်ရသောအခါ အခြားနိုင်ငံအား စစ်ရေးအရ ရင်ဆိုင်ရန် နည်းလမ်းများ ရွေးချယ်ရုံမျှမက နိုင်ငံအဆင့် ကျော်လွန်စဉ်းစားသော နည်းဖြင့် တုံ့ပြန်ဖြေရှင်းရန် ဖြစ်၏။

သမိုင်းတစ်လျှောက်ကို ပြန်ကြည့်ပါက နိုင်ငံဟူသော အဆင့်သည် လုံခြုံရေးအမြင်အရ အဆင့်အမြင့်ဆုံးသော အဖွဲ့အစည်းဖြစ်၏။ တရုတ်တို့၏ အယူအဆအရဆိုလျှင် မိုးကောင်းကင်အောက် ရှိရှိသမျှ နိုင်ငံအားလုံးကိုပင် ဆိုလို၏။ ယနေ့ကာလ၌ "တိုင်းပြည်" ဟူသော ဝေါဟာရသည် လူ့ဘောင်အဖွဲ့အစည်းအား "ကမ္ဘာရွာ" ဟု သတ်မှတ်ထားသော အယူအဆနှင့် ယှဉ်လျှင် လွန်စွာ သေးငယ်သည့် လူမျိုးတစ်မျိုး သို့မဟုတ် မြေပြင်ပေါ်ရှိ နေရာကွက်ကွက်ကလေး တစ်ခုသာ ဖြစ်တော့၏။ ယနေ့ နိုင်ငံများသည် ဥရောပသမဂ္ဂ၊ အာဆီယံ၊ အိုပက်၊ အေပက်၊ ကမ္ဘာ့ငွေကြေး ရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့နှင့် ကုလသမဂ္ဂစသော နိုင်ငံတကာ အဖွဲ့အစည်းများ၏ လွှမ်းမိုးသက်ရောက်မှုကို များစွာခံကြရသည်။ ၎င်းအပြင် နိုင်ငံတကာ ကုမ္ပဏီကြီးများ၊ နိုင်ငံတကာကုန်သွယ်ရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းများ၊ အိုလံပစ်ကော်မတီ၊ ဘာသာရေး

အဖွဲ့အစည်းများ၊ အကြမ်းဖက်အဖွဲ့အစည်းများ နိုင်ငံတကာမှ ဟက်ကာအုပ်စုငယ်လေးများ စသည်ဖြင့် နိုင်ငံ မဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းမျိုးစုံ၊ အရွယ်အစားမျိုးစုံတို့သည်လည်း နိုင်ငံတစ်နိုင်ငံချင်းအား ဝင်ရောက် လွှမ်းမိုးကြလျက် ရှိ၏။ ဤနိုင်ငံတကာနှင့် နိုင်ငံလွှန် အဖွဲ့အစည်းကြီးများသည် ကမ္ဘာ့ အင်အားစနစ်ကြီးတစ်ခုလုံးကို ဖွဲ့စည်းပါဝင်သော အင်အားစုများ ဖြစ်လာကြသည်။

လူအများ သတိမမူမိကြသော်လည်း အထက်တွင် ဖော်ပြခဲ့သော အချက်များအရ ယနေ့နိုင်ငံတကာ ဓာတ်ခုံ၌ အင်အားပြိုင်ဆိုင်မှုဟူသည်မှာ နိုင်ငံအဆင့်မှ နိုင်ငံလွှန်အဆင့်သို့ ပြောင်းလဲလာပြီဖြစ်ပေ၏။ ဤနိုင်ငံရေးအားပြိုင်မှု၏ အဓိကလက္ခဏာမှာ နိုင်ငံစုံ ပူးပေါင်းပါဝင်လာခြင်း ဖြစ်၏။ ဤသို့ပြောင်းလဲလာမှု၏ သာဓကများကို စတင်မြင်တွေ့နေရပြီဖြစ်၏။ နိုင်ငံတစ်နိုင်ငံချင်း အမျိုးသားရေး စွမ်းအားသည် အဓိက အစိတ်အပိုင်းတစ်ရပ် ဖြစ်သလို နိုင်ငံလွှန်အဖွဲ့အစည်းများ၊ နိုင်ငံစုံ အဖွဲ့အစည်းများနှင့် နိုင်ငံမဟုတ်သော အဖွဲ့အစည်းများ၏ အင်အားသည်လည်း အဓိက အစိတ်အပိုင်းတစ်ရပ်ဖြစ်လာသဖြင့် နိုင်ငံတကာ ဓာတ်ခုံပေါ်တွင် ၎င်းတို့၏ အစွမ်းကို မကြာမီ မြင်တွေ့ရတော့မည် ဖြစ်ပေသည်။ တစ်ဖက်တွင်မူ အင်အားကြီးနိုင်ငံများ၏ အရှိန်အဝါနှင့် ဩဇာက ဆက်လက်၍ပင် လွှမ်းမိုးလျက် ရှိသေး၏။ အရာရာ၌ အင်အားအကြီးမားဆုံးဖြစ်သည့် အမေရိကန်ပြည်ထောင်စု စီးပွားရေးအရ အင်အားကြီးနိုင်ငံများဖြစ်သော ဂျပန်နှင့် ဂျာမနီ၊ အင်အားကြီးနိုင်ငံအဖြစ် တက်လှမ်းလာသော တရုတ်နိုင်ငံ၊



တစ်စထက်တစ်စ မေးမှိန်လာသော ရုရှားနိုင်ငံစသော နိုင်ငံကြီးများသည် ကမ္ဘာ့အခြေအနေအရပ်ရပ်ကို လွှမ်းမိုးနိုင်ရန် ကြိုးပမ်းလျက် ရှိကြ၏။

တစ်ဖက်တွင်လည်း အမြော်အမြင်ကြီးမားသော အင်အားကြီး နိုင်ငံများသည် အထက်ဖော်ပြပါ နိုင်ငံလွှန်အဖွဲ့အစည်း၊ နိုင်ငံစုံ အဖွဲ့အစည်းနှင့် နိုင်ငံမဟုတ်သော အဖွဲ့အစည်းများ၏ အင်အားများကို ရယူ အသုံးချကာ မိမိတို့၏ ဩဇာနှင့် အရှိန်အဝါ ၂ ဆတိုး ပွားများရန် ကြိုးပမ်းလျက် ရှိလာကြ၏။ ၎င်းတို့၏ အင်အား တစ်ခုတည်းသက်သက်ကို ဆက်လက်မှီခိုအားထားခြင်း မပြုနိုင်တော့ကြောင်း သဘောပေါက်လာကြ၍ ဖြစ်ပေသည်။ ဤပုံစံဝင်လာသော သာဓကတစ်ခုမှာ ဥရောပသမဂ္ဂက ယူရိုငွေကြေး တီထွင်အသုံးပြုခြင်းဖြင့် အနောက်ဥရောပနိုင်ငံများအား စီးပွားရေးနှင့် ဘဏ္ဍာရေးအင်အားစုတစ်ရပ်အဖြစ် တည်ဆောက်ရန် ကြိုးပမ်းမှုဖြစ်၏။ ဤသို့ပြောင်းလဲလာသော အဆင့်သည် ပြီးဆုံးလွန်မြောက်ရန် နှစ်ပေါင်းများစွာ လိုပေသေး၏။ ၎င်းတို့၏ ဦးတည်ရာသည်လည်း အတိအကျ သဲသဲကွဲကွဲ မရှိသေးချေ။ အခြေအနေအရပ်ရပ်အရ ဖြစ်ပေါ်လာရခြင်းဟုလည်း ယူဆနိုင်သေး၏။ သို့ရာတွင် သေချာသည်မှာ အရှုံးအနိုင်ဆိုသည်ကို တစ်နိုင်ငံနှင့်တစ်နိုင်ငံ အင်အားချင်း ယှဉ်ပြိုင်ကြရသည့် ခေတ်၏ ဓာတ်သိမ်းပိုင်း ရောက်လာပြီဟူသော အချက်ဖြစ်၏။ ယင်း၏ နောက်ကွယ်၌ နိုင်ငံအဆင့်ထက် ပိုမိုကြီးမားသော နိုင်ငံလွှန် အဖွဲ့အစည်းများဖြင့် ပြဿနာများ ဖြေရှင်းခြင်း၊ ရည်မှန်းချက်များ ရယူအကောင်အထည်ဖော်ခြင်း၊ ခေတ်တစ်ခေတ်၏ ကန့်လန့်ကာကို စတင်၍ တိတ်တဆိတ် ဖွင့်လှစ်နေပြီဆိုခြင်း ဖြစ်သည်။

ဤအချက်များကို ခြုံငုံလိုက်ပါက "နိုင်ငံလွန်အဆင့် ပေါင်းစပ် အသုံးချခြင်း" (Supra National Combinations) သည် ကန့်သတ်ချက်များ ကျော်လွန်ဆင်နွှဲသည့် စစ်၏ အဓိက လိုအပ်ချက်များအနက်မှ တစ်ချက်ဖြစ်သည်ဟု မှတ်ယူရမည် ဖြစ်ပါသည်။

တစ်ခုနှင့် တစ်ခု အပြန်အလှန်ဆက်စပ်၍ ထိုးဖောက် လာသော ယနေ့ကာလ၏နိုင်ငံရေး၊ စီးပွားရေး၊ သဘောတရားရေး၊ နည်းပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ လွှမ်းမှုများ၊ နက်ဝပ်ခ်၊ မနုဿမျိုးပွားမှု၊ ဟောလီးဝုဒ်ရုပ်ရှင်၊ အင်တာနက်နှင့် ကမ္ဘာ့ဖလား စသည်များသည် နိုင်ငံတကာ နယ်နိမိတ်များကို ကျော်လွန် ထိုးဖောက်ဝင်ရောက်လာပြီဖြစ်ရာ မိမိ၏ အမျိုးသားလုံခြုံရေးနှင့် အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေး ပြဿနာများကို နိုင်ငံ တစ်နိုင်ငံတည်းဖြင့် ဖြေရှင်းနိုင်တော့မည် မဟုတ်ချေ။ ဆဒမ် ဟူစိန်ကဲ့သို့ စဉ်းစားဉာဏ်နည်းသူမျိုးသာ မိမိ အကျိုးစီးပွား အတွက် သူတစ်ပါး၏ အချုပ်အခြာ အာဏာကို ကျူးကျော် သိမ်းပိုက်သည့်လုပ်ရပ်မျိုး လုပ်ဆောင်မည်ဖြစ်၏။ ၂၀ ရာစုနှစ် ကုန်ဆုံးကာနီး ကာလ၌ ဤကဲ့သို့သော နည်းလမ်းများသည် ခေတ်ကုန်သွားရုံမက အရှုံးဆီသို့ ဦးတည်စေနိုင်သည်မှာ ပို၍ ထင်ရှားလာ၏။ မိမိ၏ အမျိုးသား လုံခြုံရေးနှင့် အမျိုးသား အကျိုးစီးပွားများကို ဖော်ဆောင်ရာ၌ အမေရိကန်ပြည်ထောင်စု သည် မဟာအင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း အီရတ် ထက် ပို၍ ပညာသားပါသည်ဟု ဆိုနိုင်၏။

အမေရိကန်တို့သည် ကမ္ဘာ့ဓာတ်ခံပေါ်သို့ တစ်ကိုယ်တော် တက်လှမ်းလာကတည်းကပင် ၎င်းတို့၏ လိုလားချက်မှန်သမျှကို



အင်အားသုံး၍ဖြစ်စေ၊ လှည့်ဖြား၍ဖြစ်စေ မရရအောင် ဆောင်ကြဉ်း ရာ၌ ရရှိလာသော အကျိုးစီးပွားများမှာ ကူဝိတ်ကို ဝင်သိမ်းခြင်း ကြောင့် အီရတ်တို့ ရရှိခဲ့သည့် အကျိုးအမြတ်ထက် များစွာ ကြီးမားပေသည်။ ဤသို့ ဖြစ်ရခြင်းကို "အင်အားကြီးသူသာ မှန်သည်"ဟူသော ခပ်လွယ်လွယ် အယူအဆဖြင့်လည်းကောင်း၊ နိုင်ငံတကာစံနှုန်းများကို ချိုးဖောက်ခြင်းကြောင့်ဟူ၍လည်းကောင်း၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဗီတိုအာဏာသုံးစွဲခွင့် ရှိ၍ ဟူ၍လည်းကောင်း ပညာသား မပါသည့် ဖြေရှင်းချက်များဖြင့် အကြောင်းမပြနိုင်ပေ။ အကြောင်းမှာ အမေရိကန်တို့သည် နိုင်ငံ တကာ အရေးအခင်းတစ်ခု၌ ပါဝင်တော့မည်ဆိုတိုင်း နောက်လိုက် နောက်ပါ နိုင်ငံများသည်ထက် များအောင် ကြိုးပမ်းလေ့ရှိ၏။ ဤသို့ဖြင့် တစ်ကိုယ်တော် ထင်တိုင်းကြဲသည့်ဘဝမျိုး မရောက်ရန် အမြဲကြိုးစားလေ့ရှိသည်။ ဂရင်နေဒါနှင့် ပနားမားကဲ့သို့ နိုင်ငံငယ် လေးများအား စစ်ရေးအရ ဝင်တိုက်သည့် ကိစ္စရပ်များမှ လွဲ၍ အမေရိကန်ပြည်ထောင်စုသည် နိုင်ငံလွန်နည်းလမ်းများကို အမြဲ တစေ ကျင့်သုံးလေ့ရှိ၏။ အီရတ်ကို ရင်ဆိုင်ရာ၌ အမေရိကန်တို့ မဟာမိတ်အဖွဲ့ဖွဲ့၍ တိုက်ခိုက်ခဲ့သည်မှာ စံပြပုံစံတစ်ခုဖြစ်၏။ အရေးအခင်းကာလတစ်လျှောက်လုံးတွင် အမေရိကန်တို့သည် အခြားနိုင်ငံများနှင့် ညှိနှိုင်းခြင်း၊ အပေးအယူလုပ်ခြင်းများဖြင့် ကမ္ဘာ့နိုင်ငံအားလုံးနီးပါး၏ ထောက်ခံမှုရရှိခဲ့သည်။ ကမ္ဘာပေါ်တွင် အဓိကအကျဆုံးဖြစ်သည့် ကုလသမဂ္ဂအဖွဲ့ကြီးကပင် အမေရိကန် အလိုကျ ဆုံးဖြတ်ချက်ချမှတ်ပေးရသည်အထိ လုပ်ဆောင်နိုင်ခဲ့ သည်။ ၎င်းအပြင် နိုင်ငံပေါင်း ၃၀ ကျော်အားလည်း ပူးတွဲတပ် ဖွဲ့စည်းကာ စစ်ထဲသို့ ဆွဲသွင်းခဲ့၏။ စစ်ပွဲပြီးဆုံးသည့်တိုင်

အီရတ်ကို ၈ နှစ်လုံးလုံး စီးပွားရေး ပိတ်ဆို့ရန်လည်း စည်းရုံးဆောင်ရွက်နိုင်ခဲ့၏။ တစ်ဖန် လက်နက်စစ်ဆေးရေး အဖွဲ့များဖွဲ့စည်း၍လည်း အီရတ်အပေါ် နိုင်ငံရေး၊ စစ်ရေးအရ ဖိအားပေးနိုင်ခဲ့ရာ အီရတ်နိုင်ငံအဖို့ နိုင်ငံရေးအရ ရေရှည်အထီးကျန်မှုနှင့် စီးပွားရေးအကြပ်အတည်းအတွင်းသို့ ရောက်ရှိခံစားရတော့သည်။

ပင်လယ်ကွေ့စစ်ပွဲ ပြီးဆုံးပြီး နောက်ပိုင်း၌ စစ်ရေးတွင်သာမက အခြားသော အရေးအခင်းများ၌ပါ နိုင်ငံလွှန်အဆင့် ပေါင်းစပ်ဆောင်ရွက်မှုများကို ပို၍ပို၍ ထင်ရှားစွာ တွေ့မြင်လာရသည်။ ဤနည်းလမ်းမျိုး ကျင့်သုံးသည့်နိုင်ငံအရေအတွက်လည်းများသည်ထက် များလာခဲ့၏။ သို့အတွက် လွန်ခဲ့သည့် ၁၀ နှစ်ကာလလုံးလုံးတွင် ဤအကြောင်းများသည် နိုင်ငံတကာ လူမှုရေးမတည်ငြိမ်မှုများ၏ နောက်ခံအကြောင်းတရားများ ဖြစ်နေခဲ့၏။ ကမ္ဘာတစ်လွှားရှိ စီးပွားရေးစနစ်များ ပေါင်းစပ်ခြင်း၊ ပြည်တွင်းနိုင်ငံရေးအား ကမ္ဘာ့နိုင်ငံရေးဖြစ်လာစေခြင်း၊ သတင်းနည်းပညာဆိုင်ရာ အရင်းအမြစ်များအား ကွန်ရက်အဖြစ် မျှဝေသုံးစွဲခြင်း၊ နည်းပညာသစ်များ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာခြင်း၊ ယဉ်ကျေးမှုပဋိပက္ခများအား ဖုံးအုပ်ထားခြင်း၊ နိုင်ငံမဟုတ် အဖွဲ့အစည်းများအင်အားကောင်းလာခြင်းတို့သည် လူ့ဝန်းကျင်အဖွဲ့အစည်းအားကောင်းကျိုးရော၊ ဆိုးကျိုးပါ အညီအမျှပေးလျက် ရှိပေသည်။ သို့အတွက်လည်း နိုင်ငံကြီးများသာမက နိုင်ငံငယ်လေးများကပါမိမိတို့၏ ပြဿနာများအား နိုင်ငံလွှန်အဆင့် အဖွဲ့အစည်းများနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် ကြိုးပမ်းလာကြခြင်းဖြစ်ပေသည်။

ဤအကြောင်းများကြောင့်လည်း ယနေ့ နိုင်ငံတစ်နိုင်ငံအပေါ် ခြိမ်းခြောက်မှုဟူသည် အခြားမသင့်မြတ်သည့် နိုင်ငံ



တစ်နိုင်ငံ၊ နှစ်နိုင်ငံစ ဆိုသည်ထက် နိုင်ငံလွှန်အဖွဲ့အစည်းများထံမှ ပေါ်ပေါက် ခြိမ်းခြောက်နေခြင်း ဖြစ်ပေသည်။ ဤခြိမ်းခြောက်မှုမျိုးကို နိုင်ငံလွှန်အဖွဲ့အစည်းများ ပေါင်းစပ်သည့်နည်းလမ်းဖြင့်တုံ့ပြန်ရန်ထက် အခြားသောနည်းလမ်းမရှိချေ။

ကေန်စင်စစ်အားဖြင့် နိုင်ငံလွှန်အဖွဲ့အစည်းများ ပေါင်းစပ်ခြင်း ဆိုသည်မှာလည်း အသစ်အဆန်း မဟုတ်ချေ။ လူ့သမိုင်း(တရုတ်သမိုင်း) တွင် နွေဦးနှင့် ဆောင်းဦးကာလဟုဆိုသောဘီစီ–၇၇၀ မှ ဘီစီ–၄၇၆ ခုနှစ်ကာလ၊ စစ်ပြိုင်နိုင်ငံများကာလဟုဆိုသော ဘီစီ–၄၇၅ မှ ဘီစီ–၂၂၁ ကာလနှင့် ဘီစီ–၄၃၁ မှဘီစီ–၄၀၄ အထိ ဖြစ်ပွားခဲ့သော ပယ်လိုပိုနီးရှန်းစစ်ပွဲကာလများ၌ပင် ဤသို့သော နိုင်ငံလွှန်အဖွဲ့အစည်းများ ပေါင်းစပ် အသုံးပြုခြင်း နည်းလမ်းများကို ရှေးခေတ်စစ်ပါရဂူများက အရှေ့နှင့်အနောက် ကမ္ဘာနှစ်ခုစလုံး၌ အောင်မြင်စွာ ကျင့်သုံးခဲ့ကြပြီးဖြစ်၏။ ပင်လယ်ကွေ့စစ်ပွဲအတွင်း ဗိုလ်ချုပ်ကြီးရှွပ်စကော့ဇ်၏နိုင်ငံလွှန်အဆင့် ပေါင်းစပ် အသုံးချခြင်းကို ခေတ်သစ် "မဟာမိတ် + စစ်အင်အား ပူးပေါင်းမှု" ပုံစံဟု ဆိုနိုင်၏။ ရှေးခေတ်နှင့်ယခုခေတ်၏ကွာခြားမှုများကို ထည့်သွင်းစဉ်းစားပါမူ ရှေးခေတ်ကပေါင်းစပ်ခြင်း သို့မဟုတ် နိုင်ငံလွှန် အဆင့်ဆိုသည်မှာ နိုင်ငံအချင်းချင်း ပေါင်းစည်းခြင်းသာ ဖြစ်၏။ ယနေ့ခေတ်တွင်မူနိုင်ငံလွှန်အဆင့်၊ နိုင်ငံတကာအဆင့်၊ နိုင်ငံမဟုတ်သောအဆင့်တို့အား ထောင်လိုက်နှင့် အလျားလိုက် အပြန်အလှန် ပူးတွဲပေါင်းစည်းခြင်းဖြစ်၏။ ဤပုံစံသစ်ဖြစ်သော "နိုင်ငံ + နိုင်ငံလွှန်အဖွဲ့ + နိုင်ငံတကာအဖွဲ့ + နိုင်ငံမဟုတ်သောအဖွဲ့" ဟူသောအယူအဆသည် စစ်၏ မူလဇာတိရုပ်ကို ပြောင်းလဲစေရုံမက

စစ်၏ရုပ်သွင်နှင့်တကွ အကျိုးရလဒ်ကိုပါ ပြောင်းလဲစေမည်ဖြစ်သည်။ ဤသို့ စစ် သို့မဟုတ် ပဋိပက္ခကို အမျိုးသားရေးစွမ်းအားစု သက်သက်နှင့်သာမက နိုင်ငံလွှန်၊ နိုင်ငံတကာနှင့် နိုင်ငံမဟုတ် အဆင့်များ ပေါင်းစပ်ဖြေရှင်းသည်ပင် "နိုင်ငံလွှန် အဆင့်ပေါင်းစပ်ခြင်း" ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ပင်ဖြစ်၏။ သို့အတွက် ယနေ့ကာလမှစ၍ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားလုံခြုံရေး ရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်ရာ၌ဖြစ်စေ၊ မဟာဗျူဟာ အကျိုးစီးပွားများ လုံခြုံမှုရှိအောင် ဆောင်ရွက်ရာ၌ဖြစ်စေ တစ်နိုင်ငံချင်း မိမိစွမ်းအားကို အားထားရယူသည်ထက် အထက်ဖော်ပြပါ "နိုင်ငံလွှန် ပေါင်းစပ်ခြင်း" နည်းလမ်းဖြင့် ရယူခြင်းသည်သာ နိုင်ငံတစ်နိုင်ငံချင်းအတွက် အင်အားအကောင်းဆုံးသော နည်းလမ်းဖြစ်လာတော့မည် ဖြစ်ပေသည်။

ယနေ့ကမ္ဘာပေါ်တွင် တစ်ခုတည်းသော မဟာအင်အားကြီးနိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စုသည် ဤနိုင်ငံလွှန်ပေါင်းစပ်ခြင်းမျိုးကို လက်နက်ကိရိယာတစ်ခုအဖြစ် အသုံးချရာတွင် အကောင်းဆုံး အသုံးချနိုင်သူဖြစ်၏။ အမေရိကန်နိုင်ငံသည် အမေရိကန်၏ အကျိုးစီးပွားနှင့် ဆက်စပ်သော မည်သည့်ကိစ္စရပ်၌မဆို နိုင်ငံတကာ အဖွဲ့အစည်းများအား အသုံးချရန် လက်မနှေးခဲ့ပေ။ တစ်နည်းအားဖြင့် ကြည့်လျှင် အမေရိကန်အနေဖြင့် နိုင်ငံတကာ အဖွဲ့အစည်းအားလုံး၏ လှုပ်ရှားဆောင်ရွက်မှုမှန်သမျှ အမေရိကန်၏ အကျိုးစီးပွားနှင့် ဆက်နွှယ်မှုရှိသည်ဟု ရှုမြင်ထားကြောင်း ထင်ရှားပေသည်။ ဥရောပ၊ အမေရိက၊ အာရှဖြစ်စေ၊ အခြားမည်သည့်ဒေသဖြစ်စေ၊ တစ်ကမ္ဘာလုံး၌ဖြစ်စေ၊ မည်သို့သော သဘာဝရှိသည့် နိုင်ငံတကာ အဖွဲ့အစည်းဖြစ်စေ



အမေရိကန်ပြည်ထောင်စုသည် မရ ရသည့်နည်းဖြင့် ပါဝင်လေ့ရှိသည်။ ဤအချက်နှင့် ပတ်သက်၍ ၁၉၉၆ ခုနှစ်၊ အမေရိကန်ကာကွယ်ရေးဌာန အစီရင်ခံစာ၌ "အမေရိကန်ပြည်ထောင်စု၏ အကျိုးစီးပွားများ ရရှိရန်နှင့် ကာကွယ်စောင့်ရှောက်ရန်အတွက် အမေရိကန် အစိုးရသည် အခြားနိုင်ငံများ၏ မူဝါဒများနှင့် လုပ်ဆောင်မှုများကို လွှမ်းမိုးနိုင်စွမ်းရှိရမည်။ သို့အတွက် အမေရိကန်ပြည်ထောင်စုအနေဖြင့် ပင်လယ်ရပ်ခြားဒေသ၌ ပါဝင် ဆောင်ရွက်မှုများကို အမြဲဆက်လက်ထိန်းသိမ်းထားရမည်။ အထူးသဖြင့် အမေရိကန်၏ အရေးအကြီးဆုံး အကျိုးစီးပွားရေး အန္တရာယ်ရှိနိုင်သော ဒေသများ၌ ဖြစ်သည်" ဟု ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။

သာဓကအားဖြင့် ကြည့်လျှင် အာရှ–ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်) အဖွဲ့အား စတင်ထူထောင်သူ ဩစတြေးလျ ဝန်ကြီးချုပ်ဟော့ခ်၏ သဘောထားမှာ ယင်းအဖွဲ့၌ ဩစတြေးလျ၊ နယူးဇီလန်နှင့် အာရှနိုင်ငံများသာ ပါဝင်စေရန်ဖြစ်၏။ သို့ရာတွင် ၎င်းအယူအဆကို သမ္မတဘွတ်ရှ်က အပြင်းအထန် ဆန့်ကျင်ခဲ့ပြီးနောက် အမေရိကန်နှင့် ကနေဒါတို့ကို ပါဝင်ခွင့်ပြုခဲ့ရသည်။ တစ်ချိန်တည်းမှာပင် အေပက်အဖွဲ့၏ လှုပ်ရှားမှု အရှိန်အဟုန်ကို တန်ပြန် ထိန်းညှိနိုင်ရန်အတွက် အမေရိကန်ပြည်ထောင်စုသည် အချို့သော အာရှနိုင်ငံများအား မြောက်အမေရိကတိုက် ကုန်သွယ်လွတ်လပ်မှု ဧရိယာ (NAFTA) သီးခြားစီ သဘောတူညီချက်များ ချုပ်ဆိုစေခဲ့၏။ ယင်းသို့ဖြင့် အမေရိကန်ပြည်ထောင်စုသည် အေပက်အဖွဲ့အတွင်းသို့ အတင်း

အကြပ် ဝင်လာရုံမက အချို့ကို ပြန်၍ပင် ဆွဲထုတ်သွားသည်ဟု ဆိုနိုင်၏။ သို့အတွက် အမေရိကန်ပြည်ထောင်စုသည် ပေါင်းစပ် နည်း နှစ်နည်းကို တစ်ပြိုင်နက် အသုံးချသွားသည်ဟု ဆိုနိုင်၏။

အာရှငွေကြေးအကြပ်အတည်း ကာလအတွင်း အမေရိကန် တို့၏ သဘောထားနှင့် လုပ်နည်းလုပ်ဟန်များကို လျှို့ဝှက်ချက် တစ်ရပ်ဟု အများက ယူဆထားကြသည်။ ငွေကြေးအကြပ်အတည်း စတင်ဖြစ်ပွားချိန်၌ ဂျပန်နိုင်ငံက အာရှငွေကြေး ရန်ပုံငွေအဖွဲ့ ဖွဲ့စည်းရန် အကြံပြုသည်ကို အမေရိကန်က ချက်ချင်းဆန့်ကျင် ခဲ့သည်။ ၎င်းအစား အမေရိကန်က နောင်ကြိုးများပါသော ကယ်ဆယ်ရေး အစီအစဉ်တစ်ခုကို နိုင်ငံတကာ ငွေကြေးရန်ပုံငွေ အဖွဲ့မှ တစ်ဆင့်ပေးကမ်းကူညီရန် အဆိုပြုခဲ့၏။ ရည်ရွယ်ချက်မှာ အကြပ်အတည်း တွေ့နေသော အာရှနိုင်ငံများသည် အမေရိကန် ပြည်ထောင်စု လိုလားသော စီးပွားရေးလွတ်လပ်ခွင့် ပေါ်လစီကို မလွဲမသွေ လိုက်နာကြရန်ဖြစ်၏။ သာဓကအားဖြင့် ကမ္ဘာ့ငွေကြေး ရန်ပုံငွေအဖွဲ့က တောင်ကိုရီးယားနိုင်ငံသို့ ဒေါ်လာ ၅၇ ဘီလီယံ ချေးငွေ ချေးငှားချိန်၌ တောင်ကိုရီးယား၏ ဈေးကွက်များအား လုံးဝဖွင့်ပေးရန်ဟူသော အကြပ်ကိုင်မှုတစ်ခု ပါခဲ့၏။ သို့ဖြင့် အမေရိကန်တို့၏ မတည်ရင်းနှီးငွေများဖြင့် ကိုရီးယားစီးပွားရေး လုပ်ငန်းများကို အဆမတန်နည်းသော ဈေးများဖြင့် ဝယ်ယူသွား နိုင်၏။ ဤသည်မှာ လက်နက်ကိုင်၍ ဓားပြတိုက်ခြင်းနှင့် အတူတူပင် ဖြစ်သည်။

ဤနည်းအားဖြင့် အမေရိကန် ဦးဆောင်သော ဖွံ့ဖြိုးပြီး နိုင်ငံများသည် အခြားနိုင်ငံများ၏ ဈေးကွက်များကို အကန့်အသတ် မရှိ ဝင်ရောက် ခြယ်လှယ်ခွင့် ရစေခဲ့၏။ ဤသည်မှာ စီးပွားရေး



အရ သိမ်းပိုက်မှုကို ရုပ်ပြကောင်းအောင် ဟန်ဆောင်ထားခြင်း တစ်မျိုးဖြစ်၏။ ကျွန်ုပ်တို့သည် အာရှနိုင်ငံများအား ဆောရော့စ်လို လူမျိုး၏ တိုက်ခိုက်မှု၊ အမေရိကန်နိုင်ငံ၏ စုစုပေါင်း အရင်းအနှီးငွေမှာ ၁၀ နှစ်အတွင်း ဒေါ်လာ ဘီလီယံ ၈၁၀ မှ ၅ ထရီလီယံအထိ တိုးလာပြီး နှစ်စဉ်လည်း ဒေါ်လာ ဘီလီယံ ၃၀ ခန့် မှန်မှန်တိုးနေခြင်း၊ ဂျပန်၊ ဟောင်ကောင်နှင့် မလေးရှား တို့၌ ဘဏ္ဍာငွေ အကြပ်အတည်း ဖြစ်နေချိန် ကာလအတွင်း အမေရိကန် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများက အတိုးနှုန်းငွေ ချထား ခြင်း၊ ဂရင်းစပန်းအဖွဲ့က ရန်ပုံငွေထူထောင်သူများကို ဟောင်ကောင် အစိုးရ၏ တန်ပြန်ကာကွယ်တိုက်ခိုက်မှုအပေါ် စိုးရိမ်နေခြင်း၊ အမေရိကန် ဗဟိုအရန်ဘဏ်က ငွေဈေးကစားရင်း အရှုံးပေါ်သွား သော (Long-Term Capital Management-LCTM Corporation) အပေါ် ချေးငွေစည်းကမ်းချက်အား ခြွင်းချက်ပေးခဲ့ခြင်း၊ အာရှငွေကြေးအကြပ်အတည်း ကာလတစ်လျှောက်လုံး တောင်းခံ သော အကူအညီအားလုံး ငြင်းပယ်ခံရခြင်း၊ အာရှငွေကြေးတစ်ရပ် ထူထောင်ရန် အဆိုပြုချက်များ တဖြည်းဖြည်း မှေးမှိန်သွားခြင်း အချက်များနှင့် ဖြစ်စဉ်များကို ဆက်စပ်ကြည့်လိုက်ပါမူ မည်သို့ မည်ပုံ အကွက်ဆင်၍ ကစားသွားကြောင်း သိမြင်နိုင်မည် ဖြစ်ပါမည်။

ဤဖြစ်စဉ်များသည် ရေရှည်ကာလကတည်းက (အာရှ နိုင်ငံများကို) ပစ်မှတ်အဖြစ် ထားရှိကာ "နိုင်ငံလွှန်အဖွဲ့အစည်း များ + နိုင်ငံတကာ အဖွဲ့အစည်းများ + နိုင်ငံမဟုတ်သော အဖွဲ့အစည်းများ" ပေါင်းစည်း၍ လျှို့ဝှက်စွာ တိုက်ခိုက်ခြင်းဟု မယူဆနိုင်ပါသလော။ အမေရိကန်ပြည်ထောင်စုအစိုးရနှင့် ၎င်း၏

ပြည်ထောင်စု အရန်ဗဟိုဘဏ်တို့သည် ဤအကြပ်အတည်းကို အကွက်ကျကျဖြင့် စီစဉ်ခဲ့သည်ဟု ဆိုနိုင်လောက်သော ထင်ရှားသည့် သက်သေအထောက်အထား မရှိသော်လည်း ၎င်းတို့၏ အချို့သော သဘောထားများနှင့် လုပ်ဆောင်ချက်များမှာ မရိုးသားဟု ဆိုနိုင်ပေ၏။ ကျွန်ုပ်တို့အနေဖြင့် ဆွေးနွေးလိုသည်မှာ ဤအရေးအခင်းသည် အမေရိကန်၏ လက်ချက် ဟုတ်/မဟုတ် ဆိုခြင်း မဟုတ်ပါ။ ဤလုပ်နည်းလုပ်ဟန်သည် လက်တွေ့ကျသော စွမ်းအားလွန်လက်နက် (Super Weapon) ဟုတ်/မဟုတ် ဆိုခြင်းပင် ဖြစ်သည်။

အဖြေမှာကား မှန်ပါသည်ဟုသာ ဖြစ်ပါမည်။

## စစ်မြေပြင်လွန် ကဏ္ဍများအား ပေါင်းစပ်ခြင်း

ကဏ္ဍ သို့မဟုတ် နယ်ပယ် (Domain) ဟူသော အယူအဆမှာ နယ်မြေဟူသော အယူအဆမှ ပေါက်ဖွားလာခြင်းဖြစ်ပြီး လူသားတို့၏ ကဏ္ဍအသီးသီးမှ လှုပ်ရှားမှုများကို ရှုမြင်နိုင်ရန် အသုံးချသော စကားရပ် ဖြစ်၏။ သို့အတွက် စစ်၏နယ်ပယ် သို့မဟုတ် ကဏ္ဍဆိုသည်မှာ စစ်နှင့် ပတ်သက်သော ကိစ္စရပ်များ ပါဝင်နေသည့် နယ်ပယ်ဖြစ်၏။ အထက်တွင် ဖော်ပြခဲ့သော "နိုင်ငံလွန်အဆင့်ပေါင်းစပ်နည်း" ကဲ့သို့ပင် ကဏ္ဍလွန်အဆင့် ပေါင်းစပ်ခြင်းများသည်လည်း တူညီသော အယူအဆများ ဖြစ်၏။ ပို၍ပြည့်စုံအောင် ဆိုရသော် စစ်ကဏ္ဍလွန်အဆင့်၌ စစ်ရေးဆိုင်ရာများ ပေါင်းစပ်ခြင်းဟု ဆိုရပေမည်။ ဤသို့ဆိုရခြင်းမှာ ရှေ့အခန်းများတွင် ဖော်ပြခဲ့သော ကန့်သတ်ချက်လွန် စဉ်းစားနည်းများအား စစ်ရေးသက်သက်သာမက စစ်ရေးကဏ္ဍလွန် အဆင့်အထိ စဉ်းစားပြီး ပေါင်းစပ် အသုံးချရန် ဖြစ်ပေသည်။

ဤ "ကဏ္ဍလွန် ပေါင်းစပ်ခြင်း" သည် အထက်တွင် တင်ပြခဲ့သည့် "နိုင်ငံလွန ်ပေါင်းစပ်ခြင်း" နှင့် အောက်တွင် ဆက်လက်ရှင်းလင်းမည့် "နည်းလမ်းလွန် ပေါင်းစပ်ခြင်း" တို့၏ အကြား၌ ပါဝင်သည်။ ဤ "ကဏ္ဍလွန် ပေါင်းစပ်ခြင်း" သည် ကန့်သတ်ချက်ကျော်လွန် စဉ်းစားရာ၌ အထူးအရေးပါသော အချက်ဖြစ်၏။ အသံထက်မြန်သော လေယာဉ်သည် အသံလှိုင်း၏ အတားအဆီးကို ဖောက်ထွင်းပြီးမှ အသံထက်မြန်အောင် ပျံသန်းနိုင်သကဲ့သို့ပင် စစ်ရေးစစ်ရာနှင့် ပတ်သက်၍ လွတ်လပ်စွာ ကြံဆတွေးတောလိုသူများသည် စစ် "ကဏ္ဍ" သို့မဟုတ် "နယ်ပယ်" ၏ ကန့်သတ်ချက်များကို ကျော်လွန်အောင် စဉ်းစားနိုင်ကြရမည် ဖြစ်၏။ သဘောတရားရေးရာ နယ်နိမိတ်များကို ထိုးဖောက်ကျော်လွန်နိုင်မှသာ လုပ်ဆောင်မှု နည်းလမ်းများ၏ ကန့်သတ်မှု နယ်နိမိတ်များကို ထိုးဖောက်နိုင်မည်ဖြစ်သည်။ သဘောတရားရေးရာ နယ်နိမိတ်များကို မထိုးဖောက်နိုင်ပါက အတွေးအခေါ်မပါဘဲ ထိုးထွင်းစိတ်သက်သက်ဖြင့် ထိုးဖောက်လုပ်ဆောင်မှုတစ်ရပ်သည် အဆုံးသတ် သေချာမည် မဟုတ်ချေ။ အမေရိကန်ကြည်းတပ်၏ စစ်အခြေခံသဘောတရား ဖြစ်သော "လားရာစုံ စစ်ဆင်ရေး" (Full Dimensional Operations)နှင့် ကျွန်ုပ်တို့၏ ယခု "ကဏ္ဍလွန် ပေါင်းစပ်ခြင်း" တို့သည် အခြေခံအယူအဆခြင်း မတူညီသော်လည်း အကျိုးသက်ရောက်မှု၌ တူညီသည်။ အကြောင်းမှာ "လားရာစုံ" ဆိုသည်မှာ "ကဏ္ဍ" အားလုံးကို ဆိုလိုခြင်းကြောင့်ဖြစ်၏။ သို့ရာတွင် အမေရိကန်တို့၏

"လားရာစုံ စစ်ဆင်ရေး" အယူအဆမှာ ဦးနှောက်ကောင်းသော စစ်ဘက်ပုဂ္ဂိုလ်အချို့က အစဉ်အလာမဟုတ်၊ စဉ်းစားတွေးခေါ်ရာမှ ရုတ်ချည်း ပေါ်ပေါက်လာသော အတွေးအခေါ် ဖြစ်၍ လုံး၀ တော်လှန်သော အယူအဆတစ်ခု မဖြစ်နိုင်ချေ။ ၎င်းအပြင် တော်လှန်သော အယူအဆတစ်ရပ်ပေါ်၌ အခြေခံ၍ တွေးတောယူဆရာမှ ဖြစ်ပေါ်လာခြင်း မဟုတ်သဖြင့် လုံး၀ တော်လှန်ပြောင်းလဲသော အတွေးအခေါ်တစ်ရပ် ဖြစ်မလာခဲ့ချေ။ သို့အတွက်လည်း ဤအတွေးအခေါ်သည် ပေါ်ပေါက်လာပြီး မကြာမီကာလ၌ပင် ပြန်လည်တိမ်မြုပ်သွားခဲ့ရသည်။

လူသားတို့၏ လှုပ်ရှား စွမ်းဆောင်မှုတို့သည် တစ်နေ့တခြား ပိုမိုကျယ်ပြန့်လာသဖြင့် ၎င်းနှင့် အပြန်အလှန် ဆက်စပ်လျက်ရှိသော စစ်၏ကဏ္ဍသည်လည်း ကျယ်ပြန့်လာရပေသည်။ ဤသို့ ပြောင်းလဲလာသော အယူအဆများကို လူသားတို့သည် နောက်ကျမှ တွေ့ရှိတတ်ကြသည်။ ယနေ့ထက်တိုင်အောင်ပင် လူအတော်များများက စစ်ရေးမဟုတ်သော ကဏ္ဍအားလုံးသည် စစ်ရေးလိုအပ်ချက်များကို အထောက်အကူပြုသော ကဏ္ဍများဟု ယူဆထားကြဆဲဖြစ်၏။ ဤသို့ ကျဉ်းမြောင်းသော အမြင်ကြောင့် စစ်မြေပြင်၏ တိုးတက်ပြောင်းလဲမှုနှင့်တကွ စစ်နည်းဗျူဟာနှင့် စစ်မဟာဗျူဟာတို့ကိုပါ စစ်ရေးကဏ္ဍတစ်ခုတည်း၌ ပူးကပ်ချည်နှောင်ထားသကဲ့သို့ ရှိ၏။ နပိုလီယံကို တိုက်ခိုက်ရန်အတွက် မော်စကိုမြို့ အပါအ၀င် ရုရှားနိုင်ငံ တစ်၀က်လုံးကို မီးရှို့၍ မြေလှန်စနစ် ကျင့်သုံးခဲ့သော ဗိုလ်ချုပ်ကူတူဇော့ဗ်သည်လည်းကောင်း၊ ဒုတိယကမ္ဘာစစ်အတွင်း ဂျာမနီနိုင်ငံ၊ ဒရက်စ်ဒင်မြို့အား



ဗုံးမိုးရွာခဲ့ခြင်းနှင့် ဟီရိုရှီးမားနှင့် နာဂါဆာကီတို့အား နျူကလီးယားဗုံးကြဲခြင်းကြောင့် မရေမတွက်နိုင်သော အရပ်သားများ သေကြေဆုံးရှုံးသည်အထိ စစ်ရေ ရည်မှန်းချက်တစ်ခုကို အရင်းအနှီးများများ စတေး၍ ရယူခြင်းသည်လည်းကောင်း၊ စစ်အေးတိုက်ပွဲကာလက နျူကလီးယားလက်နက် အလုံးအရင်းဖြင့် လက်တုံ့ပြန်ခြင်း၊ အပြန်အလှန် သေချာပေါက် ဖျက်ဆီးခြင်းဟူသော အယူအဆများသည်လည်းကောင်း စစ်ရေးအောင်ပွဲတစ်ခုတည်းသက်သက်အတွက် စစ်နှင့် မဆိုင်သော အခြားကဏ္ဍများကို ရက်ရက်စက်စက် အသုံးချခြင်းပင် ဖြစ်၏။

ယနေ့ကာလမှာ ဤလွဲမှားသော အယူအဆကို ပြုပြင်ရတော့မည့်အချိန် ဖြစ်လာသည်။ နည်းပညာ၏ တိုးတက်လာမှုစွမ်းပကားကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ ယဉ်ကျေးမှု၊ သံတမန်ရေးနှင့် ဘာသာရေးကဏ္ဍများသည် တစ်ခုနှင့် တစ်ခု ရောထွေး ဆက်နွှယ်ကုန်၏။ တစ်ဖန် လူ့အခွင့်အရေးဟူသော အသိတရားကလည်း စစ်ပွဲ၏ မြင့်မြတ်မှုကို ၀င်ရောက်လွှမ်းမိုးလာသေး၏။ ဤအချက်များအားလုံးက စစ်ရေးစစ်ရာကို စစ်ကဏ္ဍတစ်ခုတည်း၌ ချုပ်နှောင်ထားခြင်းနှင့် အသေအပျောက်များခြင်းအား စစ်၏ ပြင်းထန်မှုအဖြစ် အသုံးချမှုတို့ကို ခေတ်ဟောင်းအယူအဆများအဖြစ် ဖယ်ရှားလိုက်ပေသည်။ သို့အတွက် စစ်သည် သွေးချောင်းစီးသော လူသတ်ပွဲများတည်းဟူသော နယ်နိမိတ်မျဉ်းကို ကျော်လွန်ကာ အရှိန်ပြင်းသော်လည်း အသေအပျောက်နည်းသည့် အယူအဆသို့ ပြောင်းလာချေသည်။ သတင်းစစ်၊ ဘဏ္ဍာရေးစစ်၊ ကုန်သွယ်စစ်နှင့် အခြားသော ပုံစံသစ် စစ်များ

အားလုံးသည် စစ်ကဏ္ဍကို ပို၍ ကျယ်ပြန့်လာအောင် ဖွင့်ပေးလိုက်သလို ရှိတော့၏။ သို့အတွက် စစ်ရေးတွင် အသုံးမဝင်သော ကဏ္ဍဟူ၍ မရှိတော့သလို စစ်၏ ထိုးစစ်ဆန်သော အပြုအမူသဘာဝမပါသည့် ကဏ္ဍဟူ၍လည်း မရှိတော့ချေ။

၁၉၈၇ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် အမေရိကန် စစ်သင်္ဘောများသည် ပါရှန်ပင်လယ်ကွေ့အတွင်းရှိ အီရန်တို့၏ ကမ်းလွန်ရေနံတူးစင်တစ်ခုအား တိုက်ခိုက်ခဲ့၏။ နယူးယောက်မြို့၏ စတော့ဈေးကွက်သို့ ဤသတင်းရောက်ရှိသွားချိန်တွင် အမေရိကန် စတော့ရှယ်ယာဈေးကွက်၌ အဆိုးရွားဆုံးသော သမိုင်းဝင် စတော့ဈေးကွက် ထိုးကျမှုဖြစ်ပွားခဲ့၏။ သမိုင်းတွင် "အနက်ရောင် တနင်္လာနေ့" ဟု အမည်တွင်ခဲ့သော ၎င်းနေ့တစ်နေ့တည်းပင် အမေရိကန် စတော့ဈေးကွက်၌ ဒေါ်လာဘီလီယံပေါင်း ၅၆၀ ဖိုး ဆုံးရှုံးခဲ့ရသည်။ ဤတန်ဖိုးမှာ နိုင်ငံတစ်နိုင်ငံ ဆုံးရှုံးရသည့် တန်ဖိုးမျှရှိ၏။ ထိုအချိန်မှစ၍ စစ်ရေးလှုပ်ရှားမှုများကြောင့် စတော့ဈေးကွက်များ ဈေးလန့်ခြင်း၊ ဈေးကွက်ပျက်ခြင်း စသည်များ ဆက်တိုက်ဖြစ်ပေါ်ခဲ့၏။ တစ်ဖန် ၁၉၉၅-၉၆ ခုနှစ်တွင် တရုတ်နိုင်ငံက ထိုင်ဝမ်ရေလက်ကြား၌ ဒုံးပျံများ စမ်းသပ်မည်ဖြစ်ကြောင်းနှင့် စစ်ရေးလေ့ကျင့်ခန်းများ ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ တရုတ်ဒုံးပျံများ မိုးပေါ်သို့ ထိုးတက်သွားသည်နှင့် တစ်ချိန်တည်း ထိုင်ဝမ် စတော့ဈေးကွက်မှာလည်း ရေခဲတောင် ပြိုသလို ပြိုဆင်းသွားခဲ့၏။ ဤဖြစ်စဉ် ၂ ရပ်မှာ ကျွန်ုပ်တို့ ဆွေးနွေးနေသော "ကဏ္ဍလွန် ပေါင်းစပ်ခြင်း" ဥပမာများ မဟုတ်ချေ။ မိမိ ခြေထောက်ကို မိမိ ကျောက်ခဲနှင့် ပြန်ထုသည့်လုပ်ရပ်များသာ ဖြစ်၏။ သို့ရာတွင်



ကျွန်ုပ်တို့အတွက်ကား တစ်မျိုးစဉ်းစားစရာ ဖြစ်လာ၏။ အကယ်၍သာ အထက်ဖော်ပြပါ ဖြစ်စဉ်မျိုးတစ်ခု သို့မဟုတ် နှစ်ခုကို တစ်စုံတစ်ဦးက ရည်ရွယ်ချက်ရှိရှိဖြင့် စစ်နည်းဗျူဟာတစ်ရပ်အဖြစ် အသုံးချခဲ့ပါမူ မည်သို့ရှိခြိမ့်မည်နည်း။

ကန့်သတ်ချက်လွန် စဉ်းစားနည်းရှုထောင့်မှ ကြည့်လျှင် ဤ "ကဏ္ဍလွန် ပေါင်းစပ်ခြင်း" နည်းလမ်းသည် အမျိုးမျိုးသော စစ်မြေပြင်များကို ပေါင်းစပ်လိုက်ခြင်း ဖြစ်၏။ စစ်ရေးကဏ္ဍကဲ့သို့ပင် ကဏ္ဍအသီးသီးသည် အနာဂတ်စစ်ပွဲ၌ အရေးပါလာမည့် အဓိကကဏ္ဍများ ဖြစ်လာနိုင်ပေသည်။ ဤ "ကဏ္ဍလွန် ပေါင်းစပ်ခြင်း" နည်းလမ်း၏ ရည်မှန်းချက်များအနက် တစ်ခုမှာ မည်သည့်ကဏ္ဍသည် မိမိ၏ စစ်ရေးရည်မှန်းချက် အောင်မြင်ရန်အတွက် အဓိကစစ်မြေပြင် ဖြစ်လာမည်ကို စဉ်းစားရွေးချယ်ခြင်း ဖြစ်၏။ ပင်လယ်ကွေ့စစ်ပွဲ အတွေ့အကြုံအရ ၄၂ ရက်ကြာ စစ်ဆင်နွှဲမှု၏ နောက်တွင် ၈ နှစ်တာမျှသော "စစ်ရေးဖိအား + စီးပွားရေးပိတ်ဆို့မှု + လက်နက်စစ်ဆေးမှု" စသည့်နည်းလမ်းများ ကျင့်သုံးခဲ့ရာ အမေရိကန်ပြည်ထောင်စုသည် နိုင်ငံလွန်ပေါင်းစပ်မှုများကို အသုံးချကာ အီရတ်ကို စစ်မြေပြင်သစ်များ၌ ဆက်လက်တိုက်ခိုက်ခဲ့သည်ဟုဆိုနိုင်၏။ စစ်ပွဲအပြင် အီရတ်နိုင်ငံအနေဖြင့် စီးပွားရေးပိတ်ဆို့မှုကြောင့်လည်းကောင်း၊ ကုလသမဂ္ဂ အထူးလက်နက်စစ်ဆေးရေး ကော်မတီအနေဖြင့် အီရတ်၏ လက်နက်များအား စစ်ဆေးခြင်းနည်းဖြင့် အင်အားချည့်နဲ့စေခြင်းကြောင့်လည်းကောင်း အီရတ်၏ လက်နက်ကြီးများအား နှစ်ပေါင်းများစွာ အစီအစဉ်တကျ ဖျက်ဆီးခြင်းကြောင့်လည်းကောင်း၊ အီရတ်နိုင်ငံအနေဖြင့် နစ်နာဆုံးရှုံးရမှုမှာ ပင်လယ်ကွေ့စစ်ပွဲအတွင်း ဗုံးကြဲတိုက်ခိုက်မှု

များကြောင့် ပျက်စီးဆုံးရှုံးခြင်းထက် များစွာ ပိုမိုဆိုးရွားသည်။ ဤအချက်များကို ကြည့်ပါက စစ်ဟူသည် စစ်ကဏ္ဍတစ်ခုတည်း သက်သက်၌ တည်မှီနေခြင်းမရှိဘဲ စစ်၏ဦးတည်ရာသည်လည်း နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေး၊ လူမှုရေး၊ နည်းပညာဆိုင်ရာ နှင့် အခြားစစ်ရေးမဟုတ်သော အကြောင်းအချက်များကြောင့် ဦးတည်ချက်ပြောင်းသွားနိုင်သလို အဆုံးရလဒ်ကိုလည်း ယင်း အချက်များကပင် အဆုံးအဖြတ်ပေးနိုင်ကြောင်း တွေ့ရှိရမည်။ ယနေ့ကာလ၌ ကမ္ဘာ့နေရာ အနှံ့အပြား ချောင်ကြိုချောင်ကြား မကျန် စစ်ရေးပဋိပက္ခနှင့် စစ်မဟုတ်သော ပဋိပက္ခများ ဖြစ်ပွားလျက်ရှိသည်။ အကယ်၍သာ ကျွန်ုပ်တို့သည် အစဉ်အလာ အရ လက်ခံထားခဲ့သည့် အမျိုးမျိုးသော နယ်နိမိတ်စည်းများကို ဖောက်ထွင်းကာ စစ်၏ရိုက်ခတ်မှုခံရသော ကဏ္ဍအသီးသီးကို ဖဲချပ်များအဖြစ် မိမိတို့လက်ဝယ် လိုသလို ကစားနိုင်ခဲ့လျှင်လည်း ကောင်း၊ ကန့်သတ်လွန် မဟာဗျူဟာနှင့် နည်းဗျူဟာများကို အသုံးချကာ စစ်၏အရင်းအမြစ်များအားလုံးကို စုပေါင်းနိုင်ခဲ့လျှင် လည်းကောင်း မိမိတို့ ကျိန်းသေ အနိုင်ရမည်ဟူသော အလား အလာ ရှိကောင်းရှိနိုင်ပေသည်။

## နည်းလမ်းလွန် ပေါင်းစပ်ခြင်း

နှစ်နိုင်ငံဖြစ်ပွားသော စစ်အတွင်း နောက်ပိုင်းရှိ စစ်သား များ၏ မိသားစုများကို ရည်ရွယ်၍ စိတ်ဓာတ်စစ်ဆင်ရန် အထူးနည်းလမ်းများ အသုံးချသင့်ပါသလော။ နိုင်ငံတစ်နိုင်ငံ၏ ဘဏ္ဍာရေးလုံခြုံမှုအတွက် ငွေကြေးကစားသူများအား လုပ်ကြံ



သတ်ဖြတ်ရန် လိုအပ်ပါသလော။ "ရွေးချယ်တိုက်ခိုက်ခြင်း" (Surgical Strike) ဟူသော နည်းလမ်းများဖြင့် စစ်မကြေညာဘဲ မူးယစ်ဆေးဝါးများ၊ သို့မဟုတ် မှောင်ခိုကုန်များ ထွက်ရှိရာနေရာ များကို တိုက်ခိုက်နိုင်ပါသလော။ အခြားတစ်နိုင်ငံ၏ အစိုးရကို လည်းကောင်း၊ ဥပဒေပြု လွှတ်တော်ကိုလည်းကောင်း လိုသလို ကြိုးဆွဲရန်နှင့် သြဇာလွှမ်းမိုးရန် အထူးငွေကြေး ရန်ပုံငွေများ အသုံးပြုသင့်ပါသလော။ နိုင်ငံတစ်နိုင်ငံ၏ စတော့ရှယ်ယာများကို ရောင်းဝယ်ခြင်းဖြင့် ယင်းနိုင်ငံမှ သတင်းစာများနှင့် ရုပ်မြင်သံကြား လွှင့်စက်ရုံများအား မီဒီယာစစ်၏ လက်သုံးကိရိယာများအဖြစ် ပြောင်းလဲ အသုံးချသင့်ပါသလော။

အထက်ပါ နည်းလမ်းများသည် အများက လက်ခံထားသော တရားမျှတမှုနှင့် မှန်မြတ်မှုဟူသည့် ဘောင်ကို ကျော်နေပေ၏။ ဤနည်းလမ်းအားလုံးသည် နိုင်ငံလွန်၊ ကဏ္ဍလွန် နည်းလမ်းများသာ ဖြစ်နေပေသည်။ "နည်းလမ်းလွန် ပေါင်းစပ်ခြင်း" ဟူသော အကြောင်းအရာကို ဆွေးနွေးရမည့် ပြဿနာ များလည်း ဖြစ်လာသည်။ ယင်းသို့ဆိုလျှင် ပထမဆုံးရှင်းလင်း ရမည့်အချက်မှာ နည်းလမ်းဟူသည် အဘယ်နည်းဟူသော အချက် ဖြစ်၏။

ဤသည်မှာ မေးရန်ပင် မလိုချေ။ ရည်မှန်းချက်တစ်ခု အောင်မြင်ရန် အသုံးချသော ကိရိယာ သို့မဟုတ် နည်းစနစ် ဖြစ်၏။ သို့ရာတွင် နိုင်ငံ သို့မဟုတ် တပ်မတော်ကဲ့သို့ ကြီးကျယ် သော အကြောင်းအရာများမှသည် နည်းဗျူဟာကဲ့သို့သော အဆင့် အထိကို "နည်းလမ်း" (Means) ဟု ခေါ်ဆိုလာကြသောအခါ အထက်ပါ မေးခွန်း၏ အဖြေမှာ မလွယ်ကူတော့ချေ။

“နည်းလမ်းဟူသည်မှာလည်း ဆက်စပ်နေသော အကြောင်းတရားတစ်ခု ဖြစ်၏။”

အဆင့် တစ်ဆင့်တွင် နည်းလမ်းဟု ယူဆထားသော အကြောင်းအရာတစ်ရပ်သည် အခြားအဆင့် တစ်ဆင့်အတွက် ရည်မှန်းချက် ဖြစ်နေတတ်သည်။ နိုင်ငံအဆင့်အလွန် လှုပ်ရှားဆောင်ရွက်မှုများကို ဆွေးနွေးကြလျှင် နိုင်ငံတစ်နိုင်ငံသည် နည်းလမ်းတစ်ခု ဖြစ်နေသည်။ နိုင်ငံ တစ်နိုင်ငံချင်း၏ လှုပ်ရှားဆောင်ရွက်မှုကို ဆွေးနွေးလျှင် ၎င်း၏ တပ်မတော် သို့မဟုတ် အခြားနိုင်ငံ၏ တပ်မတော်သည် နည်းလမ်းဖြစ်ကာ နိုင်ငံသည် ရည်မှန်းချက် ဖြစ်လာ၏။ ဤပုံစံအတိုင်း အဆင့်ဆင့်စဉ်းစားလျှင် အတိုင်းအတာချင်း မတူသော နည်းလမ်းများသည် တရုတ်သေတ္တာလို တစ်ခုအတွင်း နောက်တစ်ခု ထည့်ထားသကဲ့သို့ ရှိချေ၏။ အဆင့်တစ်ဆင့်တွင် ရည်မှန်းချက်ဖြစ်နေသော အကြောင်းအရာသည် ၎င်းထက် နိမ့်သော အဆင့်အတွက် နည်းလမ်း ဖြစ်နေတတ်သည်။

ရည်မှန်းချက် အကြောင်းကို ဆွေးနွေးမှုမှ ဖယ်ထား၍ နည်းလမ်း၏ ရှုပ်ထွေးမှုကို ဆက်လက် ဆွေးနွေးရပေမည်။ ကျွန်ုပ်တို့သည် မည်သည့်အရာဝတ္ထု တစ်ခုကိုမဆို ရှုထောင့်အမျိုးမျိုး၊ အဆင့်အမျိုးမျိုးမှ အပြန်ပြန် အလှန်လှန် စစ်ဆေးကြည့်ရှုခြင်းဖြင့် နည်းလမ်းဆိုသည်ကို နားလည်နိုင်၏။ ကဏ္ဍဟူသော ရှုထောင့်မှ ကြည့်ပါမူ စစ်ရေး၊ နိုင်ငံရေး၊ သံတမန်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ စိတ်ဓာတ်ရေးနှင့် မီဒီယာတည်းဟူသော ကဏ္ဍများသည် ရံဖန်ရံခါ၌ နည်းလမ်းများ ဖြစ်နေတတ်ကြသည်။ တစ်ဖန် ကဏ္ဍများကိုလည်း ကဏ္ဍခွဲများ



အဖြစ် ထပ်မံပိုင်းခြားနိုင်၏။ ဥပမာအားဖြင့် စစ်ရေးကဏ္ဍကို မဟာဗျူဟာနှင့် နည်းဗျူဟာ၊ စစ်အင်အား၊ စစ်မဟာမိတ်၊ စစ်လေ့ကျင့်ခန်း၊ လက်နက်ထိန်းချုပ်မှု၊ လက်နက်တင်ပို့ခြင်း တားမြစ်မှု၊ ပိတ်ဆို့မှု၊ တပ်အင်အား အသုံးပြုမှု စသည်ဖြင့် ထပ်မံခွဲခြားနိုင်၏။ ဤသည်အားလုံးတို့မှာ စစ်ရေးနည်းလမ်းများသာ ဖြစ်ကြ၏။ စီးပွားရေး အထောက်အကူ၊ ကုန်သွယ်ရေး ပိတ်ဆို့မှု၊ သံတမန်ရေးရာ ဖိအားပေးမှု၊ ယဉ်ကျေးမှုအရ ထိုးဖောက်ခြင်း၊ မီဒီယာဝါဒများ ဖြန့်ချိချက်များ၊ နိုင်ငံတကာ ဥပဒေများ ရေးဆွဲအသုံးချခြင်း၊ ကုလသမဂ္ဂ ဆုံးဖြတ်ချက်များ စသည်တို့အားလုံးသည် မတူညီသော ကဏ္ဍများမှ ဖြစ်ကြပြီး နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေးတို့ကဲ့သို့ပင် နိုင်ငံရေးသမားများသည် ဤကဏ္ဍများအား စံပြုစစ်ရေးနည်းလမ်းများအဖြစ် အသုံးပြုလျက် ရှိကြပေသည်။

နည်းလမ်းများ ရှုထောင့်မှ ကြည့်လျှင် ဒဿနိကဆိုင်ရာ နည်းလမ်း၊ စက်မှုနည်းပညာဆိုင်ရာ နည်းလမ်း၊ သင်္ချာနည်းလမ်း၊ သိပ္ပံနည်းလမ်း၊ အနုပညာမြောက်နည်း စသော နည်းလမ်းအားလုံးတို့မှာ လူသားတို့က မိမိတို့ အကျိုးရှိစေရန် အသုံးချသော နည်းလမ်းများ ဖြစ်နေပေသည်။ ဤနည်းလမ်းများကို စစ်ရေးတွင်လည်း အသုံးချနိုင်ပေသည်။ စက်မှုနည်းပညာကို နမူနာအဖြစ် ကြည့်နိုင်၏။ သတင်းနည်းပညာ၊ ဒြပ်ဝတ္ထုဆိုင်ရာနည်းပညာ၊ အာကာသနည်းပညာ၊ ဇီဝအင်ဂျင်နီယာနည်းပညာနှင့် အခြားသော နည်းပညာသစ်များသည် လူသားတို့ အကျိုးအတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ပိုမိုပေါ်ထွက်လာခြင်းပင် ဖြစ်၏။ နောက်ထပ် ဥပမာတစ်ခုမှာ သင်္ချာဖြစ်၏။ စစ်ရေးကဏ္ဍ

လောက် သချိုၤ၏ လွှမ်းမိုးမှုကို ခံရသော ကဏ္ဍမရှိချေ။ တပ်အင်အား အရေအတွက်၊ အခြေခံကျည်ဆန်နှုန်းထား၊ ကျည်သွားလမ်း တွက်ချက်မှု၊ သေကြေဒဏ်ရာ ရရှိမှု ရာခိုင်နှုန်း၊ တိုက်ပွဲဝင် အကွာအဝေး၊ ပေါက်ကွဲအား စသည်တို့အားလုံးမှာ သချိုၤများပင် ဖြစ်၏။ တစ်ဖန် ဒဿနိက၊ သိပ္ပံနှင့် အနုပညာဆန်ဆန် နည်းလမ်းများ အားလုံးသည် စစ်ဘက်ဆိုင်ရာ တွေးခေါ်မြော်မြင်မှုနှင့် စစ်ရေးအရ လှုပ်ရှားဆောင်ရွက်မှုတို့ကို ထိရောက်စွာ အထောက်အကူပြုသည်။ ဗြိတိသျှစစ်ပါရဂူ လစ်ဒယ်လ်ဟတ်က "စစ်မဟာဗျူဟာဆိုသည်မှာ နိုင်ငံရေးရည်မှန်းချက်များ ရရှိရန် စစ်ရေးနည်းလမ်းကို အသုံးချသော အနုပညာ" ဟု ဆိုခဲ့ဖူးသည်။

ဤအချက်များကို ကြည့်ပါက "နည်းလမ်း" ဟူသော ဝေါဟာရသည် နေရာတကာ၌ အကျုံးဝင်နေပြီး အဆင့်အမျိုးမျိုးရှိကာ တစ်ခုနှင့် တစ်ခုလည်း ဆက်စပ်နေကြောင်း တွေ့ရှိရမည်ဖြစ်ရာ အလွယ်တကူနှင့် ဖမ်းဆုပ်မိမည် မဟုတ်ချေ။ မိမိတို့၏ အမြင်ကို ပိုမိုကျယ်ပြန့်စေမှသာ နည်းလမ်း၏ သဘောသဘာဝကို ပိုမိုသဘောပေါက်နိုင်မည် ဖြစ်၏။ ၁၉၇၈ ခုနှစ်က တီဟီရန်ရှိ အမေရိကန်သံရုံးကို အီရန်က ဝင်ရောက်သိမ်းပိုက်ပြီး ဓားစာခံများ ဖမ်းဆီးသည့် အရေးအခင်း ဖြစ်ပေါ်စ အခြေအနေ၌ အမေရိကန်တို့ ပထမဦးဆုံး စဉ်းစားမိသော နည်းလမ်းမှာ စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်းရန်ဖြစ်၏။ စစ်ရေးနည်းလမ်းဖြင့် မအောင်မြင်သည့် အခါကျမှသာလျှင် အခြားနည်းလမ်းများဖြစ်သော အီရန်နိုင်ငံ၏ ပြည်ပငွေစာရင်းများကို ပိတ်ဆို့ခြင်း၊ လက်နက်တင်သွင်းမှု တားမြစ်ခြင်းနှင့် အီရန်နှင့် အီရတ်စစ်ပွဲ၌ အီရတ်ဘက်မှ ကူညီခြင်းဟူသော အခြားနည်းလမ်းများကို ပြောင်းလဲကျင့်သုံး



ခဲ့သည်။ တစ်ဖန် သံတမန်နည်းအရ စေ့စပ်ဆွေးနွေးမှု နည်းလမ်းကိုပါ ထပ်မံ ကျင့်သုံးပြန်၏။ ယင်းသို့ နည်းလမ်းပေါင်းစုံ ကျင့်သုံးသောအခါမှ အရေးအခင်းမှာ ပြေလည်သွားခဲ့ရသည်။ ဤသည်ကို ကြည့်ပါမူ မကြုံဘူးအောင် ရှုပ်ထွေးများပြားနေသော ယနေ့ခေတ်၌ အသုံးချသော နည်းလမ်းများ၏ ပမာဏနှင့် ကျင့်သုံးပုံ ကျင့်သုံးနည်းတို့ကို အမြဲတစေ ပြောင်းလဲနေရန် လိုအပ်ကြောင်း တွေ့မြင်နိုင်ပေသည်။ ပို၍ ကောင်းမွန်ပါသည် ဟူသော နည်းလမ်းတစ်မျိုးတည်း ကျင့်သုံးမှုသည် နည်းလမ်းပေါင်းစုံ ပေါင်းစပ် အသုံးပြုခြင်းထက် သာလွန်မှု မရှိနိုင်ချေ။ သို့အတွက် "နည်းလမ်းလွန်ပေါင်းစပ်" အသုံးချမှုကို လွန်စွာမှပင် လိုအပ်လှပေသည်။ သို့ရာတွင် နိုင်ငံအတော်များများ ဤအချက်ကို သတိမမူမိကြချေ။

တစ်ဖက်တွင် ဤ "နည်းလမ်းလွန် ပေါင်းစပ်" အသုံးချနည်းကို ထိထိရောက်ရောက်နှင့် ကျွမ်းကျွမ်းကျင်ကျင် အသုံးချနေကြသူများမှာ နိုင်ငံမဟုတ်သော အဖွဲ့အစည်းများ ဖြစ်နေချေသည်။ ဥပမာအားဖြင့် ရုရှားမှ မာဖီးယားလူဆိုးဂိုဏ်းများသည် လုပ်ကြံသတ်ဖြတ်ခြင်း၊ ငွေကြေးပမာဏတောင်းဆိုရန် ပြန်ပေးဆွဲခြင်း၊ ဘဏ်များ၏ ကွန်ပျူတာစနစ်များကို ဟက်ကာများဖြင့် ထိုးနှက်၍ ငွေများ ခိုးယူခြင်း နည်းလမ်းပေါင်းစုံကို အသုံးပြုကြသည်။ အချို့သော အကြမ်းဖက် အဖွဲ့အစည်းများသည်လည်း ဗုံးခွဲခြင်း၊ ဓားစာခံများ ဖမ်းဆီးခြင်း၊ နက်ဝပ်ခ်ပေါ်တွင် တိုက်ခိုက်ခြင်းနည်းလမ်းမျိုးစုံကို ပေါင်းစပ်အသုံးပြုလျက် ရှိကြသည်။ ငွေကြေးဈေးကွက်၊ စတော့ရှယ်ယာဈေးကွက်နှင့် အနာဂတ်ဈေးကွက်များတွင်လည်း ဆောရော့စ်ကဲ့သို့ ပုဂ္ဂိုလ်များ

ဒုနှင့် ဒေး ရှိနေပြန်သည်။ ၎င်းတို့သည် လူထု၏ ဆန္ဒသဘော ထားနှင့် ယုံကြည်မှုကို လိုသလိုချုပ်ကိုင်ကာ အခြားဘဏ္ဍာရေး အဖွဲ့အစည်းကြီးများကို ဘဏ္ဍာရေးစစ် ဆင်နွှဲတိုက်ခိုက်ကြလေ့ ရှိသည်။

ဤနည်းလမ်းများ အများစုတို့မှာ စစ်၏ သဘာဝမရှိချေ။ သို့ရာတွင် ၎င်းတို့၏ လုပ်နည်းလုပ်ကိုင်နည်းများမှာ စစ်ပွဲ၌ စစ်ရေးနည်းလမ်းကိုသာမက စစ်ရေးမဟုတ်သော နည်းလမ်းများ ကိုပါ ကျင့်သုံးရန် ဦးဆောင်လမ်းပြ ပေးနေသကဲ့သို့ ရှိ၏။ ယနေ့ကာလ၌ နည်းလမ်းတစ်ခုကို အကဲဖြတ်ရာ၌ တရားခြင်း၊ မတရားခြင်းဟူ၍လည်းကောင်း၊ မှန်မြတ်မှု ရှိ/မရှိဆိုခြင်းနှင့် လည်းကောင်း မတိုင်းတာတော့ချေ။ ရည်မှန်းချက်ကို အောင်မြင် စေသော အကောင်းဆုံးနည်းလမ်း ဟုတ်/မဟုတ်ဆိုသော အချက် နှင့်သာ တိုင်းတာထားခြင်းကြောင့် ဖြစ်၏။ ဤဥပဒေသနှင့် ကိုက်ညီနေသရွေ့ အကောင်းဆုံးနည်းဟုသာ သတ်မှတ်မည် ဖြစ်၏။ ရည်မှန်းချက် ကျင့်သုံးအောင်မြင်ရာ၌ အခြားအချက် အလက်များ ပါဝင်ကောင်း ပါဝင်နိုင်သေးသည် မှန်သော်လည်း ၎င်းတို့သည် ရည်မှန်းချက်ကို အောင်မြင်ရန်အတွက် အထောက် အကူပြုသော အချက်များ ဖြစ်ရန် လိုပေသည်။ သို့အတွက် "နည်းလမ်းလွန် ပေါင်းစပ်အသုံးချမှု" သည် ၎င်းတို့ကိုယ်တိုင်ကို ချုပ်တည်းထားသော ကျင့်ဝတ်၊ ထုံးတမ်းများ၊ ကျော်လွန်ထိုးဖောက် နိုင်ရန်မှာ အရေးအကြီးဆုံး ဖြစ်ပေသည်။

ဤအချက်မှာ နည်းလမ်းများအား အခြားနည်းလမ်းများနှင့် ပေါင်းစပ် အသုံးချခြင်းထက် ပိုမိုရှုပ်ထွေး ခက်ခဲသည်။ မိမိတို့



အနေဖြင့် သိပြီး၊ ရှိပြီးဖြစ်သော နည်းလမ်းများ အသုံးမချနိုင်ပါက ထုံးတမ်းဥပဒေများကို ခွာချကာ ၎င်းတို့ကို ကျော်လွန်ထိုးဖောက် သော နည်းလမ်းကို အသုံးချရန်သာ စဉ်းစားရပေတော့မည်။ သာဓကအားဖြင့် စီးပွားရေး အင်အားကြီးမားသော ကုမ္ပဏီကြီး တစ်ခုက နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးစနစ်ကိုလည်းကောင်း၊ တစ်ပြိုင်တည်းတွင် ၎င်း၏စီးပွားရေးအကာအကွယ်များကိုလည်း ကောင်း တိုက်ခိုက်လိုသည်ဆိုပါက အသင့်ရှိပြီး နည်းလမ်းများကို အသုံးပြုနိုင်မည် မဟုတ်ပေ။ ၎င်း၏ ဘဏ္ဍာရေး မဟာဗျူဟာကို ပြုပြင်သုံးစွဲရပေလိမ့်မည်။ ငွေကြေး တန်ဖိုးချခြင်း၊ သို့မဟုတ် ငွေကြေးတန်ဖိုးနှုန်းပြန်လည် သတ်မှတ်ခြင်းကဲ့သို့ နည်းလမ်းကို ကျင့်သုံးပြီး လူထု၏ ယုံကြည်မှုပျက်ပြားစေခြင်း၊ ပစ်မှတ်နိုင်ငံ၌ ဘဏ္ဍာရေးအကြပ်အတည်း ဖြစ်စေရန် ငွေကြေးဆိုင်ရာ စည်းမျဉ်း ဥပဒေများ ပြုပြင်ပြောင်းလဲခြင်း၊ ပစ်မှတ်နိုင်ငံ၏ စစ်အင်အား အပါအဝင် အထွေထွေ စွမ်းအားကို ကျဆင်းစေခြင်း နည်းလမ်း များကို ပေါင်းစပ်ကျင့်သုံးရပေလိမ့်မည်။

အရှေ့တောင်အာရှ ငွေကြေး အကြပ်အတည်းကာလ အတွင်း ထူးခြားစွာ တွေ့ရသည့် အချက်တစ်ချက်မှာ ယင်း အကြပ်အတည်းကြောင့် ဒေသတွင်း လက်နက်အပြိုင်အဆိုင် တပ်ဆင်မှု အရှိန်လျော့သွားခြင်းဖြစ်သည်။ ဤသည်မှာ ငွေကြေး အကြပ်အတည်းကြောင့် သဘာဝကျကျ ဆက်စပ်ဖြစ်ပေါ်လာ ခြင်းသာ ဖြစ်၏။ အင်အားကြီးနိုင်ငံတစ်နိုင်ငံက ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခြင်း မဟုတ်ချေ။ တရုတ်ကဲ့သို့ မဟာအင်အားကြီး မဟုတ်သေးသည့် နိုင်ငံမျိုးက ၎င်း၏ငွေကြေးမူဝါဒ ပြောင်းလဲ

လိုက်သည်နှင့် ကမ္ဘာကို ဂယက်ရိုက်သွားသည်အထိ ဖြစ်လေ့ဖြစ်ထ ရှိပေသည်။ အကယ်၍သာ တရုတ်နိုင်ငံက ၁၉၉၈ ခုနှစ်တွင် ယွမ်ငွေကို တန်ဖိုးချခဲ့ပါက အာရှငွေကြေး အကြပ်အတည်းမှာ ပိုမိုဆိုးရွားသွားနိုင်ပေသည်။ ၎င်းတွင်သာမက ကမ္ဘာ့ဈေးကွက်များကိုပင် ရိုက်ခတ်ကာ နောက်ဆုံး ကမ္ဘာ့အကြီးမားဆုံးသော မြီရှင်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံကိုယ်တိုင်၏ စီးပွားရေး ဆုံးရှုံးမှုကို ကြီးမားစွာ ရင်ဆိုင်ရဖွယ် ရှိပေသည်။ အားလုံးသော ရလဒ်မှာ စစ်ရေးတိုက်ခိုက်မှုထက် များစွာ အကျိုးသက်ရောက်မှု ရှိပေမည်။

ယနေ့ကမ္ဘာ၌ လက်တွေ့အသုံးချနေကြသော သတင်း အပြန်အလှန် ဖလှယ်ခြင်းနှင့် အကျိုးစီးပွားများ အပြန်အလှန် ဆက်နွှယ်နေခြင်းကြောင့် စစ်၏ အဓိပ္ပာယ်မှာ ပိုမိုကျယ်ပြန့်လာခဲ့သည်။ ကမ္ဘာပေါ်တွင် အဆုံးအဖြတ်ပေးကဏ္ဍ၌ နေရာယူထားနိုင်သော နိုင်ငံကြီးတစ်နိုင်ငံသည် အခြားနိုင်ငံများအား စစ်ရေးနည်းလမ်းဖြင့်သာမက အခြားသော နည်းလမ်းပေါင်းစုံဖြင့်လည်း ခြိမ်းခြောက်နိုင်ပေသည်။ နည်းလမ်းတစ်ခုတည်း အသုံးပြုခြင်းကြောင့် အနည်းငယ်မျှသော အကျိုးရလဒ်များသာ ရရှိနိုင်မည်။ နည်းလမ်းပေါင်းစုံ ပေါင်းစပ်အသုံးပြုခြင်း၏ အကျိုးကျေးဇူးမှာ တစ်နေ့တခြား ပိုမိုထင်ရှားလာပေသည်။ သို့အတွက် "နည်းလမ်းလွန် ပေါင်းစပ်အသုံးပြုခြင်း" ကို တံခါးဖွင့်ပေးလိုက်ခြင်းဖြစ်ပြီး ဤနည်းလမ်းကိုလည်း စစ်ရေးတွင်သာမက စစ်ရေးထက်ကြီးကျယ်သော အခန်းကဏ္ဍများ၌ပါ အသုံးပြုနိုင်စွမ်း ရှိလာပေသည်။



## အလွှာစုံပေါင်းစပ် အသုံးပြုခြင်း

စစ်ပွဲတစ်ခုသည် သမိုင်း၏ အဆင့်တစ်ဆင့် ဖြစ်လာသော အခါ စစ်ပွဲ၏ ဦးတည်ရာသည်လည်း အရည်ပျော်နေသည့် သံမဏိ အေးခဲလာသလိုပင် တဖြည်းဖြည်း ပုံပေါ်ထွက်လာသည်။ သမိုင်းဦး၏ အသေးဆုံး တိုက်ပွဲငယ်လေးများမှသည် အချင်းချင်း အပြန်ပြန် အလှန်လှန် တိုက်ခိုက်ကြသော သမိုင်းဦးစစ်ပွဲငယ်လေးများအထိလည်းကောင်း၊ ထိုမှသည် တိုက်ပွဲစဉ် အများအပြားပါဝင်သည့် တိုက်ပွဲကြီးများ အဆင့်အထိလည်းကောင်း၊ ထိုမှတစ်ဖန် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွားသော ကမ္ဘာစစ်အဆင့်အထိလည်းကောင်း "စစ်"သည် တစ်ဆင့်ချင်း မမြင်နိုင်သောခြေလှမ်းများဖြင့် လှမ်း၍ တက်လာခဲ့ပေသည်။

အလားတူပင် နောက်ပြန်ဆုတ်၍ တစ်ဆင့်ချင်းလည်း ပြန်လည်နိမ့်ကျသွားနိုင်ပေ၏။ မည်သို့ပင်ဖြစ်စေ ၎င်းစစ်၏ သွားရာလမ်းတစ်လျှောက်တွင် အော်ဟစ် ညည်းညူနေသော ဒဏ်ရာရ စစ်သည်များ၊ အလောင်းများ၊ အောင်မြင်သူတို့၏ သေနတ်မြောက် အောင်ပွဲခံနေမှုများ၊ မြေပြင်တွင် ပြန့်ကြဲနေသော ရှုံးနိမ့်သူတို့၏ ရိုင်ဖယ်များ၊ မြောက်မြားလှစွာသော စီမံချက်များ၊ နည်းဗျူဟာများကို ခြေရာအဖြစ် မလွဲမသွေ ချန်ထားခဲ့လေ့ရှိပေသည်။ ကျွန်ုပ်တို့သည် စစ်သမိုင်းကို နောက်ဆုံးစာမျက်နှာမှစ၍ ရှေ့သို့ ပြန်လှန်ကြည့်သည်ရှိသော် စစ်သည် တရွေ့ရွေ့ စုစည်း ဖြစ်ပေါ်လာခြင်းသဘောကို တွေ့ရမည်ဖြစ်သည်။ ဖြစ်ပေါ်လာသော အကျိုးရလဒ် အားလုံးမှာလည်း စုစည်းဖြစ်ပေါ်မှုကြောင့်

ဖြစ်ကြောင်း တွေ့လာမည် ဖြစ်ပါသည်။ အောင်ပွဲသည် စုစည်းဖြစ်ပေါ်မှု၏ ရလဒ်ဖြစ်သလို ရှုံးနိမ့်ခြင်းသည်လည်း ရလဒ်ပင်ဖြစ်ပါသည်။ စစ်ပြိုင်ဘက် နှစ်ဖက်လုံးကို ကြည့်ပါမူ နှစ်ဖက်စလုံးသည် ဤလမ်းကြောင်းကိုပင် လျှောက်လှမ်းကြကြောင်း တွေ့ရပါမည်။ ကွာခြားသည်မှာ မည်သူက လှေကားတက်သလို မြင့်တက်သွားပြီး မည်သူက လှေကားဆင်းသလို ကျဆုံးသွားခြင်းသာ ဖြစ်၏။ နောက်ဆုံးသော ခြေလှမ်းကို လှမ်းလိုက်ချိန်၌သာ အလှမ်းကျယ်လှမ်းခြင်း၊ ရုတ်ခြည်းပြောင်းလဲခြင်းများ ဖြစ်ပေါ်လာလေ့ ရှိသည်။

ဤသည်မှာ လက်တွေ့ကျသော ဥပဒေသတစ်ခုသာ ဖြစ်၏။

ဥပဒေသမှန်လျှင် လေးစား လိုက်နာရမည် ဖြစ်၏။ ဥပဒေသကို ရှောင်လွှဲလိုလျှင်ဖြစ်စေ၊ ချိုးဖောက်လိုလျှင်ဖြစ်စေ သေချာစွာ စဉ်းစားရမည်ဖြစ်၏။

ကျွန်ုပ်တို့ ဆွေးနွေးနေသည်မှာ ဥပဒေစည်းမျဉ်းများအား မည်သို့ ကျော်လွှားမည်၊ ချိုးဖောက်မည်ဟူသော အချက်ပင်ဖြစ်၏။ စစ်ပွဲမှန်လျှင် တစ်ဆင့်ပြီးတစ်ဆင့် အရှိန်မြင့်တက်လာရပြီးမှ နောက်ဆုံးအဆင့်သို့ ရောက်ရသည်ဟူသော အချက်ကို လက်ခံနိုင်ဖွယ် မရှိချေ။ အချိန်ကာလဟူသည်မှာ မိမိကြိုက်သလို ဖန်တီးနိုင်သည်ဟု ကျွန်ုပ်တို့ လက်ခံထား၏။ သို့ဖြင့် စစ်ပွဲတစ်ပွဲတွင် အားများ သို့မဟုတ် အကြောင်းခြင်းရာများ တဖြည်းဖြည်းစုစည်းလာမိသည်အထိ မစောင့်တော့ဘဲ မိမိ လိုလားသောအချိန်ကို ဖော်ထုတ်ဖန်တီးယူမည့် နည်းလမ်းကို ရှာဖွေရပေမည်။ ဤသည်မှာလည်း မဟာဗျူဟာတစ်မျိုးပင် ဖြစ်၏။



တိုက်ပွဲတစ်ပွဲသည် စစ်ပွဲကြီးတစ်ခုလုံး မဟုတ်ပေ။ စစ်သားတစ်ဦးကြောင့် တပ်မတော်ကြီးတစ်ရပ် ဖြစ်မလာသလိုပင် ဖြစ်၏။ ကျွန်ုပ်တို့၏ လိုလားချက်မှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တစ်ဆင့်ပြီးမှ တစ်ဆင့်တက်လာရသည့် အခြေအနေကို ပယ်ဖျက်ကာ ယင်းအဆင့်များကို မိမိအလိုရှိသလို ဖန်တီးစုစည်းနိုင်ရန် ဖြစ်၏။ ဥပမာအားဖြင့် နည်းဗျူဟာအဆင့် တိုက်ပွဲတစ်ခုကိုပင် စစ်မဟာဗျူဟာအဆင့်၊ စစ်ပွဲအဆင့်တိုက်ပွဲများဖြင့် တိုက်ရိုက်ပေါင်းစပ်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် စစ်အား ဦးခေါင်း၊ ကိုယ်ထည်နှင့် အမြီးတို့ကို မိမိလိုသလို တပ်ဆင်ပေးနိုင်သည့် နဂါးတစ်ကောင်ကဲ့သို့ ပြောင်းလဲအသုံးချနိုင်ရမည် ဖြစ်၏။

ဤသည်မှာပင် "အဆင့်လွန်ပေါင်းစပ်ခြင်း" နည်းလမ်းပင်ဖြစ်သည်။ အဆင့်တစ်ဆင့်သည် နယ်နိမိတ်ရှိသော ကန့်သတ်ချက်တစ်ခုပင် ဖြစ်၏။ နိုင်ငံတကာနယ်နိမိတ်ကဲ့သို့ ဖြစ်၏။ "ကျော်လွန်ပေါင်းစပ်နည်း" (Supra Combination) အရ နယ်နိမိတ်မှန်လျှင် ကျော်ဖြတ်ရမည်ဖြစ်၏။ ဟာမန်ခန်းဆိုသူက နျူကလီးယားစစ်ပွဲဖြစ်စေမည့် အခြေအနေများကို အဆင့်များ ခွဲခြားထား၏။ အလားတူပင် အခြေခံစစ်ပွဲပုံစံများ၌လည်း ဤကဲ့သို့ အခြေအနေများ ခွဲခြားနိုင်၏။ ခန်း၏စဉ်းစားပုံအရ နျူကလီးယားစစ်မဖြစ်မီ နောက်ဆုံးထိန်းလွှာ (Threshold) ကို ၄၄ ဆင့် ခွဲထားသည်မှာ ကောင်းမွန်သော်လည်း လက်တွေ့လုပ်ဆောင်ရန် မလွယ်ကူချေ။ ၎င်းက စစ်ပွဲအား အရှိန်မြင့်မှုအပေါ် အဓိကထား၍ အဆင့်များ ခွဲခြားထားခြင်းဖြစ်ရာ စစ်၏ သဘာဝအရ ဖြစ်ပေါ်လာသော အဆင့်များကို ထွင်းဖောက်ရှုမြင်ခြင်း မပြုခဲ့ချေ။

ကျွန်ုပ်တို့၏ အမြင်အရမူ စစ်ကို ၎င်း၏ ပမာဏနှင့် အသုံးချသော နည်းလမ်းများအရ အဆင့်များ ခွဲခြားသည်ဆိုလျှင် ပိုမိုရှင်းလင်းမှုရှိပြီး အဆင့် ၄ ဆင့်ဆိုလျှင် လုံလောက်ပြီဟု ယူဆနိုင်၏။ ဤနေရာ၌ ကျွန်ုပ်တို့ (တရုတ်တို့) ၏ အမြင်နှင့် အမေရိကန် စစ်သုတေသီတို့၏ အမြင်များမှာ စာလုံးသုံးနှုန်းပုံ ကွဲလွဲသည်မှ အပ အယူအဆချင်း တူညီပေသည်။ မိမိတို့၏ အယူအဆမှာ–

စစ်ပွဲကြီး (Grand War) = စစ်ရေးမူဝါဒအဆင့် (War Policy)

စစ်ပွဲ (War) = စစ်မဟာဗျူဟာအဆင့်

တိုက်ပွဲစဉ် (Campaign)= စစ်ဆင်ရေးအဆင့် (Operational Level of War)

တိုက်ပွဲ = နည်းဗျူဟာအဆင့်

ပထမဆုံးအဆင့်မှာ "စစ်ပွဲကြီး" ခေါ် စစ်မူဝါဒအဆင့် ဖြစ်၏။ ဥပမာအားဖြင့် ဆိုရသော် စစ်ရေးသာမက စစ်မဟုတ်သော စစ်ရေးလှုပ်ရှားမှုများပါ ပါဝင်သောအဆင့်ဖြစ်၏။ ထိပ်ဆုံးတွင် နိုင်ငံအဆင့် ရှိနေသည်။ ၎င်း၏ လှုပ်ရှားဆောင်ရွက်ပုံမှာ စစ်မူဝါဒအဆင့် သို့မဟုတ် အဂ္ဂမဟာဗျူဟာအဆင့်ဖြစ်၏။ ကျွန်ုပ်တို့က စစ်ရေးမူဝါဒ အဆင့်ဟု ခေါ်ဆိုရခြင်းမှာ ဤအဆင့်တွင် နိုင်ငံရေးပရိယာယ်များ ပါဝင်နေခြင်းကြောင့် ဖြစ်၏။

ဒုတိယအဆင့်မှာ "စစ်ပွဲ" (War) မဟာဗျူဟာအဆင့် ဖြစ်၏။ နိုင်ငံအဆင့်၊ စစ်ရေးဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်မှုများ



တွင် ဤအဆင့်၌ စစ်ရေးမဟုတ်သော လှုပ်ရှားမှုများ ပါဝင်သေး၏။ လုပ်ကိုင်ဆောင်ရွက်ပုံမှာ မဟာဗျူဟာအဆင့် ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ စစ်ရေးဆိုင်ရာ မဟာဗျူဟာ သို့မဟုတ် စစ်ပွဲတစ်ပွဲအတွက် မဟာဗျူဟာ ဖြစ်သည်။

တတိယအဆင့်မှာ "တိုက်ပွဲစဉ်" (Campaign) အဆင့်၊ စစ်ဆင်ရေးအဆင့် (Operational Arts) ဖြစ်သည်။ ပမာဏအားဖြင့် တိုက်ပွဲ (Battle) အဆင့်နှင့် စစ်ပွဲ (War) ကြားအဆင့် ဖြစ်သည်။ ဤအဆင့်တွင် လုပ်ကိုင်ဆောင်ရွက်ပုံကို အတိအကျ အမည်မပေးနိုင်သော်လည်း တိုက်ပွဲစဉ် (Campaign) အဆင့်ဟု မှတ်ယူကြသည်။ ဤသည်မှာ မှန်ကန်မှုမရှိတော့သဖြင့် စာရေးသူတို့က "စစ်ဆင်ရေးအနုပညာ" (Operational Arts) အဆင့်ဟု အမည်ပေးထားသည်။

စတုတ္ထအဆင့်မှာ "တိုက်ပွဲ" (Battle) ခေါ် စစ်နည်းဗျူဟာ အဆင့်ဖြစ်၏။ ဤအဆင့်တိုက်ပွဲဝင်မှုမှာ အခြေခံ အကျဆုံး အဆင့်ဖြစ်သည်။ လုပ်ကိုင်ဆောင်ရွက်ပုံမှာ စစ်နည်းဗျူဟာ အဆင့်ဖြစ်၏။

ဤအဆင့်အားလုံးသည် တစ်ဆင့်နှင့်တစ်ဆင့် ဆက်နွယ်မှု ရှိနေကြောင်း လွယ်ကူစွာ သိမြင်နိုင်ပေသည်။

အစဉ်အလာ စစ်သားများအတွက်မူ အထက်ဖော်ပြပါ စစ်ဗျူဟာ အဆင့်ဆင့်ကို သူ့နေရာနှင့်သူ မည်သို့အံဝင်အောင် အသုံးချ တိုက်ပွဲဝင်မည်ကိုသာ ၎င်းတို့စစ်မှုထမ်းဘဝတစ်လျှောက်လုံး လေ့ကျင့်ခဲ့ကြရပေသည်။ သို့ရာတွင် ၂၁ ရာစုတွင် တိုက်ပွဲဝင်မည့် စစ်သည်များအတွက်ဆိုမူ ထိုအဆင့် ၄ ဆင့်သည် လုံလောက်မှု မရှိတော့ချေ။ ၎င်းတို့အနေဖြင့် ဤအဆင့် ၄ ဆင့်

ကို မည်သို့ ဖြုတ်ပယ်မည်ကိုလည်းကောင်း၊ အခြေခံအကျဆုံး တိုက်ပွဲအဆင့်မှ နိုင်ငံအဆင့်လွန် လှုပ်ရှားမှုအထိကို မည်သို့ မည်ပုံပေါင်းစပ်၍ စစ်ပွဲအောင်မြင်အောင် လုပ်ဆောင်ရမည်ကို စဉ်းစားကြရတော့မည် ဖြစ်၏။ ဤသို့ စစ်ရေးမူဝါဒအဆင့်၊ မဟာဗျူဟာအဆင့်၊ စစ်ဆင်ရေးအဆင့်၊ နည်းဗျူဟာအဆင့် တို့ကို ညှိနှိုင်းပေါင်းစပ်ရန်မှာ "အဆင့်လွန်ပေါင်းစပ်မှု" နည်းလမ်း ကို အသုံးချရန်ပင် ဖြစ်၏။

ဥပမာအားဖြင့် မဟာဗျူဟာ အဆင့်ဖြစ်သော စစ်ရေး မဟုတ်သည့် လှုပ်ရှားမှုအား နည်းဗျူဟာအဆင့် ရည်မှန်းချက် တစ်ခုနှင့် တစ်ပါတည်းဖြစ်အောင် ပေါင်းစပ်ခြင်း သို့မဟုတ် နည်းဗျူဟာအဆင့် နည်းလမ်းတစ်ခုကို အသုံးချ၍ စစ်ရေးမူဝါဒ အဆင့် ရည်မှန်းချက်တစ်ခု ပြီးမြောက်အောင် ဆောင်ရွက်ခြင်းမျိုး ဖြစ်သည်။

ဤသို့ဖြစ်လာရခြင်းမှာ အဆင့်တစ်ဆင့်တွင် ရှိနေသော ပြဿနာကို ယင်းအဆင့်၌သာ ဖြေရှင်းနိုင်သည် မဟုတ်ခြင်း ကြောင့်ဖြစ်၏။ မိမိလက်ဝယ်ရှိ အနည်းအကျဉ်းမျှသော အရင်း အမြစ်များ ထုတ်သုံး၍ဖြစ်စေ၊ နွားသတ်သော ဓားနှင့် ကြက်ခုတ် သည်ဖြစ်စေ အလုပ်ဖြစ်နေသမျှ၊ အောင်မြင်နေသမျှ လက်ခံရမည် ဟူသော အယူအဆ ဖြစ်၏။

ဘင်လာဒင်သည် နည်းဗျူဟာအဆင့်ဟု ဆိုနိုင်သော ထရပ်ကား ၂ စင်းစာ ဖောက်ခွဲရေးပစ္စည်းများဖြင့် အမေရိကန် ပြည်ထောင်စုကြီးတ. ခုလုံး၏ အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက် နိုင်ခဲ့၏။ အမေရိကန်တို့က ၎င်းတို့၏ မဟာဗျူဟာအဆင့်



ဖြစ်သော မိမိတို့၏ လုံခြုံရေးအတွက် ဘင်လာဒင်ကို နည်းဗျူဟာ အဆင့်ဖြင့်သာ တုံ့ပြန်တိုက်ခိုက်နိုင်သည်။

နောက်ထပ် ဥပမာတစ်ခုမှာ ပြီးခဲ့သော စစ်ပွဲများကို ကြည့်လျှင် အငယ်ဆုံးသော တိုက်ပွဲဝင် အစိတ်အပိုင်းမှာ လူ တစ်ဦးနှင့် စက် (လက်နက်) တစ်ခုတို့ ပေါင်းစပ်ထားခြင်းသာလျှင် ဖြစ်၏။ ၎င်းတို့၏ အသုံးဝင်မှုမှာလည်း စစ်မြေပြင်ကို မကျော် လွန်နိုင်ပေ။ ကန့်သတ်လွန် စစ်ပွဲအခြေအနေ၌မူ လူနှင့် စက် ပေါင်းစပ် အသုံးချခြင်းနည်းလမ်းသည် အဆင့်ဆင့်သော ထိုးစစ် ဆင်မှုများကို ဖြစ်ပေါ်စေကာ တိုက်ပွဲအဆင့်သာမက စစ်ရေး မူဝါဒအဆင့်အထိ အကျိုးသက်ရောက်မှု ရှိနိုင်သည်။ ဟက်ကာ တစ်ဦးနှင့် Modem ကိရိယာတစ်ခုသည် ရန်သူအား စစ်ပွဲတစ်ခု တွင် ဆုံးရှုံးသလောက် ဆုံးရှုံးစေနိုင်စွမ်း ရှိ၏။ အကြောင်းမှာ ဤလူနှင့် စက် ပေါင်းစပ်မှုသည် အဆင့်ပေါင်းစုံကို လွှမ်းမိုးနိုင်စွမ်း ရှိနေသဖြင့် တစ်ဦးချင်း၏ ကိုယ်စီတိုက်ပွဲအဆင့်မျှနှင့်ပင် မဟာ ဗျူဟာအဆင့်သာမက စစ်ရေးမူဝါဒ အဆင့်အထိပင် ထိရောက်မှု ရှိစေနိုင်သည်။

ဤသည်မှာ "အဆင့်လွန် ပေါင်းစပ်ခြင်း" ၏ အကျဉ်း သဘောမျှသာ ဖြစ်၏။

နိုင်ငံအဆင့်နှင့် နိုင်ငံလွန်အဆင့် ဖြစ်သော စစ်နှင့်စစ်ရေး မဟုတ်သော စစ်တို့တွင် မကျော်လွန်နိုင်သော နယ်မြေဟူ၍ မရှိ၊ အသုံးမပြုနိုင်သော နည်းလမ်းဟူ၍မရှိ၊ မပေါင်းစပ်နိုင်သော နယ်ပယ်နှင့် နည်းလမ်းဟူ၍လည်း မရှိ ဖြစ်ချေသည်။ စစ်ရေး ရှုထောင့်မှ ဤသို့ ကမ္ဘာကြီးဆက်စပ်ယှက်နွယ် ပြောင်းလဲမှု သဖွယ် ဖြန့်၍ စဉ်းစားခြင်းကိုပင် "ကျော်လွန်" စဉ်းစားသည်ဟု

ကျွန်ုပ်တို့ အမည်ပေးခဲ့၏။ နည်းလမ်းတစ်ရပ်ကို နေရာပေါင်း ၁၀၀၀၀ ၌ အသုံးချသည်ထက် နည်းလမ်းပေါင်း ၁၀၀၀၀ ကို စုပေါင်း၍ နည်းလမ်းတစ်ခုတည်းအဖြစ် အသုံးချနိုင်ခြင်းမှာ ဤသို့ "ကျော်လွှန်" စဉ်းစားနိုင်မှုကြောင့်သာ ဖြစ်သည်။

ယင်းသို့ ကန့်သတ်ချက်များအား ကျော်လွှန်သော ပေါင်းစပ်မှုသည် မူလက တွေးခေါ်စဉ်းစားမှုတစ်ခုသာ ဖြစ်သော်လည်း နောက်ပိုင်းတွင်မူ နည်းလမ်းတစ်ရပ်ဖြစ်လာကြောင်း မှတ်သားရန် လိုအပ်ပါသည်။

# အခန်း (၈)

# အခြေခံ သဘောတရားများ

**"အခြေခံ သဘောတရားဟူသည် လုပ်ကိုင်ဆောင်ရွက်မှု ဥပဒေသတစ်ရပ်သာ ဖြစ်သည်။ လုံးဝ ပြီးပြည့်စုံသည်ကား မဟုတ်။"**

**Warge Kenon**

စစ်သမိုင်း၌ စစ်တိုက်နည်းများကို အခြေခံ သဘောတရားများအဖြစ် ပထမဦးစွာ ဖော်ထုတ်ခဲ့သူမှာ ဆွန်ဇုဟုပင် ဆိုထိုက်သည်။ "မိမိအကြောင်းနှင့် ရန်သူ့အကြောင်းကို သိထားပါက တိုက်ပွဲတစ်ရာလုံး တိုက်ရသည်ပင် ရှုံးနိမ့်မည်မဟုတ်"၊ "ရန်သူအသင့်မဖြစ်သော နေရာကို တိုက်ပါ" ဟူသော အဆိုများသည် ယနေ့ခေတ် စစ်မဟာဗျူဟာ ပညာရှင်များပင် လက်စွဲပြုနေရသော အဆိုအမိန့်များအဖြစ် တည်နေဆဲဖြစ်၏။

နှောင်နှစ်ပေါင်း ၂၄၀၀ ကြာသောအခါ ဥရောပ၌ နပိုလီယံ စစ်သူကြီးသည်လည်း တိုက်ပွဲ ၁၀၀ နီးပါးကို ကမ္ဘာကျော်အောင် တိုက်ခိုက်အောင်မြင်ခဲ့သည်။ သို့ရာတွင် သူ၏ စစ်ရေးဆိုင်ရာ အယူအဆများကို စာတစ်လုံး ပေတစ်ဖွဲ့တင်ချိန် မရခဲ့ချေ။

သို့ရာတွင် ရာဇဝင်တွင်ကျန်ခဲ့ပြီး ၎င်း၏အောင်ပွဲများက ၎င်း၏ စစ်ရေး အယူအဆများကို ဖော်ညွှန်းလျက် ရှိကြသည်။

နောင်နှစ်ပေါင်း ၁၀၀ ကြာမြင့်သောအခါ J.F.C.Fuller အမည်ရှိ ဗြိတိသျှဗိုလ်ချုပ်တစ်ဦးက ခေတ်သစ်စစ်များကို တိုက်ရန် အခြေခံသဘောတရား ၅ ရပ်ကို ချမှတ်ရေးသားခဲ့သည်။ အနောက်အုပ်စု၏ စစ်အခြေခံ သဘောတရား အားလုံးမှာ ဤအချက် ၅ ချက်မှ ဆင်းသက်လာကြခြင်း ဖြစ်ပေသည်။ နိုင်ငံအသီးသီးမှ စစ်ပါရဂူအသီးသီးတို့က စစ်အခြေခံ သဘောတရားအမျိုးမျိုး ရေးသားချမှတ်ခဲ့ကြသော်လည်း အခြေခံအားဖြင့် ဤ ၅ ချက်ကို မကျော်လွန်နိုင်ကြချေ။ အကြောင်းမှာ နပိုလီယံ လက်ထက်မှသည် ပင်လယ်ကွေ့စစ်ပွဲ ကာလအထိပင် လက်နက်များ၏ စွမ်းပကား တိုးတက်လာသည်ကလွဲ၍ စစ်ပွဲ၏ သဘောသဘာဝ ပြောင်းလဲမှု မရှိခြင်းကြောင့် ဖြစ်ပေ၏။

ပင်လယ်ကွေ့ စစ်ပွဲကြောင့် ယခုအခါ အရာရာသည် ပြောင်းလဲခဲ့ပြီးဖြစ်၏။ တိကျလက်နက်များ၊ အန္တရာယ်မဲ့လက်နက်များ၊ စစ်သုံးမဟုတ်သော လက်နက်များကြောင့် စစ်ပွဲသဘာဝသည် သွေးဆူဆူဖြင့် ပြေးတက်တိုက်ခိုက်ကြသည့် သဘာဝမှ အဖျက်စွမ်းအား ကြီးမားသော သဘာဝသို့ ပြောင်းလဲလာခဲ့ရ၏။ သမိုင်းဦး ကာလမှသည် ယနေ့ကာလအတွင်း စစ်ပွဲ၏ လမ်းကြောင်း ပထမဆုံးအကြိမ်အဖြစ် ပြောင်းလဲရခြင်း ဖြစ်သည်။ ဤစစ်ပွဲက ၂၁ ရာစုအတွင်း စစ်ပွဲ၏ လျှောက်လှမ်းရမည့် လမ်းကြောင်းကို ချမှတ်ပေးလိုက်သည်။ ၎င်းအပြင် အစဉ်အလာ စစ်မှုထမ်းများ မယဉ်ပါးသေးသည့် စစ်အခြေခံ သဘောတရားများကိုလည်း ဖော်ထုတ်ပေးသည်။



မည်သည့် အခြေခံ သဘောတရားမျှ မခြေမခိုင်လျှင် တည်မြဲစရာ အကြောင်းမရှိချေ။ မည်သို့သော စစ်ဘက်ဆိုင်ရာ တွေးခေါ်ရှင်က ဖော်ထုတ်သည်ဖြစ်စေ၊ မည်သည့်စစ်ဌာနချုပ်က ထုတ်ပြန်သော အမိန့် ညွှန်ကြားချက်တွင် ပါဝင်သည် ဖြစ်စေ၊ ဤစစ်အခြေခံ သဘောတရားများသည် မီးနားနေသော သံချောင်းများသဖွယ် ခိုင်မာတောင့်တင်းလျက်ပင် ရှိကြ၏။ (တရုတ် ရာဇဝင်အရ) နွေဦးနှင့် ဆောင်းဦးကာလ စစ်ပွဲများသာ မရှိလျှင် ဆွန်ဇုဟု ခေါ်သော ပညာရှင်လည်း ပေါ်ထွက်လာရန် အကြောင်း မရှိပေ။ နပိုလီယံစစ်သူကြီးသာ ပေါ်ပေါက်ခဲ့ပါက ဗိုလ်ချုပ်ကြီး ဖူးလား၏ စစ်အခြေခံ သဘောတရားများ ပေါ်ပေါက်လာရန် အကြောင်းမရှိပေ။ အလားတူပင် ပင်လယ်ကွေ့စစ်ပွဲမတိုင်မီနှင့် စစ်ပွဲအပြီးတွင် စစ်ပွဲကြီး၊ စစ်ပွဲသေးနှင့် စစ်ရေးမဟုတ်သော စစ်ပွဲအယူအဆများသာ မရှိခဲ့ပါက အမေရိကန်တို့၏ "လားရာစုံ စစ်ပွဲ" နှင့် ကျွန်ုပ်တို့၏ "ကန့်သတ်လွန် ပေါင်းစပ်စစ်"ဟူသော အယူအဆသစ်များ၊ အတွေးအခေါ်သစ်များလည်း ပေါ်ပေါက်လာရန် အကြောင်းမရှိပေ။ အလားတူပင် ဤအယူအဆနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာမည့် ဤအခြေခံသဘော တရားသစ်များလည်း ပေါ်ပေါက်လာရန် အကြောင်းမရှိချေ။

စာရေးသူတို့အနေဖြင့် အမေရိကန်တို့၏ "လားရာစုံ စစ်ပွဲ" အယူအဆ ပြန်လည် တိမ်မြုပ်သွားရခြင်းကို နှမြောတသ ဖြစ်ကြသည်။ ၎င်းတို့၏ "ကန့်သတ်လွန် ပေါင်းစပ်စစ်" အယူအဆကိုမူ တွေးခေါ်မြော်မြင်မှုဆိုင်ရာသက်သက် အဆင့်ဖြင့် မထားရှိလိုကြပေ။ ဤအယူအဆအား တိုက်ပွဲဝင်နည်းများနှင့် ပေါင်းစပ်ကာ လက်တွေ့ကျကျ အသုံးချစေလိုသောဆန္ဒရှိကြသည်။

ကျွန်ုပ်တို့၏ ကန့်သတ်ချက် ကျော်လွန် စဉ်းစားသော အတွေးအခေါ်အရ ရှိပြီးကန့်သတ်ချက်အားလုံးကို ထွင်းဖောက် ချေဖျက်ရန် အဆိုပြုထားသော်လည်း အတိအကျလိုက်နာရမည့် ကန့်သတ်ချက်တစ်ခု ထားရှိပေ၏။ ယင်းမှာ တိုက်ပွဲဝင်ရာ၌ အခြေခံ သဘောတရားများကို အတိအကျ လိုက်နာရန် ဖြစ်ပေသည်။ ထူးခြားသော အခြေအနေမျိုးနှင့် တွေ့ကြုံရမှသာလျှင် ဤအခြေခံ သဘောတရားကို ချိုးဖောက်သင့်ပေသည်။

စစ်ပွဲ၏ ဥပဒေသများအား နက်ရှိုင်းစွာ ဆွေးနွေးရာမှ အနှစ်ကို စုမိပြီး တိုက်ပွဲဝင်နည်းစနစ်များအဖြစ် စဉ်းစားမိလာသောအခါ အခြေခံသဘောတရားတစ်ခုပါ ယှဉ်တွဲပေါ်ပေါက်လာရပေသည်။ ဤတိုက်ပွဲဝင်နည်းစနစ်သစ်များနှင့် အခြေခံသဘောတရားသစ်များ မှန်ကန်မှုရှိ/မရှိနှင့် ခိုင်မာမှုရှိ/မရှိ ဆိုသည်မှာ အချိန်၏ အဆုံးအဖြတ်ကိုသာ စောင့်မျှော်ရပေမည်။ သို့ရာတွင် တိုက်ပွဲဝင်နည်းစနစ်တစ်ခု အောင်မြင်ရန်မှာ အခြေခံသဘောတရား မှန်ကန်ခိုင်မာမှု လိုအပ်သည်ကိုမူ ငြင်းဖွယ်မရှိပါ။

အောက်တွင် ဖော်ပြထားသော အခြေခံသဘောတရားများသည် "ကန့်သတ်လွန် ပေါင်းစပ်စစ်"ကို မည်သို့သက်ရောက်မှုရှိစေကြောင်း လေ့လာကြပါစို့—

(က) လားရာပေါင်းစုံရှိခြင်း (Ommi-directionality) (လက်ညှိုးထိုးမလွဲဖြစ်ခြင်း)

(ခ) တစ်ပြိုင်တည်းဖြစ်ခြင်း (Synchrony)

(ဂ) ကန့်သတ် ရည်မှန်းချက်များ ရှိခြင်း (Limited Objectives)



(ဃ) နည်းလမ်းအရေအတွက် ကန့်သတ်ချက် မရှိခြင်း (Unlimited Means)

(င) ဘက်မညီခြင်း (Asymmetry)

(စ) ကုန်ကျမှု အနည်းဆုံးဖြစ်ခြင်း (Minimal Consumption)

(ဆ) လားရာစုံ ပေါင်းစပ်ညှိနှိုင်းမှု ရှိခြင်း (Multidimensional Co-ordination)

(ဇ) လုပ်ငန်းစဉ် အစမှ အဆုံး ကြီးကြပ်မှုနှင့် ချိန်ညှိမှု ရှိခြင်း (Adjustmentand Control of The Entire Process)

## လားရာပေါင်းစုံ ရှိခြင်း (Ommi-directionality)

"လားရာပေါင်းစုံ ရှိခြင်း" (လက်ညှိုးထိုးမလွဲ ဖြစ်ခြင်း) သည် "ကန့်သတ်မဲ့စစ်" ၏ အစပင်ဖြစ်ပြီး ဤယူဆချက်၏ မျက်နှာဖုံးလည်း ဖြစ်သည်။ စစ်အခြေခံ သဘောတရား တစ်ရပ်အနေဖြင့် ဤအယူအဆအရ စစ်ပွဲတစ်ရပ်ကို စဉ်းစားရာ၌ အချက်အလက် အလုံးစုံကို စစ်နှင့် ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ ထည့်သွင်းစဉ်းစားရန် ဆိုလို၏။ စစ်မြေပြင်တစ်ခုကို သုံးသပ်သည်ဖြစ်စေ၊ စစ်မြေပြင်ဖြစ်ရန် အလားအလာရှိသော နေရာတစ်ခုကို သုံးသပ်သည် ဖြစ်စေ၊ စီမံချက်များ ရေးဆွဲသည်ဖြစ်စေ၊ နည်းလမ်းများ ဖော်ထုတ်ရွေးချယ်သည်ဖြစ်စေ၊ စစ်နှင့် ပတ်သက်သော စွမ်းအားစု အရင်းအမြစ် အားလုံးကို ပေါင်းစပ် အသုံးချသည်ဖြစ်စေ၊ လစ်ကွက် ဟာကွက် မရှိလေရအောင်

ဘက်စုံထောင့်စုံမှ ထည့်သွင်းစဉ်းစားရမည်ဟူသော ယူဆချက်ဖြစ်ပေသည်။

"ကန့်သတ်လွန်" စစ်အယူအဆအရ စစ်မြေပြင်နှင့် စစ်မြေပြင် မဟုတ်သော နေရာဟူ၍ ခွဲခြားမရတော့ချေ။ သဘာဝပထဝီဝင်များဖြစ်သော မြေပြင်၊ ဝေဟင်၊ ရေပြင်၊ အာကာသတို့သည် စစ်မြေပြင်များ ဖြစ်လာနိုင်သလို စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် စိတ်ဓာတ်ရေးရာ ကဏ္ဍများသည်လည်း စစ်တလင်းများ ဖြစ်လာကြတော့၏။ ယခင်က တစ်ခုနှင့်တစ်ခု ဆက်စပ်မှု မရှိခဲ့သော ကဏ္ဍများအားလည်း စက်မှုနည်းပညာက ပေါင်းကူးပေးထားပေသည်။ စစ်ဟူသည်မှာ စစ်ပွဲသက်သက်ဖြစ်နိုင်သလို၊ စစ်ပွဲထက်ကြီးကျယ်သော ပဋိပက္ခတစ်ရပ်အဖြစ်လည်းကောင်း၊ စစ်ရေးမဟုတ်သည့် စစ်ပွဲအဖြစ်လည်းကောင်း ဖြစ်ပွားလာနိုင်ပေသည်။ အကြမ်းဖက်သည့် ပုံစံ ရှိနိုင်သလို အကြမ်းဖက်မှု မပါဝင်သည့် ပုံစံလည်း ရှိနိုင်သည်။ စစ်သားချင်း ယှဉ်ပြိုင်တိုက်ခိုက်ခြင်း ဖြစ်သလို သာမန်လူများ သို့မဟုတ် ကျွမ်းကျင်သူများ ပါဝင်သည့် စွမ်းအားသစ်ချင်း ယှဉ်ပြိုင်မှုလည်း ဖြစ်နိုင်သည်။ ဤဝိသေသ လက္ခဏာများသည် အစဉ်အလာစစ်ပွဲနှင့် ကန့်သတ်လွန် စစ်တို့၏ အဓိက ခြားနားချက်များပင်ဖြစ်၏။ စစ်ပွဲသစ်တစ်ရပ် စတင်ရန် တာလွှတ်ရပ်ဟုလည်း ခေါ်ဆိုနိုင်၏။

ဤ "လားရာစုံ" အခြေခံ သဘောတရား (လက်ညှိုးထိုးမလွဲဖြစ်ခြင်း) သည် "ကန့်သတ်လွန်" စစ်ပွဲ၏ အဆင့်တိုင်းနှင့် အကျုံးဝင်၏။ "စစ်ရေးမူဝါဒ"အဆင့်သည် နိုင်ငံအဆင့်ဖြစ်သည့် အတွက် နိုင်ငံတကာ အဆင့် အရေးအခင်းတစ်ခုတွင် နိုင်ငံတစ်နိုင်ငံ၏ တိုက်ခိုက်ရေး စွမ်းအားစု အားလုံးကို ပေါင်းစပ်အသုံးပြုခြင်း၊ နိုင်ငံလွန်အဆင့် တိုက်ခိုက်ရေး စွမ်းအားစုများ ပေါင်းစပ် အသုံးပြုခြင်းတို့နှင့် သက်ဆိုင်မှု ရှိသည်။ စစ်မဟာဗျူဟာအဆင့်တွင် စစ်ရေးရည်မှန်းချက်များ အောင်မြင်ရန်အတွက် အမျိုးသားရေး စွမ်းအားစုများကို ပေါင်းစပ် အသုံးပြုခြင်းနှင့် သက်ဆိုင်မှု ရှိသည်။ စစ်ဆင်ရေး အဆင့်တွင် စစ်မြေပြင် ရည်မှန်းချက် အောင်မြင်ရန်အတွက် ၎င်းအဆင့်နှင့် သက်ဆိုင်သော နည်းလမ်းအားလုံး၊ တပ်အင်အား အားလုံးတို့ကို ပေါင်းစပ်အသုံးချခြင်းနှင့် သက်ဆိုင်မှုရှိသည်။ စစ်နည်းဗျူဟာအဆင့်တွင် လက်နက်အမျိုးမျိုး၊ ပစ္စည်းကိရိယာအမျိုးမျိုးနှင့် တိုက်နည်းအမျိုးမျိုးတို့ကို ပေါင်းစပ်အသုံးချ၍ ရည်မှန်းချက် အောင်မြင်အောင် ပြုလုပ်ရာ၌ သက်ဆိုင်မှုရှိသည်။ အထူးသဖြင့် တပ်တစ်တပ် သို့မဟုတ် ၎င်းနှင့် အရွယ်အစားတူ တပ်ဖွဲ့တစ်ခု၏ တိုက်ပွဲရည်မှန်းချက်တစ်ခု အောင်မြင်အောင် ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သည်။ အထူးသတိပြုရန်မှာ အထက်တွင် ဖော်ပြခဲ့သည့် အဆင့်လိုက် ပေါင်းစပ် အသုံးချခြင်းများသည် အဆင့်တူချင်းသာမက အထက်ဆင့်နှင့် အောက်ဆင့်စသည်ဖြင့် အဆင့်ချင်း ပေါင်းစပ် အသုံးချခြင်းနှင့်လည်း သက်ဆိုင်မှုရှိသည် ဟူသော အချက် ဖြစ်၏။

အချုပ်အားဖြင့်ဆိုရသော် "ကန့်သတ်ချက်လွန်" စဉ်းစားသည် ဆိုရာ၌ စစ်ပွဲတိုင်းတွင် နယ်ပယ်အားလုံး၊ ကဏ္ဍအားလုံးကို အမြဲတမ်း "ကန့်သတ်ချက် ကျော်လွန်" စဉ်းစားရန် မလိုချေ။ ကန့်သတ်ချက်လွန် စုပေါင်း အသုံးချစစ်၏ အဓိက အခြေခံ

သဘောတရားမှာ "လားရာစုံ" ထည့်သွင်းစဉ်းစားရန်နှင့် တိုက်ပွဲ အခြေအနေကို အရအမိ ဆုပ်ကိုင်ဖမ်းယူနိုင်ရန်သာ ဖြစ်ပေသည်။

## အချိန်ကိုက်ဖြစ်ခြင်း

ခေတ်သစ် စစ်တွင် အသုံးပြုသော စက်မှုနည်းပညာသစ်များကြောင့် စစ်မြေပြင်သည် ပထဝီအနေအထားအရ မည်မျှကျယ်ပြန့်သည်ဖြစ်စေ ကြုံလာသောသဘောရှိ၏။ သတင်းနည်းပညာ၏ ပြန့်ပွားမှု၊ တာဝေးပစ်ခတ်စစ်ဆင်သည့် စက်မှုနည်းပညာ တိုးတက်လာမှု၊ စစ်မြေပြင်ကို စက်မှုနည်းပညာအရ ပုံစံပြောင်းနိုင်မှု၊ စစ်မြေပြင်များအား စက်မှုနည်းပညာဖြင့် ဆက်စပ်နိုင်မှု၊ စစ်အင်အားနှင့် စစ်မဟုတ်သော အင်အားများအား နည်းပညာဖြင့် ပေါင်းစပ် အသုံးပြုမှုတို့သည် စစ်မြေပြင်အား ကျုံ့လာစေသော အကြောင်းတရားများ ဖြစ်၏။ ရှေးကာလက တိုက်ပွဲကြီးများ၊ တိုက်ပွဲစဉ်များဖြင့် အဆင့်ဆင့်တိုက်ယူရသော ရည်မှန်းချက် အမြောက်အမြားကို ယနေ့ကာလ၌ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တိုက်ခိုက်ရယူနိုင်စွမ်း ရှိလာပြီဖြစ်၏။ သို့အတွက် ယနေ့တိုက်ပွဲများ၌ အဆင့်ဆင့်ဟူသော သဘောထက် တစ်ရှိန်တည်း တစ်ပြိုင်တည်း ဖြစ်ခြင်းဟူသော သဘောတရားက ပိုမိုလွှမ်းမိုးလျက်ရှိ၏။

ဤကန့်သတ်လွန်စစ်နှင့် ပတ်သက်သော အဓိက အချက်များသည် မတူညီသော နေရာများ၊ မတူညီသော ကဏ္ဍများ၊ မတူညီသော အချိန်ကာလများ၌ ပြန့်ကြဲနေသဖြင့် အသေးစိတ်စီမံပြင်ဆင်ရန် လိုအပ်လာသည်။ သို့အတွက် သေချာစွာ စီစဉ်



ထားသော ပေါင်းစပ်တိုက်ခိုက်မှုများဖြင့် အငိုက်၊ လျှို့ဝှက်မှုနှင့် ထိရောက်မှုတို့ကို ရရှိနိုင်သည်။ ထုရှိသည့် သေချာစွာ ကိုက်ညှိထားသော ကန့်သတ်လွန်စစ်ဆင်ရေးတစ်ခုသည် စစ်ပွဲတစ်ခုလုံး၏ အကျိုးရလဒ်ကို လုံးဝ အဆုံးအဖြတ် ပေးနိုင်သည်။ ဤနေရာ၌ "တစ်ပြိုင်တည်းဖြစ်ခြင်း" ဆိုသည်မှာ စက္ကန့်မလွဲ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းဖြစ်ရမည်ဟု ဆိုလိုခြင်း မဟုတ်ပေ။ တစ်ခုတည်းသော အချိန်ကာလအတွင်း ဖြစ်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ သို့အတွက် ကန့်သတ်လွန်စစ်အား တစ်နည်းအားဖြင့် "တစ်ပြိုင်တည်း ဖြစ်စေ" ဟုလည်း ခေါ်ဆိုနိုင်ပေသည်။

ဤစံနှုန်းအရဆိုလျှင် ၎င်းစွမ်းရည်မျိုး ပိုင်ဆိုင်လု နီးပါးဖြစ်နေသည့် တပ်မတော်ဟူ၍ အမေရိကန် တပ်မတော်သာလျှင် ရှိ၏။ ၎င်းတို့၏ လက်ရှိနည်းပညာနှင့် အဆင့်မြင့် စက်ကိရိယာများကြောင့် အမေရိကန်တို့၏ သတင်းဖြန့်ဖြူးရေးစနစ်သည် တစ်မိနစ်အတွင်း ပစ်မှတ်ပေါင်း ၄၀၀၀ တို့၏ အချက်အလက်များကို လေယာဉ် ၁၂၀၀ သို့ ပေးပို့ ဖြန့်ဖြူးနိုင်စွမ်း ရှိ၏။ ၎င်းအပြင် တာဝေးတိုက်ခိုက်နိုင်သော လက်နက်စနစ်များကိုပါ ပေါင်းစပ် အသုံးချသည်။ သို့အတွက် "နက်ရှိုင်းသော ထုအထိ တစ်ပြိုင်တည်း တိုက်ခိုက်ခြင်း" ဟူသော စစ်ဆင်ရေး အယူအဆ ပေါ်ပေါက်လာသည်။ အမေရိကန်စစ်ဘက်သည် စစ်ဆင်ရာ၌ တစ်ဆင့်ပြီး တစ်ဆင့် ရှေ့တိုးခြင်းထက် နက်ရှိုင်းသော ထုအထိ တိုက်ခိုက်ခြင်းကိုလည်းကောင်း၊ အချိန်အားဖြင့်လည်း တစ်ခုပြီးမှ တစ်ခု တိုက်ခိုက်ခြင်းအစား တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်ခိုက်ခြင်းသို့လည်းကောင်း ဦးတည်လျက်ရှိ၏။ သို့ရာတွင်

ဤအယူအဆအားလုံးသည် စစ်ရေးစစ်ရာကဏ္ဍ၌ ရပ်တန့်နေပြီး ၎င်းထက်ကျော်လွန်၍ စဉ်းစားနိုင်ခြင်း မရှိသေးပါ။

## ကန့်သတ်ရည်မှန်းချက်များ ရှိခြင်း

ကန့်သတ်သော ရည်မှန်းချက်များ ရှိခြင်းဟု ဆိုရသည်မှာ အသုံးချသော နည်းလမ်းများနှင့် ဆက်နွှယ်တိုင်းတာ၍ ဆိုခြင်း ဖြစ်၏။ သို့အတွက် ရည်မှန်းချက်များ ကန့်သတ်ခြင်း၏ အခြေခံ သဘောတရားမှာ ရည်မှန်းချက်သည် အသုံးချသော နည်းလမ်း ထက် သေးငယ်ရမည်ဟု ဆိုလို၏။

ရည်မှန်းချက်များ ရွေးချယ်ရာ၌ ၎င်းတို့အား အောင်မြင်စွာ ဖော်ဆောင်နိုင်ခြင်း ရှိ/မရှိ အလားအလာကို အပြည့်အဝ စဉ်းစားရမည်။ အချိန်အရလည်းကောင်း၊ နေရာအရလည်းကောင်း၊ အကန့်အသတ်မရှိသည့် ရည်မှန်းချက်များ မထားရှိရပေ။ အကန့် အသတ်ရှိမှသာလျှင် လက်တွေ့ကျပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပေမည်။ ၎င်းအပြင် ရည်မှန်းချက်တစ်ခု ပြီးမြောက် အောင်မြင်ပါက နောက်ထပ် ရည်မှန်းချက်တစ်ခုကို ဆက်လက် ရယူလိုသော သဘာဝလည်း ရှိတတ်သည်။ ရည်မှန်းချက်များ ရွေးချယ်ရာ၌ ကြီးမားသော အောင်ပွဲရလိုစိတ်ကို မထားရှိသင့်၊ ရည်မှန်းချက်ကို ကန့်သတ်ထားပြီး မိမိမစွမ်းဆောင်နိုင်သော ရည်မှန်းချက်များကို ပယ်ချပစ်ရမည် ဖြစ်၏။ အကြောင်းမှာ အမှန်တကယ် ရရှိနိုင်သော ရည်မှန်းချက်မှန်လျှင် အကန့်အသတ် ရှိခြင်းကြောင့် ဖြစ်၏။ မိမိလုပ်ဆောင်နိုင်သော နည်းလမ်းထက် ကျော်လွန်နေသည့် ရည်မှန်းချက်များ ရွေးချယ်မိပါက မည်မျှပင်



အကျိုးအကြောင်း ခိုင်လုံနေသည်ဖြစ်စေ မကောင်းသော ဆိုးကျိုး များ ရင်ဆိုင်ရမည်သာ ဖြစ်၏။

ရည်မှန်းချက်များအား ပိုမိုချဲ့ထွင်ခြင်းကြောင့် ဆိုးကျိုး နှင့် ကြုံတွေ့ရသည့် အကောင်းဆုံး သာဓကမှာ ကိုရီးယားစစ်ပွဲ အတွင်း ဗိုလ်ချုပ်ကြီး မက်အာသာ၏ အမှားမျိုး ဖြစ်သည်။ အလားတူ အမှားမျိုးကို ဗီယက်နမ်စစ်၌ အမေရိကန်တို့ ကျူးလွန် ခံစားခဲ့ရပြီး ဆိုဗီယက်တို့သည်လည်း အာဖဂန်နစ္စတန်၌ အလားတူ ခံစားခဲ့ရသည်။ သို့အတွက် ရည်မှန်းချက် မည်မျှ ကောင်းမွန် သည်ဖြစ်စေ၊ မည်သည့်နည်းလမ်းဖြင့် လုပ်ဆောင်သည် ဖြစ်စေ၊ မည်သူက လုပ်ဆောင်နေသည်ဖြစ်စေ ရည်မှန်းချက်သည် လုပ် ဆောင်သော နည်းလမ်းထက် ကြီးမားနေပါက ရှုံးနိမ့်မည်မှာ သေချာနေပေ၏။

ယနေ့ နိုင်ငံရေးသမားများနှင့် မဟာဗျူဟာပညာရှင်များ သည် ဤအချက်ကို ရှင်းလင်းစွာ သဘောမပေါက်ကြသေးချေ။ ၁၉၉၆ ခုနှစ်၊ အမေရိကန် ကာကွယ်ရေးဌာန အစီရင်ခံစာ၌ သမ္မတ ကလင်တန်၏ “အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ အင်အား အကြီးဆုံးနိုင်ငံတစ်ခုအနေဖြင့် ခေါင်းဆောင်မှု တာဝန် ရှိနေသည်။ ထို့အပြင် မိမိ အကျိုးစီးပွားများနှင့် တန်ဖိုးထားမှု များအား အန္တရာယ်ကျရောက်ပါက အရေးယူ ဆောင်ရွက် ရမည်သာ ဖြစ်သည်” ဟူသော မိန့်ခွန်းအား ဖော်ပြထားသည်။ ထိုမိန့်ခွန်းကို ပြောကြားခဲ့သော သမ္မတ ကလင်တန် ကိုယ်တိုင်က အမျိုးသားရေး အကျိုးစီးပွားနှင့် အမျိုးသားရေး တန်ဖိုးထားမှု ဟူသော မဟာဗျူဟာ ရည်မှန်းချက်နှစ်ခုမှာ သဘာဝခြင်း လုံးဝ မတူညီကြောင်း၊ ပမာဏခြင်းလည်း မတူညီကြောင်း သဘော

မပေါက်သည်မှာ ထင်ရှား၏။ အမေရိကန်၏ အမျိုးသား အကျိုးစီးပွားသည် အမေရိကန်၏ အင်အားဖြင့် အကာအကွယ်ပေးနိုင်သော်လည်း အမျိုးသားရေး တန်ဖိုးထားမှုဆိုသည်ကိုမူ အမေရိကန်နိုင်ငံ၏ပြင်ပတွင် အင်အားသုံး၍ အကောင်အထည်ဖော်နိုင်သော ရည်မှန်းချက် မဟုတ်ချေ။ တစ်ချိန်က အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာနှင့် မဆက်ဆံဘဲ အထီးကျန်နေသင့်သည်ဟူသော အယူအဆကို တုံ့ပြန်သည့်အနေဖြင့် ကမ္ဘာ့နံပါတ်တစ်ဖြစ်သည့် အမေရိကန်ပြည်ထောင်စုသည် ၎င်းတို့၏ အမျိုးသားရေး အင်အားကြီးထွားလာသည်နှင့် အမျှ အကန့်အသတ် မရှိသော ရည်မှန်းချက်များ ထားရှိလာသည်ကို တွေ့ရ၏။ ဤအားနည်းချက်မျိုးသည် အဆုံးတွင် အရှုံးနှင့်သာ နိဂုံးချုပ်တတ်သည်။ စီးပွားရေးလုပ်ငန်းတစ်ခုသည် ငွေကြေးခိုင်ခိုင်လုံလုံ မရှိဘဲ အဆုံးမသတ်နိုင်သည့် လောဘဖြင့် အကန့်အသတ် မရှိ ရည်မှန်းချက်များ ထားရှိမိပါက လုံးဝပင် လုပ်ငန်းပျက်ပြားသွားမည်မှာ သေချာ၏။

## အကန့်အသတ်မရှိ နည်းလမ်းများ

အကန့်အသတ်ရှိသော ရည်မှန်းချက်များ အကောင်အထည်ဖော်ရန်အတွက် အကန့်အသတ် မရှိသော နည်းလမ်းများ ရှိနိုင်သည်။ နည်းလမ်းများ အကန့်အသတ်မရှိဟု ဆိုခြင်းမှာ အသုံးချမည့် နည်းလမ်း နယ်ပယ် ကျယ်ပြန့်လာခြင်းနှင့် အသုံးချမည့် နည်းလမ်း များပြားလာခြင်းကို ဆိုလိုသည်။

နည်းလမ်းများအား ရည်မှန်းချက်များမှ မခွဲခြားနိုင်ချေ။ နည်းလမ်းတစ်ခုအား အကန့်အသတ်မရှိဟု ဆိုခြင်းမှာ ရည်မှန်းချက်



တစ်ခုရရှိရန်အတွက် ကန့်သတ်ချက်များကို ကျော်လွန်ကာ မြောက်မြားလှစွာသော နည်းလမ်းများအနက် သင့်လျော်ရာများကို ရွေးချယ်ခြင်းဖြစ်၏။ ဤသို့ဆိုခြင်းကြောင့် နည်းလမ်းတစ်ခုအား ရည်မှန်းချက်မှ ခွဲခြားနိုင်သည်ဟု ဆိုခြင်းမဟုတ်ပေ။ လူသားမျိုးနွယ်ကို ပျက်သုဉ်းစေနိုင်သော အဏုမြူလက်နက်များသည် အန္တိမနည်းလမ်းများအဖြစ် သတ်မှတ်ခံကြရ၏။ အကြောင်းမှာ နည်းလမ်းဟူသည် ရည်မှန်းချက် ကို အကောင်အထည် ဖော်နိုင်စွမ်း ရှိရမည်ဟူသည့် ဥပဒေသကို ချိုးဖောက်ခြင်းကြောင့်ဖြစ်၏။ သို့အတွက် နောက်ဆုံးတွင် အဏုမြူလက်နက်များအား ဘေးဖယ်ထားခြင်း ခံခဲ့ရသည်။

အကန့်အသတ်မရှိသော နည်းလမ်းများအား အသုံးချရာ၌ တရုတ်ပညာရှိ ကွန်ဖြူးရှပ်ဆိုသကဲ့သို့ပင် "လိုသလို သုံးနိုင်သည်။ သို့ရာတွင် စည်းမျဉ်းဘောင်ကို မကျော်ရ" ဟူသော အဆိုအတိုင်း လိုက်နာရသည်။ ဤနေရာ၌ "စည်းမျဉ်းဘောင်" ဆိုသည်မှာ ရည်မှန်းချက်ကို ဆိုလိုခြင်းဖြစ်၏။ "ကန့်သတ်လွန်" အတွေးအခေါ်အရ "လိုသလို" ဟူသော အဓိပ္ပာယ်သည် နည်းလမ်းများ အသုံးပြုသည့် အရေအတွက်ကို ဆိုလိုခြင်းဖြစ်ပြီး ရည်မှန်းချက်ကို လိုသလို ချဲ့ထွင်နိုင်သည်ဟု ဆိုခြင်းမဟုတ်ပေ။ သို့အတွက် ကန့်သတ်ထားသော ရည်မှန်းချက်များ အောင်မြင်ရန်အတွက် နည်းလမ်းများကို ကန့်သတ်ချက်များ၊ နယ်နိမိတ်များ ကျော်လွန်၍ အသုံးချနိုင်သည်ဟု ဆိုခြင်းဖြစ်သည်။ ဆိုရလျှင်မူ ပါးနပ်သော ဗိုလ်ချုပ်တစ်ဦးသည် ၎င်း၏ရည်မှန်းချက်တွင် အကန့်အသတ် ရှိနေခြင်းကြောင့်ဟု ဆိုကာ မိမိအသုံးချနိုင်သော နည်းလမ်းများကို

အကန့်အသတ်ထားရှိရမည် မဟုတ်ဟု ဆိုရပေမည်။ ယင်းသို့ နည်းလမ်းများ ကန့်သတ်လိုက်ပါက အောင်မြင်ကာနီးမှ ဆုံးရှုံးရတတ်ပေသည်။ သို့အတွက် ကန့်သတ်ချက်ရှိသည်ကို မကန့်သတ်သည့်နည်းဖြင့် အရယူရပေမည်။

အမေရိကန်ပြည်တွင်းစစ်အတွင်း ဗိုလ်ချုပ် ရှားမင်းက ဆဗားနားလွင်ပြင်သို့ ချီတက်ခြင်းသည် တိုက်ပွဲဝင်ရန်မဟုတ်၊ မြင်မြင်သမျှ ဖျက်ဆီး၍ အမေရိကန် တောင်ဘက်နိုင်ငံများ၏ နောက်ပိုင်းစီးပွားရေးအခြေခံများကို ဖျက်ဆီးရန်၊ တောင်ပိုင်းလူထုနှင့် တောင်ပိုင်းတပ်မတော်တို့၏ ခုခံလိုစိတ်ကို ဖျက်ဆီးရန်၊ ယင်းသို့နည်းအားဖြင့် မြောက်ပိုင်းတပ်များ၏ စစ်ရေးရည်မှန်းချက် အောင်မြင်ရန် ဖြစ်ပေသည်။ ဤသည်မှာ အကန့်အသတ်ရှိသော ရည်မှန်းချက်တစ်ခု အောင်မြင်ရန် အကန့်အသတ် မရှိသော နည်းလမ်းများ အသုံးပြုခြင်း သာဓကဖြစ်၏။

ဤဥပမာနှင့် ပြောင်းပြန်ကို စတုတ္ထအရှေ့အလယ်ပိုင်းစစ် (ယွန်းကစ်ပူးစစ်) တွင် တွေ့ရ၏။ အီဂျစ်တပ်မတော်၏ မဟာဗျူဟာရည်မှန်းချက်ဖြစ်သော ဆိုင်းနိုင်းကျွန်းဆွယ် သိမ်းပိုက်ရေး ရည်မှန်းချက်ကို ရှေ့တန်း ဗိုလ်ချုပ်များက အကောင်အထည်ဖော်ရာ၌ အစ္စရေးတို့၏ ဘားလက်ဗ်ခံစစ်ကြောင်း သိမ်းပိုက်၍ ဆိုင်းနိုင်းဒေသ၌ ခံစစ်နေရာ ခိုင်မြဲအောင် ပြုလုပ်ခြင်းဖြင့် အဆုံးသတ်ခဲ့သည်။ အီဂျစ်တို့သည် အကန့်အသတ်ရှိသော ရည်မှန်းချက်ကို အကန့်အသတ်ရှိသည့် နည်းလမ်းများဖြင့်သာ အကောင်အထည်ဖော်ခဲ့၏။ အမြေမှာ အီဂျစ်တို့သည် အောင်ပွဲရလုနီးပါး အခြေအနေမှ လုံးဝ စစ်ရှုံးသွားခဲ့ရသည်။



## ဘက်မညီခြင်း

"ဘက်မညီခြင်း" ဟူသည်မှာ ကန့်သတ်လွန် အတွေးအခေါ်အရ တစ်ဖက်ဖက်သို့ အားပိုခြင်း သဘောတရားဖြစ်၏။ ၎င်း၏ စဉ်းစားတွေးခေါ်ပုံ လမ်းကြောင်းမှာ ဘက်ညီ၊ သို့မဟုတ် ဟန်ချက်ညီ စဉ်းစားမှု၏ ပြောင်းပြန်ဖြစ်ကာ တိုက်ပွဲဝင်ရာ၌လည်း ဘက်မညီ၊ သို့မဟုတ် ဟန်ချက်မညီ တိုက်ပွဲဝင်ခြင်း ဖြစ်၏။ တပ်နေရာချထားခြင်း၊ တပ်ခင်းကျင်းခြင်း၊ အဓိက တိုက်စစ်ဝင်ရိုး ရွေးချယ်ခြင်း၊ တိုက်စစ်၏ ဗဟိုဟန်ချက် ရွေးချယ်ခြင်းတို့မှသည် လက်နက်များ နေရာချခြင်းအထိပင် ဘက်မညီ စဉ်းစား၍ ရည်မှန်းချက်ကို ရယူရာ၌လည်း ဘက်မညီသည့် နည်းဖြင့် ရယူခြင်းဖြစ်သည်။

ဤဘက်မညီ အယူအဆသည် သာမန်စဉ်းစားတွေးခေါ်ပုံ နည်းလမ်းတစ်ရပ်အဖြစ် ဖြစ်စေ၊ စစ်အခြေခံ သဘောတရားတစ်ခုအနေဖြင့် စစ်ပွဲတစ်ရပ်၏ နေရာတကာတိုင်း၌ ပါဝင်သည်။ ဤဘက်မညီခြင်းကို သဘောပေါက် နားလည်ပြီး ယင်းသဘောတရားကို မှန်ကန်စွာ အသုံးပြုနိုင်ပါက ရန်သူ၏ ပျော့ကွက်ဟာကွက်ကို အမြဲတစေ တွေ့ရှိဖော်ထုတ် အမြတ်ထုတ်နိုင်မည် ဖြစ်သည်။ ယနေ့ ဆင်းရဲသော နိုင်ငံများ၊ အင်အားနည်းသော နိုင်ငံများ၊ နိုင်ငံမဟုတ်သော အဖွဲ့အစည်းများသည် အင်အားကြီးမားသော နိုင်ငံများအား ရင်ဆိုင်ရာ၌ "ကြွက်က ကြောင်ကို ကစားနည်း" သည်သာ အားထားရာဖြစ်၏။ သာဓကများမှာ ချေချင်နှင့် ရုရှား၊ ဆိုမာလီယာနှင့် အမေရိကန်ပြည်ထောင်စု၊

မြောက်ပိုင်းအိုင်ယာလန် ပြောက်ကျားများနှင့် ဗြိတိန်၊ အစ္စလာမ်မစ်ဂျီဟာဒ်အဖွဲ့များနှင့် အနောက်နိုင်ငံများဖြစ်သည်။ ဤရင်ဆိုင်မှုများတွင် အားနည်းသူတို့သည် အားကြီးသူတို့၏ လက်နက်ကိုင်တပ်များအား ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်လွှဲလေ့ ရှိကြ၏။ ယင်းသို့ရင်ဆိုင်မည့်အစား အင်အားနည်းနိုင်ငံနှင့် အုပ်စုများသည် ပြောက်ကျားစစ် (အဓိကအားဖြင့် မြို့တွင်း ပြောက်ကျားစစ်)၊ အကြမ်းဖက်စစ်၊ ဘာသာရေးစစ်၊ ရေရှည်စစ်၊ နက်ဝပ်ခ်စစ်နှင့် အခြားနည်းများကို အသုံးပြု ရင်ဆိုင်ကြ၏။ အင်အားနည်းသူတို့သည် ရန်သူမမျှော်လင့်ထားသောနေရာ၊ သို့မဟုတ် အကြောင်းခြင်းရာတို့ကို အဓိက ချိတက်ရာဝင်ရိုးအဖြစ် ဦးတည်တိုက်ခိုက်လေ့ရှိကြသည်။ ၎င်းတို့ တိုက်ခိုက်မှု၏ အဓိက ရည်ရွယ်ချက်မှာ ရန်သူကို စိတ်ဓာတ်ရေးအရ တုန်လှုပ်ချောက်ချားစေရန်ဖြစ်သည်။ ဤသို့ ဘက်မညီနည်းလမ်းများ အသုံးချခြင်းသည် မိမိအတွက် အင်အားဖြစ်စေရုံမက ယင်းအင်အားသည် အချိန်နှင့်အမျှ တိုးပွားလာကာ ကြီးမားပြင်းထန်သော အကျိုးသက်ရောက်မှု ရှိ၏။ ယင်းသို့ဖြင့် သမားရိုးကျ နည်းလမ်းနှင့် သမားရိုးကျ အင်အားအသုံးပြုသော အင်အားကြီး ရန်သူက ပြန်လှန်တိုက်ခိုက်သောအခါ ပန်းကန်ဆိုင်ထဲသို့ ဆင်ကြီးတစ်ကောင် ဝင်မွှေသည်ကဲ့သို့ ရှိသည် ဆို၏။ အင်အားကြီးသူတို့အနေဖြင့် မည်သို့တုံ့ပြန်ရမှန်း၊ မိမိအင်အားကို မည်သို့ အထိရောက်ဆုံး အသုံးချရမှန်း မသိတော့ချေ။

ဘက်မညီတိုက်ခိုက်မှုသည် ထိရောက်မှုရှိရုံသာမက ရှေ့အခန်းများတွင် ဖော်ပြခဲ့သော ရှေ့ဥပဒေသနှင့်လည်း ကိုက်ညီသည် ဆို၏။ ရှိရှိသမျှ ဥပဒေသအားလုံးအနက် ဤဥပဒေသတစ်မျိုး



တည်းကသာ မိမိဥပဒေသကို အသုံးပြုရန်၊ အခြားဥပဒေသများအား ချိုးဖောက်စေရန် တိုက်တွန်းသည်။

## ကုန်ကျမှု အနည်းဆုံးဖြစ်ခြင်း

ကုန်ကျမှု အနည်းဆုံးဖြစ်စေခြင်း၏ အခြေခံသဘောတရား ၃ ချက် ရှိ၏။ ၎င်းတို့မှာ—

(၁) ကျိုးကြောင်းဆီလျော်မှု ရှိခြင်း။

(၂) တိုက်ပွဲဝင်သည့်ပုံစံက တိုက်ပွဲကုန်ကျမှုကို ဆုံးဖြတ်ပေးခြင်း။

(၃) ကုန်ကျမှုနည်းရန် နည်းလမ်းများများ သုံးခြင်းတို့ဖြစ်၏။

ကျိုးကြောင်းဆီလျော်မှု ရှိခြင်း၌ ရည်မှန်းချက်အား ကျိုးကြောင်းလျော်ညီစွာ ရွေးချယ်ခြင်းနှင့် အရင်းအမြစ်များအား ကျိုးကြောင်းဆီလျော်စွာ အသုံးပြုခြင်းဟူ၍ ၂ ချက် ရှိ၏။ ရည်မှန်းချက်များအား ကျိုးကြောင်းဆီလျော်စွာ ရွေးချယ်ခြင်းဖြင့် မိမိဆောင်ရွက်နိုင်စွမ်းရှိသည့် နည်းလမ်းများနှင့် ဆီလျော်မှုရှိကာ ရည်မှန်းချက်နှင့် ပတ်သက်သော ဝန်ထုပ်ဝန်ပိုးကိုလည်း လျော့စေရန်လည်း ရည်မှန်းချက်ကို လွယ်ကူရှင်းလင်းစေသည်။ အကုန်အကျ သက်သာစေရန် အရင်းအမြစ်များကို အနည်းဆုံး အသုံးချသည် ဆိုရာ၌ ရည်မှန်းချက် အောင်မြင်ရန် အမှန်တကယ် လိုအပ်သည့်အချက်များသာ ဖြစ်ရပေမည်။

အခြေခံသဘောတရားကို နားလည်သဘောပေါက်ခြင်းထက် ပို၍အရေးကြီးသည်မှာ ယင်းသဘောတရားအား လက်တွေ့အကောင်အထည်ဖော် အသုံးချခြင်းဖြစ်၏။

တိုက်ပွဲတစ်ခု၌ အရင်းအမြစ် မည်မျှအသုံးပြုသည်ဆိုခြင်းသည် မည်သို့သော တိုက်နည်းစနစ် အသုံးပြုခြင်းဆိုသော အချက်အပေါ် မူတည်နေ၏။ ပထမကမ္ဘာစစ်အတွင်းက ဗာဒွန်စစ်ဆင်ရေးကို သမိုင်းပညာရှင်များက အသားကြိတ်စက်အဖြစ် အမည်မှည့်ခဲ့ကြခြင်းမှာ နှစ်ဖက်စလုံးမှ မလိုအပ်ဘဲ အထိအခိုက်အကျအဆုံးမြောက်မြားစွာ ရေရှည်ဆွဲ၍ တိုက်ခိုက်ခဲ့ကြသောကြောင့် ဖြစ်၏။ ဒုတိယကမ္ဘာစစ်အစ၌ ဂျာမန်တပ်များသည် ဗြိတိသျှနှင့် ပြင်သစ်တပ်များအား အလွယ်တကူ မောင်းထုတ်နိုင်ခဲ့ခြင်းမှာ အတိုဆုံးအချိန်အတွင်း အကောင်းဆုံးလမ်းကြောင်းမှ အင်အားအကောင်းဆုံးလက်နက်များ အသုံးပြု၍ မှန်တိုင်းစစ်ဆင်နိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ သို့အတွက် ကုန်ကျစရိတ် အနည်းဆုံးဖြစ်စေခြင်းဟူသည်မှာ ယင်းသို့ကုန်ကျစရိတ် အနည်းဆုံးဖြစ်သည့် တိုက်နည်းကို ရွေးချယ်နိုင်ခြင်းဖြစ်သည်မှာ ထင်ရှားပေသည်။

ယနေ့ကာလ၌ ရည်မှန်းချက်များသည်လည်းကောင်း၊ နည်းလမ်းများသည်လည်းကောင်း ယခင်ကနှင့် မတူ များစွာကျယ်ပြန့်ရှုပ်ထွေးလျက် ရှိကာ ကဏ္ဍတစ်ခုတည်း၌ ရှုပ်ထွေးနေသော ရည်မှန်းချက်တစ်ခုကို နည်းလမ်းတစ်ခုတည်းဖြင့် ရယူပါက အောင်မြင်နိုင်မည် မဟုတ်ချေ။ ကုန်ကျစရိတ်များပြီးထိရောက်မှုနည်းခြင်းသည် ရည်မှန်းချက်နှင့် နည်းလမ်း ဟန်ချက်မညီခြင်းပင် ဖြစ်၏။ ဤစဉ်းစားတွေးခေါ်ပုံအရဆိုလျှင် ကုန်ကျစရိတ်နည်းရန် နည်းလမ်းများများသုံးရန်ပင် ဖြစ်၏။ ဆိုလိုသည်မှာ ရည်မှန်းချက်အောင်မြင်ရန်အတွက် သာလွန်သော တိုက်ပွဲအရင်းအမြစ်၊ သို့မဟုတ် စစ်စွမ်းအားအများအပြားကို နယ်မြေ၊ သို့မဟုတ်



ကဏ္ဍအများအပြား၌ ပေါင်းစပ်အသုံးပြုခြင်းဖြင့် တိုက်ပွဲပုံစံသစ်တစ်ရပ် ဖော်ထုတ်ခြင်းပင်ဖြစ်သည်။

## လားရာစုံ ပေါင်းစပ်ညှိနှိုင်းခြင်း

"လားရာစုံ"ဟုဆိုသည်မှာ မျိုးစုံသောကဏ္ဍများနှင့် မျိုးစုံသော တပ်အင်အားများအား ဆိုလိုခြင်း ဖြစ်သည်။ ရူပဗေဒ သို့မဟုတ် သင်္ချာဘာသာရပ်မှ "ဒိုင်မင်းရှင်း" ဟူသော ဝေါဟာရသဘောမျိုး မဟုတ်ချေ။

"လားရာစုံပေါင်းစပ်ညှိနှိုင်းခြင်း" ဆိုသည်မှာ ရည်မှန်းချက်တစ်ခု အောင်မြင်ရန်အတွက် မတူညီသော တပ်အင်အားများနှင့် မတူညီသော ကဏ္ဍများအား ပေါင်းစပ် ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ဤသို့သော အယူအဆများမှာ ယခင်ကတည်းက ရှိခဲ့ဖူးပေသည်။ အဓိကကွာခြားချက်မှာ စစ်ကဏ္ဍအတွင်းသို့ စစ်မဟုတ်သော၊ စစ်နှင့်မသက်ဆိုင်သော အကြောင်းအချက်များကို တိုက်ရိုက်သွတ်သွင်းလိုက်ခြင်းပင် ဖြစ်သည်။ တစ်နည်းအားဖြင့် မည်သည့်ကဏ္ဍမဆို စစ်မြေပြင်ဖြစ်လာနိုင်သဖြင့် မည်သည့်အင်အား၊ မည်သည့်ကဏ္ဍကိုမဆို စစ်ကဏ္ဍနှင့်ပေါင်းစပ်ညှိနှိုင်း၍ စစ်အင်အားအဖြစ် အသုံးပြုခြင်းပင် ဖြစ်သည်။ သို့အတွက် စစ်ပွဲတိုင်း၌ စစ်ရေးဆောင်ရွက်မှုသည်သာ အဓိကဟုယူဆ၍ မရတော့ချေ။ စစ်ကဏ္ဍသည်ပင် အခြားအခြားသောကဏ္ဍများကို ရင်ဆိုင်လာရသော ယနေ့ကာလ၌ ဤသဘောတရားသည် အနာဂတ်စစ်ပွဲများ၏ အခြေအနေကို ရင်ဆိုင်ဖြေရှင်းနိုင်မည့် နည်းလမ်းတစ်ရပ် ဖြစ်ပေသည်။

လားရာစုံပေါင်းစပ်ညှိနှိုင်းခြင်း နည်းလမ်းအား ရည်မှန်းချက် တစ်ခုခုရှိမှသာ ဦးတည်ဆောက်ရွက်နိုင်၏။ ရည်မှန်းချက်မရှိက လားရာစုံပေါင်းစပ်ညှိနှိုင်းခြင်းဟူ၍ မရှိနိုင်ချေ။ ရည်မှန်းချက်၏ အရွယ်အစားပမာဏက ပေါင်းစပ်ညှိနှိုင်းရသည့် လားရာတစ်ခုချင်း၏ အကျယ်နှင့်အနက်ကို ပြဋ္ဌာန်းပေးသည်။

စစ်ရေးမူဝါဒအဆင့်၌ ရည်မှန်းချက်မှာ စစ်နိုင်ရန်ဟုဆိုပါက ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်သော ကဏ္ဍနှင့် တပ်အင်အားများမှာ တစ်နိုင်ငံလုံးအဆင့်၊ သို့မဟုတ် နိုင်ငံလွန်အဆင့်ဖြစ်နိုင်ပေ၏။ ဤသည်မှ ဆက်၍ ရရှိလာသော အထွေထွေဖော်ထုတ်ချက်မှာ စစ်ရေးလှုပ်ရှားဆောင်ရွက်မှုဖြစ်စေ၊ စစ်ရေးမဟုတ်သောလှုပ်ရှားဆောင်ရွက်မှုဖြစ်စေ ထုမည်မျှ၊ တပ်အင်အားမည်မျှ ပါဝင်သည်ဖြစ်စေ၊ အမျိုးမျိုးသော လားရာအချင်းချင်း ပေါင်းစပ်ညှိနှိုင်းရန် လုံးဝလိုအပ်ချက်ဖြစ်ပေသည်။ သို့ရာတွင် နည်းလမ်းများများ သုံးနိုင်လေ ကောင်းလေဟု မဆိုလိုပေ။ အကန့်အသတ်ရှိရန် လိုအပ်ပေသည်။ လားရာတစ်ခုချင်း၌ လိုသည်ထက် ပို၍လည်းကောင်း၊ လျော့၍လည်းကောင်း အသုံးချမိပါက ရည်မှန်းချက် မအောင်မြင်ဘဲ အရှုံးနှင့် ရင်ဆိုင်ရတတ်သည်။ အရှေ့တိုင်းအယူအဆတစ်ခုဖြစ်သော "ပိုသည်လည်း မကောင်း၊ လိုသည်လည်းမကောင်း" ဟူသော စကားရပ်သည် ဤအခြေခံသဘောတရားကို အရှင်းလင်းဆုံး နားလည်စေနိုင်ပေ၏။

ထို့ထက်ပို၍ သိရှိထားသင့်သည်မှာ ကျွန်ုပ်တို့၏အမြင်ကို ပို၍ ကျယ်လာစေပြီး စုစည်းအသုံးပြုနိုင်သည့် အင်အားများတွင် စစ်အင်အားမဟုတ်သော အင်အားများကိုပါ ထည့်သွင်းရှုမြင်တတ်ရန် လိုပေသည်။ ရှေးယခင်က သမားရိုးကျနှင့် လက်တွေ့ကျကျ မြင်နိုင်သော အင်အားများကိုသာ ဂရုထားခဲ့ကြသည်။ ကျွန်ုပ်တို့အနေဖြင့်မူ မမြင်နိုင်သော "မဟာဗျူဟာအရင်းအမြစ်များ" (Strategic Resources) များ ဖြစ်သည့် ပထဝီအချက်အလက်များ၊ သမိုင်း၏ကဏ္ဍ၊ ယဉ်ကျေးမှု၊ ထုံးတမ်းအစဉ်အလာများ၊ လူမျိုးရေးဝိသေသများ၊ လွှမ်းမိုးမှုရှိသော နိုင်ငံတကာအဖွဲ့အစည်းများအား အသုံးချ အမြတ်ထုတ်ခြင်း စသည်တို့ကိုလည်း အထူးအလေးထား စဉ်းစားရန် လိုသည်။ ဤမျှနှင့်ပင်လုံလောက်မှု မရှိသေးပြန်ချေ။ ကျွန်ုပ်တို့သည် ကန့်သတ်ချက်လွန်စဉ်းစားဆောင်ရွက်မှုများလည်း လိုအပ်၏။ သို့ဖြင့် အမြင့်ဆုံးစစ်ရေးမူဝါဒအဆင့်မှ အနိမ့်ဆုံး စစ်နည်းဗျူဟာအဆင့်အထိ လားရာစုံ ပေါင်းစပ်ညှိနှိုင်းမှုများကို သာမန်စစ်ဆင်ရေးများ၌ပင် ပါဝင်လာအောင် စဉ်းစားကြရမည်ဖြစ်သည်။

## လုပ်ငန်းစဉ်အစမှ အဆုံး ကြီးကြပ်မှုနှင့် ချိန်ညှိမှုရှိခြင်း

စစ်ဟူသည် ပြင်းထန်သော အဟုန်ဖြင့် ရေရာမှုမရှိဘဲ လှုပ်ရှားနေသော စွမ်းအားတစ်မျိုး ဖြစ်ရုံမက ဖန်တီးနိုင်စွမ်းကြီးမားသော လှုပ်ရှားမှုတစ်ခုလည်း ဖြစ်သည်။ သို့အတွက် စစ်ကို မူလကြိုတင် စဉ်းစားထားသော စီမံချက်အတိုင်းဖြစ်စေ၊ ရှိပြီးဖြစ်သော အတွေးအခေါ်အတိုင်းဖြစ်စေ တရားသေ သဘောချည်နှောင်ရန် ကြိုးစားခြင်းသည် ရူးမိုက်ထုံထိုင်းခြင်းပင် ဖြစ်၏။ သို့အတွက် စစ်ပွဲအစမှ အဆုံး အခြေအနေပေါ် တုံ့ပြန်မှုများနှင့် ပြန်လည်သုံးသပ်မှုများ အဆက်မပြတ်ပြုလုပ်နေရန် လိုအပ်၏။ သို့မှသာ မိမိလက်ဝယ်၌ အခြေအနေဖန်တီးခွင့်ကို ဆုပ်ကိုင်ထား

နိုင်ပေမည်။ ဤသည်ပင် "လုပ်ငန်းစဉ်အစမှ ကြီးကြပ်မှုနှင့် ချိန်ညှိမှုရှိခြင်း" ဖြစ်၏။

အထက်တွင် ဖော်ပြခဲ့သော အချိန်ကိုက်ဖြစ်ခြင်း သဘောတရားကြောင့် ကြီးကြပ်ထားသော၊ ချိန်ညှိထားသော စစ်ပွဲစဉ်သည် ကြာရှည်နိုင်မည် မဟုတ်ချေ။ ခေတ်သစ်စက်မှုနည်းပညာများ၊ နည်းလမ်းများကြောင့် ဤလုပ်ငန်းစဉ်သည် မျက်စိတစ်မှိတ်အတွင်း ဖြစ်နိုင်ပေ၏။ စစ်ပွဲတိုက်ခိုက်ရန် အချိန်ယူပြင်ဆင်သည်ကပင် စစ်ပွဲကို တစ်ခဏအတွင်း ပြီးဆုံးစေနိုင်၏။ သို့အတွက် စစ်ပွဲကာလသည် လွန်စွာမှ တိုတောင်းကာ ကြီးကြပ်ရန်နှင့် ချိန်ညှိရန် လုပ်ငန်းစဉ်ကို ပိုမိုခက်ခဲစေ၏။

ယနေ့ကာလတွင် သတင်းနည်းပညာက ကမ္ဘာကြီးတစ်ခုလုံးကို ကွန်ရက်တစ်ခုအဖြစ် ဆက်စပ်ပေးလိုက်ခြင်းကြောင့် စစ်ပွဲတစ်ပွဲတွင် ပါဝင်သော အကြောင်းအရာများသည် ယခင်စစ်ပွဲများကထက် များစွာ ကြီးမားကျယ်ပြန့်လာ၏။ စစ်ပွဲပေါ်တွင် ဤမျှများပြားသော အကြောင်းအရာများ၏ လွှမ်းမိုးမှုကြောင့် တစ်နေရာ၌ ကြီးကြပ်မှုလျော့ပေါ့အားနည်းသွားခြင်းသည် မြင်းစွာသံတစ်ချောင်း ပြုတ်သကဲ့သို့ပင် စစ်ပွဲတစ်ခုလုံးကို ဆုံးရှုံးစေနိုင်၏။ သို့အတွက် စစ်ပွဲတစ်ခုလုံးအား ချိန်ညှိရန်နှင့် ကြီးကြပ်ရန်မှာ ကျွမ်းကျင်မှု ပို၍ပို၍ လိုအပ်လာသည်။ ဤသည်မှာ စက်မှုနည်းပညာတစ်ရပ် မဟုတ်ချေ။ အဆက်မပြတ်ပြောင်းလဲနေသော စစ်မြေပြင်၏ အခြေအနေအား အမြတ်ထုတ်နိုင်ရန်မှာ သချ်ာဆန်ဆန် ပေါင်းခြင်း၊ နုတ်ခြင်းဟူသော တွက်ချက်ခြင်းထက် "ထိုးထွင်းသိစိတ်"ဖြင့်သာ ပြုလုပ်နိုင်ပေသည်။ ပြောင်းလဲနေသော တပ်အခင်းအကျင်းများနှင့် လက်နက်များ ခေတ်မီလာခြင်းထက်



ပို၍ အရေးကြီးသောအချက်မှာ စစ်မြေပြင်မှသည် စစ်မဟုတ်သောကဏ္ဍများသို့ ရွေ့ပြောင်းလျက်ရှိသည့် တိုက်ပွဲဝင်ဥပဒေသများပင် ဖြစ်၏။

သို့အတွက် ကျွန်ုပ်တို့သည် မရောက်ဘူးသော စစ်မြေပြင်၌ မကြုံဘူးသော ရန်သူအား၊ မတိုက်ဘူးသော စစ်ပွဲမျိုးကို တိုက်ခိုက်နိုင်ရန် မျှော်လင့်ထားရပေတော့မည်။ မည်သို့ပင်ဖြစ်စေ ဤသို့ မကြုံဘူးသော အခြေအနေတစ်ရပ်လုံးကို ကြီးကြပ်နိုင်၊ ချိန်ညှိနိုင်ရမည်ဖြစ်၏။

"ကန့်သတ်လွန်ပေါင်းစပ်စစ်" ဟူသည် လုံးဝ ဆန်းသစ်သည့် နည်းလမ်းများဖြင့် စစ်တိုက်ခြင်းပင် ဖြစ်၏။

အထက်တွင် ဖော်ပြခဲ့သော ဥပဒေသများသည် မည်သို့သော ကန့်သတ်လွန်ပေါင်းစပ်စစ်တွင်မဆို အသုံးချနိုင်ပေမည်။

အထက်တွင် ဖော်ပြခဲ့သော ဥပဒေသများကို အတိအကျလိုက်နာရုံဖြင့် အောင်ပွဲသည် မိမိလက်ဝယ်သို့ အလိုအလျောက်ရောက်လာမည် မဟုတ်ပေ။ သို့ရာတွင် ဤဥပဒေသများကို ဖောက်ဖျက်ပါကမူ အရှုံးနှင့် ရင်ဆိုင်ရမည်မှာ သေချာ၏။ စစ်ပွဲအောင်မြင်ရန်အတွက်ဆိုလျှင် အခြေခံသဘောတရားများသည် အမြဲတမ်းပင် လိုက်နာရမည့်အချက်များ ဖြစ်၏။ သို့ရာတွင် ၎င်းတို့ကို လိုက်နာရုံသက်သက်ဖြင့် စစ်နိုင်မည်မဟုတ်၊ အခြားသော အခြေအနေများလည်း ရှိသေး၏။

အောင်ပွဲကို သေချာပေါက်ရစေမည့် အခြေခံသဘောတရားဟူ၍ မရှိချေ။ သို့အတွက် ဤအခြေခံသဘောတရားများသည်သာ အားထားရာဖြစ်သည်ကို အမြဲမပြတ် သတိပြုနေရပေမည်။

# နိဂုံး

"ကွန်ပျူတာပေါ်ပေါက်လာခြင်းနှင့် ကမ္ဘာတစ်ဝန်း ဆက်စပ်ယှက်နွယ် ပြောင်းလဲမှုတို့ကြောင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်း ထောင်နှင့်ချီ၍လည်းကောင်း၊ နိုင်ငံတကာနှင့် အစိုးရအတွင်း အဖွဲ့အစည်းပေါင်း သောင်းနှင့်ချီ၍လည်းကောင်း ပေါ်ပေါက်လာခဲ့၏။"

**E. Laszlo**

"လူသားမျိုးနွယ်တို့သည် တိုးတက်လာသဖြင့် စစ်ကို အယူခံတရားရုံးအဖြစ် မယုံကြည်ကြတော့ချေ။"

**Bloch**

လူသားတို့၏ ရာသက်ပန် စိတ်ကူးယဉ်အိပ်မက်ဖြစ်သော "မိသားစုဝင် လူသား"ဟူသော စကားရပ်ကို အိုင်ဘီအမ်ကုမ္ပဏီကြီးက ကြော်ငြာအဖြစ် အသုံးပြုလိုက်သောအခါ ကမ္ဘာတစ်ဝန်း ဆက်စပ်ယှက်နွယ်ပြောင်းလဲမှုဆိုသည်မှာ အနာဂတ်ဝါဒီတို့၏ စိတ်ကူးယဉ်စကားမဟုတ်တော့ချေ။ စက်မှုနည်းပညာ ပေါင်းစပ်



မှုများ၊ ရေပူနှင့် ရေအေး သမုဒ္ဒရာစီးကြောင်းများ၊ ဟိုတစ်စ၊ ဒီတစ်စ တောက်လောင်နေသော ဒေသန္တရစစ်ပွဲများ၊ ဒိုမီနိုဖဲပုံများ၊ ပြိုသလို ပြိုကျစေသည့် ဘဏ္ဍာရေးအကြပ်အတည်းများ၊ တောင်ဝင်ရိုးစွန်းပေါ်မှ ပေါက်နေသော အိုဇုန်းလွှာ စသည်တို့သည် ၂၀ ရာစု၏ နိဂုံး၊ ၂၁ ရာစု၏ နိဒါန်းကာလ၏ အမှတ်လက္ခဏာများ ဖြစ်ကြ၏။

တစ်ကမ္ဘာလုံး ပေါင်းစပ်နိုင်ခြင်းသည် လိုလားအပ်သော ကောင်းခြင်းတစ်ရပ် ဖြစ်၏။ သို့ရာတွင် ပြောင်းလဲဖယ်ရှားပစ်ရမည့် အကြောင်းအချက် များစွာရှိ၏။ သြဇာပြုခြင်း၊ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ခြင်းစသည်တို့မှာ ဖယ်ရှားပစ်ရမည့် အကြောင်းတရားများဖြစ်ပြီး တစ်ကမ္ဘာလုံးနှင့်မဆိုင် တစ်နိုင်ငံချင်းနှင့်သာ ဆိုင်၏။ ယနေ့ကမ္ဘာ၌ မည်သည့်နိုင်ငံမျှပင် မိမိတို့နိုင်ငံ၏ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုကဏ္ဍများကို မိမိတို့အလိုကျ စီမံနိုင်စွမ်းမရှိကြတော့ချေ။ အသစ်ပေါ်ပေါက်လာသော နိုင်ငံတွင်း၊ နိုင်ငံတကာနှင့် နိုင်ငံမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံအချင်းချင်း ပဋိပက္ခများက နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ အမျိုးသားရေး အကျိုးစီးပွားနှင့် အမျိုးသားရေး စိတ်ဓာတ်တို့ကို ခြိမ်းခြောက်လျက် ရှိ၏။

ရှေးကာလနိုင်ငံများ ပေါ်ပေါက်စ ခေတ်တွင် အများစုသော နိုင်ငံများမှာ "သွေးနှင့် သံ" စစ်ပွဲများ၏ အထောက်အကူဖြင့် ပေါ်ပေါက်လာကြ၏။ အလားတူပင် နိုင်ငံများအဆင့်မှ ကမ္ဘာတစ်ဝန်း ဆက်စပ်ယှက်နွယ်ပြောင်းလဲမှုသို့ ကူးပြောင်းရာ၌လည်း အကျိုးစီးပွားတူ အုပ်စုကြီးများ၏ ရင်ဆိုင်တိုက်ပွဲကို မရှောင်လွှဲနိုင်ချေ။ ကွာခြားသည်မှာ ယနေ့ကာလ၌ နိုင်ငံများ၏ ဘဝ

ပြောင်းလဲရေးအတွက် ရှေးခေတ်ကကဲ့သို့ ဓားသုံးရုံဖြင့် မရတော့ချေ။ ယနေ့၏ နိုင်ငံရေး၊ စီးပွားရေး၊ သို့မဟုတ် သံတမန်ရေးရာ နည်းလမ်းများသည် စစ်ရေးနည်းလမ်းများကို ကျော်လွန်နိုင်လောက်သော စွမ်းအားရှိကြ၏။ လူသားမျိုးနွယ်တို့အနေဖြင့် ဤအချက်တစ်ခုတည်းကို ကျေနပ်ဂုဏ်ယူ၍ မနေနိုင်ကြပေ။ ကျွန်ုပ်တို့သည် သွေးချောင်းစီးစစ်ပွဲများအား သွေးမြေ သိပ်မကျသည့် စစ်ပွဲများဖြင့် အစားထိုးနိုင်ခြင်းသာ ရှိသေး၏။ ကျွန်ုပ်တို့သည် တိုက်ပွဲနေရာဟူသော ကိစ္စရပ်ကို ကျဉ်းမြောင်းစွာ စဉ်းစားရင်းမှ ကမ္ဘာကြီးတစ်ခုလုံးကို စစ်တလင်းအဖြစ် ပြောင်းလဲလိုက်မိပြီဖြစ်၏။ ဤစစ်မြေပြင်၌ ရှေးကကဲ့သို့ပင် လူသားတို့သည် တစ်ဦးနှင့်တစ်ဦး သတ်ဖြတ်ဖျက်ဆီးကြဆဲ ဖြစ်၏။ လက်နက်များ ခေတ်မီဆန်းပြားလာပြီး သွေးထွက်သံယိုမှု နည်းလာသည့်တိုင် စစ်၏သဘာဝအတိုင်း ရက်စက်ကြမ်းကြုတ်မှု ရှိဆဲပင်ဖြစ်သည်။ သို့အတွက် လူသားတို့၏ အိပ်မက်ဖြစ်သော ငြိမ်းချမ်းရေးဟူသည် အလှမ်းဝေးဆဲ ဖြစ်၏။ မည်သည့် အကောင်းမြင် ရှုထောင့်မှ ကြည့်သည်ဖြစ်စေ စစ်ပွဲဟူသော အရာကို မိမိတို့မြင်နိုင်သော အနာဂတ်ကာလအတွင်း လုံးဝ ဖယ်ရှားပစ်နိုင်ဦးမည် မဟုတ်သေးချေ။ သို့အတွက် ကျွန်ုပ်တို့သည် ဤမရှောင်လွှဲနိုင်သော စစ်ကို မည်သို့နိုင်အောင် တိုက်မည်ကိုသာ စဉ်းစားရပေတော့မည်။

စစ်သည် အနားသတ်မရှိသော စစ်မြေပြင်မျိုး၌ ဖြစ်ပွားလာလိမ့်မည်ဟူသော ယူဆချက်ကို စွဲကိုင်လိုက်သောအခါ အမျိုးသားလုံခြုံရေးအတွက် စစ်အင်အားနှင့် လက်နက်များကိုသာ အားထား၍ မရတော့ဟူသည်မှာ ထင်ရှားလာ၏။ စစ်သည် စစ်သားတို့၏ အလုပ်ဟု ယူဆနိုင်ခြင်း မရှိတော့သည်သာမက နိုင်ငံရေးသမားများ၊ သိပ္ပံပညာရှင်များနှင့် ဘဏ်လုပ်ငန်းရှင်များ၏ အလုပ်ဟု ယူဆနိုင်သည်အထိပါ ကျယ်ပြန့်သွား၏။ မည်သို့ စစ်တိုက်မည်နည်းဟူသည်မှာ စစ်သားတို့သာလျှင် စဉ်းစားရသည့် အလုပ် မဟုတ်တော့ချေ။ ဤရာစုနှစ် အစပိုင်း၌ ပြင်သစ်ဗိုလ်ချုပ် ကလင်မင်စောက "စစ်ဟူသည် လွန်စွာအရေးကြီးသဖြင့် စစ်သားတို့ လက်ဝယ်၌ ယုံကြည်စွာ အပ်နှံမထားသင့်" ဟု ပြောကြားခဲ့သည်ဟု ဆိုသည်။ လူတို့သည် စစ်အား စက်မှုနည်းပညာတည်းဟူသော ခလုတ်ဖြင့် ထိန်းချုပ်နိုင်ရန် တစ်မျိုးစဉ်းစားလာကြပြန်၏။ တော်လှန်သော စစ်မှုရေးရာ ပြောင်းလဲမှုများမှ အံ့မခန်းဖြစ်ရပ်များ ထွက်ပေါ်လာရန် မျှော်လင့်ခဲ့ကြ၏။ အဆင့်မြင့်လက်နက်များနှင့် အန္တရာယ်မဲ့ လက်နက်များကြောင့် အရပ်သားများသာမက စစ်သားများပင် အသေအပျောက်များစေခြင်းဖြင့် စစ်၏ ရက်စက်ကြမ်းကြုတ်မှုကို ဖယ်ရှားနိုင်ရန် မျှော်လင့်ကြ၏။ မည်သို့ပင်ဆိုစေကာမူ ဤစစ်မှုရေးရာ တော်လှန်ပြောင်းလဲမှုများသည် ၂၀ ရာစုနှစ်၏ နောက်ဆုံး ဆယ်စုနှစ်ကိုမူ ပြောင်းလဲစေခဲ့သည်မှာ အမှန်ပင် ဖြစ်၏။

ကမ္ဘာကြီးသည် ယခင်ကနှင့် မတူတော့သော်လည်း စစ်၏ ရက်စက်ကြမ်းကြုတ်မှုကား ရှိဆဲပင် ဖြစ်၏။ ကွာခြားသည်မှာ ဤရက်စက်ကြမ်းကြုတ်မှုတည်းဟူသော အနိဋ္ဌာရုံသည် စစ်ကဏ္ဍတွင်သာမက အခြားသော ကဏ္ဍများသို့ပါ ပျံ့နှံ့သွားခြင်းဖြစ်၏။ လော်ကာဘီလေယာဉ်ဖောက်ခွဲခံရမှု၊ နိုင်ရိုဘီနှင့် ဒါအက်ဆလမ်ဗုံးပေါက်ကွဲမှု၊ အရှေ့အာရှ ဘဏ္ဍာရေး ကြပ်တည်းမှုများကို ကြည့်ပါမူ ယနေ့အသစ်ပေါ်ပေါက်လာသော ရက်စက်ကြမ်းကြုတ်မှုများ၏ သဘာဝကို သိမြင်နိုင်ပေသည်။

တစ်ဖန် ကမ္ဘာတစ်ဝန်း ဆက်စပ်ယှက်နွယ်ပြောင်းလဲမှု ဟူ၍လည်း လာချေပြန်၏။ သို့အတွက် စစ်သည် ဤကမ္ဘာ တစ်ဝန်း ဆက်စပ်ပြောင်းလဲသည့် ခေတ်မှ စစ်ဖြစ်လာ၏။ ဆောရှေ့စ်၊ မောရစ်နှင့် ဘင်လာဒင်တို့ကဲ့သို့ လူများသည် ဤခေတ်၏ စစ်သားများဟု ဆိုနိုင်လာ၏။ သို့ဆိုလျှင် မည်သူ များကို စစ်သားမဟုတ်ဟု ဆိုရပေမည်နည်း။ အလားတူ ပါဝဲလ်၊ ရှပ်စကော့ဗ်၊ မိုရှေဒါယန်၊ ရာဘင် စသော ပုဂ္ဂိုလ်များကို စစ်ဝတ်စုံဝတ်ထားသော နိုင်ငံရေးသမားများဟုဆိုရလျှင် မည်သူ များကို နိုင်ငံရေးသမားမဟုတ်ဟု ဆိုရချေမည်နည်း။ ဤသည်မှာ ကမ္ဘာတစ်ဝန်း ဆက်စပ်ယှက်နွယ်ပြောင်းလဲမှုနှင့် ၎င်းခေတ်စစ်ပွဲက စစ်သားတို့အပေါ် ပေးအပ်လိုက်သော အမွေဟုပင် ဆိုရချေမည်။

စစ်သားနှင့် စစ်သားမဟုတ်သူများ အကြားရှိ စည်းသည် လည်းကောင်း၊ စစ်ပွဲနှင့် စစ်မဟုတ်သော စစ်ပွဲတို့အကြားရှိ ကွာဟချက်သည်လည်းကောင်း ကမ္ဘာတစ်ဝန်း ဆက်စပ်ယှက်နွယ် ပြောင်းလဲမှုကြောင့် ပျောက်ကွယ်သွားသည့်အပြင် ဤဖြစ်စဉ် ကြောင့် ပေါ်ပေါက်လာသော ဆက်စပ်ရှုပ်ထွေးနေသည့် ပြဿနာ များအားလုံးကို ဖြေရှင်းနိုင်မည့် သော့တစ်ချောင်း လိုအပ်လာ ပေသည်။ ဤသော့သည် စစ်ပွဲ၏ ရှေ့တံခါးပေါက်ကို ဖွင့်နိုင်စွမ်း ရှိရမည့်အပြင် စစ်၏ အဆင့်အားလုံး၊ လားရာအားလုံးကိုလည်း ကောင်း၊ လူတစ်ဦးချင်းက ဖြစ်စေ၊ နိုင်ငံရေးသမားများ၊ ဗိုလ်ချုပ် များမှသည် သာမန်စစ်သားများအထိဖြစ်စေ မည်သူမဆို အသုံး ချနိုင်သော သော့မျိုးဖြစ်ရန် မလိုအပ်ပေသလော။

ဤသော့ကား "ကန့်သတ်မဲ့စစ်" တည်းဟူသော သော့ သာလျှင် ဖြစ်ချေသည်။

## ကျမ်းပြီးစကား

ကျွန်ုပ်တို့နှစ်ဦး ဤစာအုပ်အား ရေးဖြစ်သွားသည်မှာ တစ်ကမ္ဘာလုံးက အာရုံစိုက်ခဲ့ရသည့် (ထိုင်ဝမ်ရေလက်ကြား) စစ်လေ့ကျင့်ခန်းများကြောင့် ဖြစ်၏။ လွန်ခဲ့သည့် ၃ နှစ်က ထိုစစ်လေ့ကျင့်ခန်းအတွင်း ဖူကျန်ပြည်နယ်၊ ဇောင်အန်မြို့ရှိ ရှန်ဆီ နှင့် ကျွန်တော် စတင်တွေ့ဆုံခဲ့ကြ၏။ ထိုစဉ်က တရုတ် အရှေ့ တောင်ကမ်းခြေဒေသမှာ နေ့စဉ်နှင့်အမျှ တင်းမာလျက် ရှိ၏။ ရေလက်ကြားနှစ်ဖက်စလုံး၌ (တရုတ်နှင့် ထိုင်ဝမ်တို့၏) တပ်များ အသင့်ပြင်နေကြကာ အမေရိကန် လေယာဉ်တင် သင်္ဘောအုပ်စု ၂ ခု ရောက်ရှိလာခြင်းကလည်း အခြေအနေကို ပို၍ တင်းမာ စေ၏။ ထိုအချိန်မှာ တောင်များပေါ်တွင် မှန်တိုင်းကျနေပြီး စစ်ရေးအခြေအနေမှာလည်း တင်းမာနေသဖြင့် လူတို့သည် စဉ်းစားတွေးခေါ်သည့် အလုပ်ကိုသာ လုပ်နိုင်ကြတော့၏။ သို့အတွက် ကျွန်ုပ်တို့နှစ်ဦးသည် ဤစာအုပ်ကို ရေးသားရန် ဆုံးဖြတ်ခဲ့၏။ ပြီးခဲ့သော နှစ် ၃၀ ကာလ၊ အထူးသဖြင့် နောက်ဆုံး ဆယ်နှစ်ကာလအတွင်း ကျွန်ုပ်တို့နှစ်ဦး၏ စိတ်

အစဉ်ကို စိုးမိုးနေခဲ့သော စစ်ရေးဆိုင်ရာ တွေးတောယူဆချက်များကို ဦးစားပေးဖော်ပြရန် နှစ်ဦးသဘောတူခဲ့ကြ၏။

ထိုအချိန်မှစ၍ နောက် ၃ နှစ်လုံးလုံး ကျွန်ုပ်တို့နှစ်ဦးမှာ တယ်လီဖုန်းအကြိမ်ရေ မည်မျှခေါ်မိသည်မသိ၊ စာစောင်ရေမည်မျှ ပို့မိသည်မသိ၊ စဉ်းစားတွေးတောရင်း အိပ်မပျော်သော ညပေါင်း မည်မျှမသိ ဖြစ်ခဲ့ရသည်။ ဤဒုက္ခများမှ သီးပွင့်လာသော ရလဒ်မှာ ပါးလွှာသေးငယ်သော ဤစာစောင်လေးပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် စာရှုသူများအား တောင်းပန်လိုသည်မှာ ဤစာအုပ် ရေးသားရာ၌ ကျွန်ုပ်တို့ မည်မျှအပင်ပန်းခံ စဉ်းစားဆွေးနွေးခဲ့သည်ဖြစ်သော်လည်း အချို့နေရာများ၌ ကျွန်ုပ်တို့ ဖော်ပြလိုသော အချက်များကို မှန်ကန်သော စကားလုံးရွေးချယ် ဖော်ပြနိုင်မှု မရှိခဲ့ခြင်းဖြစ်ပါသည်။

(ဤစာအုပ်အား ၁၉၉၈ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှ ဒီဇင်ဘာလ ၈ ရက်နေ့အတွင်း ရေးသားခဲ့ခြင်းဖြစ်၏။)

**ဘာသာပြန်ဆိုသူ**
**သန်းအေး**

၂၄-၁-၂၀၀၄



နည်းပညာများပေါင်းစပ်အသုံးချမှုနှင့် ကမ္ဘာတစ်ဝန်း ဆက်စပ်ယှက်နွယ်ပြောင်းလဲမှု (Globalization) တို့ခေတ်တွင် စစ်ပွဲတစ်ခုအားအသုံးချသောလက်နက် တစ်မျိုး၏အမည်တပ်ရန်မဖြစ်နိုင်တော့သည့် အခြေ အနေရောက်ရှိလာသည်။အလားတူလက်နက်နှင့်စစ်ပွဲ ဆက်စပ်မှုကိုလည်း တစ်မျိုးတစ်ဖုံပြောင်းလဲစေခဲ့သည်။ အထူးသဖြင့် လက်နက်ဆိုင်ရာ အယူအဆသစ်များ ကြောင့်စစ်ပွဲ၏သရုပ်သဏ္ဍာန်မှာ မထင်မရှားမှုန်ဝါးဝါး ဖြစ်လာပေသည်။ ကွန်ပျူတာဟက်ကာ တစ်ဦး၏ တိုက်ခိုက်မှုကို ရန်လိုသောအပြုအမူ(Hostile act) ဟု ယူဆနိုင်ပါမည်လော။ ဘဏ္ဍာရေးဆိုင်ရာနည်း လမ်းများဖြင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအဆောက် အအုံအားဖျက်ဆီးခြင်းကို စစ်ပွဲတစ်ခုအဖြစ် ယူဆ နိုင်ပါမည်လော။ ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှုလမ်းမများ ပေါ်မှ အမေရိကန်စစ်သားများ၏အလောင်းပုံများကို စီအင်နအင်နကလွှင့်ထုတ်ခြင်းကြောင့် အမေရိကန် လူထု၏ ကမ္ဘာ့ပုလိပ်ကြီးလုပ်လိုသောဆန္ဒကို ကိုင် လှုပ်နိုင်ပါသလော။ သို့အတွက် ကမ္ဘာ့မဟာဗျူဟာ အခြေအနေတစ်ရပ်လုံးပြောင်းလဲသွားနိုင်မည်လော။ စစ်ပွဲဖြစ်သွားမည်ဆိုသည်ကို အသုံးချနည်းလမ်းကို ကြည့်၍ ဆုံးဖြတ်ရမည်လော။သို့တည်းမဟုတ်အကျိုး ရလဒ်ကိုကြည့်၍ ဆုံးဖြတ်ရမည်လော။ အထက်ပါ မေးခွန်းများအားလုံးကို သမားရိုးကျစစ်ရေးအယူအဆ များဖြင့် နှိုင်းယှဉ်စဉ်းစားပါက မည်သို့မျှအဖြေပေးနိုင် မည်မဟုတ်ချေ။အထက်တွင် ဖော်ပြထားသောစစ် တိုက်ခြင်းမဟုတ်သည့် နည်းလမ်းများကို ကျွန်ုပ်တို့ ရုတ်ချည်းသတိပြုမိလိုက်သည့်အခါ ယနေ့စစ်ပွဲများကို အမည်နာမအသစ်ရှာဖွေကင်ပွန်းတပ်ပေးရတော့မည် ကို စဉ်းစားမိတော့မည်ဖြစ်သည်။ရှိပြီးကန့်သတ်ချက် အားလုံးကို ကျော်လွှားသည့်စစ်ပွဲတစ်ရပ်ရှိလာပြီကို အသိအမှတ်ပြုရမည်ဖြစ်၏။ အတိုဆုံးနှင့်အရှင်းဆုံး ဆိုရသော် ကန့်သတ်မဲ့စစ် (Unrestricted War) ဟု အမည်ပေးရပါတော့မည်။